[illegible]

# ကိုယ်တွေ့ဝတ္ထုများ-၁

ဓမ္မာစရိယ ဦး[illegible]



"ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏" (မဃဒေဝ)

F-1

## ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၇၈-ခု၊ စက်တင်ဘာလ၊ အုပ်ရေ ၂၀၀၀။

## မျက်နှာဖုံးပုံနှင့် အတွင်းပုံများ

ပန်းချီ—စံတိုး

## ဘလောက်

ဘသစ်-ဘလောက်တိုက်

## အဖုံးရိုက်

ချင်းတွင်း-ပုံနှိပ်တိုက်

ဦးအုန်းစိန် (မြ-၀၃၀၇) ရွှေပြည်စိုးပုံနှိပ်တိုက်၊ အမှတ် ၅၄၊ ဇော်တိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်က ရိုက်နှိပ်၍၊ ဒေါ်ဝင်းကြည်၊ ရွှေစင်ဝင်းစာပေ (မြ-၀၂၁၉၅) အမှတ် ၁၂၉၊ ရပေါင်းအိမ်ယာ၊ သုဝဏ္ဏ၊ ရန်ကုန်က ထုတ်ဝေသည်။

၁၃၄၃၀

ဓမ္မာစရိယ ဦးမောင်မောင်လေး

# ဗုဒ္ဓဓါကိုယ်တွေ့ပတ္ထုများ–၃

(ဓမ္မပဒဇာတ်လမ်းစုံ)

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ([illegible]) ဖြင့် ထုတ်ဝေသည်]

နှလုံးလှစာပေ ဖြန့်ချိရေး၊ အမှတ် ၅၊ ဆမ်း ၁၀၀၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း–၁၂၉၇၁

# မာတိကာ


| | |
|---|---|
| **ကလျာဏမိတ္တအစစ်** | ၅ |
| ဓမ္မသေနာပတိ | ၉ |
| ပျောက်ဆုံးသွားသည့် သတိုးသား | ၂၆ |
| တလုပ်ကျွေးဘူး သူ့ကျေးဇူး | ၃၉ |
| အလှူခြင်းဖြင့် မတူပါ | ၅၂ |
| ခမည်းတော်၏ ဆန္ဒ | ၆၁ |
| ရောင့်ရဲခြင်း | ၈၀ |
| စောင့်စည်းခြင်း | ၈၇ |
| ရွှေငါးကြီး၏ မျက်ရည် | ၉၈ |
| ဘဝငါးရာ အထုံပါ | ၁၀၃ |
| မီးနှင့် ရဲရဲ သံတွေခဲ | ၁၀၆ |
| နွားသတ်သမား | ၁၁၀ |
| မိထွေးတော် ဂေါတမီ | ၁၁၆ |
| ညီတော်အာနန္ဒာ | ၁၂၉ |
| အတောင်ကျိုးသည့် ကြိုးကြာငှက် | ၁၄၉ |
| သုံးဦး ပန်းဝင် | ၁၅၆ |
| နီးလျက်နှင့် ဝေး | ၁၇၂ |
| မီးစတဖက် ရေမှုတ်တဖက် | ၁၈၂ |
| လယ်သမား၏သောက | ၁၉၀ |
| နွားကျောင်းသားနှင့် နွားပိုင်ရှင် | ၁၉၄ |
| တုံ့ပြန်မှု | ၁၉၉ |
| အကြွားပိုသူ | ၂၀၇ |
| အပြစ်ရှာသော ရဟန်း | ၂၁၈ |
| ကောသလနှင့် မလ္လိကာ | ၂၂၃ |
| သားနှင့် တူ ပြဿနာ | ၂၄၀ |
| အနိုင်ဆုံး နှောင်ကြိုး | ၂၄၉ |
| ခေါင်းပုံဖြတ်သမား | ၂၅၄ |
| ဘဝသံသရာ | ၂၆၉ |
| ရေစစ်ပွဲ | ၂၇၃ |
| လမင်းတဆူ | ၂၇၉ |
| ထူးဆန်းသော မန္တာန်ရှင် | ၂၈၆ |
| လေထဲမှ ပန်းဆိုင်းများ | ၃၀၅ |
| သူခိုးအား ဓားရိုးကမ်းသူ | ၃၁၁ |
| သားမြတ်မိခင် | ၃၁၉ |
| နွားကျောင်းသား | ၃၂၉ |
| အာရုံငါးပါး | ၃၃၄ |
| အသွင်မတူသော အိမ်သူ | ၃၄၄ |
| ဝက်သတ်သမား | ၃၄၉ |

# ကလျာဏမိတ္တအစစ်

လောက၌ အရာရာတွင် အမှန်အမှားကို ခွဲခြား ဆင်ခြင် မြော်မြင် စဉ်းစားတတ်ပြီး တဖက်သား အပေါ် စာနာ ထောက်ထားမှု ရှိသူသည် မိတ်ဆွေကောင်း "ကလျာဏမိတ္တ" တယောက် ဖြစ်နိုင်သည်။ လောကီရေး ကိစ္စများတွင်ဖြစ်စေ၊ လောကုတ္တရာလုပ်ငန်းတွင် ဖြစ်စေ မိတ်ဆွေကောင်းနှင့် တွေ့ကြုံဆုံဆည်းခွင့်ရရန် အရေးကြီးလှပေသည်။ တစုံတခုသော အခက်အခဲနှင့် ကြုံတွေ့နေရသူသည် မိတ်ဆွေကောင်း တယောက်၏ အကူအညီဖြင့် ထိုအခက်အခဲကို ကျော်လွှားနိုင်သည်။ အောင်မြင်မှုရရှိနေသူသည်လည်း မိတ်ဆွေကောင်းတယောက်၏ အကူအညီဖြင့် ပို၍ တိုးတက်အောင်မြင်လာနိုင်သည်။ သို့ရာတွင် အောင်မြင်မှု ရရှိနေသူ၊ သို့မဟုတ် အောင်မြင်ရန် အလားအလာရှိသူပင် ဖြစ်လင့်ကကစား မိတ်ကောင်းဆွေကောင်းများနှင့် ကင်းကွာခြင်းကြောင့် ဆုံးရှုံးပျက်စီးခြင်းဖြင့် အဆုံးသတ်ရသူများလည်း အမြောက်အမြားရှိပေသည်။

မိတ်ဆွေကောင်း "ကလျာဏမိတ္တ" ဆိုရာ၌ ချစ်ခင် ရင်းနှီးမှုဖြင့် သွားအတူ၊ လာအတူ ဆက်ဆံပေါင်းသင်းနေသူများကိုသာ 'မိတ်ဆွေ'ဟု ဆိုလိုသည် မဟုတ်ပါ။ မိမိနှင့် တနည်းနည်းဖြင့် ပတ်သက်ဆက်စပ်နေသူ မှန်သမျှ မိတ်ဆွေများသာ ဖြစ်ပါသည်။ မိဘသည် သားသမီး၏မိတ်ဆွေ၊ ဆရာသည် တပည့်၏မိတ်ဆွေ၊ လင်သည် မယား၏ မိတ်ဆွေများ

ဖြစ်ကြပေသည်။ တနည်းဆိုသော် တဦးနှင့် တဦး အကျိုးဆက်စပ်မှု ရှိသူများသည် မိတ်ဆွေများပင် ဖြစ်ကြသည်။

လူတိုင်းတွင် ထိုကဲ့သို့သော မိတ်ဆွေများ အနည်းနှင့် အများ ရှိကြရာ ထိုမိတ်ဆွေအားလုံးသည် မိတ်ဆွေကောင်း "ကလျာဏမိတ္တ" များချည့် မဖြစ်နိုင်။ မိတ်ဆွေဆိုး "ပါပမိတ္တ" များလည်း ရှိမည်သာ ဖြစ်သည်။ လူတယောက်အား မိတ်ဆွေကောင်းလော၊ မိတ်ဆွေဆိုးလောဟု ခွဲခြားရာတွင် ထိုသူ၏ စဉ်းစားမြော်မြင်ဉာဏ်နှင့် တဖက်သားအပေါ် စာနာထောက်ထားမှု ရှိမရှိဟူသော အချက်များသည် အကဲခပ်ရန် အလွန်မခက်သော အချက်များ ဖြစ်ပါသည်။ စဉ်းစားမြော်မြင်ဉာဏ်လည်းမရှိ၊ မိမိအပေါ်စာနာထောက်ထားမှုလည်း မရှိသူတဦးသည် မိမိအား တစုံတရာ အကျိုးပြုနိုင်လိမ့်မည်ဟု မြော်လင့်ဘွယ်မရှိ။

အချို့သော သူများကား စဉ်းစားမြော်မြင်ဉာဏ်နှင့် ပြည့်စုံကြပါ၏။ သို့သော်လည်း တဖက်သားအပေါ် စာနာထောက်ထားမှု မရှိသဖြင့် သူတပါးအကျိုးထက် မိမိအကျိုးကိုသာ ရှေ့တန်းတင်လုပ်ဆောင်သွားတတ်ကြ၏။ ထိုသို့သော သူများသည် အဘယ်မှာ မိတ်ဆွေကောင်း ဖြစ်နိုင်ပါတော့မည်နည်း။

တဖက်သားအပေါ် စာနာထောက်ထားမှု ရှိပါလျက် မိတ်ဆွေကောင်း မဖြစ်နိုင်သူများလည်း ရှိသေး၏။ ထိုသူများကား စဉ်းစားဆင်ခြင် မြော်မြင်ဉာဏ်နှင့် မပြည့်စုံကြသဖြင့် ကိစ္စတခုခု၌ အကောင်းအဆိုး အကျိုးအပြစ်ကို ခွဲခြားဝေဖန်ခြင်း မပြုတတ်သူများ ဖြစ်သည်။ ထိုကဲ့သို့သော သူများသည် တဖက်သား၏ အကျိုးကို လိုလားပါလျက် အကျိုးမဲ့ကို ပြုမိတတ်ကြသည်။

မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ လင်နှင့် မယား စသည်ဖြင့် ရှိကြရာဝယ်၊ တဦး၏ အမြော်အမြင် မရှိမှုကြောင့် တဦးမှာ ထိခိုက်နစ်နာရခြင်း၊ တဦး၏ စာနာထောက်ထားမှုမရှိခြင်းကြောင့် တဦးဒုက္ခရောက်ရခြင်းများကို မကြာခဏ တွေ့မြင်နေကြရသည်။ ထိုဖြစ်ရပ်များမှ

# ကလျာဏမိတ္တ အစစ်

ကောက်နုတ်ချက်တရပ် ထုတ်ယူလျှင် လူတိုင်းအတွက် မိတ်ဆွေကောင်း "ကလျာဏမိတ္တ"ရှိရန် အရေးကြီးလှကြောင်း တွေ့ရှိရမည် ဖြစ်သည်။ ဧကန်စင်စစ် မိမိအတွက် မိတ်ဆွေကောင်း လိုအပ်သည်နှင့် အမျှ မိမိကိုယ်တိုင်ကလည်း တပါးသူအတွက် မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားထုတ်ရန် လိုအပ်ပေသည်။

မိတ်ဆွေကောင်းရှိရန် အရေးကြီးပုံနှင့် ပတ်သက်၍ ရှင်အာနန္ဒာက ဗုဒ္ဓရှင်တော်မြတ်အား "အရှင်ဘုရား၊ မိတ်ဆွေကောင်း ရှိခြင်းသည် မြတ်သောအကျင့်ကို ကျင့်သုံးမှုအတွက် တဝက်ခန့်ပင် ဖြစ်ပါသည်"ဟု လျှောက်ထားခဲ့သည်။ ဤသို့ လျှောက်ထားခြင်းမှာ ဗုဒ္ဓတရားကို လက်တွေ့ကျင့်သုံးခဲ့သော ရှင်အာနန္ဒာသည် ရှင်ပုဏ္ဏ မန္တာနီ၏ ဆုံးမလမ်းညွှန်မှုဖြင့် အသိထူး၊ အမြင်ထူးကို ရရှိခဲ့သောကြောင့် ကျေးဇူးနှင့်သိမှု အပြည့်အဝဖြင့် ဖွင့်ဟလျှောက်ထားခြင်း ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်က ရှင်အာနန္ဒာ၏စကားကို မှရင်းအတိုင်းလက်မခံ၊ ပြည့်စုံချက်ဖြင့်သာ ထောက်ခံတော်မူသည်။

"အာနန္ဒာ၊ ဤသို့မဆိုလင့်၊ မိတ်ဆွေကောင်းရှိခြင်းသည် မြတ်သော အကျင့်ကို ကျင့်သုံးမှုအတွက် တဝက်ခန့်သာ မဟုတ်၊ ခရီးဆုံးဟုပင် ဆိုသင့်ပေသည်။"

မိတ်ကောင်း ဆွေကောင်း၊ ဆရာကောင်း သမားကောင်း တို့၏ လမ်းညွှန်မှုဖြင့် ခရီးဆုံးပန်းတိုင်သို့ ဆိုက်ရောက်ခဲ့သူများ၊ အရေအတွက်အားဖြင့် မြောက်မြားစွာ ရှိပေသည်။ ထိုသူတို့အဖို့ အခြားသူခင်းခပ်ပေးသည့် ထမင်းကို အဆင်သင့်လက်ဆေး၍ စားရဘိသကဲ့သို့ မိမိရည်မှန်းချက်ကို အလွယ်တကူ ရရှိခြင်းမှာ ကလျာဏမိတ္တ၏ အကျိုးကျေးဇူးပင် ဖြစ်သည်။

ကြီးမားကျယ်ပြန့်သော အသိပညာတော်။ အကန့်အသတ်မရှိသော မေတ္တာကရုဏာတော်တို့နှင့် ပြည့်စုံသော ဗုဒ္ဓရှင်တော်မြတ်ကား လူသားအားလုံးတို့၏ ကလျာဏမိတ္တစင်စစ် ဖြစ်ပေသည်။ အဘယ်ကြောင့်

# ကလျာဏမိတ္တ အစစ်

ဆိုသော် ဗုဒ္ဓသည် ကျေးသားရင်သား မခွဲခြားဘဲ လူသားအားလုံးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။


ဗုဒ္ဓကို အကြောင်းပြု၍ လောကီ လောကုတ္တရာ အကျိုးထူးကိုရရှိသွားကြသောပုဂ္ဂိုလ်တို့၏အရေးအတွက်ကား များပြားလှ၏။ ဗုဒ္ဓသည် သက်တော် ထင်ရှားရှိစဉ် လေးဆယ့်ငါးနှစ် ကာလအတွင်း ပဥ္စဝဂ္ဂီ ရဟန်းငါးပါးအစ၊ သုဘဒ္ဒပရိဗိုဇ် အဆုံးရှိသော သတ္တဝါတို့အား မှန်ကန်သင့်မြတ်သော ဟောပြောညွှန်ပြမှုဖြင့် အသိထူး အမြင်ထူးကို ရရှိစေခဲ့သည်။ ဤသို့ ဗုဒ္ဓကို အကြောင်းပြု၍ အသိထူး၊ အမြင်ထူး ရရှိသွားကြသော ပုဂ္ဂိုလ်တို့၏ အဖြစ်အပျက်များကို ကျွန်တော်က 'ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ' ဟူသော အမည်ဖြင့် ရေးသားတင်ပြခဲ့ပါသည်။

ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများသည် ဓမ္မပဒကို မှီငြမ်းပြုသော ဝတ္ထုဇာတ်လမ်းများ ဖြစ်ပါသည်။ သို့သော် ကျမ်းကြီး ကျမ်းဂန်ပုံစံဖြင့် မဟုတ်မူဘဲ ဗုဒ္ဓဘာသာနှင့် အကျွမ်းတဝင်မရှိလှသူများ၊ နားလည်ခံယူနိုင်မည့် ပုံစံဖြင့် ပြုပြင်ရေးသားထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ယခုခေတ်လူငယ်များအတွက် ဘာသာရေးအသိအမြင် စာရိတ္တကြံ့ခိုင်မှုနှင့် ဘဝအတွေးအခေါ် တိုးတက်ရေးကို ရည်ရွယ်ပါသည်။ ဤသို့ သီးခြားပုံစံ သီးခြားရည်ရွယ်ချက်ဖြင့် ရေးသောကြောင့် ဝတ္ထုဇာတ်လမ်းအစီအစဉ်မှာလည်း မူရင်းကျမ်းနှင့် မတူခြင်း ဖြစ်ပါသည်။

'စာအုပ်စာပေ လူ့မိတ်ဆွေ' ဟု အဆိုပြုထားရာ လူသားတို့အတွက် အသိမှန်အမြင်မှန်ကိုဖော်ညွှန်းထားသည့်ဤဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ-၃ ကိုလည်း မိမိတို့၏ မိတ်ဆွေကောင်း "ကလျာဏမိတ္တ" အဖြစ် ထာဝစဉ် လက်စွဲပြုကြရန် တိုက်တွန်းလိုက်ရပေသည်။

မောင်မောင်လေး

၂၃-၄-၇၈



# ဓမ္မသေနာပတိ

ဗုဒ္ဓ ရှင်တော် မြတ်သည် ရာဇဂြိုဟ် ပြည်သို့ ဒေ့းဦးစွာ ကြွရောက်၍ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပတိဿနှင့် ကောလိတအမည်ရှိသော ပရိဗိုဇ်နှစ်ပါးတို့သည် ရှင်အဿဇိနှင့် တွေ့၍ ဗုဒ္ဓထံသို့ဆိုက်ရောက်လာပြီး ရဟန်းအဖြစ်ကိုခံယူခဲ့ကြ၏။ ရဟန်းဖြစ်ပြီး၍ မကြာမီကာလအတွင်း၌ပင် နှစ်ပါးလုံး ရဟန္တာဖြစ်ကြ၍ ဥပတိဿအား ရှင်သာရိပုတ္တရာဟူသော အမည်ဖြင့် လက်ျာရံ အဂ္ဂသာဝကကြီးအဖြစ် ချီးမြှင့်တော်မူသည်။ ကောလိတအား ရှင်မဟာမောဂ္ဂလာန်ဟူသောအမည်ဖြင့် လက်ဝဲရံ အဂ္ဂသာဝကကြီး အဖြစ် ချီးမြှင့်တော်မူသည်။

ဤသို့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား အမြတ်ဆုံးဖြစ်သော အဂ္ဂသာဝကအရာကို ပေးလိုက်သော အခါ

အချို့သောရဟန်းများက မကျေနပ်ကြ။ "ပထမဦးစွာရဟန်းပြုသော ပဉ္စဝဂ္ဂီငါးပါးတို့အားသော်၎င်း၊ ရှင်ယသ ရှင်ဥရုဝေဠကဿပ အစရှိသော ပုဂ္ဂိုလ်တို့အားသော်၎င်း အဂ္ဂသာဝက အရာကိုမပေးဘဲ နောက်မှရောက်လာသည့် ပုဂ္ဂိုလ်နှစ်ပါးအား ပေးခြင်းသည် မျက်နှာလိုက်ရာ မကျပါသလော" ဟူ၍ ကဲ့ရဲ့စကားဆိုကြသည်။

ထိုအခါ ဗုဒ္ဓက မျက်နှာလိုက်၍ပေးခြင်းမဟုတ်၊ ရှေးရှေးဘဝတို့၌ ဆုတောင်းပတ္ထနာပြု၍ ဖြည့်ကျင့် ဆည်းပူးခဲ့ကြသော ကုသိုလ်ပါရမီအား လျော်ညီစွာသာလျှင် အဂ္ဂသာဝကအရာကို ပေးခြင်းဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားတော်မူသည်။ ထိုပုဂ္ဂိုလ် နှစ်ပါးတို့တွင် ရှင်သာရိပုတ္တရာသည် ပညာအရာတွင် ဗုဒ္ဓ ရှင်တော်မြတ်မှ လွဲ၍ အသာလွန်ဆုံးဟူသော "ဧတဒဂ်"ဘွဲ့ထူးနှင့် "ဓမ္မသေနာပတိ" "တရားစစ်သူကြီး" ဟူသောဘွဲ့ထူးများဖြင့်လည်း ချီးကျူးဂုဏ်ပြုခြင်းခံရပေသည်။

## လက်ဦးဆရာ

ဤသို့ ဗုဒ္ဓ၏ တပည့်သာဝက အပေါင်းတွင် အမြင့်မြတ်ဆုံးဖြစ်သော အဂ္ဂသာဝကကြီး အဖြစ်ဖြင့် ချီးမြှင့်ခြင်း ခံရငြားသော်လည်း ရှင်သာရိပုတ္တရာသည် မိမိ၏လက်ဦးဆရာဖြစ်သော ရှင်အဿဇိအား လွန်စွာရိုသေလေးစား၏။ ညအိပ်စက်သည့် အခါတိုင်း ရှင်အဿဇိရှိရာ အရပ်ကို လက်အုပ်ချီပြီး ထိုအရပ်ကို ခေါင်းပြု၍သာ အိပ်လေ့ရှိ၏။

ယင်းသို့ အိပ်စက်ခါနီးတိုင်း ရှင်သာရိပုတ္တရာသည် အရပ်မျက်နှာတခုခုသို့ လက်အုပ်ချီ၍အိပ်သည်ကို အချို့သောရဟန်းတို့မြင်လျှင် အထင်အမြင်မှားကြလေ၏။ "ရှင်သာရိပုတ္တရာသည် ပုဏ္ဏားမျိုးဖြစ်၍ ပုဏ္ဏားတို့၏အယူဝါဒကို မစွန့်နိုင်သောကြောင့် အရပ်မျက်နှာကို ရှိခိုးသည်"ဟု ဝေဖန် ပြောဆိုကြသည်။

ထိုရဟန်းတို့၏ စကားကို ကြား၍ ဗုဒ္ဓက ရှင်သာရိပုတ္တရာကို ခေါ်ယူမေးမြန်းတော်မူသည်။ ရှင်သာရိပုတ္တရာက "တပည့်တော်သည် ပုဏ္ဏားတို့၏အယူဝါဒကို မစွန့်နိုင်သောကြောင့် အရပ်မျက်နှာကို ရှိခိုးသည်မဟုတ်ပါ။ တပည့်တော်၏ ကျေးဇူးရှင်ဖြစ်သော ရှင်အဿဇိရှိရာအရပ်ကို ရည်မှန်း၍လက်အုပ်ချီခြင်းသာ ဖြစ်ပါသည်"ဟု ရှင်းလင်း လျှောက်ကြားသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က "အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ တရားစစ်တရားမှန်ကိုသိမြင်၏။ ထိုပုဂ္ဂိုလ်အား အမြဲပင် မြတ်နိုးကော်ရော် ပူဇော် သင့်ပေသည်"ဟူ၍ ဟောကြားမိန့်မြွက်တော်မူလေသည်။

## ပသဝိမြေကြီးကဲ့သို့

ရှင်သာရိပုတ္တရာသည် မိမိ၏ ဆရာသမား အပေါ်၌ ရိုသေကျိုးနွံမှုရှိသည်နှင့်အမျှ သီတင်းသုံးဘော်ဖြစ်သော ရဟန်းသံဃာတို့အပေါ်၌လည်း ထူးကဲသော သည်းခံမှုနှင့်ပြည့်စုံ၏။ အခါတပါး၌ မထေရ်သည် မိမိ၏ နောက်လိုက် နောက်ပါ

တပည့်သံဃာတို့နှင့်အတူ ဗုဒ္ဓအားပူဇော်ကန်တော့ပြီး အရပ်တပါးသို့ ခရီးထွက်မည်ပြုရာ အခြားသော ရဟန်းများစွာတို့ကလည်း လိုက်၍ ပို့ဆောင်ကြသည်။ လိုက်၍ ပို့ဆောင်ကြသော ရဟန်းတို့အား မထေရ်က အမည်နာမဖြင့် တပါးစီတပါးစီလိုက်၍ နှုတ်ဆက်သည်။ ယင်းသို့ နှုတ်ဆက်ရာတွင် အမည်မမှတ်မိသော ရဟန်းတပါးကိုကား နှုတ်မဆက်မိဘဲကျန်နေသည်။ ထိုရဟန်းသည် သူ့အားဂရုမစိုက်ဟုထင်၍ မထေရ်အပေါ်တွင် မကျေမနပ်ဖြစ်သွား၏။

တဖန် မထေရ်၏ သင်္ကန်းစွန်းက သူ့ကိုတိုက်မိသွားရာ ထိုရဟန်းသည် ဗုဒ္ဓထံသို့ ချက်ခြင်းသွား၍ "အရှင်ဘုရား ရှင်သာရိပုတ္တရာသည် တပည့်တော်ကို ကိုယ်ဖြင့်တိုက်သွားပြီး မတောင်းပန်ဘဲ ထွက်သွားပါသည်" ဟု တိုင်တန်းလျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓက ရဟန်းတပါးကိုစေလွှတ်၍ ရှင်သာရိပုတ္တရာကို ပြန်ခေါ်စေသည်။ ဤသတင်းမှာ ဇေတဝန်ကျောင်းတော် တခုလုံးသို့ တမဟုတ်ချင်းပျံ့နှံ့သွားသဖြင့် ရဟန်းအများ စုဝေးလာကြသည်။

ထိုရဟန်း၏ စွပ်စွဲချက် မှန်မမှန်မေးမြန်းသည့်အခါ ရှင်သာရိပုတ္တရာက "တပည့်တော်သည် ဤရဟန်းကိုတိုက်မသွားပါ" ဟု တိုက်ရိုက်မဖြေ။ "အရှင်ဘုရား အကြင်ရဟန်းသည် အမြဲသတိနှင့်ယှဉ်သောစိတ်ရှိ၏။ ထိုရဟန်းသည် သိတင်းသုံးဘော် တပါးပါးအား ထိခိုက်ပြစ်မှားမိလျှင် မတောင်းပန်ဘဲ ထွက်သွားပါမည်လော" စသည်ဖြင့်သွယ်ဝိုက်၍ လျှောက်ထားလေသည်။

ရှင်သာရိပုတ္တရာ၏ လျှောက်ထားချက်များကို ကြားရသောအခါ စွပ်စွဲသောရဟန်းမှာ တကိုယ်လုံး ပူလောင်၍ မနေနိုင်

မထိုင်နိုင်ဖြစ်လာသည်။ ထို့ကြောင့် ဗုဒ္ဓ၏ ခြေတော်ရင်း၌ ဝပ်စင်း၍ မိမိ၏အပြစ်ကို ဖေါ်ထုတ်ဝန်ခံကာ တောင်းပန်ရတော့သည်။ ဗုဒ္ဓကလည်း "ချစ်သား သာရိပုတ္တရာ၊ ဤရဟန်းမိုက်အား သည်းခံလိုက်ပါလော့"ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် ဗုဒ္ဓ ရှေ့တော်မှောက်၌ထိုင်၍ လက်အုပ်ချီပြီး "အရှင်ဘုရား၊ တပည့်တော်သည် ထိုအရှင်မြတ်အား သည်းခံပါ၏၊ တပည့်တော်မှာအပြစ်ရှိလျှင်လည်း ထိုအရှင်မြတ်က သည်းခံရန် တပည့်တော် တောင်းပန်ပါသည်"ဟု မြွက်ဆို လေသည်။

ထိုအခြင်းအရာကို မြင်ကြသော ရဟန်းများသည် "ငါ့ရှင်တို့....ရှင်သာရိပုတ္တရာမထေရ်မြတ်ကား အံ့သြဘွယ်ကောင်းပေစွ၊ မိမိအား မဟုတ်မမှန်စွပ်စွဲသော ရဟန်းအား အနည်းငယ်မျှ အမျက်ဒေါသ မထားသည့်ပြင် ထိုင်၍ပင် ကန်တော့နေသေး၏"ဟု ချီးကျူးပြောဆိုကြသည်။ ထိုစကားကို ကြားလျှင် ဗုဒ္ဓက မဟာပထဝီမြေကြီးကဲ့သို့ တည်တံ့ကြံ့ခိုင်သော စိတ်ဓာတ်ရှိသည့် ပုဂ္ဂိုလ်သည် အကောင်းနှင့် ကြုံသည်ဖြစ်စေ၊ အဆိုးနှင့်ကြုံသည်ဖြစ်စေ တုန်လှုပ် ရှေ့လျားခြင်းမရှိကြောင်း ဟောကြားဆုံးမတော်မူသည်။

## ရိုက်နှက်သူကို သည်းခံခြင်း

တနေ့သ၌ အလှူ မဏ္ဍပ်တခုတွင် စုဝေးမိကြသော သာဝတ္ထိမြို့သူမြို့သားတို့သည် ရှင်သာရိပုတ္တရာအား ချီးကျူး ပြောဆိုနေကြသည်။

"အဆွေတို့....ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကား သည်းခံခြင်းတရားနှင့် လွန်စွာပြည့်စုံပေ၏။ မိမိအား ဆဲဆိုသူကိုသော်၎င်း ရိုက်နှက်ပုတ်ခတ်သူကို သော်၎င်း အနည်းငယ်မျှ အမျက်ဒေါသထားခြင်းမရှိ"

မိစ္ဆာဒိဋ္ဌိပုဏ္ဏားတယောက်သည် ထိုစကားကို ကြားလျှင် "အဆွေတို့ သင်တို့မထေရ်ကို အမျက်ထွက်အောင် ပြုသူမရှိသေး၍ ဖြစ်ပါလိမ့်မည်။ မထေရ်အမျက်ထွက်အောင် ကျွန်ုပ်ပြုလုပ်ပြပါမည်" ဟု ပြောဆိုလေသည်။ ယင်းသို့ ပြောဆိုပြီးနောက်တနေ့တွင် မြို့တွင်း၌ဆွမ်းခံလှည့်လည်နေသော ရှင်သာရိပုတ္တရာအား ထိုပုဏ္ဏားသည် နောက်မှနေ၍ ကျောကုန်းလယ်၌ လက်ဖြင့်ပြင်းထန်စွာ ရိုက်နှက်လေ၏။ ဤသို့ အမှတ်တမဲ့ ရိုက်နှက်လိုက်သော်လည်း မထေရ်ကား နောက်သို့ တချက်မျှပင် လှည့်မကြည့် ရှေ့သို့သာ ဣန္ဒြေမပျက် ဆက်လက် ကြွသွားတော်မူသည်။

မိမိအား အကြောင်းမဲ့ ရိုက်နှက်သူကို လှည့်၍ပင် မကြည့်ဘဲ ကြွသွားသည်ကို မြင်လျှင် ရိုက်နှက်သော ပုဏ္ဏားသည် 'အပြစ်မဲ့သော သူတော်သူမြတ်အား ငါပြစ်မှားမိလေပြီ' ဟု တွေးတောကာ ထိတ်လန့်တုန်လှုပ်သွားလေ၏။ စိတ်သောက ပူပင်ချောက်ချားသည်နှင့်အမျှ သူ့တကိုယ်လုံးမှာလည်း တခဏခြင်း ပူလောင်လာလေသည်၊ ထိုအခါ ပုဏ္ဏားသည် ရှင်သာရိပုတ္တရာ၏ နောက်သို့ ချက်ခြင်းလိုက်သွားပြီး ခြေရင်း၌ ဝပ်ကာ "အရှင်ဘုရား....တပည့်တော်ကို သည်းခံတော်မူပါ" ဟု ဝန်ချတောင်းပန်သည်။ ရှင်သာရိပုတ္တရာကလည်း "အချင်းပုဏ္ဏား....သင့်အား ငါသည်းခံ၏" ဟု ပြန်လည် မိန့်ကြားတော်မူသည်။

ပုဏ္ဏားသည် မထေရ်အား ဝန်ချတောင်းပန်ပြီး မိမိအိမ်သို့ ပင့်ကာ ဆွမ်းလောင်းလှူလေသည်။ ထိုအချိန်တွင် ရှင်သာရိပုတ္တရာအား ရိုက်နှက်သည်ဟု ကြားသဖြင့် မြို့သူမြို့သား အချို့သည် တုတ်၊ ခဲ၊ လက်နက်များဖြင့် ပုဏ္ဏား၏အိမ်ကို ဝိုင်းရံနေကြသည်။ ဆွမ်းဘုဉ်းပေးပြီး၍ မထေရ် အိမ်မှထွက်လာသောအခါ ပုဏ္ဏားက နောက်မှ သပိတ်ပိုက်၍ လိုက်လာသည်။ အိမ်ရှေ့မှ စောင့်နေသူများက မထေရ်အား "အရှင်ဘုရား.... ဤပုဏ္ဏား၏ လက်မှ သပိတ်ကို ယူတော်မူပါ အရှင်ဘုရားအား စော်ကားသော ပုဏ္ဏားကို တပည့်တော်တို့ ဆုံးမလိုပါသည်"ဟု လျှောက်တင်ကြသည်။

"ဒါယကာတို့ ဤပုဏ္ဏားသည် သင်တို့ကို စော်ကားသလော ငါ့ကိုစော်ကားသလော"

"အရှင်ဘုရားကို စော်ကားခြင်း ဖြစ်ပါသည်ဘုရား"

"သို့ဖြစ်လျှင် ငါ့ကိုကန်တော့ပြီး ဖြစ်သည်။ သင်တို့ ဆုံးမရန်မလို သွားကုန်လော့"

မထေရ်က ဤသို့မိန့်ကြားသောအခါ မြို့သူ မြို့သား များမှာ ပုဏ္ဏားအား မည်သို့မျှ မပြုလုပ်ဝံ့ကြတော့ဘဲ လူစုခွဲသွားကြလေ၏။ ထိုအကြောင်းကို ဇေတဝန် ကျောင်းတော်မှ ရဟန်းများ ကြားသိလေသော် "ငါ့ရှင်တို့ ရှင်သာရိပုတ္တရာသည် မိမိအား ရိုက်နှက်သော ပုဏ္ဏား၏ အိမ်သို့ပင် ဆွမ်းခံကြွဘိ၏။ ရှင်သာရိပုတ္တရာကိုပင် ရိုက်နှက်ဝံ့သောပုဏ္ဏားကားဘယ်သူ့ကိုမျှကြောက်လန့်မည် မဟုတ် အခြားရဟန်းများကိုလည်း ရိုက်နှက်အုံးမည်သာဖြစ်၏" ဟူ၍ ဝေဖန် ပြောဆိုကြလေသည်။

ထိုရဟန်းတို့၏ စကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် ဒေါသစိတ်ကို တားဆီးနိုင်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ဒေါသစိတ်ကို တားဆီးနိုင်သည်နှင့်အမျှ ဆင်းရဲဒုက္ခ ငြိမ်းအေးမည်သာ ဖြစ်ကြောင်း မိန့်ကြား ဆုံးမတော်မူသည်။

## ကျေးဇူးမမေ့

ရှင်သာရိပုတ္တရာသည် ခန္တီစိတ်ဓာတ် ပြည့်ဝရုံသာမက တပါးသူတို့၏ ကျေးဇူးကိုလည်း အထူး သိတတ်ပေ၏။ တခါက ရာဓ အမည်ရှိသော ပုဏ္ဏားအိုကြီးသည် စားရမဲ့ သောက်ရမဲ့ ဖြစ်နေသဖြင့် ဇေတဝန်ကျောင်းတော်၌ ကပ်နေရရှာ၏။ရဟန်းပြုချင်သော်လည်း မည်သူကမျှ ရဟန်းပြုမပေးကြချေ။ထိုပုဏ္ဏားအိုကြီးကို ဗုဒ္ဓမြတ်စွာ တွေ့မြင်တော်မူလျှင် "ချစ်သားတို့ မည်သူသည် ဤပုဏ္ဏားကြီး၏ ကျေးဇူးပြုမှုကို ခံယူဘူးသနည်း" ဟု ရဟန်းများကို မေးမြန်းတော် မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် ပရိသတ်ထဲမှထ၍ "အရှင်ဘုရား....တပည့်တော်သည် ဤပုဏ္ဏားကြီးထံမှ ဆွမ်းတလုပ်စာမျှ ခံယူခဲ့ဘူး ပါသည်" ဟု လျှောက်တင်ပြီး ကျေးဇူးရှင် ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးခဲ့လေသည်။

## အထင်မှားခံရခြင်း

ရှင်သာရိပုတ္တရာသည် ဤသို့ မြင့်မြတ်သော စိတ်ဓာတ်နှင့် ပြည့်ဝသောပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း တခါတရံ အချို့သော

ရဟန်းတို့၏ အထင်အမြင် လွဲမှားခြင်းကို ခံခဲ့ရ၏။ ဤသို့အထင်မှားခံရခြင်းတွင် အယူအစွဲသန်သော ပုဏ္ဏားမျိုးမှ ရဟန်းပြုလာသူဖြစ်ခြင်းသည် အကြောင်းတရပ် ဖြစ်သည်။ အချို့သော ပုဏ္ဏားမျိုးတို့သည် ဗုဒ္ဓထံ၌ ရဟန်းအဖြစ်ကိုခံယူခဲ့ကြသော်လည်း မိမိတို့၏ မိရိုးဖလာ အယူဝါဒကို လုံးဝကင်းစင်အောင် မစွန့်နိုင်ဘဲ ရှိခဲ့ကြသည်။ ထို့ကြောင့် တခါတရံ ရှင်သာရိပုတ္တရာ မထေရ်ကြီးကိုပင် ရဟန်းများက အထင်မှားခဲ့ကြလေသည်။

တနေ့သ၌ တောကျောင်းရဟန်း သုံးကျိပ်တို့သည် ဗုဒ္ဓထံ လာရောက်ဖူးမြော်ကြသည်။ ထိုရဟန်းတို့၏ ရှေ့မှောက်၌ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား ပြဿနာတရပ်ကို မေးမြန်းတော်မူသည်။

"ချစ်သားသာရိပုတ္တရာ....ဣန္ဒြေငါးပါးကိုပွားများခြင်းဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်ကြောင်း သင်ယုံကြည်ပါ၏လော"

"အရှင်ဘုရား....ဣန္ဒြေငါးပါးကို ပွားများခြင်းဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်သည်ဟူသော အချက်ကို တပည့်တော် လက်ခံပါ၏။သို့ရာတွင် မြတ်စွာဘုရားအား ယုံကြည်သဖြင့် ဤသို့ လက်ခံခြင်းမဟုတ်ပါ"

ထိုအဖြေကို တောကျောင်းနေ ရဟန်းများကြားလျှင် ရှင်သာရိပုတ္တရာအပေါ်၌ သံသယဝင်သွားကြသည်။ "ဤအရှင်သည် ယနေ့တိုင်အောင် မိစ္ဆာအယူကို မစွန့်သေး ဘုရားရှင်အား နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်မှု မရှိသေး" ဟု ဝေဖန် ပြောဆိုကြသည်။

ထိုအခါ ဗုဒ္ဓက "ချစ်သားတို့.... သာရိပုတ္တရာအား သင်တို့ အထင်မမှားကြလင့်။ သာရိပုတ္တရာသည် ဣန္ဒြေ ငါးပါးကိုပွားများသဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်သည် ဟူသော အချက်ကို

ငါ့ဘုရားအား ယုံကြည်၍ လက်ခံခြင်း မဟုတ်၊ မိမိကိုယ်တိုင် ကိုယ်ကျ သိမြင်ပြီးဖြစ်၍ လက်ခံခြင်းသာဖြစ်ပေ၏။''ဟူ၍ ရှင်း လင်းမိန့်ကြားကာ တရားဟောတော်မူရလေသည်။

အခါတပါး၌လည်း ရှင်သာရိပုတ္တရာသည် တပည့်ငါးရာတို့ နှင့်အတူ ဇနပုဒ် ကျောင်းတကျောင်း၌ ဝါဆို၏။ ဝါကျွတ် သောအခါ ထိုဇနပုဒ်မှ လူများသည် ရဟန်းငါးရာနှင့် တကွ မထေရ်အား သင်္ကန်းကပ်လှူရန် စီစဉ်ကြသည်။ ဤသို့ စီစဉ် နေစဉ် မထေရ်သည် အကြောင်းကိစ္စ တခုကြောင့် တပည့်ငါးရာ နှင့်အတူ သာဝတ္ထိပြည်သို့ ကြွသွားလေ၏။ မကြွသွားမီ မိမိ ၏ တပည့်များအတွက် သင်္ကန်းလှူလာပါက သာဝတ္ထိပြည် သို့ပို့လိုက်ရန် ကျောင်းနေရဟန်းများအား မှာကြားခဲ့၏။

ဤအကြောင်းကို ရဟန်းများ ကြားသိကြလေသော် အချို့ သောရဟန်းများက တီးတိုးစကား ဆိုကြကုန်၏။

''ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကား ပစ္စည်း၌ တွယ်တာ မက်မောမှု မကင်းသေးပါကလား၊ ခရီးကြွရာ၌ပင် ဖြောင့် ဖြောင့်တန်းတန်း မကြွနိုင်ဘဲ သင်္ကန်းအတွက် နောက်ဆံတင်း နေဘိ၏။''

ထိုစကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် ''ချစ်သား တို့ သာရိပုတ္တရာကား ပစ္စည်း၌ တွယ်တာ မက်မောခြင်းမရှိ၊ လူ တို့အား ကုသိုလ်ကောင်းမှုမှ မဆုတ်ယုတ်ပါစေလင့်၊ ရဟန်း သာမဏေတို့အားလည်း တရားသဖြင့် ရသော လာဘ်လာဘ မ ပျက်စီးပါစေလင့် ဟူသော သဘောဖြင့် ခရီးမထွက်မီ သင်္ကန်း ကိစ္စကို မှာထားခဲ့ခြင်းဖြစ်၏''ဟူ၍ ရှင်းလင်း မိန့်ကြားတော်မူ သည်။

## ဦးရိုးတော်အား ဆုံးမခြင်း

ရှင်သာရိပုတ္တရာ၌ မိမိနှင့်တကွ မွေးချင်း ၇-ယောက် ရှိ၏။ မိမိကိုယ်တိုင် ဗုဒ္ဓထံ၌ အမှန်တရားကို သိမြင်ပြီးနောက်တွင် နှမ သုံးယောက်နှင့် ညီ သုံးယောက်ကို သာသနာ့ဘောင်သို့ ဆွဲ ဆောင် သိမ်းသွင်းခဲ့ရာ အသက် ၄-နှစ်ရွယ် မျှသာ ရှိသေးသည့် ညီငယ်ကလေး ရေဝတပင် မကျန်တော့ပေ။ သို့သော်လည်း ဗြာဟ္မဏဝါဒ၌ အယူအစွဲသန်လွန်းလှသော မိဘ နှစ်ပါးကိုကား တော်တော်နှင့်ချွေချွတ်၍ ရနိုင်မည် မဟုတ်ကြောင်း သိရှိသဖြင့် မိဘနှစ်ပါးကို ချန်ထားပြီး ကျန်သော ဆွေမျိုးများထဲမှ တိုက် တန်သူများကိုသာ အခါအားလျော်စွာ ချွေချွတ်တော်မူခဲ့သည်။

ဗုဒ္ဓ၏ အဂ္ဂသာဝကကြီး တပါးဖြစ်လာ၍ မကြာမီ တနေ့ သ၌ ရှင်သာရိပုတ္တရာသည် နာလကရွာနေ ဦးရိုးတော် ပုဏ္ဏား ကြီး၏ အိမ်သို့ ကြွသွားလေ၏။ ပုဏ္ဏားကြီးသည် မိမိတို့၏ မျိုးရိုး အစဉ်အလာ အယူဝါဒကို စွန့်ပယ်၍ ဗုဒ္ဓဂေါတမထံ၌ တပည့်ခံ သွားသော တူတော် ဥပတိဿအား မကျေနပ်လှသော်လည်း ဆွေမျိုးတို့၏ ဝတ်တရားရှိသဖြင့် ရိုရိုသေသေပင် ကြိုဆိုဧည့်ခံ လေသည်။ မထေရ်သည် အာလာပ သလ္လာပ စကားများကို ပြောဆိုပြီးနောက် ပုဏ္ဏားကြီးအား ဤသို့မေးမြန်းလေ၏၊

"ပုဏ္ဏားကြီး.... အသို့နည်း၊ သင်သည် ကုသိုလ် ကောင်းမှု တခုခုကို ပြုလုပ်ပါ၏လော"

"ပြုလုပ်ပါသည် တူတော်"

"ဘယ်လို ကုသိုလ်ကောင်းမှုကို ပြုလုပ်ပါသလဲ"

"လစဉ် တက္ကတွန်းတို့အား အသပြာတထောင်စွန့်၍ အလှူဒါနကို ပြုလုပ်ပါသည်တူတော်"

"ဘယ်လိုအကျိုးကျေးဇူးကို ရည်မျှော်၍ ထိုအလှူဒါနကို ပြု လုပ်ပါသလဲ"

"ဗြဟ္မာ့ပြည်သို့ရောက်ရန် ရည်ရွယ်၍ ထိုအလှူဒါနကို ပြုလုပ်ပါသည်တူတော်"

"ဘက္ကတွန်းတို့အား အလှူဒါန ပြုလုပ်လျှင် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ပါသလော"

"ကျွန်ုပ်တို့၏ ဆရာများက ရောက်နိုင်သည်ဟု ပြောကြပါသည်"

"ပုဏ္ဏားကြီး.... သင်သည်၎င်း၊ သင့်ဆရာ များသည်၎င်း ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းတရားကို သိသူများမဟုတ်ကြ။ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းတရားကို သိသော ပုဂ္ဂိုလ်ထံသို့ သင့်အား ငါပို့ဆောင်ပေးမည် လိုက်ခဲ့လော့"

ရှင်သာရိပုတ္တရာသည် ဤသို့ မိန့်ကြားပြီး ဦးရီးပုဏ္ဏားကြီးကို ဗုဒ္ဓထံသို့ ခေါ်ဆောင်ခဲ့၏။ ဗုဒ္ဓရှေ့မှောက်သို့ ရောက်သည့်အခါ အကြောင်းစုံကို လျှောက်ထားပြီး "အရှင်ဘုရား.... ဤပုဏ္ဏားကြီးအား ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းတရားကို ဟောကြားတော်မူပါ"ဟု တောင်းပန်လေ၏။ထိုအခါ ဗုဒ္ဓက"ပုဏ္ဏားကြီး....တက္ကတွန်းတို့အား အလှူဒါန ပြုခြင်းသည် ဗြဟ္မာပြည်သို့ ရောက်ကြောင်းတရားမဟုတ် ထိုကဲ့သို့သော ပုဂ္ဂိုလ်များအား လစဉ် အသပြာတထောင် စွန့်လွှတ် လှူဒါန်းခြင်းထက် အရိယာသူတော်စင်တို့အား တခဏမျှ ပူဇော် ကန်တော့ခြင်းက ပို၍

ကောင်းမြတ်၏”ဟူ၍ ဟောကြားတော်မူရာပုဏ္ဏားကြီး အကျွတ်တရား ရသွားလေသည်။

ရှင်သာရိပုတ္တရာသည် ဗြဟ္မာ့ပြည်သို့ ရောက်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် အမြဲ မီးပူဇော်နေသော တူတယောက်နှင့် ယာဇ်ပူဇော်ပွဲကြီးများကို အခါမလပ် ပြုလုပ်နေသော မိတ်ဆွေ ပုဏ္ဏားတယောက်တို့ကိုလည်း အထက်ပါနည်းအတိုင်းပင် ဗုဒ္ဓထံ ခေါ်ဆောင်ခဲ့၏။ဗုဒ္ဓက မီးပူဇော်ခြင်း၊ ယာဇ်ပူဇော်ခြင်းများ အကျိုးမရှိပုံကို ဟောကြားသဖြင့် ထိုပုဂ္ဂိုလ် များလည်း အကျွတ်တရား ရရှိသွားကြသည်။

## မယ်တော်၏ ဆဲဆိုမှုကို ခံရခြင်း

အခါတပါး၌လည်း ရှင်သာရိပုတ္တရာသည် ရဟန်းငါးရာနှင့် အတူ မိမိ၏ မွေးဖွားရာ ဇာတိ ဖြစ်သော နာလကရွာသို့ ဆွမ်းခံဝင်လေ၏။ ထိုရွာမှလူတို့သည် အများအားဖြင့် မထေရ်၏ ဆွေမျိုးများသာဖြစ်ကြသဖြင့် ဗုဒ္ဓဝါဒကို ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဆွေမျိုးသံယောဇဉ်ဖြင့် အိမ်တိုင်းမှထွက်၍ ဆွမ်းလောင်းကြသည်။ အိမ်စဉ်အတိုင်း လှည့်လည်၍ မယ်တော်ကြီး ရူပသာရီ၏ အိမ်ရှေ့သို့ရောက်သောအခါ မယ်တော်ကြီးသည် ဝမ်းနည်းဝမ်းသာဖြင့် ရဟန်းငါးရာနှင့်တကွ သားတော်ကြီးကို အိမ်ထဲသို့ ပင့်ဆောင်လေသည်။

အမှန်စင်စစ် မိမိတို့ မျိုးရိုးစဉ်လာဖြစ်သော ဗြာဟ္မဏဝါဒကို ပစ်ပစ်ခါခါ စွန့်ပစ်၍ ဗုဒ္ဓဂေါတမ၏ တပည့်ခံသွားသော သား

ကြီး ဥပတိဿအား မိဘနှစ်ပါးလုံးကပင် မကျေနပ်ကြ။ ညီငယ် နှမငယ်များကိုပါ သူ့နောက်သို့ ဆွဲခေါ်သွားသောအခါတွင်မူ ပို၍ဒေါသထွက်ခဲ့ကြသည်။ ယောကျ်ားသားဖြစ်သော ပုဏ္ဏား ကြီးက အလွန်အမင်း မတုန်လှုပ်သော်လည်း မိန်းမသားဖြစ်သော ပုဏ္ဏေးမကြီးမှာမူ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့သည်။ ထို့ကြောင့် သားတော်ရဟန်းထံသို့ မိမိတို့က မသွားသကဲ့သို့ မိမိတို့အိမ်သို့ လည်း သားရဟန်းအား တကြိမ်တခါမျှ ဖိတ်ကြားခြင်းမပြုခဲ့ ကြချေ။

သို့သော်လည်း မိမိတို့က ဖိတ်ကြားခြင်းမပြုဘဲ သားတော် ရဟန်းက အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်လာသော အခါတွင်မူ မသိကျိုးကျွံ ပြု၍ မနေနိုင်ကြတော့ချေ။ ရူပသာရီ ပုဏ္ဏေးမကြီးက ရှေ့ဆောင်၍ နောက်ပါ ရဟန်းများနှင့်အတူ မခထေရ်အားအိမ်ထဲသို့ပင့်ဆောင်ပြီး ဆွမ်းဘောဇဉ်များ လောင်း လေတော့သည်။ ဤသို့ ဆွမ်းဘောဇဉ်များကို အားပါးတရ လောင်းနေသော်လည်း ပုဏ္ဏေးမကြီးကား စိတ်ထဲမှကျေနပ်လှ သည် မဟုတ်။ တသက်လုံး သုံးစွဲ၍မကုန်နိုင်သော စည်းစိမ်ဥစ္စာ တို့ကိုစွန့်ပစ်ပြီး ခွက်လက်စွဲ၍တောင်းရမ်းစားသောက်နေဘိသည် ဟူ၍ သားရဟန်းအား ကရုဏာဒေါသော ပါးစပ်မှ တတွတ် တွတ် မြည်တွန်ရေရွတ်နေလေသည်။ မိခင်ကြီးက မည်သို့ပင်မြည် တွန် ရေရွတ်သော်လည်း ရှင်သာရိပုတ္တရာကား မည်သို့မျှ တုံ့ပြန် ပြောဆိုခြင်းမပြု။ ဆွမ်းသပိတ်ကို ပွေ့ပိုက်လျက် ကျောင်းသို့သာ ပြန်ကြွလာခဲ့၏။

ရှင်သာရိပုတ္တရာနှင့် အတူ လိုက်ပါခဲ့သော ရဟန်းငါးရာတို့ တွင် သာမဏေ ရှင်ရေဟုလာ သည်လည်း တပါးအပါအဝင်ဖြစ်

၏။ ရှင်ရာဟုလာသည် ကျောင်းတော်သို့ရောက်လျှင် ရှင်သာရိ ပုတ္တရာ၏ကဲကြီးအိမ်မှ ရရှိခဲ့သောဆွမ်းကို ဗုဒ္ဓ ရှင်တော်မြတ်ထံ သွားရောက် ဆက်ကပ်လေသည်။

"ချစ်သားရာဟုလာ....ဤဆွမ်းကို အဘယ်မှ ရခဲ့သနည်း"

ဗုဒ္ဓက ဤသို့ မေးမြန်းလေသော် ရှင်ရာဟုလာသည် ရှင်သာရိ ပုတ္တရာ၏ကဲကြီးအိမ်သို့ ဆွမ်းခံရောက်ခဲ့ပုံမှ အစပြု၍ မိခင်ကြီးက စိတ်ဆိုး မာန်ဆိုးဖြင့် မည်တွန်ရေရွတ်သော်လည်း ရှင်သာရိ ပုတ္တရာက တလုံးတပါဒမျှ မတုံ့ပြန်ဘဲ ခေါင်းငုံ့ ခံခဲ့ပုံများကို စုံလင်စွာလျှောက်တင်လေ၏။ ရဟန်းများကလည်းဤအကြောင်း နှင့် စပ်၍ ရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ချီးကျူးပြောဆိုကြသည်။

"ငါ့ရှင်တို့....ရှင်သာရိ ပုတ္တရာ ကိုယ်တော်ကြီးကား ချီးကျူး ထိုက်လှပေ၏။ မိခင်ကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် တတွတ်တွတ် မြည်တွန် ရေရွတ်သော်လည်း အနည်းငယ်မျှ စိတ်ဆိုးခြင်းမရှိ"

ထိုရဟန်းတို့၏စကားကို ဗုဒ္ဓရှင်တော်မြတ်ကြားလျှင် ရဟန္တာ ပုဂ္ဂိုလ်တို့ မည်သည် အမျက်ထွက်ခြင်း မရှိကြောင်း မိန့်ကြား တော်မူလေသည်။

## နောက်ဆုံး ကျေးဇူး


ရှင်သာရိပုတ္တရာ နှင့် တကွ သားလေးယောက် သမီးသုံး ယောက်တို့သည်၊ ဗုဒ္ဓ၏တပည့် အရိယသာဝကများ ဖြစ်သွား ကြသော်လည်း မယ်တော် ရှင်သာရိ ပုတ္တရာ၏ကဲကြီးကား ဗြာဟ္မ ဏဝါဒ ကိုသာ ကာလကြာမြင့်စွာ စွဲလမ်းယုံကြည်နေခဲ့၏။ ရှင်

သာရိပုတ္တရာသည် မယ်တော်ကြီး၏ လွဲမှားသောအယူကို ချေချွတ်လိုသော်လည်း အခါအခွင့်မသင့်သေးသဖြင့် စောင့်ဆိုင်းနေခဲ့ရ၏။ နောက်ဆုံး ဘဝဇာတ်ချုပ်ငြိမ်းရန် အချိန်နီးကပ်လာသောအခါ၌ကား မထေရ်သည် ရောဂါဝေဒနာ ဖိစီးနေသည့်ကြားမှပင် မယ်တော်၏ နေအိမ်သို့ အရောက်ကြွလာခဲ့သည်။ ထိုအချိန်တွင် အသက်ရာကျော်၍ အဖွားကြီးလုံးလုံးဖြစ်နေပြီဖြစ်သော မယ်တော်ကြီးသည် သားကြီးသြရသအပေါ် ယခင်ကလို မာန်မဲမြည်တွန်ခြင်း မပြုနိုင်တော့ဘဲ ချစ်ခင်ကြင်နာခြင်း အပြည့်အဝဖြင့် နေရာထိုင်ခင်းများကို ခင်းကျင်းစီစဉ်ပေးလေသည်။ မထေရ်သည် မယ်တော်ကြီး၏ နေအိမ်၌ တညတာ ကျိန်းစက်ခြင်းပြုရာ ထိုညတွင် မထေရ်၏ သွေးအန်သောဝေဒနာမှာလည်း အပြင်းထန်ဆုံး အခြေအနေသို့ ဆိုက်ရောက် လာ၏။ ထိုညတွင် တန်ခိုးကြီးသော နတ်ဗြဟ္မာများသည် မထေရ်အား နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော် ကန်တော့ရန် လာရောက်ကြသည်။ မယ်တော်ကြီးသည် သားတော်ဥပတိဿမှာ မိမိတို့ကိုးကွယ်ဆည်းကပ်သော ဗြဟ္မာကြီးထက်ပင် ကြီးကျယ်မြင့်မြတ်သူဖြစ်ကြောင်း တွေ့ရှိရသဖြင့် များစွာအံ့သြသွားသည်။ ထိုအခါ မထေရ်သည် ဗုဒ္ဓရှင်တော်မြတ်၏ ကျေးဇူးများကို အခြေခံပြီး လျော်ကန် သင့်မြတ်သော တရားကို ဟောကြားတော်မူရာ မယ်တော်ကြီး သောတာပန်ဖြစ်သွားလေ၏။

ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဤသို့ မယ်တော်ကြီးအား အကျွတ်တရား ရစေခြင်းဖြင့် နောက်ဆုံး ကျေးဇူးဆပ်တော်မူပြီး နံနက်မလင်းမီမှာပင် ဝိညာဉ်ချုပ်ငြိမ်း၍ဘဝဇာတ်

သိမ်းတော်မူသည်။ နောက်ဆုံးအချိန်တွင်မှ သားတော်ကြီး၏ ကျေးဇူးကို သိမြင်ခဲ့ရသော မယ်တော်ကြီးကား မငြိမ်းနိုင်သေးသော သောကမီးကို တရားအသိဖြင့် လျော့ပါးစေပြီး သားတော်ကြီး၏ အလောင်းကိုသာ ထိုက်တန်သော အခမ်းအနားဖြင့် ပူဇော်ကန်တော့ခြင်း ပြုရရှာလေတော့သည်။

ဓမ္မပဒ အဋ္ဌကထာမှ ဆိုင်ရာ ဝတ္ထုများကို
ပေါင်းစပ်ရေးသားသည်။



# ပျောက်ဆုံးသွားသည့် သတိုးသား

ရာဇဂြိုဟ် မြို့တော်၏ အနီး ဥပတိဿရွာကြီး၌ ဘိုးဘွားမိဘများ လက်ထက်မှစ၍ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့် ဝင်္ကန္တ အမည်ရှိသော ပုဏ္ဏားနှင့် ရူပသာရီ အမည်ရှိသော ပုဏ္ဏေးမတို့ ပေါင်းဖက် နေထိုင်ခဲ့ကြ၏။ ထို ဇနီးမောင်နှံတွင် သားသုံးယောက်နှင့် သမီးသုံးယောက် အစဉ်အတိုင်းမွေးဖွားပြီး နောက်ဆုံးတွင်ရေဝတအမည်ရှိသောသားတယောက် ရရှိပြန်လေသည်။

သားသမီး ခုနစ်ယောက်အနက် သားကြီး၏ အမည်မှာ ဥပတိဿဖြစ်၏။ဥပတိဿသည် သားကြီးဖြစ်၍ မိဘများကအစွမ်းကုန် အလိုလိုက်၊ အကြိုက်ဆောင်ကာ မြှောက်စားထားခြင်း ခံရသော်လည်း လောကီလူ့ဘောင်၌ မပျော်မွေ့ဘဲ ရဟန်းဘဝသို့ ကူးပြောင်း သွားခဲ့သည်။

သေခြင်းကင်းသော တရားကို ရှာမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပရိဗိုဇ် ရဟန်းအသွင်ကို ယူခဲ့သော ဥပတိဿသည် ရာဇဂြိုဟ်

ပြည် သိဥ္စည်း ပရိဗိုဇ်ကြီးထံ၌ မှီခိုနေစဉ် ပဥ္စဝဂ္ဂီ ရဟန်းငါးပါးတွင် တပါးအပါအဝင်ဖြစ်သော ရှင်အဿဇိနှင့် တွေ့ဆုံရာမှ အစပြု၍ ဗုဒ္ဓရှင်တော်မြတ်၏ ခြေတော်ရင်းသို့ ခိုဝင် မိလေသည်။ ထို့နောက် မကြာမီပင် အကျွတ်တရားရရှိ၍ ပညာ အရာတွင် အမြတ်ဆုံး ဟူသော ဧတဒဂ် ဘွဲ့ထူးဖြင့် ချီး မြှင့်ခြင်း ခံရသည်။ "ဓမ္မသေနာပတိ" တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဟူသော အမည်ဖြင့်လည်း ထင်ရှားလာခဲ့သည်။

သားကြီးဖြစ်သူ တယောက်လုံး ဗုဒ္ဓ၏ လက်ထောက် သာဝကကြီးတပါး အဖြစ်သို့ ရောက်ရှိသွားသော်လည်း ဝင်္ဂန္တ ပုဏ္ဏားကြီးနှင့် ရူပသာရီ ပုဏ္ဏေးမတို့ကား ဗုဒ္ဓနှင့် အလှမ်း ဝေးလျက်သာ ရှိနေကြ၏။ အလှမ်းဝေးရုံသာမက ဗြဟ္မာဘဏ ဝါဒကို အစွဲသန်သူများဖြစ်၍ မိဘရိုးရာကို ဖေါက်ဖျက်သွားသော သားကြီးဥပတိဿ အပေါ်၌ပင် မကျေမချမ်း ဖြစ်နေကြလေသည်။

ရှင်သာရိပုတ္တရာသည် မိဘနှစ်ပါး၏ အစွဲ အလမ်း ကြီးပုံကိုကောင်းစွာ သိမြင်သဖြင့် သူတို့၏ အစွဲကို ချွတ်ရန် ကြိုးစားခြင်းမပြုခဲ့၊ သို့သော်လည်း အသက် အရွယ်အားဖြင့်ငင်း၊ အသိဉာဏ်အားဖြင့်ငင်း၊ နုနယ်သေးသူများဖြစ်သည့် ညီငယ်၊ ညီမငယ်တို့ကမူ မိမိတို့ အကိုကြီးအပေါ်ဝယ် သံယောဇဉ် ကြီးမားလျက်သာ ရှိနေကြသည်။

ရှင်သာရိပုတ္တရာသည် ယင်း အခြေ အနေကို ကောင်း စွာအသုံးချလျက် ညီငယ် ညီမငယ်တို့ကို ဗုဒ္ဓသာသနာဖက်သို့ သက်ဝင်လာအောင် ဆွဲဆောင် သိမ်းသွင်းခဲ့သည်။ အကိုကြီးသံယောဇဉ်ဖြင့် ဗုဒ္ဓဝါဒနှင့် ယဉ်ပါးလာသော ညီငယ် ညီမငယ်တို့သည်၊ အကိုကြီး ဆွဲဆောင်ရာသို့ အလွယ်တကူပင် လိုက်ပါလာကြ၏။

ရှေးဦးစွာ စုန္ဒနှင့် ဥပသေနတို့သည် တယောက်နှင့် တယောက် မရှေးမနှောင်းပင် ရဟန်းဘောင်သို့ ဝင်လာကြ၏။ ထို့နောက် ညီမငယ်များဖြစ်သော စာလာ၊ဥပစာလာနှင့် သီသူပစာလာ တို့သည်လည်း ဘိက္ခုနီ ဘဝသို့ ရောက်ရှိလာကြပြန်သည်။

ဤသို့ သားကြီး သုံးယောက်နှင့် သမီး သုံးယောက်လုံး ဗုဒ္ဓ သာသနာတွင်းသို့ ဝင်သွားသောအခါ လူမမယ် အရွယ်မျှသာ ရှိသေးသည့် သားငယ်ရေဝတ တယောက်သာ အိမ်၌ ကျန်တော့သည်။ ထိုအခါ မိဘတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် မျိုးရိုးစဉ်ဆက် မပျက်စေရန်အတွက် သားငယ် ရေဝတကို အရအမိ ဆွဲထားဘို့လိုကြောင်း သဘော ပေါက်လာကြသည်။

ထို့ကြောင့် သူတို့သည် ရေဝတအား စောစော စီးစီးဖြင့် အိမ်ထောင်ချထားရန် စီစဉ်ကြလေသည်။ ယင်းအစီအစဉ်အရ ရေဝတနှင့် နေရာချထားရန် ရွေးချယ်ထားသော သတိုးသမီးကား ရာဇဂြိုဟ်မြို့မှ ဖြစ်၏။ သို့ဖြစ်၍ သတ်မှတ်ထားသော မင်္ဂလာနေ့ရက်သို့ ရောက်သောအခါ လှည်းပေါင်းများစွာဖြင့် ရာဇဂြိုဟ်မြို့သို့ သတို့သမီးတောင်းထွက်ခဲ့ကြလေသည်။

ရာဇဂြိုဟ်သို့ ရောက်လျှင် နှစ်ဖက်သော မိဘ ဆွေမျိုး အစုံအညီဖြင့် မင်္ဂလာပွဲကို ကြီးကျယ် ခမ်းနားစွာ ကျင်းပကြသည်။ ထိုမင်္ဂလာပွဲ၌ အသက် တရာ့ နှစ်ဆယ် ရှည်သော သတိုးသမီး၏ အဘွားမကြီးလည်းရှိနေ၏။ သတိုးသားနှင့် သတိုးသမီး တို့သည် ထုံးတမ်းစဉ်လာ အတိုင်း လူကြီးမိဘများကို ရှိခိုး ကန်တော့ကြသည်။ ထိုအခါ ကန်တော့ခံ သူတို့ကလည်း "သင်တို့သည် ဤ

အဘွားမကြီး ကဲ့သို့ အသက်တရာ့နှစ်ဆယ် ရှည်စေသော”ဟူ၍ ဆုပေးကြလေသည်။

အသက်အားဖြင့် ခုနစ်နှစ် အရွယ်မျှသာရှိသေးသော ရေဝတ သည် ထိုစကားကို ကြားလျှင် အဘွားအိုကြီးကို ကြည့်၍ ရုတ် တရက် ဤသို့ မေးမြန်းလိုက်၏။

“ကျွန်တော့ဇနီး သတိုးသမီးလဲ ဒီ အဘွားအိုကြီးလိုဘဲ အိုရ မင်းရ အုံးမှာလားခင်ဗျာ”

“အိုရ မှာဘဲပေါ့ သားရယ် လူဆိုတာ မအို မသေတဲ့လူရယ် လို့ ဘယ်မှာရှိပမလဲ။”

သူ့အရွယ်နှင့် စာလျှင် ကြီးကျယ် လွန်းလှသော ရေဝတ ကလေး၏ စကားကြောင့် လူကြီး မိဘများ ထိတ်လန့်တကြား ဖြစ်သွားခဲ့ကြ၏။ နှုတ်လျှာ သွက်လက်သော လူကြီးတဦးက ချက် ခြင်းဝင်၍ အဖြေ ပေးလိုက်သောကြောင့်သာ သက်သာခွင့်ရရှိ သွားခဲ့ကြသည်။

သို့သော်လည်း ရေဝတလေးကား ထို အဖြေမျှဖြင့် ကျေနပ် ခြင်းမရှိ။ ဘဝ အဆက်ဆက်က ဆည်းပူးခဲ့သော ပါရမီ ဓာတ် ခံကြောင့် ထူးခြားသော သံဝေဂဉာဏ်သည် ရုတ်တရက် ဖြစ် ပေါ်လာ၏။ “လူတိုင်း အိုရသေရမည်ဆိုလျှင် သားမယားနှင့် ပျော်ပါးခြင်းသည် ဘာ အဓိပ္ပါယ် ရှိမည်နည်း။ ငါ့အကိုကြီး ဥပတိဿသည် ဤအကြောင်းကို မြင်၍သာ ရဟန်းပြုသွားခြင်း ဖြစ်ပေရာ၏။ ငါသည်လည်း အကိုကြီးများနောက်သို့ အမြန် လိုက်မှသာ ဤဆင်းရဲမှ လွတ်မြောက်ပေတော့မည်။”

ရေဝတ ကလေးသည် ဤသို့ စဉ်းစားမိသော်လည်း မိမိ၏ အကြံကို မိဘများ မရိပ်မိစေရန်အတွက် ဣန္ဒြေမပျက်ပင် နေ

လေသည်။ မင်္ဂလာပွဲပြီးစီးလျှင် သတိုးသမီးကိုပါခေါ်ဆောင်၍ လှည်းတပ်ဖွဲ့ကြီးဖြင့် ဥပတိဿရွာသို့ ပြန်ခဲ့ကြသည်။

မြို့မှထွက်ခဲ့၍ အနည်းငယ် ခရီး ကွာ လှမ်း သော နေရာသို့ ရောက်သောအခါ ရေဝတသည် တပို တပါး သွားလိုဟန်ဖြင့် လှည်းပေါ်မှဆင်း၍ လမ်းဘေးရှိ ခြုံတခု၏နောက်ကွယ်သို့ ဝင်သွား၏။ ခဏမျှကြာသောအခါ ရပ်၍စောင့်နေသောလှည်းများ ရှိရာသို့ပြန်လာလေသည်။

ဤနည်းဖြင့် ခရီးဆက်၍ သွားကြရာ ရေဝတသည်ရှေးနည်း တူပင် နှစ်ကြိမ် သုံးကြိမ် ဆင်းသွားခဲ့၏။ အမှန်စင်စစ် တကယ် ဗိုက်နာခြင်းမဟုတ်ဘဲ လူကြီးများအား အယုံ သွင်းခြင်းသာဖြစ် လေသည် နောက်ဆုံးအကြိမ် ဆင်းသွားသည့်အခါတွင်မူ ရွာ နှင့် နီးနေပြီဖြစ်၍ လှည်းများအား စောင့်မနေရန် မှာကြား ခဲ့သည်။ ထို့ကြောင့် လှည်းများသည် အိမ်အရောက် ဆက်၍ မောင်းခဲ့ကြလေသည်။

အချိန်တန်၍ ရေဝတကလေး ပြန်မရောက် လာသောအခါ မိဘတို့သည် ရွာမှထွက်၍ အပူတပြင်း တောနင်း ရှာဖွေကြ၏။ သို့သော်လည်း အစအနမျှကိုပင် ရှာမတွေ့သောကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချကာ နေကြရလေသည်။

ရေဝတကလေးကား ခြေဦးတည့်ရာသို့ အားကုန်သုတ်၍ ပြေးခဲ့ရာ ရွာနှင့် အတော်ကွာလှမ်းသည့် တောအုပ်အတွင်းသို့ ရောက်၍ တောကျောင်း ကလေးတခုကို တွေ့ရှိလေသည်။ ထို အခါ သူသည် နီးရာ ရဟန်းတပါးထံသို့ ချဉ်းကပ်၍ "တပည့် တော်အား ရှင်ရဟန်းအဖြစ် ချီးမြှင့်တော် မူပါဘုရား" ဟု လျှောက်တင်လေသည်။

တောကျောင်းနေ ရဟန်းတို့သည် မင်းဝတ်တန်းဆာများ ဝတ်ဆင်၍ တောကြီးမြက်မဲအတွင်းသို့ တဦးတည်း ရောက်လာသော ရေဝတကလေးအား များစွာ အံ့အား သင့်နေကြ၏။ ထို့ကြောင့် မည်သူ မည်ဝါဖြစ်ကြောင်း မေးမြန်း စုံစမ်း ကြရာ ရေဝတက မိမိသည် ရှင်သာရိပုတ္တရာ၏ ညီငယ်ဖြစ်ကြောင်း ထုတ်ဖေါ် ပြောကြားလေသည်။

အမှန်စင်စစ် ထိုအချိန်တွင် မိဘနှစ်ပါးတို့က အနုးအညွတ် ခွင့်လွှတ်သူကိုသာ ရှင်ရဟန်း ပြုပေးရမည်ဟူ၍ ဗုဒ္ဓက ညွှန်ကြား ထားပြီးဖြစ်၏။ သို့သော်လည်း ရှင်သာရိပုတ္တရာကား အနီး ပတ်ဝန်းကျင်ရှိ ရဟန်းများအား "ငါ့ရှင်တို့ မိဘ ခွင့်ပြုသူကို သာ ရဟန်းပြုပေးရမည်ဟု ဗုဒ္ဓ၏ မိန့်ကြားချက် ရှိသော်လည်း ငါ့ညီငယ် ရေဝတအဘို့မူ ငါသာလျှင် မိဘ ဖြစ်တော့ သည်။ ထို့ကြောင့် ရေဝတ ရောက်လာလျှင် အချိန်မရွေး ရဟန်းပြုပေး ကြလော့ ဟူ၍ မှာကြားထားလေသည်။

တောကျောင်း ရဟန်းတို့သည် ထိုမှာကြားချက်ကို ကြားသိ ထားကြပြီးဖြစ်၍ ရေဝတ သတိုးသားအား အချိန်မဆွဲဘဲ ရှင်ပြု ပေးလိုက်ကြသည်။ အရှင်သာရိပုတ္တရာ ထံသို့လည်း ချက်ခြင်း သတင်း ပို့လိုက်ကြလေသည်။

ရှင်ရေဝတသည် သာမဏေဘဝသို့ ရောက်ရှိပြီးနောက် ထိုတောကျောင်း၌ ကြာမြင့်စွာ နေထိုင်ခြင်း မပြု။ မိဘတို့၏ အနှောက်အယှက်မှ ကင်းလွတ်ရန်အတွက် ရာဇဂြိုဟ်မှ ယူဇနာ သုံးဆယ်ဝေးသော ရှားတောကျောင်းသို့ ပြောင်းရွှေ့သီတင်း သုံးကာ ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ် နေလေသည်။

ထိုအချိန်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော ရှင်သာရိပုတ္တရာသည် ညီငယ်ရေဝတ၏ သတင်းကို ကြားသိလျှင် ညီငယ်ရှိရာသို့ အမြန်ဆုံး သွားရောက်လိုသဖြင့် ဗုဒ္ဓထံ၌ ခွင့်ပန်လေ၏။ ဗုဒ္ဓရှင်တော်မြတ်ကား တရားအားထုတ်နေသော ရေဝတ သာမဏေအား အနှောင့်အယှက် မဖြစ်စေရန်အတွက် "ချစ်သား သာရိပုတ္တရာ ဆိုင်းငံ့ဦးလော အချိန်အခါမဟုတ်သေး" ဟူ၍ မိန့်ကြားတားမြစ်တော်မူသည်။ ရက်အတန်ကြာ၍ ဒုတိယအကြိမ် လျှောက်တင်သော အခါ၌လည်း ဗုဒ္ဓက ရှေးနည်းတူပင် တားမြစ်တော်မူပြန်ရာ ရှင်သာရိပုတ္တရာမှာ ဝါတွင်းသုံးလပတ်လုံး ဆိုင်းငံ့နေရလေသည်။

ဝါလကင်းလွတ်၍ သီတင်းကျွတ်သည့် အချိန်တွင်မူ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား ရေဝတထံသို့ ကိုယ်တော်တိုင်လိုက်ပါမည် ဖြစ်ကြောင်း ဖွင့်ဟ မိန့်ကြားတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် ဝမ်းမြောက်ဝမ်းသာဖြင့် ခရီးကြွချီရန် အစီအစဉ်များကို ဆောလျှင်စွာ ပြုလုပ်တော်မူသည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် နောက်ပါ ရဟန်းငါးရာဖြင့် သာဝတ္ထိပြည်မှ ထွက်ခွါတော်မူခဲ့လေသည်။

သာဝတ္ထိပြည်မှ ခရီး အတော်ကွာလှမ်းသည့် တောလမ်းတနေရာသို့ ရောက်သော် နှစ်ခွသော ခရီးလမ်းကိုတွေ့မြင်၍ ဗုဒ္ဓရှင်တော်မြတ်က ခေတ္တ ရပ်တန့်ကာ ရှင်အာနန္ဒာအား မေးမြန်းတော်မူသည်။

"ချစ်သားအာနန္ဒာ....ဤလမ်းနှစ်သွယ်တွင် အဘယ် လမ်းဖြင့်သွားလျှင် သင့်မည်ဟု ထင်သနည်း"

"အရှင်ဘုရား ဤလမ်းနှစ်သွယ်တွင် လက်ျာဖက်လမ်းဖြင့် လိုက်လျှင် ရွားတောသို့ ယူဇနာ ခြောက်ဆယ်မျှ ကွာလှမ်း ပါသည်။ သို့သော်လည်း လူနေအိမ်ခြေမပြတ်ဘဲ လမ်းခရီးကား သာယာလှပါသည်။ လက်ဝဲဖက် လမ်းမှာမူ ယူဇနာသုံးဆယ်မျှ သာဝေး၍ခရီးတိုသော်လည်း လမ်းခရီးကား ကြမ်းတမ်း လှပါ သည် လူနေ မြို့ရွာလည်းမရှိပါ။"

"ချစ်သားအာနန္ဒာ....ငါတို့ ပရိသတ်တွင် သီဝလိ ပါပါ၏ လော"

"ပါ ပါသည်ဘုရား"

"သီဝလိပါခဲ့သော် လက်ဝဲခရီးဖြင့်သာ ငါတို့ သွားကြမည်"

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်သည် လက်ဝဲဖက် ခရီးကြမ်း ဖြင့် ဆက်လက်ကြွလှမ်းတော်မူလေသည်။ ယင်းသို့ကြွလှမ်း ခဲ့၍ ခရီး အတန်ငယ် ထောက်လာသောအခါ တောအုပ်ကြီးအလယ် ၌ ကြီးကျယ်စည်ကားသော ရွာကြီးတရွာနှင့်တကွ ရဟန်းငါးရာ တို့ တည်းခိုလောက်သည့် ကျောင်းကန် စရပ်များကိုငါ တခမ်း တနား တွေ့ရသောကြောင့် ရဟန်းများ အံ့အား သင့်သွားကြ လေ၏။ လူခြေ ပြတ်လှသည်ဆိုသော ခရီးကြမ်း၌ ကျောင်းကန် စရပ်များ အဆင်သင့် ရှိနေခြင်းမှာ ဗုဒ္ဓ၏ ဘုန်းဘန်ခိုးတော် ကြောင့် ဖြစ်လေသလောဟူ၍ အချို့က တွေးဘောကြ၏။

ဗုဒ္ဓနှင့် ရဟန်းငါးရာတို့ ထိုကျောင်းများ၌ တည်းခိုနားနေ ကြစဉ်—

ရွာတွင်းမှ များစွာသော ဒကာ ဒကာမတို့သည် ထောပတ်၊ ပျားရည်၊ တင်လဲ၊ အဖျော် ယမကာ စသော လျှာဘွယ် ဝတ္ထု အမျိုးမျိုးဖြင့် ကျောင်းသို့ ရောက်ရှိ လာကြ၏။ ကျောင်း သို့

ရောက်သည်နှင့် တပြိုင်နက်ပင် "ရှင်သီဝလိ ဘယ်မှာသီတင်းသုံး ပါသနည်း၊ ရှင်သီဝလိ ဘယ်မှာ သီတင်းသုံးပါသနည်း" ဟူ၍ မေးမြန်းကာ ရှင်သီဝလိရှိရာသို့ အလုအယက် စုဝေးချဉ်းကပ်၍ လှူဘွယ်များကို လှူဒါန်းကြလေသည်။

ရှင်သီဝလိသည် ထိုလှူဘွယ်ဝတ္ထုတို့ကို ဗုဒ္ဓနှင့် ရဟန်းငါးရာတို့အားဖြန့်ဝေလှူဒါန်းစေ၏။ နံနက်လင်းသော အခါ၌လည်း ဆွမ်းဘောဇဉ်များ အဆင်သင့်ပင် ဖြစ်ပေါ်လာလေ၏။ အမှန်စင်စစ် ကျောင်းကန်စရပ်များနှင့်တကွ ထိုလှူဘွယ်ဝတ္ထုများသည် ရှင်သီဝလိ၏ ဘုန်းကံကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်၏။ ဘဝဟောင်းမှ အလှူပြုဘက်ဖြစ်သည့် နတ်များက တောလမ်းခရီးမှ ကြိုဆို၍ လိုအပ်သလို လှူဒါန်း ပူဇော်ကြခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ရဟန်းများလည်း သိရှိ သဘောပေါက်သွားသောကြောင့် ထိုအချိန်မှစ၍ ရှင်သီဝလိ၏ ဂုဏ်သတင်းမှာ အထူးပင် ထင်ရှား ကျော်ကြား သွားလေ တော့သည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရေဝတ သာမဏေကလေး သီတင်းသုံးရာ ရွာတောသို့ ယူဇနာသုံးဆယ် ဝေးသော တောလမ်းခရီးဖြင့် ကြွသွားရာတွင် ရဟန်းများ ခရီးမပန်းစေရန်အတွက် တနေ့လျှင် တယူဇနာမျှသာ ကြွသွား၍ ညအချိန်၌ ခရီး ရပ်နားတော်မူ၏။ ယင်းသို့ ခရီးရပ်နားသည့် အခါတိုင်းလည်း ရှင်သီဝလိ၏ ပါရမီဖြည့်ဖက် ဖြစ်သော နတ်တို့က လိုလေသေး မရှိအောင် လှူဒါန်းပူဇော်ကြလေသည်။

ဤနည်းအားဖြင့် ဗုဒ္ဓသည် တလမျှ ကြာသောအခါ ရေဝတ သာမဏေကလေး နေထိုင်ရာ ရွာတောသို့ ဆိုက်ရောက်တော်

မူလေ၏။ ထိုအချိန်တွင် ရေဝတ သာမဏေကလေးမှာ တရား အားထုတ်မှုကိစ္စပြီးမြောက်၍ ဈာန်အဘိညာဉ်တန်းခိုးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ပင် ရောက်ရှိနေပြီဖြစ်၏။ ထို့ကြောင့် ရေဝတသည် နောင်တော်ကြီး ရှင်သာရိပုတ္တရာ အပါအဝင် ဗုဒ္ဓနှင့် ရဟန်းငါးရာတို့ ကြွရောက်လာမည်ကို ကြိုတင် သိရှိသဖြင့် ယင်းတို့ တည်းခိုနေထိုင်ရန်အတွက် ကျောင်းကန် အဆောက်အဦများကို မိမိ၏ တန်းခိုးအာနုဘော်ဖြင့် အလုံအလောက် စီမံ ဖန်တီးထားလေသည်။ ဗုဒ္ဓရှင်တော်မြတ်အား ဝမ်းပန်းဘာသာကြိုဆို၍အားပါးတရ ပူဇော်ကန်တော့လေသည်။

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကား ညီငယ်၏အခြေအနေကို တွေ့မြင်ရလျှင် အလွန်ပင် ကျေနပ် ဝမ်း မြောက် လျက် ရှိတော့သည်။ ဗုဒ္ဓသည် တောကြီးမြက်မဲ အတွင်း၌ တပါးတည်း နေသော ရေဝတကလေးအား အားပေး ချီးမြှောက်သည့်အနေဖြင့် ထိုအရပ်၌ တလကြာမျှ သီတင်းသုံးတော်မူသည်။ ယင်းသို့ သီတင်းသုံးနေစဉ်အတွင်း ရှင်သီဝလိ၏ ဘုန်းကံကိုမှီ၍ နတ်တို့ ဆက်ကပ်လှူဒါန်းသည့် ဆွမ်းဘောဇဉ်ကိုသာ နေ့စဉ်ဘုဉ်းပေး သုံးဆောင်တော်မူရလေသည်။

ထိုအခါ ငါးရာသော ရဟန်းတို့တွင် ပုထုဇဉ်ဖြစ်သော ရဟန်းအချို့၌ သံသယ မကင်းသောစိတ်များဖြစ်ပေါ်လာ၏။

"ငါ့ရှင်တို့.... တောကျောင်း၌ တပါးတည်း တရားအား ထုတ်နေသည် ဆိုသော ရေဝတ သာမဏေကလေး၏ နေရာ၌ ကျောင်းကန် အဆောက်အဦများ ကြီးကျယ်ခမ်းနား လှဘိ၏။ ဤသာမဏေကလေးသည် တရားအလုပ်ကိုဂရုမစိုက်ဘဲ ကျောင်း သစ် ကန်သစ် ဖြစ်ပေါ်ရေးကိုသာ လုံးပမ်းနေယောင်တကား"

ပုထုဇဉ် ရဟန်းများ စုဝေးမိသည့်အခါ ဤသို့ တီးတိုး စကား ပြောဆိုကြ၏။ "ဗုဒ္ဓသည် ရှင်သာရိပုတ္တရာ၏ မျက်နှာကြောင့် ရေဝတထံသို့ တကူးတက ကြွလာခြင်းပေလော" ဟူ၍ လည်းအချို့က ဝေဖန်စောကြောကြ၏။ ဗုဒ္ဓကား ထိုရဟန်းတို့၏ ဝေဖန် ပြောဆိုချက်များကို ကြားသိတော်မူငြား သော်လည်း "အချိန်တန်မှသာ အကြောင်းမှန်ကို ထင်ရှား စေတော့အံ့" ဟုကြံ၍ တိတ်တဆိတ်ပင် နေတော်မူသည်။

တလခန့် ကြာသောအခါ ဗုဒ္ဓနှင့် ရဟန်း ငါးရာ တို့သည် ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွချီရန်အတွက် ရှားတောမှ စတင် ထွက်ခွါတော်မူကြသည်။ ရေဝတသာမဏေကလေးသည် တောအုပ်ဝထိ လိုက်လံပို့ဆောင်ပြီး တပါးတည်း ကျန်ရစ်ခဲ့၏။

ထိုစဉ်က တောထွက် ရဟန်းကြီးနှစ်ပါးတို့သည် မိမိတို့၏ ခရားနှင့် ဘိနပ်များ မေ့ကျန် နေခဲ့သောကြောင့် တောအုပ် အတွင်းသို့အပြေးအလွှား ပြန်ခဲ့ကြလေ၏။ ထိုအခါ လွန်ခဲ့သော အချိန်ပိုင်း ကာလ အတွင်းကပင် ရဟန်းငါးရာ နေထိုင်ခဲ့သည့် ကျောင်းကန် အဆောက်အဦကြီးများမှာ အရိပ် အယောင်မျှပင် မရှိတော့ချေ။ ယင်းတို့၏နေရာတွင် ရှားပင်၊ရှားငုတ်၊ ဆူးခြုံပုတ်များသာ ပြည့်လျက် ရှိနေတော့သည်။ ရဟန်းကြီးများ မေ့ကျန်ခဲ့သည့် ရေဗူးနှင့်ဘိနပ်များမှာမူ ရှားပင်တပင်၌ ချိတ်ဆွဲလျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

ဤသို့ ထူးဆန်းသောအခြင်းအရာကို မျက်မှောက်ထင်ထင် မြင်တွေ့ရမှ ထိုရဟန်းကြီးများသည် အဖြစ်မှန်ကိုရိပ်မိ၍ ရေဝတသာမဏေကလေး၏ တန်းခိုး စွမ်းရည်ကို သိမြင်သွားကြလေသည်။ ယင်းသတင်းမှာလည်း ထိုရဟန်းကြီးနှစ်ပါးမှ တဆင့်

သံဃလောဟအတွင်းသို့ တောမီးပမာ လျှင်မြန်စွာ ပျံ့နှံ့သွား လေတော့သည်။

ဗုဒ္ဓသည် ရွာတောမှ အပြန်ခရီးတွင်လည်း တောစောင့် နတ် တောင်စောင့်နတ်တို့၏ ပူဇော်မှုကို ခံယူလျက် တနေ့လျှင် တယူဇနာနှုန်းဖြင့်သာ ကြွချီတော်မူ၏။ ထို့ကြောင့် တလခန့် ကြာမှ သာဝတ္ထိပြည်သို့ ပြန်လည် ဆိုက်ရောက်တော်မူ၏။

ကျောင်းအမကြီး ဝိသာခါသည် ဗုဒ္ဓရှင်တော်မြတ် ပြန်လည် ဆိုက်ရောက်လာကြောင်း ကြားသိလျှင် မိမိနေအိမ်သို့ရှေးဦးစွာ ဆွမ်းခံ ကြွလာသည့် ရဟန်းများထံမှ ရေဝတ သာမဏေ ကလေး၏အကြောင်းကို မေးမြန်းလျှောက်ထားလေ၏။ထိုအခါ ရဟန်းတို့က ရေဝတ သီတင်းသုံးရာ ရွာတောမှာ ကြီးကျယ် ခမ်းနားသော ကျောင်းကန် အဆောက်အဦများဖြင့် လွန်စွာ သာယာလှပပုံကို ချီးကျူးပြောဆိုကြ၏။

ထို့နောက် ရေဗူးနှင့်ဘိနပ်မေ့ကျန်ခဲ့၍ တခေါက်ပြန်ခဲ့ရ သော ရဟန်းကြီးနှစ်ပါးလည်း ဆွမ်းခံရောက်လာပြန်၏။ ထို ရဟန်းကြီးများအား ဝိသာခါက မေးလျှောက်သောအခါတွင် မူ ရေဝတ၏နေရာမှာ ရွာတောအတိသာဖြစ်၍ အလွန်ပင် တိတ်ဆိတ် ခြောက်သွေ့လှကြောင်း ပြောကြားကြသည်။

ဤသို့ နှစ်မျိုးနှစ်ထွေ ပြောဆိုကြသည်ကို ကြားရလျှင် သောတာပန် အရိယာဖြစ်သော ဝိသာခါသည် အကြောင်း မှန်ကို မိမိဉာဏ်ဖြင့် မှန်းဆသိရှိ၏။ သို့သော်ငြားလည်း ဗုဒ္ဓရှင် တော်မြတ်နှင့် တွေ့ဆုံသည့်အခါ၌လည်း စကားဆက်ပေ်သဖြင့် ထိုအကြောင်းကို ထပ်မံ မေးလျှောက်ပြန်သည်။

"အရှင်ဘုရား....ရေဝတ သာမဏေကလေးသည် လူနေမြို့ရွာတို့မှ အလှန်ဝေးကွာသည့် ရှားတောသို့ တပါးတည်း သီတင်းသုံးနေသည်ဟု ကြားသိရပါသည်။ သူ့နေရာသည် မွေ့လျော်ဘွယ် ရှိပါ၏လော"

"ချစ်သမီးဝိသာခါ....တော၊ မြို့စသော နေရာဌာန၏ ခြားနားမှုသည် ကိလေသာ မကင်းသေးသော ပုထုဇဉ်တို့အတွက်သာ အကြောင်းထူး၏။ ကိလေသာ ကင်းစင်ပြီးသော ရဟန္တာတို့မှာမူ မည်သည့်နေရာ၌ပင် နေစေကာမူ မွေ့လျော်ဘွယ်အတိသာ ဖြစ်ပေသည်"

ဗုဒ္ဓသည် ဝိသာခါ၏အမေးကို တိုက်ရိုက်ဖြေကြားခြင်းမပြုဘဲ ရေဝတသာမဏေကလေး၏ ဂုဏ်ပုဒ်များကိုသာ သွယ်ဝိုက်၍ မိန့်ကြားတော်မူ၏။

အသက် ခုနစ်နှစ် အရွယ်မျှဖြင့် တောထဲ၌ တပါးတည်းနေ ခံ့ခြင်း။

ကိလေသာကင်းစင်သော ရဟန္တာအဖြစ်သို့ ဆောလျင်စွာ ရောက်ခဲ့ခြင်း၊ အံ့မခန်းသောအဘိညာဉ်တန်းခိုးနှင့် ပြည့်စုံခြင်းတို့ကြောင့် ကျောင်းအမကြီး ဝိသာခါနှင့် တကွ ရဟန်းရှင်လူအားလုံးတို့သည် ရေဝတသာမဏေကလေးအား အံ့ဩကြည်ညို၍ မဆုံးအောင် ရှိကြလေသည်။

အရဟန္တ ဝဂ်နှင့် ဗြာဟ္မဏဝဂ်တို့မှ ရေဝတ ထေရဝတ္ထုနှစ်ခုကို ပေါင်းစပ်ရေးသားပါသည်။



# တလုပ်ကျွေးဘူး သူ့ကျေးဇူး

## ဆွမ်းတစ္ဆန်းလောင်းခဲ့သူ

သာဝတ္ထိပြည်၌ ရာဓအမည်ရှိသော သူဆင်းရဲ ပုဏ္ဏားကြီး တယောက်ရှိ၏။ ထိုပုဏ္ဏားကြီးသည် ဇနီးသည် ပုဏ္ဏေးမကြီး ကွယ်လွန်သောအခါ မှီခိုအားထားစရာ သားသမီး မရှိသော ကြောင့် ဇေတဝန်ကျောင်းတော်သို့ သွား၍ ရဟန်းများကို မှီခိုကပ်ယပ်ကာ နေလေသည်။

ယင်းသို့နေစဉ် ရာဓသည် ကျောင်းပရိဝုဏ်အတွင်း၌ တံမြက် လှည်းခြင်း၊ မြက်သစ်ပင်တို့ကို ရှင်းလင်းခြင်း စသည့် ဝေယျာ ဝစ္စ အမှုတို့ကို ပြုလုပ် ဆောင်ရွက်၏။ ရဟန်းများ အတွက် သောက်ရေ သုံးရေများကိုလည်း ခပ်ပေး၏။ သို့အတွက် ရဟန်း များကလည်း မိမိတို့၏ ဆွမ်းကျန် ဟင်းကျန်များကို ကြည်ဖြူ စွာ ပေးကမ်းကြလေသည်။

ဤသို့ ရဟန်းတို့၏ ဆွမ်းကျန်ဟင်းကျန်များကို ဝဝလင်လင် စားသောက် နေရသော်လည်း ပုဏ္ဏားကြီး ရာဓသည် ကျေနပ် ပျော်ရွှင်ခြင်း မရှိလှချေ။ အဘယ့်ကြောင့် ဆိုသော် သူသည် ရဟန်း ဝတ်ချင်ပါလျက် ဝတ်ခွင့်မရသောကြောင့် ဖြစ်ပေ သည်။ အမှန်စင်စစ် သူသည် မိမိနှင့် ခင်မင်ရင်းနှီးသော ရဟန်း များထံ၌ ရဟန်းဝတ်လိုကြောင်း အကြိမ်ကြိမ် ဖွင့်ဟ လျှောက် တင်ခဲ့၏။ သို့ရာတွင် မည်သည့်ရဟန်းကမျှ သူ့အား ရဟန်းဝတ် ပေးရန် လိုလားသည့်အမူအရာကို မပြခဲ့ကြချေ။ ဤသို့ မိမိ၏ လိုအင်ဆန္ဒ မပြည့်ဝဘဲ ဖြစ်နေသောကြောင့် ဆွမ်းကျန် ဟင်း ကျန်များကို ဝဝလင်လင် စားနေရလင့်ကစား သူ၏ ကိုယ်ခန္ဓာ မှာ ဝဝဖြိုးဖြိုးဖြစ်မလာဘဲ တနေ့တခြား ပိန်ချုံး၍သာ နေ လေသည်။

တနေ့သ၌ ဗုဒ္ဓရှင်တော်မြတ်သည် ဇေတဝန် ကျောင်းတိုက် အတွင်း၌ လှည့်လည် ကြည့်ရှုစဉ် ရာဓ ပုဏ္ဏားကြီးကို တွေ့မြင် တော်မူလေသည်။ ထိုအခါ ဗုဒ္ဓကပင် စတင်၍ နှုတ်ဆက်စကား မြွက်ကြားတော်မူသည်။

“ပုဏ္ဏားကြီး.... သင်သည် မည်သို့သော အမှုများကို ပြုလုပ် သနည်း”

“တပည့်တော်သည် ရဟန်းတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြု လုပ်ဆောင်ရွက်ပါသည် ဘုရား”

“ရဟန်းတို့ထံမှ ထိုက်တန်သော ထောက်ပန့်ချီးမြှင့်မှုကို ရပါ၏လော”

"စားဘွယ် သောက်ဘွယ်ဖြင့် ချီးမြှင့်ခြင်းကိုမူ ရပါ၏။ သို့သော်လည်း တပည့်တော်အား ရဟန်းပြုပေးရန်ကိုမူ မည်သည့်ရဟန်းကမျှ မလိုလားကြပါဘုရား"

ဤသို့ လျှောက်ထားသောအခါ ဗုဒ္ဓသည် ရာဓပုဏ္ဏားကြီးကို နောက်တော်မှ တပါတည်း ခေါ်ဆောင်သွားပြီး ဂန္ဓကုဋိတိုက်သို့ ကြွတော်မူ၏။ ထို့နောက် ရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ.... ဇေတဝန် ကျောင်းတိုက် အတွင်းရှိ ရဟန်းများကို အမြန်ဆုံး စည်းဝေးကြစေလော့" ဟု မိန့်ကြားတော် မူလေသည်။

ရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ လှည့်လည်၍ ရဟန်းများကို ဖိတ်ခေါ်၏။ သို့ဖြင့် မကြာမီ အချိန်အတွင်း အစည်းအဝေးခန်းမဆောင်၌ ဗုဒ္ဓနှင့်တကွ ရဟန်းများ အစုံအညီ စုဝေးရောက်ရှိကြလေသည်။ ယင်းသို့ ရောက်ရှိလေသော် ဗုဒ္ဓသည် ရဟန်းတို့အား ရာဓပုဏ္ဏားကြီး၏ အကြောင်းကို ဖွင့်ဟ မိန့်ကြားတော်မူ၏။

"ချစ်သားတို့ ဤရဟန်းပရိသတ်အတွင်း၌ ဤရာဓပုဏ္ဏားကြီး၏ကျေးဇူးကို သတိရသူ တစုံတယောက် ရှိပါသလော"

ထိုအခါ ပရိသတ်အတွင်းမှ ရှင်သာရိပုတ္တရာက ထ၍ ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား....ဤ ရာဓပုဏ္ဏားကြီးသည် တခါက တပည့်တော်အား ဆွမ်းတဇွန်းမျှ လောင်း လှူခဲ့ဘူးပါသည်"

"ချစ်သား သာရိပုတ္တရာ....သို့ဖြစ်လျှင် သင်သည် ဤကဲ့သို့သော ကျေးဇူးရှင်အား ဆင်းရဲဒုက္ခမှ လွတ်ကင်းအောင် ကယ်တင်သင့်သည် မဟုတ်ပါလော"

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားလျှင် ရှင်သာရိပုတ္တရာသည် ရာဝဟုဏ္ဏားအား ရဟန်းပြုပေးရန် တာဝန်ကို ရဲဝန့်စွာ ယူလိုက်၏။ ထို့နောက် ချက်ခြင်းပင် ရဟန်းပြုပေးလိုက်ရာ ရာဝဟုဏ္ဏားကြီး လိုအင်ဆန္ဒ ပြည့်ဝသွားတော့သည်။

ရဟန်းအဖြစ်သို့ ရောက်ရှိလာသော ပုဏ္ဏားကြီး ရာဓသည် အသက်အရွယ်ပင် ကြီးလင့်ကစား ဝါစဉ်အားဖြင့် ငယ်နေသောကြောင့် ဆွမ်းခံကြသည့်အခါ သံဃပရိသတ်၏ နောက်ဆုံးမှ လိုက်ပါရ၏။ ဆွမ်းလောင်းသည့် လူများသည် ရှေ့ပိုင်းမှ မထေရ်ကြီးများကိုသာ ဂရုစိုက်၍ လောင်းကြသဖြင့် နောက်ပိုင်းမှ ရဟန်းများ ဆွမ်းအရနည်းကြသည်။ သို့ဖြစ်၍ ရဟန်းအိုကြီး ရှင်ရာဓမှာ ဆွမ်းရေးကွမ်းရေး မပြေတဲ့ ပင်ပန်းဆင်းရဲလျက် ရှိလေသည်။

ဤအခြေအနေကို သိမြင်သော ရှင်သာရိပုတ္တရာသည် ဆွမ်းခံကြသည့်အခါ ရှင်ရာဓကို မိမိနှင့်တပါတည်း ခေါ်ဆောင်သွား၏။ ယင်းသို့ ခေါ်ဆောင်သွားခြင်းဖြင့် ဆွမ်းကွမ်း အခက်အခဲကို ပြေလည်စေရုံသာမက ရဟန်းတို့၏ ကျင့်ဝတ် ဘိက္ခာများကိုလည်း နီးနီးကပ်ကပ် သွန်သင်ဆုံးမရန် အခွင့်အလမ်း ရရှိသွားလေသည်။

ရဟန်းကြီး ရာဓသည် ရှင်သာရိပုတ္တရာ၏ ဆုံးမဩဝါဒကို မြေဝယ်မကျ လိုက်နာ၏။ ရဟန်းတို့၏ နေထိုင်သွားလာပုံမှစ၍ တရားဘာဝနာ ပွားများအားထုတ်ပုံ နည်းများကိုပါ ရှင်သာရိပုတ္တရာ ညွှန်ပြသည့်အတိုင်း တသွေမတိမ်း ကျင့်ကြံအားထုတ်၏။ ထို့ကြောင့် ရှင်ရာဓသည် ရက်များ မကြာမီ အတွင်း၌ပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

တနေ့သ၌ ဗုဒ္ဓ ရှင်တော်မြတ်သည် ရှင်သာရိပုတ္တရာအား ဤသို့ စကားစ၍ မေးမြန်းတော်မူသည်။

"ချစ်သား သာရိပုတ္တရာ....သင့်တပည့် ရဟန်းကြီးသည် ဆိုဆုံးမ လွယ်ပါ၏လော"

"မှန်ပါ အလွန်ပင် ဆိုဆုံးမ လွယ်ပါသည်ဘုရား၊ မည်သို့ပင် ဆိုဆုံးမစေကာမူ အမျက်ဒေါသ ထွက်ခြင်း အနည်းငယ်မျှ မရှိပါဘုရား"

"ချစ်သား သာရိပုတ္တရာ....ဤကဲ့သို့ ဆိုဆုံးမ လွယ်သော တပည့်များကို ရမည်ဆိုလျှင် သင်သည် မည်မျှလောက်သော တပည့်တို့ကို ထိန်းသိမ်း စောင့်ရှောက်နိုင်မည်နည်း"

"ရာပေါင်းများစွာသော တပည့်တို့ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ပါသည်ဘုရား"

"ချစ်သား သာရိပုတ္တရာ....ကောင်းပေစွ ကောင်းပေစွ"

ဤသို့ဖြင့် ရှင်သာရိပုတ္တရာသည် ရှင်ရာဓကိုအကြောင်းပြု၍ ဗုဒ္ဓ၏ ချီးကျူးခြင်းကို ခံရလေသည်။ ဤသတင်းသည် ရဟန်း သံဃာလောက အတွင်း၌လည်း များစွာ ပျံ့နှံ့သွားလေ၏။ တခုသော ဓမ္မသဘင် အစည်းအဝေး၌ ရဟန်းများသည် ဤအကြောင်းကို ပြောဆို ဆွေးနွေးနေကြလေသည်။

"ငါ့ရှင်တို့ .... ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဆွမ်း တဇယောက်မ လောင်းဘူးသော ပုဏ္ဏားအိုကြီးကိုပင် ရဟန်းပြု ပေးတော်မူ၏။ သူတပါးကျေးဇူးကို သိတတ်ပေစွ၊ ဖေါ်ထုတ် ပေစွ"

ထိုရဟန်းတို့၏စကားကို ဗုဒ္ဓကြားသိတော်မူသဖြင့် "ချစ် သားတို့....သာရိပုတ္တရာသည် ယခုမှသာမဟုတ် ရှေးအခါ၌

လည်း သူတပါးကျေးဇူးကို သိတတ်ခဲ့ပေ၏”ဟု မိန့်ကြား၍ အတိတ်ကို ဆောင်တော်မူလေသည်။

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ဗာရာဏသီပြည်မှ အနည်းငယ်ဝေးသော မြစ်ညာအရပ်၌ လက်သမားတစုတို့သည် အိမ်ဆောက်ရန် သစ်များကို ခုတ်၍ ရောင်းချအသက်မွေးနေကြ၏။ ထိုအခါ ဆင်ကြီးတကောင်သည် ခြေထောက်၌ ရှားငုတ်စူး သဖြင့် ကောင်းစွာ မသွားနိုင်သောကြောင့် လက်သမားတို့အနီးသို့လာ၍ ဝပ်နေလေသည်။

လက်သမားများသည် ဆင်ကြီးအား သနားကြင်နာစွာဖြင့် အနာကို ဆေးလိမ်းကုသပေးကြရာ ရက်ပိုင်းအတွင်း၌ပင် လုံးဝ ပျောက်ကင်းသွားလေသည်။ ထိုအခါ ဆင်ကြီးသည် ကျေးဇူး တုံ့ပြန်သည့်အနေဖြင့် လက်သမားတို့ သစ်ခုတ်ရာ၌ သစ်တုံး များကို မ,ပေးခြင်း သယ်ပေးခြင်း စသည့် အမှုများကို ဆောင် ရွက်ပေးလေသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကြာလေသော် တနေ့သ၌ ဆင်လိမ်မာကြီး ရုတ်တရက် ပျောက်ကွယ်သွားသဖြင့် လက် သမားများ စိတ်မကောင်းဖြစ်နေကြ၏။ သို့ရာတွင် သုံးရက်ခန့် ကြာလျှင် ဖြူဖွေးလှပသော ဆင်ပေါက်ကလေးတစီးနှင့် အတူ ဆင်လိမ်မာကြီး ပြန်ရောက်လာလေသည်။ အမှန်စင်စစ် ဆင် ကြီးသည် သူကိုယ်တိုင်မှာ အိုမင်းလှပြီဖြစ်၍ လက်သမားတို့၏ အလုပ်ကို အားစိုက်ခွန်စိုက် မလုပ်နိုင်တော့သောကြောင့် သူ့ သားငယ်ကို သွားရောက် ခေါ်ငင်ခဲ့ခြင်းဖြစ်၏။

ဤသို့ ဆင်ပေါက်ကလေးကို ခေါ်လာပြီးနောက် သုံးရက် မြောက်သောနေ့၌ကား ဆင်ကြီးသည် တောထဲသို့ ဝင်ရောက်

ပျောက်ကွယ်သွားရာ နောက်တဖန် ပြန်၍ ပေါ်မလာတော့ချေ။ လက်သမားများလည်း ဆင်ကြီး၏စေတနာကို ကောင်းစွာ နားလည် သဘောပေါက်ကြပြီး ဆင်ပေါက်ကလေးအား အထူးဂရုစိုက်၍ ကျွေးမွေးစောင့်ရှောက်ထားကြသည်။ ဆင်ပေါက်ကလေးကလည်း သူ့ဘခင်ကဲ့သို့ပင် သစ်ကိုးများမ,ပေးခြင်း သယ်ပေးခြင်း စသည့်အမှုများကို နေ့စဉ်မပျက် ဆောင်ရွက်ပေးလေသည်။ အားလပ်သည့်အချိန်များတွင်မူ လက်သမားတို့၏ သားငယ် သမီးငယ်များသည် ဆင်ပေါက်ကလေးနှင့် တပျော်တပါး ကစားလေ့ရှိကြသည်။

ထိုဆင်ပေါက်ကလေးကား သာမန်ဆင်မဟုတ်ဘဲ ထူးခြားသော အာဇာနည် ဆင်ဖြူငယ်လေးဖြစ်၏။ အာဇာနည်မျိုးဖြစ်သော ဆင်မြင်းစသည်တို့သည် ရေထဲ၌ ကျင်ကြီး ကျင်ငယ် စွန့်လေ့မရှိကြ။ ထို့ကြောင့် ဆင်ပေါက်ကလေးသည် ဂင်္ဂါမြစ်သို့ ဆင်း၍ ရေချိုးခြင်း ရေသောက်ခြင်း ပြုသော်လည်း ကျင်ကြီး ကျင်ငယ်တို့ကိုမူ ရေထဲ၌ တခါတရံမျှမစွန့်ချေ။

သို့ဖြစ်သော်လည်း မိုးကြီး သည်းစွာရွာသော နေ့တနေ့တွင် ကုန်းပေါ်၌ စွန့်ထားသည့် ဆင်ပေါက်ကလေး၏ ချေးများသည် မိုးရေဖြင့် မျောပါ၍ ဂင်္ဂါမြစ်ထဲသို့ ရောက်သွားလေ၏။ ထိုဆင်ချေးများသည် မြစ်ရေအယဉ်ဖြင့် အစဉ်အတိုင်း မျောပါသွားရာ ဗာရာဏသီမြို့တော် မြစ်ဆိပ်အနီး ခြုံတခုတွင် ကပ်ငြိနေလေသည်။

ထိုမြစ်ဆိပ်၌ ဗြဟ္မဒတ်မင်းကြီး၏ ဆင်တို့ကို နေ့စဉ်ရေချိုးလေ့ရှိရာ ထိုနေ့တွင်ကား ဆင်များသည် တစီးမျှရေသို့မဆင်း ဝံ့ဘဲ အမြီးထောင်၍ ပြေးကြလေသည်။ ဤထူးဆန်းသော

အခြင်းအရာကိုမြင်လျှင် ဆင်ထိန်းတို့သည် အနီးပတ်ဝန်းကျင်၌ ဘေးအန္တရာယ် တခုခုရှိမည်ထင်၍ ရှာဖွေစူးစမ်းကြရာ ခြုံတခုတွင် ငြိတွယ်နေသော အာဇာနည် ဆင်ချေးများကို မြင်တွေ့ကြလေသည်။ ထိုအခါ ဆင်ထိန်းတို့သည် အာဇာနည်ဆင်ချေးနံ့ရသဖြင့် ကြောက်ရွံ့ပြီး ဘုရင့်ဆင်များ ထွက်ပြေးကြခြင်းဖြစ်ကြောင်း သဘောပေါက်သွားကြသည်။

ဆင်အကြောင်းကို နှောကျေအောင် ကျွမ်းကျင်တတ်မြောက်ပြီးသော ဆင်ထိန်းတို့သည် အာဇာနည်ဆင်ချေးကို အရေဖျော်၍ ဘုရင့်ဆင်များ၏ ကိုယ်ပေါ်၌ ပက်ဖျန်းကြသည်။ ထိုဆင်ချေးရေကား အလွန်မွှေးကြိုင်ပြီး ထိုအခါမှ ဘုရင့်ဆင်များလည်း အကြောက်ပြေကာ မြစ်ထဲသို့ ဆင်းဝံ့ကြတော့သည်။

ဆင်ထိန်းတို့၏ လျှောက်တင်ချက်အရ မြစ်ညာဘနေရာ၌ အာဇာနည် ဆင်ဖြူတစီးရှိကြောင်း ဗြဟ္မဒတ်မင်းကြီး သိရှိသွားလေသည်။ ဆင်ဖြူတော်ရှိလျှင် တိုင်းပြည်ပို၍ စည်ပင်ဝပြောပြီး ဘုရင်လည်း ဘုန်းတန်းခိုးတိုးတက်သည်ဟု အဆိုရှိရကား ဗြဟ္မဒတ်မင်းကြီးသည် မှူးမတ်ဗိုလ်ပါပေါင်း မြောက်မြားစွာတို့နှင့် အတူ ရေလမ်းခရီးဖြင့် ဆင်ဖြူတော်အရှာထွက်လေ၏။

မိမိတို့ နေထိုင်ရာစခန်းသို့ မင်းကြီးဆိုက်ရောက်လာကြောင်း ကြားသိကြလေသော် လက်သမားများသည် ဝမ်းမြောက် ဝမ်းသာ ကြိုဆိုကြ၏။

"အရှင်မင်းကြီး.... အဘယ်အတွက် ဤ တောလမ်းခရီးသို့ ကိုယ်တော်တိုင် ကြွချီလာတော်မူလာပါသနည်း"

လက်သမားတို့၏ အကြီးအကဲဖြစ်သူက ဤသို့ လျှောက်တင်လျှင် မင်းကြီးသည် ဆင်ဖြူတော်ကို အလိုရှိ၍ ထွက်လာခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ လက်သမားများသည် မိမိတို့၏ ဆင်ပေါက်ကလေးကို မင်းကြီးအား ပြသကြသည်။ မင်းကြီးသည် ဆင်ထိန်းတို့အား ထိုဆင်ကလေးကို သေချာစွာ ကြည့်ရှု စစ်ဆေးစေပြီး ဆင်အာဇာနည် အစစ်ဖြစ်ကြောင်း သိရှိလျှင် လက်သမားတို့ထံမှ တောင်းယူ၏။ လက်သမားတို့ကလည်း ကြည်ကြည်ဖြူဖြူ ဖြင့်ပင် မင်းကြီးအား ဆက်သလိုက်ကြသည်။

သို့ရာတွင် ဆင်ကလေးအား မြစ်ဆိပ်သို့ ဆောင်ယူရန်အတွက် ဆင်ထိန်းတို့က မောင်းနှင်သည့်အခါ ဆင်ကလေးသည် အသာတကြည်ဖြင့် မလိုက်ပါဘဲ ငြင်းဆန်နေလေသည်။ "အဘယ်ကြောင့် ဤသို့ငြင်းဆန်နေသနည်း"ဟု မင်းကြီးက မေးလျှင် မိမိ၏ကျေးဇူးရှင်များအား ကျေးဇူးဆပ်စေလိုခြင်းကြောင့် ဖြစ်ကြောင်း လက်သမားတို့က လျှောက်တင်ကြသည်။

သို့အတွက် မင်းကြီးသည် များစွာသော ရွှေငွေပစ္စည်းများကို ဆင်ကလေးအားပြသ၍ လက်သမားတို့အား ပေးစေ၏။ ထိုအခါတွင်မှ ဆင်ကလေးသည် ဆင်ထိန်းတို့ ခေါ်ဆောင်ရာသို့ အသာတကြည် လိုက်ပါသွားလေသည်။ နေပြည်တော်သို့ ရောက်လျှင် မင်းကြီးသည် ဆင်ကလေးအား ကြီးကျယ် ခမ်းနားသော အဆောင်အယောင်များဖြင့် မြှောက်စားချီးမြှင့်၍ မင်္ဂလာဆင်တော်အရာ၌ ထားလေသည်။ ထိုမင်္ဂလာဆင်တော် ဆိုက်ရောက်သည့် အချိန်မှစ၍ ဗြဟ္မဒတ်မင်းကြီးသည် တနေ့တခြား ဘုန်းတန်းခိုး တိုးတက်လာခဲ့၏။ ဇမ္ဗူဒိပ် တကျွန်းလုံးတွင် ဗြဟ္မဒတ်

မင်းကြီးအား အန်တုဝံ့သူ မရှိဘဲ ပြည့်ရှင်မင်း အားလုံးတို့ကပင် ဗာရာဏသီပြည်ကို ဦးညွတ်ကြရလေသည်။

ဤသို့ဖြင့် ထီးဆောင်းမင်းအပေါင်းတို့၏ ဦးညွတ်မှုကို ခံယူရရှိနေသော ဗြဟ္မဒတ်မင်းကြီးသည် အချိန်ကာလကြာမြင့်သော အခါ နတ်ရွာစံလေ၏။ မင်းကြီးနတ်ရွာစံချိန်တွင် ထီးနန်းဆက်ခံမည့် သားတော်သမီးတော် တပါးမျှ အထင်အရှား မကျန်ရစ်ခဲ့။ သို့ရာတွင် မိဖုယားကြီး၌ ကိုယ်ဝန် အရင့်အမာ ရှိနေပြီး "ခုနစ်ရက်ကြာလျှင် သားယောကျ်ား မွေးဖွားလိမ့်မည် ဟူ၍ ပုဏ္ဏားတော်တို့က ဟောကိန်း ထုတ်ထားကြသည်။ ထို့ကြောင့် ထီးနန်းဆက်ခံရေးကိစ္စကို မိဖုယားကြီး မီးဖွားပြီးမှ ယတိပြတ်ဆုံးဖြတ်ရန် မှူးမတ်တို့က စောင့်ဆိုင်းနေကြသည်။ မင်းကြီးနတ်ရွာစံကြောင်းကို မင်္ဂလာဆင်တော်အား စိတ်ထိခိုက်မည်စိုး၍ အသိမပေးဘဲ ထားကြသည်။

သို့ရာတွင် ယင်းသို့စောင့်ဆိုင်း နေချိန်မှာပင် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံပြီဖြစ်ကြောင်း သတင်းရသဖြင့် အိမ်နီးချင်းနိုင်ငံတခုဖြစ်သော သာဝတ္ထိပြည်မှ ကောသလမင်းကြီးသည် ဗာရာဏသီပြည်ကို သိမ်းပိုက်ရန် ချီတက်လာ၏။ ဗာရာဏသီပြည်အနီးသို့ရောက်လျှင် "တိုင်းပြည်ကို အသာတကြည်ပေးအပ်မည်လော သို့မဟုတ် စစ်ပြိုင်ဆိုင်တိုက်ခိုက်မည်လော" ဟုဗာရာဏသီမှူးမတ်တို့ထံ ရာဇသံတစောင် ပို့လိုက်၏။ ထိုရာဇသံကို ဗာရာဏသီ မှူးမတ်တို့ သိကြလေသော် မြို့တံခါးများကို လုံခြုံအောင် ပိတ်ဆို့ကာကွယ်ထားကြပြီး ကောသလမင်းကြီးထံ သဝဏ်လွှာတစောင် ပြန်ကြား ပေးပို့လိုက်ကြသည်။

"အရှင်မင်းကြီး ကျွန်ုပ်တို့ မိဖုယားကြီးသည် ခုနစ်ရက် အတွင်း မီးဖွားရန် ရှိနေပါသည်။ မိဖုယားကြီးမှ သားတော် မွေးဖွားလျှင် ကျွန်ုပ်တို့တိုင်းပြည်ကို မအပ်နိုင်ပါ။အရှင်မင်းကြီး နှင့် စစ်ပြိုင်တိုက်ရပါလိမ့်မည်။ သို့အတွက် နောက်ထပ် ခုနစ်ရက် မျှ ဆိုင်းငံ့တော်မူပါလော့"

မျိုးမတ်တို့၏ သဝဏ်လွှာအရ ကောသလမင်းကြီးနှင့် စစ် သည်ဗိုလ်ပါတို့သည် မြို့ပြင်၌ စောင့်ဆိုင်းနေကြ၏။ ဗာရာဏသီ မိဖုယားကြီးသည် ခုနစ်ရက်မြောက်သောနေ့၌ သားတော်လေး တပါးကို ချောမောစွာ ဖွားမြင်လေ၏။ တိုင်းတပါးစစ်တပ်တို့ ၏ ဝိုင်းရံထားခြင်းကို ခံနေရသဖြင့် စိတ်အားငယ်နေကြသော ဗာရာဏသီ ပြည်သူအပေါင်းတို့သည် မိမိတို့၏ ထီးနန်းကို ဆက်ခံ အုပ်စိုးမည့် မင်းသားကလေး ဖွားမြင်လာပြီဖြစ်ကြောင်း ကြားသိကြလေသော် ဝမ်းသာကြည်နူး အထူးပင် စိတ်ဓာတ် တက်ကြွလာကြ၏။ ဤသို့ ပြည်သူတို့အား စိတ်အားမလျှော့ဘဲ တက်ကြွရဲရင့်မှုကို ဖြစ်စေသောကြောင့် မင်းသားလေးကို "အလီန စိတ္တ" ဟု အမည်မှည့်ကြလေသည်။

အလီနစိတ္တ မင်းသားလေး ဖွားမြင်ပြီး နောက်တနေ့တွင် ဗာရာဏသီပြည်သူတို့သည် ကောသလမင်းနှင့် စစ်ပြိုင်တိုက်ခိုက် ကြသည်။ တိုင်းတပါး လက်အောက်သို့ မကျရောက်လိုသော စိတ်ဓာတ်ဖြင့် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ကြသော်လည်း အအုပ် အချုပ် ညံ့ဖျင်းမှုကြောင့် ဗာရာဏသီဘက်မှ တဖြည်းဖြည်း စစ်ရေး နိမ့်လာ၏။ မိဖုယားကြီးသည် မိမိတို့ဘက်မှ စစ်ရေး နိမ့်နေသည့် အကြောင်းကို ကြားသိလျှင် သားငယ်ကလေးကို ပွေ့ချီ၍ ဆင်တင်းကုပ်သို့သွားလေ၏။

ဆင်တင်းကုပ်သို့ ရောက်သောအခါ သားငယ်ကို မင်္ဂလာဆင်တော်၏ ရှေ့၌ ချထားကာ ဤသို့ပြောကြားလေသည်။

"အဆွေဆင်မင်း....သင်၏ အဆွေတော်ဖြစ်သော ဗြဟ္မဒတ်မင်းကား ကွယ်လွန်ပြီ။ ဤသူငယ်သည် သင့် အဆွေတော်၏ သားပင်ဖြစ်၏ ဗြဟ္မဒတ်မင်း ကွယ်လွန်ကြောင်း ကြားသိ၍ ကောသလမင်းသည် ဗာရာဏသီ ထီးနန်းကို သိမ်းပိုက်ရန် ယခုဆိုက်ရောက်နေ၏ နှစ်ပြည်ထောင် စစ်ထိုးကြရာတွင်လည်း ကျွန်ုပ်တို့ဘက်မှ စစ်ရေးနိမ့်နေပါသည်။ သို့ဖြစ်၍ သင့်အဆွေတော်၏ ထီးနန်းကို သင်ကိုယ်တိုင်ထွက်၍ ကာကွယ် စောင့်ရှောက်မှ ဖြစ်ပါတော့မည်။"

ဤသို့ မိဖုယားကြီးက ပြောကြားသောအခါ မင်္ဂလာဆင်တော်သည် အလွန် ဝမ်းနည်း ကြေကွဲသော အမူအရာဖြင့် မင်းသားလေးကို နှာမောင်းဖြင့် ပွေ့ချီ၍ ဦးကင်းခေါင်၌ တင်ထားလေ၏။ ထို့နောက် မင်းသားငယ်ကို မိဖုယားကြီးလက်သို့ ပြန်ပေးပြီး ပြင်းစွာသော အရှိန်အဟုန်ဖြင့် ဆင်တင်းကုပ်မှ ထွက်လေသည်။ ထိုအခါ စစ်သူကြီးသည် မင်္ဂလာဆင်တော်ကို စီး၍ မြို့တံခါးမှ ထွက်လေရာ များစွာသော စစ်သည်ရဲမက်အပေါင်းတို့သည် နောက်မှ ခြံရံ၍ လိုက်ကြ၏။

ဆင်တော်သည် ကြိုးကြာသံနှင့်တူသော အသံကိုပြု၍ ကောသလမင်း၏ တပ်တွင်းသို့ ဖေါက်ထွင်း ဝင်ရောက်လေ၏ "မင်္ဂလာဆင်တော်ကြီး ထွက်လာပြီတဲ့" ဟူသော စကားကို ကြားရုံဖြင့်ပင် ချောက်ချား တုန်လှုပ်နေသော ကောသလမင်း၏ စစ်သည်ရဲမက်တို့သည် မကြာမီ အချိန်အတွင်း၌ပင် ဖရိုဖရဲ ပြိုကွဲကာ ကစဉ့်ကလျား ဆုတ်ခွာ ထွက်ပြေးကြလေသည်။ မင်္ဂလာဆင်

တော်ကား ကောသလမင်းကို အရှင်ရအောင် ဖမ်းဆီးခဲ့ပြီး မြို့တွင်းသို့ ယူဆောင်လာလေသည်။

ထိုအခါ မှူးမတ်တို့သည် ကောသလမင်းကို မင်းသားငယ်၏ ခြေရင်း၌ ဝပ်စင်းစေပြီးနောက် နောင်တွင် ဤကဲ့သို့ ကျူးကျော်စော်ကားခြင်း မပြုရန် သတိပေး ဆုံးမကာ ပြန်လွှတ်လိုက်ကြလေသည်။

ဗုဒ္ဓသည် ရှင်သာရိပုတ္တရာ၏ ကျေးဇူးသိတတ်ပုံကို အထက်ပါ အလီနစိတ္တ ဖြင့် ထုတ်ဖေါ်ဟောကြားတော်မူ၏။ ထို့နောက် အသက်အရွယ် ကြီးသူ ဖြစ်လင့်ကစား ရှင်သာရိပုတ္တရာ ပြောဆိုဆုံးမသည့် စကားများကို မြေဝယ်မချ လိုက်နာ ကျင့်သုံးသော ရဟန်းကြီး ရှင်ရာဓကိုလည်း ချီးကျူးစကား မြွက်ကြားတော်မူပြန်သည်။

"ချစ်သားတို့ ရဟန်းမည်သည် ရာဓကဲ့သို့ပင် ဆိုဆုံးမလွယ်သူဖြစ်ရမည်။ မိမိအပြစ်ကိုမြင်လျှင် မညှာမထောက် နှိပ်ကွပ်ဆုံးမတတ်သူကို စိတ်မဆိုးအပ်၊ မြှုပ်ထားသည့် ရွှေအိုးကို ဖေါ်ထုတ်ပြောကြား ပေးသူကဲ့သို့ မှတ်ယူ၍ ထိုသူကို အမြဲ ဆည်းကပ်ရမည်။"

၆-ပဏ္ဏ°တဝဂ်၊ ၁-ဆုမ ထေရဝတ္ထုကို ဒုကနိပါတ် အလီနစိတ္တဇာတ်ဖြင့် ဖြည့်စွက်ရေးသားသည်။



# အလှူချင်းဖြင့် မတူပါ

## ညီနောင်ဆယ်ပါး တိုင်းပြည်ခွဲကြခြင်း

ဥတ္တရာပထတိုင်း အသိတဥ္စနမြို့ကို အစိုးရသော ဥပသာဂရမင်းကြီး၌ သမီးတော်အဥ္စနဒေဝီနှင့် သားတော်ဆယ်ပါး ထွန်းကားလေသည်။ ဝါသုဒေဝ၊ ဗလဒေဝ၊ စသော သားတော်ဆယ်ပါးတွင် အင်္ကုရမင်းသားကား အငယ်ဆုံးဖြစ်၏။

ထိုသားတော်များ အရွယ်ရောက်လာသောအခါ ခွန်အားဗလနှင့် လွန်စွာပြည့်စုံကြသည့်ပြင် မင်းသားတို့တတ်အပ်သည့် တဆယ့်ရှစ်ရပ်သော အတတ်ပညာများကိုလည်း တဖက်ကမ်းခတ်အောင် တတ်မြောက်ကြလေသည်။ ထို့ကြောင့် ထိုမင်းသားများသည် လက်ရုံးအားကိုးဖြင့် ဇမ္ဗူဒိပ်မြေပြင်ရှိ တိုင်းတပါးမြို့များကို တမြို့ပြီးတမြို့ တိုက်ခိုက်သိမ်းယူကြရာ နောက်ဆုံးတွင် ခြောက်သောင်း သုံးထောင်သော မြို့များသည် မင်းသားတို့၏ လက်အောက်သို့ ကျရောက်လေတော့သည်။

ထိုအခါ မင်းသားတို့သည် မိမိတို့သိမ်းပိုက်ရရှိသော မြို့များကို တပါးစီခွဲ၍ အုပ်ချုပ်ရန်အတွက် ဆယ်ပုံပုံ၍ ဝေစုခွဲကြ၏။ ယင်းသို့ ဝေစုခွဲပြီးသည့်အခါကျမှ မိမိတို့၏ အမတော် အဥ္စနဒေဝီကို သတိရကြသဖြင့် ဆယ့်တပုံ ပြန်၍ခွဲရန် တိုင်ပင်ကြ၏။ ထိုအခါ ညီအငယ်ဆုံးဖြစ်သော အင်္ကုရမင်းသားက နောင်တော်တို့...ပြန်မခွဲကြပါနဲ့တော့ ကျွန်ုပ်၏ဝေစုကို အမတော်အား ပေးပါမည်။ ကျွန်ုပ်ကား ကုန်ကူးသန်းရောင်းဝယ်၍ အသက်မွေးပါမည်ဟု ပြောဆိုလေသည်။ ထို့နောက် အင်္ကုရက နောင်တော်များ၏ ပိုင်နက်အတွင်း မိမိကုန်ကူးသန်းရောင်းဝယ်ခြင်း ပြုသည့်အခါ အကောက်ခွန် ကင်းလွတ်ခွင့်ပြုရန်ဟူသော လိုလားချက်တရပ်ကို တောင်းဆိုလေသည်။

အင်္ကုရ၏ တင်ပြချက်ကို မင်းသားအားလုံးကပင် သဘောတူကြ၏။ ထို့ကြောင့် အမတော်အဥ္စနဒေဝီနှင့် နောင်တော်မင်းသားကိုးပါးတို့က ဇမ္ဗူဒိပ်မြေပြင်ရှိ မြို့နိုင်ငံများကို အသီးသီးခွဲဝေအုပ်ချုပ် မင်းလုပ်နေကြချိန်တွင် အင်္ကုရမင်းသားကား လှည်းယာဉ်ပေါင်းငါးရာဖြင့် မြို့ရွာအနှံ့လှည့်လည်၍ ကုန်ကူးသန်းရောင်းဝယ်ခြင်းပြုကာ အသက်မွေး နေလေသည်။

## အင်္ကုရမင်းသား ကုန်ရောင်းသွား

တရံရောအခါ ကုန်သည်ကြီးအင်္ကုရသည် အခြားသောမိတ်ဆွေကုန်သည်ကြီး တဦးနှင့် အတူ လှည်းယာဉ်ပေါင်း ငါးရာစီဖြင့် ကမ္ဘောဇတိုင်းသို့ ကုန်ရောင်းသွားရန် ထွက်လာရာ ကြီးမား

ကျယ်ပြန့်သော သဲကန္တာရကြီးတခု အတွင်းသို့ ဆိုက်ရောက်ကြလေ၏။ ထိုသဲကန္တာရအတွင်း၌ နေပူရှိန် ပြင်းလှသောကြောင့် နေ့အချိန်တွင် သစ်ပင်သစ်ရိပ်ရှိသော နေရာ၌ စခန်းချအနားယူပြီး ညအချိန်ကျမှသာ နက္ခတ်ကြယ်တာရာတို့ကို အမှတ်အသားပြုကာ ခရီးသွားလာကြရ၏။ အကုံရတို့၏ လှည်းအုပ်စုကြီးသည် တညဘက် မျက်စိလည်လမ်းမှား၍ သဲကန္တာရထဲတွင် တဝဲလည်လည် ဖြစ်နေလေသည်။ လမ်းမှန်ကို ကြိုးစားရှာဖွေကြသော်လည်း နောက်ရက်ပေါင်းများစွာ ကြာသည့်တိုင်အောင် မတွေ့နိုင်ဘဲဖြစ်နေသောကြောင့် လူများအတွက်သာမက နွားများအတွက်ပါ စားရေရိက္ခာ ပြတ်လုနီးပါး အခြေအနေသို့ ဆိုက်ရောက်လာလေသည်။

ဤသို့ လှည်းပေါင်းတထောင်နှင့် အတူ ပါရှိသော လူနှင့်နွားများအားလုံး အစာရေစာပြတ်၍ အသက်ဆုံးရှုံးရတော့မည်လောဟု တွေးတော စိုးရိမ်နေကြသည့် အချိန်ဝယ် ဝမ်းမြောက် အားတက်ဖွယ် သတင်းတခုသည် လှည်းစခန်းသို့ ဆိုက်ရောက်လာ၏။ ထိုသတင်းကား အခြားမဟုတ် လှည်းစခန်းမှ လမ်းရှာရန်စေလွှတ်လိုက်သော အထောက်တော်တဦး ပြန်ရောက်လာပြီး ၎င်းက လှည်းစခန်းနှင့် အလှမ်းမဝေးလှသော အရပ်၌ အရိပ်အာဝါသ ကောင်းသော ညောင်ပင်ကြီးတပင်ရှိကြောင်း။ ညောင်ပင်ကြီးအောက်တွင် စိမ်းရေများ တသွင်သွင်စီးထွက်နေရုံသာမက ဆန်၊ ဆီ၊ ဆားစသည့် စားနပ်ရိက္ခာများကိုလည်း တပုံကြီး တွေ့ရှိရကြောင်း ပြောကြားသတင်းပို့ခြင်း ဖြစ်ပေသည်။

ဤသတင်းမှာ သာမန်အားဖြင့် ယုံကြည် နိုင်ဘွယ်ရာပင် မရှိလှသော်လည်း သေဘေးနှင့် ရင်ဆိုင်နေရသော ခရီးသည် တထောင်ကျော်မှာကား အတိုင်းမသိ ဝမ်းမြောက်လျက် ချက် ခြင်းထ၍ ကခုန်ပျော်မြူးကြလေသည်။ ညနေပိုင်းကျရောက် ၍ နေပူရှိန်လျော့ပါးသွားသောအခါ အကုံရတို့၏ လှည်းတန်း ကြီးသည် အထောက်တော်ညွှန်ပြသည့် လမ်းအတိုင်း ညောင်ပင် ကြီးရှိရာသို့ တအိအိ မောင်းနှင်လာကြသည်။

ညဦးယံအချိန်မှာပင် ညောင်ပင်ကြီးရှိရာသို့ ချောမောစွာ ဆိုက်ရောက် ကြသောအခါ အထောက်တော်ပြောသည့်အတိုင်း ညောင်ပင်ရင်း၌ တသွင်သွင်စီးထွက်နေသော စမ်းရေနှင့် စား နပ်ရိက္ခာပုံကြီးကို တအံ့တသြ တွေ့ရှိကြရသည်။ ထိုစားနပ်ရိက္ခာ များကို အခြားသော လှည်းအုပ်စုက ပစ်ထားခဲ့လေသလော ဟူ၍လည်း တွေးတောယူဆကြသည်။

ညောင်ပင်ကြီး အောက်သို့ ရောက်သည် နှင့် တပြိုင်နက် လှည်းသမားများသည်လှည်းများကို ချွတ်၍ စမ်းရေကိုဝအောင် သောက်ကြ ချိုးကြသည်။ နွားများအားလည်း တိုက်ကျွေး ကြသည်။ ထို့နောက် အဆင်သင့် တွေ့ရှိရသော ဆန်၊ ဆီ၊ ဆားများဖြင့် တပျော်တပါး ထမင်းဟင်းချက်၍ စားသောက် ကြပြီး နွားများအားလည်း ညောင်ရွက် ညောင်သီးနှင့် အနီး ပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော မြက်ပင်များကို စားသောက်စေကြသည်။

## ရက္ခစိုးနတ်၏ တန်းခိုး

ခေါင်းဆောင် ကုန်သည်ကြီး နှစ်ယောက်နှင့် လှည်းသမား များ ထမင်းစားပြီး၍ အိပ်စက်အနားယူနေကြစဉ် ညောင်ပင် စောင့် ရက္ခစိုးနတ်သည် လူသားအသွင် ဖန်ဆင်း၍ အကုံရထံ လာရောက် နှုတ်ဆက်လေသည်။

"မိတ်ဆွေတို့....ဘယ်မြို့ကလာ၍ ဘယ်မြို့သို့ သွားကြမည်နည်း"

"ကျွန်ုပ်တို့သည် ဥတ္တရာပထတိုင်း ဒွါရဝတီမြို့မှ လာကြပါသည်။ ကမ္ဗောဇတိုင်းသို့ ကုန်ရောင်းရန် သွားကြမည်ဖြစ်ပါသည်။ မိတ်ဆွေကကော ဘယ်ကပါလဲ"

"ကျွန်ုပ်ကား ဤညောင်ပင်၌ မှီတင်းနေထိုင်သော ရက္ခစိုးနတ် ဖြစ်ပါသည်"

ထို့နောက် ရက္ခစိုးနတ်က သူသည် ရှေးဘဝက အကုံရ၏ ဘဏ္ဍာစိုးသားဖြစ်ခဲ့ပြီး ရောရုဝမြို့၌နေစဉ် ခရီးသွားဧည့်သည်များအား ထမင်းရိက္ခာပေးလှူသော အသယှ သူဌေးကြီး၏ အိမ်ကို လက်ညှိုးညွှန်၍ ပြသခဲ့ကြောင်း။ ထို့ကြောင့် ယခုဘဝ၌ သူ၏လက်ျာလက်ကို ဆန့်တန်းလိုက်လျှင် အလိုရှိသည့် ပစ္စည်းများဖြစ်ပေါ်လာကြောင်း အကုံရ၏ကျေးဇူးကို တုံ့ပြန်လိုသဖြင့် လှည်းကုန်သည်တို့အား ညောင်ပင်ရှိရာကို ညွှန်ပြ၍ စားရေရိက္ခာများကို ဖန်တီးပေးခဲ့ခြင်း ဖြစ်ကြောင်းများကို ရှင်းလင်းပြောပြလေသည်။

ထိုစကားကိုကြားရသောအခါ ကုန်သည်ကြီးနှစ်ဦးနှင့်တကွ လှည်းသမားများမှာ ရက္ခစိုးနတ်အား ကျေးဇူးတင်၍ မဆုံး

အောင် ရှိကြသည်။ ထို့နောက် ရက္ခစိုးနတ်က ကုန်သည်တို့အား သောင်ပင်ခြေရှိ ကျောက်ဖျာကြီးအောက်တွင် များစွာအဖိုးထိုက်တန်သည့် ကျောက်မျက်ရတနာများရှိကြောင်း ပြောကြားပြန်သည်။ ကုန်သည်များသည် ကျောက်ဖျာကြီးအောက်၌ တူးဖော်ကြရာ ရက္ခစိုးနတ် ပြောသည့် အတိုင်း များစွာသော ကျောက်မျက်ရတနာတို့ကို တွေ့ရှိသဖြင့် ဝမ်းပန်းတသာဖြင့် လှည်းများပေါ်သို့ ခွဲဝေတင်ဆောင်ကြသည်။

ညနေချမ်း အချိန်သို့ ရောက်သောအခါ ကုန်သည်ကြီးနှစ်ဦးတို့သည် ရက္ခစိုးနတ်အား နှုတ်ဆက်ပြီး သောင်ပင်ကြီးမှ ထွက်ခွာခဲ့ကြသည်။ ကုန်ရောင်းဝယ်ခြင်းကိစ္စ ပြီးစီး၍ ဒွါရဝတီမြို့သို့ ပြန်ရောက်သောအခါ အင်္ကုရသည် မိမိအိမ်ရှေ့၌ မဏ္ဍပ်ကြီးထိုး၍ လာသမျှလူတိုင်းအား စားဖွယ်သောက်ဖွယ် အထည်အဝတ်မှစ၍ လိုသမျှပစ္စည်းကို နေ့စဉ်မပြတ် ပေးကမ်း လှူဒါန်းနေလေသည်။

ဤသို့ အင်္ကုရက လာသမျှ လူတိုင်းအား လိုသမျှ ပစ္စည်းကို နေ့စဉ် လှူဒါန်း နေသောအခါ များစွာသော လူတို့သည် အဆင်းရဲအပင်ပန်းခံ၍ ထွန်ယက်စိုက်ပျိုးခြင်း ရောင်းဝယ် ကုန်သွယ်ခြင်းစသော အမှုကိုမပြုလုပ်ကြတော့ဘဲ အင်္ကုရထံမှအလှူခံ၍သာ စားသောက်နေထိုင်ကြလေသည်။ ထိုအခါ တိုင်းသူပြည်သားတို့ထံမှ အခွန်အတုတ် ကောက်ခံရရှိမှု လျော့ပါးလာသဖြင့် ဘုရင့်ဘဏ္ဍာတိုက်၌လည်း ဘဏ္ဍာငွေများ တနေ့ တခြား ဆုတ်ယုတ် လာတော့သည်။

ဒွါရဝတီ ပြည်ရှင် ဘုရင်မင်းမြတ်သည် ဤအခြင်း အရာကို တွေ့မြင်ရလေသော် အင်္ကုရကိုခေါ်၍ သတိပေးစကား ပြော ကြားလေသည်။

"အချင်းအင်္ကုရ.... သင်နေ့စဉ် အလှူကြီး ပေးနေ သည်ကို ငါတို့ ဝမ်းသာလှပါ၏၊ သို့သော် သင့်အလှူကြောင့် တိုင်းသူ ပြည်သားများ မိမိတို့အလုပ်ကို စွန့်ပစ်ထားကြသဖြင့် တိုင်းပြည် ၏ ဘဏ္ဍာများ တနေ့တခြား လျော့ပါးဆုတ်ယုတ်နေပါ သည်။ ဤအကြောင်းကို သင်ဆင်ခြင်စဉ်းစားပါဦးလော့"

ဘုရင်မင်းမြတ်၏ စကားကို ကြားရသောအခါအင်္ကုရသည် မိမိ၏ ပစ္စည်း ဥစ္စာများကို ယူဆောင်၍ ဒွါရဝတီမြို့မှဒက္ခိဏာ ပထတိုင်းသို့ ထွက်ခဲ့သည်။ ဒက္ခိဏာ ပထတိုင်းသို့ ရောက်လျှင် ပင်လယ်ကမ်းခြေအနီး တခုသောရွာ၌ မဏ္ဍပ်ကြီးဆောက်လုပ် ၍ လွတ်လပ်စွာ အလှူပွဲကြီးပြုလုပ်နေလေသည်။ ယင်းသို့ နှစ် ပေါင်းများစွာ အလှူပြုလုပ်နေပြီး သက်တမ်းစေ့၍ ကွယ်လွန် သောအခါ တာဝတိံသာ နတ်ပြည်၌ အင်္ကုရ အမည်ရှိသော နတ်သား ဖြစ်လာလေသည်။

## နတ်သားနှစ်ပါး တရားနာကြရာဝယ်

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရား အဖြစ်သို့ ရောက်၍ ခုနစ်ဝါ မြောက်သောအခါတာဝတိံသာနတ်ပြည်သို့ကြွချီ၍ နတ်ဗြဟ္မာ တို့အား အဘိဓမ္မာ တရား ဟောကြားတော်မူသည်။ ထိုတရား ပွဲသို့ မြောက်မြားစွာသော နတ်ဗြဟ္မာတို့ လာရောက်၍ တရား

နာကြရာ အင်္ဂုရနတ်သားနှင့် သူ့မိတ်ဆွေ ဣန္ဒကနတ်သားတို့လည်းပါဝင်ကြ၏။ ထိုနတ် ၂ပါးသည် တရားပွဲစချိန်တွင် ဗုဒ္ဓ၏လက်ျာဘက် မလှမ်းမကမ်း အရပ်မှတရားနာနေ၏။ သို့ရာတွင် အင်္ဂုရသည် သူ့ထက်တန်းခိုးကြီးသော နတ်များ တပါးပြီးတပါးရောက်လာကြသဖြင့် တရွေ့ရွေ့ နောက်ဆုတ်ပေးနေရလေရာ နောက်ဆုံးတွင် ဗုဒ္ဓနှင့် တဆယ့်နှစ်ယူဇနာ ကွာသောအရပ်သို့ ရောက်သွားလေသည်။

ဣန္ဒကနတ်သားကား အင်္ဂုရကဲ့သို့ နောက်ဆုတ် ပေးရခြင်းမရှိဘဲ မူလနေရာ၌ပင် မြဲနေ၏။ ထိုအခြင်းအရာကို မြင်တော်မူလျှင် ဗုဒ္ဓသည် အင်္ဂုရအား ဤသို့ မိန့်ကြားတော်မူ၏။

“အချင်းအင်္ဂုရ.... သင်သည် နှစ်ပေါင်း များစွာ ထမင်းရေချောင်းစီး အလှူကြီး ပေးခဲ့ဘူးသည် မဟုတ်လော။ အဘယ့်ကြောင့် ငါဘုရားနှင့် တဆယ့်နှစ်ယူဇနာ ကွာသော အရပ်သို့ရောက်နေဘိသနည်း”

“အရှင်ဘုရား တပည့်တော်သည် လူ့ဘဝက နှစ် ပေါင်းများစွာ အလှူကြီး ပေးခဲ့ဘူးသော်လည်း မြင့်မြတ် စင်ကြယ်သော အလှူခံ ပုဂ္ဂိုလ် တပါးတလေကိုမျှ မတွေ့ခဲ့ရပါ။ ထို့ကြောင့် တန်ခိုးအာနုဘော် နည်းပါးသော နတ်သား ဖြစ်ပြီး တန်းခိုးကြီးသော နတ်များအတွက် နေရာ ဖယ်ပေး နေရခြင်းဖြစ်ပါသည်ဘုရား”

ထို့နောက်တဖန် ဗုဒ္ဓသည် ဣန္ဒကနတ်သားအား မေးမြန်းတော်မူပြန်၏။

"အချင်း ဣန္ဒက.... သင်ကား သင့်မိတ်ဆွေ အင်္ကုရကဲ့သို့ နောက်ဆုတ်ပေးရခြင်းမရှိဘဲမိမိနေရာ၌ စွဲမြဲစွာအဘယ့်ကြောင့် နေနိုင်ဘိသနည်း"

"အရှင်ဘုရား တပည့်တော်သည် လူ့ဘဝက ရှင်အနုရုဒ္ဓါ မထေရ်မြတ်အား မိမိစားမည့် ဆွမ်းတဇွန်း မျှကိုသာ လောင်း လှူခဲ့ဘူးပါသည်။ ဤသို့မပြောပလောက်သောကုသိုလ်ဒါနကို သာ ပြုခဲ့သော်လည်း စင်ကြယ်မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်နှင့် တွေ့ကြုံခွင့်ရသည့်အတွက် တန်းခိုးကြီးသော နတ်သားဖြစ်လာ ရပါသည်။ ထို့ကြောင့်လည်း အင်္ကုရကဲ့သို့ နောက်ဆုတ် ပေးရ ခြင်း မရှိဘဲ မိမိနေရာ၌ စွဲမြဲစွာနေနိုင်ခြင်းဖြစ်ပါသည် ဘုရား"

ဤသို့လျှင် အင်္ကုရနှင့် ဣန္ဒကနတ်သားတို့၏ မတူသောဒါန အကျိုးများကို ကြားသိရသောအခါ ဗုဒ္ဓက ဒါန ပြုလုပ်ရာတွင် အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်၍ လှူသင့်ကြောင်း၊ မြေဩဇာ ကောင်းသော လယ်ယာ၌ စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ သည် ပို၍ ဖြစ်ထွန်း အောင်မြင်သကဲ့သို့ ရာဂဒေါသ ဝေသော ကိလေသာ အညစ်အကြေးကင်းစင်သည့် ပုဂ္ဂိုလ်များအား လှူ ဒါန်းသည့် ဒါနသည် ပို၍ အကျိုးအာနိသင် ကြီးမား ကြောင်း ရှင်းလင်းဟောကြားတော်မူသည်။ ထိုတရားကို ကြားနာရလျှင် အင်္ကုရနှင့် ဣန္ဒကနတ်သား နှစ်ပါးလုံး သောတာပန် ဖြစ်သွား ကြလေ၏။

၂၄-- တဏှာဝဂ် ၁၂--အင်္ကုရဝတ္ထုကို အင်္ကုရ ပေတဝတ္ထုဖြင့် ဖြည့်စွက် ရေးသားသည်။



# ခမည်းတော်၏ ဆန္ဒ

## သားကြီးအတွက် မျှော်လင့်ချက်

သက္ကတိုင်း ကပိလဝတ်ပြည်၌ သုဒ္ဓေါဒန အမည်ရှိသော ဘုရင်မင်းမြတ်သည် မဟာမာယာနှင့် ဂေါတမီ ဟူသော ညီအမနှစ်ပါးကို မိဖုရားအရာမြှောက်၍ ထီးနန်းစိုးစံ၏။ မိဖုရားကြီးမဟာမာယာသည် ပျိုရွယ်စဉ်အခါ၌ သားသမီးတပါးမျှ မထွန်းကားဘဲ သက်တော် ငါးဆယ်ကျော်တွင်မှ ထူးခြားစွာ သန္ဓေရရှိလာ၏။ ထိုသန္ဓေရင့်မာ၍ ဆယ်လပြည့်ခါနီးအချိန်တွင် မိဖုရားကြီးသည် ဆွေတော်မျိုးတော်တို့၏ နေရပ်ဌာနဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ဘုရင်မင်းမြတ်ထံ ခွင့်ပန်၍ များစွာသော နောက်ပါအခြွေအရံတို့ဖြင့် ကပိလဝတ်ပြည်မှ ထွက်ခဲ့၏။ သို့သော်လည်း ဒေဝဒဟသို့ မ

ရောက်မီ နှစ်ပြည်ထောင်ကြားရှိ လုမ္ဗိနီ အင်ကြင်းတော၌ပင် ထူးမြတ်သော သားယောကျ်ားကို ဖွားမြင်သဖြင့် ရှေ့သို့ခရီး မဆက်တော့ဘဲ ကပိလဝတ် နေပြည်တော်သို့ ပြန်ခဲ့လေသည်။

သုဒ္ဓေါဒနဘုရင်၏ ဆရာရင်းဖြစ်သော ဒေဝီလရသေ့သည် မိဖုရားကြီး မဟာမာယာမှ ထူးမြတ်သော သားတော်တပါး ဖွားမြင်ကြောင်း သတင်းကြားသိလျှင် ဝမ်းမြောက် ဝမ်းသာ ဖြင့် နန်းတော်သို့ ကြွလာ၏။ ဘုရင်သည် သားတော်လေးကို မိမိရင်ခွင်၌ ထားကာ ရသေ့အား ရှိခိုးစေရန် လက်နှစ်ဖက်ကို ယှက်ပေး၏။ သို့သော်လည်း သားတော်လေးကား လက်ယှက် မခံဘဲ ရုတ်တရက်ပျံတက်ကာ ရှင်ရသေ့၏ ဦးထိပ်ပေါ်တွင် ရပ်တည်လေသည်။ ထိုကဲ့သို့ အံ့ဘွယ်သရဲကို မြင်လျှင် ရှင်ရသေ့ နှင့် ဘုရင်တို့သည် မွေးဖွားခါစဖြစ်သော သားတော်လေးအား ရိုသေကျိုးနွံစွာ ထိုင်၍ရှိခိုးကြလေတော့သည်။ ထို့နောက် ဘု ရင်သည် ပြုံးပြုံးရွှင်ရွှင်နေရာမှ ရုတ်တရက် မျက်ရည်ပေါက် ကြီးငယ်ကျလာသောရှင်ရသေ့ကို မြင်လျှင် စိုးရိမ် ထိတ်လန့်၍ "အရှင်ရသေ့....အဘယ်ကြောင့် ငိုကြွေးဘိသနည်း၊ တပည့် တော်၏ သားငယ်၌ ဘေးအန္တရာယ် တစုံတခု ကျရောက်မည်ကို မြင်၍ ငိုကြွေးပါသလော"ဟု မေးလျှောက်လေ၏။ ထိုအခါ ရသေ့က "မင်းမြတ်....မစိုးရိမ်လင့် သင့်သားကား ဘေးအန္တ ရာယ်လုံးဝမရှိ ဘုရားဖြစ်မည့် သားထူးသားမြတ် ဖြစ်ပေသည်၊ သို့သော်လည်း ငါမူကား အိုမင်းပြီဖြစ်၍ ဤမင်းသား ဘုရား ဖြစ်သည်ကို ဖူးမြင်ခွင့်ရတော့မည်မဟုတ် ထို့ကြောင့် ဝမ်း နည်းမိခြင်းဖြစ်ပေသည်"ဟု မိန့်ကြားလေသည်။

သားတော်လေး ဖွားမြင်ပြီးနောက် ငါးရက်မြောက်သော နေ့တွင် သုဒ္ဓေါဒနဘုရင်သည် နေပြည်တော်အတွင်းရှိ ဗေဒင် လက္ခဏာကျွမ်းကျင်တတ်မြောက်သော ပုဏ္ဏားတရာ့ရှစ်ယောက်တို့ကို ဖိတ်ခေါ်၍ သားတော်လေး၏ အင်္ဂါလက္ခဏာတို့ကို စစ်ဆေးကြည့်ရှုစေ၏။ ထိုအခါ တရာ့ရှစ်ယောက်သော ပုဏ္ဏားများအနက်မှ တရာ့ခုနစ်ယောက်သော ပုဏ္ဏားတို့သည် မင်းသားငယ်၏ ထူးခြားသော အင်္ဂါလက္ခဏာတို့ကို ကြည့်ရှုပြီး လက်နှစ်ချောင်းကို ထောင်ပြကာ "အရှင်မင်းမြတ်၏ သားတော်သည် လူ့ဘောင်၌ နေသော် စကြာမင်း ဖြစ်ပါလိမ့်မည်၊ ရဟန်းပြုသော် ဘုရားဖြစ်ပါလိမ့်မည်"ဟူ၍ လျှောက်တင်ကြသည်။ ကောဏ္ဍည အနွယ်ဝင်ဖြစ်သော သုဒတ္တ အမည်ရှိသော ပုဏ္ဏား လုလင်ငယ် တယောက်ကမူ လက်တချောင်းကိုသာ ထောင်ပြလျက် "အရှင့်သားတော်ကား ဘုရားဧကန်ဖြစ်ပါလိမ့်မည်"ဟု ယတိပြတ်လျှောက်တင်လေ၏။

ထို့နောက် သားတော်၏ အမည်ကို ရွေးချယ်ကြရာ လူခပ်သိမ်းတို့၏ အကျိုးစီးပွားကို ပြီးမြောက်စေနိုင်မည့်သူ ဖြစ်၍ "သိဒ္ဓတ္ထ"ဟု အမည်ပေးကြသည်။ သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီး၍ ခုနစ်ရက်မြောက်လျှင် မယ်တော်မဟာမာယာ နတ်ရွာစံလေ၏။ ထိုအချိန်တွင် မိဖုယား ဂေါတမီမှလည်း သားတော်တပါး မွေးဖွားရာ "နန္ဒ"ဟု အမည်ပေးလေသည်။ ဂေါတမီမိဖုယားသည် သားတော်ရင်းနန္ဒကို အထိန်းတော်များနှင့် လွှဲအပ်ထားပြီး သိဒ္ဓတ္ထမင်းသားလေးကိုမူ ကိုယ်တိုင် နို့ချိုတိုက်ကာ စောင့်ရှောက်ပြုစု၏။

သိဒ္ဓတ္ထမင်းသား တလ အရွယ်သို့ရောက်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံဖြင့် မြို့တော်မှထွက်၍ လယ်ထွန်မင်္ဂလာပွဲကို ဆင်ယင် ကျင်းပ၏။ သားတော်ကို လယ်ကန်သင်းပေါ်ရှိ ဇမ္ဗူသပြေပင်ရင်း၌ နေရာခင်း၍ သိပ်ထားပြီး အထိန်းတော်များက စောင့်ရှောက်နေကြသည်။ ထိုအထိန်းတော်များသည် လယ်ထွန်ပွဲကို စိတ်ဝင်စားကာ သတိရ၍ ကြည့်ရှုသောအခါ အိပ်ရာပေါ်၌ တင်ပလ္လင်ခွေထိုင်လျက် ဈာန်ဝင်စားနေသော မင်းသားလေးကို တအံ့တသြ တွေ့မြင်ကြရသည်။ ထို့ပြင် သပြေပင်ရိပ်မှာလည်း နေမြင့်သည့်တိုင်အောင် မပြောင်းမရွေ့ဘဲ နံနက်စောစောကကဲ့သို့ပင် မင်းသားလေး၏ အပေါ်တည့်တည့်၌ အုပ်မိုးလျက်ရှိသည်ကို တွေ့မြင်ကြရသည်။ ဤသို့ ထူးခြားဆန်းကြယ်သော အခြင်းအရာကို သုဒ္ဓေါဒန မင်းကြီးထံ သွားရောက် လျှောက်တင်ကြသည်။ မင်းကြီးသည် ချက်ခြင်းလာရောက်ကြည့်ရှုပြီး မင်းသားငယ်အား ရွှင်လန်းဝမ်းမြောက်စွာ လက်အုပ်ချီ၍ ရှိခိုးလေသည်။

မင်းကြီးသည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည်ကိုမလိုလားဘဲ စကြာမင်းအဖြစ်ဖြင့် ထီးနန်းအုပ်ချုပ်မင်းလုပ်သည်ကိုသာ မြင်လို၏။ ထို့ကြောင့် မင်းသားငယ်အား အမျိုးမျိုးသော ပျော်ရွှင်မှုထူးဘွယ်တို့ဖြင့် လိုလေသေးမရှိအောင် အစွမ်းကုန် ယုယပိုစုခဲ့သည်။ သူအိုသူနာစသော နိမိတ်ကြီး လေးပါးကိုမြင်လျှင် တောထွက်လိမ့်မည်ဟု သုဒတ္တပုဏ္ဏားက နိမိတ်ဖတ်ခဲ့သောကြောင့် နေပြည်တော်အတွင်း၌ ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို မမြင်မတွေ့ရအောင်လည်း အစောင့်အရှောက်များကို ချထားလေသည်။ မင်းသားငယ် ၁၆-နှစ်အရွယ်သို့ ရောက်သော်

ဆောင်း၊ နွေ၊ မိုးဟူသော ဥတုသုံးပါးအလိုက် စံစားနေထိုင်ရန်အတွက် ရမ္မ၊ သုရမ္မ၊ သုဘအမည်ရှိသော နန်းပြာသာဒ်သုံးဆောင်ကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်စေသည်။ ထို့နောက် ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏ သမီးတော် ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ ထီးနန်းစည်းစိမ်ကို လွှဲအပ်ခဲ့လေသည်။

ယသောဓရာမင်းသမီးနှင့်အတူ ထီးနန်းစည်းစိမ်ကို ခံစားနေသော သိဒ္ဓတ္ထမင်းသားသည် တနေ့တွင် မြို့ပြင်ရှိ မင်္ဂလာဥယျာဉ်သို့ သွားရန်အတွက် မြင်းရထားဖြင့် ထွက်လာရာ လမ်းတွင် အဖိုးအိုတယောက်ကို တွေ့မြင်လေ၏။ ထိုအခါ "ငါသည်လည်း ဤအဖိုးအိုကဲ့သို့ပင် အိုရပေအုံးမည်" ဟူ၍ သတိသံဝေဂဝင်လာ၍ ပျော်ရွှင်လိုစိတ် မရှိတော့သဖြင့် ဥယျာဉ်တော်သို့ရောက်အောင်ပင် မသွားတော့ဘဲ နန်းတော်သို့ ပြန်လာခဲ့၏။ ဤအကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိလျှင် ထိုကဲ့သို့သော အနိဋ္ဌာရုံများကို မမြင်မတွေ့စေရန်အတွက် အစောင့်အကြပ်များကို တိုး၍ချထားလေသည်။

သို့သော်လည်း နောက်တကြိမ်ဥယျာဉ်တော်သို့ အထွက်တွင် သူနာ၊ သူသေတို့ကို အထက်ပါ နည်းအတိုင်းပင် တွေ့မြင်ပြန်သဖြင့် သိဒ္ဓတ္ထမင်းသား၏ သံဝေဂစိတ်ဓာတ်မှာ ပို၍ကြီးထွားလာခဲ့၏။ စတုတ္ထအကြိမ် ဥယျာဉ်တော်သို့ အထွက်တွင်ကား ပဒိက္ခရာရှစ်သွယ်ဖြင့် ကြည်ညိုဘွယ်ကောင်းသော ရဟန်းတပါးကို မြင်လျှင် "ငါသည်လည်း ရဟန်းပြုရသော် ကောင်းလေစွ" ဟု အကြံဖြစ်လေ၏။ ထိုနေ့ ဥယျာဉ်တော်၌ ပျော်ပါးနေစဉ် ယသောဓရာမိဖုယားမှ သားတော်လေးတပါး ဖွားမြင်ကြောင်း

သတင်းကို သိဒ္ဓတ္ထမင်းသား ကြားသိရလေ၏။ထိုအခါမင်းသား သည် "လက်ကို ရာဟုဖမ်းသကဲ့သို့ ငါ့ကိုလည်း ဤ သားဟူသော အနှောင်အဖွဲ့က ဖမ်းဆီးပြန်လေပြီ" ဟူ၍ ညည်းညူလေသည်။ ထိုစကားကို အစွဲပြု၍ သားတော်လေးအား "ရာဟုလာ" ဟု အမည်ပေးကြသည်။

ဥယျာဉ်တော်မှ ပြန်လာ၍ စိတ်လက်မကြည်မသာဖြင့် စော စီးစွာ အိပ်ပျော်ခဲ့သော သိဒ္ဓတ္ထမင်းသားသည် ညသန်ကောင် အချိန်တွင် အိပ်ရာမှ နိုးလေ၏။ ထိုအခါ ခြေလက် ကိုးရိုးကား ယား အဝတ်အစား ဖရိုဖရဲဖြင့် နန်းပြသာဒ် တဆောင်လုံးတွင် ပြန့်ကြဲ၍ အိပ်ပျော်နေကြသော နန်းတွင်းသူ မောင်းမများကို မြင်လျှင် အလွန်ငင် ရွံရှာစပ်ဆုပ်လှသောကြောင့် ဆန္နအမတ် ကို ခေါ်၍ ကဏ္ဍကမြင်းကိုစီးကာ ညကွင်းချင်း တောထွက်ခဲ့ သည်။ကပိလဝတ်ပြည်မှ ယူဇနာ သုံးဆယ်ဝေးသော အနောမာ မြစ်ကမ်းသို့ ရောက်လျှင် ဆန္နအမတ်ကို ပြန်လွှတ်လိုက်ပြီး မိမိ တပါးတည်း ရဟန်းအသွင်သို့ ကူးပြောင်းခဲ့သည်။ ဆန္နအမတ် ပြန်ရောက်လာ၍ သားတော် ရဟန်းပြုသွားပြီဖြစ်ကြောင်း ကြား သိရသော သုဒ္ဓေါဒနမင်းကြီးမှာ သားတော်အား စကြာမင်း အဖြစ် မြင်ရတော့မည်မဟုတ်၍ များစွာ စိတ်အားငယ်သွားလေ ၏။ သို့သော်လည်း "ငါ့သားတော်ကား ကေန်ဘုရားဖြစ်လိမ့် မည် ဘုရားဖြစ်လျှင်လည်း ငါ့ထံသို့ ဆောလျှင်စွာ ကြွလာလိမ့် မည်" ဟူသော မြော်လင့်ချက်ဖြင့် သောကကို ဖြေဖျောက်ကာ စောင့်စားနေရှာလေ၏။

## မပေါ်လာ၍ မျှော်ပါရ

အနောမာ မြစ်ကမ်း၌ ရဟန်းအသွင်ကို ယူခဲ့သော သိဒ္ဓတ္ထ မင်းသားသည် ထိုမှတဆင့်ဥရုဝေလတောသို့ကြွရောက်၍ အိုခြင်း၊ နာခြင်း စသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်၍ စင်စစ် ငြိမ်းအေး ချမ်းသာကြောင်း ဖြစ်သော တရားထူးကို ရရှိရန် အတွက် ပြင်းထန်သော ကမ္မဋ္ဌာန်းအကျင့်တို့ကို မနေမနား ကြိုး စားအားထုတ်လေ၏။ တနေ့သ၌ အစာမစားဘဲ စင်္ကြံလျှောက် ၍ တရားကို ဆင်ခြင်ပွားများနေသော သိဒ္ဓတ္ထသည် အားနည်း သဖြင့် မူးဝေလဲကျသွားလေသည်။ ဤသို့ လဲကျနေသည်ကို အချို့သော နတ်တို့မြင်၍ သုဒ္ဓေါဒနမင်းကြီးအား "သင့်သား တော် သိဒ္ဓတ္ထသည် တရားကျင့်ရင်း သေဆုံးရှာလေပြီ" ဟု သွားရောက်ပြောကြားကြသည်။သို့ရာတွင် မင်းကြီးကား ထိုနတ် တို့၏ စကားကို လုံးဝမယုံ "ငါ့သားတော်သည် ဘုရားမဖြစ်ဘဲ မသေနိုင်ပါ" ဟု ပြန်ပြောလိုက်၏။

သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ ခြောက်နှစ်မျှကြာသော အခါ ဘုရားအဖြစ်သို့ရောက်၍ ဗာရာဏသီပြည် မိဂဒါဝုန်တော ၌ ပဥ္စဝဂ္ဂီရဟန်းငါးပါးတို့အား တရားဦးဟောကြားတော်မူ၏။ ထို့နောက် ရဟန်းပေါင်း တထောင်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူရာ ဗိမ္ဗိသာရမင်း အမှူးရှိသော ပြည်သူ ပြည်သား များက တခဲနက် ပူဇော်ကြလေသည်။

ထိုသတင်းများကို ကပိလဝတ်ပြည်မှ သုဒ္ဓေါဒန မင်းကြီး ကြားလျှင် "သားတော်သည် ငါ့ထံသို့ မကြာမီရောက်လာတော့ မည်" ဟု မျှော်လင့်လျက် နေ့ရက်များကို လက်ချိုးရေတွက်နေ

၏။ သို့ရာတွင် ရက်လများသာ တစ်တစ်ကုန်လွန်ခဲ့ပြီး သားတော်ဘုရားမှာမူ အရိပ်အယောင်မျှ ပေါ်မလာသောအခါ သုဒ္ဓေါဒနမင်းကြီးသည် အမတ်တယောက်ကို ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လေ၏။

"အချင်းအမတ်....သင်သည် မင်းချင်းယောကျ်ားတထောင်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ သွား၍ ငါ့သားတော်ကို ပင့်ဆောင်ချေလော့"

ထိုအမတ်သည် မင်းချင်းယောကျ်ား တထောင် ခြံရံလျက် ထွက်ခွာခဲ့ရာ ယူဇနာခြောက်ဆယ်ဝေးသော ရာဇဂြိုဟ်ပြည်သို့ ရောက်သော် ဗုဒ္ဓရှင်တော်မြတ်က ပရိသတ်များအား တရားဟောနေခိုက်နှင့် ကြုံသဖြင့် ပရိသတ်စွန်၌ ထိုင်ကာ တရားနာကြသည်။တရားအဆုံး၌ ထိုသူအားလုံး အကျွတ်တရားရရှိ၍ ရဟန္တာဖြစ်သွားကြသည်။ ဤသို့ ရဟန္တာဖြစ်သွားသောအခါ လောကီကိစ္စဖြစ်သော မင်းမှုတာဝန်ကို ဂရုမမူတော့သဖြင့် သုဒ္ဓေါဒနမင်းကြီး၏ စကားကို ဗုဒ္ဓအား လျှောက်ကြားခြင်း မပြုကြတော့ချေ။

သုဒ္ဓေါမင်းကြီးသည် သားတော်အား ပင့်ရန် စေလွှတ်လိုက်သော အမတ် အချိန်တန်၍ ပြန်မရောက်သော် နောက်ထပ်အမဘ်တယောက်ကို အလားတူ စေလွှတ်ပြန်၏။ ဤနည်းဖြင့် ကိုးကြိမ်တိုင် စေလွှတ်သော်လည်း တဦးမျှ ပေါ်မလာသည့်ပြင် သတင်းစကားမျှ ပြန်ကြားချက် မရသောအခါ မင်းကြီးသည် "ဤအမတ်တို့ကား ငါ့အပေါ်၌ ချစ်ခင်မြတ်နိုးခြင်း အလျဉ်းမရှိကြ၍သာ ငါ့ထံ သတင်းမပို့ကြခြင်း ဖြစ်၏။ ဤနန်းတော်၌ ငါ့စကားအတိုင်း မလွဲမသွေ ဆောင်ရွက်မည့်သူ မည်သူရှိ

သနည်း” ဟူ၍ ဆင်ခြင်စဉ်းစားလျှင် သားတော် သိဒ္ဓတ္ထ၏ ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကို တွေ့မြင်လေ၏။

ထိုအခါ မင်းကြီးသည် ကာဠုဒါယီကို ခေါ်၍ “အချင်း ဥဒါယီ ငါသည် သားတော်ဘုရားကို ဖူးမြင်လို၍ အမတ်ကိုး ယောက်တို့ကို မင်းချင်းယောကျ်ား တထောင်စီနှင့် အပင့်လွှတ် လိုက်၏။ သို့သော်တယောက်မျှ ပေါ်မလာ။ သတင်းစကားမျှ လည်းမရ။ ငါလည်း အသက်ကြီးပြီဖြစ်၍ သားတော်ကို ဖူးမြင် လို၏။ သင်ဆောင်ကြဉ်းပေးနိုင်ပါမည်လော” ဟု မိန့်ကြားသည်။

ကာဠုဒါယီက “အရှင်မင်းကြီး ကျွန်ုပ်သည် ရဟန်းပြုခွင့်ရ ပါမူ တတ်နိုင်ပါ၏” ဟု လျှောက်လျှင် မင်းကြီးက “အချင်းဥဒါ ယီ သားတော်ကို ပင့်ဆောင်ပေးနိုင်ပါက သင့်အား ငါရဟန်း ပြုခွင့်ပေး၏” ဟု မိန့်ကြားလေသည်။

ကာဠုဒါယီသည် မင်းချင်းယောကျ်ား တထောင်ခြံရံလျက် ကပိလဝတ်ပြည်မှ ထွက်ခဲ့ရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တော်သို့ ရောက်သော် ဘုရားရှင် တရားဟောခိုက်နှင့် ကြုံကြိုက် နေ၍ ပရိသတ်စွန်မှထိုင်၍ တရားနာကြသည်။ တရားအဆုံးတွင် ထိုသူအားလုံးလည်း အကျွတ်တရားရ၍ ရဟန္တာဖြစ်သွားကြ ပြန်သည်။

သို့ရာတွင် ကာဠုဒါယီကား လောကီအနှောင်အဖွဲ့မှ ကင်း လွတ်သည့် ရဟန္တာအဖြစ်သို့ ရောက်သော်လည်း ယခင်ကအမတ် များကဲ့သို့ ကြောင့်ကြမဲ့မနေ။ သုဒ္ဓေါဒနမင်းကြီးထံ၌ ဝန်ခံချက် ပေးခဲ့သည့်အတိုင်း ရာဇဂြိုဟ်သို့ရောက်၍ ရက်အနည်းငယ်ရသော အခါ ဗုဒ္ဓရှင်တော်မြတ်အား ကပိလဝတ်ပြည်သို့ ကြွရန် လျှောက် ကြား တောင်းပန်လေ၏။

ရှင်ကာဠုဒါယီ၏ လျှောက်ကြား တောင်းပန်ချက် အရ ဆောင်းရာသီကုန်၍ နွေရာသီရောက်စ တပေါင်းလပြည့်ကျော် တရက်နေ့၌ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ကြွချီလေသည်။ ယူဇနာ ခြောက်ဆယ်ကွာဝေးသော ခရီးကို တနေ့လျှင်တယူဇနာမျှသာ ကြွချီတော်မူသဖြင့် ကပိလဝတ်ပြည်သို့ ကဆုန်လပြည့်နေ့တွင် ဆိုက်ရောက်တော်မူ၏၊ ရာဇဂြိုဟ်ပြည်မှ ထွက်ခွာသည့်နေ့မှစ၍ ဗုဒ္ဓ ကြွလာသည့် သတင်းကို ရှင်ကာဠုဒါယီက ကြိုတင်ပေးပို့ခဲ့သဖြင့် သုဒ္ဓေါဒနမင်းကြီးမှာ အလွန်အကျူး ကြည်နူးဝမ်းမြောက်နေခဲ့သည်။ ဗုဒ္ဓနှင့် တပည့်သံဃာများ နေထိုင်သီတင်းသုံးရန်အတွက်လည်း မြို့အနီးရှိ နိဂြောဓ ဥယျာဉ်တွင် နေရာထိုင်ခင်းများ စီမံဆောက်လုပ်စေခဲ့သည်။

## သုံးကြိမ်မြောက် ရှိခိုး

ဗုဒ္ဓဆိုက်ရောက်လာသည့် နေ့တွင်ကား မင်းကြီးသည် ဆွေတော်မျိုးတော်အပေါင်း ခြံရံလျက် ခမ်းနားကြီးကျယ်စွာ ကြိုဆို၏။ ဗုဒ္ဓအား ကြိုဆိုရန် လိုက်ပါလာကြသော ဆွေတော်မျိုးတော်များတွင် အသက်ကြီးသူတို့က နောက်ပိုင်းမှနေကြပြီး ငယ်ရွယ်သူများကိုသာ ရှေ့တန်းသို့ ပို့ကြ၏။ ငယ်ရွယ်သူများက ဗုဒ္ဓအား ရှိခိုးကြသော်လည်း နောက်ပိုင်းမှနေသည့် အသက်ကြီးသူများကား ရှိခိုးခြင်းမပြုကြချေ။ အကြောင်းကား သာကီဝင်

မင်းမျိုးတို့၏ ထုံးဘမ်းစဉ်လာ၌ ငယ်သူကို ကြီးသူက ရှိခိုးရိုးမရှိသောကြောင့် ဖြစ်သည်။

ဤသို့ ဆွေတော်မျိုးတော်တို့က မိမိအား သာမာန်ပုဂ္ဂိုလ်တပါးကဲ့သို့ ထင်မှတ်လျက် ရှိမခိုးဘဲ နေကြသောအခါ ဗုဒ္ဓသည် ကောင်းကင်သို့ ပျံတက်၍ ရေအစုံ မီးအစုံကို ဖြစ်စေခြင်းစသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။ ထိုသို့ အံ့ဘွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာတို့ကိုမြင်လျှင် သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓအား ဦးတိုက်ရှိခိုးပြီး ဤသို့လျှောက်လေ၏။

"သားတော်ဘုရား အရှင်ဘုရား ဖွားမြင်သည့်နေ့က ဒေဝိလရသေ့၏ ထိပ်ပေါ်သို့ ပျံတက်၍ ရပ်သည်ကိုမြင်၍ ဘခင်တကြိမ် ရှိခိုးခဲ့ပါပြီ။"

"လယ်ထွန်မင်္ဂလာပွဲစဉ်က သပြေပင်ရိပ်ဝယ် သိပ်ထားရာမှ ထ၍ တင်ပလ္လင်ခွေ ထိုင်နေပြီး သပြေပင်ရိပ်မှာလည်း မရွေ့မပြောင်းဘဲ နေသည်ကိုမြင်၍ ဘခင်တကြိမ် ရှိခိုးခဲ့ပါပြီ။"

"ယခုတဖန် မကြုံစဖူး ထူးကဲသော တန်ခိုးပြာဋိဟာတို့ကို မြင်ရပြန်သောကြောင့် တတိယအကြိမ်မြောက် ဘခင် ရှိခိုးပါသည် ဘုရား။"

ဤသို့ သုဒ္ဓေါဒနမင်းကြီး ရှိခိုးသည်ကို မြင်လျှင် ကြွင်းသော ဆွေဘော်မျိုးတော်များကလည်းတယောက်မကျန် ရှိခိုးကြလေ၏။ ထို့နောက်အချိန်ကျရောက်သဖြင့်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်များသည် အသီးသီး နေရာမှထကာ ပြန်ခဲ့ကြလေ၏။ နောက်တနေ့နံနက်အတွက် ဆွမ်းဖိတ်ကြားခြင်းကိုမူ မည်သူမျှမပြု လုပ်ခဲ့ကြချေ။

## မျိုးရိုးစဉ်လာ

ထိုနေ့ညလွန်မြောက်၍ နောက်တနေ့နံနက်သို့ ရောက်သောအခါ သုဒ္ဓေါဒန မင်းကြီးသည် သားတော်ဘုရားနှင့်တကွ ရဟန္တာပေါင်း နှစ်သောင်းအတွက် ဆွမ်းဘောဇဉ်များကို အဆင်သင့် စီမံချက်ပြုတ်သား၏။ အထူးတလည် ဖိတ်ကြားခြင်းမပြုခဲ့သော်လည်း သားတော်ဘုရားသည် မိမိနန်းတော်သို့ပင် တန်းတန်းမတ်မတ် ကြွလာလိမ့်မည်ဟု ယုံကြည်လျက် စောင့်မြော်နေ၏။ သို့သော် ဗုဒ္ဓရှင်တော်မြတ်ကား နံနက်လင်းသော် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ကပိလဝတ်မြို့တွင်းသို့ ဝင်တော်မူခဲ့ပြီး အိမ်စဉ်အတိုင်း ဆွမ်းခံ လှည့်လည်တော်မူလေသည်။ မြို့သူမြို့သားများသည် အထူးအဆန်း ထင်မှတ်၍ တအံ့တသြ ကြည့်ရှုကြသည်။

"သိဒ္ဓတ္ထမင်းသားသည် ထမင်းတနပ်စာအတွက် မြို့ထဲမှာအိမ်စဉ်လျှောက်၍ တောင်းရမ်းနေသတဲ့"

ဤသတင်းသည် ကပိလဝတ်မြို့တွင်း၌ တမဟုတ်ခြင်း ပျံ့နှံ့၍ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့လည်း ဆိုက်ရောက်သွားလေ၏။ ယသောဓရာမင်းသမီးသည် လေသာပြူတင်းပေါက်မှ လှမ်း၍မြင်လေသော် သုဒ္ဓေါဒနမင်းကြီးထံ ဆောလျင်စွာသွား၍ "အရှင်မင်းကြီး အရှင့်သားသည် မိဘဆွေမျိုးတို့၏ မျက်နှာကိုမျှ မထောက်ထားဘဲ အိမ်စဉ်လျှောက်၍ စားစရာကို တောင်းခံနေသည်မှာ မသင့်လျော်ပါ"ဟု လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးသည် နန်းတော်မှ ကဗျာကရာဆင်း သွားပြီး ဗုဒ္ဓအား "အရှင်ဘုရား....အဘယ်ကြောင့် ခမည်း

တော်အား အရှက်ခွဲဘိသနည်း၊ ဤနှစ်သောင်းမျှသော သံဃာကို ခမည်းတော်မကျွေးနိုင်ဟု ထင်မှတ်၍ အိမ်စဉ်လျှောက်ကာ တောင်းရမ်းနေပါသလော” ဟု လျှောက်တင်လေ၏။

“ခမည်းတော်မင်းကြီး....ဤသို့ အိမ်စဉ်လျှောက်၍ ဆွမ်းခံခြင်းသည် ငါတို့၏ အစဉ်အဆက်မှ ဆင်းသက်လာသော အကျင့်မြတ်ဖြစ်ပေသည်။”

“အရှင်ဘုရား....မဟာသမ္မတမင်းမှစ၍ ဆင်းသက်လာသော တပည့်တော်တို့၏ သာကီဝင်မျိုးနွယ်၌ ဆွမ်းခံစားသည့် မင်းတပါးမျှ မရှိခဲ့ဘူးပါ”

“ခမည်းတော်မင်းကြီး.... ဤသာကီဝင်မျိုးနွယ်သည် သင်မင်းကြီးတို့၏ မျိုးနွယ်သာဖြစ်၏။ ငါဘုရား၏ မျိုးနွယ်မဟုတ်၊ ငါ၏မျိုးနွယ်ဖြစ်သော ရှေးဘုရားရှင်တို့ကား ဆွမ်းခံ၍စားခြင်း အစဉ် အလာ ရှိကြကုန်၏။”

ဗုဒ္ဓသည် ဤသို့ မိန့်ကြားပြီး လမ်းမှာပင် ရပ်လျက် မင်းကြီးအား တရားဂါထာတပုဒ်ကို ဟောကြားတော်မူရာ မင်းကြီးသောတာပန်တည်လေ၏။ ထို့နောက် မင်းကြီးသည် ဗုဒ္ဓနှင့်တပည့် သံဃာတို့အား နန်းတော်သို့ ပင့်ဆောင်ပြီး ဆွမ်းဆက်ကပ်၏။ ဗုဒ္ဓက ထပ်၍ တရားဟောကြားပြန်သဖြင့် မင်းကြီးသကဒါဂါမ်ဖြစ်ပြီး မိထွေးတော်ဂေါတမီလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ယသောဓရာ၏ ကျေးဇူး

ဗုဒ္ဓရှင်တော်မြတ် ဆွမ်းဘုဉ်းပေးပြီးသော် အလုံးစုံသော နန်းတွင်းသူ မောင်းမတို့သည် ဗုဒ္ဓရှေ့မှောက်သို့ လာရောက်ရှိခိုးကြသည်။ ယသောဓရာမင်းသမီးကား ထွက်မလာဘဲ သူ့အခန်းမှာပင် နေ၏။ အခြွေအရံများက "အရှင်မ....အဆောင်တော်မှ ထွက်၍ ဘုရားရှင်ကို ရှိခိုးကန်တော့ပါအုံးလော့"ဟု လျှောက်တင်ကြလျှင် "ရှင်မတို့....အရှင့်သားသည် ငါ့ကျေးဇူးကို သတိရပါက ငါ့အခန်းသို့ ကြွလာမါလိမ့်မည်"ဟု ပြောဆိုသည်။

ထိုအကြောင်းကို နန်းတွင်းသူတို့က ဗုဒ္ဓအား လျှောက်ကြားကြသည်။ ဗုဒ္ဓသည် မင်းကြီးနှင့်တကွ အဂ္ဂသာဝက နှစ်ပါးကိုပါ ခေါ်၍ ယသောဓရာ မင်းသမီး၏ အဆောင်သို့ ကြွတော်မူလေ၏။ ယသောဓရာသည် ဗုဒ္ဓ၏ ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုက်လျက် ရှိုက်ကြီးတငင် ငိုကြွေးကာ ရှိခိုးကန်တော့လေသည်။

ထိုအခါ မင်းကြီးသည် ချွေးမတော်၏ ဂုဏ်ကျေးဇူးများကို ချီးကျူးထုတ်ဖော်၍ လျှောက်ကြားလေ၏။

"သားတော်ဘုရား....ကျွန်ုပ်၏သမီးတော်သည် သားတော်အား အလွန်ပင် ချစ်ခင်မြတ်နိုးလှပါသည်။ သားတော် တောထွက်သွားသော်လည်း ရှိစဉ်ကကဲ့သို့ပင် နေ့စဉ်ပြုမြဲဝတ်များကို မပျက်အောင် ပြုလုပ်ဆောင်ရွက်နေခဲ့ပါသည်။ သားတော် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သည်ဟု ကြားသောနေ့မှစ၍ သူမလည်း ဖန်ရည်ဆိုးသော အဝတ်ကိုသာ ဝတ်နေခဲ့

ပါသည်။ သားတော် ထမင်းတထပ်ကိုသာ စားသည်ဟု ကြားသည့်နေ့မှစ၍ သူမလည်း တထပ်သာ စားခဲ့ပါသည်။ သားတော်နှင့် ခြောက်နှစ်ကျော် ကင်းကွာ နေခဲ့သော်လည်း မင်းသားတပါးတို့အား တဏှာပေမဖြင့် လှည့်၍ပင် မကြည့်ခဲ့ပါ။"

"ခမည်းတော်မင်းကြီး....ယခုသော်ရာသည် ယခုဘဝ၌သာ မိမိကိုယ်ကို စောင့်ထိန်းသည်မဟုတ်၊ ရှေးအခါ ကိန္နရီမ ဖြစ်စဉ်ကလည်း ဤသို့ပင် စောင့်ထိန်းခဲ့ပေ၏။"

ဗုဒ္ဓသည် ဤသို့မိန့်ကြားကာ စန္ဒကိန္နရီဇာတ်ကို ဟောတော်မူပြီး ကျောင်းတော်သို့ ပြန်ကြွလေ၏။

## သားငယ်နှင့်မြေးကိုပါ လက်လွှတ်ခဲ့ရ

ဗုဒ္ဓ ကပိလဝတ်ပြည်သို့ ကြွရောက်၍ သုံးရက်မြောက်သော နေ့၌ ညီတော်နန္ဒမင်းသားနှင့် ဇနပဒကလျာဏီ မင်းသမီးတို့၏ ထိမ်းမြားလက်ထပ်ပွဲကို နန်းတော်၌ ခမ်းနားကြီးကျယ်စွာ ကျင်းပ၏။ ထိုအခမ်းအနားသို့ ဗုဒ္ဓကြွရောက်၍ တရားဟောပြီး ပြန်ကြွသည့်အခါ နန္ဒမင်းသားအား သပိတ်ကို ထမ်းစေကာ ကျောင်းတော်သို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက် မကြာမီပင် "နန္ဒမင်းသားအား ဗုဒ္ဓက ရဟန်းဝတ်ပေးလိုက်ပြီတဲ့" ဟူသော သတင်း ဆိုက်ရောက်လာသောကြောင့် ကပိလဝတ်နန်းတွင်း၌ ပွက်လောရိုက်သွားလေသည်။ သားကြီးသိဒ္ဓတ္ထအစား သားငယ်နန္ဒကိုနန်းတင်မည်ဟု ကြံရွယ်

ထားသော သုဒ္ဓေါဒနမင်းကြီးမှာလည်း တအားပျက်သွား ပြန်၏။

ဗုဒ္ဓ ကြွရောက်လာ၍ ခုနစ်ရက်မြောက်သော နေ့၌ကား ယသောဓရာသည် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော သား တော်လေး ရာဟုလာအား လှပတင့်တယ်စွာ ဝတ်စားဆင်ယင် ပေးပြီး အမွေတောင်းရန် ဗုဒ္ဓထံပါးသို့ စေလွှတ်လိုက်၏။ ရာဟုလာကလေးသည် သူ့မိခင် သင်ပေးလိုက်သည့် အတိုင်း ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ ကလေးတို့ ဘာဝ တီတီတာတာ ချစ်ခရာစကားများကို ပြောဆိုကာ အမွေ တောင်းလေသည်။

"အို....ဘခင်၊ ဘခင်တောမထွက်မီက ဤနန်းတော်တွင်း၌ ရတနာရွှေအိုးကြီး လေးလုံးရှိခဲ့သည်ဟု ဆိုပါသည်။ ယခု ထို ရွှေအိုးကြီးများကို ကျွန်ုပ်တို့ မတွေ့မမြင်ရပါ။ ဘယ်နေရာမှာ ဘခင်ထားခဲ့ပါသနည်း။သားတော်အား ပြောကြားခဲ့ပါလော့"

ဗုဒ္ဓဆွမ်းဘုဉ်းပေးပြီး၍ ကျောင်းတော်သို့ ပြန်ကြွသော အခါ ရာဟုလာ ကလေးသည်လည်း သင်္ကန်းစကို ဆွဲကာ နောက်မှ တကောက်ကောက် လိုက်ပါလာ၏။ ဗုဒ္ဓကလည်း "ချစ်သား....ပြန်လော့"ဟု မိန့်ကြားခြင်းမပြု။ ရဟန်းများ ကလည်း ဟန့်တားခြင်း မပြုဂုံ့သောကြောင့် ရာဟုလာကလေး သည် ကျောင်းတော်သို့ ရောက်လာ၏။ ထိုအခါ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား ရာဟုလာကို ရှင်ပြုပေးလိုက်ရန် မိန့်ကြား သဖြင့် ရာဟုလာကလေးသည် အသက်ခုနစ်နှစ်အရွယ် ကလေး ငယ်ဘဝဖြင့်ပင် ရှင်သာမဏေကလေးတပါးအဖြစ်သို့ ရောက် သွားလေတော့သည်။

ထိုသတင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိလေသော် လွန်စွာ တုန်လှုပ်ချောက်ချားလျက် ကျောင်းတော်သို့ ချက်ခြင်းလိုက် သွားကာ ဗုဒ္ဓအား ဤသို့ လျှောက်တင်ရှာလေသည်။

"သားတော်ဘုရား.... ဘခမည်းတော်သည် စကြာမင်းဖြစ် လိမ့်မည်ဟု မျှော်လင့်ထားသော သားတော်ကြီး တောထွက် သွားစဉ်က ပထမအကြိမ် စိတ်မချမ်းသာခြင်း ဖြစ်ခဲ့ရပါသည်"

"သားတော်ကြီး မရှိတော့၍ သားတော်ငယ်နန္ဒကို ထီးနန်း လွှဲအပ်ရန် ကြံရွယ်ခဲ့ပါသည်။ သို့ရာတွင် ထိုသားတော်ငယ်နန္ဒ ကို ရဟန်းပြုပေးလိုက်သောကြောင့် ဒုတိယအကြိမ် ခမည်းတော် စိတ်မချမ်းမသာ ဖြစ်ခဲ့ရပြန်ပါသည်"

"သားတော်များ မရှိတော့၍ မြေးတော်ကလေး ရာဟုလာ ကို အားကိုးမည်ကြံခဲ့ရာ ထိုမြေးတော်ကလေးကိုပါ ရှင်ပြုပေး လိုက်သောအခါ ခမည်းတော် ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ တော့မည်နည်း။"

မင်းကြီးသည် ဤသို့ ဖွင့်ဟလျှောက်ထားပြီး မိဘတို့ ခွင့်မပြု သည့် သားသမီးများကို ရှင်ရဟန်း ပြုမပေးရန် တောင်းပန်လေ ၏။ ထိုတောင်းပန်ချက်အရ ဗုဒ္ဓက ရဟန်းတို့အား "မိဘခွင့်မပြု သည့် သားသမီးများကို ရှင်ရဟန်း ပြုမပေးရ" ဟု ပညတ်ချက် တရပ် ထုတ်ပြန်တော်မူသည်။

ထို့နောက် တနေ့သ၌ နန်းတော်သို့ ဆွမ်းခံကြွလာသော ဗုဒ္ဓအား မင်းကြီးက ဤသို့လျှောက်တင်ပြန်၏။

"သားတော်ဘုရား တရားကျင့်နေစဉ်က နတ်သားတယောက် လာ၍ 'သင့်သားသည် တရားအားထုတ်နေရင်း အားပြတ်၍ သေရှာပြီ' ဟု ပြောခဲ့ပါသည်။ ထိုစကားကို ခမည်းတော် မယုံ

ကြည်ခဲ့ပါ။ 'ငါ့သားသည် ဘုရားမဖြစ်ဘဲ မသေနိုင်' ဟု ပြန်ပြောလိုက်ပါသည်။ ယခု ထိုသို့ ပြောလိုက်သည့်အတိုင်း မှန်ကန်နေသည်ကို တွေ့မြင်ရ၍ အလွန်ဝမ်းမြောက်လှပါသည်။"

"ခမည်းတော်မင်းကြီး.... ဤသို့သောစကားကို ယခုမှသာ သင်မယုံကြည်သည်မဟုတ် ဓမ္မပါလ သူဌေးဖြစ်စဉ်က တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီးကိုယ်တိုင်လာပြီး အရိုးများကိုပြ၍ သင့်သားသေပြီဟု ပြောသော်လည်း မယုံကြည်ခဲ့ပေ။"

## စကြာမင်းဖြစ်သည်ကို မမြင်ရသော်လည်း

ဗုဒ္ဓသည် ဤသို့မိန့်ကြားပြီး မဟာဓမ္မပါလဇာတ်ကို ဟောတော်မူရာ မင်းကြီး အနာဂါမိဖိုလ်၌ တည်လေ၏။ ထို့နောက် ဗုဒ္ဓသည် ဝါဆိုချိန်နီးလတ်သော် ကပိလဝတ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ပင် ပြန်ကြွတော်မူခဲ့လေသည်။

ယင်းသို့ ပြန်ကြွလာပြီး နှစ်နှစ်ကျော် သုံးနှစ်နီးပါး ကြာသောအခါ ဗုဒ္ဓသည် ကပိလဝတ်ပြည်သို့ ဒုတိယအကြိမ် ကြွရောက်ရပြန်သည်။ ဒုတိယအကြိမ် ကြွရောက်ရသည့် အကြောင်းကား ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်သားတို့သည် ရောဟိနီမြစ်မှ ရေကို အဝေမတည့်သဖြင့် စစ်ခင်းရန် ပြင်ဆင်နေကြရာ ထိုရန်ပွဲကို တားဆီးရန် ဖြစ်ပေသည်။

ဗုဒ္ဓကြွလာခြင်းကြောင့် ထိုရန်ပွဲ ငြိမ်းအေးသွားသည့် အပြင် တဖက်လျှင် နှစ်ရာ့ငါးဆယ်စီဖြင့် ငါးရာသောသာကီဝင်အမျိုးသားတို့ကိုလည်း ရဟန်းပြုရန် ဗုဒ္ဓအား အပ်နှံကြသည်။ဗုဒ္ဓသည်

ကပိလဝတ် ပြည်၌ ထိုက်သင့်သမျှ နေထိုင်ပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော် မျိုးတော်တို့အား အမြိုက်တရား ဟောကြားတော်မူသည်။ ထို့နောက် ရဟန်းသစ်ငါးရာ နှင့်အတူ ဝေသာလီပြည်သို့ ကြွတော်မူခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ် ဝေသာလီပြည် ကူဋာဂါရ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ကပိလဝတ်ပြည်မှ အမတ်တယောက် ရုတ်တရက် ဆိုက်ရောက်လာပြီး ခမည်းတော်မင်းကြီး အသည်းအသန် မကျန်းမမာ ဖြစ်နေကြောင်း လျှောက်ထားသည်။ ဗုဒ္ဓသည် နောက်လိုက်ရဟန်း အနည်းငယ်ဖြင့် ထိုအမတ်နှင့်အတူ ကပိလဝတ်ပြည်သို့ လိုက်ပါကြွသွား၏။ ခမည်းတော် မင်းကြီးကား သားတော်ဘုရား ဆိုက်ရောက်လာ၍ သုံးရက်မြောက်သော နေ့၌ ရွှေနန်းတော်ထက်မှာပင် ကိလေသာ အာသဝေါ ကင်းစင်သော အရိယာပုဂ္ဂိုလ်မြတ် အဖြစ်ဖြင့် ဘဝဇာတ်သိမ်းလေသည်။

ဤသို့ဖြင့် သုဒ္ဓေါဒန မင်းကြီးသည် သားတော်အား စကြာမင်း ထီးဆောင်းသည်ကို မြင်မသွားရ ရှာသော်လည်း သားတော်၏ လောကုတ္တရာ အမြိုက်တရားကိုကား ပြည့်ပြည့်ဝဝ ခံစားသွားရလေသည်။

၁၃-လောကဝဂ် -၂- သုဒ္ဓေါဒနဇတ္ထုကိုချဲ့ထွင်ရေးသားသည်။



# ရောင့်ရဲခြင်း

သာဝတ္ထိ မြို့တော်အနီး ရွာကြီးတရွာ၌ တိဿအမည်ရှိသော အမျိုးသား တယောက်ရှိ၏။ ထိုအမျိုးသားသည် မိဘနှစ်ပါးအား လုပ်ကျွေးပြုစုနေရာမှ တရံရောအခါ ဗုဒ္ဓတရားကို ကြားနာရသဖြင့် လူ့ဘောင်ကိုစွန့်ကာ ရဟန်းပြုလိုက်လေ၏။ သား၏ ထက်သန်ပြင်းပြသော စိတ်ဆန္ဒကို တားဆီး ပိတ်ပင်ခြင်း မပြုလိုသောကြောင့်သာ ရဟန်းပြုခွင့် ပေးလိုက်သော်လည်း သားနှင့် မကွဲမကွာ နေလိုသော မိဘများက ရှင်တိဿအား ထိုရွာ၌ပင် သီတင်းသုံးနေထိုင်ရန် တောင်းပန် ကြသည်။ ရှင်တိဿကလည်း မိဘများ၏ဆန္ဒကို လိုက်လျောကာ ထိုရွာ၌ပင် သီတင်းသုံးနေထိုင်လေသည်။

တရံရောအခါ မြို့တော်မှ ရဟန်း သုံးကျိပ်တို့သည် ရှင်တိဿ၏ကျောင်းသို့ ဆိုက်ရောက်လာကြ၏။ ရှင်တိဿသည် အာဂန္တု ရဟန်းတို့အား ဧည့်ဝတ်ကျေအောင် ပြုစုပြီး ဆွမ်းခံချိန်

ရောက်သောအခါ ထိုရဟန်းတို့နှင့်အတူပင် ရွာထဲသို့ ဆွမ်းခံဝင်လေသည်။ ထိုရွာရှိ လူတို့သည် အများအားဖြင့် ရှင်တိဿနှင့် ဆွေမျိုးဉာတိ တော်စပ်သူများ ဖြစ်ကြသည်။ ထို့ကြောင့် အာဂန္တု ရဟန်းများ ပါလာသည်ကို တွေ့မြင်ကြလျှင် ရွာသူရွာသားများသည် မိမိတို့ စွမ်းအားရှိသလောက် ကြိုးစားအားထုတ်ကာ ဆွမ်းလောင်းလှူကြလေသည်။

သို့သော်လည်း ထိုရွာသားများ လောင်းလှူကြသော ဆွမ်းသည် သာဝတ္ထိမြို့တော်မှ သူဌေး သူကြွယ် မင်းစိုးရာဇာတို့ လောင်းလှူသော ဆွမ်းနှင့်ကား မတူ။ ကြမ်းတမ်း နိမ့်ရဲသော မုယောဆန်ဆွမ်းနှင့် ထောပတ်ဆီ ကင်းသော ဟင်းလျာများသာဖြစ်၏။ ထို့ကြောင့် ရဟန်းပြုသည့် အချိန်မှစ၍ ရသမျှနှင့် ရောင့်ရဲမည်ဟူသော စိတ်ဓါတ်ကို မွေးမြူခဲ့သော ရှင်တိဿအဘို့ မည်သို့မျှ မထူးခြားသော်လည်း မြို့တော်မှ ရဟန်းများမှာမူ ယောဆွမ်းကို မြိန်ရှက်စွာ ဘုဉ်းပေး သုံးဆောင်ခြင်း မပြုနိုင်ကြချေ။

ထိုရဟန်းများသည် ရှင်တိဿ၏ကျောင်း၌ ရက်အနည်းငယ်မျှသာ နေထိုင်ပြီးနောက် သာဝတ္ထိမြို့တော်သို့ ပြန်သွားကြသည်။ မပြန်မီ မိမိတို့မြို့တော်သို့ တခါတခေါက် အလည်အပတ်လာရန် ရှင်တိဿအား ဖိတ်ခေါ်ကြသည်။ မြို့တော်၌ ကောသလမင်းကြီးနှင့်တကွ ဝိသာခါ အနာထပိဏ် စသော သူဌေးသူကြွယ်တို့က နေ့စဉ်ဒါန ပြုလုပ်နေကြသောကြောင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပေါများပုံတို့ကိုလည်း အားပါးတရ ပြောကြားခဲ့ကြသည်။

အလားတူပင် ရှင်တိဿကျောင်းသို့ မြို့တော်မှ ရဟန်းများ မကြာခဏ ရောက်လာတတ်ကြသည်။ ထိုရဟန်းများသည် တောဆွမ်း၊ တောဟင်းဖြင့် နှမ်းနှမ်းပါးပါး နေရရှာသော ရှင်တိဿအား စာနာထောက်ထားမှု အပြည့်ဖြင့် မြို့သို့တက်လာရန် ထပ်တလဲလဲ ဖိတ်ခေါ်ကြလေသည်။ မြို့တော်၌ ထူးထူး ခြားခြား အလှူပွဲကြီးရှိသည့် အချိန်အခါများတွင်မူ ရှင်တိဿထံ တကူးတက လူလွှတ်၍ပင် ဖိတ်ခေါ် ကြလေသည်။

ဤသို့ ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်တို့က ကြိမ်ဖန်များစွာ ဖိတ်ခေါ်နေသည့်ကြားမှပင် ရှင်တိဿသည် သာဝတ္ထိသို့ တခါတခေါက်မျှ မရောက်ခဲ့။ စင်စစ် သူ့ရွာနှင့် သာဝတ္ထိသည် အလှမ်းဝေးလှသည်မဟုတ်။ တနေ့ ခရီးမျှသာရှိ၏၊ သို့ပါလျက် မိမိတို့၏ ဖိတ်ခေါ်မှုကို လျစ်လျူရှု၍ တောရွာမှ မခွာဘဲ နေသော ရှင်တိဿကို အချို့သော ရဟန်းတို့က တမျိုးတမည် မြင်လာကြသည်။ ဤရဟန်းသည် ဆွေမျိုးဉာတိတို့နှင့် ဆက်ဆံ ရောနှော၍ နေရသည်ကို ကျေနပ် နှစ်ခြိုက်နေ၏။ ဆွေမျိုးများကို မခွဲနိုင်သောကြောင့်သာ တောရွာ၌ ကပ်၍ နေခြင်းဖြစ်၏ ဟု ဝေဖန် ပြောဆိုလာကြသည်။

ထိုရဟန်းတို့၏ ဝေဖန် ပြောဆိုသံများသည် တဖြည်းဖြည်း ကျယ်ပြန့်လာရာ နောက်ဆုံးတွင် ဗုဒ္ဓရှင်တော်မြတ်၏ နားတော်သို့ပင် ပေါက်ကြားသွားတော့သည်။ ထိုအခါ ဗုဒ္ဓသည် ရှင်တိဿကို ဇေတဝန်ကျောင်းတော်သို့ အရောက်ခေါ်စေပြီး မေးမြန်းစုံစမ်းတော်မူ၏။

"ချစ်သားတိဿ….သင်သည် ဆွေမျိုး ဉာတိ များနှင့် ဆက်ဆံရောနှော၍ နေသည်ဟု ကြားရသည်။ ကြားသည့်အတိုင်း မှန်ပါသလော"

"အရှင်ဘုရား….တပည့်တော်သည် ဆွေမျိုးဉာတိတို့၏ ရွာကို အမှီပြု၍ နေသော်လည်း မိမိတပါးစာအတွက် ရသမျှသော ဆွမ်းဖြင့်သာ ရောင့်ရဲ တင်းတိမ်၍ နေခဲ့ပါသည်။ အကောင်း အဆိုး ရွေးချယ်ခြင်းမပြုခဲ့ပါ၊ ဤသို့ ရသမျှနှင့် ရောင့်ရဲတင်းတိမ်သည့်အတွက်လည်း အရပ်တပါးသို့ လှည့်လည်သွားလာမှု မပြုခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ရဟန်းတို့နှင့် မလျော်သော ရောနှောဆက်ဆံမှုကိုမူ လုံးဝပင် မပြုခဲ့ပါဘုရား။"

ဤသို့ ရှင်တိဿက ရှင်းလင်း လျှောက်တင်သောအခါ ဗုဒ္ဓသည် "ချစ်သားတိဿ ကောင်းပေ၏၊ ကောင်းပေ၏။ရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်းကား သူတော် သူမြတ်တို့၏ လမ်းစဉ်ပင် ဖြစ်၏" ဟူ၍ ချီးကျူး မိန့်မြွက်တော်မူသည်။ ထို့နောက် တဖန် သူတော် သူမြတ်တို့သည် ရသမျှနှင့် ရောင့်ရဲ တင်းတိမ်ကြပုံကို အတိတ်ဆောင်၍ ဟောကြားရန် ရဟန်းတို့က တောင်းပန်ကြသဖြင့် အောက်ပါ ဇာတ်လမ်းကို ဗုဒ္ဓက ဟောကြားတော်မူလေသည်။

ရှေးအခါက ဟိမဝန္တာ တောအတွင်း ဂင်္ဂါမြစ်ကမ်း၌ ရေသဖန်းပင်ကြီး တပင်ရှိ၏။ ထို ရေသဖန်းပင်ကို အမှီပြု၍ များစွာသော ကျေးငှက်တို့ နေထိုင်ကြသည်။ ထို ကျေးငှက်တို့သည် ရေသဖန်းပင်ကြီး အသီးအပွင့်များဖြင့် စည်ကားနေသောအခါ ထို အသီးအပွင့်များကို ဆွတ်ခူး စားသုံးကြသည်။ အသီးအပွင့်များ ကုန်ခန်း၍ ရေသဖန်းပင်ကြီး ပင်လုံးမျှသာ ကျန်တော့

သောအခါတွင်မူ အရပ်တပါးသို့ လှည့်လည်၍ အစာကို ရှာဖွေစားသောက်ကြသည်။

ကျေးငှက် အပေါင်းတွင် တကောင်သော ကျေးငှက်ကား အခြားငှက်များကဲ့သို့ အရပ်တပါးသို့ လှည့်လည် သွားလာခြင်း မပြု။ ထို ရေသဖန်းပင်ကြီး၌သာ အမြဲတမ်း မှီတင်း နေထိုင်လေ၏။ ထို ကျေးငှက်သည် ရေသဖန်းပင်၌ အသီးအပွင့်များ ရှိသောအခါ အသီးအပွင့်များကို မှီဝဲစားသောက်၏။

အသီးအပွင့်များ မရှိသောအခါတွင်မူ အခေါက် အပွေးစသည်တို့ကို ဖြစ်သလို စားသောက်၍ ရောင့်ရဲ တင်းတိမ်နေလေ၏။

ဤသို့ ရေသဖန်းပင်၌ ဖြစ်သလိုနေထိုင်သော ကျေးငှက်ကို တာဝတိံသာ နတ်ပြည်မှ သိကြားမင်းမြင်လျှင် ထိုငှက်၏စိတ်ဓါတ်ကို စုံစမ်းလိုသောကြောင့် မိမိ၏ အာနုဘော်ဖြင့် ရေသဖန်းပင်ကို ခြောက်သွေ့စေ၏။ ရေသဖန်းပင်သည် အငုတ်မျှသာကျန်လျက် ပင်လုံး၌ အပေါက်အပေါက်များ ဖြစ်ပေါ်လာလေ၏။ ထိုအခါ တကောင်တည်း ကျန်ရှိနေသော ထိုကျေးငှက်သည် ပင်လုံး၏ အပေါက်များမှ ထွက်ပေါ်လာသော အမှုန့်စများကိုပင် မြိန်ရှက်စွာ စား၍နေပြန်၏။

သိကြားမင်းသည် ထိုအခြင်းအရာကိုမြင်လျှင် မိမိ၏ မိဖုရားဖြစ်သော သူဇာဒေဝီကို ခေါ်၍ ဟင်္သာငှက်မောင်နှံ အသွင်ဖြင့် ရေသဖန်းပင်၏အနီးရှိ သစ်ပင်တပင်၌ လာရောက်နားနေလေ၏။

ထို့နောက် ရေသဖန်းပင် ငုတ်တိုပေါ်၌ တကောင်တည်း နားနေသော ကျေးငှက်အား နှုတ်ဆက်စကား ပြောကြားကာ ဤသို့ မေးမြန်းလေသည်။

"အဆွေကျေးငှက် ဤတောကြီးထဲ၌ အသီးအရွက်နှင့် ပြည့်စုံ၍ စိမ်းလန်းစိုပြေသော သစ်ပင်ကြီးငယ်တို့ များစွာပင်ရှိကြပါသည်။ သို့ပါလျက် တပင်လုံး ခြောက်သွေ့၍ ငုတ်တိုမျှသာ ကျန်တော့သော ဤရေသဖန်းပင်၌ အဘယ်ကြောင့် သင်ပျော်မွေ့နေပါသနည်း။"

"အဆွေဟသ်ာငှက်....ငါတို့သည် ဤရေသဖန်းပင်၏ အသီးအပွင့်များကို နှစ်ပေါင်းများစွာ စားသုံးနေခဲ့ကြပါသည်။ အသီးအပွင့်များကင်း၍ ငုတ်တိုမျှသာကျန်တော့သော ယခုအခါ၌လည်း ဤရေသဖန်းပင်အပေါ်၌ ရှေးကကဲ့သို့ပင် တွယ်တာမြတ်နိုးလျက်ရှိပါသည်။ မိတ်ကောင်း ဆွေကောင်းတို့မည်သည် ချမ်းသာသော အခါ၌ဖြစ်စေ ဆင်းရဲသော အခါ၌ဖြစ်စေ မိမိမိတ်ဆွေကို စွန့်ခွာရိုးမရှိပါ။ ကျွန်ုပ်သည် ဤရေသဖန်းပင်အား ခင်ပွန်းမိတ်ဆွေတယောက်ကဲ့သို့ သဘောထားသဖြင့် ငုတ်တိုမျှသာ ကျန်သည့်တိုင်အောင် မစွန့်ခွာနိုင်ခြင်း ဖြစ်ပါသည်။"

"အဆွေကျေးငှက်....သင်၏သဘောထားကားမှန်မြတ်လှပေ၏။ သင့်ကို ကျွန်ုပ်နှစ်သက်သဖြင့် ဆုတခုပေးပါမည်၊ လိုသောဆုကို တောင်းပါလော့။"

"အဆွေဟသ်ာငှက်....အကယ်၍သင်သည် ကျွန်ုပ်အားဆုတခုပေးငြားအံ့၊ ဤရေသဖန်းပင်ကြီး ပြန်လည် ရှင်သန်၍ အသီးအပွင့်များဖြစ်လာသည်ကိုသာ ကျွန်ုပ်အလိုရှိပါသည်။"

ထိုအခါ သိကြားမင်းသည် ဟသ်ာငှက်အသွင်မှ သိကြားနတ်မင်းအသွင်သို့ ပြောင်းလဲပြီး ဂင်္ဂါမြစ်မှရေကို လက်ဝါးဖြင့်ပက်ဆောင်၍ ရေသဖန်းငုတ်တိုကို သွန်းလောင်းလေ၏။ ရေသဖန်း

ငုတ်တိုသည်။ တခဏခြင်းပင် အသီးအပွင့်များ ဖုံးအုပ်လျက် စိမ်းလန်းစိုပြေသော အပင်ကြီးအဖြစ်သို့ ရောက်သွားလေသည်။

ဗုဒ္ဓက ဤသို့အတိတ်ကို ဆောင်တော်မူပြီး ရဟန်းမည်သည် ရသမျှနှင့်သာ ရောင်ရဲတင်းတိမ်၍ မမေ့မလျော့နေမှသာ နိဗ္ဗာန်နှင့် နီးမည်ဖြစ်ကြောင်း မိန့်ကြားတော်မူရာ ရှင်တိဿသည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေ၏။

၂-အပ္ပမာဒဝဂ် ၉--နိဂမဝါသီ တိဿထေရ ဝတ္ထု။



# စောင့်စည်းခြင်း

သာဝတ္ထိပြည်မှ ဟတ္ထကနှင့် စေတက အမည်ရှိသော လုလင်နှစ်ယောက်တို့သည် ဗုဒ္ဓတရားကို ကြားနာရသဖြင့် ယုံကြည်သက်ဝင်မှု ဖြစ်ပေါ်လာပြီး သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုကြလေသည်။ ထိုရဟန်းနှစ်ပါးသည် ငယ်သူငယ်ချင်းများဖြစ်ကြသည့်အတိုင်း ရဟန်းဘဝတွင်လည်း အမြဲတမ်းလိုပင် သွားအတူ လာအတူ ရှိကြသည်။ တနေ့သ၌ သူတို့နှစ်ပါးသည်အစိရဝတီ မြစ်၌ ရေချိုးပြီး သာယာသော သဲသောင်ပြင်၌ နေပူဆာလှုံနေကြလေသည်။

ထိုအချိန်တွင် ကောင်းကင်၌ ဟင်္သာငှက်နှစ်ကောင် ပျံသန်းလာသည်။ ထို ဟင်္သာနှစ်ကောင်ကို မြင်လျှင် ရှင်ဟတ္ထကသည် ကျောက်စရစ်ခဲတလုံးကို ကောက်ယူပြီး သူသည် ပျံသန်းနေသော ဟင်္သာတကောင်၏ မျက်စိကို ကျောက်စရစ်ခဲဖြင့် မှန်အောင် ပစ်လိုက်နိုင်ကြောင်း ပြောဆိုလေသည်။

"ငါ့ရှင်ဟပ္ပကာ....ပျံနေတဲ့ငှက်ရဲ့မျက်စိကိုမှန်အောင်ပစ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အလုပ်တခုဘဲ။"

"ဖြစ်နိုင်ကြောင်း တပည့်တော် လက်တွေ့ပြပါမယ်၊ ပျံနေတဲ့ငှက်ရဲ့ ဒီဘက်မျက်စိကို ထားပါတော့၊ ဟိုဘက်မျက်စိကို တောင်မှန်အောင် ပစ်နိုင်ပါသေးတယ်။"

"ကြည့်ရသေးတာပေါ့ ငါ့ရှင်။"

ထိုအခါ ရဟန်းငယ် ရှင်ဟပ္ပကသည် ပျံသန်းနေသော ဟင်္သာတကောင်၏နောက်မြီးပိုင်းဆီသို့ ကျောက်စရစ်ခဲတလုံးကို လှမ်းပစ်လိုက်၏။ ဟင်္သာငှက်သည် ကျောက်စရစ်ခဲသံကို ကြားသဖြင့် နောက်သို့လှည့်ကြည့်သည်။ ထိုအခိုက်တွင် ရဟန်းငယ်က နောက်ထပ် ကျောက်ခဲတလုံးဖြင့် ပစ်လိုက်ရာ ဟင်္သာငှက်၏ ဘယ်ဘက်မျက်စိကို ထိမှန်ပြီး ညာဘက်မျက်စိဖြင့် ဖေါက်ထွက်သွားသည်။ ဟင်္သာငှက်သည် သနားစဖွယ် အော်မြည်လျက် မြေပြင်သို့ ကျလာပြီး ချက်ခြင်း သေဆုံးသွားရှာလေ၏။

ရဟန်းငယ်၏ လက်ချက်ဖြင့် ဟင်္သာငှက်ကလေး အသက်ဆုံးရှုံးသွားရပုံကို ထိုအချိန်တွင် မြစ်ဆိပ်၌ ရေချိုးနေကြသော အခြား ရဟန်းများလည်း သိရှိသွားကြသည်။ ထို ရဟန်းတို့သည် ရဟန်းငယ်နှစ်ပါးရှိရာသို့ စုဝေးလာကြပြီး "ငါ့ရှင်တို့ ရဟန်းဖြစ်ပါလျက် သူ့အသက်ကို သတ်ခြင်းကား မလျောက်ပတ် လွန်းစွတကား" ဟု ကဲ့ရဲ့ပြစ်တင်ကြသည်။ ကဲ့ရဲ့ပြစ်တင်ရုံသာမက ရဟန်းငယ်နှစ်ပါးကို ဗုဒ္ဓထံ ခေါ်ဆောင်ပြီး ထိုအကြောင်းကို တိုင်တန်း လျှောက်ထားကြသည်။

ဗုဒ္ဓရှင်တော်မြတ်က "ရဟန်းငယ်....သင်သည် သူတပါးအသက်ကို သတ်သည်ဆိုခြင်းမှာ မှန်ပေသလော" ဟု မေးမြန်း

လျှင် ရဟန်းငယ်ကလည်း မှန်ကန်ကြောင်း ဝန်ခံသည်။ ထို
အခါ ဗုဒ္ဓက "ရဟန်းငယ်....သင်သည်သာသနာ့ဝန်ထမ်းရဟန်း
ဖြစ်ပါလျက် အဘယ့်ကြောင့် သူ့အသက်ကို သတ်ဘိသနည်း။
ရှေး ပညာရှိတို့သည် သူ့အသက်ကို သတ်ရန် မဆိုထားဘိ
အသေး အဖွဲ့ ဖြစ်သော အမှုကလေး များ ကိုပင် ကြောင့်ကြ
တကြီး စောင့်စည်း ထိန်းသိမ်း ခဲ့ကြကုန်၏" ဟူ၍မိန့်ကြားတော်
မူပြီး အတိတ်ကို ဆောင်တော်မူလေသည်။

## ကုရုကျင့်စဉ်

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္ထမြို့၌ ဓနဉ္စယ အမည်ရှိသော
မင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြု၏။ ထိုမင်း
သည် ငါးပါးသီလကို မိမိကိုယ်တိုင် အမြဲ စောင့်ထိန်းပြီး
တိုင်းသူ ပြည်သားများအားလည်း စောင့်ထိန်းရန် တိုက်တွန်း
ညွှန်ကြားလေ့ ရှိ၏။ အထူးအားဖြင့် ဘုရင်မင်းမြတ်နှင့်တကွ
မယ်တော်၊ မိဖုရားကြီး၊ အိမ်ရှေ့မင်းသား ပုရောဟိတ်ပုဏ္ဏား၊
ရထားထိန်းစသော ပုဂ္ဂိုလ် ၁၁–ယောက်တို့သည် ငါးပါး
သီလကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲမကွာ စောင့်ထိန်းသူများ
အဖြစ် ထင်ရှားလျက် ရှိကြသည်။ ဘုရင်မင်းမြတ်ကား သီလကို
စောင့်ထိန်းရုံသာမက ပစ္စည်းဥစ္စာ အမြောက်အမြားကို စွန့်ကြဲ
၍ အလှူပွဲကြီးများကိုလည်း နေ့စဉ်မပြတ် ပြုလုပ်နေလေသည်။
ဤသို့ ဘုရင်မင်းမြတ်မှစ၍ တတိုင်းတပြည်လုံး အကျင့်သီလနှင့်

ပြည့်စုံသော ကုရုတိုင်း၌ မိုးလေဝသ ကောင်းမွန်၍ ဆန်ရေစပါး ပေါများကာ သာယာဝပြောလျက် ရှိလေသည်။

ထိုအချိန်တွင် ကလိင်္ဂတိုင်း ဒန္တပူရမြို့၌လည်း မင်းတပါး မင်းပြုလျက်ရှိသည်။ ထိုမင်းကား မင်းကျင့်တရားကိုနားမလည်။ ဒါန သီလ တို့ကိုလည်း စောင့်ထိန်း အားထုတ်သူ မဟုတ်ချေ။ ထို့ကြောင့် တိုင်းသူ ပြည်သားများမှာလည်း ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူ အလွန် နည်းပါးလျက် ရှိလေသည်။ တရံရောအခါ ကလိင်္ဂ တတိုင်းလုံး၌ မိုးအကြီးအကျယ်ခေါင်၍ ဆန်ရေစပါး ရှားပါးမှုဘေးကြီး ဖြစ်ပေါ်လာလေသည်။

ဆန်ရေစပါး ရှားပါး၍ အငတ်ဘေးကြီးနှင့် ရင်ဆိုင်တွေ့ကြုံကြရသော တိုင်းသူ ပြည်သားတို့သည် ထိုဘေးဒဏ်ကို ကြာရှည် မခံ နိုင်ကြတော့သဖြင့် ဘုရင့်နန်းတော် အနီး၌ စုဝေး၍ ကြွေးကြော်အော်ဟစ်ကြသည်။ ဘုရင်မင်းမြတ်သည် မှူးမတ်တို့အား "ရှေး မင်းများလက်ထက်၌ ဤကဲ့သို့သော ဘေးအန္တရာယ် ဖြစ်ပေါ်လျှင် မည်ကဲ့သို့ ပြုလုပ်သနည်း" ဟု မေးမြန်း၏။ မှူးမတ်တို့က "ဤကဲ့သို့သော ဘေးအန္တရာယ် ဖြစ်ပေါ်လာသော် ရှေးမင်းများသည် အဓိဋ္ဌာန်ဥပုသ်ဆောက်တည်ကြပါသည်" ဟု လျှောက်တင်ကြသည်။ ထိုအခါဘုရင်သည် မှူးမတ်တို့ လျှောက်တင်သည့်အတိုင်း အဓိဋ္ဌာန်ဥပုသ်ဆောက်တည်၏။ ပြည်သူပြည်သားများကိုလည်း ဆောက်တည်စေ၏။ သို့သော် မိုးကားမရွာ၊ ပြည်သူပြည်သားများမှာလည်း ငတ်မွတ်ခိုင်း ငတ်လျက်သာ ရှိလေ၏။

ထိုအခါ ဘုရင်သည် အမတ်တို့နှင့် ထပ်မံ တိုင်ပင်ပြန်၏။ အမတ်တို့က ကုရုတိုင်း ဓနဉ္စယမင်းကြီး၌ အဥ္စနဝဏ္ဏ အမည်

ရှိသော မင်္ဂလာ ဆင်တော်တစီး ရှိကြောင်း၊ ထို မင်္ဂလာဆင်တော်ကို ရအောင် ဆောင်ယူနိုင်လျှင် မိုးရွာဘွယ်ရှိကြောင်း လျှောက်တင် ကြသည်။ မင်္ဂလာ ဆင်တော်ကို ရရှိအောင် မည်ကဲ့သို့ ပြုရမည်နည်းဟု မေးမြန်းလျှင် ပုဏ္ဏားများကိုစေလွှတ်၍ အလှူခံလျှင် ရနိုင်ဘွယ် ရှိကြောင်း အမတ်တို့ကလျှောက်တင်ကြသည်။ အလှူခံခြင်း၌ ရဲရင့်ကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်ကို စေလွှတ်၍ အလှူခံရာ မင်္ဂလာဆင်တော်ကို ရရှိလာသည်။ သို့သော်လည်း မိုးမှာ ခေါင်မြဲတိုင်းပင် ခေါင်နေသဖြင့် အမတ်တို့နှင့် ထပ်မံ တိုင်ပင်ရ ပြန်သည်။

အမတ်တို့က ကုရုတိုင်းရှင် ဓနဉ္စယမင်းကြီးသည် ကုရုဓမ္မခေါ် ငါးပါးသီလကို မိမိကိုယ်တိုင် အမြဲစောင့်ထိန်းသည့်ပြင် တိုင်းသူပြည်သား များကိုလည်း စောင့်ထိန်း စေကြောင်း။ ထို့ကြောင့်ပင် သူ့တိုင်းပြည်၌ မိုးလေဝသ မှန်ကန်ကောင်းမွန်ခြင်း ဖြစ်သည်ဟု စုံစမ်း သိရှိရကြောင်း လျှောက်ကြားကြပြန်သည်။ မင်းကြီးသည် မင်္ဂလာဆင်တော်ကို ပြန်ပို့စေပြီး ဓနဉ္စယမင်းကြီး ကျင့်သုံးသော ကုရုဓမ္မကို မှတ်သားရန် ပုဏ္ဏား ရှစ်ယောက်ကို ဣန္ဒပတ္ထမြို့သို့ စေလွှတ်လိုက်သည်။

ပုဏ္ဏားတို့သည် ဣန္ဒပတ္ထမြို့သို့ ရောက်လျှင် ဓနဉ္စယ မင်းကြီးထံ ဝင်၍ "အရှင်မင်းကြီး ကျင့်သုံးသော ကုရုဓမ္မကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ" ဟု လျှောက်တင်ကြသည်။ထိုအခါ မင်းကြီးက ပုဏ္ဏားတို့အား ဤသို့ မိန့်ကြားတော်မူသည်။

"အချင်းတို့....ကျွန်ုပ်၏သီလကို သင်တို့အား ပေးလိုက်ပါမည်။ သို့သော်လည်း ထိုသီလနှင့် ပတ်သက်၍ ကျွန်ုပ်မှာ သံသယမကင်းသော အချက်တခု ရှိပါသည်။ တခါက ရေကန်ကြီး တခု

အနီး၌ လေးပြိုင်ပွဲကြီး ကျင်းပရာ ကျွန်ုပ်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ထိုပြိုင်ပွဲတွင် ကျွန်ုပ်ပစ်လွှတ်လိုက်သော မြှားလေးစင်းအနက် သုံးစင်းကိုသာပြန်တွေ့ပြီး တစင်းကို ပြန်မတွေ့ပါ။ ထိုမြှားတစင်းသည် ရေကန်ထဲသို့ကျ၍ ငါးတကောင်ကို ထိမှန်သွားနိုင်ပါသည်။ သို့အတွက် ကျွန်ုပ်၏ သီလမှာ လုံ့ဝ စင်ကြယ်သည်ဟု မထင်ပါ။ ကျွန်ုပ်၏ မယ်တော်ကြီးမှာမူ သီလကို အထူး ဂရုစိုက်သူ ဖြစ်ပါသည်။ မယ်တော်ကြီး ထံသို့လည်း သွား၍ မေးမြန်း မှတ်သားကြပါဦး”

ပုဏ္ဏားတို့သည် မင်းကြီး စောင့်ထိန်းသည့် သီလကို ရွှေပြားပေါ်တွင် ရေးယူမှတ်သားခဲ့ကြပြီး မယ်တော်ကြီးထံ သွားကြသည်။ မယ်တော်ကြီးကလည်း ပုဏ္ဏားတို့အား ဤသို့ ပြန်ကြားပြောဆိုသည်။

“အမောင်တို့....ကျွန်ုပ်သည် သီလကို ကောင်းမွန်စွာ စောင့်ထိန်းသည်မှာ မှန်ပေ၏။ သို့သော်လည်း သံသယ မကင်းသောအချက် တခုကား ရှိပါသည်။ ကျွန်ုပ်မှာ ချွေးမနှစ်ယောက် ရှိသည့်အနက် တယောက်မှာ မင်း၏ မိဖုယားကြီးဖြစ်ပြီး ကျန်တယောက်မှာမူ အိမ်ရှေ့မင်း၏ မိဖုယားဖြစ်ပါသည်။ တခါကတိုင်းတပါးမှ လက်ဆောင်များ ရရှိရာ ဂုဏ်ငယ်သော အိမ်ရှေ့မိဖုယားအား ပို၍အဖိုးတန်သော လက်ဆောင်ကို ရွေးချယ်ပေးခဲ့ပါသည်။ ဤသို့ ပေးခဲ့ခြင်းသည် အရွယ်နှင့် ဂုဏ်ကြီးသူကို ဦးစားပေးရမည်ဟူသော တရားသဘောနှင့် ဆန့်ကျင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ သီလမှာလည်း လုံ့ဝ စင်ကြယ်သည်ဟု မထင်ပါ။”

ပုဏ္ဏားတို့သည် မယ်တော်ကြီး စောင့်ထိန်းသည့် သီလကို ရွေးပြားတွင် ရေးသားမှတ်ယူခဲ့ကြပြီး မယ်တော်ကြီး၏ညွှန်ကြား ချက်အရ မိဖုယားကြီးထံ သွားကြပြန်သည်။ မိဖုယားကြီးက လည်း မိမိသည် တခါက အိမ်ရှေ့မင်းသားအပေါ်တွင် စိတ် ဖြင့် ကြံစည် ပြစ်မှားခဲ့ဘူးသောကြောင့် သီလစင်ကြယ်သည် ဟု မထင်ကြောင်း ပြောကြားသည်။ ထို့ကြောင့် ပုဏ္ဏားတို့ သည် အိမ်ရှေ့မင်းထံ သွားကြရပြန်သည်။

အိမ်ရှေ့မင်းကလည်း မိမိသည် တခါက ဘုရင့်ထံ အခစား ဝင်ရာ ခဏခြင်း ပြန်ထွက်လာရမည်ထင်၍ ရထားထိန်းကို ပြန် မလွှတ်ဘဲ ထားခဲ့ကြောင်း။ သို့သော်လည်း အရေးကြီးသော ကိစ္စရှိ၍ နန်းတော်ထဲတွင် ညအိပ်နေရရာ အပြင်တွင် စောင့်နေ ရသောရထားထိန်းမှာ များစွာ ဒုက္ခရောက်ခဲ့ရကြောင်း။ ဤသို့ တဖက်သားအား ဒုက္ခရောက်စေခဲ့သည့်အတွက် မိမိ သီလမှာ လည်း ညစ်နွမ်းမှုနှင့် မကင်းဟု ယူဆကြောင်း ပြောကြားသည်။ အိမ်ရှေ့မင်း၏ ညွှန်ကြားချက်အရ ပုဏ္ဏားများသည် ပုရော ဟိတ် ပုဏ္ဏားကြီးထံ သွားကြရပြန်သည်။

ပုရောဟိတ် ပုဏ္ဏားကြီးက မိမိသည် တခါက နေဥယျာဉ်မင်းကြီး အား တိုင်းတပါးက လက်ဆောင်ပေးသည့် ရထားတစင်းကို မြင်၍ "ဒီရထားကို ငါရရင် ကောင်းမှာဘဲ" ဟု စိတ်ဖြင့် ကြံ စည် တောင့်တမိကြောင်း။ ဤသို့ တောင့်တ မိသည့်အတိုင်း လည်း ထိုရထားကို မင်းကြီးက မိမိအား ပေးခဲ့ကြောင်း၊ သို့ သော်လည်း ယင်းသို့ သူတပါးပစ္စည်းကို လိုချင်လောဘဖြင့် ကြံစည် မိသည့်အတွက် မိမိသီလမှာလည်း မစင်ကြယ်ဟု ထင် ကြောင်း ပြောကြားသည်။ ပုဏ္ဏားတို့အား မိမိထက် သီလ

စင်ကြယ်သည့် မြေတိုင်းအမတ်ထံ သွားရန် ညွှန်ကြားလိုက်သည်။

မြေတိုင်းအမတ်က မိမိသည် တခါက မြေကွက် တခုကို တိုင်းရာတွင် ကြိုးဆွဲပြီး တိုင်ငိုက်ရမည့် နေရာ တည့်တည့်၌ ပုဇွန်တွင်း ရှိနေကြောင်း၊ အတွင်းဖက်သို့ ရွှေ့စိုက်လျှင် လယ်သမား နစ်နာပြီး အပြင်ဖက်သို့ ရွှေ့တိုင်းလျှင်လည်း မင်း၏ ဘဏ္ဍာတော် ဆုံးရှုံးနိုင်ကြောင်း၊ သို့အတွက် ပုဇွန်တွင်း၌လည်း ပုဇွန်မရှိတန်ရာဟူသော အမှတ်ဖြင့် တိုင်စိုက်လိုက်ရာ အထဲမှ "ကရိကရိ" ဟူသော ပုဇွန်မြည်သံကို ကြားရကြောင်း၊ ထို့ကြောင့် မိမိသီလ ညစ်နွမ်းသည်ဟု ထင်ကြောင်း ပြောကြားသည်။ မြေတိုင်းအမတ်၏ ညွှန်ကြားချက်အရ ပုဏ္ဏားတို့သည် ဘုရင့်ရထားထိန်းထံ ရောက်ကြပြန်သည်။

ရထားထိန်းက မိမိသည် တနေ့တွင် ဘုရင်မင်းမြတ်အား ရထားဖြင့် တင်ဆောင်၍ မင်္ဂလာဥယျာဉ်မှ ပြန်လာရာ နေကလည်း ဝင်ခါနီး၊ မိုးကလည်း ရွာတော့မယောင် ဖြစ်လာ၍ မြို့တံခါး ဝင်ခါနီးတွင် မြင်းများကို ကြိမ်တံဖြင့် ရိုက်နှက်၍ မောင်းခဲ့ကြောင်း၊ မြင်းများသည် နောက်ရက်များတွင်လည်း အန္တရာယ် တခုခု ရှိသည် အထင်ဖြင့် မြို့တံခါး အနီးသို့ ရောက်တိုင်း အမြန်ပြေးကြကြောင်း၊ ဤသို့ဖြင့် မြင်းများကို ပင်ပန်းစေသည့်အတွက် မိမိသီလ ညစ်နွမ်းသည် ထင်ကြောင်း ပြောကြား၏။ ပုဏ္ဏားတို့အား မိမိထက် ပို၍ သီလစင်ကြယ်သော သူဌေးကြီးထံ သွားကြရန်လည်း ညွှန်ကြား၏။

သူဌေးကြီးက မိမိသည် တခါက စပါးခင်းသို့သွားရာ မှည့်ရင့်စပြုနေသော စပါးနှံအချို့ကို ခူးယူပြီး ကျေးငှက်တို့အား

ကျွေးခဲ့မိကြောင်း၊ နောက်မှ ဘုရင်မင်းမြတ်အား အခွန်ဘဏ္ဍာ မဆက်သရသေးမီ ကျွေးခဲ့မိကြောင်းကို သတိရပြီး စိတ်နှလုံး မသာမယာ ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိသီလမှာလည်း လုံးဝစင်ကြယ်သည်ဟု မထင်ကြောင်း ပြောကြားသည်။ ပုဏ္ဏား တို့အား မိမိထက် ပို၍ သီလ စင်ကြယ်သော တာလီစာရေးထံ သွားရန် ညွှန်ကြားလိုက်သည်။

တာလီစာရေးကလည်း မိမိသည် တခါက ဘုရင့်စပါးများ ကို ခြင်တွယ် သိမ်းယူရာတွင် မိုးရွာလာသဖြင့် ခြင်ပြီးသောစပါး နှင့် မခြင်ရသေးသော စပါးအချို့ ရောနှောသွားခဲ့ကြောင်း၊ ဤအတွက် မိမိသီလမှာ ညစ်နွမ်းမှု ရှိခဲ့ကြောင်း ပြောကြား သည်။ မိမိထက် သီလစင်ကြယ်သော တံခါးမှူးထံ သွားရန် ညွှန်ကြားသည်။

တံခါးမှူးက မိမိသည် တခါက မြို့တံခါးပိတ်ခါနီးဆဲဆဲတွင် မိန်းမငယ် တဦးနှင့် အတူ ဒရောသောပါး ပြေးဝင်လာသော ဆင်းရဲသားတယောက်ကို တွေ့မြင်၍ "ကိုယ့်မယားနဲ့တနေ့လုံး ပျော်ပါးနေပြီး အချိန်မတော်ကျမှဘာ့ကြောင့်ပြေးလာရသလဲ" ဟုကြိမ်းမောင်း ခဲ့မိကြောင်း၊နောက်မှ မိန်းမငယ်မှာ သူ့မယား မဟုတ် သူ့နှမဖြစ်သည်ဟု သိရကြောင်း၊ ဤသို့ တဖက်သား အား မဆင်မခြင် စွပ်စွဲ ကြိမ်းမောင်းသည့်အတွက် မိမိသီလ မစင်ကြယ်ဟု ထင်ကြောင်း ပြောကြားသည်။ ဝဏ္ဏဒါသီ အမည် ရှိသော ပြည့်တန်ဆာမ ထံသို့ သွားရန် ပုဏ္ဏားတို့အား ညွှန် ကြားလိုက်သည်။

ထို ပြည့်တန်ဆာမကလည်း မိမိ၏ သီလနှင့် ပတ်သက်၍ သံ သယ ဖြစ်စရာ အချက်တခု ရှိနေကြောင်း ဖွင့်ဟ ပြောကြား

သည်။ တခါက လုလင်ပျိုတယောက်သည် မိမိအား ငွေတထောင် ပေးပြီး မကြာခင် ပြန်လာမည်ဟု ပြော၍ ပြန်သွားရာ သုံးနှစ် သုံးမိုး ကြာသည့်တိုင်အောင် ပေါ်မလာကြောင်း၊ ထိုသုံးနှစ် အတွင်း အခြားအမျိုးသားများထံမှ တပြားတချပ်မျှ မယူဘဲ နေခဲ့ရသဖြင့် စားဝတ်နေရေး ကျပ်တည်းလာကြောင်း။ ထို့ ကြောင့် တရားရုံးတော်သို့ တင်ပြ၍ အခြားလုလင်တယောက် ထံမှ ငွေတထောင် လက်ခံနေစဉ် ပထမ လုလင်ပျို ပေါ်လာ သဖြင့် ထိုငွေတထောင်ကို ပြန်ပေးခဲ့ရကြောင်း၊ ထို့ကြောင့် မိမိသီလမှာ အနည်းနှင့် အများ ညစ်နွမ်းဘွယ်ရာရှိကြောင်း ပြောကြားသည်။

ကလိင်္ဂတိုင်းမှ ပုဏ္ဏားတို့ကား ဓနဉ္စယ မင်းကြီးမှစ၍ ဝဏ္ဏ ဒါသီ ပြည့်တန်ဆာမ အဆုံးရှိသော ပုဂ္ဂိုလ်တို့သည် မပြောပ လောက်သည့် အသေးအဖွဲ့ ကိစ္စကလေးများ၌ပင် သံသယ ကြီး စွာထား၍ သီလစောင့်ထိန်း ကြပုံကို တွေ့ရှိရသဖြင့် လွန်စွာ ကျေနပ်နှစ်သက် သွားကြသည်။ ထို့ကြောင့် ထိုသူတို့ စောင့် ထိန်းသည့် ကျင့်ဝတ် သီလများကို ရွှေပြားတွင် မှတ်သား ရေးယူကာ ကလိင်္ဂတိုင်းသို့ ပြန်သွားကြသည်။

ကလိင်္ဂ မင်းကြီးသည် ကုရုတိုင်းမှ ပုဏ္ဏားတို့ ရေးသား မှတ်ယူခဲ့သော ကိုယ်ကျင့် သီလများကို မိမိကိုယ်တိုင်လည်း ကျင့် သုံးဆောက်တည်၏။ တိုင်းသူ ပြည်သားများကိုလည်း ကျင့်သုံး ဆောက်တည်စေ၏။ ထိုအခါ ကလိင်္ဂ တတိုင်းလုံးတွင် မိုးကောင်း စွာရွာသွန်းလာပြီး ကောက်ပဲသီးနှံများလည်း ဖြစ်ထွန်းအောင် မြင်လာလေ၏။ တိုင်းသူ ပြည်သားများမှာလည်း အစာရေစာ

ငတ်မွတ် ခေါင်းပါးခြင်းဘေးမှ ကင်းလွတ် သွားလေတော့သည်။

ဗုဒ္ဓ ရှင်တော်မြတ်သည် ဤသို့အတိတ်ကို ဆောင်တော်မူပြီး "ရဟန်းငယ်....ရှေးပညာရှိတို့သည် အသေးအဖွဲ့မျှသာ ဖြစ်သော ကိစ္စတို့၌ပင် သံသယ ကြီးစွာထား၍ သီလကို စောင့်ထိန်းခဲ့ကြကုန်၏။ ရဟန်းဖြစ်ပါလျက် သူ့အသက်ကို သတ်သောသင်၏ အပြစ်ကား ကြီးမားလေစွ။ ရဟန်းမည်သည် ကိုယ်နှုတ်စိတ်သုံးပါးကို စောင့်စည်းသင့်လှပေသည်" ဟူ၍ မိန့်ကြား ဆုံးမတော်မူသည်။

၂၅-ဘိက္ခုဝဂ် ၂-ဟံသဃာတကဘိက္ခုဝတ္ထုနှင့်
တိကနိပါတ် ကုရုဓမ္မဇာတ်



# ရွှေငါးကြီး၏ မျက်ရည်

သာဝတ္ထိမြို့အနီး တခုသော တံငါရွာကြီး၌ ရွာသူကြီး၏သား ခေါင်းဆောင်သည့် ငါးရှာသော လုလင်ငယ်တို့ ရှိကြလေသည်။ ကစားဖေါ် ကစားဖက် ဖြစ်ကြသည့် ထိုလုလင်ငယ်တို့သည် တနေ့သ၌ အစိရဝတီ မြစ်အတွင်း၌ အပျော်တမ်း ငါးဖမ်း ထွက်ကြရာ ရွှေအဆင်းကဲ့သို့ ဝါဝင်းလှသည့် ငါးကြီးတကောင်ကို ဖမ်းမိကြလေသည်။

အလွန်ကြီးမားပြီး ထူးခြားလှပသော ငါးကြီးကို မြင်တွေ့ကြသောအခါ ထိုလုလင်ငယ်တို့၏ မိဘများသည် ငါးကြီးကို ကောသလ မင်းကြီးထံ သွားရောက် ဆက်သရန် စီစဉ်ကြလေသည်။ ထို့ကြောင့် ငါးကြီးကို လှေဖြင့် တင်ဆောင်ပြီး နန်းတော်အနီးသို့ ဆိုက်ရောက်သောအခါ လှေနှင့်တကွ ထမ်းဆောင်၍ မင်းကြီးအား ပြသကြလေသည်။

မင်းကြီးသည် ထိုငါးကြီးကို မြင်လျှင် ထူးခြားဆန်းကြယ်သော အကြောင်းတရားရှိပေရာ၏ဟု ယူဆ၍ ဇေတဝန်ကျောင်းတော်သို့ ဆက်လက် ယူဆောင်သွားပြီး ဗုဒ္ဓ ရှင်တော်မြတ်အား ပြသလေသည်။ ငါးကြီးသည် ပါးစပ်ကိုဖွင့်လိုက်သည်နှင့်တပြိုင်နက် ဆိုးဝါးသော အနံ့ကြီးတမျိုးသည် တကျောင်းလုံး ပျံ့နှံ့သွားလေသည်။ ထို့ကြောင့် ကောသလမင်းကြီးသည် ဗုဒ္ဓရှင်တော်မြတ်အား ဤသို့ မေးလျှောက်လေ၏။

"အရှင်ဘုရား.... ဤငါးကြီး၏ကိုယ်မှာ ရွှေအဆင်းကဲ့သို့ လှပတင့်တယ်သော်လည်း ပါးစပ်မှမူ ဆိုးဝါး ပုပ်လှောင်သော အနံ့များ တလှိုင်လှိုင် ထွက်၍နေပါသည်။ အဘယ်ကဲ့သို့သော ရှေးက အကြောင်းတရားကြောင့် ဤကဲ့သို့ ဖြစ်ရပါသနည်း။"

ကောသလ မင်းကြီးက ဤသို့ မေးလျှောက်သောအခါ ဗုဒ္ဓသည် အတိတ်ကိုဆောင်၍ ဟောကြားတော်မူလေသည်။

ကဿပ မြတ်စွာဘုရား၏ လက်ထက်၌ ဗာရာဏသီ ပြည်ဝယ် သာဂတနှင့် ကပိလမည်သော ညီအကို နှစ်ယောက်ရှိ၏။ သူတို့၏ မိခင်မှာ သာဓိနီဖြစ်၍ နှမငယ်၏ အမည်ကား တာပနာ ဖြစ်လေသည်။

ညီအကို နှစ်ယောက် အရွယ်ရောက်သောအခါ လူ့ဘောင်ကို စွန့်ခွာ၍ ရဟန်းပြုကြလေသည်၊ ထိုအခါ မိခင်နှင့် နှမငယ်တို့ကလည်း အားကျမခံ ဘိက္ခုနီ ဝတ်ကြပြန်သည်။

သာသနာ့ဘောင်သို့ ရောက်လာသော မိသားစု လေးယောက်တို့တွင် အကိုကြီး သာဂတသည် ကမ္မဋ္ဌာန်း တရားကို ပွားများ အားထုတ်သဖြင့် မကြာမီ ရဟန္တာ ဖြစ်သွားလေ၏။

ညီဖြစ်သော ကပိလကား "ငါသည် ငယ်ရွယ်သေး၏။ အသက်ကြီးမှ ကမ္မဋ္ဌာန်း အားထုတ်မည်"ဟု ကြံပြီး စာပေ ပရိယတ်ကို သင်ယူလေ့ကျက်လေသည်။ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်၍ မကြာမီပင် ကျမ်းတတ် ပုဂ္ဂိုလ်တပါး အဖြစ် ထင်ရှားကာ များစွာသော တပည့်တပန်းတို့အား သင်ကြားပို့ချ၍နေလေသည်။

ရှင်ကပိလသည် ပရိယတ္တိ ဂုဏ်ကြောင့် အခြွေအရံနှင့် ပြည့်စုံ၍ လာဘ်လာဘလည်း ပေါများလှပေရာ "ငါ့ထက်သာသူမရှိ၊ ငါ့ထက်တတ်သူမရှိ"ဟု ကိုယ့်ကိုယ်ကို အထင်ကြီးလာ၏။ ထေရ်ကြီးဝါကြီးတို့၏ စကားကို ပစ်ပယ်ပြီး သူထင်ရာ သူစိုင်း၍နေလေသည်။ ဝိနည်းဥပဒေနှင့် မညီသော အမှုကို ပြုလုပ်သဖြင့် အခြားရဟန်းတို့က အကျိုးသင့် အကြောင်းသင့် ပြောဆို ဆုံးမသည့်အခါ မနာယူရုံသာမက ပြစ်တင်ရှုတ်ချ စကားများကိုပင် ပြောဆိုလွှတ်တတ်လေသည်။

နောင်ဘော်ဖြစ်သော သာဂတ မထေရ်သည် ညီငယ်၏ အကြောင်းကို ကြားသိလျှင် ညီငယ်အား ဖျောင်းဖျ ပြောဆိုခြင်း ပြုသေး၏၊ သို့သော်လည်း ရှင်ကပိလသည် နောင်တော်၏ စကားကိုလည်း အနည်းငယ်မျှ နာယူခြင်း မပြုချေ။ မိခင်နှင့် နှမငယ်တို့ကား လာဘ်လာဘအလိုသို့ လိုက်ပါကာ ရှင်ကပိလ အား အားပေးအားမြှောက်ပြု၍ နေကြလေသည်။

ရှင်ကပိလသည် စာပေပရိယတ်ကို နှစ်ပေါင်းများစွာ သင်ကြား ပို့ချခဲ့သော်လည်း မထေရ်ကြီးတို့အား ပြစ်မှား၍ ထင်

သလို ကျင့်ကြံနေထိုင်ခဲ့ခြင်းကြောင့် သေလွန်သည့်အခါ အဝီစိငရဲသို့ ကျရောက်လေ၏။ သူ့ကို အားပေးအားမြှောက်ပြုခဲ့သော မိခင်နှင့် နှမတို့မှာလည်း သူနှင့် ကံတူအကျိုးပေးပင် ဖြစ်ကြလေသည်။

ကပိလသည် အဝီစိငရဲ၌ နှစ်ပေါင်း များစွာခံစားပြီး ဗုဒ္ဓလက်ထက်တွင် အစိရဝတီ မြစ်အတွင်း၌ ငါးကြီးတကောင် ဖြစ်လာ၏။ နှစ်ပေါင်း များစွာ ပရိယတ်ကို ပို့ချခဲ့သောကောင်းမှုကြောင့် သူ၏ကိုယ်သည် ရွှေအဆင်းကဲ့သို့ လှပတင့်တယ်၏။ မထေရ်ကြီးများကို နှုတ်ဖြင့် စော်ကားခဲ့ခြင်းကြောင့် သူ၏ပါးစပ်မှ မကောင်းသော အနံ့ဆိုးများ ထွက်ပေါ်ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓသည် ဤသို့အတိတ်ဆောင်၍ ဟောကြားပြီး လူအများ သံသယကင်းရှင်းစေရန် ငါးကြီးအား ဤသို့ မေးမြန်းလေသည်။

"ငါးကြီး....သင်သည် ကပိလရဟန်း ဟုတ်ပါသလော"

"ဟုတ်ပါသည် ဘုရား"

"ယခု သင် ဘယ်ဘဝက လာသလဲ"

"အဝီစိငရဲမှ လာပါသည် ဘုရား"

"သင့်နောင်တော် သာဂတကား ဘယ်မှာနည်း"

"ပရိနိဗ္ဗာန် ပြုသွားပါပြီ ဘုရား"

"သင့်အမနဲ့ ညီမကော"

"အဝီစိငရဲမှာပင် ရှိနေကြပါသေးသည်ဘုရား"

ငါးကြီးသည် ဤသို့ဖြေကြားပြောဆိုပြီး မကြာမီ အတွင်းမှာပင် သေလွန်၍ အဝီစိငရဲသို့ ပြန်လည် ဆိုက်ရောက်သွားပြန်လေသည်။ ဤအခြင်းအရာကို တွေ့မြင် ကြားသိရသော လူ

အပေါင်းသည် လွန်စွာ ထိတ်လန့် တုန်လှုပ် သွားကြလေသည်။ ထိုအခါ ဗုဒ္ဓက တဏှာလောဘအလိုသို့ လိုက်ပါခြင်းကြောင့် ဆင်းရဲဒုက္ခ ရောက်ရပုံများကို ဟောကြားတော်မူ၏။ တံငါသည်၏ သားဖြစ်သော လုလင်ငယ်ငါးရာတို့သည် သတိတရား ရှိသဖြင့် ရှင်ရဟန်း ပြုပြီး ကမ္မဋ္ဌာန်းကို အားထုတ် ကြရာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက် သွားကြလေသည်။

၂၃ တဏှာဝဂ်၊ ၁--ကပိလဝတ္ထု။



# ဘဝငါးရာ အထုံပါ

သာဝတ္ထိပြည်၌ အချင်းချင်း မိတ်ဆွေဖြစ်နေကြသော သူကြွယ်ငါးယောက်တို့သည် တနေ့သ၌ စိတ်တူကိုယ်တူဖြင့် ဇေတဝန်ကျောင်းတော်သို့ တရားနာရန် သွားကြလေ၏။ ဗုဒ္ဓရှင်တော်မြတ်ကား တရားနာပရိသတ် နည်းသည်များသည်ကို အမှုမထားဘဲ ဟောကြားသင့် ဟောကြားထိုက်သော တရားဒေသနာကို ရေတံခွန်မှ ရေအယဉ်များ စီးကျနေဘိသကဲ့သို့ အစဉ်မပြတ် ဟောကြားတော်မူလေသည်။

ဤသို့ အစဉ်မပြတ် ဟောကြားနေသော်လည်း အတူတကွ တရားနာလာကြသော သူကြွယ်ငါးယောက်တို့တွင် တယောက်သော သူကြွယ်သည် တရား၌ အာရုံမသက်ဝင်ဘဲ ထိုင်လျက်သား အိပ်ငိုက်နေ၏။ တယောက်သော သူကြွယ်မှာ လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်နေပြီး အခြားတယောက်ကမူ သစ်ပင်

ငယ်တပင်ကို ကိုင်၍လှုပ်ယမ်းနေ၏။ ကျန်သူကြွယ် နှစ်ယောက်တို့တွင် တယောက်က ကောင်းကင်ကို မော့ကြည့်နေပြီးနောက် တယောက်ကသာ တရားကို စိတ်ဝင်စားစွာ နာကြားနေလေသည်။

ထိုသူကြွယ်ငါးယောက်တို့ကို ဗုဒ္ဓရှင်တော်မြတ်အား အပါးမှနေ၍ ယပ်ခတ် ပေးနေသော ရှင်အာနန္ဒာမြင်လျှင် ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်တင်လေ၏။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က....

"အာနန္ဒာ....တရားနာရင်း အိပ်ငိုက်နေသော သူကြွယ်သည် ဘဝငါးရာတိုင်တိုင် မြွေနဂါး ဖြစ်ခဲ့ဘူး၏။

လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်နေသူသည် ဘဝငါးရာတိုင်တိုင် တီကောင် ဖြစ်ခဲ့ဘူး၏။

သစ်ပင်ငယ်ကို လှုပ်ယမ်းနေသူသည် ဘဝငါးရာတိုင်တိုင် မျောက် ဖြစ်ခဲ့ဘူး၏။

ကောင်းကင်ကို မော့ကြည့်နေသူသည် ဘဝငါးရာတိုင်တိုင် နက္ခတ်ဗေဒင်ဆရာ ဖြစ်ခဲ့ဘူး၏။

ရိုသေစွာ တရားနာနေသော သူကြွယ်ကား ဘဝငါးရာတိုင်တိုင် ဗေဒင်သုံးပုံကို သင်ယူလေ့ကျက်သော ပုဏ္ဏား ဖြစ်ခဲ့ဘူး၏။

အာနန္ဒာ....ဤ သူကြွယ်ငါးယောက်တို့သည် ရှေးဘဝက မိမိတို့အထုံဝါသနာအား လျော်စွာ အသီးအသီး ပြုမူနေကြခြင်း ဖြစ်ပေသည်" ဟူ၍ ရှင်းလင်း မိန့်ကြားတော် မူလေသည်။

ထိုအခါ ရှင်အနန္ဒာက တဖန် လျှောက်တင်ပြန်၏။

"အရှင်ဘုရား....ရှေးဘဝက အထုံဝါသနာ ပါသည်ပင် ဖြစ်စေ အရှင်မြတ်၏တရားသည် ကြားနာရသူတို့၏ ရိုးတွင်း ခြင်ဆီကို ဖေါက်ထွင်း စိမ့်ဝင်နိုင်သော တရားဖြစ်ပါသည်။ ဤသူကြွယ် ငါးယောက်တို့ကား အဘယ်ကြောင့် ထိုတရားကို မသက်ဝင်နိုင်ဘဲ ရှိကြပါသနည်း"။

"အာနန္ဒာ....သံသရာ ဘဝ အဆက်ဆက်၌ လောကီအာရုံ ကာမဂုဏ်ဖြင့် မွေ့လျော်ပျော်ပိုက် နေခဲ့ကြသော ပုထုဇဉ် သတ္တဝါတို့အား ဘုရားသံ၊ တရားသံကို နာကြားလိုစိတ် ဖြစ် ပေါ်လာရန် လွန်စွာ ခဲယဉ်းလှပေသည်။ ထို့ကြောင့်လည်း ဤ သူကြွယ် ငါးယောက်တို့သည် ငါဘုရား၏ တရား၌ အာရုံ မသက်ဝင်နိုင် ကြခြင်းဖြစ်ပေသည်။"

"အရှင်ဘုရား....အဘယ်တရားများကိုအကြောင်းပြု၍ ဤသို့ ဖြစ်ရပါသနည်း။"

"အာနန္ဒာ....ရာဂ ဒေါသစသော တရားဆိုးများကိုအကြောင်း ပြု၍ ဤသို့ ဖြစ်ရပေသည်။ အာနန္ဒာ....ဤလောက၌ ရာဂနှင့် တူသော မီးသည်မရှိ။ ဒေါသနှင့်တူသော ဖမ်းစားတတ်သည့် တရားလည်းမရှိ။ မောဟနှင့် တူသော ကွန်ယက်လည်း မရှိ။ တဏှာနှင့်တူသော မြစ်သည်လည်း မရှိပေ။"

ဤ တရားဒေသနာကို ကြားနာရသော အခါ ရှိသေစွာ တရားနာနေသော သူကြွယ်တဦး အပါအဝင် များစွာသော သူတို့ အကျွတ်တရား ရရှိကြလေသည်။

၁၈-မလဝဂ်၊ ၆-ပဉ္စဥပါသကဝတ္ထု။

# မိုးနှင့်ရဲရဲ သံတွေခဲ

မဇ္ဈိမတိုင်း ဝဂ္ဂုမုဒါ မြစ်ကမ်း၌ စိမ်းလန်း စိုပြေသောတောအုပ် တခုရှိသည်။ ထို တောအုပ်အတွင်းရှိ ငါးရာမျှသော ရဟန်း တို့သည် သစ်ရွက်မိုး တဲကျောင်းကလေးများ အသီးသီးဆောက် ပြီး ကမ္မဋ္ဌာန်းဟူရေး အားထုတ်ကာ သီတင်းသုံး နေထိုင်ကြ သည်။ထိုတောအုပ်၏ အနီးပတ်ဝန်းကျင်၌ လူနေရွာများအသင့် အတင့် ရှိရာ ထိုရွာများသည် တောကျောင်း ရဟန်းတို့၏ဆွမ်းခံ ရွာများ ဖြစ်ပေသည်။

ရဟန်း ငါးရာတို့ ထိုကျောင်းသို့ ဆိုက်ရောက်လာသည်မှာ မိုးဦးကျစ ဝါဆိုဦး အချိန်က ဖြစ်သည်။မဟာဝုန်တော ကူဋာ ဂါရ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော် မြတ်ထံမှ ကမ္မဋ္ဌာန်း အားထုတ်နည်းများကို သင်ယူမှတ်သားပြီး တရားအားထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဤတောအုပ်သို့ တမင် ရောက်ရှိ လာကြခြင်းလည်း ဖြစ်သည်။

ရဟန်းများ ရောက်လာစ အချိန်တွင် ဆွမ်းခံရွာမှ လူတို့ သည် စေတနာ ထက်သန်စွာဖြင့် ဆွမ်းလောင်းလှူခြင်း ပြုကြ

သည်။ ဆွမ်းကွမ်း မျှတမှု ရှိသဖြင့် ထိုရဟန်းတို့၏ တရားအား ထုတ်ခြင်း လုပ်ငန်းမှာလည်း တိုးတက် အောင်မြင်ခဲ့သည်။ သို့သော်လည်း ဝါဆိုလကုန်၍ ဝါခေါင်လဆန်းသည့် အချိန်မှ စ၍ မိုးရွာသွန်းခြင်း လုံးဝမရှိတော့သဖြင့် လူတို့ စိုက်ပျိုးထားသောကောက်ပဲသီးနှံများမှာ ခြောက်သွေ့ပျက်စီးကုန်ကြတော့သည်။ လူများမှာလည်း စားနပ်ရိက္ခာ အခက်အခဲနှင့် ကောင်းကောင်းကြီး ရင်ဆိုင် ကြရတော့သည်။

ဤသို့ မိုးခေါင်၍ စားနပ်ရိက္ခာ အကျပ်အတည်းနှင့် ရင်ဆိုင်နေကြရသော လူများမှာ မိမိတို့ ဝမ်းရေးအတွက်ပင် မဝတဝ ဖြစ်နေကြသဖြင့် ဆွမ်းခံကြွလာသော ရဟန်းတော်များအား ရောက်စကကဲ့သို့ နေ့စဉ်မှန်မှန် လောင်းလှူခြင်း မပြုနိုင်ကြတော့ချေ။ ဆွမ်းမှန်မှန် မလောင်းနိုင်သဖြင့် ရဟန်းများ ကြွလာလျှင် အချို့က မမြင်ဟန်ဆောင်ကာ ရှောင်ရှားသွားကြသည်။ အချို့ကလည်း အိမ်တံခါးကို ပိတ်ထားကြသည်။

တရားအားထုတ်သော ရဟန်းများသည် ဆွမ်းအခက်အခဲကြောင့် တရားအားထုတ်မှုကို ဖြောင့်ဖြူးစွာ မလုပ်နိုင်ကြတော့။ သူတို့၏ ကိုယ်ခန္ဓာများမှာလည်း တနေ့တခြား ကြုံလှီ ညှိုးခြောက်၍ လာတော့သည်။ ထိုအခါ ရဟန်းတို့သည် ဆွမ်းပြဿနာ ပြေလည်ရေးအတွက် အချင်းချင်း တိုင်ပင်ဆွေးနွေးကြသည်။ ယင်းသို့ တိုင်ပင်ဆွေးနွေးကြရာတွင် အချို့သော ရဟန်းများက မိမိတို့အား လူတို့ လှူချင် တန်းချင်လာအောင် လူတို့၏ အလုပ်ကိစ္စများကို ကူညီလုပ်ဆောင်သင့်ကြောင်း အကြံပြုကြသည်။ အချို့ရဟန်းများကမူ ရဟန်းများကိုယ်တိုင် ကူးသန်းရောင်းဝယ်ခြင်း ထွန်ယက်စိုက်ပျိုးခြင်းများကို ပြုလုပ်သင့်

ကြောင်း ဆွေးနွေးကြသည်။ သို့သော်လည်း ထိုလုပ်ငန်းများမှာ ရဟန်းတို့နှင့် မလျော်သော လုပ်ငန်းများဖြစ်၍ အများစုက သဘောမတူကြ။ နောက်ဆုံးတွင် ရဟန်းတပါးက ထ၍ အဆိုပြုသော အချက်ကိုမူ ရဟန်းအားလုံး သဘောတူ လက်ခံကြသည်။ ထိုရဟန်း၏ အဆိုကား ရဟန်းများသည် လူတို့၏ရှေ့တွင် "ဘယ်ကိုယ်တော်က တန်းခိုး ကြီးသည်။ ဘယ် ကိုယ်တော်ကတော့ ရဟန္တာတောင် ဖြစ်နေပြီ" စသည်ဖြင့် တပါးနှင့်တပါးချီးကျူး စကား ပြောဆိုကြရန် ဖြစ်သည်။ ဤသို့ ပြောဆိုကြပါက လူများ ကြည်ညို သဒ္ဓါပွါး၍ စားနပ်ရိက္ခာ ရှားပါးနေသည့် ကြားမှပင် မရှိရှိအောင် ကြံဆောင်ကာ ရဟန်းများအား ဆွမ်းလောင်းလှူလာဘွယ်ရှိကြောင်း တင်ပြလေသည်။

ထိုအဆိုကို သဘောတူ လက်ခံကြပြီးနောက် ရဟန်းများသည် လူတို့၏ရှေ့တွင် တပါးနှင့်တပါး အမှန်တကယ်မရှိသော ဂုဏ်သိက္ခာဖြင့် ချီးကျူးပြောဆိုကြသည်။ လူတို့သည် ထိုရဟန်းတို့၏ စကားကို ယုံကြည်၍ ဈာန် အဘိညာဉ်ရပုဂ္ဂိုလ်များ၊ အရိယာ ပုဂ္ဂိုလ်များဟု တင်မှတ်ကြပြီး ဆွမ်းသကန်း စသောပစ္စည်းများကို အလှုအယက် လှူဒါန်းကြသည်။ ရဟန်းများသည် လာဘ်လာဘ ပေါများ၍ စားကောင်း သောက်ဖွယ်တို့ကို စားသောက်ကြရသဖြင့် မကြာမီပင် ဝဖြိုးစိုပြေ၍ လာလေသည်။

သီတင်းကျွတ်သောအခါ ထိုရဟန်းတို့သည် ဗုဒ္ဓရှင်တော်မြတ်အား ပူဇော် ကန်တော့ရန်အတွက် ဝေသာလီပြည် ကူဋာဂါရ ကျောင်းသို့ ဆိုက်ရောက်လာကြသည်။ ဗုဒ္ဓသည် ရဟန်းတို့နှင့် တွေ့ဆုံ၍ အာလာပ သလ္လာပ စကားများကို မေးမြန်း ပြောဆိုတော်မူသည်။

"ရဟန်းတို့....သင်တို့သည် ဘယ်အရပ်မှ လာကြသနည်း"

"ဝဂ္ဂုမုဒါ မြစ်ကမ်းမှ လာကြပါသည်ဘုရား"

"ဆွမ်းကွမ်း မျှတကြပါ၏လော"

"မျှတကြပါသည် ဘုရား"

"မည်သို့သောနည်းဖြင့် ဆွမ်းကွမ်းမျှတမှုကိုရရှိကြသနည်း"

ဗုဒ္ဓရှင်တော်မြတ်က ဤသို့ မေးမြန်းသောအခါ ထိုရဟန်းတို့သည် ဆွမ်းကွမ်း မျှတမှုရရှိရန်အတွက် လူတို့အား လိမ်လည်လှည့်ပတ်၍ ပြောဆိုခဲ့ကြရပုံကို ဖေါ်ထုတ်ဝန်ခံကြရတော့သည်။ ဗုဒ္ဓသည် ထိုရဟန်းတို့အား များစွာကဲ့ရဲ့ ရှုတ်ချတော်မူသည်။

"အချည်းနှီးသော ယောကျ်ားတို့.... သင်တို့သည်ဝမ်းရေးဟူသော အကြောင်းကြောင့် မိမိတို့၌ အမှန်တကယ်မရှိသော ဈာန်မဂ်ဖိုလ် တရားဖြင့် လူတို့အား အဘယ်ကြောင့် လှည့်စားပြောဆိုကြကုန်ဘိသနည်း။ အချည်းနှီးသောယောကျ်ားတို့ ဈာန်မဂ်ဖိုလ်တရားဖြင့် လူတို့အား ဝါကြွား လှည့်ပတ်၍ ပြောဆိုသော ရဟန်းသည် ဤလောက၌ အကြီးဆုံး ခိုးသူကြီးပင်တည်း"

ဗုဒ္ဓသည် ဤသို့ ကဲ့ရဲ့ ရှုတ်ချတော်မူပြီး အမှန်တကယ် အကျင့်သီလနှင့် ပြည့်စုံသူ မဟုတ်ဘဲ အကျင့်သီလနှင့် ပြည့်စုံသူဖြစ်သည်ဟု ဝန်ခံ၍ ပြည်သူတို့၏ဆွမ်းကိုစားခြင်းသည် မီးနှင့်ရဲရဲ သံတွေခဲကို စားခြင်းထက်ပင် ကြောက်မက်ဖွယ်ကောင်းကြောင်း ဟောကြား တော်မူသည်။ ရဟန်းများသည် မိမိ၌မရှိသော ဈာန်မဂ်ဖိုလ်တရားဖြင့် လူတို့အပေါ် ဝါကြွားပြောဆိုခြင်းမပြုရဟု လည်း သိက္ခာပုဒ်တရပ် ပညတ်တော်မူသည်။

၂၂ - ဝိနယ ၁-၈-၁၀၊ ဝဂ္ဂုမုဒါတီရိယ ဘိက္ခုဝတ္ထုနှင့် ပါရာဇိကကဏ္ဍ ပါဠိ တော်၊ ပါရာဇိကကဏ်။



# နွားသတ်သမား

သာဝတ္ထိပြည်၌ နန္ဒ အမည်ရှိသော နွားသတ်သမားတဦးရှိ၏။ သူသည်နေ့စဉ်မပြတ် နွားများကို သတ်ဖြတ်၍ အသားများကို ရောင်းချခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုခဲ့၏။ သူသည် မိမိကိုယ်တိုင်လည်း အမဲသားကို လွန်စွာ ကြိုက်နှစ်သက်သူဖြစ်၍ အမဲသားမပါဘဲ ထမင်းတနပ်မျှမစားခဲ့ချေ။

နန္ဒသည် အသက်နှစ်ဆယ် အရွယ်လောက်မှစ၍ နွားသတ်ခြင်းဖြင့် အသက်မွေးခဲ့ရာ အသက်ခုနစ်ဆယ်ကျော် အရွယ်သို့ ရောက်ရှိလာ၏။ ထိုမျှကြာညောင်းသည့် အချိန်ကာလအတွင်း ခေမက အမည်ရှိသော သားတယောက် ရရှိခဲ့သည်မှလွဲ၍ သူ့ဘဝသည် အပြောင်းအလဲ မရှိခဲ့။ နေ့စဉ် အနည်းဆုံး နွားတကောင်ကျသတ်ဖြတ်၍ အမဲသားကို ရောင်းချ၏။ သူကိုယ်တိုင်လည်း အမဲသားဟင်းဖြင့်သာ ထမင်းနပ်မှန် စားခဲ့၏။

ထိုအချိန်ကာလအတွင်း ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်သို့ ကြွရောက်လာပြီး အနာသပိဏ် သူဌေး ဆောက်လုပ်လှူဒါန်းသည့် ဇေတဝန်ကျောင်းတော်၌ ၁၉–ဝါပတ်လုံး သီတင်းသုံးခဲ့၏။ ဝိသာခါ ဆောက်လုပ်လှူဒါန်းသည့် ပုဗ္ဗာရုံကျောင်းတော်၌ ၆–ဝါပတ်လုံး သီတင်းသုံးခဲ့၏။ ဤသို့ဖြင့် သာဝတ္ထိမြို့တော်၏ လမ်းများသည် ဗုဒ္ဓ၏တပည့် သာဝကဖြစ်သော ရဟန်းတော်တို့၏ သင်္ကန်းရောင်ဖြင့် တပြောင်ပြောင် တောက်ပခဲ့သော်လည်း နန္ဒကား ဘုရားတရား အကြောင်းကို တလုံးတပါဒမျှ စိတ် မဝင်စားခဲ့။ ဆွမ်း တဇွန်း၊ ဟင်းတခွက်မျှကိုပင် လောင်းလှူခြင်း မပြုခဲ့။

တနေ့သ၌ နန္ဒသည် အမဲသားများကို ရောင်းချပြီးနောက် မောမော ပန်းပန်းဖြင့် မြစ်ဆိပ်သို့ ရေချိုးရန် ထွက်ခဲ့လေသည်။ ထိုအချိန်တွင် သူ၏ မိတ်ဆွေတယောက်သည် မိမိအိမ်သို့ ရုတ်တရက် ဧည့်သည်များ ရောက်လာသောကြောင့် ဈေးသို့သွား၍ အမဲသားဝယ်ရာ ဝယ်မရဘဲရှိလေသည်။ သို့ဖြစ်၍ ထိုသူသည် နန္ဒ၏ ဇနီးထံသို့ သွား၍ အမဲသားကျန် ရှိပါက မိမိအား ရောင်းချရန် တောင်းပန်လေ၏။

နန္ဒ၏ဇနီးက အိမ်တွင် ချက်ရန်မှတပါး ရောင်းစရာ အမဲသား လုံးဝမရှိတော့ကြောင်း ပြန်ကြားပြောဆို၏။ သို့သော်လည်း ထိုမိတ်ဆွေသည် အိမ်တွင် ချက်ရန် ချန်ထားသည့် အမဲသားကိုပင် ဇွတ်အတင်း ဝယ်ယူသွားလေသည်။ ထို့ကြောင့် နန္ဒ၏ဇနီးသည် ထိုနေ့ နေ့လယ်စာအတွက် ဟင်းသီး ဟင်းရွက်များကိုသာ ချက်ပြုတ် ပြင်ဆင်ထားရတော့၏။

ရေချိုးရာမှ ပြန်လာသော နန္ဒသည် ထမင်းပွဲတွင်ထိုင်သည်နှင့်တပြိုင်နက် အမဲသားဟင်းကို မတွေ့ရသောကြောင့် အကြီးအကျယ် ဒေါသထွက်သွားလေ၏။ ထို့ကြောင့် ဇနီးဖြစ်သူအား ချက်ခြင်း လှမ်း၍မေးလိုက်လေသည်။

"ဟေ့ ရှင်မ....ဒီနေ့အမဲသားဟင်း ဘာ့ကြောင့်မချက်သလဲ"

"ကျမတို့ချက်ဘို့ထားတဲ့ အမဲသားကို ရှင့်မိတ်ဆွေတယောက်က အတင်းလာယူသွားလို့ပါ"

"အမဲသား မပါရင် ငါထမင်း မစားဘူးဆိုတာ မင်း မသိဘူးလား ဒီအမဲသားကို ရအောင်ပြန်တောင်းချေလော့"

"ပြန် တောင်း လို့ တော့ မသင့် တော်ပါဘူး မောင်ရယ် ဒီတနပ်တော့ရှိတဲ့ဟင်းနဲ့ဘဲ စားဘို့ ကျမတောင်းပန်ပါတယ်။"

ဇနီးဖြစ်သူက အကျိုးအကြောင်း ရှင်းပြ၍တောင်းတောင်းပန်ပန် ပြောဆိုဖျောင်းဖျသော်လည်း နန္ဒကား နားမဝင်ချေ။ ထမင်းပွဲမှ ချက်ခြင်းထပြီး ဓားတချောင်းကိုဆွဲကာ အိမ်နောက်ဖေးသို့ တဟုန်ထိုး ဝင်သွားလေသည်။ ထို့နောက် မကြာမီအချိန်အတွင်း၌ပင် နွားလျှာတခုကို သွေးသံရဲရဲဖြင့် လက်ထဲ၌ဆုပ်ကိုင်လာပြီး ဇနီးဖြစ်သူအား အမြန်ဆုံး ဖုတ်ကင် ပေးရန်စေခိုင်းလေသည်။ ရသတဏှာ လွန်ကဲသော နန္ဒသည် သနားကြင်နာစိတ်လုံးဝမရှိတော့ဘဲ အရှင်လတ်လတ် နွားတကောင်၏လျှာကို အရင်းမှရက်စက်စွာ ဖြတ်ယူခဲ့ခြင်းဖြစ်ပေသည်။

ဇနီးဖြစ်သူသည် နွားလျှာကို မီး၌ကျက်အောင်ကင်ပြီးနန္ဒ၏ထမင်းပွဲ၌ ချပေး၏။ နန္ဒသည် ပူပူနွေးနွေးဖြစ်သော နွားလျှာကိုချက်ခြင်းကောက်၍ ပါးစပ်ထဲသို့ ထည့်လိုက်၏။ ယင်းသို့

ထည့်လိုက်သည်နှင့် တပြိုင်နက် ပါးစပ်တခုလုံး ပြင်းပြစွာ ပူလောင်၍ နန္ဒ၏လျှာသည် အရင်းမှပြတ်ကျသွားတော့သည်။

နန္ဒသည် ပါးစပ်မှ သွေးတသွင်သွင် ယိုစီးလျက် မခံမရပ်နိုင်လောက်အောင် သည်းထန် ပြင်းပြသော ဆင်းရဲဝေဒနာကို ခံစားနေရသောကြောင့် အိမ်ဝင်းအတွင်း၌ မရပ်မနား ပြေးလွှားအော်ဟစ်၍ နေရရှာလေသည်။ သူ၏ဇနီးနှင့် သားတို့မှာလည်း မည်သို့မျှ မတတ်နိုင်ကြသဖြင့် နန္ဒ၏ အဖြစ်ကို မသက်မသာကြည့်ရှု၍သာ နေကြရသည်။

နန္ဒသည် နှစ်ပေါင်း ငါးဆယ်ကျော်ပတ်လုံး နေ့စဉ် ရက်ဆက်ပြုလုပ်ခဲ့သည့် မကောင်းမှုတို့၏ အကျိုးတရားကို ခုနစ်ရက်တိုင်တိုင် ပြေးလွှားအော်ဟစ်လျက် အရှင်လတ်လတ် ခံစားနေရလေသည်။ ထိုအခါ နန္ဒ၏ဇနီးသည် သားဖြစ်သူ ခေမကအား ဤသို့ပြောဆိုလေ၏။

"ချစ်သားခေမက....သင့်ဘခင်၏အဖြစ်ကို သင်ကယ်နိုင်မည်မဟုတ်။ လွတ်ရာကျွတ်ရာသို့သာ ထွက်ပြေးလေလော့။"

မိခင်၏ပြောဆိုချက်အရ ခေမကသည် စိတ်မချမ်းမသာဖြင့် အိမ်မှထွက်ခဲ့၍ ခြေဦးတည့်ရာသွားခဲ့ရာ တက္ကသိုလ်ပြည်သို့ ဆိုက်ရောက်သွားလေ၏။ နွားသတ်သမားနန္ဒကား ခုနစ်ရက်မြောက်သည့်နေ့တွင် သေလွန်၍ အဝီစိငရဲသို့ ကျရောက်လေသည်။

ခေမကသည် တက္ကသိုလ်ပြည်၌ ရွှေပန်းထိမ်သည်တဦးထံသို့ ချဉ်းကပ်၍ ပန်းထိမ်အတတ်ကို သင်ယူအားထုတ်နေ၏။ ထိုအ

တတ်ကို တတ်မြောက်သည့်အခါ ရွှေပန်းထိမ်ဆရာသည် ခေမကအား မိမိသမီးနှင့် ထိမ်းမြားလက်ထပ် ပေးလေသည်။

ခေမကသည် ရွှေပန်းထိမ်ပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုလျက် တက္ကသိုလ်ပြည်၌ ဆက်လက်နေထိုင်ရာ သားသမီးများရရှိလာခဲ့၏။ ခေမက၏ သားကြီးသည် အရွယ်ရောက်သောအခါ အရောင်းအဝယ်ကိစ္စဖြင့် သာဝတ္ထိပြည်သို့ သွားလေ၏။ ယင်းသို့သွားစဉ် သာဝတ္ထိမြို့သူတဦးနှင့် အိမ်ထောင်ကျ၍ သာဝတ္ထိမြို့၌ပင် အိုးအိမ်ထူထောင်၍ နေလေသည်။

သာဝတ္ထိပြည်၌ နေထိုင်သော ထိုသားကြီးသည် ဗုဒ္ဓရှင်တော်မြတ်၏ တရားကို မကြာခဏ ကြားနာခွင့်ရသဖြင့် အလှူပေးခြင်း သီလဆောက်တည်ခြင်း စသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရမှန်း သိလာ၏။ ထိုအခါသူသည် အိုမင်းမစွမ်း ဖြစ်နေသော မိမိဘခင်ကို သတိရသဖြင့် တက္ကသိုလ်ပြည်သို့ တခေါက်ပြန်သွားပြီး ဘခင်ကိုမိမိနှင့်အတူ ခေါ်ဆောင်ခဲ့လေသည်။

ဘခင်ရောက်လာသောအခါ သူသည် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လေသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အဘိုးကြီးခေမကကို ရည်စူး၍ တရားဒေသနာကို ဟောကြားတော်မူ၏။

''ဒါယကာ....သင်သည် ယခုအခါ နွမ်းခြောက်သော သစ်ရွက်ကဲ့သို့ ရင့်ရော်အိုမင်းချေပြီ၊ သေမင်း၏ခံတွင်းဝသို့ ရောက်ရှိ

နေပြီ။ သို့ရာတွင် နောက်ဘဝအတွက် ကုသိုလ်ရိက္ခာကား သင့်မှာ မရှိသေး။ နောက်ဘဝအတွက် အားထားရာ အစစ်အမှန်ဖြစ်သော ကုသိုလ်ကောင်းမှုကို အားထုတ်ဆည်းပူးလော့။”

တရားအဆုံး၀ယ် ခေမကသည် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

၁၈ မလဝဂ်၊ ၁-ဂေါဿဝုက ပုတ္တ ဝတ္ထု။



# မိထွေးတော် ဂေါတမီ

ရွှေတောင်ကြီး ပြိုလဲချိန်

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဘဝဇာတ် သိမ်းသွားသော အခါ ကပိလပတ် ထီးနန်းကို ဆက်ခံမည့်သူ တပါးမျှမရှိချေ။ သားတော်ကြီး သိဒ္ဓတ္ထမှာ ဘုရားအဖြစ်သို့ရောက်ရှိ၍ သားတော်ငယ် နန္ဒနှင့် မြေးတော် ရာဟုလာတို့မှာလည်း သူ့နောက်သို့ပင် ပါသွားပြီဖြစ်၍ ရွှေနန်းတော်တွင်း၌ အထီးကျန် မိန်းမသားများချည်းသာ ရှိတော့သည်။ ထိုမိန်းမသားများတွင် မိထွေးတော် ဂေါတမီကား အကြီးအကဲအရာ၌ တည်လျက် ချွေးမတော် ယသောဓရာနှင့် သမီးတော် ဇနပဒကလျာဏီ စသူတို့အား အားပေးဖြေသိမ့်ခြင်းပြုကာ နေရလေသည်။

ယင်းသို့ နေရငြားသော်လည်း သားတော်ဘုရားနှင့် ပထမဦးဆုံး တွေ့စဉ်ကပင် အရိယာတို့၏ အမြင်ကို တစွန်းတစ သိမြင်

ထားပြီဖြစ်သော မိထွေးတော်ကြီးသည် ရွှေနန်းတော်တွင်း၌ ပျော်မွေ့ခြင်းမရှိတော့။ သုဒ္ဓေါဒနမင်းကြီး အသက်ထင်ရှား ရှိစဉ်က မင်းကြီးကို အားကိုးပြု၍ နေခဲ့ရာ ယခုလိုရွှေတောင် ကြီး ပြိုလဲသွားချိန်တွင် မိန်းမသားတို့၏ သဘာဝအတိုင်း သူမ ကိုယ်တိုင်လည်း ဝမ်းနည်းကြေကွဲမှုကို မျိုသိပ်ခံစားနေရပေ သည်။ ခမည်းတော်မင်းကြီး အသည်းအသန်ဖြစ်၍ သားတော် ဘုရားကြွလာရာတွင် သားတော်နန္ဒနှင့် မြေးတော်ကလေးရာဟု လာတို့ ပါမလာသည့်အတွက်လည်း စိတ်မကောင်းဖြစ်မိသည်။

ဤသို့ ဝမ်းနည်းအားငယ် စိတ်ပျက်ဖွယ်ရာများကို ခံစား နေရသော မိထွေးတော်ကြီးသည် မင်းကြီး၏ဈာပနကိစ္စ ပြီးစီး သောအခါ နောက်လိုက်အမျိုးသမီး ငါးရာနှင့်အတူ နိဂြောဓာရုံ ကျောင်းတော်သို့သွား၍ ဗုဒ္ဓရှင်တော်မြတ်အား ဤသို့လျှောက် တင်၏။

"သားတော် မြတ်ဘုရား.... အရှင်မြတ်၏ သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် ခွင့်ပြုတော်မူပါ ဘုရား"

"မယ်တော်ဂေါတမီ....သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မတော်တော့ပါလင့်။"

မိမိက အားကိုးမြှော်လင့်ချက် ကြီးစွာဖြင့် တောင်းပန် လျှောက်ထားသော စကားကို သားတော်ဘုရားက နူးညံ့သိမ် မွေ့သော စကားလုံးများဖြင့် ငြင်းပယ်လိုက်သောကြောင့် မိထွေးတော်ဂေါတမီမှာ အခက်ကြုံရပြန်သည်။ မလျှော့သော စိတ်ဓါတ်ဖြင့် သုံးကြိမ်တိုင်အောင် ထပ်မံလျှောက်ထားသော်

လည်း ခွင့်ပြုချက်မရချေ။ သို့ဖြစ်၍ မပြည့်သောဆန္ဒ၊ မလှသော မျက်နှာဖြင့် နန်းတော်သို့သာ ပြန်ခဲ့ရလေသည်။

## ဘိက္ခုနီ သာသနာအစ

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် ကပိလဝတ်ပြည်မှ ထွက်ခွာတော်မူခဲ့ပြီး ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးတော်မူ၏။ ဗုဒ္ဓရှင်တော်မြတ် ဝေသာလီပြည်သို့ ဆိုက်ရောက်၍ မကြာမြင့်မီမှာပင် သာကီဝင် အမျိုးသမီး ငါးရာနှင့်အတူ မိထွေးတော် ဂေါတမီသည်လည်း ဆိုက်ရောက်လာပြန်၏၊ မိထွေးတော်ကိုသည် မိမိတို့ဘာသာ ဆံပင်များကို ရိတ်ဖြတ်ပြီး ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ကာ ဘိက္ခုနီရဟန်းမ အသွင်ဖြင့်ဗုဒ္ဓ နောက်တော်သို့ လိုက်လာကြခြင်းဖြစ်၏။

ဤသို့ ဘိက္ခုနီဘဝကို အရယူရန် ပြင်းပြသော အားမာန်ဖြင့် လိုက်လာခဲ့ကြသော်လည်း ဝေသာလီသို့ ရောက်သည့်အခါ ဗုဒ္ဓရှေ့မှောက်သို့ ဝင်ရောက်ရန် မဝံ့မရဲဖြစ်နေကြသည်။ ထို့ကြောင့် ကျောင်းတော်၏ အဝင်အဝ တံခါးမုခ်တွင် စတဲချ၍ နေကြသည်။ မိထွေးတော်နှင့်အတူ ပါလာသည့် သာကီဝင် အမျိုးသမီး ငါးရာတို့ကား ကပိလနှင့် ကောလိယ နှစ်ပြည် ဆောင်သားတို့ ရောဟိနီမြစ်ရေကို အကြောင်းပြု၍ အငြင်းပွားသဖြင့် ဗုဒ္ဓကြွရောက် ဆုံးမစဉ်က ရဟန်းပြုသွားကြသော သာကီဝင်မင်းသား ငါးရာတို့၏ ကြင်ယာ သက်ထားများဖြစ်သည်၊ သူမတို့သည် မိမိတို့၏ အားကိုးရာ ခင်ပွန်း ယောကျ်ား

များ မရှိတော့သဖြင့် မိထွေးတော် ဂေါတမီနှင့်အတူ သာသနာ့ဘောင်သို့ ဝင်ရန် လိုက်ပါလာကြခြင်းဖြစ်၏။

မိထွေးတော်တို့ ရောက်လာသည့် သတင်းကို ကြားသိလျှင် ရှင်အာနန္ဒာသည် သူမထံသို့ လာရောက်၍ အကျိုးအကြောင်းကို မေးမြန်းလေသည်။ ယူဇနာငါးဆယ်ရှိသော ခရီးကြမ်းကို ဖြတ်သန်းလာခဲ့ရ၍ခြေဖဝါးများသွေးခြင်းခြင်းနီပြီး ထကိုယ်လုံးတွင်လည်း မြူမှုန်များ လိမ်းကျံလျက် ရှိသော မိထွေးတော်ကို မြင်တွေ့ရလျှင် ရှင်အာနန္ဒာသည် လွန်စွာသနားကရုဏာ သက်ဝင်ကာ မိထွေးတော်ကိုယ်စား ဗုဒ္ဓထံသွားရောက် တောင်းပန်လေသည်။

"အရှင်ဘုရား....မယ်တော် ဂေါတမီသည် သာကီဝင်အမျိုးသမီး ငါးရာနှင့်အတူ ကျောင်းတော်တံခါးဝ၌ ရောက်နေပါသည်။ ဘိက္ခုနီ ရဟန်းမဘဝကို ရယူလိုသဖြင့် ဆံပင်ကိုရိတ်ဖြတ်ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်လျက် ယူဇနာ ငါးဆယ်ကွာဝေးသော ခရီးကြမ်းကို ဖြတ်သန်းကာ တပင်တပန်း လိုက်လာခြင်း ဖြစ်ပါသည်"

"အရှင်ဘုရား.... တပည့်တော် တောင်းပန်ပါ၏။ အမျိုးသမီးများအား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့် ပြုတော်မူပါဘုရား"

"အာနန္ဒာ....သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မအောင့်တပါလင့်"

ဗုဒ္ဓသည် ရှေးနည်းဘူငင် ရှင်အာနန္ဒာ၏ တောင်းပန်ချက်ကို ငြင်းပယ်တော်မူပြန်သည်။ သုံးကြိမ်တိုင် ထပ်၍ လျှောက်သော်လည်း အဖြေမှာ ထပ်တူထပ်မျှသာ ဖြစ်လေသည်။ သို့

သော် ရှင်အာနန္ဒာသည် လက်မလျှော့ဘဲ စကားပရိယာယ် တမျိုးပြောင်း၍ လေးကြိမ်မြောက် လျှောက်တင် ပြန်လေ၏။

"အရှင်ဘုရား .... မိန်းမသား တဦးသည် ဤသာသနာ့ ဘောင်သို့ ဝင်ရောက် ရဟန်းပြုခြင်းဖြင့် မဂ်တရား ဖိုလ်တရားကို မျက်မှောက်ပြုခြင်းငှာ မထိုက်တန်ပါသလော"

"အာနန္ဒာ....ထိုက်တန်ပေ၏"

"အရှင်ဘုရား....ယင်းသို့ ထိုက်တန်လျှင် မယ်တော် အား ရဟန်းပြုခွင့် ပေးသင့်ပါသည်။ မယ်တော်သည် အရှင်မြတ်အား ငယ်စဉ်ကာလက နို့ချိုတိုက်၍ ကျွေးမွေးပြုစုခဲ့သူ ဖြစ်ပါသည်"

"အာနန္ဒာ.... မယ်တော် ဂေါတမီသည် အကယ်၍ ဂရုဓံ တရားရှစ်ပါးကို ခံယူမည်ဆိုပါက ထိုသို့ခံယူခြင်းသည်ပင် ရဟန်း ခံခြင်း ကိစ္စဖြစ်စေသတည်း။"

## ဂရုဓံ တရား ရှစ်ပါး

ဗုဒ္ဓရှင်တော်မြတ်၏ နှုတ်တော်မှ လေးနက်တည်ကြည်စွာ မြွက် ကြားလိုက်သော စကားကို ကြားရလေသော် ရှင်အာနန္ဒာသည် ဝမ်းမြောက် ဝမ်းသာဖြင့် မိထွေးတော်ရှိရာသို့ ဆောလျှင်စွာ ပြန်လာခဲ့၏။ ဗုဒ္ဓ၏ အဖြေစကားကို ကြားရသောအခါ မိထွေး တော်က ဂရုဓံတရား ရှစ်ပါးကို အကြွင်းမရှိ လက်ခံပါကြောင်း ဝန်ခံကတိပြုလေသည်။

"အရှင်ဘုရား အာနန္ဒာ.... ဦးခေါင်းလျှော်ပြီး၍ လှပတင့် တယ်အောင် တန်ဆာဆင်ထားသော မိန်းမပျိုသည် မြတ်လေး

စပယ်အစရှိသော ပန်းတမျိုးမျိုးကို ရရှိသောအခါ လက်နှစ်ဖက်ဖြင့် တရိုတသေ ခံယူ၍ ဦးခေါင်းထက်တွင် ပန်ဆင်ဘိသကဲ့သို့ ကျွန်ုပ်သည် ဤဂရုဓမ္မ တရား ရှစ်ပါးတို့ကို တသက်တာပတ်လုံး မကျူးလွန် မဖောက်ဖျက်ဘဲ ခံယူ ကျင့်သုံးပါအံ့”

ဤသို့ဖြင့် မိမိဘာသာ ဆံကေသာကို ရိတ်ဖြတ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ခဲ့သော မိထွေးတော် ဂေါတမီသည် ယခုအခါ တရားဝင် ဘိက္ခုနီရဟန်းမအဖြစ်သို့ ဆိုက်ရောက်သွားသဖြင့် များစွာ ရွှင်လန်း ဝမ်းမြောက်လျက် ရှိတော့သည်။ ဤတွင် ဘိက္ခုနီများ လိုက်နာရန် ကြိုတင် ပညတ်ခဲ့သော ဂရုဓမ္မ တရားရှစ်ပါးကား—

၁။ ဘိက္ခုနီသည် ဝါတရာပင် ရသည်ဖြစ်စေကာမူ ယနေ့မှ ရဟန်းဖြစ်သော ဘိက္ခုအား အရိုအသေ ပေးရမည်။

၂။ ဘိက္ခုမရှိသော ကျောင်း၌ ဝါမဆိုရ။

၃။ လပြည့်လကွယ်နေ့တိုင်း ဘိက္ခုသံဃာထံ၌ ဥပုသ်ပေးခြင်း၊ ဩဝါဒခံခြင်း ပြုရမည်။

၄။ ဝါကျွတ်သောအခါတိုင်း ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ နှစ်ရပ်လုံးထံ၌ မိမိအား ဆုံးမပြောဆိုရန် ဘိတ်ကြားတောင်းပန်ရမည်။

၅။ ကြီးလေးသော အာပတ်သင့်လျှင် သံဃာ နှစ်ရပ်လုံး ကျေနပ်အောင် ကျင့်ကြံ စောင့်ထိမ်းရမည်။

၆။ ဘိက္ခုနီဖြစ်လိုလျှင် သိက္ခာပုဒ် ၆-ပါးကို ၂-နှစ်ကျင့်ရမည်။

၇။ ဘိက္ခုတို့အား မည်သို့သော အကြောင်းကြောင့်မျှ ရေ ရွတ်တိုင်းထွာခြင်း မပြုရ။
၈။ ဘိက္ခုတို့အား ပြောဆိုဆုံးမခြင်း မပြုရ
ဟူ၍ ဖြစ်ပေသည်။

## ကန်ပေါင်ကို ကြိုတင် ဖို့ခြင်း

ရှင်အာနန္ဒာလည်း မိထွေးတော် ဂေါတမီက ဂရုဓံတရား ရှစ်ပါးကို ခံယူလိုက်ပြီဖြစ်ကြောင်းကို ဗုဒ္ဓအား ပြန်ကြားလျှောက်တင်လေသည်။ ဗုဒ္ဓသည် အမျိုးသမီးများ သာသနာ့ဘောင်သို့ ဝင်ရောက်ရန် တောင်းပန်ချက်ကို အကြိမ်များစွာ ငြင်းပယ်ခဲ့သည်မှာ လုံလောက်သော အကြောင်းရှိခဲ့၍သာ ဖြစ်သည်။ ထို အကြောင်းမှာလည်း လောကသဘာဝအရ ဖြစ်လေ့ ဖြစ်ထရှိသော ကိစ္စတရပ်ပင် ဖြစ်ပေသည်။ အမျိုးသားချည်း သက်သက်ရှိနေသော သာသနာ၌ အမျိုးသမီးများ ဝင်ရောက်လာလျှင် ရှုပ်ထွေး ညစ်နွမ်းမှုများ ပေါ်ပေါက်လာပြီး သာသနာတည်တံ့ စည်ပင်ရေးကို ထိခိုက်လာနိုင်ပေသည်။ ထိုကဲ့သို့ မဖြစ်စေရန် အတွက် မိထွေးတော် ဂေါတမီအား ဂရုဓံတရား ရှစ်ပါးကို ဝန်ခံစေပြီးမှ သာသနာ့ဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်ပင် ရှင်အာနန္ဒာအား ဖွင့်ဟ မြွက်ကြားတော် မူခဲ့ပေသည်။

"အာနန္ဒာ.... တဖက်ဆည်ကန်ကြီးမှ ရေများ ကျိုးပေါက်စီးထွက်ခြင်း မရှိသေးမီ ကန်ပေါင်ကို ကြိုတင်၍ ဆည်ဖို့တားရ

ကိုသကဲ့သို့ ထို့အတူပင် ငါဘုရားသည်လည်း သာသနာတော် ဆုတ်ယုတ်ပျက်စီးခြင်း မရှိစေရန် ဘိက္ခုနီ ရဟန်းမတို့အတွက် ဂရုဓံ တရား ရှစ်ပါးကို ကြိုတင်ပညတ် ထားရပေသည်။”

ဗုဒ္ဓရှင်တော်မြတ်သည် မိထွေးတော် ဂေါတမီအား ဂရုဓံ တရား ရှစ်ပါးကို ဝန်ခံခြင်းဖြင့် ဘိက္ခုနီရဟန်းမအဖြစ်ကို အသိအမှတ်ပြုခဲ့ရာ ထိုအရှင်မသည် ဤသာသနာတော်၌ ပထဦးဆုံး နှင့် တပါးတည်းသော ဘိက္ခုနီ ဖြစ်လာခဲ့၏။ သို့ရာတွင် မိထွေးတော်နှင့်အတူ လိုက်ပါလာသည့် သာကီဝင် မင်းသမီးငါးရာတို့အတွက် ဗုဒ္ဓက မည်သို့မျှ မိန့်ကြားခြင်း မပြုသေး။ ထို့ကြောင့် ဂေါတမီက ‘ဤမင်းသမီး ငါးရာကို မည်သို့ပြုလုပ်ရပါမည်နည်း’ ဟု မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓက မင်းသမီးငါးရာကို ဘိက္ခုသံဃာဖြင့် ကမ္မဝါဖတ်၍ ရဟန်းပြုပေးရန် မိန့်ကြားတော်မူသည်။ ဤသို့ဖြင့် သူမတို့သည်လည်း ဘိက္ခုနီ ဘဝသို့ အထင်အရှား ရောက်ရှိလာကြတော့သည်။

ဂေါတမီအရှင်မသည် မိမိလိုလား တောင့်တသော ဘိက္ခုနီ ဘဝကို ရရှိပြီးနောက် ဗုဒ္ဓထံ ချဉ်းကပ်၍ ရာဂ ဒေါသကင်းကြောင်း ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း တရားကို ကြားနာမှတ်သား၏။ ဟောကြားသည့်အတိုင်းလည်း ကျင့်ကြံအားထုတ်၏။ သို့အားဖြင့် မကြာမီ အချိန်ကာလ အတွင်း၌ပင် ကိလေသာ ကင်းစင်သော ရဟန္တာမ အဖြစ်သို့ တက်လှမ်းလေတော့သည်။

## ဂေါတမီ၏ ဥပဇ္ဈာယ်ဆရာ

ဤသို့ ဂေါတမီအရှင်မကြီး ရဟန္တာမ ဖြစ်သွားသော်လည်း သူမနှင့်အတူ ဘိက္ခုနီပြုခဲ့သော သာကီဝင်အမျိုးသမီး ငါးရာတို့ကား တရားထူး မရကြသေးချေ။ စင်စစ် ထိုအမျိုးသမီးများ မိထွေးတော် ဂေါတမီ နောက်သို့ လိုက်ခဲ့ကြခြင်းမှာ ဘိက္ခုနီပြုလိုခြင်းသက်သက်ကြောင့် မဟုတ်၊ မကြာမီက ရဟန်းပြုသွားခဲ့ကြသော မိမိတို့၏ 'မောင်တော်' များအား တွေ့ရ မြင်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် လိုက်ပါခဲ့ကြခြင်းဖြစ်၏။ သို့ရာတွင် ထိုအချိန်တွင် သူမတို့၏ မောင်တော် ရဟန်းများမှာ ဝေသာလီပြည်၌ မရှိကြ။ သာဝတ္ထိပြည်၌ ကျန်ရစ်ခဲ့ကြသည်။ သို့ဖြင့် မျှော်လင့်ချက်လည်း မပြည့်ဝ တရားထူးလည်းမရ ဖြစ်နေကြသော ထိုရဟန်းမ ငါးရာတို့သည် တရံရောအခါ ဂေါတမီအရှင်မကြီးနှင့် ပတ်သက်၍ သံသယ မကင်းသော စကားကို ပြောဆိုနေကြလေသည်။

"အရှင်မတို့....မယ်တော် ဂေါတမီသည် ငါတို့လို ဥပဇ္ဈာယ်ဆရာဖြင့် သိမ်တွင်း၌ ကမ္မဝါဖတ်၍ ဘိက္ခုနီ ပြုခဲ့ရသည်မဟုတ်။ ထို့ကြောင့် ငါတို့သည် မယ်တော်ကြီးနှင့် အတူ ဥပုသ်ပြုရန် မသင့်"

ထို ဘိက္ခုနီမတို့၏ စကားမှာ တစတစ ကျယ်ပြန့်ကာ ဗုဒ္ဓရှင်တော်မြတ်၏ နားသို့ ပေါက်ကြားသွားတော့သည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က ဂေါတမီအား ဂရုဓမ်တရား ရှစ်ပါးကို ငါဘုရားကိုယ်တိုင် ပေးခဲ့သည်။ ထို့ကြောင့် ငါဘုရားသည်ပင်

ဂေါတမီ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ပေသည် ဟူ၍ ရှင်းလင်း မိန့်ကြားတော်မူသည်။ ထို့နောက်တဖန်“အကြင်သူသည် ကိုယ်နှုတ်စိတ်သုံးပါးလုံးဖြင့် တစုံတခုသော မကောင်းမှုကို မပြုလုပ်မိအောင် စောင့်စည်းထိန်းသိမ်းနိုင်၏။ ထိုသူကို သူတော် သူမြတ်ဟု ဆိုအပ်ပေသည်” ဟူသော တရား ဒေသနာဟရပ်ကို ဆက်လက် ဟောကြားတော်မူသည်။ယင်းဒေသနာကားမယ်တော်ကြီးဂေါတမီသည် သာမန် ပုဂ္ဂိုလ်တပါး မဟုတ်တော့ဘဲ အရိယာနွယ်ဝင် သူတော်စင်ကြီး စစ်စစ်ဖြစ်နေပြီ ဖြစ်ကြောင်း သွယ်ဝိုက် ဖေါ်ညွှန်းတော် မူလိုက်ခြင်းပင် ဖြစ်ပေသည်။

## ဘိက္ခုနီငါးရာ ကျွတ်တန်းဝင်

မိထွေးတော် ဂေါတမီနှင့် သာကီဝင် မင်းသမီး ငါးရာတို့ ဘိက္ခုနီ ဖြစ်လာပြီးနောက် ဝါလကျွတ်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ဝေသာလီပြည်မှ ထွက်ခွါ၍ သာဝတ္ထိပြည်သို့ကြွချီတော်မူ၏။ ယင်းသို့ ကြွချီရာတွင် ဘိက္ခုနီများသည်လည်း တပါတည်း လိုက်ပါခဲ့ကြသည်။ ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် မထေရ်ကြီးများသည် ဘိက္ခုနီတို့အား တလှည့်စီ ဆုံးမဩဝါဒ ပေးကြရသည်။ ယင်းသို့ မထေရ်ကြီးများ၏ တရားကို နေ့စဉ်ကြားနာနေရသော်လည်း ထိုဘိက္ခုနီတို့ကား တရားဉာဏ် ပွင့်လင်းခြင်း မရှိကြသေးသည်သာဖြစ်၏။ အကြောင်းကား မိမိတို့၏ ခင်ပွန်းသည်ဟောင်း

ဖြစ်ခဲ့ကြသော ရဟန်းများအပေါ်၌ သံယောဇဉ် နှောင်ကြိုးကို မဖြတ်တောက်နိုင် ကြသောကြောင့် ဖြစ်ပေသည်။

တနေ့သ၌ ဂေါတမီအရှင်မကြီးသည် ဘိက္ခုနီ ငါးရာတို့ကို ဗုဒ္ဓထံ ခေါ်သွားပြီး တရားဓမ္မ ဟောပြရန် တောင်းပန်လေ၏။ ဗုဒ္ဓက ကိုယ်တိုင်ဟောကြားခြင်း မပြုဘဲ အရှင်နန္ဒက မထေရ်အား တာဝန်ပေးတော်မူသည်။ အရှင်နန္ဒကသည် ထိုဘိက္ခုနီတို့အား ရုပ်တရား နမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ သဘောကို ရှင်းလင်းဟောပြတော်မူရာ ဘိက္ခုနီငါးရာလုံး အကျွတ်တရား ရရှိကြလေသည်။

## သမီးတော်ဇနပဒကလျာဏီ

မယ်တော်ဂေါတမီ ရဟန်းပြုသွားသောအခါ ကပိလဝတ်ပြည်၌ ကျန်ရစ်ခဲ့သော သမီးတော် ဇနပဒကလျာဏီသည် ခမည်းတော် မယ်တော်များနှင့် မောင်တော်နန္ဒပါ မရှိတော့၍ ခြောက်သွေ့လှသော နန်းတော်၌ မပျော်မွေ့တော့ချေ။ ထို့ကြောင့် မိမိ၏ အခြွေအရံများနှင့်အတူ မယ်တော်ရှိရာသို့ လိုက်လာပြီး မယ်တော့်ထံ၌ လူဝတ်ကြောင်ဘဝဖြင့်ပင် နေထိုင်လေ၏။ ယင်းသို့ နေထိုင်၍ ခုနစ်ရက် ရှစ်ရက်ရှိသောအခါ မယ်တော်က ပြောဆိုဆုံးမ တရားပြသဖြင့် ဘိက္ခုနီဘဝသို့ ကူးပြောင်းလေသည်။ ထို့နောက် ရုပ်အဆင်းလှပခြင်းကို အကြောင်းပြု၍ ဟောကြားသော ဗုဒ္ဓ၏တရားကို ကြားနာရသဖြင့် ရဟန္တာမ ဖြစ်သွားလေသည်။

# ယသောဓရာ လိုက်လာပြီ

ကပိလဝတ်ပြည်၌ နောက်ဆုံးကျန်ရစ်သူကား ယသောဓရာ မင်းသမီးဖြစ်၏။ သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံ၍ ဂေါတမီ မိဖုရားကြီးနှင့်တကွ နန္ဒမင်းသား၊ သားတော်ရာဟုလာ စသူတို့ လည်း ဗုဒ္ဓထံ ပါသွားကြလေပြီ။ သို့ရာတွင် သူမကား ထိုအချိန် တိုင်အောင် သာကီဝင်မျိုးတို့၏ ဇာတိမာန်ကို မလျှော့။ ဗုဒ္ဓ ထံမှ သားတော်ရာဟုလာကို ပြန်တောင်းပြီး ထီးနန်းဆက်ခံ စေမည်။ သို့မှသာ ဩက္ကာကမင်းကြီးမှ အစပြုခဲ့သော သာကီဝင် မင်းဆက် မပြတ်မည်။ ပျားကောင်များ စွန့်ပစ်သွားသည့် ပျားအုံနှင့်တူသော ကပိလဝတ် ရွှေနန်းတော်သည်လည်း ပြန်လည်စည်ကားလာမည်ဟု ကြံစည်စိတ်ကူးမိလေသည်။

ယင်းသို့ ကြံစည်စိတ်ကူးမိသည့်အလျောက် တနေ့တွင် မှူး မတ် ဗိုလ်ပါ အခြံအရံများဖြင့် ဗုဒ္ဓရှင်တော်မြတ်ရှိရာ ရာဇဂြိုဟ် ပြည်သို့ ကိုယ်တိုင် ခရီးထွက်ခဲ့သည်။ ရာဇဂြိုဟ်ပြည်သို့ ရောက် သော် ဗုဒ္ဓအား ဤသို့လျှောက်တင်လေ၏။

"ရှင်တော် မြတ်ဘုရားသည် မိမိ၏ အကျိုးစီးပွားကိုသာ မကြည့်ဘဲ ဆွေတော်မျိုးတော်တို့၏ အကျိုးကိုလည်း ကြည့်သင့် ပါသည်။ ယခုအခါ ကပိလဝတ်ပြည်သည် အရောင်အဝါမရှိ သော ကျောက်မျက်ရတနာကဲ့သို့ ထီးဆောင်းမင်း ကင်းမဲ့ကာ မျက်နှာငယ်လျက်ရှိပါသည်။သားတော်ရာဟုလာကိုသာသနာမှ ထွက်၍ ထီးနန်းဆက်ခံစေမှသာ ဆွေတော်မျိုးတော်များလည်း အားကိုးရာရှိပါတော့မည်။ ထို့ကြောင့် သားတော်ကို ကျွန်ုပ် တို့အား ပြန်ပေးတော်မူပါလော့"

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က ယသောဓရာအား ဤသို့ ပြန်လည် မိန့်ကြားတော်မူ၏။

"အချင်းယသောဓရာ....ငါသည် မိမိအကျိုးကိုသာ ကြည့်သည်မဟုတ်။ လူနတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အကျိုးကို အစဉ်ရှေ့ရှုခဲ့ပေသည်။ သားတော် ရာဟုလာအား ထီးနန်းတင်ခြင်းဖြင့် အကျိုးများဖွယ်မရှိ။ ဆင်းရဲဒုက္ခ တိုးပွားရုံသာ ရှိပေမည်"

ဤသို့ မိန့်ကြားပြီး လောကီအာရုံ ကာမဂုဏ်တို့၏ အပြစ်များကို ဖေါ်ထုတ်ဟောကြားတော်မူသည်။ ထိုအခါ ယသောဓရာသည် တရားဉာဏ်သက်ဝင်၍ မောင်းမ အခြွေအရံတို့နှင့် အတူ ဇနပဒကလျာဏီ ထေရီမထံ၌ ဘိက္ခုနီ ပြုလုပ်လေသည်။ ထို့နောက် ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သဖြင့် မကြာမီ ရဟန္တာမ အဖြစ်သို့ ဆိုက်ရောက်လေ၏။

၂၆-ပြာဟ္မဏဝဂ်၊ ဂ-မဟာပဇာပတိဂေါတမီ ဝတ္ထုကို အခြားကျမ်းများဖြင့် ဖြည့်စွက်ရေးသည်။



# ညီတော်အာနန္ဒာ

ဗုဒ္ဓရှင်တော်မြတ် ကပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွချီပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွလာချိန်တွင် ရဟန်းပြုခဲ့ကြသော သာကီဝင် မင်းသားများစွာတို့အနက် ရှင်အာနန္ဒာသည်လည်း တပါးအပါအဝင်ဖြစ်၏။ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ဘထွေးတော် အမိတောဒနမင်းကြီး၏ သားတော်တပါးဖြစ်ပြီး ဗုဒ္ဓနှင့်တနေ့တရက်တည်းတွင် မွေးဖွားခဲ့သူလည်း ဖြစ်ပေသည်။ ထို့ကြောင့် ငယ်ရွယ်စဉ် ကာလမှစ၍ ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားအား နောင်တော်ရင်းတမျှ ချစ်ခင်လေးစားခဲ့သည်။ ရဟန်းဖြစ်လာသည့်အချိန်တွင်လည်း ဗုဒ္ဓထံပါး၌ နီးကပ်စွာနေ၍ ဝတ်ကြီး ဝတ်ငယ် အမျိုးမျိုးကို ပြုစုလုပ်ကျွေးခဲ့လေသည်။

# အလိုနည်းသော ဥပဇ္ဈာယ်ဆရာ

ရှင်အာနန္ဒာအား ရဟန်းခံပေးသည့် ဥပဇ္ဈာယ်ဆရာမှာ အရှင်ဗေလဋ္ဌသီသ အမည်ရှိသော မထေရ်တပါးဖြစ်၏။ ထိုအရှင်သည် တောရကျောင်း၌ နေထိုင်လျက် အချိန်ရှိသရွေ့ ဖလသမာပတ်ကို ဝင်စားခြင်းဖြင့် ပျော်မွေ့လေ့ ရှိသည်။ ထိုအရှင်သည် အခြားရဟန်းများကဲ့သို့ နေ့စဉ်ဆွမ်းခံခြင်းမပြုဘဲ ငါးရက်ခြောက်ရက်ကြာမှ တခါ ဆွမ်းခံလေ့ရှိ၏။ ဆွမ်းခံသည့်အခါ ပိုလျှံသော ဆွမ်းများကို အခြောက်လှန်းထားပြီး နောက်နေ့များတွင် ထိုထမင်းခြောက်ဖြင့်သာ မျှတလေသည်။ ဤသို့ပြုလုပ်ခြင်းမှာဆွမ်းကိစ္စအတွက် ဖလသမာပတ် ဝင်စားမှု မပျက်စေရန် ဖြစ်ပေသည်။

ယင်းသို့ အရှင်ဗေလဋ္ဌသီသသည် တခါတခါမှသာ ဆွမ်းခံထွက်သည်ကို အခြားသောရဟန်းတို့မြင်ကြလျှင် မေးမြန်းစုံစမ်းကြကုန်၏။

"ငါ့ရှင်....သင်သည် အဘယ်ကြောင့် နေ့စဉ်ဆွမ်းခံမထွက်ပါသလဲ"

အရှင်ဗေဋ္ဌသီသသည် ထိုရဟန်းတို့အား အမှန်အတိုင်းပင် ဝန်ခံပြောကြားလေ၏။ ရဟန်းတို့သည် အရှင်ဗေလဋ္ဌသီသအား "ရဟန်းဖြစ်လျက် ခဲဘွယ်ဘောဇဉ်တို့ကို သိုမှီး သိမ်းဆည်း၍ သုံးဆောင်ဘိသည်" ဟု ကဲ့ရဲ့ရှုတ်ချကြပြီး ဗုဒ္ဓရှင်တော်မြတ်အားလည်း တိုင်တန်း လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓက "ရဟန်းများသည် ခဲဘွယ်ဘောဇဉ်တို့ကို သိုမှီး သိမ်းဆည်း၍သုံးဆောင်ခြင်းမပြုရ" ဟု ဝိနည်းဥပဒေတရပ်ကို ပညတ်

တော်မူသည်။ ထို့နောက် ရှင်ဗေလဋ္ဌသီသမှာမူ တရားကို သိမြင်ပြီး သူဖြစ်၍ ပစ္စည်းကို မက်မောတွယ်တာမှုဖြင့် သိုမှီးသိမ်းဆည်း ခြင်း ပြုခဲ့သည်မဟုတ်ကြောင်း ရဟန္တာတို့၌ ပစ္စည်းကို သိုမှီး သိမ်းဆည်းလိုမှု မရှိတော့ကြောင်း ရှင်းလင်း မိန့်ကြားတော် မူသည်။

## မိတ်ဟောင်း ဆွေဟောင်း

ဤသို့ အလိုရမက်နည်းပါးလှသော ပုဂ္ဂိုလ်တပါးကို ဥပဇ္ဈာယ် ဆရာပြု၍ ရဟန်းဘဝသို့ ရောက်လာခဲ့သော ရှင်အာနန္ဒာသည် မိမိဘဝကို များစွာကျေနပ်အားရခဲ့၏။ ဗုဒ္ဓရှင်တော်မြတ်၏ ဆုံးမ ဩဝါဒကို နာယူ၍ ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်ကြသော ရဟန်းများကိုလည်း ကြည်ညိုလေးစားကာ တစိမ့်စိမ့် ပီတိ ပွားခဲ့ရ၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်အား—

"အရှင်ဘုရား....မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရ ခြင်းသည် သာသနာတော်၏ ခရီးတဝက်ဖြစ်ပါသည်" ဟူ၍ပင် ဖွင့်ဟ လျှောက်တင်ခဲ့လေသည်။ ဗုဒ္ဓရှင်တော်မြတ်ကား ရှင် အာနန္ဒာ၏ လျှောက်တင်ချက်ကို ထပ်ဆင့်တိုးမြှင့်ကာ ဤသို့ ပြန် လည် မိန့်ကြားတော်မူလေသည်။

"အာနန္ဒာ....ဤသို့မဆိုလင့်၊ အာနန္ဒာ ဤသို့မဆိုလင့်၊ မိတ် ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းသည် သာသနာ တော်၏ ခရီးတဝက်မဟုတ်၊ ခရီးဆုံးတိုင်အောင် ရောက်သည်

မည်၏။ သူတော်ကောင်းနှင့် ပေါင်းသင်းမိသော ရဟန်းသည် သာလျှင် မဂ္ဂင်ရှစ်ပါးကို ပွားများပေလိမ့်မည်။ ငါဘုရားတည်း ဟူသော မိတ်ဆွေကောင်းနှင့် ပေါင်းသင်း မိခြင်း အားဖြင့် များစွာသော သတ္တဝါတို့ အိုခြင်း၊နာခြင်း အစရှိသော ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်ကြရ ပေသည်။"

ရှင်အာနန္ဒာသည် ရဟန်းဖြစ်လာသည့် အချိန်မှစ၍ ရဟန်းတရားကို ကြိုးစား အားထုတ်ခဲ့သည်။ ဤသို့ တရားအားထုတ်၍ ဉာဏ်အမြင်ပေါက်အံ့ ဆဲဆဲအချိန်တွင် ဓမ္မကထိက ပုဂ္ဂိုလ်ကျော် တပါးဖြစ်သော ရှင်ပုဏ္ဏမထေရ်၏ ခန္ဓာငါးပါးတရားကို ကြားနာခဲ့ရသည်။ ထိုအရှင်မြတ်ကား ဗုဒ္ဓ၏တရားကို ပထမဦးဆုံး သိမြင်ခဲ့သော ရှင်ကောဏ္ဍည မထေရ်ကြီး၏ တူတော်ရင်းဖြစ်ပေသည်။ ရှင်ကောဏ္ဍည မထေရ်ကြီးသည် သက်တော်ကြီးရင့်ပြီဖြစ်၍ ရဟန်းသံဃာတို့အလယ်၌ မနေလိုသောကြောင့် ဟိမဝန္တာတောသို့ ကြွ၍ တပါးတည်း နေထိုင် သီတင်းသုံးခဲ့သည်။ မိမိကိုယ်တိုင်က သက်တော်ကြီးရင့်၍ ဗုဒ္ဓရှင်ဘော်မြတ်အား ဝတ်ကြီးဝတ်ငယ် မပြုစုနိုင်သော်လည်း မိမိကိုယ်စား ပြုစုရန်အတွက် တူတော်ပုဏ္ဏ လုလင်ကို ရဟန်းပြုပေးပြီး ဗုဒ္ဓထံပါး၌ ထားခဲ့သည်။ ထိုအရှင်ပုဏ္ဏ သည် ကိုယ်တိုင်တရားကို သိမြင်ပြီး တပါးသူတို့ သိမြင်အောင်လည်း ဟောကြား ပြသနိုင်သဖြင့် ဓမ္မကထိက ဧတဒဂ် ဘွဲ့ထူးကိုပင် ရရှိခဲ့လေသည်၊ ရှင်အာနန္ဒာသည် အရှင်ပုဏ္ဏ၏တရားကို ကြားနာရသဖြင့်သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။

## ဗုဒ္ဓအား အမြဲလုပ်ကျွေးခွင့်

ရှင်အာနန္ဒာသည် ရဟန်းပြုသည့်အချိန်မှစ၍ ဗုဒ္ဓရှင်တော်မြတ်၏ ဝတ်ကြီး ဝတ်ငယ်တို့ကို အခါအခွင့်ရတိုင်း ဆောင်ရွက်ခဲ့သည်။ ရှင်အာနန္ဒာမှတပါး ရှင်နာဂသမာလ၊ ရှင် နာဂိတ၊ ရှင်မေဃိယ စသောရဟန်းများကလည်း ဗုဒ္ဓအား အခါအားလျော်စွာ လုပ်ကျွေးခဲ့ကြသည်။ ထိုအချိန်က ဗုဒ္ဓသည် ရှင်အာနန္ဒာကိုသော်၎င်း၊ အခြားရဟန်းတပါးပါးကိုသော်၎င်း အမြဲတမ်း အလုပ်အကျွေးအဖြစ်ဖြင့် သတ်မှတ်ခြင်း မပြုခဲ့။သို့ရာတွင် ဝါတော်နှစ်ဆယ်ရ၍ သက်တော် ကြီးရင့်လာသည့် နောက်ပိုင်းတွင် အမြဲတမ်း လုပ်ကျွေးသော ရဟန်းတပါး သတ်မှတ်ထားရန် လိုအပ်သောအကြောင်းကိစ္စများ ဖြစ်ပေါ်လာခဲ့သည်။

အခါတပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် ကောသလ တိုင်းအတွင်း၌ ဒေသစာရီ ကြွချီတော်မူရာ ရှင်နာဂသမာလမထေရ်သည် အလုပ်အကျွေးအဖြစ်ဖြင့် နောက်တော်မှ လိုက်ပါသွားလေ၏။ လမ်းတနေရာသို့ ရောက်သော် လမ်းခွဲ နှစ်ခုကို မြင်၍ ရှင်နာဂသမာလက "အရှင်ဘုရား၊ တပည့်တော်တို့လက်ဝဲဘက် လမ်းခွဲဖြင့်သွားကြပါစို့"ဟုလျှောက်ထားသည်။ဗုဒ္ဓက"အချင်းနာဂသမာလ လက်ဝဲဘက်လမ်းကိုသင်မနှစ်သက်လင့်၊ လကျာဘက်လမ်းဖြင့်သာ သွားကြအံ့"ဟု မိန့်ကြားတော်မူသည်။ဤသို့ သုံးကြိမ်တိုင် မိန့်ကြားသော်လည်း ရှင်နာဂသမာလသည် မနာယူဘဲ လက်ဝဲဘက် လမ်းဖြင့်သာ သွားလိုသောကြောင့် ဗုဒ္ဓ၏ သပိတ်ပရိက္ခရာတို့ကို မြေပေါ်၌ချထားခဲ့ရန်ဟန်ပြင် လေသည်။

ထိုအခါဗုဒ္ဓက "အချင်းနာဂသမာလ ငါ့ထံယူခဲ့လော့"ဟု မိန့်ကြားပြီး သပိတ် ပရိက္ခရာတို့ကို ကိုယ်တိုင် သယ်ဆောင်ကာ တပါးတည်း ကြွသွားခဲ့လေရသည်။

လက်ဝဲဘက် လမ်းဖြင့်သွားသော ရှင်နာဂသမာလသည် တောအုပ်တခုအတွင်းသို့ ရောက်သော် တောပုန်း လူဆိုးတို့နှင့် တွေ့ရှိ၍ ရိုက်နှက်လုယက်ခြင်း ခံရလေသည်။ ထိုအခါ သူသည် သွေးသံရဲရဲဖြင့် ဗုဒ္ဓထံသို့လိုက်သွားပြီး အကြောင်းစုံကို လျှောက်တင်လေ၏။ ဗုဒ္ဓက"အချင်းနာဂသမာလ သတ္တဝါတို့အပေါ်၌ မေတ္တာတရားပွါးကာ သည်းခံစိတ်ထားပါလော့"ဟုမိန့်ကြားလျက် နှစ်သိမ့်အားပေးတော် မူခဲ့ရလေသည်။

အခါတပါး၌လည်း ဗုဒ္ဓရှင်တော်မြတ်သည် စာလိကတောင်၌ သီတင်းသုံးတော်မူရာ ရှင်မေဃိယ မထေရ်က ဗုဒ္ဓအား လုပ်ကျွေးပြုစုလျက်ရှိ၏။ တနေ့သ၌ ရှင်မေဃိယသည် ဗုဒ္ဓထံ၌ ခွင့်ပန်၍ ဇန္တုရွာသို့ ဆွမ်းခံကြွစဉ် ကိမိကာဠ မြစ်ကမ်း၌ စိမ်းလန်းစိုပြေသော သရက် ဥယျာဉ်တခုကို တွေ့မြင် လေသည်။ ထိုအခါ ရှင်မေဃိယအား "ဤဥယျာဉ်ကား မွေ့လျော်ဘွယ်ရှိ၏။ ဗုဒ္ဓအားခွင့်ပန်ပြီး ဤဥယျာဉ်သို့လာ၍ တရား အားထုတ်ရသော် ကောင်းလေစွ" ဟု အကြံ ဖြစ်လေ၏။ ထို့ နောက် သူသည် ဗုဒ္ဓထံချဉ်းကပ်၍ မိမိအကြံဖြစ်ပုံကို လျှောက် ထားပြီး သရက်ဥယျာဉ်သို့သွား၍ တရားအားထုတ်ခွင့်ပြုရန် တောင်းပန်သည်။ဗုဒ္ဓက "အချင်းမေဃိယ ယခုငါဘုရား တပါးတည်းဖြစ်နေ၏။ အခြားရဟန်းတပါးပါး လာသည့်တိုင်အောင် စောင့်

ပါဦးလော့”ဟု မိန့်ကြားတော်မူသည်။ ရှင်မေဃိယက တဖန်ထပ်၍ “အရှင်ဘုရားမှာ တဆင့်တက်၍ အားထုတ်ပွါးများရန် မရှိတော့သော်လည်း တပည့်တော်မှာမူ အားထုတ်ပွါးများရန် ရှိနေပါသေးသည်။ ထို့ကြောင့် သရက်ဥယျာဉ်သို့ တရားအားထုတ်သွားရန် ခွင့်ပြုတော်မူပါ” ဟုလျှောက်ပြန်သည်။

ဤသို့ သုံးကြိမ်တိုင် လျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်မြတ်က “အချင်း မေဃိယ တရားအားထုတ်ရန်ဟု ဆိုသောကြောင့် ငါဘုရား ဆက်လက်တားမြစ်ရန် သင်တော့မည်မဟုတ်၊ သင်သွားလိုက သွားလော့”ဟု မိန့်ကြားတော် မူလိုက်သည်။ ယင်းသို့ မိန့်ကြားလိုက်သည်နှင့် တပြိုင်နက် ရှင်မေဃိယသည် ဗုဒ္ဓ၏ သပိတ်ပရိက္ခရာတို့ကို ဗုဒ္ဓအားအပ်နှံခဲ့ပြီး သရက်ဥယျာဉ်ရှိရာသို့ ထွက်ခွါသွားသည်။ ဗုဒ္ဓကား အလုပ်အကျွေး ရဟန်းတပါးမျှ မရှိတော့ဘဲ ကိုယ်တော်တပါးတည်း ကျန်ရစ်လေတော့သည်။

သို့သော်လည်း ထိုနေ့ညနေ စောစောပိုင်းမှာပင် ရှင်မေဃိယသည် မျက်နှာမသာမယာဖြင့် ပြန်ရောက် လာပြီး ဗုဒ္ဓအား ဤသို့ လျှောက်တင်လေသည်။

“အရှင်ဘုရား တပည့်တော်သည်ဗုဒ္ဓရှင်တော်မြတ်၏တရားကို အမှန်တကယ် ယုံကြည်သက်ဝင်၍ ရဟန်း ပြုခဲ့သူ ဖြစ်ပါသည်။ သို့ပါသော်လည်း ထိုသရက်ဥယျာဉ်၌ နေ၍ တရား အားထုတ်သည့်အခါ မကောင်းသော ကြံစည်စိတ်ကူးမှုများကသာ တပည့်တော်၏စိတ်ကို လွှမ်းမိုး ဖိစီး၍ နေခဲ့ ပါသည်။ ထို့ကြောင့်ပင် ထိုသရက် ဥယျာဉ်၌ ဆက်လက်နေထိုင်ခြင်းမပြုဘဲ အရှင်ဘုရားထံသို့ မနေ့ခြင်း ပြန်ရောက်လာခြင်း ဖြစ်ပါသည်ဘုရား”

ဗုဒ္ဓရှင်တော်မြတ်သည် ရှင်မေဃိယအား မည်သို့မျှ ကဲ့ရဲ့ ပြစ်တင်ခြင်းမပြု။ သမာဓိ မရင့်သန်သေးသူများမှာ ဤသို့ပင် ဖြစ်ရမည်ကို ကြိုတင်သိမြင်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းမှီဝဲနေသူများသာ သီလ သမာဓိ ပညာတို့ တိုးပွါးနိုင်ကြောင်း။ မိတ်ကောင်းဆွေကောင်း နှင့် ကင်းကွာသူများသည် ထိုတရားများကို မရနိုင်ကြောင်း မိန့်ကြားကာ ရှင်မေဃိယအား သတိပေး ဆုံးမတော်မူခဲ့ရ လေသည်။

အထက်ပါကိစ္စများ ဖြစ်ပေါ်ပြီး၍ သာဝတ္ထိပြည်သို့ ဆိုက် ရောက်သော အခါ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်း သံဃာ အပေါင်းကို စည်းဝေးစေပြီး ဤသို့ ထုတ်ဖေါ် မိန့်ကြားတော် မူသည်။

“ရဟန်းတို့ ငါဘုရားသည် ယခုအခါ အသက်ကြီးရင့်ပြီ ဖြစ်၍ အမြဲလုပ်ကျွေးသော ရဟန်းရှိမှ သင့်တော့မည်။ ရဟန်း သံဃာအများတွင် ငါဘုရားအား မကျိုးမနွံ ပြုသော ရဟန်း များလည်းရှိ၏။ ထိုရဟန်းတို့သည် တခါတရံ ငါဘုရားကို တပါးတည်း စွန့်ပယ်သွားခဲ့ကြ၏။ တပည့်သံဃာ အမြောက် အမြားရှိပါလျက် သပိတ်သင်္ကန်းကို ငါကိုယ်တိုင်လွယ်ရချေသော် သင်တို့အပေါ် သူတော်ကောင်းတို့ ကဲ့ရဲ့ဘွယ်ဖြစ်ချေသည်။ ထို့ကြောင့် အမြဲလုပ်ကျွေးနိုင်မည့် ရဟန်းတပါးကို ငါဘုရား အလိုရှိတော်မူ၏။”

ထိုစကားကိုကြားလျှင် ရဟန်းသံဃာတို့အတွင်း၌ ကြီးစွာ သော ထိတ်လန့် တုန်လှုပ်မှုဖြစ်ပေါ်လျက် ရှင်သာရိပုတ္တရာ မထေရ်မှစ၍ အသီးသီးသော ရဟန်းတို့သည် ဗုဒ္ဓအား အမြဲ

လုပ်ကျွေးခွင့် ရရှိရန်တောင်းပန်ကြသည်။ သို့သော် ရှင်အာနန္ဒာကား မည်သို့မျှမလျှောက်ဘဲ ဆိတ်ဆိတ်သာနေလေ၏။ ဗုဒ္ဓရှင်တော်မြတ်က ရှင်သာရိပုတ္တရာ စသည်တို့၏ လျှောက်တင်ချက်ကိုလက်မခံဘဲ "ရဟန်းတို့....အာနန္ဒာသည် ငါဘုရားကို အလုန်ချစ်ခင်မြတ်နိုး၏။ လုံ့လဝီရိယနှင့်လည်း ပြည့်စုံ၏။ အာနန္ဒာသည်ပင် ငါဘုရားကို အမြဲတန်း လုပ်ကျွေးလိမ့်မည်ဟု မိန့်ကြားတော်မူသည်။

ထိုအခါရှင်အာနန္ဒာသည် နေရာမှထ၍ ဗုဒ္ဓအား ရှိခိုးကန်တော့ပြီး ဗုဒ္ဓသည် မိမိအား ဆွမ်းသင်္ကန်းဖြင့် ချီးမြှောက်ခြင်း၊ တကျောင်းတည်း၌ အိပ်စက်စေခြင်း၊ ဆွမ်း ပင့် ဖိတ်သော ဒါယကာတို့ အိမ်သို့ အမြဲခေါ်၍ကြွခြင်းများကို မပြုလုပ်ပါက အမြဲ လုပ်ကျွေးနိုင်ပါကြောင်း လျှောက်တင်သည်။ ထိုအချက်လေးရပ်ကို တောင်းဆိုခြင်းမှာ "အာနန္ဒာသည် ဆွမ်းသင်္ကန်းစသည်ဖြင့်ချီးမြှောက်မှုကို ရရှိသောကြောင့်သာ ဗုဒ္ဓအား အမြဲလုပ်ကျွေးခြင်းဖြစ်သည်ဟု" ရဟန်းရှင်လူတို့ ဝေဖန် ပြောဆိုမှုမရှိစေရန် ဖြစ် ပေ သည်။ ရှင်အာနန္ဒာက တဖန်ဆက်လက်၍—

(၁) မိမိလက်ခံထားသော ဆွမ်းကို ဗုဒ္ဓက ခံယူရန်

(၂) ဗုဒ္ဓအားဖူးမြင်လို၍ အဝေးမှရောက်လာသော ရဟန်းရှင်လူတို့က မိမိမှတဆင့် ဖူးမြင်ခွင့်တောင်းသည့်အခါ ခွင့်ပြုရန်။

(၃) မိမိအား ဗုဒ္ဓထံ အချိန်မရွေး ချဉ်းကပ်၍ မေးမြန်းလျှောက်ထားလိုသည့် အချက်ကို လျှောက်ထားခွင့်ပြုရန်။

(၇) မိမိကွယ်ရာ၌ ဟောကြားခဲ့သော တရားများကို မိမိအား ပြန်လည်ဟောကြားရန်

ဟူသော လိုလားချက်လေးရပ်ကိုသည်း တောင်းခံပြန်သည်။ ထိုအချက်များမှာလည်း ပုဂ္ဂလိကအကျိုးကို ရှေ့ရှုသော အခွင့်အရေးများမဟုတ်ဘဲ အများအကျိုးကို ဆောင်ရွက်နိုင်ရန် တောင်းဆိုခြင်းများသာ ဖြစ်ပေသည်။ ထို့ကြောင့် ရှင်အာနန္ဒာအား လိုလားချက်အားလုံးကို လိုက်လျောခွင့်ပြု၍ အမြဲတမ်း အလုပ်အကျွေးအဖြစ် အသိအမှတ် ပြုတော်မူလိုက်သည်။

ဤသို့ အမြဲတမ်း အလုပ်အကျွေးအဖြစ် အသိအမှတ်ပြုခြင်း ခံရသည့်နေ့မှစ၍ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ဝေယျာဝစ္စ အမှုများကို နေ့စဉ်မပျက် ဆောင်ရွက်ခဲ့သည်။ နံနက်စောစောထ၍ မျက်နှာသစ်ရေတည်ခြင်း၊ သပိတ်သင်္ကန်းတို့ကို ပြင်ဆင်ပေးခြင်း၊ နေ့လယ်တွင် အိပ်ရာနေရာများ သန့်ရှင်းခြင်း၊ သောက်ရေ သုံးရေဖြည့်ခြင်း၊ ညအချိန်တွင် ခြေဆုပ်လက်နယ်ပြုခြင်းစသော ဝတ္တရားများကို ရိုသေကျိုးနွံစွာ ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့်လည်း နောင်အခါတွင် ဗုဒ္ဓရှင်တော်မြတ်က ရှင်အာနန္ဒာအား လုံ့လဝီရိယ ပညာဗဟုသုတတို့နှင့် ပြည့်စုံ၍ မိမိအား လုပ်ကျွေးပြုစုသည့် အရာတွင် "အတော်ဆုံးရဟန်း"ဟု ချီးကျူးဂုဏ်ပြုတော် မူခဲ့ပေသည်။

ရှင်အာနန္ဒာသည် အမြဲတမ်း လုပ်ကျွေးသူအဖြစ်ဖြင့် ဗုဒ္ဓ ကြွလေရာသို့ အရိပ်ပမာ လိုက်ပါခဲ့ရသည်။ ဗုဒ္ဓရှင်တော်မြတ်အားလည်း အသက်တမျှ ချစ်ခင်မြတ်နိုး ခဲ့သည်။ တခါက ဒေဝဒတ်၏ တိုက်တွန်းချက်အရ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်အဇာတသတ်သည် ဗုဒ္ဓဆွမ်းခံကြွရာ လမ်းခရီး၌ နာဠာဂီရိဆင်ကို

အရက်မူးအောင်တိုက်၍ လွှတ်စေခဲ့သည်။ အရက်မူးနေသော ဆင်ကြီး ဗုဒ္ဓထံသို့ ရှေ့ရှုပြေးလာသည်ကို နောက်တော်မှ လိုက်ပါလာသော ရှင်အာနန္ဒာ မြင်လျှင် "ဆင်ကြီး၏အန္တရာယ်ကို ဗုဒ္ဓကိုယ်စား တပည့်တော် ရင်ဆိုင်ပါမည်"ဟုဆိုကာ ရှေ့သို့ ဒဇ္ဇတ်အတင်း တက်ပြေးခဲ့သည်။ ဗုဒ္ဓက "အာနန္ဒာ ဖယ်ရှားလော့၊ ဖယ်ရှားလော့" ဟု မိန့်ကြားသော်လည်း မရသဖြင့် တန်းခိုးတော်ဖြင့် ဖယ်ရှားပစ်ခဲ့ရလေသည်။

ရှင်အာနန္ဒာသည် အမြဲတမ်း အလုပ်အကျွေး အဖြစ်ဖြင့် ဗုဒ္ဓဟောကြားသမျှ တရားဒေသနာတို့ကို ကြားနာမှတ်သားခွင့် ရခြင်းသည် ထူးခြားသော အခွင့်အရေးတရပ်ဖြစ်၏။ မိမိ မျက်မှောက်၌ ဟောကြားသော တရားဒေသနာတို့ကို တိုက်ရိုက်နာကြားခွင့်ရရှိပြီး မျက်ကွယ်၌ ဟောသော တရားများကိုမူ ဗုဒ္ဓကိုယ်တော်တိုင်က ပြန်လည်ဟောကြားသဖြင့် မှတ်သားခွင့်ရပြန်သည်။ ဤအခွင့်အရေးကို တောင်းဆိုထားခြင်းမှာလည်း တစုံတယောက်သောသူက "အရှင်အာနန္ဒာ....ဤသုတ် ဤဒေသနာကို ဘယ်မြို့ ဘယ်ဌာန၌ ဘယ်သူ့အား ဗုဒ္ဓဟောကြားခဲ့ပါသနည်း" ဟု မေးလျှင် ဖြေကြားနိုင်ရန် ဖြစ်ပေသည်။ ဤသို့သော မေးမြန်းချက်များကို မဖြေကြားနိုင်လျှင် "ရှင်အာနန္ဒာသည် ဗုဒ္ဓနောက်တော်ပါးမှ အရိပ်ပမာ လိုက်ပါနေသူဖြစ်ပါလျက် ဘယ်တရားကို ဘယ်မြို့မှာ ဟောကြောင်းကိုမျှ မှတ်သားခြင်းမပြု"ဟု ရဟန်းရှင်လူတို့က ဝေဖန်ပြောဆိုကြပေလိမ့်မည်။ ဤသို့ ဗုဒ္ဓဟောကြားခဲ့သမျှ တရားတို့ကို မှတ်သားနာယူခဲ့ရသူဖြစ်ခြင်းကြောင့် ရှင်အာနန္ဒာအား ရဟန်းတို့က တရားဘဏ္ဍာစိုး "ဓမ္မဘဏ္ဍာဂါရိက" ဟူ၍ အသိအမှတ်ပြုခဲ့ကြသည်။

## တိမ်ယောင်နှင့်နက်

ဗုဒ္ဓဟောကြားသမျှ တရားတို့ကို ကြားနာမှတ်သားခွင့် ရရှိသော ရှင်အာနန္ဒာသည် မိမိကြားနာ မှတ်သားထားသော တရားဒေသနာတို့ကို အခါအခွင့်သင့်တိုင်း ဆင်ခြင်သုံးသပ်ကြည့်လေ့ရှိသည်။ မိမိဉာဏ်အမြင်၌ မရှင်းလင်းသည့် အချက်များတွေ့ပါကလည်း ဗုဒ္ဓထံ မဆိုင်းမတွ ချဉ်းကပ်၍ သံသယကင်းရှင်းအောင် မေးမြန်းလျှောက်ထားလေ့ရှိသည်။ တရံရောအခါ ရှင်အာနန္ဒာသည် "ပဋိစ္စသမုပ္ပါဒ်"ခေါ် ကြောင်းကျိုးဆက်တရားကို ဆင်ခြင်သုံးသပ်ကြည့်မိ၏။ ပဋိစ္စသမုပ္ပါဒ် တရားဟူသည် အလွန်နက်နဲပြီး နက်နဲသော အသွင်အပြင်လည်း ရှိကြောင်း ရှင်အာနန္ဒာသိရှိ၏။သို့ရာတွင် ယခုမိမိ၏ဉာဏ်အမြင်၌ကြည်လင်ရှင်းလင်း၍ တိမ်တိမ်ကလေးကဲ့သို့ပင် ထင်လာသောကြောင့် များစွာအံ့အားသင့်မိသည်။ ထို့ကြောင့် မဆိုင်းမတွပင် ဗုဒ္ဓထံချဉ်းကပ်၍ ထိုအကြောင်းကို ဖွင့်ဟ လျှောက်တင်လေသည်။

"အရှင်ဘုရား....အံ့ဖွယ်ရှိပါပေစွ၊ အရှင်ဘုရား....မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ ဤပဋိစ္စသမုပ္ပါဒ် တရားတော်သည် အလွန်လည်းနက်နဲပါ၏။ အလွန်နက်နဲသော အသွင်လည်း ရှိပါ၏။ သို့ဖြစ်ပါလျက် တပည့်တော်၏ဉာဏ်တွင်မူ တိမ်တိမ်ကလေး ကဲ့သို့ပင်ထင်ပါသည်။

"အာနန္ဒာ ....ဤသို့မဆိုလင့်၊ အာနန္ဒာ ....ဤသို့ မဆိုလင့်၊ ဤပဋိစ္စသမုပ္ပါဒ် တရားသည် နက်လည်း နက်နဲ၏။ နက်နဲသောအသွင်လည်းရှိ၏။ အာနန္ဒာ....ဤပဋိစ္စသမုပ္ပါဒ်တရားကို မသိ

မြင်ခြင်းကြောင့်သာ သတ္တဝါအပေါင်းသည် သံသရာမှ မလွတ်မြောက်နိုင်ကြခြင်းဖြစ်၏”

ဗုဒ္ဓသည် ဤသို့ မိန့်ကြားတော်မူပြီးပဋိစ္စသမုပ္ပါဒ် တရား၏နက်နဲပုံကို အကျယ်တဝင့် ရှင်းလင်းဟောပြတော် မူသည်။ ထိုအခါတွင်မှ ရှင်အာနန္ဒာသည် ပဋိစ္စသမုပ္ပါဒ်တရား၏ နက်နဲပုံကို ကောင်းစွာ ဥာဏ်သက်ဝင်မိလေတော့သည်။

## နံ့သာပြဿနာ

အခါတပါး၌လည်း ရှင်အာနန္ဒာသည် ဆိတ်ငြိမ်ရာ အရပ်၌ တပါးတည်း သီတင်းသုံးစဉ် ဤသို့အကြံဖြစ်လေ၏။

“ဤလောက၌ အနှစ်နံ့သာ၊ အပွင့်နံ့သာ၊ အမြစ်နံ့သာဟု နံ့သာသုံးမျိုးရှိကုန်၏။ ထိုနံ့သာ သုံးမျိုးတို့၏ မွှေးကြိုင်သော အနံ့တို့သည် လေအောက်သို့သာ သင်းပျံ့ကုန်၏။ လေအောက်သို့သာမက လေညာသို့ပါ သင်းပျံ့သော နံ့သာဟူ၍ ရှိကောင်းအံ့လော”

ယင်းသို့ အကြံဖြစ်ပြီးနောက် ရှင်အာနန္ဒာသည် ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်၍ မိမိကြံစည် စိတ်ကူးမိပုံကို ဖေါ်ထုတ်လျှောက်တင်လေသည်။ ဗုဒ္ဓရှင်တော်မြတ်က “အာနန္ဒာ လေကြောသို့သာမက လေညာသို့ပါ သင်းပျံ့မွှေးကြိုင်သော အနံ့သည် ဤလောက၌ အမှန်ပင်ရှိပေ၏။”ဟု မိန့်ကြားတော်မူလျှင်ရှင်အာနန္ဒာက “ထိုအနံ့သည် အဘယ်ပါနည်းဟု” မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က အကျင့်သီလနှင့် ပြည့်စုံ

သော ပုဂ္ဂိုလ်တို့၏ ကောင်းသောဂုဏ်သတင်းများသည် လေ အောက် လေညာ နှစ်ဖြာသောဌာနသို့ မွှေးကြိုင်သင်းပျံ့ပုံကို ဤသို့ မိန့်ကြားတော်မူလေသည်။

"အာနန္ဒာ....ဤလောက၌ အကြင်သူသည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်းစသော မကောင်းမှုတို့မှ ရှောင်ရှား၏။ ကိုယ်ကျင့်တရား ကို စောင့်ထိန်းလျက် ဝန်တိုမစ္ဆရိယ ကင်းသောစိတ်ဖြင့် မိမိ အိမ်ထောင်ကို ကွပ်ကဲအုပ်ချုပ်နေ၏။ ဆင်းရဲသူ၊ ခိုကိုးရာမဲ့သူ တို့အား အချိန်အခါမရွေး ပေးကမ်းထောက်ပံ့လေ့ရှိ၏။ သူ တော်သူမြတ်တို့အားလည်း ရက်ရောစွာ လှူဒါန်းလေ့ရှိ၏။ ထို သူ၏ဂုဏ်သတင်းကို အရပ်ဆယ်မျက်နှာ နေရာဌာနတိုင်း၌ ရဟန်း ရှင်လူတို့ ချီးကျူး ပြောဆိုကြကုန်၏။ ထိုသူ၏ ဂုဏ်သတင်းသည် လေကြောသို့သာမက လေညာသို့ပါ သင်းပျံ့မွှေးကြိုင်ပေ၏။"

ဤသို့ ဗုဒ္ဓရှင်တော်မြတ်က သင်းပျံ့မွှေးကြိုင်သော နံ့သာ အမျိုးမျိုးတို့ထက် အကျင့်သီလတည်းဟူသော နံ့သာက သာ လွန်ထူးမြတ်ပုံကို နှိုင်းယှဉ် ဟောကြားတော် မူသောအခါ ရှင် အာနန္ဒာသည် လွန်စွာ နှစ်သက်ကျေနပ် မိလေတော့သည်။

## ဥပုသ် ပြဿနာ

တရံရောအခါ ရှင်အာနန္ဒာအား "ဗုဒ္ဓရှင်တော်မြတ်"သည် ဝိပဿီ အစရှိသော ဘုရားခုနစ်ဆူတို့၏ မယ်တော်၊ ခမည်းတော်၊ သက်တော်အပိုင်းခြား စသည်တို့ကို ဟောကြားခဲ့၏။ ဥပုသ်ပြုပုံ

ကိုကား ဟောကြားခြင်းမပြုခဲ့။ ရှေးဘုရားရှင်တို့သည် အဘယ်သို့ ဥပုသ်ပြုကြလေသနည်း”ဟု အကြံဖြစ်လေ၏။ မိမိအကြံဖြစ်ပုံကို ဗုဒ္ဓရှင်တော်မြတ်ထံ သွားရောက် လျှောက်တင်သောအခါ ဗုဒ္ဓရှင်တော်မြတ်က ရှေးဘုရားရှင်တို့အနက် ဝိပဿီ မြတ်စွာဘုရားသည် ခုနစ်နှစ်တကြိမ်ငင်း၊ သိခီ မြတ်စွာဘုရားနှင့် ဝေဿဘူ မြတ်စွာဘုရားတို့သည် ခြောက်နှစ်တကြိမ်ငင်း၊ ကကုသန် မြတ်စွာဘုရားနှင့် ကောဏာဂုံ မြတ်စွာဘုရားတို့သည် တနှစ်တကြိမ်ငင်း၊ ကဿပမြတ်စွာဘုရားသည် ခြောက်နှစ်တကြိမ်ငင်း ဥပုသ်ပြုတော်မူကြကြောင်း ဟောကြားတော်မူသည်။ ထိုဘုရားရှင်တို့ ဥပုသ်ပြုကြသည် ဆိုခြင်းမှာလည်း တပည့်သာဝကဖြစ်သောရဟန်းသံဃာ အပေါင်းကို စုဝေးစေပြီး—

“မကောင်းမှုဟူသမျှကို မပြုခြင်း၊ ကောင်းမှုဟူသမျှကို ပြီးမြောက်စေခြင်း၊မိမိစိတ်ကို ဖြူစင်စေခြင်း ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမပင်ဖြစ်ပေ၏။”

စသော ဂါထာသုံးပုဒ်ဖြင့် ဆုံးမဩဝါဒ ပေးခြင်းပင် ဖြစ်ပေသည်။ ဘုရားရှင်တို့ ဥပုသ်ပြုရာတွင် ကာလ အပိုင်းအခြားအားဖြင့် ကွဲပြားသော်လည်း တပည့် သာဝကတို့အား မြွက်ကြားသည့် ဩဝါဒမှာမူ ထပ်တူထပ်မျှပင် ဖြစ်ကြောင်း ဗုဒ္ဓရှင်တော်မြတ်က ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။

## အာဇာနည် ပြဿနာ

အခါတပါး၌ကား ရှင်အာနန္ဒာသည် “ဤလောက၌ ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး ဥပေါသထ ဆင်မျိုးတို့၌ ဖြစ်၏။

မြင်းအာဇာနည်သည် သိန္ဓောမြင်းမျိုး ဝလာဟက မြင်းမျိုးတို့၌ ဖြစ်၏။ နွားလားအာဇာနည်သည် ဒက္ခိဏာပထတိုင်း၌ ဖြစ်၏ ဟုဆို၏။ ယောကျ်ားအာဇာနည်ကား အဘယ်အရပ်၌ ဖြစ်လေသနည်း" ဟူ၍ ကြံစည်စဉ်းစား မိလေသည်။

ဤသို့ ကြံစည်စိတ်ကူးမိပုံကို ဗုဒ္ဓရှင်တော်မြတ်ထံ သွားရောက် လျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်မြတ်က ယောကျ်ားအာဇာနည်ဟူသည် အစွန်အဖျားကျသော ပစ္စန္တရာဇ်အရပ်တို့၌မဖြစ်။ ကမ္ဘာမြေပြင်၏ အချက်အခြာကျသော "မဇ္ဈိမဒေသ" တို့၌သာ ဖြစ်ကြောင်း၊ အကြင်အမျိုး၌ ယောကျ်ားအာဇာနည် ဖြစ်ပေါ်လာ၏။ ထိုအမျိုးသည် ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိမည်သာ ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏မိန့်ကြားချက်ကို နှစ်သက်ကျေနပ်စွာ ခံယူလေသည်။

## ဗုဒ္ဓရောင်ဝါ

အခါတပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဝိသာခါ ဒါယိကာမကြီး ဆောက်လုပ် လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ကောသလ မင်းကြီးသည် သီတင်းကျွတ် လပြည့်နေ့ ညနေချမ်း အချိန်တွင် မင်းဝတ်တန်ဆာ ငါးပါးကို တင့်တယ်စွာဝတ်ဆင်လျက် တရားနာယူရန် ဗုဒ္ဓရှင်တော်မြတ်ထံ ဆိုက်ရောက်လာ၏။ ထိုအချိန်တွင် ရှင်ကာဠုဒါယီ မထေရ်မြတ်သည် ဗုဒ္ဓရှင်တော်မြတ်၏ ထံပါး၌ ပင် ဈာန်သမာပတ်ကိုဝင်စားလျက်ရှိ၏။ ဝင်လုဆဲဆဲဖြစ်သော

နေမင်းနှင့် ထွက်ပြူစဖြစ်သော လမင်းတို့၏ အရောင်အဝါ များကလည်း အပြိုင်အဆိုင် ထွန်းလင်း တောက်ပလျက် ရှိကြ သည်။

ထိုအခါ ဗုဒ္ဓထံပါး၌ ခစားလျက်ရှိသော ရှင်အာနန္ဒာသည် မင်းဝတ်တန်ဆာ ငါးပါးနှင့် ပြည့်စုံသော ပြည့်ရှင်မင်း၊ ဈာန် ဝင်စားသော ရဟန္တာနှင့် နေလတို့၏အလယ်တွင် ဗုဒ္ဓရှင်တော် မြတ်၏ အရောင်အဝါတို့ကသာ ထူးကဲသာလွန်စွာ တင့်တယ် တောက်ပလျက် ရှိသည်ကို တွေ့မြင်မိလေသည်။ ဤအကြောင်း ကို ဗုဒ္ဓရှင်တော်မြတ်အား ထုတ်ဖော်လျှောက်ကြားလေသော် ဗုဒ္ဓက ဤသို့မိန့်ကြားတော်မူ၏။

"အာနန္ဒာ.... နေသည် နေ့အခါ၌သာ တောက်ပ၏၊

လသည် ညအခါ၌သာ တောက်ပ၏။

ပြည့်ရှင်မင်းသည် မင်းဝတ်တန်ဆာ ဝတ်ဆင်ထားမှသာ တင့်တယ်၏။

အရိယာ သူတော်စင်သည် ဈာန်သမာပတ် စင်စားနေမှ သာ တင့်တယ်၏။

ဗုဒ္ဓရှင်တော်မြတ်သည်ကား နေ့ရောညပါ အချိန် အခါ မရွေးပင် တင့်တယ်တောက်ပပေ၏။"

## ဗုဒ္ဓ၏ အားပေးစကား

ဤသို့ဖြင့် ရှင်အာနန္ဒာသည် ဗုဒ္ဓရှင်တော်မြတ်အားလွန်စွာ ကြည်ညို မြတ်နိုးလျက် သက်တော်ထင်ရှား ရှိသော ကာလ

ပတ်လုံး ဝတ်ကြီးဝတ်ငယ် အမျိုးမျိုးကို ပြုစုဆောင်ရွက်ခဲ့၏။ ဗုဒ္ဓဟောကြားသည့် တရားဒေသနာ မှန်သမျှကိုလည်း နာယူမှတ်သားခွင့် ရရှိခဲ့၏။ သို့သော်ငြားလည်း သူသည် ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကာလအတွင်း ရဟန်းကိစ္စ၏ အထွတ်အထိပ်သို့ကား မရောက်ခဲ့။ သောတာပန်အဆင့်မှ အထက်သို့ တက်လှမ်းခြင်း မပြုနိုင်ခဲ့ ထို့ကြောင့် ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း၌ ဗုဒ္ဓရှင်တော်မြတ်နိဗ္ဗာန်စံဝင်တော့မည်ဟု ဆိုသောအချိန်တွင် ရှင်အာနန္ဒာသည် ဝမ်းပန်းတနည်း ငိုကြွေးခဲ့၏။

ရှင်အာနန္ဒာ ငိုကြွေး နေကြောင်း ကြား သိလျှင် ဗုဒ္ဓရှင်တော်မြတ်က ခေါ်၍ နှစ်သိမ့် အားပေးစကား မိန့်ကြားတော် မူခဲ့သည်။

"အာနန္ဒာ....မငိုကျွေးလင့်၊ပျက်စီးခြင်း သဘောတရားတို့ကို မပျက်စီးပါစေနှင့်ဟု တောင့်တ၍မရ၊ သင်သည် ငါဘုရားအား အတိုင်းအဆမရှိသော မေတ္တာဖြင့် ကာလ ကြာမြင့်စွာ လုပ်ကျွေးပြုစုခဲ့၏။ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့သူဖြစ်၏။ ကမ္မဋ္ဌာန်းကိုသာ အားထုတ်လော့ လျှင်စွာပင် ရဟန္တာဖြစ်လတံ့။"

## သံဂါယနာနှင့် နောက်ပိုင်း

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူသောအခါ ဗုဒ္ဓဟောကြားခဲ့သော တရားဓမ္မ အားလုံးကို မပျောက်ပျက်အောင်

စုစည်း၍ သံဂါယနာတင်ရန် ရှင်မဟာကဿပ မထေရ်ကြီးက စတင်ကြိုးပမ်းတော်မူသည်။ ဤကိစ္စကို သံဃာအလယ်၌ တင်ပြ ဆွေးနွေး၍ သံဃာအားလုံး၏ သဘော တူညီချက်ဖြင့် သံဂါ ယနာ တင်ရာတွင် ပါဝင်မည့် ရဟန်း ငါးရာကို ရွေးချယ် ကြရာ ရှင်အာနန္ဒာလည်း တပါးအပါအဝင်ဖြစ်ခဲ့သည်။ အမှန် စင်စစ် ထိုရဟန်းငါးရာတို့တွင် ရှင်အာနန္ဒာမှတပါး ၄၉၉-ပါးသော ရဟန်းတို့သည် ကိလေသာ ကင်းစင် ပြီးသော ရဟန္တာအရှင်မြတ်ကြီးများသာဖြစ်ကြသည်။ရှင်အနန္ဒာကိုကား သောတာပန်မျှသာ ဖြစ်သော်လည်း ဗုဒ္ဓ၏မုခပါဌ် တရား ဒေသနာ ဟူသမျှကို ကြားနာ မှတ်သား ခဲ့သူ ဖြစ်၍ အထူး ဝိသေသပြုကာ ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

သံဂါယနာတင်ပွဲကို ရာဇဂြိုဟ်ပြည် ဝေဘာရ တောင် စောင်းရှိ စရည်းပင် လိုဏ်ဂူတွင် ဝါခေါင် လပြည့် နေ့တွင် စတင်ကျင်းပသည်။ သံဂါယနာတင်ပွဲ မစမီ နှစ်ရက် သုံးရက် ကပင် ကြိုတင်၍ အချို့သောမထေရ်ကြီးတို့သည် ရှင်အာနန္ဒာ အား သတိပေးကြသည်။


“ငါ့ရှင်အာနန္ဒာ....သံဂါယနာတင်ပွဲကား နီးချေပြီ၊ရဟန္တာ ပရိသတ်သို့ ရဲရဲဝံ့ဝံ့ ဝင်နိုင်ရန် ရဟန်းတရားကို မမေ့ မလျော့ အားထုတ်ပါလော့။”

ထိုမထေရ်ကြီးတို့၏ သတိပေး တိုက်တွန်းချက်အရ ရှင် အာနန္ဒာသည် ဝါခေါင်လပြည့် အဖိတ်နေ့ ညတွင် စောင်း တန်းအတွင်း၌ လူးလာခေါက်ပြန် စင်္ကြံသွားလျက် ကမ္မဋ္ဌာန်း တရားကို ပွါးများဆင်ခြင်လေသည်။ ဤသို့ပွါးများ ဆင်ခြင် သော်လည်း သန်ကောင်ယံ ကျော်လွန် သည့် တိုင် အောင်

တရားထူးနိမိတ်ကား အရိပ်အယောင်မျှပင် မပေါ်ခဲ့။ ထိုအခါ ရှင်အာနန္ဒာသည် "ငါကား ဝီရိယလွန်ကဲ၍ စိတ်ပျံ့လွင့်နေ ဟန်ရှိ၏။ ဝီရိယနှင့်သမာဓိကို မျှတစေအံ့"ဟု ကြံ၍ စင်္ကြံမှ ဆင်းသက်ပြီး အနားယူရန်အတွက် မိမိအိပ်စက်ရာ ကျောင်း ဆောင်းထက်၌ လဲလျောင်းလိုက်လေသည်။ ဤသို့ လျောင်းလိုက် စဉ် ခြေနှစ်ဖက် ကြမ်းပြင်မှလွတ်၍ ဦးခေါင်းလည်း ခေါင်းအုံး ပေါ်သို့ မကျမီ အတွင်းမှာပင် ကိလေသာ လုံးဝကင်းစင်သော ရဟန္တာ အဖြစ်သို့ ချက်ခြင်း ဆိုက်ရောက်သွားတော့သည်။

ဤသို့ဖြင့် ရှင်အာနန္ဒာသည် သံဂါယနာတင် သံဃာအစည်း အဝေးပွဲတွင် ရဟန္တာ ပုဂ္ဂိုလ်အဖြစ်ဖြင့် ပါဝင်နိုင်ခဲ့၏။ သုတ္တန် နှင့် အဘိဓမ္မာ တရားများကိုလည်း ရှင်အာနန္ဒာကိုပင် အကြီး အမှူးပြုကာ သံဂါယနာ တင်ခဲ့ကြ၏။ ထိုသံဂါယနာတင် ပွဲကြီးကား ခုနစ်လ အကြာတွင် အောင်မြင်စွာ ပြီးဆုံးခဲ့၏။ သံဂါယနာပွဲကြီး ပြီးဆုံးသောအခါ ရှင်အာနန္ဒာသည် ငါးရာ သော တပည့်သံဃာတို့အား ပရိယတ် ပဋိပတ် တရားများကို သင်ကြားပို့ချလျက် ရာဇဂြိုဟ် သာဝတ္ထိ စသော တိုင်းနိုင်ငံတို့ ၌ အခါအားလျော်စွာ လှည့်လည် သီတင်းသုံးခဲ့၏။ အထူး အားဖြင့်ကား မိမိ၏ ဇာတိဌာနေဖြစ်သော ကပိလဝတ်ပြည် နှင့် ဒေဝဒဟပြည်တို့ကြားရှိ ရောဟိနီ မြစ်ကမ်းဝယ် အများ ဆုံးသီတင်းသုံးခဲ့၏။ သက်တော်တရာ့နှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန် စံသောအခါ၌လည်း ထိုမြစ်ကမ်းမှာပင် ပရိနိဗ္ဗာန် စံတော်မူ ခဲ့လေသည်။

ဓမ္မပဒ အဋ္ဌကထာလာ အာနန္ဒထေရ ဝတ္ထုများကို အခြား ကျမ်းများဖြင့်ဖြည့်စွက်ရေးသားပါသည်။



# အတောင်ကျိုးသည့် ကြိုးကြာငှက်

ဗုဒ္ဓလက်ထက်တော်က ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသည့် မဟာဓနအမည်ရှိသော သူဌေးကြီးတဦးရှိ၏။ ထိုသူဌေးကြီး၏ သူဌေးကတော်မှ သားတယောက်သာ မွေးဖွား၏။ သူဌေးကြီး ဇနီးမောင်နှံတို့သည် မိမိတို့၌ သုံးစွဲ၍ မကုန်နိုင်သော ပစ္စည်းဥစ္စာများ ရှိနေပြီဖြစ်၍ တဦးတည်းသော သားငယ်အား အသက်မွေးဝမ်းကျောင်းအတွက် တစုံတခုသော အတတ်ပညာကိုမျှ သင်ကြားမပေးကြချေ။ အချိန်ရှိသမျှ ပျော်ပျော်ပါးပါးနေရန် အဆိုအကများကိုသာ လေ့လာလိုက်စားစေကြလေသည်။

ဗာရာဏသီပြည်၌ပင် ကုဋေရှစ်ဆယ် ကြွယ်ဝသည့် အခြားသူဌေးတယောက်လည်း ရှိသေး၏။ ထိုသူဌေး၌ကား သမီးတယောက်သာ ထွန်းကားလေသည်။ ထိုသူဌေးသမီးကိုလည်း

မိဘများက အတတ်ပညာ သင်ကြားပေးခြင်း မပြုဘဲ အဆိုအက များဖြင့်သာ ပျော်သလို နေခွင့်ပြုထား ကြလေ သည်။

ထိုသူဌေးသားနှင့် သူဌေးသမီးတို့ အရွယ်ရောက်လာသော အခါ နှစ်ဖက်သော မိဘတို့သည် 'ရွှေနှင့်ရွှေကို ဂဟေဆက်' သည့် အနေဖြင့် ယင်းတို့နှစ်ဦးကို ထိမ်းမြား လက်ထပ်ပေးလိုက် ကြ၏။ ရှေ့သွားနောက်လိုက် ညီညွတ်လှသော ထိုဇနီးမောင်နှံ ကား အိမ်ထောင်သည် ဘဝသို့ ဆိုက်ရောက်လာသော်လည်း စီးပွားရေးကိစ္စများကို စိတ်ဝင်စားခြင်း မရှိကြ။ နေ့ရှိသရွေ့ စားလိုက် သောက်လိုက် ပျော်လိုက်ပါးလိုက်ဖြင့်သာ အချိန်ကုန် ၍ နေကြလေသည်။

ယင်းသို့ နေကြစဉ် နှစ်ဖက်သော မိဘများမှာလည်း သက် ရွယ် ကြီးရင့်သဖြင့် တယောက်ပြီးတယောက် ကွယ်လွန်သွားကြ လေသည်။ ထိန်းကျောင်း ကွပ်ကဲမည့် မိဘများ မရှိတော့သော အခါ သူဌေးသား ဇနီးမောင်နှံတို့သည် အကွပ်မရှိသော ကြမ်း ကဲ့သို့ ပရမ်းပတာ နေထိုင်လျက် ရှိသမျှ ပစ္စည်းဥစ္စာတို့ကို ထင် သလို သုံးဖြုန်းနေကြလေသည်။

ထိုအခါ ဗာရာဏသီ မြို့တော်တဝိုက်၌ လှည့်လည်သောက် စား ပျော်ပါးလေ့ရှိသော သေသောက်ကြူးတစုတို့သည် ထို သူဌေးသားကို မြင်လျှင် ဤသို့ ကြံစည် စိတ်ကူးမိကြ၏။

"ဒီသူဌေးသာ ဒို့အဖွဲ့ထဲ ပါလာရင် ဒို့ထင်သလို သုံးဖြုန်း စားသောက်နိုင်မှာဘဲ"

ဤသို့ စဉ်းစားမိသည့် အလျောက် ထိုသေသောက်ကြူးတို့ သည် နောက်တနေ့တွင် ဘုရင့်နန်းတော်သို့ သူဌေးသား သွား နေကျ လမ်းဘေး၌ ကြီးကျယ်ခမ်းနားသော သေသောက်ပွဲ

ကြီး တခုကို တပျော်တပါး ဆင်နွှဲကျင်းပနေကြ၏။ ဘုရင့်နန်းတော်သို့ အခစားဝင်ရန် လာသော သူဌေးသားကို မြင်လျှင် သေသောက်ကြူးတို့သည် သေရည်ခွက်များကိုမြှောက်၍ 'သူဌေးမင်း အသက်ရာကျော် ရှည်ပါစေ' ဟု သံပြိုင်ကြွေးကြော်အောင်ဟစ်ကြလေသည်။

ထိုအခါ သူဌေးသားသည် သေသောက်ကြူးများအပေါ်၌ အနည်းငယ် စိတ်ဝင်စားလာပြီး သူ့နောက်မှလိုက်လာသည့်တပည့်လုလင်အား ဤသို့ မေးမြန်းလေသည်။

"အချင်းလုလင်....ဒီလူတွေ ဘာသောက်နေကြတာလဲ"

"သေအရက်ဖြစ်ပါတယ် သူဌေးမင်း"

"သေအရက်ဆိုတာ သောက်လို့ကောင်းသလား"

"အလွန်ကောင်းပါတယ်သူဌေးမင်း၊ သေအရက်မှမသောက်ဘူးတဲ့လူဟာ လူဖြစ်ကျိုး မနပ်ဘူးလို့ ထင်ပါတယ်"

အမှန်စင်စစ် သူဌေး၏တပည့်လုလင်အား သေသောက်ကြူးတို့က ကြိုတင် သိမ်းသွင်းထားသဖြင့် ဤသို့ ပြောဆိုခြင်းဖြစ်၏။ သို့သော်လည်း အမြော်အမြင် နည်းပါးလှသော သူဌေးကား ထိုလုလင်၏ စကားကို အဟုတ် ထင်မှတ်သွား၏။ ထို့ကြောင့် အိမ်ပြန်ရောက်သောအခါ သေသောက်ကြူးတို့ထံမှ သေအရက်အနည်းငယ်ကို တောင်းယူစေပြီး အစမ်းသဘောဖြင့် သောက်ကြည့်လေသည်။ ထိုနေ့မှစ၍ သေသောက်ကြူးတို့သည် စားသောက်ဖွယ် အမဲသား ငါးများနှင့် တကွ သေအရက်များကို သူဌေးအိမ်သို့ နေ့စဉ် ပို့ပေးကြသည်။ သူဌေးသားလည်း တစတစဖြင့် သေအရက်ကို စွဲလာပြီး သေသောက်ကြူးများကို မိမိ

အိမ်သို့ ဖိတ်၍ နေ့စဉ်မပြတ် သောက်ပွဲကြီး ကျင်းပနေလေတော့သည်။

သို့အားဖြင့် သူဌေးအိမ်မှာ အသောက်သမားတို့၏ ပျော်ပွဲစားရုံကြီး ဖြစ်လာသည်။ အသောက်သမားများမှာလည်း တနေ့တခြား အရေအတွက် တိုးပွားလာသည်။ ထိုစားစရိတ်သောက်စရိတ်များကို သူဌေးတဦးတည်းကသာ ဒိုင်ခံ၍ ထုတ်ပေးနေရာ နေ့စဉ် ထောင်နှင့် ချီ၍ ကုန်ကျလေသည်။ သေသောက်ပွဲကြီးနှင့် တဆက်တည်းပင် ကပွဲဆိုပွဲနှင့် လောင်းကစားပွဲ အမျိုးမျိုးလည်း ပါလာ၏။ ထို့ကြောင့် သူဌေးအိမ်မှ ပစ္စည်းဥစ္စာများမှာ နေ့စဉ် ဒလဟော ထွက်နေလေသည်။

ဤသို့ဖြင့် ရက်လကြာသောအခါ မကုန်နိုင် မခန်းနိုင်ဟုထင်ရသော ပစ္စည်းဥစ္စာများ မကျန်သလောက် ဖြစ်သွား၏။ ထိုအခါ လယ်ယာ ဥယျာဉ်များနှင့် ကျွဲ၊နွား၊လှည်း စသည်တို့ကို ရောင်းချ၍ သုံးဖြုန်းပြန်သည်။ နောက်ဆုံးတွင် နေအိမ်ကိုပင်ရောင်းချလိုက်ရသဖြင့် သူဌေးဇနီးမောင်နှံမှာ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားတော့သည်။ ထိုအခါ ယခင်က စားဖေါ် သောက်ဖက်ဖြစ်သော သေသောက်ကြူးတို့သည် အနားသို့ပင် မသီလာကြတော့ချေ။

နေစရာလည်းမရှိ၊စားစရာလည်းမရှိသော သူဌေးလင်မယားသည် လမ်းဘေးစရပ်တခု၌ ခိုကပ်နေထိုင် ကြရသည်။ ဝမ်းရေးအတွက်လည်း ခွက်လက်စွဲကာ တောင်းရမ်းစားသောက်ရသောဘဝသို့ နေ့ခြင်းရက်ခြင်း ရောက်ရှိသွားတော့သည်။

တနေ့သ၌ မယားဖြစ်သူ နေမကောင်းသဖြင့် တယောက်တည်း လှည့်လည် တောင်းရမ်းနေရသော သူဌေးသားသည် ရဟန်းများ ဆွမ်းဘုဉ်းပေးနေသည့် စရပ်တခု အနီးသို့ ဆိုက်

ရောက်သွား၏။ ထိုအခိုက်မှာပင် ဗုဒ္ဓရှင်တော်မြတ် ကြွရောက်လာရာ ရဟန်းများထံမှ ဆွမ်းကျန် ဟင်းကျန်များကို စောင့်မျှော်နေသော ထိုသူဌေးသားကိုမြင်တော်မူလျှင် မသိမသာ ပြုံးရယ်တော်မူလေသည်။ ဗုဒ္ဓပြုံးရယ်သည်ကို ရှင်အာနန္ဒာက မြင်၍ အကြောင်းကို မေးလျှောက်သော အခါ ဗုဒ္ဓက ဤသို့မိန့်ကြားတော်မူလေသည်။

"ချစ်သားအာနန္ဒာ....ဤသူကိုရှုစမ်းပါလော့၊ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး၏ သားဖြစ်ပါလျက် ခွက်လက်စွဲကာတောင်းရမ်း စားသောက်နေရရှာ၏။ သူသည် မိဘအမွေအနှစ်များကို ဖြုန်းတီးမပစ်ဘဲ ပထမအရွယ်ကပင် စီးပွားရေးကို လုပ်ဆောင်ပါက ဤဗာရာဏသီပြည်၌ ပထမတန်းစား သူဌေးကြီးဖြစ်နိုင်၏။ လူ့ဘောင်၌ မပျော်မွေ့၍ ရဟန်းပြုမည် ဆိုလျှင်လည်း ရဟန္တာအဖြစ်သို့ပင် ရောက်နိုင်၏။ ပထမအရွယ်၌ ထင်သလို ပျော်ပါးနေပြီး ဒုတိယအရွယ် တတိယအရွယ်တို့၌ စီးပွားရေးကို လုပ်ဆောင်ပါက ဒုတိယတန်းစား၊ တတိယတန်းစား သူဌေးဖြစ်နိုင်၏။ ရဟန်းပြုမည်ဆိုလျှင်လည်း အနာဂါမ်၊ သကဒါဂါမ်ဖြစ်နိုင်ပေသည်။ယခုကား ဤသူဌေးသားသည်မိဘအမွေအနှစ်များကို အကျိုးမဲ့ ဖြုန်းတီးပစ်ခဲ့သောကြောင့် လူ့စည်းစိမ်မှငင်း၊ ရဟန်းစည်းစိမ်မှငင်း ဆုံးရှုံးလျက် အတောင်ကျိုးသော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရရှာချေပြီ။

ယင်းသို့ ခိုကိုးရာမဲ့ ဖြစ်နေသော သူဌေးလင်မယားတို့တွင် မယားဖြစ်သူသည် အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း ဒဏ်များကို မခံနိုင်သဖြင့် မကြာမီ ကွယ်လွန်လေသည်။ တယောက်

တည်း ကျန်ရစ်ရှာသော သူဌေးသားသည် စိတ်လက်မကြည်မသာဖြင့် ဗာရာဏသီပြည်မှ ထွက်ခဲ့၍ ခြေဦးတည့်ရာသို့ လှည့်လည်သွားလာနေ၏။ သူသည် နောက်ဆုံး၌ ရာဇဂြိုဟ်ပြည်သို့ ဆိုက်ရောက်သွားပြီး ခိုးသားတစုနှင့်ပေါင်းမိ၍ လုယက်မှုတခုကို ကျူးလွန်သောကြောင့် မြို့စောင့်တပ်ဖွဲ့၏ ဖမ်းခြင်းကို ခံရလေသည်။

ထိုသူဌေးသားအား မြို့ဝန်ကိုယ်တိုင် စစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် သေဒဏ် ချမှတ်လိုက်၏။ သေဒဏ်ပေးရန် အတွက် လက်မရှိ အာဏာသားတို့က သူဌေးသားကို လက်ပြန်ကြိုး ချည်နှောင်၍ မြို့ပြင်သုသာန်သို့ ခေါ်ဆောင်သွားကြသည်။ ဤသို့ ခေါ်ဆောင် သွားသည်ကို သုလသာ အမည်ရှိသော ပြည့်တန်ဆာမမြင်လျှင် ဘဝဟောင်းက လင်မယား တော်စပ်ခဲ့ဘူးသောကြောင့် သူဌေးသားအပေါ်၌ ပြင်းပြသောသနားကြင်နာမှု ဖြစ်ပေါ်၍ စားသောက်ရန် ကတွတ်မုန့်နှင့် သောက်ရေတို့ကို ပို့ပေးလေသည်။

သူဌေးသားသည် ထိုကတွတ်မုန့်နှင့် သောက်ရေတို့ကို စားသောက်မည့် ဆဲဆဲဝယ် မြို့ထဲသို့ ဆွမ်းခံဝင်လာသော ရှင်မောဂ္ဂလာန် မထေရ်ကို လှမ်း၍ မြင်လိုက်လေသည်။ ထိုအခါ သူဌေးသားသည် "ယနေ့ပင် သေတော့မည့် အတူဟူ ဤမုန့်ကို ငါစားသော်လည်း အကျိုးထူးတော့မည် မဟုတ်။ မထေရ်မြတ်အား လှူဒါန်းလိုက်တော့မည်"ဟု ကြံ၍ ရှင်မောဂ္ဂလာန်အား လှူဒါန်းလိုက်လေသည်။

လက်မရှိ အာဏာသားတို့သည် တောင်စွယ်တွင် နေကွယ်သည်နှင့် တပြိုင်နက် မြို့ဝန်၏ အမိန့်အတိုင်း စီရင်လိုက်ကြသည်။

သူဌေးသားကား ရှင်မောဂ္ဂလာန်အား ကတ္တတ်မုံ့နှင့် သောက်ရေ လှူဒါန်းလိုက်သည့် ကောင်းမှုကြောင့် မြို့ပြင်ရှိ ညောင်ပင်ကြီး တပင်၌ ရုက္ခစိုးနတ် အဖြစ်သို့ ရောက်သွားလေသည်။ ထိုရုက္ခစိုးနတ်သည် မိမိအား မုံ့နှင့် သောက်ရေ ပို့ပေးသော သုလသာအပေါ်၌ စွဲလမ်းကာ နတ်တို့၏ တန်ခိုးဖြင့် သုလသာကို မိမိ၏ ဘုံဗိမာန်ထဲသို့ ခေါ်ဆောင်ထားလေသည်။

သုလသာ၏မိခင်သည် သမီးပျောက်သဖြင့် စိတ်သောကပြင်းစွာရောက်လျက် ရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်မေးလျှောက်လေသည်။ ရှင်မောဂ္ဂလာန်က "ဒကာမကြီး၏သမီးကို ယနေ့မှ ခုနစ်ရက်မြောက်သော နေ့တွင် ဇေတဝန်ကျောင်းတော် တရားနာပရိသတ် အတွင်း၌ တွေ့လိမ့်မည်" ဟု မိန့်ကြားတော်မူသည်။ ထိုမိန့်ကြားချက်အတိုင်းပင်ရုက္ခစိုးနတ်သည်ခုနစ်ရက်မြောက်သောနေ့၌ သုလသာအား ဇေဘဝန်ကျောင်းတော်သို့ လာရောက် ပို့ဆောင်၏။ ယင်းသို့ ပို့ဆောင်လာစဉ် ဗုဒ္ဓ၏တရားကို ကြားနာရသဖြင့် ရုက္ခစိုးနတ်နှင့် သုလသာ နှစ်ဦးလုံး သောတာပန် ဖြစ်သွားကြလေသည်။

ဇရာဝဂ်၊ မဟာဓနသေဋ္ဌိပုတ္တဝတ္ထုနှင့် ပေတဝတ္ထု အဋ္ဌကထာ
ခေတ္တူပမ ပေတဝတ္ထုတို့ကို ပေါင်းစပ်ရေးသားပါသည်။



# သုံးဦးပန်းဝင်

## အမမြင်ခြင်းမတူသော ညီအကိုနှစ်ဦး

အချိန် ကာလအားဖြင့် ဤ ဘဒ္ဒကမ္ဘာမှ ပြန်၍ရေလျှင် ကမ္ဘာပေါင်း ၉၁ – ကမ္ဘာပင် လွန်ခဲ့ပြီဖြစ်၏။ ထိုအချိန်က ဗန္ဓုမတီပြည်ကို အုပ်စိုးသော ဗန္ဓုမ မင်းကြီး၌ ဝိပဿီ အမည်ရှိသော သားတော်တပါး ထွန်းကားခဲ့၏။ ဝိပဿီမင်းသားလေး အရွယ်ရောက်လာသောအခါ ထီးနန်းစည်းစိမ်ကို စွန့်၍ တောထွက်သွားလေသည်။ ထို့နောက် မြင့်မြတ်သော အကျင့်ကို ကျင့်ကြံအားထုတ်သဖြင့် နက်နဲ ကျယ်ပြောသော အသိဉာဏ်တော်ကို ရရှိလျက် ဗုဒ္ဓရှင်တော်မြတ်အဖြစ်သို့ ဆိုက်ရောက်လေသည်။

ဝိပဿီမြတ်စွာဘုရားသည် ခမည်းတော်ဗန္ဓုမမင်းကြီး၏ ပင့်ဖိတ်ချက်အရ ရာပေါင်းများစွာသော တပည့်သံဃာတို့နှင့်အတူ ဗန္ဓုမတီ နေပြည်တော်သို့ ကြွချီလာတော်မူသည်။ နေပြည်တော်သို့ ရောက်သည့်အခါ မိမိ သိမြင်အပ်သော အမြိုက်တရားကို

ဟောကြားသဖြင့် ခမည်းတော်မင်းကြီးနှင့်တကွ များစွာသော မှူးမတ်ပြည်သူတို့ သစ္စာလေးပါးကို ထိုးထွင်း သိမြင်ကြလေသည်။ ဗန္ဓုမတီ ပြည်သူတရပ်လုံးသည်လည်း ဗုဒ္ဓရှင်တော်မြတ်အား နေ့စဉ်မပြတ် ဆည်းကပ်ကိုးကွယ်လျက် ရှိကြသည်။

ထိုအချိန်တွင် ဗန္ဓုမတီ နေပြည်တော်၏ ဆင်ခြေဖုံးဖြစ်သော မြို့ကလေး တမြို့၌ မဟာကာလနှင့် စူဠကာလ အမည်ရှိသော ညီနောင်နှစ်ဦး ရှိလေသည်။ ထိုညီနောင်နှစ်ဦးသည် တဦးနှင့် တဦး အလွန်ချစ်ခင် ကြင်နာကြသူများ ဖြစ်၍ မိဘများ ကွယ်လွန်သွားသည့် နောက်ပိုင်း၌လည်း စီးပွားမခွဲဘဲ တအိမ်တည်း နေထိုင်လျက် မိဘလွှက်ငုတ်ဖြစ်သော လယ်ယာအလုပ်ကို လုပ်ကိုင်စားသောက် နေကြသည်။

သူတို့နှစ်ဦးတွင် အကိုကြီး မဟာကာလသည် စီးပွားရေးဘက်၌ စိတ်အားထက်သန်၍ အသုံးအစွဲ ခြိုးခြံချွေတာမှုရှိ၏။ ညီငယ် စူဠကာလကား ဘာသာရေး၊ လူမှုရေး စသည်များ၌လည်း စိတ်ပါဝင်စား၍ လှူဒါန်းခြင်း၊ ပေးကမ်းချီးမြှင့်ခြင်း စသည်များကို ထိုက်တန်စွာ ပြုလုပ်လေ့ရှိပေသည်။

နေပြည်တော်သို့ ဝိပဿီမြတ်စွာဘုရား ကြွရောက်လာသော အခါ စီးပွားရေးသမား သက်သက်လို ဖြစ်နေသော မဟာကာလ အဘို မည်သို့မျှ ထူးခြားမှုမရှိသော်လည်း ညီငယ်စူဠကာလကား ဦးဦးဖျားဖျား သွားရောက် ဖူးမျှော်သူများအနက် တဦးအပါအဝင်ဖြစ်ခဲ့၏။

ဗုဒ္ဓ၏ တရားကို ကြားနာရပြီးနောက် စူဠကာလသည် အကိုကြီး မဟာကာလအားလည်း တဆင့် ဖောက်သည်ချကာ သိမ်း

သွင်းဆွဲဆောင်ခြင်း ပြု၏။ အများသော ပြည်သူတို့နည်းတူ မိမိ စွမ်းအားရှိသလောက် အလှူအတန်း ပြုလုပ်ရန်လည်း ကြံရွယ် လျက် ရှိလေသည်။ သို့သော်လည်း အကိုကြီးဖြစ်သူက ကြည်ဖြူ ကျေနပ်သည့် အမူအရာကို မပြသဖြင့် ရတ်တရက် အထမမြောက် ဘဲ ရှိလေသည်။

တနေ့သ၌ စူဠကာလသည် မိမိတို့စိုက်ပျိုးထားသော လယ် ခင်းများကို သွားရောက်ကြည့်ရှုရာ စပါးများ အဖုံးအလုံးတက် နေသည်ကို တွေ့ရသဖြင့် "ဤ စပါးဖုံးများကိုနွှာ၍ ဗုဒ္ဓနှင့် တပည့်သံဃာတို့အား မုံ့ဆန်းပြုလုပ်လှူဒါန်းရသော် ကောင်း လေစွ" ဟု အကြံဖြစ်လေသည်။ အိမ်ပြန်ရောက်၍ အကိုဖြစ်သူ အား မိမိအကြံကို ထုတ်ဖေါ်ပြောဆိုသောအခါ အကိုက "ငါ့ စပါးကို မဖျက်ဆီးပါလင့် စပါးဖုံးကို ဆွတ်ခူး၍ လှူသည်ဟု တရံတခါမျှ မကြားဘူးပါ" ဟု ပြောဆိုကန့်ကွက်လေသည်။

ယင်းသို့ ကန့်ကွက်သော်လည်း စူဠကာလကား မိမိအကြံကို မလျှော့၊ အကြိမ်ကြိမ်ထပ်၍ တိုက်တွန်းသည်။ နောက်ဆုံးတွင် အကိုကြီး မဟာကာလသည် စိတ်ဆိုးမာန်ဆိုးဖြင့် 'ငါ့ညီ....မင်း ဒီလောက်စိတ်သန်နေရင် လယ်ခင်းကို ထက်ဝက်ပိုင်းပြီး မင်း အပိုင်းကို ကြိုက်သလိုလုပ် ငါ့အပိုင်းကိုတော့ လက်ဖျားနဲ့တောင် မထိပါနဲ့' ဟု အပြတ်ပြောလိုက်လေသည်။

ထိုအခါ စူဠကာလသည် မိမိအပိုင်းမှ စပါးဖုံးများကို ဆွတ် ခူး၍ အခွံနွှာစေပြီး နွားနို့၊ ထောပတ်၊ ပျားရည်စသည်တို့နှင့် ရော၍ အလွန်အရသာရှိသော မုံ့ဆန်းပြုလုပ်လျက် ဝိပဿီ

ဘုရားရှင်နှင့် တပည့်သံဃာတို့အား ဆက်ကပ်လှူဒါန်းလေသည်။ "တပည့်တော်သည် ဦးဦးဖျားဖျား စပါးဖုံကို ဆွတ်ခူးလှူရသော ကောင်းမှုကြောင့် နောင်ဘုရားရှင်တို့၏ လက်ထက်၌ တရားဦးကို ကြားနာရပါစေသော်" ဟူ၍လည်း ဆုတောင်းလေသည်။

စပါးဖုံများကို ဆွတ်ခူး၍ လှူလိုက်သော်လည်း စူဠကာလ၏ လယ်ခင်းမှာ လျော့နည်းရာမထင်ဘဲ ယခင်က အတိုင်းပင် ဖြစ်ထွန်းလျက်ရှိသည်။ ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ စူဠကာလမှာ အတိုင်းထက်အလွန် ကြည်ရွှင်ဝမ်းမြောက်လျက် စပါးရိတ်သောအခါ၊ ကောက်လှိုင်းစီးသောအခါ စသည်တို့၌လည်း စပါးသီးများကို အရသာရှိအောင် ပြု၍ လှူဒါန်းလေသည်၊ ဤသို့ အကြိမ်ကြိမ် လှူဒါန်းငြားသော်လည်း စူဠကာလ၏ လယ်မှာ မဟာကာလ၏ လယ်ထက်ပင် စပါးထွက်ပိုလေသည်။ ထိုကဲ့သို့သော အံ့ဘွယ်သရဲများကို မြင်တွေ့ရသောအခါ မဟာကာလသည်လည်းဝိပဿီဘုရားရှင်အပေါ်၌ ယုံကြည်သက်ဝင်မှု ရှိလာပြီး စူဠကာလနည်းတူ ကုသိုလ်ကောင်းမှုများကို ပြုလုပ်လေတော့သည်။

ဝိပဿီဘုရားရှင် နိဗ္ဗာန်ဝင်ပြီးနောက် ၉၁ – ကမ္ဘာ ကျော်လွန်သောအခါ ဤ ဘဒ္ဒကမ္ဘာ၌ ဘုရားလေးဆူ ပွင့်တော်မူခဲ့သည်။ ထိုလေးဆူတွင် ဂေါတမ ဗုဒ္ဓသည် စတုတ္ထမြောက် ဗုဒ္ဓဖြစ်တော်မူ၏။ ဂေါတမ ဗုဒ္ဓသည် ဥရုဝေလတော နေရဥ္ဇရာ မြစ်ကမ်းအနီး၌ ဗောဓိ ညောင်ပင်အောက်၌ အမြတ်ဆုံး ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီးနောက် "ငါသည် ဘယ်သူ့အား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု ကြံစည်

စဉ်းစားတော်မူသည်။ ထိုအခါ မိမိ ထီးနန်းကိုစွန့်ခွာ၍ တော ထွက်လာပြီးနောက် ဦးစွာ ပထမ ချဉ်းကပ် နည်းခံခဲ့သော အာဠာရရသေ့နှင့်ဥဒကရသေ့ကြီးတို့မှာ သက်တန်းစေ့၍ဘဝ တပါးသို့ ပြောင်းသွားကြပြီ ဖြစ်ကြောင်း သိမြင်တော်မူသည်။ ထို့နောက်မိမိအားတချိန်ကလုပ်ကျွေးပြုစုခဲ့ကြသည့် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီငါးပါးကို သတိရတော်မူပြန်သည်။

ထိုပဉ္စဝဂ္ဂီ ငါးဦးတွင် အကြီးအမှူးဖြစ်သော ရှင်ကောဏ္ဍည ကား အလောင်းတော် သိဒ္ဓတ္ထ မင်းသားလေးအား "ဘုရား စင်စစ် ဖြစ်လိမ့်မည်" ဟု နိမိတ်ဖတ်ခဲ့သည့် သုဒ္ဒတ္တ ပုဏ္ဏားပင်ဖြစ် ၏။ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနသည် သားသော် သိဒ္ဓတ္ထ ဖွားမြင်ပြီးနောက် ငါးရက်မြောက်သောနေ့၌ လက္ခဏာ ဗေဒင် ကျွမ်းကျင် တတ်မြောက်သော ပုဏ္ဏားရှစ်ယောက်ကို ပင့်ဖိတ်၍ သားတော်လေး၏ နိမိတ် လက္ခဏာတို့ကို ဖတ်ကြား စေသည်။ ထိုအခါ ခုနစ်ယောက်သော ပုဏ္ဏားတို့က "သိဒ္ဓတ္ထ မင်းသားသည် စကြာမင်းသော်၎င်း၊ ဘုရားသော်၎င်း ဖြစ်လိမ့် မည်" ဟု နှစ်မျိုး နှစ်ထွေ ဟောကြားကြသည်။ အငယ်ဆုံး ဖြစ်သော သုဒ္ဒတ္တ ပုဏ္ဏားလေးကမူ လက်ညှိုး တချောင်းကိုသာ ထောင်၍ "သိဒ္ဓတ္ထ မင်းသားသည် မြေကြီးလက်ခတ်မလွဲ ဘုရား ဖြစ်ပါလိမ့်မည်" ဟု ယတိပြတ် ဟောကြားခဲ့သည်။

အလောင်းတော် သိဒ္ဓတ္ထ အသက် ၂၉–နှစ် အရွယ်သို့ ရောက်၍ တောထွက်သွားသောအခါ သုဒ္ဒတ္တပုဏ္ဏားသည် ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပုဏ္ဏားလေးယောက်ကို အပါခေါ်ပြီး အလောင်းတော်၏ နောက်သို့ လိုက်ခဲ့သည်။

သူတို့သည် ဥရုဝေလတောသို့ ရောက်လျှင် ခက်ခဲပင်ပန်းသော “ဒုက္ကရစရိယာ” အကျင့်ကို ကျင့်ကြံအားထုတ်နေသည့် သိဒ္ဓတ္ထမင်းသားအား ဝတ်ကြီးဝတ်ငယ် ပြုစုနေကြသည်။

အလောင်းတော်သည် လက်ဦးပထမ၌ တရားထူးကို ရရှိရန်အတွက် အစာအာဟာရကို တစတစဖြတ်၍ ပင်ပင်ပန်းပန်း အားထုတ်သည်။ ဤသို့ အားထုတ်သော်လည်း ကိုယ်ခန္ဓာသာ ကြုံလှီချိနဲ့လာပြီး တရားထူးကား အရိပ်အရောင်မျှပင် ပေါ်မလာချေ။ ထို့ကြောင့် လမ်းစဉ် တမျိုးပြောင်းလျက်ခန္ဓာကိုယ်မျှတအောင် အာဟာရကို မှီဝဲသုံးဆောင်ပြီး တရားထူးကို ရှာကြံပြန်သည်။ ထိုအခါသုဒ္ဓတ္တအမျုးပြုသောရသေ့ငါးပါးတို့သည်“သိဒ္ဓတ္တကား အာဟာရကိုဖြတ်၍ အပြင်းအထန်အားထုတ်လျက်ပင် တရားထူးမရခဲ့။ယခုကဲ့သို့ အာဟာရကို မှီဝဲကာ သာမန် အားထုတ်ရုံဖြင့်ကား ဘယ်မှာမျှော်လင့်ချက် ရှိတော့မည်နည်း” ဟု ယူဆလျက် အလောင်းတော် ထံပါးမှ စွန့်ခွာပြီး ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ သွားရောက် နေထိုင်ကြလေသည်။

## ရင်ဆိုင် တွေ့လျက် ရှောင်သွားခဲ့

ဗုဒ္ဓသည် ဟိုပဉ္စဝဂ္ဂီ ရသေ့ငါးဦးတို့အား ကျေးဇူးတုံ့ပြန်သောအားဖြင့် တရားဦးကို ဟောကြားရန် စိတ်ပိုင်းဖြတ်တော်မူလိုက်သည်။ ထို့ကြောင့် ဝါဆိုလပြည့်ငါနီး အချိန်တွင် ဥရုဝေလတောမှ ထွက်ခွာ၍ ပဉ္စဝဂ္ဂီတို့ နေထိုင်ရာ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ တပါးတည်း ကြွချီတော်မူခဲ့သည်။

ယင်းသို့ ကြွချီလာစဉ် ဂယာသီသအနီးသို့ ရောက်သော် ရှေ့ ရှုတူရှုဖြစ်သော အရပ်မှလာနေသည့် ဥပက အမည်ရှိသော အာဇီဝက ရဟန်းတပါးနှင့် တွေ့ဆုံမိလေသည်။ ဥပကသည် ဗုဒ္ဓကို တွေ့မြင်လျှင် မျက်တောင်မခတ် ကြည့်ရှုပြီး ဤသို့ နှုတ်ဆက်စကား ပြောလေ၏။

"ငါ့ရှင်....သင်၏မျက်နှာသည် ကြည်လင်တင့်တယ်လှပေ၏။ သင်သည် အဘယ်သူ၏ တပည့်ဖြစ်သနည်း။ သင့်အမည်ကို မည်သို့ ခေါ်ပါသနည်း။"

"အချင်းဥပက....ငါကား အလုံးစုံကို အောင်မြင်ပြီးသဖြင့် ဇိနဟု အမည်တွင်၏။ ငါ့၌ ဆရာဟု ညွှန်ပြရမည့် ပုဂ္ဂိုလ်မရှိ၊ ငါသည် ယခု ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဟောရန်အတွက် ဗာရာဏသီပြည်သို့ သွားရန် ထွက်ခွာခဲ့ခြင်း ဖြစ်ပေသည်"

ဥပကသည် ဗုဒ္ဓ၏အဖြေစကားကို ကြားသောအခါ "ငါ့ရှင်....သင်ကားဇိနဟု ခေါ်လောက်သူ ဖြစ်ပါပေ၏" ဟု ခေါင်းငြိမ့်ပြောဆိုပြီး သူ့ခရီးသူ ဆက်သွားလေ၏။

ဗုဒ္ဓသည်လည်း မိဂဒါဝုန်တောသို့ ဦးတည်၍ ဆက်လက်ကြွချီခဲ့ရာ ဝါဆိုလပြည့်နေ့ ညနေခင်းအချိန်တွင် ပဉ္စဝဂ္ဂီငါးပါးတို့ နေထိုင်ရာ ကျောင်းသင်ခမ်းသို့ ဆိုက်ရောက်သွား၏။

ကျောင်းသင်ခမ်းအနီး ညောင်ပင်ကြီးတပင်အောက်၌ စုဝေးနေကြသော ပဉ္စဝဂ္ဂီ ငါးပါးတို့သည် မိမိတို့ရှိရာသို့ ဦးတည်၍ လာနေသော ဗုဒ္ဓရှင်တော်မြတ်ကို အဝေးမှလှမ်း၍ မြင်ကြသည်။ ထိုအခါ တဦးသောပုဂ္ဂိုလ်က ဤသို့ပြောဆို၏။

"ငါ့ရှင်တို့.... တရားအားထုတ်ခြင်း အလုပ်ကို ပစ်ပယ်၍ လာဘ်လာဘ ပေါများရန်လှည့်လည်နေသော ရဟန်းဂေါတမ

သည် ငါတို့ထံ လာနေပြီ သူ့အား ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပေးခြင်းများ မပြုလုပ်ကြကုန်လင့်"

ဤအဆိုကို ကျန်လေးပါးကပါ သဘောတူညီကြသော်လည်း ဗုဒ္ဓရှင်တော်မြတ် အနီးသို့ ဆိုက်ရောက် လာသောအခါတွင်မူ မိမိတို့ ကတိအတိုင်း မတည်နိုင်ကြတော့ချေ။ သပိတ်၊ သင်္ကန်းကို လှမ်းယူခြင်း၊ခြေဆေးရေ တည်ပေးခြင်း၊နေရာခင်းပေးခြင်း စသည့် အမှုများကို ကိုယ်စီကိုယ်ငှ ထ၍ ပြုလုပ် ပေးကြလေသည်။

ဗုဒ္ဓသည် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီး "ချစ်သားတို့.... ငါသည် ထူးမြတ်သော တရားကို သိမြင်ခဲ့ပြီ။ သင်တို့အား ငါတရားဟောကြားပေအံ့ နာကြကုန်လော့" ဟု မိန့်ကြားတော်မူသည်။ ပဉ္စဝဂ္ဂီတို့ကား ဗုဒ္ဓ၏ မိန့်ကြားချက်ကို လုံးဝပင် မယုံကြည်ကြ။ "ငါ့အရှင်ဂေါတမ....သင်ကား ခြိုးခြံစွာ ကျင့်ကြံနေစဉ်ကပင် တရားထူးမရခဲ့။ ယခုလို လာဘ်လာဘပေါများရန် လှည့်လည်နေသည့် အချိန်တွင်မူ ဘယ်မှာ တရားထူး ရနိုင်ပါမည်နည်း" ဟု တုံ့ပြန် ပြောဆိုကြလေသည်။

ဗုဒ္ဓသည် ပဉ္စဝဂ္ဂီတို့၏ တုံ့ပြန် ပြောဆိုချက်များကို မည်သို့မျှ အပြစ်မယူဘဲ ဓမ္မစကြာတရားကို ဟောတော်မူသည်။ ထိုအခါ ကောဏ္ဍညဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားသည့် သုဒ္ဓတ္တရသေ့ကြီးမှစ၍ ပဉ္စဝဂ္ဂီငါးပါးတို့သည် တပါးပြီးတပါး သောတာပတ္တိမဂ်ဉာဏ်သို့ ဆိုက်ရောက်၍ အကျွတ်တရား ရရှိသွားကြသည်။ ထို့နောက် ဗုဒ္ဓက အနတ္တလက္ခဏာသုတ်ကို ဟောကြားသဖြင့် ငါးပါးလုံး ရဟန္တာဖြစ်သွားကြသည်။

ဤသို့ ဗုဒ္ဓ၏ တရားဦးဓမ္မစကြာကို ကြားနာရသဖြင့် လက်မှန်ပထမ တရားထူးကို ရရှိခဲ့သည့် ကောဏ္ဍည အရှင်မြတ်ကား အခြားမဟုတ် ဝိပဿီ ဘုရားရှင်အား ကောက်သစ်ဦး အလှူပြုလုပ်၍ ဆုတောင်းပတ္ထနာ ပြုခဲ့သော စူဠကာလ သူကြွယ်ပင်ဖြစ်ပေ၏။

## မုဆိုးသမီးကို နာကြည်း၍

ဂယာသီသအနီး၌ ဗုဒ္ဓနှင့်အမှတ်မထင် ဆုံတွေ့ပြီးနောက် ခရီးဆက်ခဲ့သော ဥပကရဟန်းကြီးသည် မိမိ၏ ဒကာရင်း တဦးဖြစ်သော စဏ္ဍာမိ မုဆိုးကြီးနေထိုင်ရာ ဝင်္ကဟာ ရွာသို့ ဆိုက်ရောက်သွား၏။ မုဆိုးကြီးသည် ဆရာဥပကအတွက် ရွာအနီး၌ကျောင်းငယ်တဆောင် ဆောက်လုပ်ပေးပြီး နေ့စဉ် ဆွမ်းဝတ်၊ ကွမ်းဝတ်များကို မလစ်ဟင်းရအောင် ပြုစုလေသည်။

တရံရောအခါ စဏ္ဍာမိ မုဆိုးသည် သမီးဖြစ်သူ စာပါအား ဆရာဥပကအတွက် ဆွမ်းဝတ်မပျက်အောင် ဂရုစိုက်ရန်မှာထားပြီး တောလိုက် ထွက်သွားလေသည်။ အချိန်တန်သော အခါ ဥပကသည် သပိတ်ကိုပိုက်လျက် မုဆိုးအိမ်သို့ဆွမ်းစားကြွလာ၏။ ဖခင်ဖြစ်သူ၏ မှာထားချက်အရ စာပါကလည်း ဆွမ်းကွမ်းအဆင်သင့်ဖြစ်အောင် ချက်ပြုတ် ပြင်ဆင်၍ ဥပကအားဆက်ကပ်လေသည်။

ရုပ်ဆင်းသွင်ပြင် တင့်တယ်ပြေပြစ်သော မုဆိုးကြီး၏ သမီးပျိုအား နီးနီးကပ်ကပ် တွေ့မြင်ရသောအခါ ဥပကရဟန်း

ကြီး၏စိတ်သည် ဖေါက်ပြန်လာတော့သည်။ထို့ကြောင့် အခြား နေ့များမှာကဲ့သို့ ဆွမ်းကို အိမ်၌ ဘုဉ်းပေးခြင်း မပြုနိုင်တော့ဘဲ သပိတ်၌ထည့်ကာ ကျောင်းသို့ ချက်ခြင်းပြန်လာခဲ့၏။ ကျောင်း သို့ ရောက်သည့်အခါ သပိတ်ကို တော်ရာ၌ချထားပြီး အိပ်ရာ ပေါ်တွင် တလူးလူးတလွန့်လွန့် ဖြစ်၍နေ၏။ သူ့နှုတ်မှလည်း "စာပါ....စာပါ"ဟု တစာစာ ညည်းညူ၍ နေလေသည်။

ခုနစ်ရက်ခန့်ကြာ၍ မုဆိုးကြီး ပြန်လာသောအခါ မိမိဆရာ ၏ ဖြစ်အင်ကို တွေ့မြင်ရသဖြင့် ဥပကအား လူထွက်စေပြီး သမီးပျိုစာပါနှင့် ပေးစားလိုက်၏။ ဥပကကား အသက်မွေး ဝမ်းကြောင်းပညာ တစုံတခုကိုမျှ မတတ်ကျွမ်းသဖြင့် မုဆိုးကြီး ရှာဖွေရရှိသော အမဲသားများကို ထမ်း၍ ဈေး၌ရောင်းရ ရှာ လေသည်။

ဤသို့ဖြင့် ရက်လကြာသောအခါ စာပါသည် သားလေး တယောက်ကို မွေးဖွားရာ သုဘဒ္ဒဟု အမည်ပေးလေသည်။ စာပါသည် သားငယ်အား ချော့သိပ်သောအခါ ဥပကမခံ ချင်သော စကားလုံးများကို စောင်းမြောင်းသီဆို၍ သိပ်လေ့ ရှိ၏။

"မုဆိုးနောက်လိုက် ကိုလူမိုက်ရဲ့သား"

"အမဲသားထမ်း ရဟန်းလူထွက် ပေါ့ပျက်ပျက်ရဲ့သား"

လူထွက်ကြီး ဥပကသည် ချင်ဇနီး၏ စောင်းမြောင်း ပြော ဆိုချက်များကို ကြားရဖန်များသောအခါ ရှက်စိတ်၊ မခံချင် စိတ်များ ဖြစ်ပေါ်လာပြီး အိမ်မှ တိက်တဆိတ် ထွက်ခဲ့၏။ စိတ်ပျက်လက်ပျက်ဖြင့် ရည်ရွယ်ချက် မရှိဘဲ အိမ်မှ ထွက်ခဲ့ခြင်း

ဖြစ်သော်လည်း လမ်းတဝက်သို့ ရောက်သည့်အခါ တချိန်က မိမိ တွေ့ဆုံ ခဲ့ဘူးသည့် ဗုဒ္ဓကို သတိရလာ၏။ ထို့ကြောင့် ဗုဒ္ဓ ရှိရာကို စနည်းနာ၍ တမြို့ပြီးတမြို့ လှည့်လည်ရင်း နောက်ဆုံးတွင် သာဝတ္ထိပြည်သို့ ဆိုက်ရောက်၍ ဗုဒ္ဓ ရှင်တော်မြတ်နှင့် တွေ့ဆုံလေ၏။

ဗုဒ္ဓသည် ဥပကအား ဝမ်းပန်းတသာ ကြိုဆိုလက်ခံပြီး ရဟန်းပြုရန် တိုက်တွန်းတော်မူ၏။ လူ့ဘဝ၏ ဆင်းရဲဒုက္ခများကို လက်တွေ့ ခံစားခဲ့ရပြီဖြစ်သော ဥပကသည် ဗုဒ္ဓထံ၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို အားထုတ်ရာ မကြာမီ အနာဂါမ် အရိယာ အဖြစ်သို့ ဆိုက်ရောက်လေသည်။

## နောက်ဆုံးမှ ပန်းဝင်သူ

ဝင်္ကန္တရွာမှ မုဆိုးသမီး စာပါကား လင်သားအပေါ်တွင် မသိမ့်မြင် ပြုခဲ့မိသဖြင့် သားတယောက်နှင့် ကျန်ရစ်ရှာလေ၏။ အမှန်စင်စစ် ဥပကကြီးသည် သူမအား ဤမျှ လွယ်လွယ်ကူကူ စွန့်ခွာသွားနိုင်လိမ့်မည်ဟု သူမ မထင်မိချေ။ သူမအနေဖြင့်လည်း ဥပကကြီး မခံချင်မှန်းသိ၍ တမင် "စ" ခဲ့ခြင်းသာ ဖြစ်၏။

ဤကဲ့သို့ ဥပကကြီးက မိမိတို့ သားအမိအား စွန့်ခွာသွားသောအခါ သားငယ်ကလေး သုဘဒ္ဒအား လူလားမြောက်အောင် ကျွေးမွေးပြုစုရန်မှာ သူမ၏ တာဝန်လုံးလုံး ဖြစ်တော့သည်။ ထို့ကြောင့် စာပါသည် ဘခင်ကြီး၏ အကူအညီဖြင့်

သားကလေး သုဘဒ္ဒအား အစွမ်းကုန် ကျွေးမွေးပြုစု၍ လိမ်မာ ရေးခြား ရှိအောင်လည်း သင်ကြား ဆုံးမလေသည်။

ထိုသူတွင် သုဘဒ္ဒကလေးသည် လူလားမြောက်၍ အသက် နှစ်ဆယ်နီးပါး အရွယ်သို့ ရောက်သောအခါ ဘခင်၏ခြေရာကို နင်းလေသည်။ မိခင်ဖြစ်သူက သင့်တော်သော မိန်းကလေးတဦး နှင့် အိမ်ထောင် ချထားပေးရန် စီစဉ်နေသည့်ကြားမှပင် သုဘဒ္ဒ သည် ပရိဗိုဇ် ရဟန်းတပါးနှင့် တွေ့၍ ထိုရဟန်း နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

ပရိဗိုဇ် ရဟန်းတို့၏ ကျောင်းသို့ရောက်သောအခါ သုဘဒ္ဒ သည် ပရိဗိုဇ်ဘဝကို ခံယူပြီး ထိုသူတို့၏ အယူဝါဒနှင့် ကျင့်စဉ် များကို စိတ်အားထက်သန်စွာ လေ့လာအားထုတ်၏။ ငယ်ရွယ် သည်အပြင် ဉာဏ်ပညာ ထက်မြက်သူလည်း ဖြစ်ခြင်းကြောင့် မကြာမီ အချိန်အတွင်း၌ပင် ထိုပရိဗိုဇ်တို့၏ အယူဝါဒအားလုံး ကို သင်ကြား တတ်မြောက်လေ့သည်။

ဤသို့ မိမိဂိုဏ်း၏ အယူဝါဒအားလုံးကို တတ်မြောက်သော် လည်း သုဘဒ္ဒကား မကျေနပ်။ အကြောင်းကား ထိုဝါဒတွင် မိမိလိုချင်သော အမှန်တရားကို ရှာဖွေ၍ မတွေ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် သုဘဒ္ဒသည် အမြိုမြို့အရွာရွာသို့ လှည့်လည် ၍ ထိုအချိန်က ထင်ရှား ကျော်ကြားနေသော ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသည့် တိတ္ထိဆရာကြီးတို့၏ အယူဝါဒ များကိုလည်း လေ့လာပြန်၏။ထိုဝါဒတို့၌လည်း တစုံတခုသော တရားအနှစ်သာရကိုမျှ မတွေ့ရှိရသောအခါ သုဘဒ္ဒသည် ထို တိတ္ထိဆရာကြီးများအပေါ်၌ ယုံကြည်မှု လျော့ပါးလျက် ရှိလေ သည်။

ဤသို့ အမြို့မြို့အရွာရွာ လှည့်လည်လျက် အယူဝါဒ အမျိုးမျိုးကို လေ့လာဆည်းပူးနေသော သုဘဒ္ဒပရိဗိုဇ်သည် ဗုဒ္ဓရှင်တော်မြတ်နှင့်ကား တရံတခါမျှ တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံကြုံကြိုက်ခဲ့ခြင်း မရှိသေးချေ။ ဗုဒ္ဓ၏ ဂုဏ်သတင်းများကိုမူ သုဘဒ္ဒသည် မပြတ်မလပ်ပင် ကြားနေရပေ၏။ သို့ပင်ဖြစ်လင့်ကစား အခြား ဂိုဏ်းဆရာကြီးများနှင့်စာလျှင် ဗုဒ္ဓမှာ နောက်ပေါ် ဂိုဏ်းဆရာတပါး ဖြစ်သဖြင့် သုဘဒ္ဒသည် ဗုဒ္ဓအပေါ်၌ များစွာ အထင်မကြီးခဲ့။ ထို့ပြင် အယူဝါဒအားဖြင့် မိမိတို့ ဂိုဏ်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသောကြောင့်လည်း ဗုဒ္ဓထံ ချဉ်းကပ်ဆွေးနွေးရန် ဝန်လေးလျက် ရှိလေသည်။

ဤသို့ဖြင့်ပင် အချိန်များ ကုန်လွန်ခဲ့ပြီး နောက်ဆုံးတွင် သုဘဒ္ဒသည် ကုသိနာရုံပြည်၌ ခရီးတထောက် ဆိုက်ရောက် နားနေလျက် ရှိ၏၊ ထိုအချိန်တွင် ဗုဒ္ဓဂေါတမသည်ရဟန်းငါးရာနှင့် အတူ ကုသိနာရုံပြည်သို့ ကြွရောက်လာပြီး မလ္လမင်းသားတို့၏ အင်ကြင်းတောဥယျာဉ်၌ သီတင်းသုံးနေကြောင်း၊ နောက်တနေ့ နံနက်မှာပင် နာမ် ခန္ဓာချုပ်ငြိမ်း၍ ဘဝဇာတ်သိမ်းတော့မည် ဖြစ်ကြောင်း သတင်းများကို မမြော်လင့်ဘဲ သုဘဒ္ဒ ကြားသိရလေသည်။

ထိုအခါသုဘဒ္ဒသည် များစွာထိတ်လန့် တုန်လှုပ်သွားလေ၏။ ဗုဒ္ဓဂေါတမကဲ့သို့သော ပုဂ္ဂိုလ်တပါးနှင့် တကြိမ်တခါမျှ တွေ့ဆုံခွင့် မရလိုက်ပါက သူ့အတွက် ဆုံးရှုံးမှုကြီးတရပ်ဖြစ်တော့မည် ကဲ့သို့ စိတ်ထဲ၌ ခံစားလိုက်ရလေသည်။ အမှန်စင်စစ် သုဘဒ္ဒသည် ဆန့်ကျင်ဘက် ဂိုဏ်းဝင်တဦးဖြစ်၍ ဗုဒ္ဓထံ တကြိမ်တခါမျှ ဆည်းကပ်ခြင်း မပြုခဲ့သော်လည်း ရဟန်းဂေါတမသည် အမှန်

တရားကို အကြွင်းမဲ့ သိမြင်သည့် "သမ္မာသမ္ဗုဒ္ဓ" ဘုရားစင်စစ် ဖြစ်သည်ဟူ၍ လူအများ ပြောဆိုနေကြသည့် စကားကိုမူ စိတ်ထဲမှ ကြိတ်၍ ယုံကြည်နေခဲ့၏။ "သမ္မာသမ္ဗုဒ္ဓ" ဘုရားရှင်တို့ မည်သည်လည်း နှစ်ပေါင်း သိန်းသန်းမက ကြာသော်လည်း ပွင့်ပေါ်လာရန် ခဲယဉ်းလှကြောင်း ဆရာ့ဆရာကြီးများ ထံမှ သုဘဒ္ဒ ကြားသိခဲ့ရဘူး၏။

ထို့ကြောင့် သုဘဒ္ဒသည် အထက်ပါ သတင်းကို ကြားသိလိုက်ရသည်နှင့် တပြိုင်နက် ဗုဒ္ဓထံ အချိန်မှီသွား၍ မိမိသိရှိလိုသည့် အချက်များကို မေးမြန်း ဆွေးနွေးရန်အတွက် မလ္လ မင်းသားတို့၏ အင်ကြင်းတော ဥယျာဉ်သို့ ကသုတ်ကရက် ထွက်လာခဲ့၏။

အင်ကြင်း ဥယျာဉ်သို့ သုဘဒ္ဒ ဆိုက်ရောက်ချိန်တွင် ညဦးယံ ကျော်လွန်၍ သန်းကောင်ယံ ဝင်နေပြီ ဖြစ်၏။ ဗုဒ္ဓသည် အင်ကြင်းပင်ပျို နှစ်ပင်ကြား၌ ခင်းထားအပ်သော ညောင်စောင်းထက်ဝယ် ပင်ပန်းနွမ်းလျစွာ လျောင်းစက်၍ ရှင်အာနန္ဒာကား မလှမ်းမကမ်း၌ မကြည်မသာသော မျက်နှာဖြင့် ထိုင်လျက်ရှိလေသည်။

သုဘဒ္ဒသည် ရှေးဦးစွာ ရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ဗုဒ္ဓအား ဖူးမြော်ခွင့် ပြုရန် ခွင့်တောင်း၏။ ရှင်အာနန္ဒာက သုံးကြိမ်တိုင်အောင် ညင်းပယ်နေ၏။ ရောဂါဝေဒနာ ခံစားနေရသော ဗုဒ္ဓသည် သုဘဒ္ဒအား လက်ခံတွေ့ဆုံ၍ တရားပြနေရပါက ပို၍ ဆင်းရဲ ပင်ပန်းတော်မူလိမ့်မည်ဟု တွေးတော ပူပန် မိသောကြောင့် ဖြစ်ပေသည်။

ရှင်အာနန္ဒာနှင့် သုဘဒ္ဒတို့ အချီအချ ပြောဆိုနေကြသည်ကို ညောင်စောင်းထက်၌ မှိန်းစက်၍နေသော ဗုဒ္ဓရှင်တော်မြတ်ကြားသိတော်မူ၍ "ချစ်သားအာနန္ဒာ....သုဘဒ္ဒကို မတားလင့်၊ သုဘဒ္ဒသည် တရားကို ဆောလျင်စွာ သိမြင်မည့်ပုဂ္ဂိုလ်ဖြစ်ပေ၏" ဟု လှမ်း၍ မိန့်ကြားတော်မူသည်။

ထိုအခါ သုဘဒ္ဒသည် ဝမ်းမြောက်ဝမ်းသာဖြင့် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ မိမိစိတ်ထဲ၌ ကာလကြာမြင့်စွာ ကိန်းအောင်းနေသော ပြဿနာတရပ်ကို ဖွင့်ထုတ် မေးလျှောက်လေသည်။

"အရှင်ဂေါတမ....ဤလောက၌ ဂိုဏ်းဆရာကြီးများအဖြစ် ကျော်ကြားထင်ရှားနေသောပုရာဏကဿပ၊ မက္ခလိဂေါသာလအစရှိသော ပုဂ္ဂိုလ်ကြီးများသည် မိမိတို့ ဝန်ခံသည့်အတိုင်း တရားအားလုံးကို အမှန်ပင် သိမြင်ကြပါသလော"

ဗုဒ္ဓကား သုဘဒ္ဒ၏အမေးကို တိုက်ရိုက်မဖြေ။ "အချင်းသုဘဒ္ဒ....သင်၏ပြဿနာကို အသာထားဘိဦး၊ သင့်အား ငါ တရားဟောကြားပေအံ့" ဟု မိန့်ကြား၍ တရားကို ဟောတော်မူလေသည်။

"အချင်းသုဘဒ္ဒ....ကောင်းကင်ပြင်၌ ခြေရာမထင်ဘိသကဲ့သို့ မဂ္ဂင်ရှစ်ပါး အကျင့်တရားမရှိသော ပုဂ္ဂိုလ်တို့၏ သာသနာ၌ ကိလေသာ ငြိမ်းအေးသော ရဟန်းကောင်းရဟန်းမြတ် မရှိနိုင်ပေ။ မဂ္ဂင်ရှစ်ပါး အကျင့်တရားနှင့် ပြည့်စုံသော ငါဘုရား၏ သာသနာ၌ ရဟန်းကောင်း ရဟန်းမြတ်များ အထင်အရှားပင် ရှိကြကုန်၏"

ဗုဒ္ဓ၏ ဟောကြားချက်ကို ကြားနာရသောအခါ သုဘဒ္ဒသည် လွန်စွာနှစ်သက် ကျေနပ်လျက် မိမိအား ရဟန်းပြုပေး

ရန် တောင်းပန်သည်။ သာသနာပ တိတ္ထိဂိုဏ်းဝင် တဦးက ရဟန်းအဖြစ်ကို တောင်းခံလျှင် လေးလဆိုင်းငံ့ပြီးမှ ရဟန်းပြု ပေးရမည်ဟု ပြဋ္ဌာန်းချက်ရှိသော်လည်း သုဘဒ္ဒကိုမူ ချွင်းချက် အနေဖြင့် ချက်ခြင်းပင် ရဟန်းပြုပေးရန် ရှင်အာနန္ဒာအား ဗုဒ္ဓက ညွှန်ကြားတော်မူသည်။

သုဘဒ္ဒသည် ရဟန်းဘဝကို ခံယူရရှိပြီးနောက် ဆိတ်ငြိမ် သော နေရာသို့ ချဉ်းကပ်၍ တရားကိုပွားများ ဆင်ခြင်၏။ ပါရမီဓာတ်ခံရင့်သန် ထက်မြက်သူဖြစ်၍ ထိုညမကုန်မီ အတွင်း မှာပင် သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော ရဟန္တာ ပုဂ္ဂိုလ် အဖြစ်သို့ ဆိုက်ရောက်လေသည်။

ဤသို့လျှင် ဗုဒ္ဓ၏ နောက်ဆုံးမျက်မှောက် သာဝကအဖြစ် ဖြင့် ကျွတ်တမ်းဝင်သွားသော ရှင်သုဘဒ္ဒာသည် အခြားသူ မဟုတ်။ ဝိပဿီ ဘုရားရှင် လက်ထက်၌ ကောက်သစ်ဦး အလှူ ကိုပြုလုပ်ခဲ့သော စူဠကာလသူကြွယ်၏ အကို မဟာကာလပင် ဖြစ်ပေသည်။ မဟာကာလသည် ညီဖြစ်သူ ကောက်သစ်ဦး လှူ ခြင်းကို မကျေမနပ် ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင်မှ ဘုရားရှင် အပေါ်၌ ယုံကြည်သက်ဝင်ကာ အလှူဒါနများကိုပြုလုပ်ခဲ့၏။ ထို့ကြောင့်လည်း ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီးတွင်မှ ကပ်၍ ဗုဒ္ဓအား ဖူးမြင်ခွင့် ရရှိသွားခြင်း ဖြစ်ပေသည်။

၁၈-မလဝဂ်၊ ၁၂ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထုနှင့် ၂၄-တဏှာဝဂ်၊ ၉-ဥပကာဇီဝကဝတ္ထုတို့ကို ပေါင်းစပ်ရေးသည်။



# နီးလျက်နှင့်ဝေး

ဟက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ အတတ်ပညာ သင်ယူ နေကြသော တပည့်လုလင် ငါးရာတို့အနက် သာဝတ္ထိပြည်မှ သုဒတ္တ လုလင်နှင့် ဥဂ္ဂမြို့မှ ဥဂ္ဂလုသင်တို့လည်း ပါဝင်ကြ၏။ ထိုလုလင် နှစ်ဦးတို့သည် တက္ကသိုလ်ပြည်သို့ မရှေးမနှောင်း ရောက်လာကြ သူများဖြစ်သည့်ပြင် မျိုးရိုး ဂုဏ်အားဖြင့်လည်း အဆင့်အတန်း တူညီသူများ ဖြစ်သောကြောင့် တဦးနှင့် တဦး အထူးချစ်ခင်ကြ၏။

သုံးနှစ် သုံးမိုးကြာမျှ ပညာသင်နေစဉ် ကာလအတွင်းသူတို့ နှစ်ဦးသည် ညီရင်းအကိုကဲ့သို့ တပူးတွဲတွဲ နေခဲ့ကြ၏၊သင်တန်း ကုန်ဆုံး၍ မိဘရပ်ထံ ပြန်ကြသည့် အခါတွင်လည်း နှစ်ဦးသား တိုင်ပင်၍ တနေ့ဘည်း တချိန် တည်းတွင် တကြောင်း တည်းသော ခရီးဖြင့်သာ ထွက်ခွါခဲ့ကြလေသည်။

ယင်းသို့ ထွက်ခွါခဲ့ကြ၍ နှစ်ခွသော ခရီးလမ်းဆုံသို့ ရောက်သောအခါ နှစ်ဦးသောမိတ်ဆွေတို့သည် နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် အချင်းချင်း နှုတ်ဆက်ကြ၏။ ရာသက်ပန် မမေ့နိုင်ဘွယ် စကားများကိုလည်း မှာကြား ပြောဆိုကြ၏။

မိတ်ဆွေ နှစ်ဦး မှာကြားပြောဆိုကြသည့် စကားများတွင် အရေးအကြီးဆုံးကား သားပေး သမီးယူ ကိစ္စပင်ဖြစ်၏။ သူတို့နှစ်ဦး အိမ်ထောင်ရက်သားကျ၍ သားသမီးများ ရလာသောအခါ တဦးနှင့်တဦး သားပေးသမီးယူ ပြု၍ သားစဉ် မြေးဆက်အထိ မေတ္တာနှောင်ကြိုး ဆက်သွယ်ကြရန် သဘောတူခဲ့ကြ၏။

မိဘရပ်ထံသို့ အသီးသီး ပြန်ရောက်ကြသောအခါ သုဒတ္တလုလင်သည် ရာဇဂြိုဟ်ပြည်မှ ပုညလက္ခဏာဒေဝီ အမည်ရှိသော သူဌေးသမီးနှင့် ထိမ်းမြားလက်ထပ်၍ ဘခင်၏ အမွေကိုဆက်ခံရရှိခဲ့၏။ အထီးကျန် ဆင်းရဲသားနှင့် ရသေ့ရဟန်းစသူတို့အား ထမင်းရိက္ခာကို ရက်ရောစွာ ပေးလှူတတ်ခြင်းကြောင့် အနာထပိဏ္ဍိက (ခိုကိုးရာမဲ့သူတို့၏ ထမင်းရှင်) ဟူသော အမည်ဖြင့် ထင်ရှားလာခဲ့၏။

အနာထပိဏ်ခေါ် သုဒတ္တ သူဌေးသည် တရံရောအခါ ကုန်ရောင်း ကုန်ဝယ် ကိစ္စဖြင့် ရာဇဂြိုဟ်ပြည်သို့ သွား ရောက်စဉ် ဗုဒ္ဓရှင်တော်မြတ်၏ တရားကို ကြားနာရသဖြင့် သောတာပန်အရိယာ အဖြစ်သို့ ဆိုက်ရောက်ခဲ့၏။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်ကို သာဝတ္ထိပြည်သို့ ပင့်ဆောင်၍ ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းခဲ့၏။

ဥဂ္ဂမြို့မှ ဥဂ္ဂလုလင်သည်လည်း တဦးသော သူဌေးသမီးနှင့် ထိမ်းမြားလက်ထပ်၍ မိဘရိုက်ရာကို ဆက်ခံကာ ဥဂ္ဂ သူဌေးဟူသော အမည်ဖြင့်ထင်ရှားခဲ့သည်။

ဥဂ္ဂသူဌေးသည် အိမ်ထောင်ရေး စီးပွါးရေး ကိစ္စ များဖြင့် မအား မလပ် ရှိနေသည့်ကြားမှပင် ငယ်သူငယ်ချင်း သုဒတ္တကိုမူ မကြာခဏ သတိရ၏။ ခရီး ယူဇနာ တရာ့ နှစ်ဆယ်မျှ ကွာလှမ်း နေသောကြောင့်လူကိုယ်တိုင် မရောက်နိုင်သော်လည်း သူငယ်ချင်း၏ သတင်းကိုမူ အမြဲနားစွင့်နေခဲ့သည်။

တရံရောအခါ သာဝတ္ထိမှ ခရီးသွား ကုန်သည် အချို့ဥဂ္ဂမြို့သို့ ဆိုက်ရောက် လာသဖြင့် ဥဂ္ဂသူဌေးသည် ငယ် သူငယ်ချင်း သုဒတ္တ၏ သတင်းကို ကြားသိရလေသည်။ သုဒတ္တသည် အနာထပိဏ် သူဌေးဟူသော အမည်ဖြင့် သာဝတ္ထိ၌ အလွန် ကျော်ကြား ထင်ရှားလျက်ရှိကြောင်း သိရသောကြောင့် ဥဂ္ဂ သူဌေးမှာ ဝမ်းသာ မဆုံးရှိခဲ့သည်၊ သူငယ်ချင်းထံသို့ တခါတခေါက် အရောက်သွားလိုသည့် စိတ်ဆန္ဒမှာလည်းပိုမိုပြင်းပြလာခဲ့သည်၊ သို့သော်လည်း ခရီး ကွာလှမ်းလှသောကြောင့် စိတ်သွားတိုင်း ကိုယ်မပါခဲ့ချေ။

ဤသို့ဖြင့် ဥဂ္ဂသူဌေးသည် သားသမီးများ တယောက်ပြီး တယောက်ရရှိ၍ အသက်အရွယ်လည်း တဖြည်း ဖြည်း ကြီးရင့်လာခဲ့သည်။ ထိုအခါ သူသည် "ငါမသေမီ ငါ့သူငယ်ချင်း ဆီကို တခေါက်တော့ အရောက် သွားဦးမည်" ဟုကြံ၍ ခရီးထွက်ရန် ပြင်ဆင်လေသည်။

ရှေးဦးစွာသူသည် သုဒတ္တအား လက်ဆောင်ပေးရန်အတွက် အဝတ်အထည်၊ ကျောက်မျက်ရတနာ စသောအဘိုးတန်ပစ္စည်း

များကို ရှာဖွေစုဆောင်း၏။ ထို့ပြင် ခရီးသွား ဟန်လွှဲသဘော ဖြင့် သာဝတ္ထိနှင့် ခရီးလမ်းတလျှောက်ရှိ မြို့ရွာများ၌ ရောင်း ချရန် ကုန်ပစ္စည်းများကိုလည်း လှည်းပေါင်းများစွာဖြင့် တင် ဆောင်စေ၏။ ဥဂ္ဂသူဌေး သာဝတ္ထိသို့ သွားမည်ဟူသောသတင်း ကိုကြားသိလျှင် အခြားသောကုန်သည်တို့ကလည်း အတူလိုက် ပါခွင့်ပြုရန် တောင်းပန်ကြသောကြောင့် သူ့အဖွဲ့၌ လှည်း ပေါင်းငါးရာမျှ ရှိ၍လာလေသည်။

ပြင်ဆင်မှုများ ပြီးသောအခါ ဥဂ္ဂ သူဌေးသည် လှည်း ငါးရာကို ဦးဆောင်၍ ဥဂ္ဂမြို့မှ ထွက်ခဲ့၏၊ လှည်း ငါးရာကို နိုင် နင်းအောင် ကြီးကြပ် ကွပ်ကဲနိုင်ရန်အတွက် သားကြီးဖြစ်သော သုဒေဝကိုလည်း မိမိနှင့်အတူ ခေါ်ဆောင်လာ၏။

တနေ့ဝင် တနေ့ထွက်ဖြင့်ရက်ပေါင်းများစွာ ခရီးနှင်ခဲ့ ကြ သောအခါ ဥဂ္ဂသူဌေး၏ လှည်းတပ် ဖွဲ့ကြီးသည် နောက်ဆုံး တွင် သာဝတ္ထိသို့ ဆိုက်ရောက်သွားလေ၏။ အနာထပိဏ် သူဌေး သည် ထိုသတင်းကိုကြားသိလျှင် အလွန်အမင်း ဝမ်းမြောက် လျက် ဥဂ္ဂသူဌေးအား ကောင်းမွန်စွာ ကြိုဆို၍ မိမိအိမ်၌ ဧည့်ခံ ကျွေးမွေးထားလေသည်။

ထိုအချိန်တွင် အနာထပိဏ် သူဌေး၌ သမီး သုံးယောက် နှင့် သားတယောက် ရှိနေပြီဖြစ်၏။ သမီးသုံးယောက်အနက် သမီးကြီး မဟာသုဘဒ္ဒါမှာ အိမ်ထောင် ကျသွားပြီ ဖြစ်၍ ဥဂ္ဂ သူဌေးအား ဧည့်ခံပြုစုရေး ကိစ္စ အားလုံးကို သမီးလတ် စူဠ သုဘဒ္ဒါက တာဝန်ယူ၍ စီမံဆောင်ရွက် ပေးရ၏။ နေရေး ထိုင်ရေး စားရေး သောက်ရေး စသော ကိစ္စ များကို အနည်း ငယ်မျှ မလစ်ဟင်းစေဘဲ နိုင်နင်းစေ့စပ်စွာ စီမံဆောင်ရွက်ပေး

သော စူဠသုဘဒ္ဒါကို ဥဂ္ဂသူဌေးကြီးသည် လွန်စွာနှစ်သက်သွား လေသည်။ ထို့ကြောင့် တက္ကသိုလ်ပြည်မှ ပြန်လာ ခဲ့ကြစဉ်က မိမိတို့နှစ်ဦး ကတိထားခဲ့ကြပုံကို ပြန်လည် သတိရလျက် စူဠ သုဘဒ္ဒါကို မိမိ၏သားကြီး သုဒေဝနှင့် လက်ဆက်ရန် စိတ်ကူး မိလေသည်။

တနေ့သ၌ ရောင်းရေးဝယ်ရေး ကိစ္စများ ပြီးစီး၍ သူဌေး နှစ်ဦးသည် ရှေးဟောင်း နှောင်းဖြစ်တို့ကို လွတ်လပ်စွာ ပြော ဆိုနေကြ၏။ထိုအခါ ဥဂ္ဂသူဌေးကပင် စတင်၍မိမိ၏ဆန္ဒကိုဖွင့်ဟ ပြောကြားလေသည်။

"အဆွေ သုဒတ္တ သင်နှင့် ကျွန်ုပ်တို့သည် တက္ကသိုလ်ပြည်မှ ပြန်ခဲ့ကြစဉ်က တဦးနှင့်တဦး သားပေးသမီးယူ ပြု၍ သားစဉ် မြေးဆက်အထိ မေတ္တာနှောင်ကြိုး သွယ်ကြရန် ကတိပြုခဲ့ကြ ပါသည်။ ယခုသင့်သမီးစူဠသုဘဒ္ဒါနှင့် ကျွန်ုပ်၏သား သုဒေဝ တို့မှာလည်း အချိန်တန် အရွယ်ရောက်၍လူလားမြောက်သူများ ဖြစ်လာကြပါပြီ။ ထို့ကြောင့်သူတို့နှစ်ဦးကိုထိမ်းမြား လက်ထပ် ပေးရန် ကျွန်ုပ်အကြံပြုပါသည်။ အဆွေ၏သဘောကား မည်သို့ ရှိပါသနည်း"

ထိုစကားကို ကြားသော် အနာထပိဏ် သူဌေးသည် ရုတ် တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွား လေ၏။ အဘယ့်ကြောင့် ဆိုသော် အလွန်ချစ်သော ငယ်သူငယ်ချင်းများပင် ဖြစ်လင့် ကစား ယခုအခါ သူတို့နှစ်ဦးကြား၌ ကြီးမားသော ကွဲပြား ချက်တခုရှိနေသည်ကို မြင်တွေ့ရသောကြောင့် ဖြစ်သည်။ထိုကွဲ ပြားချက်ကား အခြားမဟုတ် အယူဝါဒ မတူညီ ကြခြင်းပင် ဖြစ်လေသည်။

အနာထပိဏ် သူဌေးသည် ဝေးလ သော ခရီးမှ မိမိထံသို့ တကူးတက လာရောက်လည်ပတ်သော မိတ်ဆွေချစ်အားအတိုင်း ထိုက်တန်သော လက်ဆောင်မွန်ဖြင့် တုန့်ပြန်၍ဧည့်ဝတ်ပြုခဲ့၏။ သို့ရာတွင် ထိုလက်ဆောင်မှာ လောကီ လက်ဆောင် မဟုတ် လောကုတ္တရာ လက်ဆောင်သာဖြစ်လေသည်။ သေခြင်း ကင်းကြောင်း အမြိုက်တရားကို ဟောကြားနိုင်သည့် ဗုဒ္ဓ ဟူသော ပုဂ္ဂိုလ်ထူးတပါး လောက၌ပေါ်ထွန်းနေကြောင်း။ ထိုပုဂ္ဂိုလ်ထူးကို မိမိကိုယ်တိုင် ကျောင်းဆောက် လှူဒါန်း၍ ဆည်းကပ်ကိုးကွယ်နေကြောင်းများကို ဥဂ္ဂသူဌေးအားဝမ်းမြောက် ဝမ်းသာ ပြောကြားခဲ့သည်။

သို့သော်လည်း ဥဂ္ဂသူဌေးကား ထိုစကားကိုစိတ်မဝင်စားခဲ့။ မိမိတွင်လည်း အမြဲကိုးကွယ် ဆည်းကပ်နေသည့် ဆရာတက္ကတွန်းများရှိနေသောကြောင့် ဗုဒ္ဓအား ဖူးမြင်ရန်သော်၎င်း၊ ဗုဒ္ဓတရားကိုနာကြားရန်သော်၎င်း ဆန္ဒမရှိကြောင်း ပြန်ကြား ပြောဆိုခဲ့လေသည်။ ထိုအခါ အနာထပိဏ် သူဌေးသည် မိတ်ဆွေရင်းဖြစ်သူ အယူလွဲမှားနေသည်ကိုသိရသဖြင့် များစွာစိတ်မကောင်းဖြစ်မိသော်လည်း အတင်း အကြပ် တိုက်တွန်းရန်လည်း မသင့်လျော်သောကြောင့် စကားလမ်းကြောင်းကို လွှဲပြောင်း ပစ်ခဲ့ရလေသည်။

ယခုကဲ့သို့ သားရေး သမီးရေး ကိစ္စနှင့် ပတ်သက် လာသောအခါတွင်မူ အနာထပိဏ် သူဌေးအဘို့ အယူဝါဒရေးပြဿနာကို မစဉ်းစားဘဲ နေ၍ မဖြစ်တော့။ သမီးဖြစ်သူအား တိတ္ထိတက္ကတွန်းများကို ကိုးကွယ်သည့် အိမ်ထောင်အတွင်းသို့ ထည့်ပေးလိုက်ရန် မလိုလားသည်နှင့်အမျှ ဗုဒ္ဓ၏ ကျောင်းဒကာ

အဖြစ် ခံယူထားသူ တဦးအနေဖြင့်လည်း ထိုကိစ္စမှာ လူအများ ကဲ့ရဲ့ပြစ်တင် ကဲ့ရဲ့ဘွယ်ရာဖြစ်နေပေသည်။

ထို့ကြောင့် အနာထပိဏ် သူဌေးသည် ဥဂ္ဂ သူဌေးအား ယင်းကိစ္စကို ချက်ခြင်း အဖြေ မပေးသေးဘဲ တရက်နှစ်ရက် အချိန်ဆွဲထား၏။ ထိုနောက် သူဌေး ကတော်နှင့် တိုင်ပင်၍ ဗုဒ္ဓရှင်တော်မြတ်အား သွားရောက် လျှောက်ထားလေ၏။ ဗုဒ္ဓ ကား စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဥဂ္ဂသူဌေး၏မိသားစုတခု လုံး ကျွတ်တမ်းဝင်မည့်အကြောင်းကို ကြိုတင် သိမြင်တော် မူသည်။ ထို့ကြောင့် အနာထပိဏ် သူဌေးအား ဥဂ္ဂသူဌေး၏ ဆန္ဒအတိုင်း လိုက်လျှောရန် တိုက်တွန်း ညွှန်ကြား တော် မူ လိုက်၏။

ဤသို့ဖြင့် ဥဂ္ဂ သူဌေး၏သား သုဒေဝနှင့် အနာထပိဏ် သူဌေးသမီး စူဠသုဘဒ္ဒါတို့၏ မင်္ဂလာပွဲကိုကြီးကျယ်ခမ်းနားစွာ ကျင်းပလေ၏။ မင်္ဂလာပွဲ ပြီးသော အခါ အနာထပိဏ် သူဌေး သည် စူဠသုဘဒ္ဒါအား ကောင်းမွန်စွာ ဆုံးမသြဝါဒပေး၍ ဥဂ္ဂမြို့သို့ ထည့်လိုက်လေသည်။

ချွေးမချောကို ရရှိလာသော ဥဂ္ဂသူဌေးသည်ဥဂ္ဂမြို့သို့ရောက် သည့်အခါ၌လည်း မင်္ဂလာပွဲကို တခမ်းတနား ကျင်းပပြန်သည်။ ထိုမင်္ဂလာပွဲ၌ မိမိဆရာ တက္ကတွန်း၊ ရဟန်းများကိုလည်း ပင့်ဖိတ် ၍ ဆွမ်းဆက်ကပ်လေသည်။ တက္ကတွန်း ရဟန်းများကို ရှိခိုး ကန်တော့ရန်အတွက် ချွေးမဖြစ်သူ စူဠသုဘဒ္ဒါကို အခေါ်ခိုင်း လေသော် သုဘဒ္ဒါက "အရှက်ကင်းမဲ့စွာဖြင့် အဝတ်မဆီး အချည်းနှီးနေသော တက္ကတွန်းများကို ကျမ ရှိမခိုးနိုင်ပါ" ဟု ပြန်ပြောလေသည်။

ထိုအခါ တက္ကတွန်းရဟန်းများကို ဘုရားလုပ်၍ ကိုးကွယ်နေသောဥဂ္ဂသူဌေးမှာ မခံမရပ်နိုင်ဖြစ်ပြီး သုဘဒ္ဒါကို အိမ်မှနှင်ထုတ်၏။ သို့သော်လည်း သုဘဒ္ဒါကား အိမ်ပေါ်မှ ဆင်းမသွားရုံသာမကဘဲ မိမိကိုးကွယ်သည့် ဗုဒ္ဓနှင့် ရဟန်းသံဃာတို့၏ ဂုဏ်သိက္ခာများကို တခမ်းတနား ချီးကျူးပြောဆိုနေလေသည်။

သုဘဒ္ဒါ၏ ချီးကျူးစကားများကိုကြားလျင် သူဌေးကတော်ကြီးသည် အနည်းငယ် စိတ်ဝင်စားလာပြီး "ချစ်သမီး....သို့ဖြစ်လျှင် သင်၏ဆရာများကို ငါတို့လည်း မြင်တွေ့လိုပါသည်၊ ပင့်နိုင်လျှင် ပင့်ဖိတ်ပေးပါလော့" ဟု ပြောလေသည်။ သုဘဒ္ဒါသည် "မိခင် ကောင်းပါပြီ" ဟု ဝန်ခံပြီး နေအိမ်ပြသာဒ်၏အထက်ထပ်သို့တက်၍ သာဝတ္ထိပြည်ဖက်သို့ လက်အုပ်ချီကာ ဤသို့အဓိဋ္ဌာန်ပြုလေ၏။

"တပည့်တော်သည် ဗုဒ္ဓရှင်တော်မြတ်အား ရဟန်းသံဃာငါးရာနှင့်တကွ နက်ဖြန်နံနက်အချိန်တွင် ဥဂ္ဂသူဌေး၏ နေအိမ်သို့ ဆွမ်းခံကြွရန် ပင့်ဖိတ်ပါသည်ဘုရား"

သုဘဒ္ဒါသည် ဤသို့သော အဓိဋ္ဌာန်စကားကို မြွက်ဆို၍ မြက်လေးပန်း ရှစ်ဆုပ်တို့ကို ကောင်းကင်သို့ ပစ်မြှောက်သည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် ယင်းအထိမ်းအမှတ်ဖြင့် သုဘဒ္ဒါ၏ပင့်ဖိတ်ချက်ကို သိရှိတော်မူလေသည်

ထိုအချိန်တွင် အနာထပိဏ် သူဌေးကြီးသည်လည်း ကျောင်းတော်သို့ ရောက်ရှိလာပြီး ဗုဒ္ဓအား နောက်နေ့အတွက် ဆွမ်းခံပင့်ဖိတ်ပြန်သည်။ ထိုအခါ ဗုဒ္ဓက "သူဌေးကြီး....ငါဘုရားသည် သင်၏ သမီးဖြစ်သော စူဠသုဘဒ္ဒါဆွမ်းကို ရှေးဦးသွာ လက်ခံ


ပြီး ဖြစ်ပေသည်” ဟု မိန့်ကြားလိုက်ရာ သူဌေးကြီး မျှားစွာ အံ့အားသင့်သွားလေ၏။ ထို့ကြောင့်“အရှင်ဘုရား....စူဠသုဘဒ္ဒါ သည် ဤသာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ဝေးသော ဥဂ္ဂ မြို့သို့ ရောက်ရှိနေပါသည်ဘုရား” ဟု လျှောက်တင်လေသည်။

ထိုအခါ ဗုဒ္ဓက “သူဌေးကြီး.... သူတော်ကောင်း မျှားသည် ဟိမဝန္တာတောင်ကဲ့သို့ အဝေး၌ တည်သော်လည်း ထင်ရှားကုန် ၏။ သူယုတ်မာတို့ကား ညအချိန်တွင် ပစ်လိုက်သော မြှားကဲ့သို့ အနီး၌တည်လျက်ပင် မထင်ရှားကုန်” ဟူ၍ မိန့်ကြားတော်မူ သည်။ ယင်းမိန့်ကြားချက်အရ သူဌေးကြီးသည် အရိယာပုဂ္ဂိုလ် မြတ်တို့၏ တန်ခိုး အာနုဘော် ကြီးမားပုံကို တွေးတောဆင်ခြင် လျက် ဝမ်းမြောက်ဝမ်းသာဖြင့် အိမ်သို့ပြန်သွားလေသည်။

နောက်တနေ့ နံနက်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန္တာ ငါးရာနှင့်အတူ အဘိညာဉ်တန်ခိုးဖြင့် ဥဂ္ဂမြို့သို့ ကြွတော်မူသည်။ စူဠသုဘဒ္ဒါသည် ဗုဒ္ဓရှင်တော်မြတ်အား ကြိုဆို ပင့်ဖိတ်၍ အဆင် သင့် ချက်ပြုတ် စီမံထားသော ဆွမ်း ဘောဇဉ်တို့ကို ဆက်ကပ် လေသည်။ဥဂ္ဂသူဌေးကြီးနှင့် မိသားစုတို့သည်လည်း ဗုဒ္ဓ၏တန်ခိုး အာနုဘော်နှင့် တည်ငြိမ်သော ဣန္ဒြေသိက္ခာတို့ကို မြင်ရလျှင် မိမိတက္ကတွန်းရဟန်းတို့၏ အခြေအနေနှင့် လွန်စွာကွာခြားလှ သောကြောင့် ဗုဒ္ဓအား ချက်ချင်းပင် ကြည်ညိုသွားကြလေ၏။ ဆွမ်းဘုဉ်းပေးပြီး၍ ဗုဒ္ဓဟောကြားသည့် တရားကို ကြားနာရ သည့်အခါတွင်မူ တမိသားလုံး အကျွတ်တရားကို ရရှိသွားကြ လေသည်။

ဗုဒ္ဓသည် ဥဂ္ဂမြို့၌ ခုနစ်ရက်မျှ ဆက်လက် သီတင်းသုံး၍ မြို့သူမြို့သားတို့အား တရားရေအေး တိုက်ကျွေးတော်မူသည်။ ထိုခုနစ်ရက်အတွင်း ဥဂ္ဂသူဌေးကြီးကပင် နေ့စဉ် ဆွမ်း ဆက်ကပ်၏။ ခုနစ်ရက်မြောက်သောနေ့တွင်ကား ရှင်အနုရုဒ္ဓါ အမှူးရှိသော ရဟန္တာငါးပါးကို ဥဂ္ဂမြို့၌ ထားခဲ့ပြီး သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူခဲ့လေသည်။

ပကိဏ္ဏကဝဂ် စူဠသုဘဒ္ဒါဝတ္ထု



# မီးစတဖက် ရေမှုတ်တဖက်

ဗုဒ္ဓရှင်တော်မြတ် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်း
သုံးနေစဉ် ရှင်ဒေဝဒတ်သည် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်
စသော ပုဂ္ဂိုလ်များကဲ့သို့ ထင်ရှား ကျော်ကြားမှု မရသဖြင့်
ဗုဒ္ဓအား အန်တုကာ သံဃာ့ဂိုဏ်းတခုကို သီးခြားတည်ထောင်
ရန် ကြိုးပမ်းလေသည်။ "ဂေါတမသည် လူတို့ လှူဒါန်းသည့်
ဆွမ်းသင်္ကန်း ကျောင်းတို့ကို မှီဝဲသုံးဆောင်လျက် မြို့ကျောင်း
ရွာကျောင်းများ၌သာ အချောင်ခိုနေ၏။ တရားကို တကယ်
မကျင့်။ ငါကား သူကဲ့သို့ မြို့ကျောင်း ရွာကျောင်းမှာ မနေ
တောကျောင်းသို့ သွား၍ တရားကို တကယ်ကျင့်မည်" ဟု
ကြေငြာပြီး ဂယာသီသ တောအုပ်သို့ ထွက်ခွာသွားလေသည်။
အသိ အလိမ္မာနည်းပါးသော ရဟန်းငယ်အချို့သည် ဒေဝဒတ်
၏ စကားကို နားယောင်ကာ သူ့နောက်သို့ လိုက်ပါသွားကြ၏။
ဒေဝဒတ်သည် ဂယာသီသသို့မထွက်ခွာမီကပင်ရာဇဂြိုဟ်ပြည့်

ရှင် ဘုရင်ဗိမ္ဗိသာရ၏ သားတော် အဇာတသတ်မင်းသားအား ဈာန်အဘိညာဉ် တန်ခိုးဖြင့် မိမိကို ကြည်ညိုအောင် ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ အဇာတသတ်မင်းသားသည် မိမိဆရာ ရှင်ဒေဝဒတ် ဂယာသီသ တောအုပ်၌ သီတင်းသုံးကျောင်း ကြားသိလျှင် ကျောင်းကန် အဆောက်အဦများကို နေ့ခြင်းညခြင်း ဆောက်လုပ်စေသည်။ ရှင်ဒေဝဒတ်နှင့် သူ့တပည့်များအတွက် ထမင်းအုပ် ငါးရာကိုလည်း နေ့စဉ် ပို့ပေးလေသည်။ ဤသို့ဖြင့် ရှင်ဒေဝဒတ်၏ နောက်လိုက်များမှာ လာဘ်လာဘ အလွန်ပေါများလျက်ရှိလေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည်မှ အလွန် ခင်မင်ရင်းနှီးသော မိတ်ဆွေနှစ်ယောက်တို့ ရဟန်းပြုကြရာ တယောက်သည် ဝေဠုဝန်ကျောင်းတော်၌ ကျန်ရစ်ခဲ့ပြီး တယောက်မှာမူ ရှင်ဒေဝဒတ် နောက်သို့ ပါသွား၏။ ထိုရဟန်းငယ်နှစ်ပါးတို့သည် တနေရာ၌ တွေ့ဆုံမိကြသောအခါ ဒေဝဒတ်၏ နောက်လိုက် ရဟန်းသည် မိမိတို့ကျောင်း၌ ဆွမ်းကွမ်းပေါများပုံကိုပြော၍ မိတ်ဆွေရဟန်းကို ဂယာသီသသို့ ခေါ်သွားလေသည်။ ဂယာသီသသို့ ရောက်သောအခါ ဆွမ်းကောင်း ဟင်းကောင်းများ ကျွေးပြီး မိမိတို့ ဆီမှာပင် နေရန် တိုက်တွန်းသည်။ မိတ်ဆွေရဟန်းသည် ရှင်ဒေဝဒတ်၏ အယူဝါဒကို မနှစ်သက်သော်လည်း မိမိမိတ်ဆွေကို အားနာသဖြင့် ဂယာသီသ၌ နှစ်ရက် သုံးရက်မျှ နေထိုင်ပြီး ဝေဠုဝန် ကျောင်းတော်သို့ ပြန်သွားသည်။ ထိုမှနောက်တွင်လည်း ရံဖန်ရံခါ ဂယာသီသသို့ သွား၍ စားသောက် နေထိုင်လေသည်။

ဤသို့ ဂယာသီသသို့ မကြာခဏ သွားနေသည်ကို အခြား ရဟန်းများ သိရှိကြလေသော် ထိုရဟန်းကို မေးမြန်းကြကုန်၏။

"ငါ့ရှင်....သင်သည် ဂယာသီသသို့ သွား၍ ရှင်ဒေဝဒတ်၏ ဆွမ်းကို စားနေသည် ဆိုသည်မှာ မှန်သလော"

"မှန်ပေသည်ငါ့ရှင်တို့၊ သို့သော်လည်း ငါသည် ရှင်ဒေဝဒတ်က ပေးသော ဆွမ်းကို စားသည်မဟုတ်။ ငါ့မိတ်ဆွေ ရဟန်းက ပေးသော ဆွမ်းကိုသာ စားခြင်းဖြစ်၏။"

"ငါ့ရှင်.... မည်သူကပင် ပေးသည်ဖြစ်စေ ထိုဆွမ်းကား ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဖြစ်ပေါ်သော ဆွမ်းသာဖြစ်၏။ ရှင်ဒေဝဒတ်သည် မသမာသောနည်းဖြင့် အဇာတသတ်မင်းသားကို ကြည်ညိုအောင် ပြုလုပ်၍ ရရှိသော ဆွမ်းသာဖြစ်၏။ ဤသို့သော ဆွမ်းကို သင်စားသုံးရန် မသင့်"

ရဟန်းတို့သည် ဤသို့ ပြောဆိုဝေဖန်ကြပြီး ထိုရဟန်းငယ်ကို ဗုဒ္ဓရှင်တော်မြတ်ထံ ခေါ်ဆောင်သွားကြသည်။ အကြောင်းစုံကိုလည်း ဖွင့်ဟလျှောက်ထားကြသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က ထိုရဟန်းကို ထပ်မံ မေးစိစစ်တော်မူပြန်သည်။

"ရဟန်းငယ်....သင်သည် ဒေဝဒတ်၏ဆွမ်းကိုစားသလော"

"စားမိပါသည်ဘုရား၊ သို့သော်လည်း ရှင်ဒေဝဒတ်၏ အယူဝါဒကိုမူ တပည့်တော် ယုံကြည်နှစ်သက်ခြင်းမရှိပါ"

"ရဟန်းငယ်....သင်သည် ဒေဝဒတ်၏ အယူဝါဒကို ယုံကြည်နှစ်သက်ခြင်း မရှိဟု ပါးစပ်က ဆိုသော်လည်း သင့်အပြုအမူကား ယုံကြည်နှစ်သက်သည်နှင့် မခြားပင် ရှိတော့သည်။ ရဟန်းငယ်.... ရဟန်းမည်သည် တွေ့ကရလူများအား ယုံကြည် အား

ကိုးခြင်းမပြုသင့်။ရှေးအခါကလည်း တွေ့ကရလူများကို ယုံကြည်အားကိုးမိသဖြင့် ပျက်စီးခဲ့ ရဘူး၏။”

ဗုဒ္ဓရှင်တော်မြတ်သည် ဤသို့မိန့်ကြားတော်မူပြီး ရဟန်းတို့၏ တောင်းပန် လျှောက်ထားချက်အရ တွေ့ကရလူများကို ယုံကြည်အားကိုးမိသဖြင့် ပျက်စီးခဲ့ရပုံကို အတိတ်ဆောင်၍ ပြတော်မူသည်။

## သူခိုးစကားကို နားယောင်

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုမင်း၌ အလွန်လိမ်မာယဉ်ကျေးသည့် မဟိဠာမုခ အမည်ရှိသော မင်္ဂလာဆင်တော်တစီးရှိ၏။ တနေ့သ၌ လူဆိုးခါးပြတစုတို့သည် မင်္ဂလာဆင်တော်ထားရာ ဆင်တင်းကုပ်အနီး၌ ညအချိန်တွင် တိတ်တဆိတ် တွေ့ဆုံစည်းဝေး၍ ဖေါက်ထွင်းလုယက်မှုများ ပြုလုပ်ရန် တိုင်ပင်ဆွေးနွေးကြသည်။ ယင်းတို့ ဆွေးနွေးတိုင်ပင်ကြရာတွင် အိမ်ကို မည်သို့ ဖေါက်ထွင်းရမည် လူတွေ့လျှင် မည်သို့ထိုးခုတ်သတ်ဖြတ်ရမည် စသည်တို့ကို ခေါင်းဆောင်ဖြစ်သူက အသေးစိတ် ညွှန်ကြားပြောဆိုလေသည်။ ထိုနေရာမှာ ချောင်ကျ၍ ညအချိန်တွင် လူပြတ်သော နေရာဖြစ်သဖြင့် လူဆိုးတို့သည် နောက်နေ့နောက်နေ့များတွင်လည်း ထိုနေရာ၌ပင် တွေ့ဆုံဆွေးနွေးမှု ပြုကြသည်။ ဤသို့ ရက်ပေါင်းများစွာ ပြုလုပ်ကြသောအခါ လူဆိုးတို့၏ စကားကို နေ့စဉ်ရက်ဆက် ကြားနေရသော မင်္ဂလာဆင်တော်မှာ စိတ်နိုင်းများဝင်လာသည်။ မိမိ

အား လူများက ထိုးခုတ်သတ်ဖြတ်ရန် သင်ကြားပေးနေသည်ဟု ထင်မှတ်လာသည်။

နောက်တနေ့ နံနက်ဘွင် မင်္ဂလာဆင်တော်ကို ထိန်းကျောင်းကျွေးမွေးရသော ဆင်ထိန်းသည် နေ့စဉ် တာဝန်ဝတ္တရားရှိသည့်အတိုင်း ဆင်တော်အား အစာကျွေးရန် အတွက် အနီးသို့ချဉ်းကပ်လေသည်။ အခါတိုင်းနှင့်မတူဘဲ စိတ်ရိုင်း ဝင်နေသော ဆင်ကြီးသည် မိမိအနီးသို့ ရောက်လာသော ဆင်ထိန်းအား ရုတ်တရက် အစွယ်ဖြင့် ထိုးသတ်လိုက်ရာ ဆင်ထိန်းမှာ တချက်တည်းဖြင့် အသက်ကုန်သွားလေသည်။ ထိုဆင်ထိန်းသေဆုံးသွားသောအခါ အခြားသော ဆင်ထိန်းများသည် တယောက်ပြီးတယောက် ဆင်ကြီးအနီးသို့ ချဉ်းကပ်နိုင်ရန် ကြိုးစားကြပြန်သည်။ သို့သော်လည်း ဆင်ကြီးကား မည်သူ့ကိုမျှ အနားကပ်မခံဘဲ သာသမျှ ဆင်ထိန်းများကို ဆီး၍ အန္တရာယ် ပြုနေတော့သည်။

ယခင်က အလွန်လိမ်မာယဉ်ကျေးပြီး လူကို လုံးဝအန္တရာယ်မပြုခဲ့သော မင်္ဂလာဆင်တော်ကြီးသည် ယခု စိတ်ရိုင်းဝင်ကာ လာသမျှ ဆင်ထိန်းတို့အား ရန်ပြုနေကြောင်း အမတ်တို့ကဘုရင်မင်းမြတ်အား လျှောက်တင်ကြသည်။ ဘုရင်သည် တတ်ကျွမ်းလိမ်မာသော ဆင်ဆရာများကို စေလွှတ်၍ ဆင်ကြီးကိုကြည့်ရှုစစ်ဆေးစေသည်။ ဆင်ဆရာတို့သည် အနီးသို့ မကပ်ဝန့်သဖြင့် ဆင်တင်းကုတ်၏ အပြင်မှနေ၍ လေ့လာစုံစမ်းကြသည်။ ဆင်ကြီးတွင် မည်သည့်ရောဂါ ဝေဒနာမျှ စွဲကပ် ကျရောက်သည့် လက္ခဏာ မတွေ့ရသဖြင့် ဘုရင်အား ထိုအကြောင်းကို ပြန်ကြား

လျှောက်တင်ကြသည်။ မင်္ဂလာဆင်တော်မှာ ဘုရင်မင်းမြတ်နှင့် တကွ နိုင်ငံတော်၏ ကျက်သရေဆောင် ဖြစ်သည့်ပြင် တိုင်းတပါးမင်းတို့၏ ရန်ကို ကာကွယ်တိုက်ခိုက်ရာတွင် ထူးခြားသော ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောကြောင့် အလွန်ပင် အရေးကြီးလှပေသည်။ သို့ဖြစ်၍ ဘုရင်သည် မင်္ဂလာဆင်တော် ကိစ္စကို မှူးမတ်ပညာရှိတို့နှင့် အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ် ယူနေရလေသည်။

ထိုအခါ ဘုရင်၏ အတိုင်ပင်ခံ ပညာရှိအမတ်ကြီး မဟာဒေဝက မင်္ဂလာဆင်တော်ကို မိမိကိုယ်တိုင် သွား၍ ကြည့်ရှုစစ်ဆေးလိုကြောင်း လျှောက်တင်ရာ ဘုရင်ကလည်း ယုံကြည်အားကိုးစွာဖြင့် ခွင့်ပြုလိုက်သည်။ ပညာဗဟုသုတနှင့် ပြည့်စုံသော အမတ်ကြီး မဟာဒေဝသည် ဆင်တင်းကုတ်ပြင်ပမှ နေ၍ မင်္ဂလာဆင်တော်ကို ကြည့်ရှုစစ်ဆေးရာ မည်သည့်ရောဂါဝေဒနာမျှ စွဲကပ်ခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထိုနောက် အခြေအနေကို ဆင်ခြင်သုံးသပ်ကြည့်သောအခါ ဆင်တော်သည် တစုံတယောက်သော သူတို့၏ ရက်စက်ကြမ်းကြုတ်သော စကားများကို မကြာခဏ ကြားနေရသောကြောင့် စိတ်ရိုင်း ဝင်နေခြင်း ဖြစ်မည်ဟု စဉ်းစားမိလေသည်။ ယင်းသို့ စဉ်းစားမိသည့်အလျောက် ဆင်တင်းကုပ်အနီး၌ အထောက်တော်များကို နေ့ရောညပါ လျှို့ဝှက်စွာ ချထား၍ စုံစမ်း ထောက်လှမ်းစေသည်။ ည အချိန်တွင် တာဝန်ကျသော အထောက်တော်တို့က လူဆိုးတို့ တိုင်ပင်ဆွေးနွေးကြသည်ကို ကြားရပုံကို အစီရင်ခံကြသောအခါ အမတ်ကြီး မဟာဒေဝသည် အဖြေမှန်ကို ရရှိသွားတော့သည်။

အမတ်ကြီးသည် ဘုရင်မင်းမြတ်ထံ ခင်၍ မိမိစုံစမ်းတွေ့ရှိရသော အချက်များကို လျှောက်တင်လေသည်။

"အရှင်မင်းမြတ်....မင်္ဂလာဆင်တော်သည် ရောဂါတစုံတခုစွဲကပ်ခြင်း မရှိပါ။ လူဆိုးတို့၏ စကားကို ညစဉ်ကြားနေရ၍ စိတ်ရိုင်း ဝင်နေခြင်းသာ ဖြစ်ပါသည်"

"သို့ဖြစ်လျှင် ယခင်ကကဲ့သို့ ပြန်၍ ယဉ်ကျေးအောင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း အမတ်ကြီး"

"လူဆိုးများကို ဖမ်းစီးစေပြီး ဆင်တင်းကုပ်အနီး၌ သူတော်သူမြတ်တို့ စုဝေး၍ တရားစကားဟောပြော ဆွေးနွေးကြရန် စီစဉ်ပေးသင့်ပါသည် မင်းမြတ်"

"ဤကိစ္စကို သင်အမတ်ကြီး ကိုယ်တိုင်ပင် စီစဉ်ပါလော့"

ဘုရင်မင်းမြတ်၏ အမိန့်အရ အမတ်ကြီးသည် လူဆိုးများကို ဖမ်းဆီးစေပြီး ဆင်တင်းကုပ်အနီး၌ မဏ္ဍပ်တခုကို ဆောက်လုပ်စေသည်။ ထိုမဏ္ဍပ်၌ သူတော်သူမြတ်တို့အား ပင့်ဖိတ် ကျွေးမွေး၍ တရားဟောပြော ဆွေးနွေးပွဲများကို နေ့စဉ်ရက်ဆက် ပြုလုပ်လေသည်။ ရက်သတ္တ တပတ်ခန့် ကြာသောအခါ တရားစကားများကိုသာ နေ့စဉ်ကြားနေရသော မင်္ဂလာဆင်တော်သည် စိတ်ကောင်းဝင်လာပြီးယခင်ကကဲ့သို့ပင် ယဉ်ကျေးသိမ်မွေ့ခြင်းသို့ ရောက်လေတော့သည်။ ဘုရင်မင်းမြတ်သည် လွန်စွာနှစ်သက်ဝမ်းမြောက်လျက် အမတ်ကြီးအား ဆုလာဘ်များစွာ ပေးလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် တိရစ္ဆာန်ပင် ဖြစ်လင့်ကစား တွေ့ကရမြင်ကရ လူတို့၏ စကားကို ယုံကြည်အားကိုးမိသဖြင့် ဖေါက်ပြန်ပျက်စီးခဲ့ဘူးပုံကို ဤသို့ အတိတ်ဆောင်၍ ပြတော်မူသည်။ ထို့နောက် ထိုရဟန်းငယ်အား ရဟန်းမည်သည် မိမိ၏ လာဘ်လာဘကို ပစ်ပယ်ပြီး တပါးသူတို့၏ လာဘ်လာဘကို မြော်လင့်တောင့်တခြင်း မပြုသင့်ကြောင်း။ တပါးသူတို့၏ လာဘ်လာဘကို မြော်လင့်တောင့်တသော ရဟန်းသည် စိတ်တည်ငြိမ် အေးချမ်းမှုကို မည်သည့်အခါမျှ မရနိုင်ကြောင်း ဟောကြားဆုံးမတော်မူသည်၊

## ၂၅- ဘိက္ခုဝဂ် -၅-ဝိပက္ခသေဝက ဝတ္ထုနှင့် ကေနိပါတ်မဟိဠာမုခဇာတ်။

# လယ်သမား၏ လောက

ဗုဒ္ဓရှင်တော် မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ တခုသောနံနက်ခင်း၌ ဗုဒ္ဓသည်ဆွမ်းခံရာမှ အပြန်တွင် တပါးတည်း ခွဲထွက်၍ ရိုးပြတ်များကို ရှင်းလင်း သုတ်သင်နေသည့် မဟာဒတ္တပုဏ္ဏားကြီးထံသို့ ကြွသွားလေသည်။

"မဟာဒတ္တ....အဘယ်အမှုကို ပြုနေသနည်း"

"စပါးစိုက်ရန်အတွက် ရိုးပြတ်များကိုရှင်းလင်းနေပါသည် ရှင်ဂေါတမ".

မဟာဒတ္တသည် ဗုဒ္ဓ၏ တရားဓမ္မကို ယုံကြည် လက်ခံသူ မဟုတ်သော်လည်း ဗုဒ္ဓကိုမူ မကြာခဏ မြင်ဘူး တွေ့ဘူးနေသူ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ၏ အမေးကို ယဉ်ကျေး သိမ်မွေ့စွာ ဖြေကြားလေသည်။ ထို့နောက် ဗုဒ္ဓသည် ထူးထူးထွေထွေ မိန့်ကြားခြင်း မပြုဘဲ လယ်ကွင်းမှကြွသွားလေသည်။

ရိုးပြတ်များကို ရှင်းလင်း သုတ်သင်ခြင်းကိစ္စပြီးစီး၍ စတင်ထွန်ယက်သည့် နေ့တွင် ဗုဒ္ဓသည် နောက်တကြိမ် ကြွရောက်လာပြန်၏။

"မဟာဒတ္တ....လယ်ထွန်နေပြီလား"

"ဟုတ်ပါတယ် ရှင်ဂေါတမ၊ လယ်ထွန်နေပါပြီ"

ဤအကြိမ်တွင်လည်း ဗုဒ္ဓသည် ဤမျှသာမိန့်ကြား၍ကြွသွားပြန်လေသည်။ ပျိုးကြဲချိန်၊ ကောက်စိုက်ချိန် စသည် များသို့ရောက်သောအခါ၌လည်း ဗုဒ္ဓသည် မကြာခဏကြွလာ၍မဟာဒတ္တနှင့် အာလာပ သလ္လာပစကား ပြောကြားလေသည်။ ဤနည်းအားဖြင့် မဟာဒတ္တသည် ဗုဒ္ဓအား ခင်မင်ရင်းနှီးသော မိတ်ဆွေတဦးအဖြစ် မှတ်ယူခဲ့လေသည်။

မဟာဒတ္တ၏ လယ်ခင်းသည် မိုးဦးချော မိုးလယ်ပါ ကောင်းမွန်သဖြင့် ရှင်သန်ဖြစ်ထွန်းခဲ့၏။ သူသည် စိမ်းလန်းစိုပြေသော စပါးပင်တို့ကို တစိမ့်စိမ့်ကြည့်ကာ ရှင်မြူး ဝမ်းမြောက်၍ နေခဲ့၏။ ပြည့်ဝအောင်မြင်သော စပါးနှံတို့ဖြင့် ညွှတ်ကျလျက် ရွှေဝါရောင် သန်းစပြုနေသည့် လယ်ကွင်းပြင်ကြီးကို မြင်တွေ့ရသည့်အခါတွင်မူ သူ၏ ကြည်နူးမှုသည် အထွတ် အထိပ်သို့ ရောက်ရှိလာလေသည်။

ဗုဒ္ဓ ရှင်တော်မြတ်သည်လည်း သူ့လယ်ခင်းသို့ မကြာခဏ ကြွလာမြဲပင်ဖြစ်၏။ "မဟာဒတ္တ သင့်လယ်ခင်းကား အောင်မြင်လှပါပေသည်" ဟူ၍မိန့်ကြားလျှင် ပုဏ္ဏားကြီးမှာ ပို၍ဝမ်းမြောက်ခဲ့ရ၏။ ထို့ကြောင့် ပုဏ္ဏားကြီးသည်—

"ရှင်ဂေါတမ....စပါး သိမ်းပြီးလျှင် သင့်အားလည်းကျွန်ုပ် လှူဒါန်းပါမည်"

ဟူ၍ပင် နှုတ်ကတိစကား ပြောကြားခဲ့လေသည်။

ဤသို့ဖြင့် စပါးရိတ်သိမ်းရန် တပတ်လောက်သာ လိုတော့သည့် အချိန်သို့ ရောက်လာ၏။ ထိုအချိန်တွင် လေနှင့်တကွ သည်းထန်သော မိုးကြီး ရတ်တရက် ရွာသွန်းလေရာ မဟာဒတ္တ၏ စပါးခင်း တခုလုံး ရေထဲသို့ မျောပါနစ်မြုပ် သွားတော့သည်။

မဟာဒတ္တသည် နံနက်လင်းလျှင် လင်းချင်း စိုးရိမ်တကြီးဖြင့် လယ်ခင်းဆီသို့ ပြေးလာ၏။ အချည်းနှီးသော လယ်ကွင်းပြင်ကို မြင်တွေ့ရလျှင် အတိုင်းမသိသော စိုးရိမ် ပူပန်မှုတို့သည် သူ့ရင်တွင်း၌ ပြည့်လျှံ၍ လာလေ၏။ "ငါ၏ တနှစ်တာ ကြိုးပမ်းချက်တို့ကား ပျက်စီးခြင်းဖြင့် အဆုံး သတ်ရလေပြီတကား" ဟူ၍ယူကြုံးမရ ဖြစ်ကာ အိမ်သို့ချက်ခြင်းလှည့်၍ပြန်ခဲ့လေသည်။

အိမ်သို့ ပြန်ရောက်သည့် အခါ မည်သူနှင့်မျှ အတွေ့မခံဘဲ အိမ်တွင်းအောင်း၍ နေလေ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ပုဏ္ဏားကြီး၏ အခြေအနေကို သိမြင်တော်မူသဖြင့် အိမ်ရှေ့သို့ ကြွရောက်လာ၏။ ဗုဒ္ဓကြွလာကြောင်း ကြားသိလျှင် ပုဏ္ဏားကြီးသည် ဗုဒ္ဓအား အိမ်တွင်းသို့ ပင့်ဆောင်စေပြီး မိမိ၏ခံစားချက်များကို ဖွင့်ဟ အံထုတ်လေသည်။ ထိုအခါ ဗုဒ္ဓသည်ပုဏ္ဏားကြီးအား စိတ်သက်သာဖွယ် စကားများကိုမိန့်ကြားလေသည်။

"မဟာဒတ္တ....ယခုကဲ့သို့စိတ်သောက ဝေဒနာ ခံစားရခြင်း၏ အရင်းခံ အကြောင်းတရားကိုသင်သိပါ၏လော"

"ကျွန်ုပ်မသိပါ ရှင်ဂေါတမ ထိုအရင်းခံအကြောင်းတရားကား အဘယ်ပါနည်း"

"မဟာ ဒတ္တ....ထိုအရင်းခံ အကြောင်း တရားကား အခြား မဟုတ်၊ လိုချင်မှုမက်မောမှုပင် ဖြစ်၏။ လိုချင်မှု၊ မက်မောမှု ကြောင့်ပင် စိုးရိမ်ပူပန်ခြင်း ထိတ်လန့် ကြောက်ရွံ့ခြင်း တို့သည် ဖြစ်ပေါ်လာရကုန်၏။ လိုချင်မက်မောမှု ကင်းလျှင် ထိုတရား များဖြစ်ပေါ်ရန် မရှိတော့ပေ"။

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားနာ ရလေသော် လယ်သမား ကြီး မဟာဒတ္တသည် အမှန်တရားကို သိမြင်၍ သောတာပန် အဖြစ်သို့ ဆိုက်ရောက် သွားလေသည်။

၁၆-ပိယဇာတိ၊ ၆--အညတရ ဗြာဟ္မဏဝတ္ထု။

# နွားကျောင်းသား နှင့် နွားပိုင်ရှင်

သာဝတ္ထိပြည်၌ တဦးနှင့်တဦး အလွန်ချစ်ခင် ရင်းနှီးသော သုမိတ္တ နှင့် သုဇာတ အမည်ရှိသော မိတ်ဆွေနှစ်ယောက် ရှိကြ၏။ သူတို့ နှစ်ဦးသည် ဇေတဝန်ကျောင်းတော်သို့ မကြာခဏ သွား၍ ဗုဒ္ဓ၏ တရားကို ကြားနာလေ့ရှိ၏။ တနေ့သ၌ ထူးခြားလေးနက်သော တရားတပုဒ်ကို ကြားနာရသဖြင့် သဒ္ဓါတရား ပေါက်ကာ နှစ်ဦး သဘောတူ ရဟန်းပြုလိုက်ကြလေသည်။

ထိုမိတ်ဆွေနှစ်ပါးသည် ရဟန်းဘဝသို့ ရောက်သောအခါ ရဟန်းတို့၏ ကျင့်ဝတ်သိက္ခာများကို တတ်ကျွမ်းနားလည်ရန် ဆရာဥပဇ္ဈာယ်တို့၏ထံ၌ ငါးဝါတိုင်အောင် နီးကပ်စွာ နေ၍ ဝိနည်းသိက္ခာပုဒ်များကို သင်ယူ လေ့လာကြသည်။ ငါးဝါရ သောအခါ ရှင်သုမိတ္တသည်၊ "ငါကား အတန်ငယ် အရွယ် ထောက်ပေပြီ ပရိယတ်ကို စွမ်းလွန်းတမံ အားထုတ်နိုင်တော့မည် မဟုတ်" ဟု ဆင်ခြင် စဉ်းစားမိသဖြင့် တောကျောင်းသို့ သွား၍

ကမ္မဋ္ဌာန်းကို အားထုတ်လေ၏။ ထက်သန်သောဆန္ဒ မှန်ကန်သော နည်းနိသျှတို့ဖြင့် အားထုတ်ခြင်း ဖြစ်သောကြောင့် သုံးလမျှသော အချိန်ကာလ အတွင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်ပြီး မြို့သို့ ပြန်မလာတော့ဘဲ တောကျောင်းမှာပင် ဆက်လက် သီတင်းသုံး နေလေသည်။

ရှင်သုမိတ္တ၏ မိတ်ဆွေဖြစ်သော ရှင်သုဇာတ မထေရ်ကားရှင် သုမိတ္တထက် အသက်ငယ်၍ တက်ကြွသော အားမာန်ရှိသူ ဖြစ်သ ဖြင့် "အသက်အရွယ်ကြီးမှသာ ကမ္မဋ္ဌာန်းကို အားထုတ်တော့ မည်" ဟု ကြံပြီး ဗုဒ္ဓစကားတော်ဖြစ်သော ပိဋကတ်သုံးပုံကို သင် ယူအားထုတ်လေသည်။ ပိဋကတ်သုံးပုံကို သင်ယူ တတ်မြောက် သောအခါ ငါးရာသော ရဟန်းတို့အား ပရိယတ်ကို သင်ကြား ပို့ချပေးခြင်း လူတို့အား နေ့စဉ် တရားဟောခြင်း များကို ပြုလုပ် လျက် ထင်ရှားသော မထေရ်တပါး ဖြစ်ကာ ဇေတဝန် ကျောင်း တော်၌ပင် သီးတင်းသုံး နေထိုင်လေ၏။

ထိုအခါ ဇေတဝန်ကျောင်းတော်မှ ခြောက်ကျိပ်သော ရဟန်းတို့သည် ရှင်သုမိတ္တ၏ တောကျောင်းသို့သွား၍ တရားအား ထုတ်ကြ၏။ ထိုရဟန်းများ ရဟန်းကိစ္စ ပြီးမြောက်၍ သာဝတ္ထိ ပြည်သို့ ပြန်ကြသောအခါ ရှင်သုမိတ္တသည် မိမိမိတ်ဆွေဖြစ်သော ရှင်သုဇာတထံသို့ ကျန်းမာကြောင်း၊ သတိရကြောင်းများကို အမှာစကား ပါးလိုက်၏။ ထိုရဟန်းများသည်လည်း သာဝတ္ထိ ပြည်သို့ ရောက်သောအခါ ရှင်သုဇာတထံသို့ ချဉ်းကပ်၍ "တပည့် တော်တို့ဆရာက အရှင်ဘုရားထံ အမှာစကား ပါးလိုက်ပါသည်" ဟူ၍ လျှောက်တင်ကြလေသည်။

အထက်ပါ နည်းအတိုင်းပင် ရှင်သုမိတ္တ၏ တောကျောင်း၌ တရားအားထုတ်၍ ပြန်လာသည့် ရဟန်များ ဇေတဝန် ကျောင်း တော်သို့ မကြာခဏ ရောက်လာကြ၏။ ရောက်လာတိုင်း လာတိုင်း သော ရဟန်းများကလည်း ရှင်သုဇာတထံ ဝင်၍ ရှင်သုမိတ္တ၏ အမှာစကားကို လျှောက်တင်ကြသည်။ ဤသို့ တောကျောင်းမှ ရဟန်များ မကြာခဏ ရောက်လာပြီး "တပည့်တော်တို့ဆရာက တပည့်တော်တို့ဆရာက" ဟု ပြောဆိုသည်ကို ကြားရသောအခါ ရှင်သုဇာတမှာလည်း မခံချင်စိတ် ဖြစ်ပေါ်လာ၏။ "ဒီတော ကျောင်းက ကိုယ်တော်ကြီးကို ဘာများတတ်လို့ 'တပည့်တော် တို့ဆရာ တပည့်တော်တို့ဆရာ'လို့ ရဟန်းတွေက ပြောကြပါ လိမ့်"ဟု မနာလို ဝန်တိုမှုများ တိုးပွားလာလေသည်။

အမှန်စင်စစ် ရှင်သုဇာတသည် ရဟန်းပေါင်းများစွာတို့အား ပရိယတ်ကို သင်ကြား ပို့ချပေးနေသည့်အပြင် ထင်ရှားသော ဓမ္မကထိက တပါးလည်း ဖြစ်နေခြင်းကြောင့် မိမိကို ယ်မိမိ အထင် ကြီးကာ ပညာမန်တက်လျက်ရှိသည်။ ထို့ကြောင့် တောကျောင်း ဘုန်းကြီး ရှင်သုမိတ္တ အပေါ်၌ အထင်အမြင် သေးလျက် ရှိသည့် အတိုင်း သူနှင့်တွေ့တွေ့ ဆိုင်ဆိုင် တွေ့ဆုံခွင့်ရပါက မိမိ၏ပညာကို အစွမ်းကုန် ပြလိုက်မည်ဟု ကြံစည်ကိုးဝါး ထားလေသည်။

နှစ်ကာလ ကြာမြင့်သောအခါ တောကျောင်းနေ ရှင်သု မိတ္တသည် ဗုဒ္ဓရှင်တော်မြတ်အား ဖူးမြင်ရန်အတွက် သာဝတ္ထိပြည် သို့ ဆိုက်ရောက်လာ၏ တိုအရှင်မြတ်သည် ဇေတဝန် ကျောင်း တော်သို့ ရောက်လျှင် အခြားနေရာ၌ တည်းခိုခြင်းမပြုဘဲ မိတ်ဆွေ ရင်းဖြစ်သော ရှင်သုဇာတ၏ကျောင်း၌ပင် တည်းခိုလေသည်။ ရှင်

သုဇာတသည် အာဂန္တုရဟန်းအား ဆွဲ့ဝတ်ကျေပွန်အောင် ပြု စုပြီးနောက် မိမိ၏ ပညာဂုဏ်ကို ပြရန်အတွက် တဖက်သား မဖြေ နိုင်သော ပြဿနာများကို မေးရန် ကြံစည်နေလေသည်။

ရှင်သုမိတ္တသည် ဗုဒ္ဓထံ သွားရောက် ဖူးမြော်ပြီးနောက် တည်း ကျောင်းသို့ ပြန်လာပြီး ရှင်သုဇာတနှင့်အတူ အေးချမ်းစွာ စကား ပြောဆိုနေ၏။ ထိုအချိန်တွင် ရှင်သုဇာတက ပြဿနာစ၍ မေး တော့မည် လုပ်သော်လည်း ဗုဒ္ဓရှင်တော်မြတ် အမှတ်မထင် ကြွ ရောက်လာသောကြောင့် မေးခွင့်မရတော့ချေ။

ဗုဒ္ဓရှင်တော်မြတ်သည် ခင်းထားအပ်သော နေရာ၌ထိုင်တော် မူပြီး ရဟန်းနှစ်ပါးအား တရားဓမ္မနှင့် စပ်သော ပြဿနာတို့ကို မေးမြန်း ဆွေးနွေးတော်မူသည်။ ဈာန်သမာပတ် ရုပ်နာမ်စသည့် ပြဿနာတို့ကို မေးမြန်းသည့်အခါ ရှင်သုဇာတက စတင်၍ တခု ပြီးတခု ဖြေဆို၏။ လောကီအဆင့်ထက် ကျော်လွန်၍ မဂ်၊ဖိုလ်၊ နိဗ္ဗာန် စသည့်လောကုတ္တရာကြောင်းဆိုင်ရာ နက်နဲသောပြဿနာ တို့ကို မေးမြန်းသော အခါတွင်မူ ရှင်သုဇာတမှာ တလုံးတပါဒမျှ မဖြေနိုင်တော့ချေ။ ရှင်သုမိတ္တကသာ ဒိုင်ခံ၍ ဖြေရတော့သည်။ ဤသို့ ခက်ခဲနက်နဲသော ဓမ္မပြဿနာတို့ကို တိကျပြတ်သားစွာ ဖြေဆိုနိုင်သော ရှင်သုမိတ္တအား ဗုဒ္ဓရှင်တော်မြတ်က သုံးကြိမ်တိုင် အောင် ကောင်းချီး ထောပနာပြု၍ သာဓုခေါ်တော်မူလေသည်။

ထိုအခါ ရှင်သုဇာတ၏ တပည့်များက "ဗုဒ္ဓသည် ဤသော ကျောင်းရဟန်းကြီးအား သုံးကြိမ်တိုင်အောင် ကောင်းချီးထော ပနာ ပြုတော်မူ၏၊ ပိဋကတ် သုံးပုံကို ဆောင်သောငါတို့ဆရာ ရှင်သုဇာတကမထေရ်ကိုမူ တခွန်းတပါဒမျှ ချီးကျူးစကား ပြော ကြားခြင်းမပြု" ဟု တီးတိုးစကား ဆိုကြလေသည်။

ဗုဒ္ဓသည် ထိုရဟန်းတို့၏ တီးတိုးစကားကို ကြားလျှင် ဤသို့ ရှင်းလင်း မိန့်ကြားတော်မူသည်။

"သင်တို့ ဆရာ သုဇာတသည် နွားကျောင်းသားနှင့် တူ၏။ သုမိတ္တကား နွားရှင်နှင့်တူ၏။ နွားကျောင်းသားသည် မိမိထိန်းကျောင်းရသော နွားများကို နွားရှင်ထံ ရေတွက်၍အပ်နှံရ၏။ ထိုနွားများမှ ထွက်သော နွားနို့ အရသာကိုမူ စားသုံးခွင့်မရ၊ နွားရှင်သာ စားသုံးခွင့် ရပေ၏။ ချစ်သားတို့....ထို့အတူပင် ငါဘုရား၏ တရားစကားကို များစွာသင်ယူဟောကြားနေသော်လည်း ထိုတရားအတိုင်း ကျင့်ကြံအားထုတ်ခြင်း မပြုသော ရဟန်းသည် ရဟန်းဘဝ၏ အကျိုးကျေးဇူးကို ခံစားရမည်မဟုတ်ပေ တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်သော ရဟန်းသည်သာ ရဟန်းဘဝ၏ အကျိုးကျေးဇူးကို ခံစားရမည် ဖြစ်ပေသည်။"

၁-ယမကဝဂ်၊ ၁၄။



# တုံ့ပြန်မှု

ရာဇဂြိုဟ်ပြည်၌ ဘာရဒွါဇနှင့် မနုဿာနီ အမည်ရှိသောဗြာဟ္မဏ
အနွယ်ဝင် ဇနီးမောင်နှံ နှစ်ယောက်ရှိသည်။ ဘာရဒွါဇ ပုဏ္ဏား
ကြီးသည် ဗြာဟ္မဏဝါဒကိုပြင်းပြင်းထန်ထန်ယုံကြည်သက်ဝင်သူ
ဖြစ်သည့်အလျောက် ဘာသာသစ် အဖြစ်ဖြင့် ရာဇဂြိုဟ်ပြည်သို့
နောက်မှ ရောက်လာသော ဗုဒ္ဓဝါဒကို အကြီးအကျယ် စက်ဆုပ်
မုန်းတီးသူ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်အား ချဉ်း
ကပ်ဖူးမြော်ခြင်းကိုသော်၎င်း၊ တရားဒေသနာ နာကြားခြင်း
ကိုသော်၎င်း တကြိမ်တခါမျှ မပြုလုပ်ခဲ့ဘူးချေ။

ပုဏ္ဏေးမကြီး မနုဿာနီမှာမူ ပုဏ္ဏားကြီးထက်ပင် အမျိုးဇာတ်
ကြီးသူဖြစ်သော်လည်း ပုဏ္ဏားကြီးလောက် အယူအစွဲ မသန်လှ
ချေ။ မိန်းမသားပင် ဖြစ်လင့်ကစား စဉ်းစား ဆင်ခြင်ဉာဏ်နှင့်
ပြည့်စုံပြီး အမှားအမှန်ကို ဝေဖန်ခွဲခြားတတ်သူ ဖြစ်ပေသည်။
ထို့ကြောင့် ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓရှင်တော်မြတ် ကြွလာ၍

တတိုင်းလုံး တပြည်လုံး အုံးအုံးကြွက်ကြွက်ဖြစ်နေချိန်တွင်ပုဏ္ဏား ကြီးက ဟန့်တားကန့်ကွက်နေသည့်ကြားမှပင် ဗုဒ္ဓရှင်တော်မြတ် ထံ အရောက်သွား၍ တရားကို နာယူခဲ့သည်။ ပါရမီ ဓါတ်ခံရင့် သန်သူဖြစ်သည့်အလျောက် တကြိမ်မျှ တရားနာယူ ယုံဖြင့်ပင် သောတာပန်အရိယာ အဖြစ်သို့ ဆိုက်ရောက် ခဲ့သည်။

ဤသို့ ပုဏ္ဏေးမကြီး ဓနဥ္စာနီ သောတာပန် ဖြစ်သည့် အချိန် မှစ၍ သူတို့ဇနီးမောင်နှံမှာ အယူဝါဒအားဖြင့် ပြဒါးတလမ်း သံတလမ်း ဖြစ်လာခဲ့သည်။ သို့ရာတွင် လင်နှင့်မယား ဖြစ်သည့် ပြင် ပင်ကိုယ်ကလည်း စိတ်နေသဘောထား နူးညံ့ သိမ်မွေ့ မှုရှိ လှသော ပုဏ္ဏေးမကြီးသည် ခင်ပွန်းဖြစ်သူ ပုဏ္ဏားကြီး၏ အလို အကြိုက်ကို တတ်စွမ်းသမျှ လိုက်လျောခဲ့သည်။ ပုဏ္ဏားကြီးက သူ၏ ပြာဟ္မဏ ဆရာများအား ပင့်ဖိတ် ကျွေးမွေးခြင်းပြုသည့် အခါ သူမကိုယ်တိုင်ပင် စီမံချက်ပြုတ်မှုများကို ပြုလုပ်ပေးခဲ့ သည်။ ပုဏ္ဏားကြီးမှာမူ ဗုဒ္ဓဟုဆိုလျှင် အသံပင် မကြားချင် လောက်အောင် ခါးခါးသီးသီး မုန်းတီး စက်ဆုပ် နေသည်။ ပုဏ္ဏေးမကြီးက မိမိကြည်ညိုသော ရဟန်းသံဃာများအား အိမ် သို့ ပင့်ဖိတ်လှူဒါန်းသည့်အခါ အိမ်မှာမနေနိုင်။ တခုခုအကြောင်း ရှာပြီး အပြင်သို့ထွက်ကာ ရှောင်ရှား နေလေ့ရှိသည်။

ပုဏ္ဏေးမကြီးက လိုက်လျောနားလည်မှု ရှိသည်ဟု ဆိုစေကာ မူ ပုဏ္ဏားကြီးအတွက် အခံရခက်စေသောအချက်တခုကားရှိ၏။ ထိုအချက်မှာ အခြားမဟုတ် ပုဏ္ဏေးမကြီးသည် ဗုဒ္ဓဂေါတမသို့ ရည်ညွှတ်သည့် ''နမောတဿ'' ကို မကြာခဏ ရွတ်ဆိုတတ်ခြင်း

ဖြစ်သည်။ သူမသည် ခလုတ်တိုက်မိသည့်အခါ၌ငင်း၊ ပန်းကန်အိုးခွက်များလွတ်ကျသည့်အခါ၌ငင်း၊ချေဆတ်သည့်အခါ၌ ငင်း “နမောတဿ” ကို အားပါးတရ ရွတ်ဆိုလေ့ရှိရာ ထိုအသံကို ကြားရတိုင်း ပုဏ္ဏားကြီး စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ မိမိအတွက် အခံရခက်သည်ထက် တခြားဗြာဟ္မဏ ဆရာများကြားလျှင် မျက်နှာမဖေါ်ဝံ့လောက်အောင် ရှက်စရာကောင်းသောအချက်လည်း ဖြစ်ပေသည်။ သို့ဖြစ်သော်လည်း ထိုအချက်နှင့်ပတ်သက်၍ ပုဏ္ဏေးမကြီးအား ပိတ်ပင်ကန့်ကွက်၍ ရမည်မဟုတ်ကြောင်း သိသဖြင့် မကျေနပ်လျက်နှင့်ပင် နှုတ်ပိတ်၍နေရလေသည်။

တနေ့သ၌ ပုဏ္ဏားကြီးသည် ဗြာဟ္မဏဆရာ ငါးရာတို့အား အိမ်သို့ ပင့်ဖိတ်၍ ညှော်ခံကျွေးမွေးရန် စီစဉ်သည်။ ပုဏ္ဏေးမကြီးအားလည်း ဗြာဟ္မဏ ဆရာတို့၏ ရှေ့တွင်‘နမောတဿ’ကိုမနှုတ်ဆိုမိအောင် သတိထားနေရန် ကြိုတင်ပြောဆိုထားသည်။ပုဏ္ဏေးမကြီးက အလွယ်ဘကူ ကတိမပေးသဖြင့် ကြိမ်းလား မောင်းလားပင် ပြုလုပ်သေးသည်။ ညှော်ခံ ကျွေးမွေးသည့် နေ့တွင်ကားပုဏ္ဏေးမကြီးသည် နို့ဃနာခွက်ကို ကိုယ်တိုင်ကိုင်၍ ဗြာဟ္မဏဆရာတို့အား လုပ်ကျွေးပြုစုသည်။ ယင်းသို့ လုပ်ကျွေးပြုစုနေစဉ်သင်တုံးတခုကို ခလုတ်တိုက်မိ၍ ချော်လဲမလိုဖြစ်သွားရာ သူမ၏နှုတ်မှ‘နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ’ဟူသော စကားများသည် အလိုအလျောက် ထွက်ပေါ်လာတော့သည်။ နို့ဃနာထမင်း သုံးဆောင်နေကြသော ဗြာဟ္မဏ

ဆရာတို့သည် "နမောတဿ" ဟူသော အသံကိုကြားသဖြင့် အထိတ်တလန့် လှမ်းကြည့်ကြရာ ပုဏ္ဏားမကြီးသည် ဗုဒ္ဓဂေါတမ ရှိရာ ဝေဠုဝန်ကျောင်းဆီသို့ လက်အုပ်ချီနေသည်ကိုပါ တွေ့မြင်ကြရသည်။

ထိုအခါ ဗြာဟ္မဏ ဆရာတို့သည် "ငါတို့ကား ပျက်စီးလေပြီ၊ ဤအိမ်ကား ဂေါတမကို ကိုးကွယ်သော အိမ် ဖြစ်နေပါပကော" ဟု ဆိုကာ စိတ်ဆိုး မာန်ဆိုးဖြင့် တယောက်ပြီး တယောက် အိမ်ပေါ်မှ ဆင်းသွားကြတော့သည်။ ဤသို့ မိမိ ဆရာများ ဆင်းသွားကြလေသော် ဘာရဒ္ဝါဇ ပုဏ္ဏားကြီးသည် "ဒီလိုဖြစ်မှာမြင်လို့ နင့်ကိုငါ ကြိုတင် သတိပေးခဲ့တယ်မဟုတ်လား" ဟု ပြောဆိုလျက် ဓနဉ္စာနီ ပုဏ္ဏေးမကြီးအား များစွာ ဆဲဆိုကြိမ်းမောင်းလေသည်။ ထို့နောက် "နင်တို့ ဒီလောက်ချီး ကျူးနေတဲ့ ဂေါတမဆီကို အခုချက်ခြင်းသွားပြီး သူမဖြေနိုင်တဲ့ ပြဿနာတွေကို မေးလိုက်မည်" ဟု ဆိုကာ ဒေါကြီး မောကြီး ဖြင့် အိမ်ပေါ်မှ ဆင်းလာခဲ့လေသည်။

ဘာရဒ္ဝါဇ ပုဏ္ဏားကြီးသည် မိမိဆရာများရှေ့တွင် အရှက် တကွဲ အကျိုးနဲဖြစ်ခဲ့ရ၍ ဒေါသတကြီးဖြင့် အိမ်မှ ထွက်ခဲ့သော် လည်း အေးချမ်းဆိတ်ငြိမ်သော ဝေဠုဝန် ကျောင်းတော်သို့ ရောက်သည့်အခါ သူ့ဒေါသများမှာ အတော်ပင် အရှိန်လျော့ သွား၏။ကြည်ငြိမ်သော ဣန္ဒြေသိက္ခာ၊ သပ္ပါယ်သော ရူပကာဖြင့် မိမိအား ဆီးကြိုနှုတ်ဆက်သော ဗုဒ္ဓရှင်တော်မြတ်အား တွေ့ တွေ့ဆိုင်ဆိုင် တွေ့မြင်လိုက်ရသောအခါတွင်မူ မြတ်နိုးကြည်ညို

သော စိတ်များပင်တဖွားဖွား ပေါ်ပေါက်လာတော့သည်။သို့ရာတွင် အယူဝါဒစွဲ ပြင်းထန်သည်နှင့်အမျှ မာန်မာနလည်း ကြီးမားလှသော ဘာရဒွါဇ ပုဏ္ဏားကြီးသည် ဗုဒ္ဓအား ရှိခိုးဦးချခြင်း မပြုဘဲ တနေရာ၌ ထိုင်လျက် အောက်ပါ ပြဿနာကို မေးလျှောက်လေသည်။

"အရှင်ဂေါတမ....ဤလောက၌ အဘယ်တရားကို သတ်ဖြတ်လျှင် ချမ်းချမ်းသာသာ နေရပါသနည်း၊ အဘယ်တရားကို သတ်ဖြတ်လျှင် စိုးရိမ်ကြောင့်ကြမှု ကင်းရှင်းနိုင်ပါသနည်း၊ အဘယ်တရားအား သတ်ဖြတ်ခြင်းကို အရှင်ဂေါတမ လိုလားနှစ်သက်ပါသနည်း"

ပုဏ္ဏားကြီး ဤသို့ မေးလျှောက်ခြင်းသည် အမှန်တကယ် သိမြင်ကျင့်သုံးလိုမှုကို ရှေ့ရှုရည်ရွယ်၍ မေးခြင်းမဟုတ်၊ဒေါသ မာန်မာန အခြေခံဖြင့် တဖက်သားအား ရှုတ်ချပြစ်တင်လို၍ မေးခြင်းသာ ဖြစ်ကြောင်း၊ အဖြေတွင် အစွန်းမလွတ်သည့် အချက်တခုခု ပါလာလျှင် ထိုအချက်ဖြင့် မိမိဝါဒကို ရှုတ်ချကဲ့ရဲ့ရန် ကြံရွယ်ချက်ရှိကြောင်း ဗုဒ္ဓရှင်တော်မြတ်က ကောင်းစွာ သိမြင်တော်မူသည်။ ယင်းသို့ သိမြင်သည်နှင့်အညီ ပုဏ္ဏားကြီး၏ ဒေါသမာန်မာန အဆောက်အအုံကို တချက်တည်းပြိုခွဲ ဖျက်ဆီးနိုင်မည့်အဖြေကို ပေးတော်မူလိုက်လေသည်။

"အချင်းဘာရဒွါဇ....ဤလောက၌ အမျက်ဒေါသကို သတ်ဖြတ်လျှင် ချမ်းချမ်းသာသာ နေရ၏။ အမျက်ဒေါသကို သတ်ဖြတ်လျှင် စိုးရိမ်ကြောင့်ကြခြင်း [illegible]

စေ၍၊ လက်စားပြန်ချေရမှ ကျေနပ်လေ့ရှိသော အမျက်ဒေါသအား သတ်ဖြတ်ခြင်းကို သူတော်ကောင်းတို့ လိုလား နှစ်သက်ကြကုန်၏။”

ဗုဒ္ဓ၏ အဖြေကို ကြားရသောအခါ ပုဏ္ဏားကြီးသည် ဒေါသမာန်မာနများ ကွာကျပြီး ရေစွေ့သော ကြာပန်းကဲ့သို့ လန်းဆန်း ကြည်လင် သွားလေ၏။ ဗုဒ္ဓအပေါ် တဖက်သတ် အမြင်မှားခဲ့ခြင်းများကို ဝန်ချတောင်းပန်ပြီး ရဟန်းဘောင်သို့ ကူးပြောင်းသွားရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ဘာရဒွါဇ ပုဏ္ဏားကြီး ဗုဒ္ဓထံ၌ ရဟန်းပြုသွားကြောင်း ကြားရသောအခါ ဗြာဟ္မဏ ဘာသာဝင်တို့၏လောက၌ ဂယက်ရိုက်မှုကြီး ကြီးကျယ်စွာဖြစ်ပေါ်လာ၏။ အထူးသဖြင့် ဘာရဒွါဇ ပုဏ္ဏားကြီး၌ အက္ကောသက၊ သုန္ဒရိကနှင့် ဗိလင်္ဂိက ဟူ၍ ညီသုံးယောက်ရှိရာ ထိုညီသုံးယောက်တို့မှာ မခံမရပ်နိုင် ဖြစ်လာကြသည်။ သူတို့သည် မိမိတို့ ဘာသာအား သစ္စာဖောက်သွားသော အကိုနှင့်မရီးကိုသာမက ဗုဒ္ဓအပေါ်၌လည်း မကျေနိုင် မချမ်းနိုင် ဖြစ်လာကြသည်။ ထို့ကြောင့် ကိုသုံးယောက်သော ပုဏ္ဏားတို့သည် ဗုဒ္ဓထံသို့သွား၍ မကြားကောင်း မနာသာသော စကားလုံးများဖြင့် ဆဲဆို ကြိမ်းမောင်းခြင်း ပြုကြတော့သည်။ ဗုဒ္ဓသည် ထိုပုဏ္ဏားတို့၏ ဆဲဆို ကြိမ်းမောင်းခြင်းများကို ဣန္ဒြေမပျက် ငြိမ်သက်စွာ ခံယူတော်မူသည်၊ ဆဲဆိုမှုမျိုးစုံ၍ နောက်ထပ်ဆဲစရာ မကျန်တော့လောက်သည့်အခါတွင်မှ အေးဆေးစွာ ပြန်လည် မိန့်ကြားတော်မူသည်။

"အချင်း ပုဏ္ဏားတို့....ဥပမာတခုကို သင်တို့အား ငါ ပြော ကြားအံ့၊ သင်တို့အိမ်သို့ ဆွေမျိုးသားချင်း မိတ်ဆွေများ တခါ တရံ လာပါသလော"

"လာပါသည် အရှင်ဂေါတမ"

"ထို ဆွေမျိုးသားချင်း မိတ်ဆွေတို့အား သင်တို့က စား ကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံကျွေးမွေးခြင်း ပြုကြသည် မဟုတ်လော"

"ပြုကြပါသည် အရှင်ဂေါတမ"

"စားကောင်း သောက်ဖွယ်များကို ဧည့်သည်တို့က လက်ခံ သုံးဆောင်ခြင်းမပြုလျှင် ထိုပစ္စည်းများသည် မည်သူ့ အတွက် ဖြစ်သနည်း"

"အိမ်ရှင်ဖြစ်သော ကျွန်ုပ်တို့အတွက်ပင်ဖြစ်ပါသည် အရှင် ဂေါတမ"

"မှန်ပေ၏ ပုဏ္ဏားတို့၊ ထိုနည်းတူစွာ ဥပမာအတိုင်းပင် သင် တို့ ဆဲသမျှဆိုသမျှကို ငါဘုရားလက်မခံပေ။ သို့အတွက် ထိုဆဲဆို မှုများသည် သင်တို့အတွက်ပင် ဖြစ်ပေတော့၏"

ဤသို့ ဆီလျော်သော ဥပမာဖြင့် ရှင်းလင်း မိန့်ကြားလိုက် သောအခါ ပုဏ္ဏားညီအကို သုံးယောက်တို့၏ ဒေါသများမှာ အလွယ်တကူဖြင့်ပင် ကွာကျသွားသည်။ ထို့နောက် ထိုက်သင့် သော တရားကို ဆက်လက်ဟောကြားရာ သုံးယောက်လုံးပင် အကျွတ်တရားရ၍ ရဟန်းဘဝကို ခံယူသွားကြသည်။

အယူသည်းလှသော ဗြာဟ္မဏညီနောင် သုံးယောက်တို့အား ဗုဒ္ဓ ရှင်တော်မြတ်က ငြိမ်းချမ်းသော တုံ့ပြန်မှုဖြင့် ဆုံးမတော်

မှုလိုက်ပုံကို ရဟန်းသံဃာလောက၌ အခါအခွင့်ကြုံတိုင်း ချီးကျူးပြောဆို နေကြသည်။ထိုသို့ ချီးကျူးပြောဆိုကြခြင်းကို ဗုဒ္ဓရှင်တော်မြတ် ကြားသိတော်မူလျှင်သည်းခံခြင်းသည် သိန်းသန်းကုဋေ ဗိုလ်ခြေစစ်သည်တို့ထက်ပင်ကြီးမားသည့် အင်အားတရပ်ဖြစ်ကြောင်း မိန့်ကြားကာ တရားပြတော်မူလေသည်။

၂၆-ဗြဟ္မဏဝဂ်၊ ၁၆ -အက္ကောသသဘာရဒွါဇဝတ္ထုနှင့်
ဗြာဟ္မဏသံယုတ် ပါဠိအဋ္ဌကထာ



# အကြွားပိုသူ

ဟင်းမှေယောင်းမ

ဗုဒ္ဓ လက်ထက်တော်က အလွန်ဘာရာ ထုံထိုင်း ဖျင်းအသည့် လာဠုဒါယီ အမည်ရှိသော ရဟန်းတပါးရှိ၏။ ထိုရဟန်းသည် သာသနာ့ဘောင်သို့ ဝင်ရောက်လာသော်လည်းရဟန်းတရားကို သင်ကြား အားထုတ်ခြင်း မပြု။ ဒကာ၊ ဒကာမတို့၏ အိမ်များသို့လှည့်လည်၍ ရဟန်းတို့နှင့် မလျော်သော စကားများကို ပြောဆိုခြင်းဖြင့်သာ အချိန်ဖြုန်းလျက်ရှိသည်။

သို့ရာတွင် ရှင်လာဠုဒါယီသည်၊ ဒကာ ဒကာမတို့၏အတင်ကြီးမှုကို ခံယူလိုသူဖြစ်၍ တရားကို အလွန်ဟောချင်၏။ ဇေတဝန်ကျောင်းတော်၌ တရားပွဲများ နေ့စဉ် ကျင်းပ၍ မထေရ်ကြီးများတလှည့်စီ တရားဟောလေ့ရှိကြသည်။ ထိုသို့ မထေရ်ကြီးများ တရားဟောကြသည်ကို ရှင်လာဠုဒါယီက အားကျလျက်

ရှိသည်။ သို့သော်လည်း ပင့်ဖိတ်မည့်သူ မရှိ၍ သူ့ကိုယ်တိုင်ကား တကြိမ်တခါမျှ တရားဟောခွင့်မရခဲ့ပေ။

တနေ့သ၌ တရားပွဲပြီး၍ မထေရ်ကြီးများ ပြန်ကြွသွားချိန်တွင် အလွန် တရားဟောချင်နေသော ရှင်လာဠုဒါယီသည် တရားပလ္လင်ပေါ်သို့တက်၍ ထိုင်နေ၏။ ရပ်ဝေးမှကြွလာသော အာဂန္တုရဟန်း တစုတို့သည် တရားပလ္လင်ပေါ်၌ အခန့်သား ထိုင်နေသော ရှင်လာဠုဒါယီကို မြင်လျှင် "ဤအရှင်သည်လည်း အကြားအမြင် ဗဟုသုတများသော မထေရ်ကြီးတပါးပင် ဖြစ်ပေလိမ့်မည်"ဟု ထင်မှတ်သွားကြ၏။ ထို့ကြောင့် အနီးသို့ချဉ်းကပ်၍ မိမိတို့သိရှိလိုသော တရားပြဿနာများကို မေးလျှောက်ကြလေသည်။ သို့သော် ရှင်လာဠုဒါယီ ကား တလုံးတပါဒမျှ မဖြေတတ်သဖြင့် စကားမပြော တုံကျိုသော လုပ်၍သာနေလေ၏။

ထိုအခါ အာဂန္တုရဟန်းတို့က "ငါ့ရှင်တို့ ဤရဟန်းကြီးကား ဘုရားရှင်နှင့် တကျောင်းတည်းတွင် နေပါလျက် တရားဓမ္မကို တလုံးတပါဒမျှ နားမလည်ပါတကား" ဟူ၍ ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ဗုဒ္ဓ ရှင်တော်မြတ်အားလည်း ဤအကြောင်းကို လျှောက်တင်ကြကုန်၏။ ဗုဒ္ဓသည် ထိုရဟန်းတို့အား ဤသို့မိန့်ကြားဆုံးမတော်မူလေသည်။

"ချစ်သားတို့ ဟင်းမှေ့ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူဖျင်း လူအ သည်လည်း ပညာရှိအားရသက်ပန်မှီဝဲ ဆည်းကပ်နေရစေကာမူ တရားကို မသိသည်သာတည်း"

# ဝမရှိဘဲ ဝိလုပ်ခြင်း

တခုသော ညနေခင်း၌ သာဝတ္ထိမြို့တွင်းမှ ပြန်လာသော ရှင်လာဠုဒါယီသည် ဇေတဝန် ကျောင်းတော်၌ တရားနာပြီး ပြန်လာသော လူအုပ်ကြီးနှင့်လမ်းတွင်ဆုံမိလေသည်။ ထိုလူအုပ်ကြီးကား ရှင်သာရိပုတ္တရာ တရားဟောကောင်းပုံ၊ရှင်မောဂ္ဂလာန် တရားဟောကောင်းပုံများကို တယောက်တမျိုး ချီးကျူးပြောဆိုသာကြ၏။ ရှင်လာဠုဒါယီသည် မိမိကိုယ်တိုင် တရားစကား တလုံးတလေမျှ ဟောပြောတတ်သူ မဟုတ်သော်လည်း ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့အား ချီးကျူး ပြောဆိုကြသည်ကို ကြားရသည့် အခါတွင်မူ မနာလိုစိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့်လူအုပ်ကြီးအား ဤသို့ပြောဆိုလေသည်။

"ဒကာတို့.... သင်တို့သည် သာရိပုတ္တရာ မောဂ္ဂလာန် တို့၏ တရားကို နာကြားကြကုန်၏။ ငါ့တရားကိုမူ အဘယ့်ကြောင့် မနာကြကုန်သနည်း"။

ထိုစကားကိုကြားသောအခါ လူအုပ်ကြီးထဲမှ အချို့သူများက "ဒီကိုယ်တော်လဲ ဓမ္မကထိက ရဟန်းတပါးပင် ဖြစ်ပေလိမ့်မည်"ဟုထင်မှတ် သွားကြသည်။ သို့ဖြစ်၍ နောက်နေ့ညနေတွင် ရှင်လာဠုဒါယီ၏ ကျောင်းသို့ သွား၍ တရားဟောရန် ပင့်လျှောက်ကြ၏။ ရှင်လာဠုဒါယီသည် တရားမဏ္ဍပ်သို့ လိုက်ပါလာပြီး ပလ္လင်ပေါ်၌ ခပ်တည်တည်ထိုင်နေ၏။

ပရိသတ်သည် ရှင်လာဠုဒါယီ၏ တရားသံကို မျှော်လင့်တကြီးဖြင့် ငြိမ်သက်စွာထိုင်နေကြသည်။သို့သော် တရားသံကား ရုတ်တရက် ထွက်ပေါ်မလာ၊ တိတ်ဆိတ်ခြင်းသည်သာ မဏ္ဍပ်

တခုလုံးကို လွှမ်းမိုးလျက်ရှိနေသည်။ ပလ္လင်ပေါ်သို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ၌ကား ယပ်တောင်ကို ကိုင်လျက် ချွေးဒီးဒီး ကျနေသော ရှင်လာဠုဒါယီကို တအံ့တသြ တွေ့မြင်ကြရလေသည်။

စင်စစ် ရှင်လာဠုဒါယီကား တကြိမ်တခါမျှ တရားဟောပြောဘူးခြင်း မရှိ။ သို့သော်လည်း ကိုယ့်ကိုယ်ကို အထင်ကြီးသူဖြစ်၍ သူလည်း မထေရ်ကြီးများလိုပင် ဟောပြောတတ်လိမ့်မည်ဟုထင်မှတ်နေခဲ့၏။ ပရိသတ်နှင့် တေ့တေ့ဆိုင်ဆိုင်တွေ့ကြုံရသည့် အခါ၌ကား ထိုအထင်မှာ တက်တက်စင်အောင် လွဲနေလေတော့သည်။ ကြားဘူးနားဝ ရှိသမျှကလေးများကို အပြန်ပြန် အလှန်လှန် စဉ်းစားသော်လည်း တလုံးတပါဒမျှ ပေါ်မလာသောကြောင့် တရားပလ္လင်ပေါ်၌ ချွေးတဒီးဒီး ကျကာ အကျပ်အတည်းတွေ့နေလေသည်။

ဤသို့အကျပ် အတည်း တွေ့နေစဉ် ရှင်လာဠုဒါယီသည် ရုတ်တရက် အကြံတခုပေါ်လာ၏။ထို့ကြောင့်–

"ဒကာတို့....ရှေးဦးစွာ အခြားဓမ္မကထိက ရဟန်း တပါးကို ပင့်ဖိတ်၍ ဟောပြောပါစေဦး။ ငါကား ညဦးယံ အချိန်ရောက်မှ သုတ္တန်ဒေသနာတော်ကြီးများကို ရွတ်ဆို ဟောပြော ပါမည်"

ဤသို့ ပြောဆိုပြီး တရားပလ္လင်ပေါ်မှ ဆင်းခဲ့လေသည်။ ပရိသတ်များလည်း မထေရ်ကြီးတပါးကိုပင့်ဖိတ်၍ တရားပွဲကို ဆက်လက် ကျင်းပရ၏။ ထိုမထေရ်ကြီး ဟောကြား ပြီးသော အခါ ရှင်လာဠုဒါယီသည် တရားပလ္လင်ပေါ်သို့ ဒုတိယအကြိမ် ဆိုက်ရောက်လာပြန်၏။

ပရိသတ်များကား မယုံတဝက် ယုံတဝက်ဖြင့် အကဲခတ်နေကြသည်။ ရှင်လာဠုဒါယိကလည်း ဘာဘဲဖြစ်ဖြစ် ဒီအချိန်တော့ တရားတပုဒ် ဖြစ်အောင် ဟောလိုက်မည်ဟု အားတင်း၍လာခဲ့၏။ သို့သော်လည်း ပထမအကြိမ်က နည်းအတိုင်းပင် သူ့နှုတ်မှ တပုဒ်တဂါထာမျှ ထွက်မလာသောကြောင့် ပလ္လင်ပေါ်မှ ဆင်း၍ထွက်ပြေးလေတော့သည်။ ဤသို့ထွက်ပြေးစဉ် အိမ်သာကျင်းတခုထဲသို့ ကျပြန်သဖြင့် တကိုယ်လုံး မစင်များ ပေကျံသွားလေတော့သည်။

ဝမရှိဘဲ ဝိလုပ်သဖြင့် အရှက်တကွဲ အကျိုးနဲ ဖြစ်ရသော ရှင်လာဠုဒါယိ၏ သတင်းမှာ ဇေတဝန်ကျောင်းတိုက် တခုလုံး၌ နေ့ချင်း ညချင်းပျံ့နှံ့သွားလေသည်။ ဓမ္မသာလာ၌ရဟန်းများစုဝေး၍ "ငါ့ရှင်တို့....လာဠုဒါယိသည် မိမိနှင့်မတူမတန်သည့် မထေရ်ကြီးများကို တုပြိုင်သောကြောင့် အရှက်တကွဲ အကျိုးနဲဖြစ်ရရှာ၏" ဤသို့ပြောဆိုနေကြစဉ် ဗုဒ္ဓရှင်တော်မြတ်ကြွရောက်လာသဖြင့် ရဟန်းများက ထိုအကြောင်းကိုလျှောက်တင်ကြသည်။ ထိုအခါဗုဒ္ဓက "ချစ်သားတို့....လာဠုဒါယိသည် မတူ မတန်သော အမှုကို ပြုသဖြင့် မစင်တွင်း၌ နစ်မြုပ်ရသည်မှာ ယခုမှသာမဟုတ် ရှေးဘဝ၌လည်း အလားတူ ဖြစ်ခဲ့ဘူး၏" ဟု မိန့်ကြား၍ အတိတ်ကို ဆောင်တော်မူလေသည်။

## ခြင်္သေ့ကို ပြိုင်သောဝက်

ရှေးသရောအခါက ဟိမဝန္တာတော ဂူတခုအတွင်း၌ ခြင်္သေ့တကောင်နေ၏။ထိုဂူအနီးရှိ ရေအိုင်ကို အမှီပြု၍ တောဝက်များ

နေကြသည်။ ရေအိုင်နှင့် မလှမ်းမကမ်း၌ တရားအားထုတ်နေသည့် ရသေ့တို့၏ ကျောင်းသင်ခမ်းများလည်း ရှိ၏။

တနေ့သ၌ ခြသေ့သည် အစာရှာရာမှ အပြန်တွင် ဝက်တကောင်ကို မြင်၍ "ဤဝက်ကို နောက်မှငါစားမည်။ ယနေ့ ငါ့ကိုမြင်သော် နောက်နေ့၌ ဤနေရာသို့ လာတော့မည်မဟုတ်" ဟု စဉ်းစားမိသောကြောင့် အခြားသော လမ်းတဖက်ဖြင့် ရှောင်ကွင်း၍ သွားလေသည်။

ဤသို့ မိမိအား ရှောင်သွားသည်ကိုဝက်မြင်လျှင် "ဤခြသေ့ကား ငါ့ကိုကြောက်၍ ရှောင်ထွက်သွားလေသလော" ဟု စဉ်းစားမိသဖြင့် "အဆွေခြသေ့....ငါသည် သင်လို ခြေလေးချောင်း သတ္တဝါတမျိုးပင် ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် သင် ငါ့ကို ရှောင်ထွက်သွားဘိသနည်း ပြန်ခဲ့ပါလော့၊ သင်နှင့်ငါ စစ်ထိုးကြပါစို့" ဟု ပြောဆိုလေသည်။ ခြသေ့ကား အပြုံးမပျက်ဘဲ "အဆွေဝက်....သို့ဖြစ်လျှင် ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ သင်နှင့် ငါ စစ်ထိုးမည်" ဟု ဆိုကာ ထွက်သွားလေသည်။

ထိုအခါ ဝက်သည်"ငါကား ခြသေ့နှင့်စစ်ထိုးရတော့မည်" ဟု တွေးတောကာ ဝမ်းအသာကြီး သာလျက် မိမိဆွေမျိုးဖြစ်သော ဝက်များအား ထိုအကြောင်းကို ပြောကြားလေသည်။ ဝက်များသည် သူ့စကားကိုကြားလျှင် ထိတ်လန့်ကြောက်ရွံ့ကြကုန်လျက် "သင်သည် မိမိအစွမ်းကိုမသိဘဲ ခြသေ့နှင့် စစ်ထိုးမည် ပြုဘိ၏။ သင့်ကိုအကြောင်းပြု၍ ငါတို့တမျိုးလုံး ပျက်စီးပေတော့မည်" ဟု ပြစ်တင်ပြောဆိုကြကုန်၏။

ထိုစကားကို ကြားလျှင် မိုက်မဲသောဝက်သည် အလွန်ထိတ်လန့်တုန်လှုပ်လျက် "ယခု မည်သို့ ပြုရပါအံ့နည်း" ဟု မေးမြန်း၏။ ဝက်တို့က "အချင်း....သင်သည် ရသေ့တို့၏ ကျင်ကြီးစွန့်ရာအရပ်သို့ သွား၍ မိမိကိုယ်ကို မစင်ဖြင့် လူးပေကျံအောင်ပြုလုပ်လော့။ ထို့နောက် ခြင်္သေ့လာသောအခါ လေညာအရပ်မှ နေ၍ တိုက်ခိုက်ပါလော့" ဟု အကြံပေးစကား ပြောကြားကြကုန်၏။

ချိန်းဆိုထားသည့် နေ့သို့ ရောက်သောအခါ ခြင်္သေ့သည် ရေအိုင်အနီးသို့ ဆိုက်ရောက်လာ၏။ ဝက်ကလည်း မိမိတကိုယ်လုံးကို မစင်အတိလူးကာ အဆင်သင့် စောင့်နေ၏။ ခြင်္သေ့သည် ဝက်ကိုမြင်လျှင် ရုတ်တရက်သော် အံ့အားသင့်သွား၏။ လေညာမှရပ်တန့်နေသော ဝက်ကိုယ်မှ မစင်အနံ့များ တသင်းသင်း ထွက်ပေါ်လာသောအခါတွင်မူ ဝက်၏အကြံကို ရိပ်မိသဖြင့် ခြင်္သေ့သည် နှာခေါင်းကိုရှုံ့ကာ ဤသို့ ပြောဆိုလေသည်။

"အချင်းဝက်....သင်စကား အကြံကောင်းလှပေ၏။ ယခုသင့်ကို ငါ၏ပါးစပ်ဖြင့် ကိုက်သတ်ရန် မဆိုထားဘိ၊ ခြေဖျားဖြင့်ပင်မထိလိုတော့ပြီ သင်သာ အနိုင်ယူပါလော့"

ခြင်္သေ့က ဤသို့ ဆို၍ ထွက်ခွါသွားသောအခါ ထိုဝက်သည် ဝမ်းမြောက်ဝမ်းသာဖြင့် မိမိဆွေမျိုးများအား ဤအကြောင်းကို ပြောကြားလေသည်။ ဝက်များသည် "ဤခြင်္သေ့ကားတနေ့နေ့တွင် ငါတို့ကိုလာ၍ စားမည် မလွဲတည်း" ဟု တွေးတောကြောက်လန့်ကြသဖြင့် အရပ်တပါးသို့ ပြောင်းရွှေ့သွားကြလေသည်။

ဗုဒ္ဓသည် အတိတ်ကိုဆောင်တော်မူပြီး ခြသေ့်အား တုပြိုင်သည့် ဝက်မှာ လာဠုဒါယီ၏ အလောင်းပင်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ထို့နောက်တဖန် ဗုဒ္ဓက "ရဟန်းတို့...လာဠုဒါယီသည် အနည်းငယ်မျှသော တရားဓမ္မကိုသာ သင်ယူဘူး၏။ ထိုအနည်းငယ်သော တရားဓမ္မကိုလည်း ပြန်လည် ရွတ်အံခြင်း မပြုသဖြင့် မေ့ပျောက်ခဲ့လေ၏။ ရဟန်းတို့ ရွတ်အံသမှု မပြုခြင်းသည် တရားစာပေတို့၏ အညစ်အကြေးပင်တည်း" ဟု မိန့်မြွက်တော်မူလေသည်။

## အသုဘအိမ်၌ မင်္ဂလာတရားဟောခြင်း

တရားမဟောတတ်၍ အရှက်တကွဲဖြစ်ခဲ့ရသော ရှင်လာဠုဒါယီသည် နောက်နောင်တွင် ဤကဲ့သို့သော အဖြစ်မျိုးနှင့် မကြုံတွေ့ရန်အတွက် သုတ္တန်တရားများကို သင်ယူကျက်မှတ်ခြင်းပြုလေသည်။ ပင်ကိုယ်က ဉာဏ်ဆိုင်းသူဖြစ်၍ များများ စားစားတတ်မြောက်ခြင်း မရှိသော်လည်း သာမှု နာမှု ကိစ္စများနှင့်ကြုံလျှင် အဆိုက်အလျောက် ဟောစရာ ပြောစရာများကိုကားရရှိလာသည်။ သို့အားဖြင့် သူသည် ဆွမ်းခံရင်း ထိမ်းမြားမင်္ဂလာပြုလုပ်သည့်အိမ်သို့ ရောက်သွားလျှင် တရားဟော၏။ အသုဘကိစ္စ ဖြစ်ပေါ်နေသည့် အိမ်သို့ ရောက်သွားလျှင်လည်း တရားဟော၏၊ သို့သော်လည်း သူဟောသည့်တရားမှာ အများအားဖြင့် တလွဲဘချော်သာ ဖြစ်၍နေ၏။ အသုဘအိမ်၌ မင်္ဂလာတရားကို ဟောမိပြီး ထိမ်းမြား မင်္ဂလာ ပြုသောအိမ်၌ကား အသုဘတရားကို ဟောမိနေတတ်လေသည်။

ဤသို့ တလွဲဘချော် ဖြစ်မှုများကို ရှင်လာဠုဒါယီကိုယ်တိုင်ကား မသိ၊ သူ့ကိုယ်သူ ဟုတ်လှချေပြီဟုသာ ထင်မှတ်နေ၏။ ကာယကံရှင်ဖြစ်သော လူဒါယကာတို့၏ ဖွင့်ဟပြောကြားချက် အရ ရဟန်းသံဃာလောက၌ ရှင်လာဠုဒါယီ၏သတင်းမှာ တောမီးကဲ့သို့ ချက်ခြင်း ပျံ့နှံ့သွားပြန်လေသည်။ ထိုအခါ ဗုဒ္ဓသည် ရှင်လာဠုဒါယီကိုပင် အကြောင်းပြုလျက် အတိတ်ဇာတ်လမ်း ဘပုဒ်ကို ဆောင်တော်မူရပြန်လေသည်။

## ဘုရင်အား နွားပေးသူ

ရှေးအခါက ဗာရာဏသီပြည်၌ အဂ္ဂိဒတ္တ အမည်ရှိသော လယ်သမား ပုဏ္ဏား တယောက်ရှိ၏။ ထိုပုဏ္ဏား၌ သောမဒတ္တ အမည်ရှိသော သားတယောက်ရှိ၏။ သောမဒတ္တသည် အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ သွား၍ ပညာသင်ပြီး ပြန်လာသောအခါ ဗာရာဏသီမင်းထံ၌ ခစားလေသည်။

တနေ့သော် လယ်သမားကြီး အဂ္ဂိဒတ္တ၌ နွားနှစ်ကောင်ရှိသည့်အနက် တကောင်မှာ သေဆုံးသွားလေ၏။ နောက်ထပ် နွားတကောင်ကို ရုတ်တရက် မဝယ်နိုင်သောကြောင့် အဂ္ဂိဒတ္တသည် သားဖြစ်သူ သောမဒတ္တထံသို့ သွား၍ ဘုရင်ထံမှ နွားတကောင် တောင်းပေးရန် နှားပူလေသည်။

"ချစ်သားသောမဒတ္တ....ငါ့မှာ နွားတကောင်သေဆုံးသဖြင့် လယ်ထွန်ရန် အခက်အခဲ တွေ့နေပါသည်။ ဘုရင့်ထံမှ နွားတကောင် တောင်းပေးပါလော"

"ဘခင်....မင်းကြီးထံ၌ ကျွန်တော်အမှုထမ်းသည်မှာ အချိန် မကြာသေးပါ။ သို့အတွက် ကျွန်တော်တောင်းရန် သင့်မည် မဟုတ်၊ ဘခင်ကိုယ်တိုင်ပင် လိုက်၍တောင်းပါလော့"

ထိုအခါ အင်္ဂဒတ္တက သူသည် လူစိမ်းများရှေ့၌ စကားကိုပင် သဲကွဲအောင် မပြောတတ်သူဖြစ်၍ ဘုရင့်အားအဆင်ပြေအောင် လျှောက်တင်တတ်မည် မဟုတ်ကြောင်း ပြောကြား လေသည်။ သောမဒတ္တက "ဒီကိစ္စကိုတော့ ကျွန်တော်သင်ပေးပါမည်"ဟု ဆိုပြီး ထိုနေ့မှစ၍ ဘခင်ကြီးအား ဘုရင့်ထံ၌ နွားတောင်းရန် ဂါထာတပုဒ်ကို အပူတပြင်း သင်ကြား ပေးလေတော့သည်။

"အရှင်မင်းကြီး....ကျွန်ုပ်သည် နွားနှစ်ကောင်ဖြင့် ထွန်ယက် အသက်မွေးရသူ ဖြစ်ပါသည်။ ယခု နွားတကောင်သေခဲ့သဖြင့် တရှဉ်းပြည့်ရန် နွားတကောင် ပေးသနားတော်မူပါ"

ဤသို့ အနက်အဓိပ္ပါယ်ရှိသော ဂါထာတပုဒ်ကို နေ့စဉ် သင်ကြားပေးခဲ့သော်လည်း ဘခင်ပုဏ္ဏားကြီးသည် တနှစ်ခန့် ကြာမှ နှုတ်တက်ရလေသည်။ ထိုအါ သောမဒတ္တသည် ဘခင်အို ကြီးအား နန်းတော်သို့ ခေါ်ဆောင်သွားလေ၏။ ဘုရင်က အကြောင်းကိစ္စကို မေးမြန်းသောအခါ အင်္ဂဒတ္တသည် နေရာမှ ထ၍—

"အရှင်မင်းကြီး ကျွန်ုပ်သည် နွားနှစ်ကောင်ဖြင့် ထွန်ယက် အသက်မွေးရသူ ဖြစ်ပါသည်။ ယခု နွားတကောင် သေခဲ့သဖြင့် ကျန်နွားတကောင်ကို အရှင်မင်းကြီး ယူတော်မူပါလော့" ဟု ရှိခိုးလျှောက်တင်လေသည်။

မင်းကြီး သည် စကားမှား၍ဆိုကြောင်း သိသဖြင့် ပြုံးရယ် လျက် "သောမဒတ္တ၊ သင်တို့အိမ်၌နွားများစွာရှိယောင်တကား"

ဟုမိန့်ကြားရာ သောမဒတ္တက "အရှင်မင်းကြီး မင်းကြီးကပေးသနားပါလျှင် နွားများစွာရှိပါလိမ့်မည်"ဟု လျှောက်ထင်လေ၏။

သောမဒတ္တ၏စကားကို နှစ်သက်သဖြင့် မင်းကြီးသည် အဂ္ဂိဒတ္တအား နွား ၁၆–ကောင်နှင့်တကွ သူနေသောရွာကိုပါ အပိုင်စား ပေးလိုက်လေသည်။

ဗုဒ္ဓသည် အတိတ်ကို ဆောင်တော်မူပြီး နွားတောင်းသည့် အဂ္ဂိဒတ္တ ပုဏ္ဏားကြီးမှာ လာဠုဒါယီ၏ အလောင်းပင်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက်တဖန် အကြားအမြင်နည်းသူအား နွားလားဥသဘကဲ့သို့ အသားအသွေးများသာ တိုးပွားသော်လည်း ပညာဉာဏ်များ တိုးပွားခြင်း မရှိကြောင်း ဟောကြားတော်မူသည်။

ဗာလ ဝဂ်၊ အမှတ် ၅၀-ဝတ္ထု၊ ဇရာဝဂ်၊ အမှတ် ၇–နှင့်မလဝဂ်၊ အမှတ် ၁၄ ဝတ္ထုတို့ကို ပေါင်းစပ်ရေးသည်။

# အပြစ်ရှာသော ရဟန်း

### ကျေးတောသား စကားကျယ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တိဿအမည်ရှိသော ရဟန်းငယ် တပါးသည် တပါးသူတို့၏ အပြုအမူဟူသမျှကို အမြဲပြစ်တင်ရှုတ်ချလေ့ရှိ၏။ မည်မျှကောင်းမွန်သော အမူကိုပြုစေကာမူ ချီးကျူးခြင်း ပြုလေ့မရှိ။ ဆွမ်းခံ လှည့်လည်ရာတွင် အေးသော ဘောဇဉ်ကိုရလျှင် "အေးအေးကြီး" ဟု ပြောပြီး ပူနွေးသော ဘောဇဉ်ကို ရပြန်လျှင်လည်း "ပူပူကြီး" ဟု မနှစ်မြို့ဟန် ပြောဆိုတတ်၏။ မရှိနွမ်းပါးသော တကာ တကာမတို့က မိမိတို့ တတ်စွမ်းသလောက် အနည်းငယ်သော ဆွမ်းဘောဇဉ်တို့ကို လောင်းလှူသောအခါ နည်းနည်းကလေးလှူသည်ဟု မကျေနပ်။ ချမ်းသာကြွယ်ဝသူများက အလုံပယ်လောင်းလှူပြန်တော့လည်း "မဆန့်မပြဲ လောင်းသည်" ဟု ရှုတ်ချပြန်လေသည်။

သာဝတ္ထိပြည်၌ နေ့စဉ် ထမင်းရေချောင်းစီး အလှူကြီးပေးနေသော ဝိသာခါ အနာထပိဏ်နှင့် ကောသလမင်းကြီးတို့ကို လူခပ်သိမ်းတို့ချီးကျူးကြကုန်၏။ သို့သော် ရဟန်းငယ်ရှင်တိဿကား အများနည်းတူ ချီးကျူးခြင်း မပြုရုံသာမက "သူတို့လှူနေကြတာက စေတနာရှိလို့ မဟုတ်ပါဘူး၊ အိမ်မှာ ထားစရာနေရာမရှိလို့ပါ၊ နာမည်ကြီးချင်လို့ပါ" စသည်ဖြင့် အပြစ်မရှိ အပြစ်ရှာ၍ပင် ပြောလိုက်သေး၏။

ဤသို့ နေရာတကာတွင် အပြစ်ရှာ၍ ပြောလေ့ရှိသော ရဟန်းငယ်အား အခြားသော သီတင်းသုံးဖေါ်တို့က ကျေနပ်နှစ်သက်ခြင်း မရှိကြချေ။ ထို့ကြောင့်ထိုရဟန်းငယ်၏ မျိုးရိုးဇာတိကို စုံစမ်းကြရာ တောရွာတရွာမှ ကင်းစောင့်သမားတဦး၏ သားမျှသာဖြစ်ကြောင်း သိရှိကြလေသည်။ ထိုအခါ ရဟန်းတို့သည် "ဤရဟန်းငယ်ကား ဘာမျှမဟုတ်ဘဲ လူတကာကို ပြစ်တင်ရှုတ်ချဘိသည်"ဟု ဝေဖန်ပြောဆိုကြကုန်၏ ထိုစကားကို ဗုဒ္ဓရှင်တော်မြတ် ကြားသော် "ချစ်သားတို့.... တိဿသည် ယခုဘဝ၌သာ လူတကာကို ပြစ်တင်ရှုတ်ချလေ့ရှိသည်မဟုတ်။ ရှေးဘဝတို့၌လည်း ဤသို့ပင် ပြစ်တင်ရှုတ်ချခဲ့ဘူး၏"ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

## ကျွန်မသား ဥာဏ်ကြွယ်

ရှေးအခါက ဗာရာဏသီပြည်၌ မဟာဘောဂ အမည်ရှိသော သူဌေးတယောက်ရှိ၏။ ထိုသူဌေးကြီး၏ သူဌေးကတော်မှ သား

တယောက် မွေးဖွားသောအခါ အိမ်ဦးခိုင်းစေသော ကျွန်မမှ လည်း သားမွေးဖွားလေ၏။ သူဌေးကြီးသည် ထိုကျွန်မသားကို မိမိသားရင်းနှင့် တန်းတူထားကာ ကျွေးမွေးပြုစု၍ ပညာသင် ကြားပေးလေသည်။ ကျွန်မသားမှာ ကဋ္ဌာဟာကဟု အမည်တွင်၍ လိမ်မာရေးခြား ရှိရုံသာမက ရုပ်ဆင်းအင်္ဂါနှင့်လည်း ပြည့်စုံ၏။

ကဋ္ဌာဟာကသည် အရွယ်ရောက်လာသောအခါ "ဤအိမ်၌ ငါနေသော် ကျွန်အဖြစ်မှ လွတ်မည်မဟုတ် အရပ်တပါးသို့ သွား၍ ကြီးပွားချမ်းသာအောင် ပြုမှ သင့်မည်"ဟု စဉ်းစား ဆင်ခြင်မိလေ၏။ ထို့နောက် သူသည် ဇနပုဒ်တခုသို့ သွား၍ မိမိသူဌေးကြီး၏ မိတ်ဆွေဖြစ်သော သူဌေးအိမ်တွင် ဝင်ရောက် တည်းခိုလေသည်။ မိမိသည် ဗာရာဏသီပြည် မဟာ ဘောဂ သူဌေး၏သားဖြစ်ကြောင်း ပြောကြား၍ မိမိဘခင်ထံမှ ပေး လိုက်သော စာတစောင်ကိုလည်း ထုတ်ပြသည်။ အမှန်စင်စစ် ထိုစာက သူဌေးကြီးက ပေးလိုက်သောစာမဟုတ် သူ့ဘာသာ သူ လုပ်ကြံရေးသားခဲ့သော စာသာဖြစ်ပေသည်။

ဇနပုဒ်သူဌေးသည် ထိုစာကို ဖတ်ရှုသောအခါ မဟာဘောဂ သူဌေးက သူ့သားကို မိမိသမီးနှင့်ထိမ်းမြားပေးရန် စေလွှတ် လိုက်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဝမ်းမြောက်စွာ မင်္ဂလာ ပွဲကို စီစဉ်ကျင်းပလေသည်။ ဤသို့ဖြင့် ကဋ္ဌာဟာကသည် ကျွန် မသားဘဝမှ ဇနပုဒ်သူဌေး သားမက်ဘဝသို့ နေ့ချင်း ညချင်း ကူးပြောင်းသွားလေတော့သည်။

သို့သော်လည်း ကဋ္ဌာဟာကသည် သူဌေး သားမက်ဘဝဖြင့် အေးချမ်းစွာမနေဘဲ ဇနပုဒ်သားတို့၏ ဝတ်စားနေထိုင်ပုံများကို အမျိုးမျိုးကဲ့ရဲ့ရှုတ်ချခြင်း ပြုလေ့ရှိသည်။ သူဌေးကတော်လေး

အား ဝတ်စားဆင်ယင်ပုံ တောဆန်သည်၊ ပြောပုံဆိုပုံ ရိုင်းစိုင်းသည် စသည်ဖြင့် မကြာခဏ အပြစ်ဆို၏။ ထမင်းစားသည့်အခါတိုင်းလည်း ဇနပုဒ်သူတွေဟင်းမချက်တတ်ဘူး တယ်ညံ့တာဘဲဟု ကဲ့ရဲ့သည်။ ထိုစကားများကို မခံချင်ကြသော်လည်း သူ့ကို တကယ်ပင် ဗာရာဏသီ သူဌေးသားဟု ထင်မှတ်နေကြသောကြောင့် ခေါင်းငုံ့နေကြရသည်။

ဗာရာဏသီပြည်မှ မဟာဘောဂ သူဌေးသည်လည်း ကျွန်မသား ကဋ္ဌဟက အိမ်မှပျောက်သွား၍ စုံစမ်းရှာဖွေစေရာ မိမိအမည်ကို အလွဲသုံးစားပြု၍ ဇနပုဒ်တွင် သူဌေးသားမက် လုပ်နေကြောင်း သိရှိရသည်။ ထို့ကြောင့် ကျွန်မသားကို ဆုံးမရန် အခြံအရံများဖြင့် ဇနပုဒ်သို့ ခရီးထွက်လာခဲ့လေ၏။ ကဋ္ဌဟကသည် သူဌေးကြီးရောက်လာလျှင် မိမိတာဝန်ဝတ္တရားများကို အလွန်ကျိုးနွံ ရိုသေစွာပြုစု၍ ကျွန်မသားဖြစ်ကြောင်း မဖော်ရန် တောင်းပန်သည်။ သူဌေးကြီးကလည်း ကျေနပ်၍ "ချစ်သား....ကောင်းပြီ မစိုးရိမ်လင့်၊ သင့်ဘဝကို ငါမဖျက်ဆီးလိုပြီ" ဟု ပြောဆိုလေသည်။

တနေ့သ၌ သူဌေးကြီးသည် မိမိချွေးမအား "ချစ်သမီး....သင်သည် ငါ့သားနှင့် ချမ်းသာစွာ နေရပါ၏လော" ဟု မေးလေသည်။ ချွေးမက "ဘခင်.... ဘခင်သား၌ အခြားအပြစ် မရှိပါ၊ သို့သော်လည်း အစားအစာနှင့် ပတ်သက်၍ အမြဲပင် ကဲ့ရဲ့ ရှုတ်ချလေ့ရှိပါသည်" ဟု ပြန်ပြောလေ၏။ ထိုအခါ သူဌေးကြီးက "ချစ်သမီး....ဤအတွက် မစိုးရိမ်လင့် နှုတ်ပိတ်မန္တန်ပေးခဲ့မည်၊ သင့်ယောကျ်ား ထမင်းစားသည့်အခါ အနားမှနေ၍

ဤဂါထာကို ရွတ်ဆိုလော့”ဟု ပြော၍ ဂါထာတပုဒ်ကို သင်ကြားပေးခဲ့လေသည်။

သူဌေးကြီးရှိနေစဉ်က အေးသည်၊ ပူသည် တလုံးတပါဒမျှ မပြောဘဲ ကျေးသမျှကိုသာ ငုံ၍စားခဲ့သော ကဋ္ဌာဟကသည် သူဌေးကြီး ပြန်သွားပြီး နောက်တနေ့တွင် ထမင်းစားချိန်ရောက်၍ ထမင်းပွဲများ အသင့် ပြင်ဆင်ပြီးသောအခါ ထုံးစံအတိုင်း ထို ထမင်းဟင်းများနှင့် ပတ်သက်၍ အပြစ်မရှိ အပြစ်ရှာကာ ကဲ့ရဲ့ရှုတ်ချလေ့သည်။ ထိုအခါ သူဌေးသမီးသည် သူဌေးကြီး သင်ကြားပေးခဲ့သော ဂါထာကိုရွတ်ဆိုလေ၏။ ထိုဂါထာကား-

“အချင်း ကဋ္ဌာဟက....တပါးသော ဇနပုဒ်သို့ ရောက်လာပြီး များစွာ ကဲ့ရဲ့ရှုတ်ချခြင်းပြုပါက တဖန် ပြန်လာ၍ ဖျက်ဆီးလိမ့်မည်၊စားသောက်စရာများကို အေးအေးသာသာ စားပါလော့”

ဟူ၍ အဓိပ္ပါယ်ထွက်၏။သူဌေးသမီးကားဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်သည်မဟုတ်။ သင်ပေးသည့် အတိုင်းသာ ရွတ်ဆိုခြင်း ဖြစ်၏။ ကဋ္ဌာဟကမှာမူ“ငါ့အကြောင်းကို သူဌေးသမီးသိလေပြီ”ဟု ထင်မှတ်လျက် ထိုနေ့မှစ၍ တလုံးတပါဒမျှ ကဲ့ရဲ့ပြစ်တင်ခြင်းမပြုတော့ဘဲ ထမင်းကို အေးချမ်းစွာ စားလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး “ရဟန်းဟူသည် တကာ တကာမများက စေတနာစွမ်းအား အလျောက် လှူဒါန်းသည်ကို နည်းသည် များသည်ဟု အပြစ် မဆိုသင့်ကြောင်း” ဟောကြားဆုံးမတော်မူသည်။

၁၈-မလက္ခ ၈-တိယဲ့ဒဟရ ၀တ္ထု။



# ကောသလနှင့် မလ္လိကာ

## ကျောင်းနေဖက် စစ်သူကြီး

ကောသလတိုင်း သာဝတ္ထိပြည်ကို အစိုးရသော မဟာကောသလ မင်းကြီး၌ ပသေနဒီ အမည်ရှိသော သားတော်တယောက်နှင့် ဝေဒေဟီ အမည်ရှိသော သမီးတော်တယောက် ထွန်းကားခဲ့၏။ သားတော် ပသေနဒီ သည် အသက်တဆယ့် ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ဟက္ကသိုလ်ပြည်သို့ သွားရောက်၍ မင်းသားတို့ တတ်အပ်သည့် တဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို သင်ယူလေသည်။

ပညာစုံ၍ ရွှေဘုံသို့ ပြန်လာသော သားတော် ပသေနဒီအား ခမည်းတော် မဟာကောသလ မင်းကြီးသည် အိမ်ရှေ့ ဥပရာဇာ အဖြစ်ဖြင့် မြှောက်စားချီးမြှင့်၏။ သမီးတော်ဝေဒေဟီ မင်းသမီးကိုမူ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရနှင့် ထိမ်းမြား လက်ဆက်ပေးလေသည်။

ဘခမည်းတော် နတ်ရွာစံသောအခါ ပသေနဒီ မင်းသား သည် ပသေနဒီကောသလ ဟူသောဘွဲ့အမည်ဖြင့် သာဝတ္ထိ ထီး နန်းကို ဆက်ခံလေ၏။ ပသေနဒီ မင်းသား ထီးနန်းရပြီးနောက် မကြာမြင့်သော အချိန်တွင် တက္ကသိုလ်ပြည်၌ အတူပညာ သင် ကြားဘက်ဖြစ်သော ဗန္ဓုလသည် သာဝတ္ထိပြည်သို့ဆိုက်ရောက် သည်။ ဗန္ဓုလသည် ကုသိနာရုံပြည်သား မလ္လမင်းမျိုးနွယ် တဦး ဖြစ်ပြီး လေးအတတ်တွင် ထူးချွန်စွာ တတ် မြောက် သူ ဖြစ် ပေသည်။

သာဝတ္ထိပြည်သို့ ဗန္ဓုလဲရောက်ရှိလာခြင်းမှာ မိမိ၏ ဇာတိ ဖြစ်သော ကုသိနာရုံ၌ မနေလိုတော့သဖြင့် အပြီးတိုင် ထွက်ခွါ ခဲ့ခြင်းဖြစ်၏။ ဗန္ဓုလသည် တက္ကသိုလ်ပြည်မှ ပြန်ရောက်လာ သည့် အချိန်မှစ၍ မလ္လ မင်းမျိုးတို့၏ အကျိုးစီးပွါးကို စွမ်းလွန်း တမံ သည်ပိုးဆောင်ရွက်ခဲ့၏။ သို့သော်ငြားလည်း မလ္လမင်းမျိုး တို့သည် ဗန္ဓုလအား ထိုက်ထိုက်တန်တန် မြှောက်စား ချီးမြှင့် ခြင်း မပြုခဲ့ကြ။ အချို့သော မလ္လမင်းသားတို့ကား ဗန္ဓုလ၏ စွမ်းရည်အပေါ် မနာလို ဝန်တိုစိတ်များပင် ပွားနေကြ၏။ ထို့ ကြောင့် ဗန္ဓုလသည် ဇနီးမလ္လိကာကိုခေါ်၍ သာဝတ္ထိသို့ ထွက်ခဲ့ခြင်း ဖြစ်ပေသည်။

ပသေနဒီ ကောသလ မင်းသည် ကျောင်းနေဖက် သူငယ် ချင်းဖြစ်သော ဗန္ဓုလအား ဝမ်းမြောက် ဝမ်းသာ ကြိုဆို၍ သေနာပတိ ရာထူးကို အပ်နှင်းလေသည်။ ဗန္ဓုလ၏ လက်ရုံးစွမ်း ရည်ကြောင့် ကောသလဘုရင်၏ တန်ခိုး အာဏာသည် နိုင်ငံ တကာ အလယ်၌ ပို၍ စူးရှထက်မြက်ခဲ့လေသည်။ သို့ရာတွင် လူရင်းများကိုကျော်ပြီး တပြည်သားတဦးအား စစ်သေနာပတိ

ရာထူးကို ပေးအပ်ခဲ့သည့်အတွက် သာဝတ္ထိ မှူးမတ်များအတွင်း မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဤ မကျေနပ် မှုကိုပင် အကြောင်းပြု၍ ဘုရင်ကောသလနှင့် စစ်သူကြီး ဗန္ဓုလတို့သည် နောက်ပိုင်းတွင် မရှုမလှသော အဖြစ်ဆိုးများနှင့် ကြုံတွေ့ကာ ဘဝဇာတ်သိမ်းခဲ့ကြရလေသည်။

## ဗုဒ္ဓနှင့် တွေ့ဆုံခြင်း

ကောသလ ဘုရင် ထီးနန်းတက်စအချိန်တွင် သာဝတ္ထိပြည်၌ ပုရာဏ ကဿပ၊ မက္ခလိဂေါသာလ စသည့် ဘာသာရေးဂိုဏ်း ဆရာကြီးများ ထင်ရှားလျက်ရှိ၏။ ကောသလ ဘုရင်သည် မင်းကောင်း မင်းမြတ်တို့၏ ကျင့်စဉ်အတိုင်း ပြည်သူ ပြည်သား တို့အား လွတ်လပ်စွာ ဆည်းကပ် ကိုးကွယ်ခွင့်ပြု၏။ ထိုဂိုဏ်း ဆရာကြီးများအားလည်း ထိုက်သင့်သမျှ ပူဇော်ချီးမြှောက်ခြင်း ပြု၏။ သို့ရာတွင် သူကိုယ်တိုင်ကား မည်သည့်ဂိုဏ်း၏ တရားမမှ ကိုမျှ ယုံကြည်လက်ခံခြင်း မရှိခဲ့ချေ။

ထိုအချိန်တွင် အနာထပိဏ် သူဌေး၏ ပင့်ဖိတ်ချက် အရ ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်သို့ ဆိုက်ရောက် လာ၏။ အနာထပိဏ် သူဌေးသည် မိမိနှင့်ကျောင်းနေဖက် မိတ်ဆွေ ဖြစ်သော ကောသလ ဘုရင်ကို ဗုဒ္ဓထံသို့ ခေါ်ဆောင် သွား လေ၏။

ကောသလ ဘုရင်သည် ကျောင်းတော်သို့ ရောက်လျှင် မိမိ နှင့် အသက်အရွယ်အားဖြင့် မတိမ်း မယိမ်းမျှသာ ရှိသေးသော

ဗုဒ္ဓကိုဖူးတွေ့ရသဖြင့် အတော်ပင် အံ့အား သင့်သွားလေသည်။ မိမိကိုယ်ကို ဘာဘာရေး ဂိုဏ်းဆရာဟု ကြေငြာ၍ အများ ပြည်သူတို့၏ကိုးကွယ် ဆည်းကပ်မှုကိုခံယူနေသောပုဂ္ဂိုလ်တို့သည် အများအားဖြင့် သက်ကြီး ဝါကြီး ပုဂ္ဂိုလ်များသာဖြစ်ကြောင်း။ သို့ပါလျက် မိမိနှင့်အသက်အရွယ် မတိမ်းမယိမ်းမျှသာ ရှိသေး သည့် ပုဂ္ဂိုလ်တဦးက မိမိကိုယ်ကို ဗုဒ္ဓဟု ဝန်ခံ၍ ဆရာတဆူ လုပ်နေခြင်းမှာ သူ့အတွက်အထင်မကြီးနိုင်စရာ ဖြစ်နေလေသည်။

ထို့ကြောင့် ကောသလ ဘုရင်သည် မိမိ၏ ထင်မြင်ချက်ကို တစိတ်တဒေသ ဖွင့်ဟသည့် အနေဖြင့် ဗုဒ္ဓအား ဤသို့ မေး လျှောက်လေသည်။

"အရှင်ဂေါတမ သင်သည် တရား အားလုံးကို အကြွင်းမဲ့ မှန်ကန်စွာ သိမြင်သူဟူ၍ ဝန်ခံပါသလော"။

"မြတ်သောမင်းကြီး....ဤသို့ ငါဝန်ခံသည်မှာ မှန်ပေ၏။"

"အရှင်ဂေါတမ.... ပုရာဏကဿပ စတဲ့ သက်ကြီး ဝါကြီး ပုဂ္ဂိုလ်များပင် ယင်းသို့ ဝန်မခံကြပါ၊ အသက်အားဖြင့်၎င်း၊ ရဟန်းဝါအားဖြင့်၎င်း ငယ်ရွယ်လှသေးတဲ့ ရှင်ဂေါတမက ယခု လို ဝန်ခံခြင်းမှာ ယုံကြည်နိုင်ဘွယ် ရှိပါအံ့လော"

"မြတ်သောမင်းကြီး....ဤလောက၌ သေးသေး ငယ်ငယ် ဖြစ်၍ မထေမဲ့မြင် မပြုအပ်သူ လေးမျိုးရှိ၏။ ထိုလေးမျိုးကား မင်း၊ မြွေ၊ မီးနှင့် ရဟန်းတို့ဖြစ်၏။"

ဤသို့ စသည်ဖြင့် ဗုဒ္ဓသည် ကောသလ ဘုရင်အား တရား ဒေသနာကို ဟောကြား ဆုံးမတော်မူ၏။ ကောသလဘုရင်သည် ထိုတရားကို လွန်စွာနှစ်ခြိုက်သဖြင့် ဗုဒ္ဓ၏တပည့် သာဝက အဖြစ် ခံယူလိုက်လေသည်။

## ဥယျာဉ်မှူး၏ သမီးပျို

တရံရောအခါ ကောသလဘုရင်သည် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်အဇာတသတ်အား နှိမ်နင်းတိုက်ခိုက်ရန်အတွက် များစွာသောစစ်သည် ဗိုလ်ပါတို့နှင့်အတူ နေပြည်တော်မှ ထွက်ခဲ့လေ၏။ အမှန်စင်စစ် အဇာတသတ်သည် ကောသလဘုရင်၏ နှမတော်ဝေဒေဟီမိဖုရားကြီးမှ မွေးဖွားခဲ့သူဖြစ်၍ သူ၏တူအရင်း ခေါက်ခေါက်ပင်ဖြစ်၏။ သူ၏ ဘခမည်းတော် မဟာကောသလ မင်းကြီးသည် သမီးတော် ဝေဒေဟီ မင်းသမီးအား ရာဇဂြိုဟ်ပြည်ရှင် ဘုရင် ဗိမ္ဗိသာရနှင့် လက်ထပ်ထိမ်းမြား ပေးစဉ်က တနှစ်လျှင် အခွန်ငွေတသိန်းထွက်သည့် ကာသိရွာကြီးကို အပိုင်စားပေးခဲ့၏။ အဇာတသတ်သည် ခမည်းတော် ဗိမ္ဗိသာရအားနန်းချ၍ ထီးနန်းကို လုယူလိုက်သောအခါ ဝေဒေဟီ မိဖုရားကြီးသည် ဗိမ္ဗိသာရ မင်းကြီးနှင့် မရှေးမနှောင်းမှာပင် နတ်ရွာစံ ကံတော်ကုန်ရရှာလေသည်။

ထိုအခါ ကောသလ ဘုရင်သည် နှမတော် အတွက် အဇာတသတ်အပေါ်တွင် စိတ်အနာကြီးနာပြီး ကာသိရွာကို ပြန်တောင်း၏။ အဇာတသတ်ကလည်း ထိုရွာကို ပြန်မပေးဘဲ တင်းခံနေလေ၏။ ဤသည်ကို အကြောင်းပြု၍ ကောသလဘုရင်သည် အဇာတသတ်အား စစ်ခင်းရန် ထွက်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုစစ်ပွဲတွင် ကောသလ ဘုရင်သည် မရှုမလှ ရှုံးနိမ့်သောကြောင့် စစ်သည်တော်တို့နှင့် တကွဲတပြားဖြစ်ကာ ဆုတ်ခွာခဲ့ရ၏။ နေပြည်တော်အနီးသို့ ရောက်လျှင် စစ်သည်တော် တို့ကိုစောင့်ဆိုင်းရင်းမြို့ပြင်ရှိ ဥယျာဉ်တခုအတွင်း၌ အပန်းဖြေနေ၏။

ထိုစဉ်တွင် ဘုရင်သည် ဥယျာဉ်မှူး၏ သမီးပျို မလ္လိကာကို တွေ့မြင်၍ လွန်စွာနှစ်သက်လှသောကြောင့် နန်းတွင်းသို့ ခေါ်ဆောင်ကာ မိဖုရားမြှောက်လိုက်လေ၏။

မလ္လိကာသည် ဥယျာဉ်မှူး၏ သမီးဘဝမှ မိဖုရားအဖြစ်သို့ ရောက်ရှိလာသူ ဖြစ်သော်လည်း ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ၏။ ကောသလဘုရင်နှင့် သာဝတ္ထိ မြို့သူမြို့သားတို့ အလှူပြိုင်ပွဲ ကျင်းပရာတွင် ဘုရင်ဖက်က အနိုင်ရရှိခဲ့ခြင်းမှာ မလ္လိကာ၏ အကြံပေးချက်ကြောင့် ဖြစ်ပေသည်။

တကြိမ်တွင်လည်း ဘုရင်သည် ညအခါ၌ ကြောက်မက်ဖွယ်အသံဆိုးကြီးများကိုကြားရ၍ ကြောက်လန့်ခြင်းပြင်းစွာဖြစ်လျက် ပုရောဟိတ်ပုဏ္ဏား ညွှန်ကြားပြောဆိုသည့်အတိုင်း လူနှင့်တိရစ္ဆာန်ပေါင်း မြောက်မြားစွာကို သတ်ဖြတ်၍ ယဇ်ပူဇော်ပွဲကြီး ကျင်းပရန် စီစဉ်လေသည်။ ဤအကြောင်းကို မလ္လိကာ မိဖုယား သိရှိလျှင် ဘုရင့်အား ဗုဒ္ဓထံသို့ ခေါ်ဆောင်သွားပြီး အကြောင်းစုံကို လျှောက်ထား၏။ ဗုဒ္ဓက အကြောင်းရင်းမှန်ကို ရှင်းလင်းမိန့်ကြားသဖြင့် ယဇ်ပူဇော်ပွဲ ပျက်သွားပြီး စတေးခံရမည့် သတ္တဝါများလည်း အသက်ချမ်းသာရာ ရခဲ့လေသည်။

## ကျွန်မသမီး မာနကြီး

ကောသလဘုရင်သည် ဗုဒ္ဓနှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံသည့် အချိန်မှစ၍ ဗုဒ္ဓအား အလွန်အမင်း ကြည်ညိုလျက် ကျောင်းတော်သို့ တနေ့သုံးကြိမ် သွားရောက်လေ့ရှိ၏။ မိမိ နန်းတော်

သို့လည်း ရဟန်းငါးရာကို နေ့စဉ် ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ခဲ့၏။ သို့ရာတွင် ရဟန်းတော်တို့သည် ဘုရင့်နန်းတော်သို့ ဆွမ်းခံကြွရသည်ကို ဝိသာခါ အနာထပိဏ်တို့၏ အိမ်များသို့ကြွရသလို နှစ်ခြိုက်ခြင်း မရှိကြ။ ထို့ကြောင့် ဘုရင်သည် ရဟန်းတော်များနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးမှု ရရှိရန် ရည်ရွယ်၍ ကပိလဝတ်ပြည်မှ ဝါသဘခတ္တိယာ အမည်ရှိသော သာကီယ အမျိုးသမီးတဦးကို တောင်းယူ၍ မိဖုရား မြှောက်ပြန်လေသည်။

နောက်ပိုင်းတွင် ဝါသဘခတ္တိယာမှာ သာကီယမျိုး စစ်စစ်မဟုတ်ဘဲ ကျွန်သွေးတဝက် ပါသူဖြစ်ကြောင်း သိရှိရသောကြောင့် ဘုရင်သည် မကျေမနပ်ဖြစ်ကာ သူမအား မိဖုယား အရာမှ ရုပ်သိမ်းလေသည်။ ဗုဒ္ဓက နှစ်သိမ့်ဖျောင်းဖျစကား မိန့်ကြားမှ မိဖုရားအရာကို ပြန်ပေး၏။

ဝါသဘခတ္တိယာကား ကျွန်သွေးတဝက်ပါသူဖြစ်လင့်ကစား မလ္လိကာကဲ့သို့ စိတ်နှလုံး သိမ်မွေ့ နူးညံ့ခြင်းမရှိ။ ခက်ထန်မောက်မာ၍ သဒ္ဓါတရား ခေါင်းပါးသူတဦး ဖြစ်၏၊ တချိန်တွင် ဘုရင်သည် မိဖုယားနှစ်ပါးနှင့်တကွ နန်းတွင်းသူ မောင်းမများ ယဉ်ကျေးလိမ္မာမှု ရှိစေရန်အတွက် ရှင်အာနန္ဒာအား နန်းတော်သို့ နေ့စဉ်ကြွ၍ ဗုဒ္ဓ၏ တရားဒေသနာတို့ကို သင်ကြား ပို့ချပေးရန် တောင်းပန်ခဲ့၏၊ ရှင်အာနန္ဒာ ပို့ချပေးသည့် တရားများကို မလ္လိကာက ရိုသေစွာ နာယူကျက်မှတ်သော်လည်း ဝါသဘခတ္တိယာကား ဂရုမစိုက်လှချေ။ ဤသည်ကို အကြောင်းပြု၍ဗုဒ္ဓက ဝါသဘ ခတ္တိယာအား အဆင်းလှသော်လည်း အနံ့မမွှေးသော ပန်းနှင့် ဥပမာ ပေးခဲ့ဘူး၏၊

ကောသလဘုရင်၏ မိဖုယားနှစ်ပါးလုံးပင် ရုပ်အဆင်းအား ဖြင့် ချောမောလှပသူများ ဖြစ်ကြလင့်ကစား အလိမ်မာပိုသည့် မလ္လိကာကိုသာ ဘုရင်က ချစ်အားပိုခဲ့၏။ ဝါသဘခတ္တိယာ သည် မိဖုယားအရာသို့ ရောက်ပြီးနောက် မကြာမြင့်မီ ကာလ အတွင်း၌ ဝိဍူဍဘ အမည်ရှိသော သားတော်တပါးကို မွေးဖွား ၏။ မလ္လိကာကား သားယောကျ်ား မထွန်းကားဘဲ သမီးလေး တပါးကိုသာ မွေးဖွားခဲ့၏။ ထိုအခါ ဘုရင်သည် မိမိချစ်သည့် မိဖုယားမှ နန်းညွန့် နန်းလျာ မရရှိခဲ့ခြင်းအတွက် အတော်ပင် စိတ်မချမ်းမသာ ဖြစ်ခဲ့လေသည်။

## အစားကြူးသောဘုရင်

ကောသလဘုရင်သည် အစားကြူးသူဖြစ်၍ ထမင်းတနပ်လျှင် ဆန်တပြည်ချက် ကုန်သော ဟူ၏။ ထို့ကြောင့်လည်း သူ၏ ကိုယ်ခန္ဓာမှာ အလွန်အကဲ ဝဖြိုး၍ တောကစားပင် မထွက်နိုင်ဘဲ ရှိခဲ့၏။ တနေ့သ၌ နံနက်စာ ပွဲတော်တည်ပြီးနောက် ချက်ခြင်း ဗုဒ္ဓကျောင်းတော်သို့ ထွက်ခဲ့ရာ ထမင်းဆိပ်တက်သဖြင့် ဗုဒ္ဓရှေ့ မှောက်၌ မအီမသာဖြစ်၍ နေလေသည်။ ထိုအခါ ဗုဒ္ဓက–

"မြတ်သောမင်းကြီး သတိတရား လက်ကိုင်ထား၍ အစား အစာကို တိုင်းတိုင်းဆဆ စားသောက်သူမှာ ရောဂါ ဝေဒနာ နည်းပါး၏။ အသက်ရှည်စေလိုလျှင် အစားအစာကို ကြေညက် အောင်ဝါး၍ ဖြည်းဖြည်းချင်း စားသောက်သင့်ပေသည်။"

ဤသို့ အဓိပ္ပါယ်ပါရှိသော ဂါထာတပုဒ်ကို ဟောကြားတော်မူ၏။ ဘုရင်သည် ထိုဂါထာကို တူတော်ဖြစ်သော သုဒဿန လုလင်အား မှတ်သားစေခဲ့ပြီး မိမိပွဲတော်တည်တိုင်း အနားမှ နေ၍ ရွတ်ဆိုရန် အမိန့်ပေးထား၏။

သုဒဿနလုလင်သည်လည်းအမိန့်အရဘုရင်ပွဲတော်တည်တိုင်း ထိုဂါထာကို အနားမှနေ၍ ရွတ်ဆို၏။ ဘုရင်သည် ဗုဒ္ဓ၏ဆုံးမ သတိပေးချက်ကို လေးစားလိုက်နာသောအားဖြင့် ထမင်းတနပ် လျှင် တလုပ်စာလျှော့၍လျှော့၍ စားသုံး၏။ ဤနည်းအားဖြင့် နောက်ဆုံးတွင် ဘုရင်သည် တစလယ်ချက်မျှဖြင့် တင်းတိမ်မျှတ နိုင်ပြီး ဝဖိုးလှသော သူ၏ ကိုယ်ခန္ဓာကြီးမှာလည်း အနေတော် ဖြစ်သွားလေသည်။

ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာ၍ အစားကို လျှော့စားခဲ့သည့် အတွက် ကိုယ်ခန္ဓာပေါ့ပါးပြီး ကျန်းမာမှုနှင့်လည်း ပို၍ ပြည့်စုံ လာသော ကောသလဘုရင်သည် ဗုဒ္ဓ၏ကျေးဇူးဂုဏ်ကို ပို၍သိ မြင်လာ၏။ "ဗုဒ္ဓရှင်တော်မြတ်သည် ငါ့အား တမလွန် အကျိုး စီးပွားကိုသာမက ပစ္စုပ္ပန် အကျိုးစီးပွားကိုပါ ညွှန်ပြတော်မူ ပါပေသည်"ဟူ၍ ဗုဒ္ဓအပေါ်၌ မြတ်နိုး ကြည်ညိုစိတ်များ ထပ်မံ တိုးပွား၍ လာခဲ့လေသည်။

## အရှုံးနှင့်အနိုင်

ပထမအကြိမ် စစ်ပွဲတွင် တူတော်အဇာတသတ်အား အရှုံးပေး ခဲ့ရသော ကောသလ ဘုရင်သည် ဒုတိယအကြိမ်ထွက်၍ စိတ် မကျေပွဲ ဆင်နွှဲတိုက်ခိုက်ပြန်၏၊ သို့ရာတွင် ဤတကြိမ်၌လည်း

ထပ်၍ ရှုံးနိမ့်ခဲ့ပြန်လေသည်။ ထိုအခါ ဘုရင်သည် "ငါကား နို့မစင်သေးသည့် ကလေးငယ်ကိုပင် ရှုံးခဲ့ပြန်ပြီတကား" ဟူ၍ အရှက်စိတ်ပွားကာ မစားနိုင် မအိပ်နိုင်ဖြစ်၍ နေလေသည်။

ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ်ကြားသိလျှင် ဤလောက၌ မည်သည့်အရာတွင်မဆို နိုင်သူမှာ ရန်ပွားပြီး ရှုံးသူ မှာလည်း စိတ်နှလုံး မသာမယာ ဖြစ်ရတတ်ကြောင်း။ ကိလေသာငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်များမှာမူ အနိုင်အရှုံးဟူ၍ မရှိတော့ဘဲ အမြဲချမ်းသာနေကြောင်း ရဟန်းတို့အား ဟောကြား ဆုံးမတော်မူသည်။

နှစ်ကြိမ်တိုင် ရှုံးပွဲ ဆက်ခဲ့ရသော ကောသလဘုရင်သည် ပြင်းပြသော မခံချင်စိတ်ဖြင့် အဇာတသတ်အပေါ် အောင်ပွဲဆင်နိုင်ရန်အတွက် သေနင်္ဂဗျူဟာ အမျိုးမျိုးကိုရှာကြံ စဉ်းစားလေသည်။ ဇေတဝန်ကျောင်းတော်နှင့်တကွ မြို့တွင်း မြို့ပြင်သို့ အထောက်တော်များကို အနှံ့အပြား စေလွှတ်၍ ပြည်သူတို့၏ ဝေဖန် ပြောဆိုချက်များကိုလည်း စုံစမ်း လေ့လာစေ၏။

ထိုအခါ ဇေဘဝန်ကျောင်းတော်၏ အစွန်အဖျား၌နေသော တောထွက် ရဟန်းကြီး နှစ်ပါးတို့သည် ကောသလနှင့် အဇာတသတ်တို့၏ စစ်ပွဲများအကြောင်းကို ဆွေးနွေး ပြောဆိုနေကြ၏။ ထိုရဟန်းကြီးနှစ်ပါးအနက် တပါးသော ရဟန်းကြီးမှာ စစ်မှုထမ်းဘဝမှ ရဟန်းဖြစ်လာသူဖြစ်၍ စစ်မှုရေးရာများ၌ အထူး ကျွမ်းကျင်သူဖြစ်၏။ ထို့ကြောင့် အဇာတသတ်အား တောင်ကြားတခုမှ စောင့်၍ လှည်းဦးကင်း စစ်ဆင်နည်းဖြင့် ဖိညှပ်တိုက်ခိုက်ပါက နိုင်ဘွယ်ရှိကြောင်း အဖော်ရဟန်းကြီးအား ထုတ်ဖော်ပြောဆိုနေ၏။

ယင်း ပြောဆိုချက်ကို အယောက်တော် တဦး ကြားသိ၍ ဘုရင်အား လျှောက်တင်လေ၏၊ ကောသလဘုရင်သည် ရဟန်းကြီးပြောဆိုသည့်အတိုင်း သကဋဗျူဟာခေါ် လှည်းဦးကင်း စစ်ဆင်နည်းဖြင့် သွားရောက်တိုက်ခိုက်ရာ စစ်ပွဲကို အနိုင်ရရှိ၍ သာမက အဇာတသတ်ကိုပါ လက်ရဖမ်းဆီး မိလေသည်။

ထိုအခါ ဘုရင်သည် တူတော်အား ကောင်းမွန်စွာ ပြောဆိုဆုံးမ၍ သမီးတော် ဝဇီရာ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်၏။ အငြင်းပွားနေသည့် ကာသိရွာကိုလည်း သမီးတော်အား လက်ဖွဲ့သည့် အနေဖြင့် ပြန်ပေးလိုက်ရာ ထိုအချိန်မှ စ၍ နှစ်နိုင်ငံ ရန်ပွဲ ငြိမ်းသွားတော့သည်။

## နန်းစဉ် ပတ္တမြား ရှာပုံတော်

တရံရောအခါ ဘုရင်၏ နန်းစဉ်သုံး ပတ္တမြားရတနာ ပျောက်ဆုံး၍ တနန်းတော်လုံး ဒေါင်းစောက်အောင် ရှာဖွေနေကြ၏။ နန်းတွင်းမှ မသင်္ကာသူ မှန်သမျှကိုလည်း ဖမ်းဆီး စစ်ဆေးနေကြ၏။

ထိုအချိန်တွင် မိဖုယားတို့အား တရားဒေသနာ သင်ကြားပို့ချပေးရန်အတွက် နန်းတွင်းသို့ ကြွရောက်လာသော ရှင်အာနန္ဒာက ဘုရင်အား အကျိုးအကြောင်းကို မေးမြန်း၍ ပတ္တမြားရတနာကို ပြန်လည်တွေ့ရှိစေနိုင်မည့် နည်းလမ်းတရပ်ကို မိန့်ကြားညွှန်ပြတော်မူ၏၊

ဘုရင်သည် ရှင်အာနန္ဒာ မိန့်ကြားသည့်အတိုင်း လုံခြုံစွာ ကာရံထားသည့် အခန်းတခုထဲ၌ ရေပြည့်သော အိုးစရည်းကြီး တလုံးကို ထားရှိစေ၏၊ ထို့နောက် "နန်းတွင်းသူ နန်းတွင်းသား အားလုံး ထိုအခန်းထဲသို့ တယောက်စီဝင်၍ ကြည့်ကြရမည်"ဟု အမိန့်ထုတ်လိုက်၏။

ပတ္တမြားကို ခိုးယူထားသူသည် မိမိအလှည့်တွင် အဝတ်တွင်း၌ ဝှက်ယူခဲ့သော ပတ္တမြားကို အိုးစရည်းထဲသို့ ထည့်ထားခဲ့လေသည်။ လူစေ့၍ ဘုရင်နှင့်မှူးမတ်များ ဝင်ရောက်ကြည့်ရှုကြသောအခါ ပတ္တမြားကို တွေ့ရှိကြရသဖြင့် ထိုအမှုမှာ အေးချမ်းစွာ ပြီးဆုံးသွားခဲ့လေသည်။

## အမြတ်ဆုံးချမ်းသာ

ဤသို့ဖြင့် ကောသလဘုရင်သည် ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့်သာဝက များကို အကြောင်းပြု၍ အကျိုးစီးပွါး များစွာရရှိခဲ့၏။ အစားကြူး၍ ဗိုက်ပူနံကား ဖြစ်နေသည့်ဘဝမှ ကိုယ်ခန္ဓာ အနေတော် ဖြင့် ကျန်းမာဖြတ်လတ်သူ ဖြစ်လာခြင်းမှာ ဗုဒ္ဓ၏ အဆုံးအမ ကြောင့် ဖြစ်၏၊ အဇာတသတ်အား စစ်နိုင်ခြင်း၊နန်းစဉ်ပတ္တမြား ကို ပြန်လည်ရရှိခြင်း တို့တွင်လည်း ဗုဒ္ဓတပည့် သာဝကများ၏ ကျေးဇူးပြုမှုသည် ထင်ရှားစွာ ပါဝင်ခဲ့၏။ ဗုဒ္ဓ၏ဆွေတော်မျိုး တော်ဖြစ်သော ဝါသဘခတ္တိယာ မင်းသမီးကို ရရှိခြင်းအတွက် လည်း ဘုရင်သည် များစွာ ကျေနပ် နှစ်သက်ခြင်း ဖြစ်ခဲ့၏။

ဘနေ့သည်၌ ဘုရင်သည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ဗုဒ္ဓကြောင့် မိမိ၌ ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းများ ရရှိခဲ့ပုံတို့ကို ဖွင့်ဟ လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက–

"မြတ်သောမင်းကြီး.... ကျန်းမာခြင်းသည် အကောင်းဆုံး လာဘ်ဖြစ်၏။

ရောင့်ရဲခြင်းသည် အကောင်းဆုံး ဥစ္စာဖြစ်၏။

ချစ်ကျွမ်းဝင်ခြင်းသည် အကောင်းဆုံး ဆွေမျိုးဖြစ်၏။

နိဗ္ဗာန်ကား အမြတ်ဆုံး ချမ်းသာဖြစ်ပေ၏။"

ဤသို့ ဟောကြားဆုံးမတော်မူရာ ဘုရင်မှာ ရှေးယခင်က ထက်ပင် ပို၍ ဝမ်းသာကြည်နူးခြင်း ဖြစ်ရပြန်လေသည်။

## ဘုရင့်အမှား

ကောသလ ဘုရင်သည် ဗုဒ္ဓအား မပြတ်မလတ် ဆည်းကပ်၍ ဗုဒ္ဓ၏ တရားကို ထာဝစဉ် နာကြားနေရသူ ဖြစ်သော်လည်း တခါတရံ မှားယွင်းသော အပြုအမူတို့ကို ပြုလုပ်ခဲ့၏။ တခါက တိတ္ထိတို့သည် ဘုရင်အား လာဘ်ထိုး၍ ဇေတဝန်ကျောင်းတော် အနီး၌ မိမိတို့၏ ကျောင်းများကို ဆောက်လုပ်ခွင့် တောင်းရာ ဘုရင်က ခွင့်ပေးခဲ့၏၊ ဗုဒ္ဓသည် ရှင်မောဂ္ဂလာန်မထေရ်ကို စေလွှတ်၍ တိတ္ထိကျောင်းများကို ဖျက်စေရန် ဘုရင်အားအပြော ခိုင်းရာ ဘုရင်က အတွေ့မခံဘဲ နေ၏။ ဗုဒ္ဓကိုယ်တိုင် ကြွသွား၍ မိန့်ကြားမှ ဘုရင်သည် တိတ္ထိကျောင်းများကို ဖျက်ရန် အမိန့် ပေးခဲ့လေသည်။ သို့ရာတွင် ဘုရင်သည် မိမိအမှားကို သတိတရား

ရ၍ တိတ္တိတို့ ကျောင်းနေရာ၌ ရာဇဂိုဟ်ကာရုံ မည်သောကျောင်း တဆောင် ဆောက်လုပ်၍ ဗုဒ္ဓအား လှူဒါန်းခဲ့လေသည်။

ကောသလဘုရင်၏ အကြီးဆုံးသော အမှားကား စစ်သူကြီး ဗန္ဓုလအား လုပ်ကြံသတ်ဖြတ်စေခဲ့ခြင်းဖြစ်၏။ သားယောကျ်ား ၃၂- ယောက်တို့ဖြင့် အင်အား တောင့်တင်းလှသော ဗန္ဓုလ သည် ထီးနန်းကို လုယူလိမ့်မည်ဟူ၍ မလိုသူတို့က သွေးထိုးကြရာ ဘုရင်က ယုံကြည်ခဲ့၏။ ထို့ကြောင့် ဗန္ဓုလအား သား ၃၂- ယောက်နှင့်အတူ ပစ္စန္တရစ်အရပ်၌ ပုန်ကန်မှုကို သွားရောက် နှိမ်နင်းရန် စေလွှတ်၍ အပြန်လမ်းမှ ချောင်းမြောင်း တိုက်ခိုက် စေရာ ဗန္ဓုလတို့သားအဘတွေ အသက်ဆုံးရှုံးခဲ့ရလေသည်။

ဤသို့ ကျောင်းနေဖက် သူငယ်ချင်းဖြစ်သော ဗန္ဓုလအား အထင်မှား၍ သတ်ဖြတ်ခဲ့မိခြင်းအတွက် ဘုရင်သည် များစွာစိတ် မချမ်းမသာ ဖြစ်ခဲ့၏။ဤသို့သော အခြေအနေတွင် ချစ်စွာသော မိဖုရား မလ္လိကာမှာလည်း ရုတ်တရက် ကွယ်လွန်သွားပြန်သော ကြောင့် ဘုရင်ကြီး၏ သောကဝေဒနာသည် ပို၍ ထုထယ်ကြီး မားခဲ့ရပြန်သည်။

## မလ္လိကာကွယ်လွန်ခြင်း

မလ္လိကာ မိဖုရားကား များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြု လုပ်ခဲ့လင့်ကစား သေခါနီးတွင် မလျော်သောအပြုအမူတရပ်ကို သတိရနေမိသည့်အတွက် အဝီစိငရဲသို့ ကျရောက်လေ၏။ သူမ ကျူးလွန်မိသည့် ပြစ်မှုကား အမှန်အားဖြင့် အသေးအဖွဲမျှသာ

ဖြစ်၏။ တနေ့သ၌ သူမသည် ရေချိုးအိမ်သို့ဝင်၍ ခြေလက်ဆေး ကြောစဉ် ခွေးတကောင်ဝင်လာပြီး သူမ၏ ကိုယ်အင်္ဂါများကို လျက်လေသည်။ မိဖုရားကလည်း ထိုခွေးအပြုအမူကို သာယာ နေခဲ့မိ၏။

ထိုအခြင်းအရာကို နန်းပြသာဒ်၏အထက်ထပ်မှနေ၍ဘုရင်က မြင်သောကြောင့် မိဖုရားအား ပြစ်တင်ကြိမ်းမောင်း၏။ သို့သော် မိဖုရားက ဘုရင်ကြီးထင်သလိုမဟုတ် မျက်စိအမြင် မှောက်မှား ခြင်းသာဖြစ်ကြောင်း လှည့်စားပြောဆိုခဲ့လေသည်။ ဤပြစ်မှု ကလေးကို သေခါနီးတွင် ထင်မြင် သတိရနေသည့် အတွက် သူမ မှာ အဝီစိငရဲသို့ ရောက်ရခြင်းဖြစ်လေသည်။

ကောသလဘုရင်ကြီးသည် မလ္လိကာမိဖုယား၏ ဈာပနကို ကျင်းပပြီးနောက် မိဖုယား၏ ဖြစ်ရာဘုံဘဝကို မေးလျှောက် ရန်အတွက် ဗုဒ္ဓထံသို့ သွားရောက်ခဲ့၏။ သို့ရာတွင် ကျောင်းတော် သို့ရောက်လျှင် ဗုဒ္ဓဟောကြားသည့် တရားကို ကြားနာနေရ သည်ဖြစ်၍ မိမိလာရင်းကိစ္စကို မေ့လျော့နေခဲ့၏။ နောက်ထပ် နှစ်ကြိမ်သုံးကြိမ် သွားရောက်ရာတွင်လည်း ရှေးနည်းတူ မေ့ လျော့နေခဲ့ပြန်၏။ ခုနစ်ရက်လွန်၍ ရှစ်ရက်မြောက်သည့်နေ့တွင် မူ မလ္လိကာမိဖုယားမှာ အဝီစိငရဲမှ လွတ်မြောက်၍ တုသိတာ နတ်ပြည်သို့ ဆိုက်ရောက်နေပြီဖြစ်၏။ ထိုနေ့တွင် ဗုဒ္ဓသည် နန်း တော်သို့ ဆွမ်းခံကြွလာရာ ဘုရင်သည် ဗုဒ္ဓအား နန်းတော်ဝင်း အတွင်းရှိ ရထားတင်းကုပ်၌ ဆွမ်းကပ်လှူလေသည်။ ထို့နောက် "မလ္လိကာမိဖုယားသည် အဘယ်ဘုံ၌ ဖြစ်ပါသနည်း" ဟု မေးလျှောက်ရာ ဗုဒ္ဓက တုသိတာ နတ်ပြည်၌ ဖြစ်ကြောင်း မိန့် ကြားတော်မူလေသည်။

ဒွဗုဇ်၏ မိန့်ကြွားချက်ကို ကြားရသည့်အတွက် ဘုရင်ကြီးမှာ စိတ်သက်သာမှု များစွာရခဲ့၏။ အဝိစိငရဲသို့ ၇-ရက်မျှ ကျ ရောက်ခဲ့ကြောင်းကိုပါ သိရှိပါမူ ရင်ကျိုးရုံမျှမက အယူအဆပါ လွဲမှားသွားဘွယ် ရှိပေသည်။ ထို့ကြောင့်လည်း ဘုရင်ကြီး ခုနစ် ရက်တိုင်တိုင် မေ့လျော့နေအောင် ဗုဒ္ဓက ဖန်တီးခဲ့ခြင်း ဖြစ်ပေ သည်။

မလ္လိကာ မိဖုယားသည် တုသိတာ နတ်ပြည်သို့ ရောက်ရှိ ကြောင်း သိရ၍ ဝမ်းသာဝမ်းနည်း ဖြစ်နေသော ဘုရင်ကြီး အား ဗုဒ္ဓက သင်္ခါရတရားသဘောကို ဆက်လက် ဟောကြား တော်မူ၏။ ဗုဒ္ဓအား ဆွမ်းကပ်လှူရာ ဌာနဖြစ်သည့် ရထား တင်းကုပ်၌ ရွှေမင်းအဆက်ဆက်တို့ စီးနင်းခဲ့သည့် ရထားအို ရထားပျက်များ စုပုံလျက်ရှိရာ ဗုဒ္ဓက ယင်းတို့ကို ဥပမာပြု၍ ဘုရင်ကြီးအား တရားပြတော်မူသည်။

"မြတ်သောမင်းကြီး....လှပဆန်းကြယ်သော မင်းသုံးရထား များ ပျက်စီးသကဲ့သို့ သတ္တဝါတို့၏ ကိုယ်ခန္ဓာသည်လည်း ပျက် စီးရမြဲပင်ဖြစ်၏။ သူတော်ကောင်းတို့၏ တရားသည်သာ မပျက် မစီးဘဲ အမြဲတည်တံ့ နိုင်ပေ၏။"

ဗုဒ္ဓ၏အဆုံးအမကြောင့် မိဖုရားချစ်အတွက် ရတက်သောက ပွားများမှုများ ထိုက်သင့်သလောက် လျော့ပါးသွားသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော်လည်း အသက်အရွယ် ကြီးရင့်၍ ဘဝ ၏ နောက်ပိုင်းသို့ ရောက်နေပြီဖြစ်သော ဘုရင်ကြီးမှာ ရှေးယခင် ကကဲ့သို့ အရှိန်အဝါ မရှိလှတော့ချေ။ ဗန္ဓုလစစ်သူကြီးနှင့် မလ္လိကာမိဖုယားတို့ ကွယ်လွန်သွားခြင်းမှာလည်း ဘုရင်ကြီး အတွက် အစားထိုး၍မရသော ဆုံးရှုံးမှုကြီးများ ဖြစ်ခဲ့၏။

## အားကိုးရာ မဲ့ချိန်

မိတ်ဆွေချစ် ဗန္ဓုလအတွက် မိမိ၏အမှားကို ချေဖျက်သည့် အနေဖြင့် သူ၏တူတော် ဒီဃကာရာယနအား စစ်သူကြီးရာထူး ဖြင့် ချီးမြှင့်ခဲ့၏။ သို့သော်လည်း ဒီဃကာရာယနကား ဦးရီးတော် အတွက် အခဲမကျေနိုင်ဘဲ လက်စားချေနိုင်ရန် အခွင့်အရေးကို သာ စဉ်းစားရှာကြံ၍ နေခဲ့၏၊ သားတော် ဝိဍူဍဘကလည်း ခမည်းတော်အပေါ်၌ ကြည်ကြည်သာသာ မရှိလှဘဲ ဖြစ်နေရာ ဘုရင်ကြီးမှာ အားကိုးရာကင်းမဲ့၍ နေလေသည်။

တနေ့သ၌ ဘုရင်ကြီးသည် ဇနပဒပရမ အမည်ရှိသော နိဂုံး ၌ သီတင်းသုံးနေသည့် ဗုဒ္ဓရှင်တော်မြတ်ထံသို့ သွားရောက်ဖူး မြော်လေ၏။ ယင်းသို့ဖူးမြော်နေစဉ် ကျောင်းပြင်၌ စောင့်နေ သော စစ်သူကြီး ဒီဃကာရာယနသည် စစ်သည်ရဲမက်အားလုံးကို ခေါ်ဆောင်သွားပြီး ဝိဍူဍဘမင်းသားအား မင်းအဖြစ် တင် မြှောက်လိုက်လေသည်။

ကျောင်းတော်မှ ထွက်လာသော ဘုရင်ကြီးသည် ထိုအ ကြောင်းကို သိလျှင် တူတော်အဇာတသတ်မင်းထံမှ အကူအညီ တောင်းရန်အတွက် အနည်းငယ်သော နောက်လိုက်ခြွေရံတို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ထွက်ခဲ့၏။ ရာဇဂြိုဟ်သို့ ရောက်ချိန်တွင် နေဝင်၍ မြို့တံခါး ပိတ်ထားပြီ ဖြစ်သောကြောင့် မြို့ပြင်ရှိ ဇရပ် ကဆောင်၌ အိပ်နေရ၏။ ယင်းသို့အိပ်နေစဉ်တွင်ပင် ဘုရင်ကြီး သည် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ဒဏ်ချက်ကြောင့် နတ်ရွာစံ ကံတော်ကုန်ရ ရှာလေသည်။

မဇ္ဈိမအဋ္ဌကထာမှ သက်ဆိုင်ရာဇာတ်များနှင့် ကောသလသံယုတ်ပါဠိ အဋ္ဌကထာတို့ကို ဆက်စပ်ရေးသားပါသည်။



# သားနှင့်တူ ပြဿနာ

## သားကြီးကာလ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးနှင့် သူဌေးကတော်ပုညလက္ခဏာတို့၌သားကြီးကာလ၊သမီးကြီးမဟာသုဘဒ္ဒါ၊ သမီးလတ် စူဠသုဘဒ္ဒါနှင့်သမီးထွေးသုမနာဟူ၍ သားသမီး လေးယောက်ထွန်းကားခဲ့၏။ ထိုလေးယောက်တို့တွင် သမီးသုံးယောက်တို့သည် ဘခင်၏ခြေရာကိုနင်းလျက် ဗုဒ္ဓတရားကို သက်ဝင် ယုံကြည် ခဲ့ကြသောကြောင့် အရိယာ နွယ်ဝင်သူတော်စင်များအဖြစ်သို့ စောစီးစွာ ဆိုက်ရောက်ခဲ့ကြသည်။ သားကြီး ကာလမှာမူကား ဘခင်နှင့် စရိုက်ဝါသနာမတူ အမူအကျင့်ကွဲပြားသဖြင့် ဘုရား တရားကို စိတ်မဝင်စားဘဲ အပျော်အပါးဖြင့်သာ အချိန်ကုန်နေခဲ့သည်။

သူဌေးကြီးအိမ်၌ ရဟန်းငါးရာအား နေ့စဉ် ဆွမ်းဆက်ကပ်သည့်ပြင် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလန် စသော မထေရ်ကြီး

များနှင့် တကွ ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်လည်း မကြာခဏ ကြွလာတော်မူတတ်သည်။ ရဟန်းများအား နေ့စဉ် ဆွမ်းလုပ်ကျွေးရာတွင် သူဌေးကတော်ကြီးနှင့် သမီးများက ကိုယ်တိုင်စီမံ ချက်ပြုတ်၍ ဝေယျာဝစ္စအမှုကို ဆောင်ရွက်ကြသည်။ဆွမ်းလုပ်ကျွေးပြီးလျှင် တအိမ်သားလုံး ပါဝင်၍ တရားနာခြင်း၊ သီလဆောက်တည်ခြင်း ပြုလုပ်လေ့ရှိကြသည်။ သို့သော် ယင်းသို့ပြုလုပ်ရာတွင် သားကြီးကာလကား ဘယ်အခါမျှမပါဝင်။ မိမိ၏ အပေါင်းအဖေါ်များနှင့် လှည့်လည် သောက်စား ပျော်ပါး၍သာ နေခဲ့လေသည်။ ကျောင်းရေစက်ချပွဲ ကျင်းပစဉ်က မလွှဲသာ၍ ပါဝင်ခဲ့ရသည်မှအပ ဇေတဝန် ကျောင်းတော်သို့လည်း တခါတခေါက်မျှ မရောက်ချေ။

ဤသို့ဘုရားဒကာ ကျောင်းဒကာကြီး၏သား ဖြစ်ပါလျက် ဘုရား တရားကို မျက်ကွယ်ပြုကာ သောက်စား ပျော်ပါးနေသော သူဌေးသား ကာလကို အနာထပိဏ်သူဌေးကြီးနှင့်သူဌေးကတော်တို့က လက်ပိုက်ကြည့်နေကြသည်မဟုတ်။ အခါအခွင့်သင့်တိုင်း ပြောဆိုဆုံးမကြပေသည်။ ချိုချိုသာသာနှင့် ပြောမရသဖြင့် တခါတရံ ခြိမ်းချောက် မောင်းမဲမှုများကိုပင် ပြုခဲ့ကြပေသည်။ သို့သော် ကာလကား မိဘစကားကိုအနည်းငယ်မျှ နားမဝင် သူထင်သလိုသာ နေခဲ့လေသည်။

သူဌေးကြီးသည် အနုနည်း အကြမ်းနည်းများဖြင့်မည်သို့မျှ ပြောဆို၍ မရ ဖြစ်နေသောသူ့သားကြီးအတွက် များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ကောသလမင်းကြီးနှင့်တကွ မြို့မျက်နှာဖုံးဖြစ်သော မှူးမတ် သူဌေး သူကြွယ်တို့အလယ်တွင် မျက်နှာပျက်ခဲ့ရသည်။ ထို့ကြောင့် မိမိ၏ဂုဏ်သိက္ခာကို ဖျက်ဆီးနေ

သော သားအား ဆုံးမချေချွတ်နိုင်မည့် နည်းလမ်းများကို လက်မလျှော့တမ်း ရှာဖွေကြံဆနေရာ တနေ့တွင် အကြံတခုကို စဉ်းစားမိလေသည်။ ထိုအကြံကား အခြားမဟုတ် ကာလအား ငွေအသပြာဖြင့် ဖြားယောင်းသွေးဆောင်၍ ဘုရား တရားနှင့် နီးစပ်အောင် လုပ်ရန်ပင် ဖြစ်ပေသည်။ မှန်၏။ ကာလသည် သူဌေးသားပင် ဖြစ်သော်လည်း အပျော်အပါး လိုက်စား၍ အသုံးအဖြုန်းကြီးလှသောကြောင့် ငွေကို အမြဲလိုနေသူဖြစ်၏။ မိဘများက တရာပေးလည်းမလောက်၊ တထောင် ပေးလည်း မလောက်သဖြင့် မကြာ မကြာ လက်ဖြန့်၍ တောင်းခံလေ့ ရှိပေသည်။

ဤသို့ သား၏အကြိုက်ကို စဉ်းစားမိသော သူဌေးကြီးသည် တခုသောလပြည့်နေ့ နံနက်တွင် ကာလကိုခေါ်၍ "ချစ်သား ကာလ....ယနေ့ကား လပြည့်နေ့ဖြစ်၏။ဇေတဝန်ကျောင်းတော်သို့သွား၍ ဥပုသ်စောင့်ရင်း တရားနာချေပါလော့ ကျောင်းတော်ကပြန်လာရင် သားကြီးသုံးချင်ရာသုံးရအောင် ဘခင်ငွေ တရာ ပေးပါမည်"ဟု ပြောဆိုလေသည်။ ကာလသည် 'ဥပုသ်' ဟူသော စကားကြောင့် အနည်းငယ် မျက်နှာ ပျက်သွားသော်လည်း 'ငွေတရာပေးမည်' ဟု ကြားလိုက်ရသည့် အခါတွင်မူ စိတ်ပါဝင်စား၍ လာသည်။ ထို့ကြောင့် 'ကောင်းပါပြီဘခင်' ဟုဝန်ခံကာ သူ့မိတ်ဆွေ အချို့နှင့်အတူ ကျောင်းတော်သို့ ထွက်သွားလေသည်။

နောက်တနေ့ နံနက်တွင် ကျောင်းတော်မှ စောစောစီးစီး ပြန်လာသော ကာလအား မိဘများက စားဖွယ် သောက်ဖွယ် များကို အသင့်ပြင်ဆင်၍ ကျွေးမွေးကြသည်။သို့သော် ကာလ

ကား စားသောက်ဖွယ်များကို မစားမီ ငွေတရာကို အရင်ပေး ရမည်ဟု တောင်းဆို၍ ထိုငွေတရာရပြီးမှသာ စားသောက်ခြင်း ပြုလေသည်။

အမှန်စင်စစ် ကာလသည် ယမန်နေ့က ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်ခဲ့သော်လည်း ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ တရားနာယူခြင်း မပြုလုပ်ခဲ့ချေ။ ချောင်ကျကျနေရာ၌ တနေ ကုန် အိပ်စက်၍သာ အချိန်ဖြုန်းခဲ့လေသည်။ မည်သို့ပင်ဖြစ်စေ အနာထပိဏ်သူဌေးကြီးကား ကျောင်းတော်သို့ သွားဖေါ်ရ သည်ဟုဆိုရုံဖြင့်ပင် သားကြီးအပေါ်တွင် အတော်အတန် ကျေ နပ်ခဲ့ပြီး ထို့ထက်တိုးတက်လာရန်လည်း ဆက်လက်၍ကြံဆောင် ကြိုးပမ်းပြန်သည်။

နောက်တပတ် ဥပုသ်နေ့တွင် သူဌေးကြီးသည် ကာလကိုခေါ် ပြီး ယခင်နေ့ကနည်းတူ ကျောင်းတော်သို့သွား၍ ဥပုသ်စောင့် တရားနာရန် တိုက်တွန်းပြန်သည် "သားကြီးကာလ ဒီတပတ် တော့ ဘခင်က ငွေတရာမက ဟထောင်အထိပေးပါမည်။ သား ကြီးကလဲဗုဒ္ဓရှင်တော်မြတ်ထံက တရားဂါထာတပုဒ်ကို ရအောင် မှတ်သား နာယူခဲ့ပြီး ဘခင်အား ပြန်လည်ဟောပြပါလော့"

ငွေတထောင်ကို လွယ်လွယ်နှင့်ရမည်ဖြစ်၍ ကာလသည် မဆိုင်းမတွပင် ကျောင်းတော်သို့ ထွက်ခဲ့ပြန်သည်။ မိမိတို့နေ အိမ်သို့ မကြာခဏ ကြွလာသော ဗုဒ္ဓအား တခါတရံမျှ အနီးသို့ ချဉ်းကပ်ခြင်း မပြုခဲ့သော်လည်း ယနေ့မူ ရှောင်ရှားနေ၍ မဖြစ် တော့။ ဗုဒ္ဓထံမှ တရားဂါထာ တပုဒ်ကို နာယူမှတ်သားနိုင်မှ သာ ဘခင်ထံမှ ငွေတထောင် ရနိုင်မည် မဟုတ်ပါလော။

ကာလသည် ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် ဗုဒ္ဓထံ ပါး၌ တရားနာယူနေသော ပရိသတ်စွန်း၌ အမှတ်မထင် ဝင်၍ ထိုင်ကာ တရားနာလေသည်။ ဗုဒ္ဓရှင်တော်မြတ်ကလည်း ဒါန သီလဘာဝနာ စသည်တို့နှင့် စပ်ဆိုင်သော တရားဒေသနာကို အရှိန်မပျက် ဆက်လက်ဟောကြားတော်မူသည်။ ကာလသည် ဗုဒ္ဓ၏တရားဒေသနာကို အဆုံးတိုင် နာကြားရန် ရည်ရွယ်ချက် မရှိ။ တပုဒ်တဂါထာမျှမှတ်သားမိလျှင်ပင်ထ၍ပြန်သွားပြီးဘခင် ထံမှ ငွေတထောင်တောင်းယူရန် ကြံရွယ်ထားသည်။ သို့သော် လည်း လက်တွေ့တွင်မူ ထိုတပုဒ်တဂါထာမျှကို မှတ်သားမိရန် မှာ ထင်သလောက်မလွယ်ဘဲဖြစ်နေ၏။ ဗုဒ္ဓက ပထမတရားတပုဒ် ပြီး၍ နောက်တရားတပုဒ်သို့ ကူးပြောင်း ဟောကြားသည်နှင့် တပြိုင်နက် ကာလ၏စိတ်တွင် ထိုပထမတရားပုဒ်မှာ ပျောက် ပျက် သွားလေတော့သည်။

ဤသို့ဖြင့် ကာလသည် မိမိကြံရွယ်ထားသလို ရုတ်တရက် ထမပြန်နိုင်တော့ဘဲ တရားဒေသနာကို တပုဒ်ပြီးတပုဒ် ဆက်၍ နာနေရတော့သည်။ ယင်းသို့နာရင်းဖြင့်ပင် သူ၏စိတ်အစဉ်သည် တရားသဘော၌ သက်ဝင်နစ်မြုပ်လျက် ထူးခြားသော "သော တာပတ္တိမဂ်ဉာဏ်" အလင်းရောင် ပေါ်ပေါက်လာလေသည်။ ထိုအခါအိမ်ပြန်၍ ငွေတထောင် ရယူလိုသော ဆန္ဒ လုံးဝကင်း ပျောက်လျက် ကျောင်းတော်၌ပင် ညအိပ်နေလေသည်။

နောက်တနေ့နံနက်တွင် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ရဟန်း ငါးရာနှင့်အတူ အနာထပိဏ်သူဌေးကြီးအိမ်သို့ ဆွမ်းခံကြွမည်ဟု သိရသောကြောင့် ကာလသည် ထိုရဟန်းများ နောက်မှပင် တည်ငြိမ်အေးချမ်းစွာ လိုက်ပါလာ၏။ ဤသို့ ရဟန်းများနောက်

မှ ဝုဋ္ဌိရစွာ လိုက်ပါလာသော ကာလကို အနာထပိဏ်သူဌေး ကြီးမြင်လျှင် များစွာ ဝမ်းမြောက်ကျေနပ်သွား၏။ ထူးခြား သော ပြောင်းလဲ တိုးတက်မှုဘရပ်ကို ရရှိလေပြီဟူ၍လည်း ချက် ခြင်း အကဲခတ်လိုက်မိ၏။ သို့သော်အလိုက်သင့်စွာဖြင့် မည်သို့မျှ မေးမြန်းပြောဆိုခြင်း မပြုဘဲ ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းများ အား ဆွမ်းလုပ်ကျွေးခြင်း အမှုကိုသာ ဂရုတစိုက် ပြုလုပ်ဆောင် ရွက် နေလေသည်။

ဆွမ်းလုပ်ကျွေးပြီးသောအခါ သူဌေးကြီးနှင့် မိသားစုသည် တရားနာယူရန်အတွက် ဗုဒ္ဓရှင်တော်မြတ်၏ ရှေ့မှောက်တွင် ရှိ ခိုးဦးညွှတ်၍ နေကြသည်။ ယခင်ကနှင့် မတူတော့သော သား ကြီးကာလမှာလည်း မိသားစုနှင့်အတူ ဗုဒ္ဓအား လက်အုပ်ချီ လျက်ရှိသည်။ ထိုအချိန်တွင် သူဌေးကြီးသည် အသပြာတထောင် ထုပ်ကို ကာလ၏ရှေ့၌ ချ၍ "ချစ်သား....ယမန်နေ့က ဥပုသ် စောင့် တရားနာခဲ့သည့်အတွက် အသပြာတထောင်ကိုသင့်အား ငါပေး၏ ယူလော့"ဟု ဆိုလေသည်။ ကာလကား တရား ထူးကို သိမြင်နေပြီဖြစ်၍ ငွေကို မမက်မောတော့။ ဗုဒ္ဓရှင် တော်မြတ်၏ ရှေ့မှောက်၌ ပေးသည့်အတွက်လည်း ရှက်အမ်း အမ်းဖြစ်ကာ အနေရခက်သွား၏။ ထို့ကြောင့် "ဘခင်....ဤငွေ ကို ကျွန်တော်မလိုချင်ပါ"ဟု မပွင့်တပွင့် ပြန်ပြောလေ၏၊ နှစ် ကြိမ်သုံးကြိမ် ထပ်၍ပြောသော်လည်း သားဖြစ်သူက ငြင်းပယ် သောအခါ သူဌေးကြီးသည် ဗုဒ္ဓရှင်တော်မြတ်ဖက်သို့လှည့် ၍ "အရှင်ဘုရား....ယနေ့တပည့်တော် သားကြီး၏ အမူအရာ သည် နှစ်သက်ဖွယ် ကောင်းလှပေသည်" ဟု လျှောက်တင် လေ၏။

"သူဌေးကြီး....အဘယ်ကြောင့် နှစ်သက်ဖွယ် ကောင်းသနည်း"

ဤသို့ ဗုဒ္ဓကမေးမြန်းလေသောအခါ သူဌေးကြီးသည် သားကြီးကာလအား ငွေပေး၍ ဥပုသ်စောင့်ခိုင်းခဲ့ပုံ အကြောင်းစုံကို ဖွင့်ဟလျှောက်တင်လေသည်။ ထိုအခါဗုဒ္ဓက "ဒါယကာသူဌေးကြီး....သင့်သားကား ထူးခြားသော သောတာပတ္တိမဂ်ဉာဏ်ကို သိမြင်လေပြီ။ သို့ဖြစ်၍ ငွေတထောင်ကိုမဆိုထားဘိ။ ကမ္ဘာမြေပြင်တခုလုံးကို အစိုးရသော စကြာမင်းစည်းစိမ်၊ သိကြားနတ်မင်းစည်းစိမ်များကိုပင် မက်မောတော့တခြင်း မရှိတော့ပေ" ဟူ၍ မိန့်ကြားတော်မူသည်။ ဗုဒ္ဓ၏ စကားကြောင့် သူဌေးကြီးနှင့် မိသားစုမှာ နှစ်ထောင်းအားရမဆုံး ရှိကြလေတော့သည်။

## မြာပေ့သောတူ

အနာထပိဏ် သူဌေးကြီးသည် သားကြီး ကာလအတွက် စိတ်အေးသွားရပြီးနောက် သူ့အား တမျိုးတဖုံ စိတ်အနှောင့်အရှက် ပေးသူတယောက်ကို ကြုံတွေ့ရပြန်သည်။ ထိုသူကား အခြားမဟုတ် ခေမကအမည်ရှိသော တူတော်မောင် တယောက်ဖြစ်သည်။ ခေမကသည် ရုပ်ရည်လှန်စွာ ချောမောပြီး အပြောချိုသော လုသင်ပျိုတယောက်ဖြစ်၍ သာဝတ္ထိမြို့တော်၏ "ပျိုတိုင်းကြိုက်သောနှင်းဆီခိုင်"ဖြစ်ခဲ့သည်။ မြင်မြင်သမျှမိန်းမတို့၏ စွဲသမ်းတပ်မက်မှုကို ခံခဲ့ရသည်။ တနည်းဆိုသော် ခေမကသည်

မိန်းမနှင့်ပတ်သက်၍ ပါရမီထူးသူ၊ ဆုတောင်းကောင်းသူ တယောက် ဖြစ်ပေသည်။

ဤသို့ အကျိုးပေး ထူးခြားသည်နှင့်အမျှ ခေမက လုလင်သည် မိန်းမများနှင့်ပတ်သက်၍ ရှုပ်ထွေးပွေလီမှု အမျိုးမျိုးကို ပြုလုပ်ခဲ့သည်။ သူတပါး သမီးပျိုများကိုသာမက လင်ရှိမယားများကိုပင်ပြစ်မှားကျူးလွန်ခဲ့သည်။ ခံရသူ ကာယကံရှင်များမှာ အချို့က ရှက်၍ငြင်း၊အချို့က သူဌေးကြီးမျက်နှာကို ထောက်ထား၍ငြင်း၊ ကြိတ်မှိတ်နေကြရသည်။ ကာယကံရှင်တို့က မခံနိုင်၍ သက်ဆိုင်ရာသို့ တိုင်ကြားမှုကြောင့် မင်းအိမ် စိုးပေါက်ရောက်သည့်အမှုများလည်း မကြာခဏပင် ရှိခဲ့သည်။

တနေ့သ၌ ခေမကလုလင်သည် ည အချိန်တွင် သူကြွယ်တယောက်၏ ခြံဝင်းထဲသို့ ကျူးကျော် ဝင်ရောက်ရာ အိမ်ရှင်များနိုး၍ လက်ရဖမ်းဆီးခြင်း ခံရသည်။ အမှန်စင်စစ် ခေမကသည် အိမ်ရှင် သူကြွယ်ကတော်နှင့် အဆက်အသွယ်ရှိကာ တိတ်တဆိတ် တွေ့ဆုံရန်လာခဲ့ခြင်းဖြစ်သည်။ လက်ရဖမ်းဆီးရမိသော သူဌေးသားအား မင်းချင်းယောကျ်ားတို့က ကောသလ မင်းကြီးထံ ပို့ကြသည်။ မင်းကြီးသည် အနာထပိဏ် သူဌေးကြီး၏ မျက်နှာကိုထောက်လျက် ခေမကအားအပြစ်မယူဘဲ လွှတ်ပေးခဲ့သည်။

ခေမက၏ သတင်းဆိုးမှာ တမြို့လုံး ပျံ့နှံ့သွားရာ အနာထပိဏ် သူဌေးကြီးအပါအဝင် တဆွေတမျိုးလုံး နာမည်ပျက်ကြရတော့သည်။ အထူးအားဖြင့် သူဌေးကြီးမှာ ကောသလမင်းကြီးအား မျက်နှာမပြရဲအောင် ရှိတော့သည်။ "ဤလုလင်ကို အချိန်မှီ ဆုံးမတားဆီးခြင်း မပြုနိုင်ပါက နောက်တခါ ပို၍ ဆိုးသော

အဖြစ်နှင့် ကြုံရချေတော့မည်'' ဤသို့ စဉ်းစား ဆင်ခြင်မိသော သူဌေးကြီးသည် ခေမကကို အပါခေါ်ပြီး ဇေတဝန်ကျောင်း တော်သို့ အရေးတကြီး သွားလေ၏။ ကျောင်းတော်သို့ ရောက် သည့်အခါ ဗုဒ္ဓရှင်တော်မြတ်အား အကြောင်းစုံကို ဖွင့်ဟ လျှောက်တင်၏။ ခေမကအတွက် သင့်လျော်သော တရားဒေသ နာကို ဟောကြားရန်လည်း တောင်းပန်လေ၏။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က သူတပါးသားမယားကို ပြစ် မှားသူသည် မကောင်းမှု အကုသိုလ်တိုးပွားခြင်း၊ ချမ်းချမ်းသာ သာ မအိပ်ရခြင်း၊ လူအများ၏ ကဲ့ရဲ့ ရှုတ်ချမှုကို ခံရခြင်း၊ ငရဲသို့ ကျရောက်ခြင်း ဟူသော မကောင်းကျိုးများကို ခံစားရကြောင်း ဟောကြား ဆုံးမတော်မူသည်။ ထိုတရားတော်ကို နာရသဖြင့် ခေမကသည် သောတာပန်အဖြစ်သို့ ရောက်၍ ကင်းပါးကို လုံခြုံအောင်စောင့်ရှောက်သော အမျိုးကောင်းသားတယောက် ဖြစ်သွားလေသည်။

၁၃-လောကဝဂ်၊ ၁၁-ကာလ ဝဂ္ဂနှင့် ၂၂-နိရယဝဂ်၊
၄-ခေမကသေဋ္ဌိပုတ္တဝတ္ထု။

# အခိုင်ဆုံး နှောင်ကြိုး

တရံရောအခါ တခုသော ဇနပုဒ် တောကျောင်းမှ သုံးကျိပ်သော ရဟန်းတို့သည် ဗုဒ္ဓရှင်တော်မြတ်အား ဖူးမြင်ရန်အတွက် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာကြ၏။ ထိုရဟန်းတို့သည် နံနက်အချိန်တွင် မြို့တွင်းသို့ ဆွမ်းခံ ဝင်ကြရာ အချုပ်ထောင် အနီးသို့ ရောက်ရှိသဖြင့် ထောင်တွင်း၌ ဖမ်းဆီး ချုပ်နှောင် ထားသည့် များစွာသော အကျဉ်းသားတို့ကို မြင်တွေ့ကြလေသည်။ အကျဉ်းသားများအနက် အချို့ကို ထိတ်တုံးဖြင့်ရင်း၊ အချို့ကို ကြိုးဖြင့်ရင်း၊ အချို့ကို သံခြေချင်း ဖြင့်ရင်း၊ဖွဲ့နှောင် ထားလေသည်။

ထိုအချိန်က သာဝတ္ထိပြည် တဝိုက်၌ ခိုးသား ဓားပြများ အလွန်သောင်းကျန်းခဲ့၏။ လူပြတ်သော တောလမ်းမှ စောင့်၍ ခရီးသွားများကို လုယက်မှုများ မကြာခဏ ဖြစ်ပေါ်ခဲ့၏။ ည

အချိန်တွင် မြို့တွင်းသို့ဝင်၍ နေအိမ်ကို ဖေါက်ထွင်း ခိုးယူမှုများလည်း နေ့စဉ်လို ကြားနေခဲ့ရ၏။ ဤသို့သော သောင်းကျန်းမှုများကြောင့် ပြည်သူတို့က စုဝေး၍ ကောသလ မင်းကြီးအား တိုင်တန်းကြ၏။

ထိုအခါ မင်းကြီးသည် ကြောင့်ကြမဲ့ မနေသာတော့ဘဲ လုယက်သောင်းကျန်းမှုများကို အမြန်ဆုံးနှိမ်နင်းရန် အမိန့်တရပ် ထုတ်ပြန်ရလေသည်။ ယင်းအမိန့်အရ မင်းကြီး၏ ရဲမက်စစ်သည်တို့သည် လူဆိုးများကို ပိုက်စိပ်တိုက်၍ ရှာဖွေဖမ်းဆီးကြရာ လူဆိုးအမြောက်အမြားကို ဖမ်းဆီးရမိလေသည်။ ထို့ကြောင့် အကျဉ်းထောင်၌ အကျဉ်းသားများ ပြည့်ကျပ်၍ နေခြင်း ဖြစ်ပေသည်။

ထိုအကျဉ်းသားများကို မြင်တွေ့ခဲ့ရသောရဟန်းသုံးကျိပ်တို့သည် ညချမ်းအချိန့်တွင် ဗုဒ္ဓထံသို့ သွားရောက်ဆည်းကပ်ကြစဉ် ဗုဒ္ဓအား ဤအကြောင်းကို လျှောက်တင်ကြသည်။

"အရှင်ဘုရား....တပည့်တော်တို့ ယနေ့နံနက်ခင်းက မြို့ထဲသို့ ဆွမ်းခံသွားတဲ့အခါ အချုပ်ထောင် ထဲမှာ ချုပ်နှောင်ထားတဲ့ အကျဉ်းသားများကို မြင်တွေ့ခဲ့ကြပါတယ်"ဒီအကျဉ်းသားများဟာ ထိတ်တုံး၊ သံခြေချင်း စသည်တို့ဖြင့် ခိုင်မြဲစွာ နှောင်ဖွဲ့ထားတဲ့အတွက် အလွန်ပင် သနားဘွယ် ကောင်းလှပါတယ်ဘုရား"

"ချစ်သားတို့....ဤထိတ်တုံး သံခြေချင်း စသည်တို့ထက် ပို၍ ခိုင်မြဲသော နှောင်ကြိုးကို သင်တို့ သိကုန်၏လော"

"မသိကြပါ ဘုရား"

"ချစ်သားတို့....ထိတ်တုံး၊ သံခြေချင်း စသည်တို့ထက်, ပို၍ခိုင်မြဲသော နှောင်ကြိုးကား အခြားမဟုတ်၊ ဥစ္စာ စပါး သားမယားစသည်တို့၌ တွယ်တာခြင်း တဏှာပင်ဖြစ်ပေသည်။ ချစ်သားတို့....ရိုးရိုးနှောင်ကြိုးတို့ထက် အဆပေါင်း ထောင်သောင်းမက ပို၍ခိုင်မြဲသော ဤတဏှာနှောင်ကြိုးကိုပင် ရှေးပညာရှိတို့သည် ဖြတ်တောက်နိုင်ခဲ့ကြပေ၏"

ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့မိန့်ကြားပြီးအတိတ်ကိုဆောင်တော်မူခဲ့လေသည်။

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလေသော် ဘုရားလောင်းသည် တယောက်သော သူဆင်းရဲအိမ်၌ ဖြစ်လေ၏။ ဘုရားလောင်း အရွယ်ရောက်လေသော် ဖခင်သည် ကွယ်လွန်လေ၏။ ဘုရားလောင်းသည် သူတပါးအိမ်၌ အခစားပြုလုပ်၍ မိခင်ကို လုပ်ကျွေးရရှာလေသည်။

မိခင်သည် မိမိ၏ တဦးတည်းသော သားအား အိမ်ထောင်ပြုရန် အကြိမ်ကြိမ် တိုက်တွန်း နားချသော်လည်း သားဖြစ်သူက လက်မခံချေ။ မိခင်အသက်ရှင်သရွေ့ မိမိတယောက်တည်းသာ လုပ်ကျွေးပြုစု၍ နေပါမည်ဟု ပြောဆိုပြီး မိခင်တိုက်တွန်းချက်ကို ငြင်းပယ်၍ နေလေသည်။

ထိုအခါ မိခင်သည် သင့်တော်သော အမျိုးသမီးတယောက်ကို အိမ်ပေါ်သို့ခေါ်တင်ပြီး သားဖြစ်သူနှင့် အတင်းပင် ပေးစားလိုက်တော့သည်။ ဤသို့ သားအား နေရာချထား ပေးပြီးနောက် မကြာမီပင် မိခင်ကြီးသည် ဘဝတပါးသို့ ပြောင်းသွားလေတော့သည်။

ဘုရားလောင်းသည် မိခင်ကြီးမရှိလျှင် တောထွက်၍ ရဟန်းပြုရန် မူလက ကြံရွယ်ချက် ရှိခဲ့၏။ သို့ရာတွင် ယခု အိမ်ထောင်ဖက် အနှောင်အဖွဲ့ ရှိနေသောကြောင့် ယင်းကြံရွယ်ချက်ကို ရုတ်တရက် အကောင်အထည် ဖေါ်ရန် မလွယ်ကူဘဲ ဖြစ်နေ၏။ ထို့ကြောင့် မိမိ၏ စိတ်ဆန္ဒကို ရက်လအတန်ကြာအောင် အောင့်အည်းမျိုသိပ်၍ နေရလေသည်။ အမှန်စင်စစ် သူသည် လူ့ဘဝတွင်တနေ့တရက်မျှ ပျော်ပိုက်ခြင်း မရှိချေ။

မိခင်ကြီး ကွယ်လွန်၍ ခြောက်လခန့် ကြာသောအခါ၌ကား ဘုရားလောင်းသည် မိမိ၏စိတ်ဆန္ဒကို ဆက်လက်မျိုသိပ်၍ မထားနိုင်တော့ချေ။ ထို့ကြောင့် ဇနီးဖြစ်သူအား ဖွင့်ဟပြောဆိုပြီး ရဟန်းပြုခွင့်ပေးရန် တောင်းဆိုလေသည်။

ထိုအခါ ဇနီးဖြစ်သူက "မောင်ရယ်....ကျမမှာကိုယ်ဝန်ရှိနေပါပြီ မွေးဖွားပြီးမှ သွားပါ"ဟု မျက်ရည်စက်လက်နှင့် တောင်းပန်၏။ ဘုရားလောင်းလည်း မငြင်းသာသဖြင့် ဆက်လက်စောင့်ဆိုင်းနေလေသည်။

ဇနီးဖြစ်သူသည် နေ့လစေ့လျှင် သားယောကျ်ားကလေးကို ချောမောစွာ မွေးဖွား၏။ ဘုရားလောင်းကား သားတည်းဟူသော နှောင်ကြိုးတမျှင် တိုးလာသော်လည်း ရဟန်းပြုရန် အကြံကို မလျှော့ချေ။ တောထွက်လိုကြောင်း ဇနီးအား ဒုတိယအကြိမ် ဖွင့်ဟ ပြောကြားပြန်၏။

"မောင်ရယ်၊ရှင့်သားလေးလူလားမြောက်အောင်စောင့်ပါဦး"

ဤသို့ ဇနီးဖြစ်သူက သားနှင့်များ၍ တားပြန်သောအခါ ဘုရားလောင်းခမျာ မလှုပ်သာပြန်တော့။ သို့နှင့်ပင် ဇနီးဖြစ်သူမှာ ဒုတိယကိုယ်ဝန် ရရှိလာပြန်၏။

ထိုအခါ ဘုရားလောင်းသည် ဇနီးသည်အား အသိပေးခြင်း မပြုတော့ဘဲ တိတ်တဆိတ် တောထွက်သွားလေ၏။ တောထဲသို့ ရောက်လျှင် ရသေ့ရဟန်းအသွင်ကို ယူ၍ သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ မကြာမီ ဈာန်အဘိညာဏ်တို့ကို ရရှိလေသည်။ သို့ဖြစ်၍ အချိန်ရှိသရွေ့ ဈာန်ချမ်းသာဖြင့်သာ ပျော်မွေ့နေသော ဘုရားလောင်းသည် “ငါကားဖြတ်နိုင်ခဲသောသော သားမယားအနှောင်အဖွဲ့ကို ဖြတ်တောက်နိုင်ခဲ့ပေပြီ”ဟု တွေးတောစဉ်းစားကာ ဥဒါန်းစကားများကို မကြာခဏ ကျူးရင့်မြွက်ဆို နေလေသည်။

ဗုဒ္ဓသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး သားမယားတို့အပေါ်၌ တွယ်တာချစ်ခင်ကြခြင်းသည် ထိပ်ဘုံး၊ သံခြေချင်း၊ လျှော်ကြိုးတို့ထက် အဆပေါင်း ထောင်သောင်းမက ပို၍ခိုင်မြဲသော နှောင်ကြိုးဖြစ်ကြောင်း ဟောကြားဆုံးမတော်မူသည်။

၂၄·တဏှာဝဂ်၊ ၄·ဗန္ဓနာဂါရ ဝတ္ထု။



# ခေါင်းပုံဖြတ်သမား

ဗုဒ္ဓ၏အနွယ်တော်ဖြစ်သော သာကီဝင် မင်းမျိုးမှ ရဟန်းပြုသည့်ပုဂ္ဂိုလ်ပေါင်းရှစ်သောင်းကျော် ရှိသည့်အနက် ရှင်ဥပနန္ဒသည် တပါးအပါအဝင်ဖြစ်၏။ ရှင်ဥပနန္ဒသည် ရုပ်ရေ ရူပကာ တင့်တယ် ခန့်ညားသည်သာမက အသံသြဇာနှင့်လည်းပြည့်စုံ၏။ တရားဟောကောင်းသည့် ဓမ္မကထိက တပါးလည်း ဖြစ်ပေသည်။ ထို့ကြောင့် ရှင်ဥပနန္ဒအား ကြည်ညိုသူအထူးပေါများ၏။ ထိုအထဲတွင် မာတုဂါမများကား ပို၍ပင်ကဲကြလေသည်။

တနေ့သ၌ ရှင်ဥပနန္ဒ၏ တရားကို ကြားနာရသော သူဌေးသား တယောက်သည် ရှင်ဥပနန္ဒအား အလွန်ကြည်ညို လှသဖြင့် ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားလေသည်။

"အရှင်ဘုရား အလိုရှိတဲ့ ပစ္စည်းကို အချိန်မရွေး အမိန့်ရှိပါ။ တပည့်တော်လှူပါမည်"

ထိုစကားကိုကြားလျှင် ရှင်ဥပနန္ဒသည် အကြွေး မထားဘဲ ချက်ခြင်းပင် အလှူခံလေသည်။

"ဒါယကာ....သို့ဖြစ်လျှင် သင့်ကိုယ်မှာ ဝတ်ဆင် ထားတဲ့ အဝတ်နှစ်ထည်ထဲက တထည်ကိုငါ့အား လှူခဲ့လော့"

"အရှင်ဘုရား....တပည့်တော် အိမ်ပြန်ပါရစေဦး အိမ်ပြန် ရောက်တဲ့အခါ သည်ထက်ကောင်းတဲ့ အထည်ကို တပည့်တော် ပို့လှူလိုက်ပါမည်။"

"ဒါယကာ....သည်ထက်ကောင်းတဲ့ အထည်ကို ငါမလိုချင်၊ သည်အထည်ကိုသာ ငါလိုချင်၏"

"အရှင်ဘုရား တပည့်တော်လို သူဌေးသား တယောက်ဟာ အဝတ်တထည်ထဲနဲ့ သွားရန် မသင့်တော်ပါ။ လူအများကဲ့ရဲ့ ကြပါလိမ့်မည်။ အရှင်ဘုရားလိုချင်တဲ့ အဝတ်ကို အိမ်ရောက်မှ တပည့်တော် ပို့လှူလိုက်ပါမည်။"

ဤသို့ သူဌေးသားကတောင်းပန်သော်လည်းရှင်ဥပနန်ကား အလျှော့မပေး "မလှူချင်လျှင်ဘာ့ကြောင့်ဖိတ်သလဲ" ဟုဆိုပြီး အတင်း အလှူခံ၍နေလေသည်။ ထိုအခါ သူဌေး သားသည် ပတတ်သာတော့သဖြင့် မိမိကိုယ်မှ အပေါ်ရုံအဝတ်ကို ချွတ်၍ လှူခဲ့ရလေသည်။

အဝတ် တထည်တည်းဖြင့် ပြန်လာသော သူဌေးသားကို လမ်းမှ လူများမြင်လျှင် "အရှင်သူဌေးသား....ဘယ်လိုဖြစ်လာ သလဲ" ဟု မေးမြန်းကြ၏၊ သူဌေးသားက အကျိုးအကြောင်းကို ပြောပြသောအခါ ထိုလူတို့သည် ရဟန်းများကို ကဲ့ရဲ့ကြ လေသည်။

"ရဟန်းတွေဟာ တယ်ကြောက်စရာ ကောင်းပါလား။ ကိုယ်မှာဝတ်ထားတဲ့ အဝတ်ကိုတောင်ချွတ်ပြီး အလှူခိုင်းသတဲ့"

ဤသို့ လူတို့က ကဲ့ရဲ့ကြပုံကိုရဟန်းများကတဆင့် လျှောက်ထားကြသဖြင့် ဗုဒ္ဓရှင်တော်မြတ် ကြားသိလေသော်။ ဗုဒ္ဓသည် ရှင်ဥပနန်ကို ခေါ်၍ ကဲ့ရဲ့ ရှုတ်ချတော်မူသည်။ "ရဟန်း များသည်ဆွေမျိုးမတော်သည့် ဒကာ ဒကာမတို့ထံမှ အဝတ်သင်္ကန်းကိုတောင်းရမ်းခြင်းမပြုရ" ဟူ၍လည်း ဝိနည်းဥပဒေ တရပ်ကို ပညတ်တော်မူလေသည်။

ရာဇဂြိုဟ်မြို့မှ ဒကာတဦးသည် ရှင်ဥပနန်အား အလွန်ကြည်ညို၏။ သူ့အိမ်သို့ အမြဲဆွမ်းစားကြွရန် ပင့်ဖိတ်ထား၏။ အိမ်၌ ဟင်းလျာကောင်းချက်သည့် အခါတိုင်းလည်း ရှင်ဥပနန်အတွက် ချန်ထားလေ့ရှိ၏။

တနေ့သ၌ ထိုဒကာ အိမ်တွင် အမဲသား ဟင်း ချက်ရာ ရှင်နပနန်အတွက် ဟင်းတခွက်ခပ်၍ ချန်ထားလေသည်။ထိုဒကာ၏ သားငယ်သည် နံနက်စောစော အိပ်ရာမှထလျှင် အမဲသား ဟင်း စားချင်သောကြောင့် တငိုငိုဖြစ်၍နေသည်။ အမျိုးမျိုး ချော့သော်လည်း၊ မရသည့်အဆုံးဝယ် ချန်ထားသည့်အမဲသား ဟင်းကို ကလေးအား ကျွေးလိုက်ရလေသည်။

ရှင်ဥပနန် ဆွမ်းခံ ကြွလာသည့် အခါ ထိုဒကာ သည် အကြောင်းစုံကို ဖွင့်ဟလျှောက်ထားပြီး ယခု အရှင်ဘုရား နှစ်သက်တဲ့ ဟင်းလျာကို မိန့်ကြားတော်မူပါ၊ တပည့်တော် ဝယ်ယူဆက်ကပ်ပါမည်ဟု လျှောက်တင်လေသည်။

ထိုအခါ ရှင်ဥပနန်က "ဒါယကာ သို့ဖြစ်လျှင် တစုံတရာ ဝယ်ခြမ်းမနေနှင့် ထိုငွေကိုသာ ငါ့အားလှူလိုက်လော့" ဟုမိန့်ကြား၍ ငွေကို အလှူခံသွားလေသည်။

ဤသို့ ငွေကို အလှူခံသွားသည့် အတွက် ထိုဒကာသည် ရှင်ဥပနန် အပေါ်ဝယ် အတော်ပင် မကျေမနပ် ဖြစ်သွား၏။ "ရဟန်းဖြစ်လျက် အဘယ့်ကြောင့် ငွေကိုကိုင်တွယ်ဘိသနည်း" ဟု ရှုတ်ချလေသည်။ ဤအကြောင်းကို ဗုဒ္ဓ ကြားသိတော်မူလျှင် "ရဟန်းများသည် ရွှေငွေကိုကိုင်တွယ်ခြင်း၊ ခံယူခြင်းမပြုရ" ဟု ပညတ်တော်မူလေသည်။

တခါသော် ရှင်ဥပနန်သည် ခရီးသွားရန်ရှိနေ၏။ ခရီးသွားသည့်အခါ မိမိ၏ ထီးဘိနပ်များကို ကိုင်ဆောင်ရန် အတွက် ရဟန်းငယ် တပါးကို နောက်လိုက် အဖြစ် ခေါ်လေသည်။ ရဟန်းငယ်က မိမိတွင်ဝတ်ဆင်ရန် သင်္ကန်း မလုံ့လောက်သောကြောင့် မလိုက်လိုကြောင်း ငြင်းပယ်သည်။ ထိုအခါ ရှင်ဥပနန်သည် ရဟန်းငယ်အား သင်္ကန်းတထည်ပေးပြီး လိုက်ရန်အတင်းခေါ်ပြန်၏။ ရဟန်းငယ်လည်းသင်္ကန်းရသဖြင့် "လိုက်ပါမည်" ဟု ကတိပေးလိုက်ရလေသည်။

သို့သော်လည်း ရှင်ဥပနန် ခရီးမထွက်ဖြစ်သေးမီ အချိန်အတွင်းမှာပင် ဗုဒ္ဓရှင်တော်မြတ် ဒေသစာရီ ကြွချီတော်မူမည် ဟူသော သတင်းတရပ် ထွက်ပေါ်လာသည်။ ထိုအခါ ရဟန်းငယ်သည် ဗုဒ္ဓနှင့်အတူလိုက်ပါလိုစိတ် ဖြစ်ပေါ်လာသဖြင့် "အရှင်ဘုရားနောက် တပည့်တော် မလိုက်လိုတော့ပါ" ဟု ရှင်ဥပနန်အား လျှောက်ထားလေသည်။

ရဟန်းငယ်၏ စကားကိုကြားလျှင် ရှင်ဥပနန်သည် စိတ်ဆိုးမာန်ဆိုးဖြင့် “ဒီလိုဆို ငါ့သင်္ကန်းကိုပြန်ပေး”ဟု ဆိုကာ မိမိပေးထားသည့် သင်္ကန်းကို အတင်းလုယူလေသည်။

ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ် ကြားသိလျှင် “ရဟန်းများသည် မိမိက သူတပါးအား ပေးထားသည့် သင်္ကန်းကို စိတ်ဆိုးပြီး လုမယူရ”ဟု ပညတ်ချက် ထုတ်ပြန်ရပြန်သည်။

တရံရောအခါ၌လည်း ရှင်ဥပနန်အား ကြည်ညိုသော သာဝတ္ထိမြို့သား ဒကာတဦးသည် ခရီးသွားခါနီးတွင် အိမ်ရှင်မအား ဤသို့ မှာကြားခဲ့လေသည်။

“ရှင်မ.... အိမ်မှာရှိတဲ့ ချည်တွေကို ရက်ကန်းသည်ထံ အပ်ပြီး သင်္ကန်းတထည် အရက်ခိုင်းပါ။ ငါပြန်ရောက်တဲ့အခါ ရှင်ဥပနန္ဒကို လှူကြရအောင်”

ဤသို့ လင်ဖြစ်သူက မယားအား မှာကြားနေသည့်စကားကို ဆွမ်းခံကိုယ်တော်တပါးက ကြားသဖြင့် ဆွမ်းခံရာက အပြန်တွင် ရှင်ဥပနန်ထံ သွား၍ သတင်းပို့လေသည်။

ထိုရက်ကန်းသည် မှာလည်း ရှင်ဥပနန် နှင့် ရင်းနှီးသော ဒကာဖြစ်သောကြောင့် သတင်းစကားကြားလျှင်ပင် ရှင်ဥပနန္ဒသည် ထိုရက်ကန်းသည်ထံသွား၍ သူ့ သင်္ကန်းကို ကောင်းကောင်းရက်ပေးရန် စီမံဆော်ဩခြင်း ပြုလေသည်။

“ဒကာ....ဒီသင်္ကန်းဟာ ငါ့အတွက် အရက်ခိုင်းတဲ့ သင်္ကန်းဖြစ်တယ်။ ဒါကြောင့် အလျားအနံကောင်းကောင်း အသားလဲ ကျစ်ကျစ်လစ်လစ် ထူထူထဲထဲဖြစ်အောင် ရက်ပေးပါ။

ရှင်ဥပနန် စီမံမှာကြားသည့်အတိုင်း ရက်ရသဖြင့် ပေးထားသောချည်ဖြင့် မလုံလောက်တော့ချေ။ ထို့ကြောင့် ရက်ကန်း

သည်သည့် အလှူရှင်မထံသွား၍ အကျိုးအကြောင်းကို ပြောပြကာ ချည်များကို တောင်းရပြန်သည်။ အလှူရှင်မကလည်း လုံလောက်သည်အထိ ချည်များကို ပေးလိုက်၏။

ရှင်ဥပနန်သည် သင်္ကန်း ဒါယကာ ပြန်လာမည့် သဘင်းကို သာ နားစွင့်နေ၏။ တနေ့သ၌ ထိုဒကာ ပြန်ရောက် လာပြီဟု ကြားလျှင် ချက်ခြင်းပင် ထိုဒကာအိမ်သို့သွားလေသည်။

ထိုဒကာလည်း ရှင်ဥပနန်ကို မြင်လျှင် သင်္ကန်းကို သတိရ၍ အိမ်ရှင်မအား သင်္ကန်းရက်ပြီးပြီလောဟုမေး၏။ သင်္ကန်းရက်ပြီးကြောင်း သိရလျှင် ချက်ခြင်းပင်ယူဆောင်စေပြီး ရှင်ဥပနန်အား လှူဒန်းလိုက်လေသည်။

ရှင်ဥပနန် ပြန်ကြွသွားသောအခါ မယားဖြစ်သူက ရှင်ဥပနန်၏ အစီအမံကြောင့် သင်္ကန်းအတွက် ချည်ပို၍ ကုန်ခဲ့ရပုံများကို ဖွင့်ဟပြောကြားလေသည်။ထိုအခါ ထိုဒကာသည်ရှင်ဥပနန္ဒအပေါ်၌ ထားရှိခဲ့သော သဒ္ဓါတရား ပျက်ပြား၍ ကဲ့ရဲ့ ပြစ်တင်စကား ပြောဆိုလေသည်။

"ရဟန်းများသည် လောဘရမက် ကြီးလှကုန်၏။သူတို့အား တစုံတခုလှူရန်ပင် မလွယ်၊ ရှင်ဥပနန်သည် သူ့အား ဖိတ်မန္တက ပြုထားခြင်း မရှိပါဘဲလျက် သင်္ကန်း ရက်ရာတွင် ဝင်ရောက် ခြယ်လှယ်ဘိ၏။"

ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ် ကြားသိလျှင် ရှင်ဥပနန်အား ကဲ့ရဲ့ ပြစ်တင်ပြီး ရဟန်းများသည် မိမိအား ဖိတ်မန္တက ပြုထားခြင်းမရှိဘဲ သင်္ကန်းရက်ရာတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် တားမြစ်တော်မူရပြန်သည်။

တနေ့သ၌ ရှင်ဥပနန်သည် ရဟန်းငယ်တပါးကို နောက်လိုက်အဖြစ် ခေါ်၍ မြို့ထဲသို့ ဆွမ်းခံ ဝင်လေသည်။ မြို့ထဲသို့ ရောက်သောအခါ သူသည် အကြံတမျိုး ပေါက်လာ၏။ မာတုဂါမများနှင့် တွေ့လျှင် ထိကပါး ရိကပါးပြောတတ်သည့် ဝသီရှိသူဖြစ်သည့်အတိုင်း အဖော်ရဟန်းပါနေလျှင် သူပြောချင်ရာ ပြောရတော့မည်မဟုတ်ဟု စဉ်းစားမိလာ၏။ ထို့ကြောင့်ရဟန်းငယ်အား "ငါ့ရှင်....သင်ဒီကဘဲ ပြန်ပေတော့၊ သင် ပါနေရင် ငါ့မှာ သွားရ လာရလွတ်လပ်မှုမရှိ"ဟုဆို၍ ပြန်လွှတ်လိုက်လေသည်။ ရဟန်းငယ် စားရန် ဆွမ်း၊ ကွမ်း တစုံ တရာ ကိုမျှလည်း မပေးလိုက်ချေ။

ရဟန်းငယ်သည် တခြားသို့ ဆွမ်းခံ လှည့်ရန် အချိန်မရှိတော့သဖြင့် ကျောင်းသို့ပြန်သွားရာ ကျောင်းတွင်လည်း ဆွမ်းစားမမှီတော့ချေ။ ထို့ကြောင့် ဆွမ်းတနပ် အချောင်ငတ်ရလေတော့သည်။

ရဟန်းငယ်သည် ဤအကြောင်းကို အခြားရဟန်းများအား ပြော ကြား၏။ ထိုရဟန်းများမှတဆင့် ဗုဒ္ဓ၏ နားတော်သို့ ပေါက်ကြားသွားရာ ဗုဒ္ဓက ရဟန်းများသည် အခြား ရဟန်းတပါးကို ဆွမ်းခံခေါ်သွားပြီး သင့်လျော်သော အကြောင်းမရှိဘဲ ပြန်မလွှတ်ရဟု ပညတ်တော်မူရလေသည်။

ရှင်ဥပနန်သည် မာတုဂါမများနှင့် အကျွမ်းတဝင် ဆက်ဆံနေထိုင်တတ်၏။ မာတုဂါမများကလည်း သူ့ကို တရင်းတနှီး ကိုးကွယ်ဆည်းကပ်ကြ၏။ ထို့ကြောင့် မာတုဂါမများနှင့် ပတ်သက်သော ပညတ်ချက် အတော်များများသည် ရှင်ဥပနန်ကို အကြောင်းပြု၍ပေါ်ပေါက်ခဲ့ရလေသည်။

တခါက ရှင်ဥပနန်သည် လူ့ဘဝက မိမိ၏ မိတ်ဆွေဖြစ်ခဲ့သော သူကြွယ်တဦးအိမ်သို့ ဆွမ်းခံ ကြွသွား၏။ ထိုအိမ်မှာ သူမကြာခဏ ဝင်ထွက်နေကျဖြစ်၍ လင်ရော မယားပါ သူနှင့်ရင်းနှီးနေ၏။ ထိုအချိန်တွင် လင်ယောကျ်ားမှာ အပြင်တွင် အလုပ်တခု လုပ်နေပြီး ,မယားမှာမူ အတွင်းခန်း၌ ရှိနေသည်။ ရှင်ဥပနန်သည် အတွင်းခန်းသို့ တိုက်ရိုက်ဝင်သွားပြီး သူကြွယ်မနှင့် နှစ်ကိုယ်ကြား စကားပြော၍နေလေသည်။

သူကြွယ်သည် ရှင်ဥပနန် ရောက်ရှိနေမှန်းသိ၍ အိမ်ထဲသို့ဝင်လာရာ ရဟန်းနှင့် မိန်းမ နှစ်ကိုယ်ကြား စကား ပြောနေသည်ကို တွေ့ရ၍ များစွာ အခံရခက်နေ၏။ ထို့ကြောင့်ရှင်ဥပနန်အမြန်ပြန်ကြွစေရန် သူ့သပိတ်တွင် ဆွမ်းလောင်းလှူစေပြီး 'အရှင်ဘုရားဆွမ်းစားချိန်နီးပါပြီကြွပါတော့လော'ဟု လျှောက်တင်၏။ သို့သော် သူကြွယ်မကား ရှင်ဥပနန် ပြန်မကြွစေရန် ကာဆီး ကာဆီးလုပ်နေ၏။ စင်စစ်သူကြွယ်သည် သူကြွယ်မနှင့် လင်မယားတို့ဘာဝ လွတ်လွတ်လပ်လပ်နေလိုသည့်ဆန္ဒကြောင့်လည်းရှင်ဥပနန်အား အမြန် ပြန်စေလိုခြင်းဖြစ်၏။ သို့ရာတွင် မယားဖြစ်သူက ကာဆီး ကာဆီးလုပ်နေသည့်အတွက် ရှင်ဥပနန်ကလည်း တမင်အခွင့်အရေးယူကာ မပြန်ဘဲနေရာ ထိုသူကြွယ်မှာ မခံမရပ်နိုင်ဖြစ်လျက် ပြစ်တင် ရှုတ်ချရုံမှတပါး မည်သို့မျှမတတ်နိုင် တော့ချေ။

ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ် ကြားသိတော်မူလျှင် ရဟန်းများသည် လင်ကိုယ်မယား နှစ်ဦး၏ အိပ်ခန်းထဲသို့ မဝင်ရဟု တားမြစ်တော်မူသည်။

ဤသို့ဖြစ်ပျက်ပြီးနောက်ပိုင်း၌လည်းရှင်ဥပနန္ဒနှင့်ထိုသူကြွယ်မ၏ ဆက်ဆံရေးမှာ ရပ်တန့်မသွားချေ။ အခွင့်အခါ ရတိုင်း နှစ်ဦးချင်း ပူးပူးကပ်ကပ်နေထိုင် ပြောဆို နေကြသည်သာဖြစ်၏။ ရှင်ဥပနန္ဒသည် ဗုဒ္ဓ၏ ပညတ်ချက်ကြောင့် အိပ်ခန်းထဲသို့မဝင်တော့သော်လည်း အိမ်ရှေ့ခန်း၌ သော်၎င်း၊ အိမ်ခြံဝင်းအတွင်း၌သော်၎င်း ထိုသူကြွယ်မနှင့် နှစ်ယောက်ချင်း နေထိုင်ပြောဆိုမှုများကို ဆက်လက်ပြုလုပ်နေလေသည်။ ဤသို့နေထိုင်ကြသည်ကို မြင်ရလျှင် သူတို့နှစ်ဦးအပေါ်၌ သူကြွယ်၏သံသယစိတ်များ ပိုမိုကြီးမားလာလေသည်။ သို့သော်လည်းကိုယ့်မယားကိုမနိုင်သဖြင့် မည်သို့မျှ မတတ်နိုင်တော့ချေ။ ရှင်ဥပနန္ဒကိုသာတဖက်သပ် မဲ၍ ပြစ်တင်ရှုတ်ချ လေတော့သည်။ ထို့ကြောင့်ဗုဒ္ဓကလည်း ရဟန်းများသည် ဆိတ်ကွယ်ရာအရပ်၌ မာတုဂါမနှင့် နှစ်ယောက်ချင်း မနေရဟု စည်းကမ်းချက် ထုတ်ရ ပြန်လေသည်။

ရှင်ဥပနန္ဒသည် မင်းမျိုးမင်းနွယ်မှ ထွက်လာသူဖြစ်၍ အဝတ်ကောင်း အစားကောင်းကို ခုံမင်နှစ်သက်၏။ သန့်ပြန့်ခန့်ညားသော နေရာထိုင်ခင်းဖြင့် နေထိုင်လေ့ရှိ၏။ ထို့ကြောင့် သူ၏ အိပ်ရာကုတင်မှာ အခြားရဟန်းတို့ထက် ပိုမိုမြင့်မားသော ခြေတံရှည် ညောင်စောင်းဖြစ်လေသည်။

တနေ့သ၌ ဗုဒ္ဓသည်ဇေတဝန် ကျောင်းတိုက်အတွင်း၌ လှည့်လည် ကြည့်ရှုတော်မူရာမှ ရှင်ဥပနန္ဒ၏ ကျောင်းရှေ့သို့ရောက်သွားလေ၏၊ ထိုအချိန်တွင် ရှင်ဥပနန္ဒသည် မိမိ၏ ညောင်စောင်းပေါ်၌ အခန့်သား လဲလျောင်း၍ နေလေသည်။ သူ၏ညောင်

စောင်းသည် တံခါးပေါက် တည့်တည့်တွင် ရှိသောကြောင့် ကျောင်းရှေ့မှ ကောင်းစွာ မြင်ရ၏။

သူသည် ဗုဒ္ဓအား လှမ်း၍မြင်လိုက်သည်နှင့် အိပ်ရာမှ ကဗျာကယာထပြီး "အရှင်ဘုရား....တပည့်တော်၏ ညောင်စောင်းသို့ ကြွ၍ ခေတ္တအပန်းဖြေတော်မူပါလော့"ဟု လျှောက်တင်လေသည်။

ဗုဒ္ဓသည် ရှင်ဥပနန္ဒ၏ ညောင်စောင်းကို တချက်မျှ စူးစိုက်စွာကြည့်တော်မူပြီး မည်သို့မျှ ပြန်လည်မိန့်ကြားခြင်းမပြုဘဲ ရှေ့သို့သာ ခရီးဆက်၍ ကြွတော်မူ၏။ ရှင်ဥပနန္ဒကား တအံ့တသြ ငေးမောရင်း ကျန်ရစ်ရှာလေ၏။

ဂန္ဓကုဋိကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓသည် ရဟန်းတို့အား—

"ရဟန်းတို့....မဂ်ဖိုလ်မှအချည်းနှီးဖြစ်သော ပုဂ္ဂိုလ်များကို သူတို့၏ အနေအထိုင်ဖြင့်ပင် သိနိုင်ပေ၏။" ဤသို့မိန့်ကြားတော်မူပြီးရှင်ဥပနန်ကိုကဲ့ရဲ့ရှုတ်ချတော်မူ၏။ ခြေထောက် လက်ရှစ်သစ်ထက် ပို၍မြင့်သော ညောင်စောင်းကို မပြုလုပ်ရဟူ၍လည်း ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူလေသည်။

ရှင်ဥပနန်သည် အဟောအပြော ကောင်းလှသောကြောင့် လူပုဂ္ဂိုလ်များသာမက ရဟန်းအချင်းချင်းပင် သူ့ကိုကြည်ညိုကြ အထင်ကြီးကြ၏။ "ရဟန်းဆိုဘာ အလိုနည်းရမယ်၊ ရောင့်ရဲလွယ်ရမယ်" စသဖြင့် ဟောပြောသော သူ့တရားကို နာယူရသောအခါ ရဟန်းများသည် အမှန်ပင်တရားရ၍ မိမိတို့၏ သင်္ကန်း ပရိက္ခရာများကို စွန့်ပစ်ပြီး တောရဆောက်တည်ခြင်း၊ ဓုတင်ကျင့်ခြင်းများ ပြုလုပ်ကြ၏။ သို့သော် ရှင်ဥပနန်ကား ထိုရဟန်း

များ စွန့်ပစ်သည့် သက်န်းပရိက္ခရာတို့ကို မိမိကိုယ်တိုင် ကောက်ယူ သိမ်းဆည်းလေသည်။

ဤသို့ဖြင့် ရှင်ဥပနန္ဒသည် သူတပါးကိုသာ ဟောပြောညွှန်ကြားပြီး မိမိကိုယ်တိုင်ကား ဘာမျှ မည်မည်ရရ ကျင့်ကြံသူမဟုတ်။ အလိုရမက်ကြီးလှသဖြင့် သူတပါးပစ္စည်းကို မတရားခေါင်းပုံဖြတ်၍ ယူတတ်သော အကျင့်ဆိုး ရှိသူလည်း ဖြစ်လေသည်။

တခုသော ဝါဆိုဦးကာလဝယ် ရှင်ဥပနန္ဒသည် ပစ္စည်းလေးပါး ပေါများသည့် ကျောင်း၌ ဝါကပ်လိုသဖြင့် မြို့ကျောင်းမှ ထွက်ခွာ၍ တောရွာများသို့ လှည့်လည်လေသည်။ ရွာကျောင်းတကျောင်းသို့ ရောက်သောအခါ တရားဟောကောင်းသော ရှင်ဥပနန္ဒအား ကျောင်းခံ ရဟန်းတို့က ကြည်ညိုလှသဖြင့် "အရှင်ဘုရား.... တပည့်တော်တို့ ကျောင်းမှာ ဝါဆိုပါ"ဟု လျှောက်ထား တောင်းပန်ကြလေသည်။

ထိုအခါ ရှင်ဥပနန္ဒက မိမိလိုဘကို ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော် မေးမြန်းလေသည်။

"ငါ့ရှင်တို့ ကျောင်းမှာ ဝါဆိုရင် ဝါဆိုသင်္ကန်းဘယ်လောက်ရမလဲ"

"တပါးတထည်စီ ရတတ်ပါတယ် ဘုရား"

ထိုစကားကိုကြားလျှင် ရှင်ဥပနန္ဒသည် ထိုကျောင်း၌မိမိဘိနပ်တရံကို ထားခဲ့ပြီး တပါးသောကျောင်းသို့ သွားပြန်၏။ ထိုဒုတိယကျောင်းမှရဟန်းများကလည်း ရှင်ဥပနန္ဒအား မိမိတို့ကျောင်း၌ဝါဆိုရန် တောင်းပန်ကြပြန်၏။ ထိုကျောင်း၌ ဝါဆိုလျှင် သင်္ကန်းတစုံစီ ရမည်ဟု သိရှိရသောအခါ ရှင်ဥနန္ဒသည် ယင်း

ကျောင်း၌ မိမိတောင်ဝှေးကို ထားခဲ့ပြီး နောက်တကျောင်းသို့ သွားပြန်သည်။ တတိယကျောင်း၌ သက်န်းသုံးထည်ရမည်ဟု သိရလျှင် ရေဗူးကိုထားခဲ့ပြီး စတုတ္ထကျောင်းသို့ သွားပြန်လေသည်။

ထိုစတုတ္ထကျောင်း၌ကား အတည်တကျပင် ဝါဆိုလေတော့သည်။ အကြောင်းကား ဝါဆိုသင်္ကန်း လေးထည်ရမည်ဟု ဆိုသောကြောင့် ပင်တည်း။

ဝါကျွတ်သောအခါ ထိုရွာမှလူတို့သည် ရှင်ဥပနန်အား သင်္ကန်းလေးထည်နှင့်တကွ များစွာသော လှူဘွယ်ပစ္စည်းများဖြင့်လည်း လှူဒါန်း ပူဇော်ကြလေသည်။ သို့သော် ရှင်ဥပနန်ကား ထိုမျှဖြင့် ရောင့်ရဲခြင်းမရှိ။ ဘိနပ်၊ တောင်ဝှေးနှင့် ရေဗူး ထားခဲ့သည့် ကျောင်းများမှလည်း မိမိဝေစုဖြစ်သော ဝါဆိုသင်္ကန်းများကို တောင်းယူပြီး လှည်းတစီးဖြင့် သင်္ကန်းပရိက္ခရာများ အပြည့်တင်ဆောင်ကာ သာဝတ္ထိပြည်သို့ ထွက်ခဲ့လေသည်။

လမ်းခရီး အကြားရှိ ရွာကျောင်း တကျောင်းသို့ ရောက်သောအခါ ထိုကျောင်း၌ နေသော ရဟန်းငယ် နှစ်ပါး တို့က မိမိတို့၏အငြင်းပွါးမှု တရပ်ကို ဆုံးဖြတ်ပေးရန် ရှင်ဥပနန်အား တောင်းပန်ကြလေသည်။ ထိုရဟန်းငယ်နှစ်ပါး၏ အငြင်းပွါးမှုကား အခြားမဟုတ်၊ ဝါဆိုသင်္ကန်း ခွဲဝေရေးပင်ဖြစ်၏။ သူတို့ ၂–ပါးနေသောကျောင်းအတွက် ဝါဆိုသင်္ကန်းသုံးထည်ရရှိရာ နှစ်ထည်မှာ အကြမ်းထည်များဖြစ်ပြီး ကျန်တထည်မှာမူ သိုးမွေးသကလပ်ထည်ဖြစ်လေသည်။ ယင်းသုံးထည်ကိုမိမိတို့နှစ်ပါး အညီအမျှဖြစ်အောင် မည်သို့ ခွဲဝေရမည် မသိသောကြောင့် ရှင်ဥပနန်အား အကူအညီ တောင်းကြခြင်း ဖြစ်လေသည်။

ထိုအခါ ရှင်ဥပနန်သည် ရဟန်းငယ်နှစ်ပါးအား "ငါ့ရှင်တို့ သင်တို့ ၂-ပါးစလုံး ငါ့စကားကို နာယူကြမည်လော"ဟုမေး မြန်းလေသည်။ "နာယူကြပါမည်"ဟုဝန်ခံလျှင် အကြမ်းထည် နှစ်ခုကို တပါးလျှင် တထည်စီ ခွဲဝေပေး၏။ သကလပ်ထည်ကိုမူ တရားဆုံးဖြတ်သူ ရထိုက်ပေသည်ဟု ဆိုကာ သူကိုယ်တိုင် အပိုင် စီးခဲ့လေသည်။

ရှင်ဥပနန်၏ အပိုင်စီးခြင်းကိုခံကြရသော ရဟန်းငယ်နှစ်ပါး တို့သည် မကျေနပ်သဖြင့် ဇေတဝန် ကျောင်းတော်သို့ သွား၍ ဗုဒ္ဓအား လျှောက်တင်ကြ၏။ ဗုဒ္ဓက "ဥပနန်သည် ယခုဘဝ၌ သာ ဤသို့မတရားပြုသည်မဟုတ်၊ရှေးဘဝကလည်း ပြုခဲ့ဘူး၏" ဟုမိန့်ကြား၍ အတိတ်ကို ဆောင်တော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်း ပြု၍ ဘုရားလောင်းကားဂင်္ဂါမြစ်အနီးတခုသောသစ်ပင်၌ရုက္ခစိုး နတ်ဖြစ်လေသည်။ တနေ့သ၌ မြေခွေးတကောင်သည် မြေခွေးမ က လတ်ဆပ်သော ငါးကြင်းသားကို စားလိုသည်ဟု ဆိုသော ကြောင့် ငါးကြင်းသားကို ရှာဖွေရှင်း မြစ်ကမ်းနား၌ လှည့် လည်နေ၏

ထိုအခိုက်ဝယ် ရေတိမ်တွင်ကျက်စားသော ဖျံနှင့် ရေနက် တွင် ကျက်စားသော ဖျံတို့သည် ကြီးသောငါးကြင်းတကောင် ကိုဖမ်းဆီးရမိသဖြင့် အဝေမတည့်ဖြစ်နေကြ၏။ ထိုငါးကြင်းကို ရေနက်တွင် ကျက်စားသောဖျံက ဦးစွာဖမ်းမိပြီး သူတကောင် တည်း မနိုင်မနင်းဖြစ်နေစဉ် ရေတိမ်တွင် ကျက်စားသောဖျံက ဝင်ရောက်ကူညီခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ငါးကြင်းကို ခွဲဝေရာတွင် ရေနက်တွင် ကျက်စားသောဖျံက မိမိသည် ဦးစွာ ဖမ်းမိသူဖြစ်၍ ငါးကြင်း၏ ခေါင်းပိုင်းကို မိမိသာရထိုက်ကြောင်းပြောဆို၏။ ရေတိမ်တွင် ကျက်စားသောဖျံကလည်း မိမိမကူညီလျှင် ထိုငါးကို ရနိုင်မည် မဟုတ်သောကြောင့် ခေါင်းပိုင်းကို မိမိသာ ရထိုက် သည်ဟု ဆိုပြန်၏။

ဤသို့အငြေမတည့် ဖြစ်နေစဉ်ဝယ် မြေခွေးကို မြင်သောကြောင့် ငါးကြင်းကို ခွဲဝေပေးရန် မြေခွေးကို တောင်းပန်ကြလေသည်။ မြေခွေးက "သင်တို့နှစ်ဦးလုံး ငါ့စကား၌ တည်ကြမည်လော"ဟု မေးရာ ဖျံနှစ်ကောင်က "တည်ပါမည်"ဟု ကတိပေးကြသည်။

ထိုအခါ မြေခွေးသည် ငါးကြင်းကို သုံးပိုင်းပိုင်းပြီး အမြီးပိုင်းကို ရေတိမ်တွင် ကျက်စားသော ဖျံအားပေး၏။ ခေါင်းပိုင်းကို ရေနက်တွင် ကျက်စားသော ဖျံအား ပေး၏။ အလယ်ပိုင်းကိုမူ တရားဆုံးဖြတ်သူ ရထိုက်သည်ဟု ဆိုကာ သူကိုက်ချီပြေးလေသည်။

ဤသို့ ငါးကြင်းသားအလယ်ပိုင်းကို မြေခွေး ကိုက်ချီပြေးသည်ကို မြင်လျှင် ဖျံနှစ်ကောင်တို့သည် ငါတို့ကား အချင်းချင်းအငြင်းပွါးမိကြသည့် အတွက် ငါးကြင်း အလယ်ပိုင်းကို ဆုံးရှုံးကြရလေပြီ" ဟု စိတ်နှလုံးမသာမယာဖြင့် ကျန်ရစ်ခဲ့ကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အတိတ်ကို ဆောင်တော်မူပြီး ရှင်ဥပနန္ဒကိုကဲ့ရဲ့ ရှုတ်ချတော်မူ၏။ ထို့နောက် ရဟန်းမည်သည်

မိမိကိုယ်တိုင် မှန်ကန်သော အကျင့်သိက္ခာ၌ တည်ပြီးမှသာ အခြားသူများကို သွန်သင် ဟောကြားသင့်ကြောင်း ဆုံးမ ဩဝါဒစကား မိန့်ကြားတော်မူလေသည်။

ထိုအခါ သက်နိုး(သိက္ခာ)အတွက် အငြင်းပွါးခဲ့သော ရဟန်းငယ် နှစ်ပါးသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေ၏။

၁၂-အတ္တဝဂ်၊ ၂ ဥပနန္ဒထေရဝတ္ထုကို ဘိက္ခုဝိဘင်္ဂပါဠိ၊သတ္တကနိပါတ် ဒဗ္ဘပုပ္ဖဇာတ်တို့ဖြင့်ဖြည့်စွက်ရေးသားပါသည်။



# ဘဝသံသရာ

တနေ့သ၌ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူရာ လမ်းတွင် ဝက်မလေးတကောင်ကို တွေ့မြင်တော်မူသဖြင့် ပြုံးရယ်တော်မူ၏။ ရှင်အာနန္ဒာက "ဘာ့ကြောင့်ပြုံးရယ်တော်မူပါသလဲ" ဟု မေးလျှောက်လျှင် ဝက်မကလေးကို လက်ညှိုးညွှန်ပြတော်မူပြီး သူ၏ဇာတ်လမ်းကို ထုတ်ဖော် ဟောကြားတော်မူလေသည်။

"ချစ်သားတို့.... ဤဝက်မကလေးသည် ကကုသန် မြတ်စွာဘုရားလက်ထက်တွင် လူ့ဘဝမှစုတေပြီး ဆွမ်းစားကျောင်းတခုအနီး၌ ကြက်မလေးဖြစ်ခဲ့၏။ ထိုကြက်မကလေးသည် ကမ္မဋ္ဌာန်းတရားကို ပွားများရွတ်ဆိုသော ရဟန်းတပါး၏ တရားသံကို နားထောင်နေစဉ် သိန်းငှက်တကောင်၏ ထိုးသုတ်ခြင်း ခံရသဖြင့် သေဆုံးလေရာ ဥဗ္ဗရီအမည်ရှိသော မင်းသမီးဘဝသို့ ရောက်လေ၏။ ထိုမင်းသမီးသည် အရွယ်ရောက်သောအခါ ပရိဗိုဇ်မ ပြုလုပ်

၍ အသုဘကမ္မဋ္ဌာန်းကို ပွါးများသဖြင့် ပထမစျာန်ကို ရရှိခဲ့၏။ သူမ သေလွန်သောအခါ ဗြဟ္မာ့ပြည်၌ ဖြစ်ပြီး ဗြဟ္မာ့ပြည်မှ တဖန် လူ့ပြည်တွင် သူဌေးသမီးဖြစ်လာပြန်၏။ သူဌေးသမီးဘဝ မှတဖန် ဤဝက်မကလေးဘဝသို့ ရောက်လာခြင်း ဖြစ်ပေသည်။ ဤအကြောင်းများကို သိမြင်သဖြင့် ငါဘုရား ပြုံးရယ်ခြင်းဖြစ် ပေသည်။

ဗုဒ္ဓသည် ဤသို့ ဝက်မကလေး၏ ဘဝအမျိုးမျိုး၌ ကျင်လည် ခဲ့ပုံကို ထုတ်ဖေါ်ဟောကြားပြီး ဘဝတဏှာမကင်းသေးသူတိုင်း ဤသို့ပင် ကျင်လည်ရမည် ဖြစ်ကြောင်း ဆုံးမစကား မြွက်ကြား တော်မူလေသည်။

ထိုဝက်မကလေး၏ ဘဝသံသရာ ခရီးကား ဤမျှဖြင့် မပြီး ဆုံးသေးချေ။ သူမသည် ဒုဋ္ဌဂါမဏိ မင်းလက်ထက်တွင် သီဟိုဠ် ကျွန်း အနုရာဓမြို့၏ တောင်ဘက် ဘောက္ကန္တရွာ၌ သုမနာအမည် ရှိသော သူကြွယ်သမီး ဖြစ်လာ၏။

ထိုအချိန်တွင် အနုရာဓမြို့တော်တဝိုက်၌ ဒမိဠခေါ် ကျေး ကုလားတို့ သောင်းကျန်း တိုက်ခိုက်သောကြောင့် သုမနာတို့ မိသားစုသည် ဒီဃဝါပိနယ်သို့ ပြောင်းရွှေ့၍ မဟာမုနိရွာ၌ နေကြရ၏။ ယင်းသို့နေခိုက်တွင် အတိမ္ဗရ အမည်ရှိသော အမတ် တဦး ထိုရွာသို့ ဆိုက်ရောက်လေ၏။ သုမနာကို မြင်လျှင် မြင်ချင်း မေတ္တာသက်ဝင်သဖြင့် ကြီးကျယ်စွာ ထိမ်းမြားလက်ထပ်ခြင်း ပြုပြီး သူနေသည့် မဟာပုဏ္ဏရွာသို့ ခေါ်ဆောင်သွားလေသည်။

တနေ့သ၌ ထိုအမတ်ကြီးအိမ်သို့ တောင်စွန်းကျောင်းတိုက်မှ မဟာအနုရုဒ္ဓ အမည်ရှိသော မထေရ်သည် ဆွမ်းခံကြွလာ၏။ မထေရ်သည် ဆွမ်းထွက်လောင်းသော အမတ်ကတော်လေး

သုမနာကို မြင်လျှင် နောက်ပါရဟန်းတို့အား ဤသို့မိန့်ကြားလေ၏။

"ငါ့ရှင်တို့.... ဝက်မကလေးသည် အမက်ကတော် ဘဝသို့ ရောက်လာသည်မှာ အံ့ဩဘွယ်ကောင်းလေစွ"

ယင်းသို့ မိန့်ကြားသော မထေရ်၏စကားကိုကြားသောအခါ သုမနာအား အတိတ်ဘဝများကိုပြန်၍ သိမြင်နိုင်သည့် ဇာတိဿရဉာဏ်သည် ရုတ်တရက် ပေါ်ပေါက်လာ၏။ ထိုဉာဏ်ဖြင့် မိမိ၏ ဘဝဟောင်းများကို ပြန်ပြောင်းဆင်ခြင်လေသော် ထိတ်လန့်ကြောက်ရွံ့သော သံဝေဂဉာဏ် ဖြစ်ပေါ်လာသဖြင့် အမက်ကြီးထံတွင် ခွင့်တောင်းပြီး ဘိက္ခုနီ ပြုလုပ်လေသည်။

ထို့နောက် သူမသည် သတိပဋ္ဌာနသုတ်ကို ကြားနာရသဖြင့် အာနာပါန ကမ္မဋ္ဌာန်းကို ရှုမှတ်ပွါးများရာ မကြာမီ သောတာပန်အဖြစ်သို့ ရောက်လေ၏။ ထိုအချိန်တွင် ဒုဋ္ဌဂါမဏိမင်းသည် ကျေးကုလားတို့ကို အောင်မြင်စွာ နှိမ်နင်း တိုက်ခိုက်သဖြင့် အနုရာဓ နယ်တဝိုက်တွင် အေးချမ်းငြိမ်သက်၍ လာ၏။ ထိုအခါ သုမနာ ဘိက္ခုနီမသည် မိမိဇာတိဖြစ်သော ဘောက္ကန္တရွာသို့ ပြန်၍ သီတင်းသုံးလေသည်။ ယင်းသို့ သီတင်းသုံးနေစဉ် အာသိဝိသောပမသုတ်ကို ကြားနာရသဖြင့် ရဟန္တာမအဖြစ်သို့ ဆိုက်ရောက်လေသည်။

သုမနာထေရီမသည် ဘောက္ကန္တရွာကျောင်း၌ သက်တန်းဆုံးအောင် နေထိုင်ပြီး ပရိနိဗ္ဗာန် ပြုခါနီးဆဲဆဲအချိန်တွင် မိမိဘဝဟောင်းက အဖြစ်အပျက်များကို ပရိသတ်အလယ်၌ ထုတ်ဖေါ်ပြောကြားလေ၏။

သူမသည် ကကုသန် ဘုရားလက်ထက် လူ့ဘဝမှစ၍ ကြက်မ၊ မင်းသမီး၊ ဗြဟ္မာ၊ သူဌေးသမီး ဟူ၍ ငါးဘဝ ကျင်လည်ပြီး ဗုဒ္ဓလက်ထက်၌ ဝက်မကလေးဖြစ်ခဲ့ရ၏။ ဝက်မကလေးဘဝမှ သေသောအခါ သုဝဏ္ဏဘူမိတိုင်း၌ မင်းသမီးဖြစ်ပြန်၏။ ထို့နောက် ဗာရာဏသီပြည်၌ရှင်း၊ ဝနဝါသီတိုင်း၌ရှင်း တကြိမ်စီ အမျိုးသမီးဖြစ်ပြန်လေ၏။ ထိုမှတဖန် သုပ္ပါရက ဆိပ်ကမ်းမြို့၌ မြင်းကုန်သည်၏သမီး တကြိမ်နှင့် ဘောဂိရဆိပ်ကမ်းမြို့၌ သင်္ဘော သူကြီး၏ သမီးတကြိမ် ဖြစ်လေသည်။ ထို့နောက် သီဟိုဠ်ကျွန်း အနုရာဓမြို့တွင် မင်းမျိုး၌တကြိမ်ဖြစ်ပြီး ယခုနောက်ဆုံးဘဝတွင် ဘောက္ကန္တရွာ၌ သူကြွယ်သမီးအဖြစ်သို့ ရောက်လာခြင်း ဖြစ်ပေ သည်။

ဤသို့ဖြင့် သုမနာထေရီမသည် မိမိ၏ တဆယ့်သုံးဘဝဖြစ်စဉ်ကို အစဉ်အတိုင်း ထုတ်ဖေါ်ပြောကြားလေ၏။ ထို့နောက် ကြွရောက်လာသော ရဟန်းရှင်လူတို့အားလည်း ကုသိုလ်တရား၌ မမေ့မလျော့ကြရန် တိုက်တွန်းနှိုးဆော်ပြီး ဘဝဇာတ် ချုပ်ငြိမ်း လေတော့သည်။

ထေရီမ၏ စကားကို ကြားနာရသော ရဟန်း ရှင်လူတို့သည် ကံတရား၏ ပစ်ချမှုကြောင့် အကောင်းအဆိုး အမျိုးမျိုးသော ဘဝတို့၌ ကျင်လည်ရပုံကို ဆင်ခြင်စဉ်းစားလျက် များစွာသတိ တရား ရရှိကြလေသည်။

၂၄-တဏှာဝဂ်-၂-သူကရပေါတိကာဝတ္ထု။

# ရေစစ်ပွဲ

ဟိမဝန္တာတောင်ခြေရှိ ဒေဝဒဟ ကောလိယနှင့် ကပိလဝတ္ထုဟူသော သုံးပြည်ထောင်၌ သာကီယ အနွယ်ဝင်ဖြစ်သော (သာကီဝင်) အမျိုးသား အမျိုးသမီးများ နေထိုင်ခဲ့ကြ၏။ သာကီဝင်တို့သည် ခတ္တိယမျိုးနွယ်များဖြစ်၍ ယင်းသုံးပြည်ထောင်ကို အုပ်စိုးသူများမှာလည်း သာကီဝင်များသာ ဖြစ်ကြပေသည်။ သို့ရာတွင် သာကီဝင်တို့၏ အုပ်ချုပ်ရေးစနစ်ကား တဦးတည်းသဘောဖြင့် အုပ်ချုပ်သော သက်ဦးဆံပိုင် ဘုရင်စနစ်မဟုတ် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်၍ အဖွဲ့အစည်းဖြင့် အုပ်ချုပ်သော ဒီမိုကရေစီ (ဂဏ) အုပ်ချုပ်ရေးပျိုး ဖြစ်ပေသည်။

သာကီဝင်တို့ကား တမြို့ တရွာစီ နေထိုင်ကြသော်လည်း တအူတုံဆင်း ဆွေရင်းမျိုးချာများဖြစ်၍ တပြည်နှင့်တပြည် ရွေလမ်းငွေလမ်းဖေါက်ကာ ကူးလူးဆက်ဆံမှု ပြုခဲ့ကြ၏၊ မိမိတို့မျိုးနွယ်ဆက်ကို မပျက်အောင် ထိန်းသိမ်းစောင့်ရှောက် သူများ

ဖြစ်၍လည်း သာကီဝင်အချင်းချင်းသာ ထိမ်းမြားလက်ထပ်ခြင်း ပြုကြ၏။ ထို့ကြောင့်လည်း တပြည်ထောင်စီ ကွဲပြားနေကြလင့် ကစား ဒေဝဒဟ၊ ကောလိယနှင့် ကပိလဝတ္ထုတို့မှ သာကီဝင် များမှာမူ အမြဲပင် တစည်းတလုံးတည်း ရှိခဲ့ကြပေသည်။

ဤသို့ တစည်းတလုံးတည်း ရှိခဲ့သည်ဟု ဆိုသော်ငြားလည်း တခါတရံတွင်မူ နိုင်ငံစွဲ၊ ဒေသစွဲစိတ်များကြောင့် သာကီဝင်အ ချင်းချင်း စိတ်ဝမ်းကွဲပြား ခိုက်ရန် များခဲ့ရသည့် အရေး အခင်းများလည်း ကြုံကြိုက်ခဲ့ရ၏။ ကောလိယ နှင့် ကပိလဝတ္ထု တို့ကြား၌ ရောဟိဏီအမည်ရှိသော မြစ်တစင်း ဖြတ်သန်းစီးဆင်း လျက်ရှိရာ ထိုမြစ်ကို အကြောင်းပြု၍ နှစ်ပြည်ထောင် အချင်း များမှုတရပ် တခါက ဖြစ်ပေါ်ခဲ့လေသည်။

ကောလိယနှင့် ကပိလဝတ်ပြည်သူတို့သည် ရောဟိဏီမြစ်မှ မြစ်ရေကို အမှီပြု၍ ကောက်ပဲသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြ၏။ တနှစ်တွင် စပါးပင်များ မှည့်ခါနီးအချိန်၌ မြစ်ရေသည်တနေ့ တခြား လျော့နည်းလာ၏။ အနည်းငယ်မျှသာ ကျန်ရှိနေသော ရေသည် နှစ်ဖက်သော လယ်ခင်းများအတွက် လုံလောက်တော့ မည် မဟုတ်ကြောင်း တဖြည်းဖြည်းထင်ရှားလာ၏။

ထိုအခါနှစ်ပြည်ထောင်မှ လယ်လုပ်သားကြီးတို့သည် တနေ ရာ၌ တွေ့ဆုံစည်းဝေး၍ ဆွေးနွေးညှိနှိုင်းပွဲ ပြုလုပ်ကြ၏။ အစည်း အဝေးတွင် ကပိလဝတ်ပြည်ဘက်မှ လယ်သမားကြီးများက မိမိ တို့လိုလားချက်ကို ရှေးဦးစွာ တင်ပြကြလေသည်။

"ဒီရေကို နှစ်ဖက်လုံးက ထုတ်ယူ သုံးစွဲမယ်ဆိုရင်တော့ လုံ လောက်မှာ မဟုတ်တော့ဘူး၊ ကျုပ်တို့လယ်တွေရော ခင်ဗျားတို့ လယ်တွေပါ ရေပြတ်ပြီး ပျက်စီးကုန်ကြမှာဘဲ။ ဒီတော့ ကျုပ်

တို့ မေတ္တာရပ်ခံချင်တာက ကျန်တဲ့ရေကလေးကို ကျုပ်တို့ဘက် ပေးလိုက်ကြပါ။ ကျုပ်တို့စပါးခင်းဟာ မှည့်ခါနီးနေပါပြီ။ ဒီတရေရလိုက်ရင် မုချအောင်မှာပါဘဲ။"

ထိုအဆိုကို ကောလိယပြည်သား လယ်သမားကြီးတို့က လက် မခံနိုင်ကြချေ။ သူတို့လယ်များသည်လည်း တရေရလျှင် အောင် မြင်ရန် အလားအလာရှိနေ၏။ သို့ပါလျက် မိမိတို့လယ်များကို အပျက်ခံပြီး မြစ်ရေကို ကောလိယပြည်ဘက်သို့ ပေးလိုက်ရမည် ဆိုပါက တပက်သတ် နစ်နာမနေပါလား၊ ကောင်းအတူ ဆိုး အတူ မဟုတ်တဲ ဤကဲ့သို့ တဖက်သတ် အနစ်နာ ခံရမည်ဆိုလျှင် သူတို့သဘောမတူနိုင်၊ ထို့ကြောင့် ခင်ဗျားတို့ပြောတဲ့အတိုင်း ဆိုရင် ကျုပ်တို့က လယ်တွေကိုအပျက်ခံပြီး ခင်ဗျားတို့ဆီမှာ သူ တောင်းစားလို လာတောင်းရမှာလား"ဟူ၍ ပြန်လည် ချေပ ကြသည်။

ဤသို့ဖြင့် ဆွေးနွေးပွဲတွင် အပေးအယူမတည့်ဘဲ အခြေအနေ တင်းမာလာလေ၏၊ တဖက်နှင့်တဖက် ထိခိုက်ပုတ်ခတ်၍ ပြော ဆိုလာကြပြီး အကျယ်အကျယ် မငြိမ်းဘွယ် ဖြစ်လာလေ၏။ "တိရစ္ဆာန်တွေလို မောင်နှမချင်း ပေါင်းသင်းတဲ့ မင်းတို့ကပိ လဝတ်ပြည်သားတွေကို ဒို့ကကြောက်ရမှာလား" ဟု ကောလိယ ပြည်ဘက်က ထိုးနှက်ပြောဆိုကြရာ ကပိလဝတ်ပြည်သားများ ကလည်း မခံနိုင်ကြတော့ချေ။ "နွေနာစွဲလို့ သစ်ခေါင်းထဲမှာ ဝင်နေရသူတွေကများ ဒို့ကို စော်ကားမော်ကား ပြောရလေ သလား"ဟူ၍ တုံ့ပြန် ချေပကြပြန်လေသည်။

အမှိုက်ကစ၍ ပြာသာဒ်မီးလောင်သကဲ့သို့ အောက်ပိုင်းဖြစ်သော လယ်သမားချင်း အချင်းများကြရာမှစ၍ နှစ်နိုင်ငံစစ်ပွဲကြီး ခင်းကြလေတော့သည်။ တအူတုံဆင်း ဆွေရင်းမျိုးချာလို နေခဲ့ကြသော နှစ်ဖက်နိုင်ငံများမှ သာကီဝင် မင်းသားတို့သည် လက်နက်ကိုယ်စီ စွဲကိုင်၍ ရှေ့တန်းသို့ ထွက်လာကြ၏။ ရောဟိဏီမြစ်၏ ကမ်းတဖက်စီမှနေ၍ တိုက်ပွဲဆင်ရန် ပြင်ဆင်နေကြစဉ် မမြော်လင့်သော မြင်ကွင်းတရပ်ကြောင့် နှစ်ဖက်သော စစ်တပ်ကြီးများသည် ရုတ်တရက် တုံ့ဆိုင်းသွားကြလေသည်။

နှစ်ဖက်သော စစ်တပ်များ ရုတ်တရက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကား ရောဟိဏီမြစ်၏ အလယ် ကောင်းကင်ပြင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဗုဒ္ဓရှင်တော်မြတ်ပင် ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေရာမှ နှစ်ဖက်သော ဆွေတော် မျိုးတော်တို့ သွေးချောင်းစီးတော့မည့် အရေးကို မြင်တော်မူသဖြင့် ယခုကဲ့သို့ ကြွလာခြင်းဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်ကို မြင်ကြလေသော် လက်နက်ကိုယ်စီစွဲကိုင်ထားသော သာကီဝင် မင်းသားတို့သည် လက်နက်များကိုချ၍ ဗုဒ္ဓအား ရှိခိုးဦးချကြလေသည်။ တိုက်မည် ခိုက်မည်ဟု တကဲကဲ ဖြစ်နေသည့် သူတို့၏ ဒေါသမီးများမှာလည်း ရုတ်တရက်အားဖြင့် ငြိမ်းအေး ပြေပျောက်သွားလေ၏။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် သာကီဝင်မင်းသားတို့အား ကြည်လင်အေးမြသော အသံဖြင့် ဤသို့မိန့်ကြားတော်မူ၏။

"ညီတော် နောင်တော်တို့...သင်တို့သည် ဘယ်အတွက် ဤမြစ်ကမ်း၌ တစုတဝေး ရောက်ရှိနေကြသနည်း"

"နှစ်နိုင်ငံ စစ်ခင်းရန် ရောက်ရှိနေကြခြင်း ဖြစ်ပါသည်ဘုရား"

"သင်တို့နှစ်နိုင်ငံသည် ဆွေရင်းမျိုးချာများ ဖြစ်ကြပါလျက် ဘယ်အတွက် စစ်တိုက်ခိုက်ကြမည်နည်း"

"မြစ်ရေကို သူရလို ငါရလိုမှုဖြင့် အငြင်းပွားကြသောကြောင့် စစ်တိုက်ရန် ပြင်ဆင်နေကြခြင်း ဖြစ်ပါသည်ဘုရား"

"မင်းသားတို့...မြစ်ရေသည် ဘယ်မျှ အဘိုးထိုက်တန်ပါသနည်း"

"မြစ်ရေဟူသည် သက်မဲ့ပစ္စည်းဖြစ်၍ များစွာအဘိုးထိုက်တန်သည်ဟု မဆိုနိုင်ပါဘုရား"

"သင်မင်းမျိုးတို့ကား ဘယ်မျှ အဘိုးထိုက်တန်ပါသနည်း"

"မင်းမျိုးဟူသည် မနုဿလူသားတို့၏ အကြီးအမှူးများဖြစ်၍ အလွန်ပင် အဘိုးထိုက်တန်လှပါသည်ဘုရား"

"မင်းသားတို့...ဘာမျှ အဘိုးမတန်သောရေကို အကြောင်းပြု၍ လွန်စွာ အဘိုးထိုက်တန်လှသည့် သင်တို့၏အသက်ကို အဆုံးရှုံးခံကာ စစ်တိုက်ရန် အားထုတ်ကြခြင်းကား မိုက်မဲလှပေစွ"

ဤသို့ မိန့်ကြားတော်မူပြီးနောက် ဗုဒ္ဓရှင်တော်မြတ်သည် သာကီဝင်မင်းသားတို့အား ငြိမ်းချမ်းရေးတရားကို ဆက်လက်ဟောကြားတော်မူ၏။

"မင်းသားတို့... တဦးနှင့်တဦး ရန်လိုမှု၊ ထိခိုက်ချုပ်ချယ်မှု၊ [illegible]င်ဆိုင်မှု များပြားလှသောဤလူ့လောက၌ ရန်လိုမှု၊ ထိခိုက်

ချုပ်ချယ်မှု ပြိုင်ဆိုင်မှုမရှိဘဲ အေးချမ်းစွာ နေသူများသည်သာလျှင် ချမ်းသာသုခ အစစ်အမှန်ကို ရရှိနိုင်ပေ၏။"

ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားကို ကြားနာရသောအခါ သာကီဝင်မင်းသားတို့သည် စစ်ဘပ်များကို ရုပ်သိမ်း၍ မိမိတို့တိုင်းပြည်သို့ အသီးသီး ပြန်သွားကြလေ၏။ ရောဟိဏီ မြစ်ရေကိုလည်း နှစ်ဖက်သဘောတူ ဝေခွဲထုတ်ယူ၍ သုံးစွဲကြသဖြင့် အကျိုးတူ ခံစားခွင့် ရရှိကြလေတော့သည်။

သုခဝဂ်၊ ဥာတိကလဟဝတ္ထုပသမဝတ္ထု။



# လမင်းတဆူ

## မပြစ်ချင်သော အကြင်လင်မယား

မဂဓတိုင်း မဟာတိတ္ထမည်သော ဗြာဟ္မဏရွာကြီး၌ ကပိလအမည်ရှိသော ဗြာဟ္မဏအနွယ်ဝင် သူဌေးကြီးတဦးရှိ၏။ ထိုသူဌေးကြီးသည် ပိပ္ပလိအမည်ရှိသော သားတယောက် ရရှိ၍ အရွယ်ရောက်လာသောအခါ သင့်တော်သော အမျိုးသမီးနှင့် ထိမ်းမြားလက်ထပ်၍ နေရာချထားပေးရန် စီစဉ်သည်။ ပိပ္ပလိလုလင်က အိမ်ထောင်မှုမပြုလိုကြောင်း ငြင်းပယ်သော်လည်း မိဘများကား အတန်တန်တိုက်တွန်းနေကြသည်။ နောက်ဆုံးတွင် မိဘစကားကို မငြင်းသာတော့သဖြင့် ပိပ္ပလိလုလင်သည် ရွှေသားဖြင့်ပြီးသည့် အလွန်လှပသော မိန်းမရုပ်တုတခုကို ထုလုပ်၍ "ဤရွှေဝင်းရုပ်လို လှပသောမိန်းမကိုရလျှင် ကျွန်ုပ်အိမ်ထောင်ပြုမည်" ဟု ကတိပေးလိုက်လေသည်။

မိဘများသည် လက္ခဏာဗေဒင်ကျွမ်းကျင်တတ်မြောက်သော ပုဏ္ဏားရှစ်ယောက်တို့အား ရွှေစဉ်ရုပ်ကိုအပ်နှင်း၍ သတိုးသမီး လောင်း အရှာလွှတ်လိုက်ကြသည်။ ပုဏ္ဏားတို့သည် မဒ္ဒတိုင်း သာဂလမြို့၌ ရွှေစင်ရုပ်ကဲ့သို့ လှပတင့်တယ်သည့် ဘဒ္ဒကာပိလာ နီအမည်ရှိသော မိန်းမပျိုကိုတွေ့ရှိ၍ သူမ၏မိဘများနှင့် စေ့စပ် ဆွေးနွေးကာ မင်္ဂလာနေ့ရက် သတ်မှတ်ပြီး မဟာတိတ္ထရွာသို့ ပြန်လာကြသည်။

သတိုးသမီးလောင်း ရရှိခဲ့ကြောင်းသိရှိရသောအခါ တကယ် အိမ်ထောင်မပြုလိုသော ပိပ္ပလိလုလင်မှာ ဝမ်းမသာနိုင်ဘဲ စိတ် အိုက်သွားတော့သည်။ ထို့ကြောင့်စာတစောင်ကို လျှို့ဝှက်စွာ ရေးသားပြီး သတိုးသမီးလောင်းထံပို့ရန် စေတမန်တယောက်ကို လွှတ်လိုက်သည်။ ထိုစေတမန်သည် လမ်းခရီးတွင် သာဂလမြို့ မှလာသည့် စေတမန်တယောက်နှင့် တွေ့ဆုံ၍ မေးမြန်းစုံစမ်း ရာ သတိုးသမီးထံမှလည်း စာတစောင်ပါလာကြောင်း သိရှိရ သည်။ ထူးခြားသောစာများကို မသင်္ကာသဖြင့် စေတမန်နှစ် ယောက်သဘောတူ ဖေါက်၍ဖတ်ကြည့်ကြသည်။

"နှမဘဒ္ဒါ.... မောင်ကြီး ကိုတင်သတိပေးလိုက်ပါသည်။ မောင်ကြီးသည် လောကီလူ့ဘောင်တွင် ကြာရှည်လေးမြင့်နေ မည့်သူမဟုတ်။ မကြာမီပင် ရဟန်းပြုရန် ကြံရွယ်ချက်ရှိပါသည်။ သို့ဖြစ်၍ နှမဘဒ္ဒါသည် မိမိနှင့်စည်းစိမ်အမျိုးအနွယ် တူမျှသည့် အခြားအမျိုးသား တယောက်ကိုသာ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ပါ။"

သတိုးသမီးထံမှ စာမှာလည်း အထက်ပါသဘောအတိုင်းပင် ရေးသားထားကြောင်း တွေ့ရှိကြရသဖြင့် စာပို့သူစေတမန်များ

ပင်အံ့အားသင့်သွားကြသည်။ သို့သော်လည်း မိမိတို့အရှင်သခင်များအပေါ် ချစ်ခင်ကြည်ညိုသူများဖြစ်၍ စည်းစိမ်ဂုဏ်ရည်တူညီမျှတသူနှစ်ဦးကို လွဲချော်မသွားစေလိုကြပေ။ ထို့ကြောင့် မူရင်းစာနှစ်စောင်ကို ဖျောက်ဖျက်ပြီး မိမိတို့ဘာသာ မေတ္တာစာလွှာများ ရေး၍ ဆက်လက်ပေးပို့ကြလေသည်။ ဤသို့ဖြင့် ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့သည် မဖြစ်ချင်ဘဲ အကြင်လင်မယားဖြစ်လာကြရတော့သည်။

## စိတ်တူသဘောတူ

ဤသို့ လင်မယားဖြစ်လာကြသော်လည်း တဏှာပေမနှင့် ယှဉ်သောစိတ်ကား နှစ်ဦးလုံးမှာပင် ဖြစ်ပေါ်မလာကြ။ တအိပ်ရာထဲတွင် အိပ်ကြသော်လည်း အလယ်တွင် ပန်းကုံးခြား၍ အိပ်ကြသည်။ တဦးနှင့်တဦး လွန်ကျူးဖောက်ပြန်လိုသောစိတ် မရှိဘဲ မောင်နှမကဲ့သို့ သန့်ရှင်းဖြူစင်စွာ နေထိုင်ကြသည်။ ယင်းသို့နေထိုင်၍ ကာလအတန်ကြာသောအခါ မိဘနှစ်ပါးကွယ်လွန်သွားကြသဖြင့် ပစ္စည်းဥစ္စာအားလုံးနှင့် လုပ်ငန်းဆောင်တာအရပ်ရပ်တို့ကို ပိပ္ပလိတို့ဇနီးမောင်နှံကပင် လုံးဝတာဝန်ယူကာစီမံအုပ်ချုပ်ကြရလေသည်။ သူတို့ပိုင်သော ပစ္စည်းများတွင် ကျယ်ဝန်းသောလယ်ယာမြေ၊ များပြားသောကျွန်သွားနှင့် ကျေးကျွန်အမှုလုပ်များ ပါဝင်သည်။

တနေ့သ၌ ပိပ္ပလိသည် ကျွန်အမှုလုပ်တို့အား ညွန်ကြားဆော်ဩရန်အတွက် လယ်ရာသို့ သွားရောက်ကြည့်ရှုရာ ထွန်ရေးကြောင်းများမှ ပေါ်လာသော ပိုးကောင်များကို ကျီးငှက်တို့ ထိုးသုတ်စားနေသည်ကို တွေ့မြင်ရလေသည်။ ဤသို့ကျီးငှက်များက ပိုးကောင်များကို သတ်ဖြတ်စားရာတွင် မည်သူ့၌အပြစ်ရှိသနည်းဟု မေးမြန်းရာ အရှင့်သားအတွက် လုပ်ဆောင်ရသောကိစ္စဖြစ်၍ အရှင့်သားတွင်သာ အပြစ်ရှိပါသည် ဟု အမှုလုပ်တို့က ပြောဆိုကြသည်။ ထိုအခါ ပိပ္ပလိသည် "ငါ့ကိုမှီ၍ သတ္တဝါတို့ပျက်စီးကြရ ရှာလေသည်" ဟူ၍ စိတ်နှလုံး မသာယာခြင်းများစွာ ဖြစ်လေသည်။

လယ်လုပ်သားတို့၏စကားဖြင့်သံဝေဂကြီးစွာရလာသောပိပ္ပလိလုလင်သည် အိမ်သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူ ဘဒ္ဒကာပိလာနီအား "နှမဘဒ္ဒါ....ငါကားလူ့ဘောင်၌ မနေလိုတော့ပြီ ယနေ့ပင်ရဟန်းပြုတော့အံ့" ဟု ပြောဆိုသည်။ ဘဒ္ဒါမှာလည်း ထိုနေ့နံနက်က နှမ်းခင်းသို့သွား၍ နှမ်းသိမ်းသည်ကို ကြည့်ရှုရာ နှမ်းသီးတို့၌ တွယ်ကပ်သော ပိုးများအား ကျီးငှက်တို့စားသည်ကို မြင်တွေ့ခဲ့ရသဖြင့် အလားတူ သံဝေဂစိတ်ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့်သူမက "အရှင့်သား....နှမလည်း မောင်တော်ကဲ့သို့ပင် ရဟန်းပြုလိုပါသည်" ဟု ပြန်ကြားပြောဆို၏။ ဤသို့ဖြင့် ဇနီးမောင်နှံ နှစ်ဦးတို့သည် တဦး၏ဆံပင်ကို တဦးက ရိတ်ပေးပြီး စိတ်တူသဘောတူ ရဟန်းပြုကာ သူတော်သူမြတ်တို့ သီတင်းသုံးရာ ဥရုဝေလတောအုပ်ဆီသို့ ရှေးရှုထွက်ခဲ့ကြသည်။

# လမ်းခွဲကြပြီ

လမ်းဆုံလမ်းခွတခုသို့ ရောက်သောအခါ ရှေ့မှသွားသော ရှင်ပိပ္ပလိကရပ်တန့်နေပြီး "နှမဘဒ္ဒါ....ငါတို့သည် ရဟန်းဘဝ ရောက်လာကြပေပြီ၊ နှစ်ဦးအတူသွားရန် မသင့်တော့။ ဤလမ်းကြောင်းနှစ်ခုအနက် သင်ကြိုက်ရာလမ်းကို ရွေးလော့"ဟု မိန့်ကြားသည်။

"အရှင်သည် ယောကျ်ားသားဖြစ်၍ လကျ်ာလမ်းကိုယူပါ၊ မိန်းမသားဖြစ်သော နှမတော်က လက်ဝဲလမ်းဖြင့်သွားပါမည်"

ဘဒ္ဒကာပိလာနီသည် တည်ငြိမ်သော အသံဖြင့်လက်အုပ်ချီကာ ဤသို့လျှောက်တင်၏။ တဏှာပေမ မဖက်သော်လည်းဖြူစင်သော မေတ္တာဖြင့် တွယ်တာ မြတ်နိုးခဲ့ကြသောဇနီးမောင်နှံ နှစ်ဦးကား ဤနည်းဖြင့် အပြီးသတ် လမ်းခွဲ လိုက်ကြသည်။ ကိုယ့်လမ်း ကိုယ်ယူ၍အသီးသီး ခရီးဆက်ခဲ့ကြရာ ရှင်ပိပ္ပလိသည် ရာဇဂြိုဟ်မြို့တော်နှင့် နာလန္ဒာမြို့ကြားရှိ ဗဟုပုတ္တက အမည်ရှိသော ညောင်ပင်ကြီးအနီးသို့ ဆိုက်ရောက်လာသည်။ ညောင်ပင်ခြေရင်းသို့ လှမ်း၍ ကြည့်လိုက်သောအခါ တည်ငြိမ်သော ဣန္ဒြေဖြင့် တင့်တယ်စွာ ထိုင်နေသော ဗုဒ္ဓ ရှင်တော်မြတ်ကို ပိပ္ပလိမြင်တွေ့လိုက်ရသည်။ ယင်းသို့မြင်တွေ့လိုက်ရသည်နှင့်တပြိုင်နက် ရှင်ပိပ္ပလိအား "ငါသည် မိမိအားသွန်သင်ဆုံးမမည့် ဆရာသမားကောင်းကို ဆည်းကပ်လိုလျှင် ဤ အရှင်မြတ်ကိုသာ ဆည်းကပ်သင့်၏" ဟူ၍ အကြံဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရှင်ပိပ္ပလိသည် ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်၍ "အရှင်ဘုရား.... အရှင်သည် ဘပည့်တော်၏ဆရာပါ။ တပည့်တော်ကား အရှင်၏

တပည့်သာဝကပါဘုရား” ဟူ၍ နှစ်ကြိမ်တိုင်မြွက်ဟလျှောက်ကြားသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က ဤသို့ ပြန်လည်မိန့်ကြားတော်မူသည်။

“ကဿပ....သင်ကဲ့သို့ယုံကြည်မှုနှင့်ပြည့်ဝသော ပုဂ္ဂိုလ်တဦး၏ ရှိခိုးကန်တော့ခြင်းကို အကယ်၍ သိယောင် မြင်ယောင်ဆောင်သော ဆရာ တဦးက လက်ခံ သာယာခဲ့လျှင် ထိုဆရာ၏ ဦးခေါင်းသည် မြေသို့ပြုတ်ကျရာ၏။ ကဿပ....ငါဘုရားကား သိယောင် မြင်ယောင် ဆောင်သူ မဟုတ် အမှန်တကယ်သိမြင်၍ သိမြင်သူဟု ဝန်ခံခြင်းဖြစ်၏။ ထို့ကြောင့် ငါဘုရားအဘို့ကား မွေးညှင်းတပင်မျှပင် တုန်လှုပ်ခြင်းမရှိချေ။”

ဤသို့ ဗုဒ္ဓက မျိုးရိုးအမည်ဖြင့် “ကဿပ”ဟု ခေါ်ဝေါ်မိန့်ကြားလိုက်သောအခါ ရှင်ပိပ္ပလိမှာ ပို၍ ကျေနပ် နှစ်သက်သွား၏။ ထို့နောက် ဗုဒ္ဓက ဆက်၍မိန့်ကြားဆုံးမတော်မူသည်။

“ကဿပ....သင်သည် အမျိုးဇာတ် မြင့်မြတ်သူ ဖြစ်၏။ ထို့ကြောင့် ကြီးငယ်ရွယ်လတ်ဖြစ်သော သီတင်းသုံးဖေါ်တို့၌ ပြင်းပြသော ရှက်ကြောက်ခြင်းရှိစေရန် ကျင့်ကြံ အားထုတ်အပ်၏။”

“ကဿပ....သင်သည်အကြားအမြင်ဗဟုသုတများသူဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတရားကို ကြားနာရာတွင် နှစ်နှစ်ခြိုက်ခြိုက် နားစိုက်နာယူနိုင်ရန် ကျင့်ကြံအားထုတ်အပ်၏။”

“ကဿပ....သင်သည် ရုပ်ရေအဆင်း လှပတင့်တယ်သူဖြစ်၏။ ထို့ကြောင့် ကာယဂတာသတိနှင့် မကင်းကွာစေရန် ကျင့်ကြံ အားထုတ်အပ်၏။”

## သင်္ကန်းလဲလှယ်ခြင်း

ဗုဒ္ဓ၏ သြဝါဒ သုံးရပ်ကို အရှင်ကဿပသည် ကျေနပ် နှစ်သက်စွာခံယူသည်။ ဤသြဝါဒသုံးရပ်ကို ခံယူခြင်းဖြင့်ပင် ဗုဒ္ဓက သူ့ကို ရဟန်းအဖြစ် အသိ အမှတ် ပြုတော်မူလိုက်သည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် နေရာမှထ၍ ကြွလှမ်းတော်မူရာ အရှင်ကဿပသည်လည်း ထပ်ကြပ်မကွာလိုက်ပါလေ၏။ ခရီး အတန်ငယ်ပေါက်၍ အရိပ်ကောင်းသော သစ်ပင်ကြီးတပင် အောက်သို့ရောက်သောအခါ ဗုဒ္ဓက ထိုင်လိုသော အမူအရာပြသဖြင့် ကဿပရဟန်းသည် မိမိပခုံးတွင် တင်လာသောသင်္ကန်း ကြီးကို လေးထပ်ခေါက်၍ ခင်းပေးသည်။ ဗုဒ္ဓသည် ထိုအခင်း ပေါ်၌ ထိုင်တော်မူရင်း သင်္ကန်းကိုလက်ဖြင့် သုံးသပ်တော်မူ လျက် "ကဿပ သင်၏ သင်္ကန်းကား နူးညံ့ချောမွတ် လှပါဘိ၏" ဟု မိန့်ကြားတော်မူသည်။ ထိုအခါ အရှင်ကဿပသည် ဝမ်း မြောက် ဝမ်းသာဖြင့် "အရှင်ဘုရား.... တပည့်တော်အား ချီး မြှောက်သောအားဖြင့် ဤသင်္ကန်းကို အလှူခံတော်မူပါ" ဟု လျှောက်တင်လေ၏။

"ကဿပ.... သင့်သင်္ကန်းကို ငါ အလှူခံလျှင် သင် ကား အဘယ်ကို သုံးဆောင်မည်နည်း"

"အရှင်ဘုရား၏ ပခုံးထက်မှ သင်္ကန်းကြီးကို သနားတော် မူလျှင် တပည့်တော် သုံးဆောင်ရပါမည်ဘုရား"

ဤသို့ဖြင့် ဗုဒ္ဓ ရှင်တော်မြတ်သည် မိမိ၏ ပခုံးထက်မှ ဒုကူ၌ သင်္ကန်းဟော ်းကြီးကို ရှင်ကဿပအား ပေး၍ သင်္ကန်း အလဲ အလှယ်ပြုတော်မူသည်။ ထိုသင်္ကန်းဟောင်းကြီးမှာ ပုဏ္ဏာ မည်

သော ကျွန်မ၏ အလောင်းကောင်မှ လောက်ကောင်များကို ဖယ်ရှား၍ ကိုယ်တိုင်ကောက်ယူခဲ့သော ပိုဟ်ဆံလျှော်သင်္ကန်း ကြီးဖြစ်၏။ အမြင်အားဖြင့် ကြမ်းတမ်းလှသော်လည်း ဂုဏ်အား ဖြင့် ကြီးမြတ်လှသောကြောင့် သာမန် ပုဂ္ဂိုလ်တို့နှင့် ထိုက်တန် သော သင်္ကန်းမဟုတ်ပေ။ ဤသင်္ကန်းကြီးကို ရှင်ကဿပအား ပေးခြင်းမှာ အကျင့်သိက္ခာအရာတွင် စံပြဖြစ်ပြီး သာသနာ တော်၏ အကျိုးကိုလည်း စွမ်းလွန်းတမံ ဆောင်ရွက်မည့် ပုဂ္ဂိုလ် ဖြစ်ကြောင်း ကြိုတင်သိမြင်တော်မူသောကြောင့် ဖြစ်ပေသည်။

ယင်းသို့ သင်္ကန်းလဲလှယ် ပြီးပြီးနောက် ဗုဒ္ဓရှင်တော်မြတ် သည် ရှင်ကဿပအား ဝေဠုဝန် ကျောင်းတော်သို့ ခေါ် ဆောင်သွား၏။ ကျောင်းတော်သို့ရောက်လျှင် တဆယ့်သုံးပါး သော ဓုတင်ကျင့်ဝတ်တို့ကို ဟောကြားတော် မူသည်။ ရှင် ကဿပသည် ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကိုယ်တိုင်ကျင့်သုံး ဆောက်တည် ရုံသာမက သီတင်းသုံးဖေါ် တို့အား လည်း ဟောကြား တိုက်တွန်းတော်မူသည်။ ရဟန်း ဖြစ်ပြီးနောက် ခုနစ်ရက်အတွင်းမှာပင် တန်ခိုးပညာနှင့်ပြည့်စုံသော ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်ပြီး ဓုတင်ဆောက်တည်မှု အရာ၌လည်း "တေဒဂ်" ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသည်။ ရှင်မဟာကဿပ ဟူသောဘွဲ့အမည်ဖြင့် သာသနာတော်၌ နေလအသွင် ထင်ရှား လာခဲ့သည်။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်ဟူသော အဂ္ဂ သာဝကကြီးနှစ်ပါးမှလွဲလျှင် ရှင်မဟာကဿပသည် ဗုဒ္ဓ၏အား ကိုး အားထားပြုခြင်းကို အများဆုံးခံရသော ပုဂ္ဂိုလ်ဖြစ်ပေ သည်။ ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်က—

"ကဿပ....သင်သည်ရဟန်းတို့အားဆုံးမဩဝါဒပေးလော့။ ရဟန်းတို့အား တရားဟောလော့။ သင်ဩဝါဒ ပေးခြင်းသည် ငါဘုရားဩဝါဒ ပေးသကဲ့သို့ပင် ဖြစ်၏။ သင်တရားဟောခြင်းသည် ငါဘုရား တရားဟောသကဲ့သို့ပင် ဖြစ်၏။
ဟူ၍ မကြာခဏ မိန့်ကြားတော်မူခဲ့သည်။

## တွယ်တာခြင်းမရှိ

ရှင်မဟာကဿပသည် ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲလေ့ရှိသည်။ ပစ္စည်းလေးပါး၌ သော်၎င်း၊ ထိုပစ္စည်းလေးပါးကို ပေးလှူသူဒကာဒကာမတို့အပေါ်၌သော်၎င်း သံယောဇဉ်ထားလေ့ မရှိ။ သို့ရာတွင် အရှင်မြတ်သည် ဤကိစ္စနှင့် ပတ်သက်၍ အချို့သောရဟန်းတို့၏ ကဲ့ရဲ့ပြစ်တင်အထင်မှားခြင်းကို တခါက ခံခဲ့ရဘူး၏။ ထိုအချိန်က ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုပြီး၍ ဒေသစာရီ ကြွချီတော်မူမည်ဖြစ်ကြောင်း ရဟန်းတို့အား ကြိုတင်မိန့်ကြားတော်မူသည်။ ရဟန်းတို့သည် ခရီးမထွက်မီ သပိတ်ဖုတ်ခြင်း၊ သင်္ကန်းချုပ်ခြင်းစသော ပြုဘွယ်ကိစ္စများကို အသီးသီးပြုလုပ်ကြသည်။ ထိုအခါ ရှင်မဟာကဿပသည်လည်း သင်္ကန်း ဖွပ်လျှော်ခြင်းအမှုကို ပြုလုပ်လေသည်။

ရှင်မဟာကဿပ သင်္ကန်းဖွပ်သည်ကိုမြင်လျှင် အချို့သောရဟန်းတို့က "ရာဇဂြိုဟ်ပြည်မှာ ဆွေမျိုးတွေ တပည့်တွေ အလွန်ပေါတဲ့ ရှင်မဟာကဿပ မထေရ်ဟာ သင်္ကန်း ဖွပ်နေပေမယ့်

ဒီပြည်ကတော့ ဘယ်ကိုမှ ထွက်နိုင်မှာ မဟုတ်ပါဘူး” ဟူ၍ ဝေဖန် ပြောဆိုကြသည်။ ဗုဒ္ဓ ခရီးကြွချီတော်မူသောအခါ ဝေဠုဝန်ကျောင်းတော်၌ ရဟန်းတပါးမျှ မကျန်ဘဲအချည်းနှီး ဖြစ်မနေစေရန် “ကဿပ....သင်သည် ဤရာဇဂြိုဟ် ပြည်မှာပင် နေခဲ့လော့”ဟု မိန့်ကြားတော်မူသည်။ ဤသို့ဖြင့် ရှင်မဟာ ကဿပသည် ဒေသစာရီကြွချီရာသို့လိုက်ပါခွင့်မရဘဲ ဗုဒ္ဓ၏အမိန့် တော်အရ ဝေဠုဝန် ကျောင်းတော်၌ပင် မိမိ၏တပည့် ပရိသတ် နှင့်အတူ နေခဲ့ရသည်။

ထိုအခါ စောစောက ဝေဖန် ပြောဆိုခဲ့ကြသော ရဟန်း များသည် မိမိတို့ထင်မြင်ချက် မှန်ပြီဟု တထစ်ချ မှတ်ယူသွား ကြသည်။ “ရှင်မဟာကဿပသည် မိမိ၏ဆွေမျိုးများ၊ တပည့် ဒါယကာများကို မခွဲခွာနိုင်၍ ရာဇဂြိုဟ်ပြည်တွင် နေရစ်ခဲ့ သည်”ဟု စကားကို ဖြစ်စေကြသည်။ ထိုစကားကို ဗုဒ္ဓရှင်တော် မြတ်ကြားသော် အထင်အမြင် လွဲမှားနေသော ရဟန်းများ အမြင်မှန်ရစေရန် ရှင်းလင်းမိန့်ကြားတော် မူရသည်။

“ရဟန်းတို့....ကောင်းကင်၌ ထွန်းပသော လမင်းသည် တစုံ တခုသော အရာ၌ ငြိကပ်ခြင်း မရှိဘိသကဲ့သို့ ကဿပသည်လည်း ပစ္စည်းလေးပါးတို့၌ရှင်း၊ ထိုပစ္စည်းလေးပါးကို ပေးလှူသော ဒါယကာတို့၌ရှင်း ကပ်ငြိတွယ်တာခြင်း စိုးစဉ်းမျှ မရှိပေ”

## နတ်တို့ကြည်ညို

ရှင်မဟာကဿပသည် ပစ္စည်းလေးပါးကို ရသမျှနှင့် ရောင့်ရဲ တင်းတိမ်ပြီး ဈာန်သမာပတ် ချမ်းသာဖြင့်သာ အခါမလပ်နေ

တော်မူလေ့ ရှိ၏။ ထို့ကြောင့် "ရဟန်းတို့....ငါဘုရားသည် အကြင်မျှလောက် စျာန်သမာပတ်ကို ဝင်စား၍ နေနိုင်၏။ ကဿပသည်လည်း ထိုမျှလောက်ပင် စျာန်သမာပတ်ကိုဝင်စား၍ နေနိုင်ပေ၏" ဤသို့ စသည်ဖြင့် ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်က ထုတ်ဖော်ချီးကျူးတော် မူခဲ့သည်။ ဓုတင် တဆယ့်သုံးပါးကို လည်း ရာသက်ပန် ကျင့်သုံးဆောက်တည်ခဲ့သည်။ ဤသို့ ခေါင်း ပါးသော အကျင့်ဖြင့် စျာန်သမာပတ်ကို မပြတ်မလပ် ဝင်စား နေလေ့ရှိသော အရှင်မြတ်အား လူသားများကသာမက နတ် သား နတ်သမီးတို့ကပင် ကြည်ညိုမြတ်နိုးကြသည်။ တခါဝတိန် သာမှ နတ်သမီးတပါးသည် အရှင်မြတ်၏ ကျောင်းသို့ နေ့စဉ် လာ၍ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေ တည်ခြင်းစသော ဝတ်ကြီးဝတ်ငယ်များကို ပြုစုပေးခဲ့သည်။ မထေရ်က ယင်းသို့ မပြုလုပ်ရန် ပိတ်ပင် တားဆီးသောအခါ ဝမ်းနည်းကြေကွဲစွာ ဖြင့် ပြန်သွားရရှာသည်။ သိကြားမင်းနှင့် နတ်သမီးငါးရာတို့ သည်လည်း နိရောဓသမာပတ်မှ ထလာသော ရှင်မဟာကဿပ အား ဆွမ်းလောင်းလှူခွင့် ရရန် အားထုတ်မှုကြသည်။

## ဆုံးမသင့်သူကို ဆုံးမ

"ကဿပ...သင်သည် ရဟန်းတို့အား ဆုံးမလော့၊ တရားစကား ကို ဟောကြားလော့" ဤသို့ ဗုဒ္ဓကိုယ်တိုင်က တိုက်တွန်းခြင်း ခံရသော ရှင်မဟာကဿပသည် သွန်သင်ဆုံးမ သင့်သူများကို မတောက်မညာ ဆုံးမတော်မူခဲ့၏။ မထေရ်၏ အတွင်းနေတပည့်

ဖြစ်သော ရဟန်းငယ်တပါးသည် ဝတ်ကြီး ဝတ်ငယ်များကို မိမိကိုယ်တိုင် မဆောင်ရွက်ဘဲ ဆောင်ရွက်ဘိသကဲ့သို့ လှည့်စား ဟန်ဆောင်ခဲ့သည်။ မထေရ်က ယင်းသို့မပြုရန် သတိပေး ဆုံးမသောအခါ မခံမရပ်နိုင်ဖြစ်ပြီး မထေရ်၏ ကျောင်းကို မီးရှို့ ထွက်ပြေးခဲ့သည်။ သူဘော်ကောင်းတို့၏ ကျေးဇူးဂုဏ်ကို မသိနားမလည်ရှာသော ရဟန်းငယ်ပေတကား။

တခါက ရှင်အာနန္ဒာ၏ တပည့်ရဟန်းတပါးနှင့် ရှင်အနုရုဒ္ဓါ၏ တပည့် ရဟန်းတပါးတို့ ပညာပြိုင်နေသည်ကို ရှင်မဟာကဿပ တွေ့မြင်သည်။ထိုရဟန်းများသည် မိမိ၏စကားကိုနာယူကြမည် မဟုတ်ကြောင်း သိရှိသဖြင့် ဗုဒ္ဓထံသွားရောက်လျှောက်ကြားသည်။ ဗုဒ္ဓက ချက်ခြင်းခေါ်၍ ဆုံးမသဖြင့် ထိုရဟန်းများသည် မိမိတို့အမှားကို ဝန်ခံ၍ တောင်းပန် ကန်တော့သွားကြသည်။

## ဆင်ကောင်ကြီးကို ထန်းလက်ဖြင့်ဖုံးသူ

ရှင်မဟာကဿပသည် ရဟန်းငယ်များကိုသာ ပြောဆိုဆုံးမလေ့ရှိသည်မဟုတ်။ ရှင်အာနန္ဒာကဲ့သို့သော မထေရ်ကြီးများကိုပင် ဆုံးမသင့်က ဆုံးမသည်။ တခါက ရှင်အာနန္ဒာသည် နောက်လိုက်ရဟန်း များစွာတို့နှင့်အတူ ဒက္ခိဏာဂိရိ ဇနပုဒ်သို့ ခရီး ကြွချီသည်၊ နောက်လိုက် ရဟန်းများတွင် ပဉ္စင်းဖြစ်စ ရဟန်းငယ် သုံးဆယ်တို့လည်း ပါဝင်သည်။ ဣန္ဒြေကို စောင့်စည်း ထိန်းသိမ်းမှု မရှိသော ထိုရဟန်းငယ်တို့သည် လမ်းခရီးတွင် ဝိသဘာဂအာရုံနှင့် တွေ့ကြုံသဖြင့် တပါးမကျန် လူထွက်သွား

ကြသည်။ ဤအကြောင်းကို ရှင်မဟာကဿပ ကြားသိလျှင် "ဒီကောင်ကလေးဟာ ဘာမျှမသိတတ်သေးပါကလား" ဟူ၍ ပြောဆိုဆုံးမတော်မူသည်။ အမှန်စင်စစ် ထိုအချိန်တွင် ရှင်အာနန္ဒာမှာ ခေါင်းမှဆံပင်များ ဖွေးဖွေးဖြူနေသော ရဟန်းအိုကြီးပင် ဖြစ်နေပြီ။ အကျွမ်းတဝင် ခင်မင် ရင်းနှီးသူဖြစ်၍သာ ရဟန်းငယ်ကလေးတပါးကဲ့သို့ "ဒီကောင်ကလေး" ဟူ၍ သုံးနှုန်းပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။ ဤသို့ ပြောဆိုခြင်းကို ရှင်အာနန္ဒာကလည်း ကျေကျေနပ်နပ်ပင် ခံယူခဲ့၏။ "တပည့်တော်ကတော့ ခေါင်းကဆံပင်ဖြူတဲ့အထိ "ဒီကောင်လေး"လို့ အပြောခံရတဲ့ဘဝက မလွတ်သေးပါဘုရား"ဟူ၍ ပြန်ကြားလျှောက်တင်ခဲ့သည်။

ထိုရာတွင် ဤကိစ္စနှင့်ပတ်သက်၍ "မြင်းကမလှုပ် ခုံကလှုပ်" သည့် ဖြစ်ရပ်တခု ပေါ်ပေါက်ခဲ့၏။ ရှင်အာနန္ဒာအား ရှင်မဟာကဿပက "ကောင်ကလေး"ဟု ပြောဆိုဆုံးမခဲ့သည့် သတင်းသည် ဘိက္ခုနီမများအတွင်းသို့လည်း ပျံ့နှံ့သွားသည်။ ဘိက္ခုနီမများအတွင်း၌ ရှင်အာနန္ဒာအား ပုဂ္ဂိုလ်စွဲ ကြည်ညိုနေသူ အချို့ရှိရာ ထုလ္လနန္ဒာဘိက္ခုနီမသည် တပါးအပါအဝင်ဖြစ်၏။ အထက်ပါသတင်းကို ကြားသိသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "တိတ္ထိဂိုဏ်းဝင်ဖြစ်ဘူးသော ရှင်မဟာကဿပက ရှင်အာနန္ဒာကို ကောင်ကလေးဟု ဆိုဆုံးမလေဘိ၏" ဟူ၍ ပြစ်တင်ရှုတ်ချလေသည်။

ထိုစကားကို ရှင်မဟာကဿပကြားသိလျှင် ထုလ္လနန္ဒာဘိက္ခုနီမအား တိုက်ရိုက်ဆိုဆုံးမရန် မသင့်လျော်သဖြင့် ရှင်အာနန္ဒာကိုသာ ခေါ်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

"အာနန္ဒာ–သင်၏တပည့်ဖြစ်သော ထုလ္လနန္ဒာဘိက္ခုနီမသည် စကားကို မဆင်မခြင်ပြောဘိ၏။

"အာနန္ဒာ....ငါသည်ရဟန်းပြုသည့်အချိန်မှစ၍ ဗုဒ္ဓရှင်တော်မြတ်မှတပါး အခြားသူကို ဆရာဟူ၍ မရည်ညွှန်းခဲ့ဘူးပေ။ ငါသည် ရဟန်းပြုပြီးနောက် ခုနစ်ရက်မျှသာ ပုထုဇဉ် အဖြစ်ဖြင့် ပြည်သူတို့၏ဆွမ်းကို သုံးဆောင်ခဲ့၏။ ရှစ်ရက်မြောက်သော နေ့၌ပင် အရဟတ္တဖိုလ်ကို သိမြင်ခဲ့၏။ ငါ၏အသိထူး အမြင်ထူးကို ဖုံးကွယ်သူကား ခုနစ်တောင်ရှစ်တောင်ခန့်မြင့်သော ဆင်ကောင်ကြီးကို ထန်းလက်ဖြင့် ဖုံးဖိရန် ကြိုးစားသူကဲ့သို့ ဖြစ်ချေသည်။"

ထုလ္လနန္ဒာ ဘိက္ခုနီမကား ယခုတကြိမ်သာမဟုတ်။ ယခင်ကလည်း ရှင်မဟာ ကဿပအား ကဲ့ရဲ့စကား ဆိုခဲ့ဘူး၏။ တနေ့တွင် ရှင်အာနန္ဒာ၏ ပင့်ဖိတ်ချက်အရ ရှင်မဟာ ကဿပသည် ဘိက္ခုနီမများကျောင်းသို့လိုက်၍ ဘိက္ခုနီများအား တရားစကား ဟောပြောခဲ့သည်။ ထိုအခါ ထုလ္လနန္ဒာက "ရှင်အာနန္ဒာလို ပုဂ္ဂိုလ်ကြီးရှေ့မှာ ရှင်မဟာကဿပက တရားဟောတယ်ဆိုတော့ အပ်လုပ်သူကို အပ်ပြန်ရောင်းသလို ဖြစ်နေပြီ" ဟူ၍ ကဲ့ရဲ့ပြောဆိုခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်က သိမြင်ကျင့်သုံးမှုအရာတွင် မိမိနှင့် တန်းတူ ရည်တူပြု၍ ချီးကျူးခြင်းခံရသော ပုဂ္ဂိုလ်ကြီးအား စော်ကား မော်ကား ပြောဆိုသော ထုလ္လနန္ဒာဘိက္ခုနီမကား မိုက်မဲလှ၏။ သို့သော်လည်း သူမသည် သာသနာတော်၌ သက်ဆိုးမရှည်ချေ။ ကြီးလေးသော ဝိနည်းဥပဒေတရပ်ကို ဖေါက်ဖျက်ကျူးလွန်သဖြင့် ဘိက္ခုနီဘဝမှ မကြာမီ လျှောကျခဲ့လေသည်။

## ရာသက်ပန်ကျင့်သုံးရေး

တောကျောင်း၌သာ အမြဲနေခြင်း၊ ပင့်ဖိတ်သောဆွမ်းကို လက်မခံဘဲ ဆွမ်းခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း၊ သုံးထည်သောသင်္ကန်းကိုသာ သုံးဆောင်ခြင်း စသည့် ဓုတင်ကျင့်ဝတ်များကို ရာသက်ပန် ကျင့်သုံး ဆောက်တည်နေသော ရှင်မဟာကဿပအား ဗုဒ္ဓရှင်တော်မြတ်က တချိန်တွင် ဤသို့ မိန့်ကြားတော်မူခဲ့သည်။

"ကဿပ....သင်သည် ယခု အသက်ကြီးရင့် အိုမင်းပြီ၊ သင်၏သင်္ကန်း များသည်လည်း ဟောင်းနွမ်း ကုန်ပြီ၊ ဒါယကာတို့ လှူသော သင်္ကန်းကို ဝတ်ဆင်လော့။ ပင့်ဖိတ်သော ဆွမ်းများကိုလည်း သုံးဆောင်လော့။ ငါဘုရား၏ အနီးအနားမှာပင် နေလော့"

ထိုအခါ ရှင်မဟာကဿပက သူသည် တောကျောင်း၌ နေခြင်း ဆွမ်းခံ၍သာ စားခြင်း၊ စသော ကျင့်ဝတ်များကို ကာလကြာမြင့်စွာ ကျင့်သုံးခဲ့ပြီး ယင်းသို့ ကျင့်သုံးခြင်း၏ အကျိုးကျေးဇူးကိုလည်း ချီးကျူး ပြောဆိုလေ့ ရှိသူ ဖြစ်ကြောင်း။ ထို့ကြောင့် ဤကျင့်ဝတ်များကို ရာသက်ပန် ကျင့်သုံးသွားလိုပါကြောင်း ပြန်ကြား လျှောက်တင်သည်။

"ကဿပ....သင်သည် မည်ကဲ့သို့သော အကျိုးကျေးဇူးကို မြော်မြင်၍ ထိုအကျင့်များကို ကျင့်သုံးသနည်း"

"အရှင်ဘုရား....တပည့်တော်သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေလိုခြင်း နောက်သားနောင်လာ များလည်း အတု

ယူကြစေလိုခြင်း ဟူသော အကျိုးနှစ်ပါးကိုမြော်မြင်၍ ထိုအကျင့်များကို ကျင့်သုံးခြင်းဖြစ်ပါသည်ဘုရား”

“ကဿပ....ကောင်းပေစွ၊ကောင်းပေစွ။ သင်သည် လူအများ၏ အကျိုးစီးပွားကို ကျင့်ဆောင်သူဖြစ်ပေ၏။သင်သည် အသက်ထက်ဆုံးပင် ထိုကျင့်ဝတ်တို့ကို ကျင့်သုံးလေလော့။”

## နောက်ဆုံးတာဝန်

ဤသို့ဖြင့် ရှင်မဟာ ကဿပသည် ဓုတင်တဆယ့်သုံးပါးကို အသက်ထက်ဆုံး ကျင့်ဆောင်ကာ ဗုဒ္ဓရှင်တော်မြတ်၏ စံပြတပည့်သာဝကကြီးအဖြစ် ရပ်တည်ခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်သော အချိန်တွင်ကား ရှင်မဟာကဿပသည်။ ရဟန်းငါးရာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွသွားတော်မူသည်။ လမ်းခရီးတွင် သစ်ပင်ရိပ်တခု၌ အနားယူနေစဉ် ကုသိနာရုံပြည်ဘက်မှလာသော တက္ကတွန်းတယောက်ကို တွေ့မြင်၍ သတင်းမေးမြန်းရာ ထိုတက္ကတွန်းက ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံသည်မှာ ခုနစ်ရက် ရှိပြီဖြစ်ကြောင်း ပြောကြားလေသည်။

ထိုအခါ များစွာသော ရဟန်းတို့သည် ဝမ်းပန်းတနည်း ငိုကြွေးကြ၏။ သုဘဒ္ဒ အမည်ရှိသော တောထွက်ရဟန်းကြီးကမူ “ငါ့ရှင်တို့....မငိုကြွေးကြလင့်၊ ရဟန်းဂေါတမသည် ငါတို့ကို ဘာမလုပ်ရ ညာမလုပ်ရ စသည်ဖြင့် ဖိနှိပ်ချုပ်ချယ်နေသူဖြစ်၏။ ယခု သူမရှိလျှင် ငါတို့ လွတ်လပ်ပြီ၊ လုပ်ချင်ရာလုပ်ရတော့မည်”

ဟုပြောဆိုလေသည်။ ထိုစကားကို ရှင်မဟာကဿပကြားလျှင် ပြင်းပြစွာ တိတ်လန့်တုန်လှုပ်သွားလေ၏။ ဗုဒ္ဓ၏အလောင်းတော် မြေသို့မကျမီမှာပင် ဤကဲ့သို့ ပြောဆိုသူရှိချေသော် သာသနာတော်၏ နောင်ရေးမှာ ရင်လေးဘွယ်ကောင်းလှကြောင်း စဉ်းစား ဆင်ခြင်မိသည်။ ထို့ကြောင့် "ထိုကဲ့သို့သော ဘေးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဗုဒ္ဓတရားတော်များကို အခိုင်အမာစုစည်းထားမှ ဖြစ်ချေတော့မည်"ဟူ၍ သန္နိဋ္ဌာန် ချမှတ်ခဲ့လေသည်။

ယင်းသို့ သန္နိဋ္ဌာန်ချမှတ်ပြီး ခရီးဆက်ခဲ့ရာ ဗုဒ္ဓအလောင်းတော်အား မီးပူဇော်ခြင်းမပြုမီ ကုသိနာရုံပြည်သို့ ဆိုက်ရောက်လေ၏။ အလောင်းတော်အား မီးပူဇော်ခြင်းကိစ္စ ပြီးစီးသော အခါ ရှင်မဟာကဿပသည် သံဃာ အစည်းအဝေး၌ မိမိ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို တင်ပြပြီး ဗုဒ္ဓတရားတော်များကို အခိုင်အမာ စုစည်းခြင်းပြုရန် အကြံပြုလေသည်။ ထိုအကြံပြုချက်အရ သံဃာအစည်းအဝေးကြီးမှ ရဟန္တာ ငါးရာကို ရွေးချယ်၍ ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓတရားတော်များကို စုစည်း မှတ်တမ်းတင်ပွဲကြီး ကျင်းပရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုဓမ္မသဘင်ပွဲကြီး၏ အကြီးအမှူး ဦးစီးနာယကကား ရှင်မဟာကဿပ မထေရ်ကြီးပင် ဖြစ်ပေသတည်း။

ဓမ္မဒါနမှ သက်ဆိုင်ရာဝတ္ထုများနှင့် သံယုတ္တနိကာယ်။



# ထူးဆန်းသောမန္တာန်ရှင်

ရာဇဂြိုဟ်ပြည်မှ ဝင်္ဂီသ အမည်ရှိသော ပုဏ္ဏားပျိုသည် ထူးဆန်းသော မန္တာန်တခုကို တတ်မြောက်၏။ သူသည် ထိုမန္တာန်ကိုရွတ်ဆို၍ သေလွန်သူတို့၏ ဦးခေါင်းခွံကို လက်ဖြင့် ခေါက်ကြည့်ပါက "ဤသူသည် နတ်ပြည်သို့ရောက်၏။ ဤသူကား ငရဲပြည်သို့ ရောက်၏" စသည်ကို ခွဲခြားသိရှိ၏။

ရပ်နီး ရပ်ဝေးမှ များစွာသော လူတို့သည် ကွယ်လွန်သူဆွေမျိုးသားချင်းတို့၏ ဦးခေါင်းခွံများကိုယူဆောင်၍ ဝင်္ဂီသထံသို့ နေ့စဉ်မပြတ် လာရောက်မေးမြန်းကြလေသည်။ ဝင်္ဂီသ၏ မိခင်ကား ဝါဒငါးရာကို တတ်မြောက်သော ပရိဗိုဇ်မတပါးဖြစ်၏၊ သူမသည် ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်၍ မိမိနှင့်ဝါဒပြိုင်ဝံ့သူကို ရှာဖွေစဉ် ရာဇဂြိုဟ်ပြည်၌ ပရိဗိုဇ်ရဟန်းတပါးနှင့် တွေ့ဆုံ၍ ဝါဒပြိုင်ပွဲ ကျင်းပကြရာ ထိုပရိဗိုဇ်က အနိုင်ရရှိခဲ့သည်။

ထိုခေတ်က ဓလေ့ထုံးစံအတိုင်း ပရိဗိုဇ်မသည် အနိုင်ရရှိသော ပရိဗိုဇ်၏ ခြေရင်းအလုပ်အကျွေးဘဝကို ခံယူရလေသည်။ ဤသို့ ပညာရှင် ပရိဗိုဇ်နှစ်ပါး ပေါင်းသင်း နေထိုင်ရာမှ ဝင်္ဂီသကို မွေးဖွားခဲ့ခြင်းဖြစ်၏။ ဝင်္ဂီသသည် ငယ်ရွယ်စဉ်အချိန်မှစ၍ မိခင်ဘက်မှ ဝါဒငါးရာနှင့် ဘခင်ဘက်မှ ဝါဒငါးရာကို သင်ယူလေ့လာခဲ့သဖြင့် ဝါဒတထောင်ကို တတ်မြောက်ခဲ့သည်။ ထို့ပြင် ဗေဒင်သုံးပုံနှင့်တကွ ထူးဆန်းသော မန္တာန်ကိုပါ တတ်မြောက်ခဲ့သောကြောင့် ငါးရာသောလုလင်ပျိုတို့၏ ဆရာတဆူအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

လုလင်ပျို ငါးရာတို့၏ ဆရာတဆူဖြစ်ရုံသာမက သေလွန်သူတို့၏ ဖြစ်ရာဘဝကိုပါ ဟောပြောနိုင်သောကြောင့် ဝင်္ဂီသ၏ ဂုဏ်သတင်းမှာ အထူးထင်ရှားလျက်ရှိ၏။ ထိုစဉ်တွင် အခြားမြို့ရွာများမှ လူများက တောင်းပန် ပင့်ဖိတ်ကြသဖြင့် ဝင်္ဂီသသည် တပည့်ငါးရာနှင့်အတူ နယ်လှည့် ထွက်ခဲ့လေ၏။

သူ ဆိုက်ရောက်ရာ မြို့ရွာတိုင်း၌ သူ၏ဂုဏ်သတင်းမှာ တမဟုတ်ခြင်း ပျံ့နှံ့သွားသည်သာဖြစ်၏။ မိမိတို့ချစ်ခင်မြတ်နိုးသော မိဘမောင်ဘွား သားမယား စသူတို့၏ ဦးခေါင်းခွံများကို ယူဆောင်၍ သူ့ထံသို့ လာရောက်မေးမြန်းကြသူတို့မှာလည်း မစဲအောင်ပင် ရှိခဲ့လေသည်။

ဤသို့ဖြင့် ဝင်္ဂီသတို့အဖွဲ့သည် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၏။ သာဝတ္ထိပြည်တွင် မြို့၏တောင်တံခါး အနီးရှိ စရပ်တဆောင်၌ စခန်းချ၍ နေကြ၏။ မြို့တွင်းသို့ သတင်းပျံ့

နှံ့သွားသည်နှင့်တပြိုင်နက် ဗေဒင်မေးလိုသူများသည်လည်းအစီအရီ ရောက်ရှိလာကြသည်။

ညနေစောင်းအချိန်သို့ ရောက်သောအခါ များစွာသော လူအုပ်ကြီးသည် ပန်းနံ့သာ စသည်တို့ကို ကိုင်စွဲ၍ မြို့ထဲမှထွက်လာလေသည်။ ထိုလူအုပ်ကြီးကိုမြင်လျှင် ဝင်္ဂီသသည် အစပထမသော်မိမိထံသို့လာသည်ဟုမှတ်ထင်နေခဲ့၏။သို့သော်လည်း မိမိတည်းခိုရာစရပ်ကို လွန်၍ သွားလေသော် ဝင်္ဂီသည် များစွာအံ့အားသင့်မိလေ၏။

"အချင်းလုလင်တို့....ဤလူအုပ်ကြီးသည် မည်သည့်အရပ်သို့သွားသနည်း၊ မည်သည့်ကိစ္စဖြင့် သွားသနည်း မေးမြန်းစုံစမ်းကြလော့"

ငါးရာသော တပည့်တို့အနက်မှ တယောက်သော လုလင်သည် ဆရာ၏ စေခိုင်းချက်အရ လူအုပ်ကြီးသွားရာသို့ လိုက်၍ မေးမြန်းစုံစမ်းလေသည်။ ထိုအခါ လူအုပ်ကြီးက မိမိတို့သည် ဗုဒ္ဓရှင်တော်မြတ်၏ တရားကို ကြားနာရန်အတွက် ဇေတဝန်ကျောင်းတော်သို့ သွားကြခြင်းဖြစ်ကြောင်း ပြန်ကြားပြောဆိုကြလေသည်။

ထိုစကားကို ကြားလျှင် ဝင်္ဂီသသည် ဤသို့ စဉ်းစား မိလေ၏။

"ဤလူအပေါင်းသည် သေလွန်သူတို့၏ ဖြစ်ရာဘဝကိုပြောကြားနိုင်သည့် ငါ့ကိုပင် ကျော်လွန်၍ ဗုဒ္ဓဆိုသူ၏ထံသို့ သွားကြကုန်၏။ ဗုဒ္ဓသည် ငါ့ထက် သာလွန်၍ ထူးခြားဆန်းကြယ်သော ပုဂ္ဂိုလ်ဖြစ်ပေရာသည်။ ငါသည်လည်း ထိုဗုဒ္ဓထံသို့ သွားရောက်၍ လေ့လာစူးစမ်းဦးအံ့"

ယင်းသို့ စဉ်းစားပြီးနောက် ဝင်္ဂီသသည် တပည့်ငါးရာနှင့် အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်သွားလေ၏။ ဗုဒ္ဓသည် ဝင်္ဂီသလုလင်အား ဖေါ်ရွေစွာလက်ခံကြိုဆို၍နှုတ်ဆက်စကား မြွက်ကြားတော်မူ၏။

"ဝင်္ဂီသ....သင်သည် ထူးဆန်းသောအတတ်ပညာကို တတ်မြောက်ကြောင်း ငါကြားရပေသည် မှန်ပါသလော"

"အရှင်ဂေါတမ....ကျွန်ုပ်ကား များစွာသောအတတ်ပညာတို့ကို တတ်ကျွမ်းသူဖြစ်ပါသည်၊ အဘယ်ပညာကို ရည်စူး၍ အရှင်ဂေါတမ မေးမြန်းခြင်း ဖြစ်ပါသနည်း"

"လူသေ၏ခေါင်းခွံကို ခေါက်၍ ဖြစ်ရာဘဝကို သိနိုင်သည် ဆိုသောအတတ်ပညာကို ရည်စူး၍ ငါဘုရား မေးမြန်းခြင်းဖြစ်ပေသည် ဝင်္ဂီသ"

"မှန်ပေသည် အရှင်ဂေါတမ။ ကျွန်ုပ်သည် လူသေ၏ခေါင်းခွံကိုခေါက်၍ ထိုသူ၏ဖြစ်ရာဘဝကို သိနိုင်ပါ၏။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် လေးခုသောဦးခေါင်းခွံတို့ကို ယူဆောင်စေပြီး ထိုသူတို့၏ ဖြစ်ရာ ဘဝကို ပြော ကြား ရန် ဝင်္ဂီသအား မိန့်ကြားလေ၏။ ဝင်္ဂီသသည် မန္တာန်ကို ရွတ်ဆိုလျက်ဦးခေါင်းခွံတို့ကို အစဉ်အတိုင်း ခေါက်ကြည့်ပြီးလျှင် ထိုဦးခေါင်းခွံတို့၏ပိုင်ရှင်များသည်လူ့ပြည်၊နတ်ပြည်၊ငရဲ။တိရစ္ဆာန်ဘုံတို့၌ ဖြစ်နေကြကြောင်း တခုစီခွဲခြား၍ ပြောပြလေသည်။

ထို့နောက် ဗုဒ္ဓသည် ပဉ္စမမြောက် ဦးခေါင်းခွံတခုကို ယူဆောင်စေပြီး ရှေးနည်းတူ မေးတော်မူပြန်၏။ထိုအခါတွင်ကား ဝင်္ဂီသသည် မန္တာန်ကိုအခေါက်ခေါက် အပြန်ပြန် ရွတ်ဆို၍ ဦးခေါင်းခွံကို အကြိမ်ကြိမ်ခေါက်သော်လည်း နှုတ်မှမူမည်သို့မျှ

ပြောဆိုခြင်း မပြုနိုင်ဘဲဖြစ်နေ၏။ ချေးသီး ချေးပေါက်များကျသည့်တိုင်အောင် အစွမ်းကုန်ကြိုးစားသော်လည်း အဖြေကိုကား မပြောနိုင်တော့ချေ။ ထို့ကြောင့်နောက်ဆုံးတွင် ဝင်္ဂီသသည် လုံးဝလက်လျှော့၍ ထိုဦးခေါင်းခွံရှင်၏ ဖြစ်ရာဘဝကို မိမိ မသိပါကြောင်း ဝန်ခံပြောကြားရလေတော့သည်။

ထိုအခါ ဗုဒ္ဓက "အချင်းဝင်္ဂီသ ဤဦးခေါင်းခွံကားဘဝ သုံးပါးမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက် သွားသော ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံ ဖြစ်ပေသည်" ဟူ၍ ထုတ်ဖော် မိန့်ကြားလေ၏။ ယင်းသို့ မိန့်ကြားလေသော် ဝင်္ဂီသ သည် ရဟန္တာ၏ဖြစ်ရာ ဘဝကိုသိမြင်နိုင်သည့် မန္တာန်ကို မိမိအားပေး ရန် တောင်းပန် လျှောက်ထားလေသည်။

ဗုဒ္ဓက မိမိထံ၌ ရဟန်းပြုမှသာ ထိုမန္တာန်ကို ပေးနိုင်မည်ဖြစ်ကြောင်း မိန့်ကြားလျှင် ဝင်္ဂီသသည် မန္တာန်ကိုလိုချင်ဇောဖြင့် မဆိုင်းမတွပင် ရဟန်းပြုလေ၏။ တပည့်လုလင်တို့အား ဗုဒ္ဓထံမှ မန္တာန်ကို သင်ယူပြီးလျှင် မိမိပြန်လာမည် ဖြစ်ကြောင်း ပြောကြား၍ သဝတ္ထိပြည်၌ပင် မိမိအား စောင့်ဆိုင်း နေကြရန် မှာကြားခဲ့၏။

ဗုဒ္ဓသည် ဝင်္ဂီသအား ရဟန်းပြုပေးပြီးနောက် မိမိ၏ ကိုယ်ခန္ဓာအစိတ် အပိုင်းများအပေါ်၌ ဆင်ခြင် သုံးသပ်သည့် ဒွတ္တိံသကမ္မဋ္ဌာန်းကို သင်ကြားပေး၏။

"ချစ်သားဝင်္ဂီသ....သင်သည် ဤကမ္မဋ္ဌာန်းကို ရှေးဦးစွာ လေ့လာ အားထုတ်ဦးလော့၊ ထိုနောက်တွင်မှ သင်လိုချင်သည့် မန္တာန်ကို ငါသင်ကြားပေးအံ့။"

ဝင်္ဂီသသည် ဗုဒ္ဓ၏ညွှန်ကြားချက်အရ ဒွတ္တိံသကမ္မဋ္ဌာန်းကို စိတ်အား ထက်သန်စွာ ရွတ်ဆို ပွါးများ လေ၏။ သို့ရာတွင် "ကေသာ၊လောမာ၊ နခါ၊ ဒန္တာ" စသည်ဖြင့်နှုတ်မှမပြတ် ရွတ်ဆိုနေသော်လည်း သူ့စိတ်ကား ကမ္မဋ္ဌာန်းအာရုံသို့ မသက်ဝင်နိုင်ဘဲဖြစ်နေ၏။ တန်ခိုး ထက်မြက်သော မန္တာန်ကို အရယူ၍ ဇမ္ဗူဒိပ်ဘကျွန်းလုံးတွင် ပြိုင်ဘက်ကင်းသော ဆရာတဆူလုပ်လိုသည့် စိတ်ဆန္ဒကသာ လွှမ်းမိုးဖိစီး၍နေလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရှင်ဝင်္ဂီသအား ရဟန်းပြုစ ဖြစ်၍ ၎င်း၊ ကမ္မဋ္ဌာန်းအားထုတ်ဘို့ အချိန် ပိုမိုရရှိစေရန် အတွက်၎င်း ဆွမ်းခံကြွရာသို့ပင် မလိုက်ပါစေဘဲ ကျောင်းတွင် ချန်ထားခဲ့၏။ ထိုအချိန်တွင် ရပ်ဝေးမှလှူပရိသတ်တအုပ်သည် ကျောင်းတော်သို့လာရောက် ကြည့်ရှုကြလေ၏။ ထိုပြည့်ပရိသတ်ထဲ၌ အစွမ်းကုန်ဝတ်စားဆင်ယင် အလှပြင်ထားသည့် မိန်းမပျိုများလည်း အများအပြားပါရှိလေ၏။

ကမ္မဋ္ဌာန်းအားထုတ်နေသော ရှင်ဝင်္ဂီသသည် ထိုမိန်းမပျိုတို့ကိုမြင်လျှင် ကိလေသာ ကာမဂုဏ်စိတ်များ ထကြွ သောင်းကျန်းလာသောကြောင့် ကမ္မဋ္ဌာန်းအာရုံမှာ ပို၍ နှောင့်နှေးရပြန်၏။ သို့သော်လည်း စိတ်ဓာတ် ထက်သန် ပြင်းပြလှသော ရှင်ဝင်္ဂီသသည် ဆန့်ကျင်ဖက်အာရုံကို အစွမ်းကုန်ကြိုးစားပယ်ဖျောက်၍ ကမ္မဋ္ဌာန်းတရားကို လက်မလွှတ်ဘဲ ဆက်လက် ပွါးများခဲ့လေသည်။

နောက်နေ့များတွင်ကားရှင်ဝင်္ဂီသသည်ကျောင်းတွင်တပါးတည်းချန်မနေတော့ဘဲ ရှင်အာနန္ဒာနှင့်အတူ ဆွမ်းခံရာသို့လိုက်

ပါသွားလေ၏။ ယင်းသို့ ဆွမ်းခံလိုက်သွားရာတွင်လည်း ဆွမ်းလောင်းသူ မိန်းမပျို ချောချောလှလှကလေးများကို မြင်တိုင်း ကိလေသာစိတ် ထကြွသောင်းကျန်းလာသောကြောင့် အတော်ပင် ဖိနှိပ်ထိန်းသိမ်း ထားရလေသည်။

ဤသို့သော အခက်အခဲများ ကြားမှပင် ရှင်ဝဂ်ီသသည် မလျော့သော ဇွဲလုံ့လဖြင့် ကမ္မဋ္ဌာန်းကို ဆက်လက် အားထုတ်လေ၏။ ယင်းသို့အားထုတ်လေသော် ခန္ဓာကိုယ်၏ မတင့်မတယ် စက်ဆုပ်ဖွယ်အခြင်းအရာတို့သည် သူ၏ဉာဏ်အမြင်၌ တဖြည်းဖြည်း ထင်ရှား ပေါ်လွင်၍လာကြကုန်၏။ ထိုအခြင်း အရာတို့ကိုဆင်ခြင် သုံးသပ်၍ ဉာဏ်စဉ်အဆင့်ဆင့်ဖြင့် တိုးတက်ပွါးများသောအခါ ကိလေသာကင်းစင်သော ရဟန္တာ ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိသွားတော့သည်။

ရဟန္တာတို့၏ လားရာဂတိကို သိမြင်နိုင်သော မန္တာန်ကို ရယူလိုသည့်အတွက် ရဟန်းပြုခဲ့သော ရှင်ဝဂ်ီသသည် ယခုအခါ သူကိုယ်တိုင် ရဟန္တာဖြစ်ခဲ့လေပြီ။ ရဟန္တာတို့၏လားရာဂတိကို သိမြင်နိုင်သောအဘိညာဉ်ဉာဏ်ကိုလည်း ရရှိခဲ့လေပြီ။ သူရဟန်းဝတ်သည့်နေ့မှစ၍ တပည့်လုလင်တို့သည် သူ ထံသို့ နေ့စဉ်မပြတ်လာ၍ မေးမြန်းစုံစမ်းခဲ့ကြ၏။ ဗုဒ္ဓထံမှလိုချင်သည့် မန္တာန်ကို ရလျှင် အမြန်ဆုံးလူထွက်ပြီး ခရီးဆက်ကြရန် လောဆော်နေခဲ့ကြ၏။

ယခင်ကတပည့်တို့နှင့် တကြိတ်တည်းတဉာဏ်တည်း ရှိခဲ့သော ရှင်ဝဂ်ီသသည် ယခုအခါ ခံယူချက်ပြောင်းသွားပြီဖြစ်၍ တပည့်တို့အား အတိအလင်း ဖွင့်ဟပြောကြားလိုက်လေသည်။

"တပည့်တို့....ငါသည်ယခုဗုဒ္ဓထံမှ လိုချင်သည့်မန္တာန်ကို ရပေပြီ။ သို့သော်လည်း ရဟန်းဘဝမှစွန့်ခွာ၍ သင်တို့ထံ ပြန်လာရန်ကား လုံးဝ အကြောင်းမရှိတော့ပေ။"

ရှင်ဝင်္ဂီသ၏ ပြတ်သားသော မိန့်ကြားချက်ကို ကြားရလေသော် တပည့်ငါးရာတို့ လွန်စွာစိတ်ပျက် အားလျော့သွားကြ၏။ "ငါတို့ဆရာကား ရဟန်းဂေါတမ၏ ပိုက်ကွန်တွင်းသို့ သက်ဆင်းရှာလေပြီတကား" ဟူ၍ အထင်မှားသွားကြလေ၏။ ထို့ကြောင့် မြော်လင့်ချက် မရှိတော့သော မိမိတို့ဆရာကို စွန့်ခွာ၍ သာဝတ္ထိပြည်မှ ထွက်ခွာသွားကြလေတော့သည်။

မန္တာန်ကိုလိုချင်၍ ရဟန်းပြုခဲ့သော ရှင်ဝင်္ဂီသက တပည့်လုလင်တို့အား ပြတ်သားစွာပြောဆိုလိုက်ပုံကို ရဟန်းများကြားသိကြလျှင် ဗုဒ္ဓအား တိုင်ကြားလျှောက်တင်ကြ၏။ ထိုအခါဗုဒ္ဓက ဝင်္ဂီသသည် ကိလေသာကင်းစင်၍ အဘိညာဉ်ဉာဏ်နှင့် ပြည့်စုံသော ရဟန္တာတဆူ ဖြစ်သွားပြီဖြစ်ကြောင်း ထုတ်ဖော်မိန့်ကြားတော်မူသည်။

ရှင်ဝင်္ဂီသသည် ရဟန္တာဖြစ်သည့်နေ့မှစ၍ ဗုဒ္ဓအပေါ်၌ မယိမ်းမယိုင် ခိုင်မာသောသဒ္ဓါတရားဖြင့် မြတ်နိုးကြည်ညိုခဲ့၏။ ဗုဒ္ဓအား နေ၊ လ၊ သမုဒ္ဒရာ စသည်တို့နှင့် ဥပမာပြု၍ ချီးကျူးဖွဲ့ဆိုသော ဂါထာတို့ကိုလည်း မကြာခဏ သီကုံးရွတ်ဆိုခဲ့၏။

ပဋိဘာန် သုခမိန်ဖြစ်သော မိဘာနစ်ပါးမှ မွေးဖွား၍ ဗေဒင်သုံးပုံနှင့်တကွ ဝါဒတထောင်ကို ထူးချွန်စွာတတ်မြောက်သော ရှင်ဝင်္ဂီသ၏ အဖွဲ့အနွဲ့များမှာ သဒ္ဒါအားဖြင့် ပြေပြစ်၏။ အနက်

အမိပ္ပါယ်အားဖြင့်လည်း နက်နဲဆန်းကြယ်၏။ ထို့ကြောင့် ဗုဒ္ဓသည် ရှင်ဝင်္ဂီသအား ဆန်းကြယ်သောစိတ်ကူးဉာဏ်နှင့် ပြည့်စုံသူတို့တွင် အထူးချွန်ဆုံးဟူသော "ပဋိဘာနဧတဒဂ်"ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့ပေသည်။

၂၆-ဗြာဟ္မဏဝဂ်၊ ဝင်္ဂီသထေရဝတ္ထုကိုဝင်္ဂီသသံယုတ်ပါဠိ အဋ္ဌကထာတို့ဖြင့် ဖြည့်စွက်ရေးသားပါသည်။

# လေထဲမှ ပန်းဆိုင်းများ

သုမနသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရအား နေ့စဉ် ပန်းဆက်သရသည့် "ပန်းတော်ဆက်" တဦးဖြစ်၏။ တခုသော နံနက်ခင်း၌ သူသည် လတ်ဆတ် မွှေးကြိုင်သော ပန်းများကိုယူ ဆောင်၍ ဘုရင့်နန်းတော်ဆီသို့ ရှေ့ရှုထွက်ခဲ့လေ၏။

မင်းလမ်းမကြီးပေါ်သို့ ရောက်သောအခါ ရဟန်းသံဃာ ပေါင်းများစွာခြံရံ၍ ဆွမ်းခံကြွလာသော ဗုဒ္ဓရှင်တော်မြတ်ကို သုမနတွေ့မြင်ရလေသည်။ ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ ယှက်သွယ်ကွန့်မြူးလျက် ရှိ၏။ နံနက်ခင်းကာလ နေမင်း၏ အလင်းရောင်ကို လွှမ်းမိုးကွန့် မြူး နေသော ရောင်ခြည်တော်များကြောင့် ဖူးမြင်ရသူတိုင်း ကြည်ညိုသဒ္ဓါပွား၍ မဆုံးအောင် ရှိကြ၏၊

သုမနသည် ကြည်ညိုဘွယ်ကောင်းလှသော ဗုဒ္ဓရှင်တော်မြတ် ကိုဖူးတွေ့ရလျှင် တစုံတခုသောပစ္စည်းကို လှူဒါန်းရန် စိတ်ဆန္ဒ

ပြင်းပြစွာ ဖြစ်ပေါ်လာ၏။ သို့ရာတွင်သူ့လက်၌ ဘုရင့်အားဆက်သရမည့် "ပန်းတော်" များမှတပါး အခြားမည်သည့်ပစ္စည်းမျှ အဆင်သင့်မပါရှိချေ။ ထို "ပန်းတော်"များကို လှူဒါန်းလိုက်ပါကလည်း ပန်းဆက်ရန် တာဝန်ပျက်ကွက်သည့်အတွက် ဘုရင်မင်းမြတ်၏ အပြစ်ပေးခြင်းကို ခံရမည်ဖြစ်ကြောင်း သူတွေးမိ၏။ မင်းကေရာဇ်တို့မည်သည် တိုင်းသူပြည်သားတို့၏ အသက်စည်းစိမ် အိုးအိမ်များကို ပိုင်ဆိုင်သူများဖြစ်၏။ ထို့ကြောင့် သူတို့စိတ်မရလျှင် ဘာမဟုတ်သော အပြစ်အသေးအဖွဲ့ကလေးဖြင့်ပင် သေဒဏ်၊ သို့မဟုတ် ပြည်နှင်ဒဏ်အထိ ပေးတတ်ကြ၏။

သုမနသည် မိမိလက်ထဲ၌ အသင့်ပါလာသည့် ပန်းများကို ဗုဒ္ဓအားလှူဒါန်းလိုစိတ် ပြင်းပြနေသော်လည်း ရှုတ်တရက်အားဖြင့် မဝံ့မရဲဖြစ်နေ၏။ သို့သော်လည်း နောက်ဆုံးတွင်မူ မိမိစိတ်ထဲ၌ တဖွားဖွား ပေါ်ထွက်လာသည့် သဒ္ဓါစေတနာအဟုန်ကို မျိုသိပ်ထားရန် မစွမ်းနိုင်တော့သဖြင့် ဘုရင့်အတွက် ပန်းများကိုပင်ဗုဒ္ဓအား လှူဒါန်းလိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

"ပန်းကော်ဆက်ရန် တာဝန်ပျက်ကွက်၍ ဘုရင်ကအပြစ်ပေးလျှင် တဘဝသာခံရမည်။ ဗုဒ္ဓအား ပန်းလှူသည့်အကျိုးကား အဆုံးအဆမရှိ။

သုမနသည် ဤသို့သော ယုံကြည်ချက်ဖြင့် ပန်းများကိုဗုဒ္ဓထံပါးသို့ ပစ်ကြဲလှူဒါန်းလိုက်၏။ ထိုအခါ သုမနသည် မယုံကြည်နိုင်လောက်သော အံ့ဩဘွယ်တရပ်ကို ထပ်မံတွေ့မြင်ရပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် သူပစ်ကြဲလိုက်သော ပန်းများ

သည် ဗုဒ္ဓ၏ ရှေ့နောက်ဝဲယာ ကောင်းကင်ပြင်တို့၌ တွဲရရွဲဆွဲ ကာ တည်ရှိနေသောကြောင့် ဖြစ်ပေသည်။

ဤကြုံစဖူး ထူးဆန်းသော အဖြစ်အပျက်ကြောင့် ရာဇဂြိုဟ် တမြို့လုံး အုံးအုံးကြွက်ကြွက် ဆူပွက် ချောက်ချားသွားလေ သည်။ အိမ်တိုင်းအိမ်တိုင်းမှ လူများသည် ဆွမ်းခွက်ကိုယ်စီဖြင့် ထွက်လာကြပြီး အလုအယက် ဆွမ်းလောင်း လှူကြလေသည်။ အချို့သူများကား အဝတ်ပုဆိုးများကို မြှောက်ကြ၍ ကောင်း ချီးပေးကာ ကြွေးကြော်ကြသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ပန်းကုံးပန်းဆိုင်းများ ခြုံရုံလျက် ဖြင့်သာ မင်းလမ်းမအတိုင်းဆက်၍ကြွတော်မူ၏။ မြောက်မြား စွာသော လူထုပရိသတ်ကြီးသည်သည်း နောက်တော်မှ ထက် ကြပ်မကွာ လိုက်ပါသွားလေ၏။

သုမနသည် ပရိသတ်ထဲ၌ အနည်းငယ် လိုက်ပါသွားပြီး မိမိ၏ ထူးခြားသော အလှူဒါနအကြောင်းကို ဇနီးသည်အား ဖေါက်သည်ချရန်အတွက် အိမ်ဘက်သို့ သုတ်ခြေတင်ခဲ့၏။ အိမ် သို့ရောက်၍ ဝမ်းသာအားရ ပြောပြသည့် အခါ၌ကား ဇနီး သည်က မမျှော်လင့်သော စကားကို ပြန်ကြား ပြောဆိုလေ သည်။

"ရှင်တော့ ရွှေနန်းတော်ကို ပန်းဆက်သရန် ပျက်ကွက်တဲ့ အတွက် ရာဇဝတ်သင့်တော့မှာဘဲ၊ ဒီကိစ္စမှာ ကျမရဲ့ စိတ်ဆန္ဒ မပါတဲ့အကြောင်းကို ဘုရင့်ထံ အမြန်ဆုံးသွားပြီး သံတော်ဦး တင်မှဖြစ်မယ်"

ယင်းသို့ ပြောဆိုပြီး သုမသည် မျက်စိမျက်နှာ ပျက်ပျက်ဖြင့် နန်းတော်သို့ ချက်ခြင်းထွက်ခွာခဲ့၏။ နန်းတော်သို့ရောက်လျှင် ဘုရင့် ရှေ့တော်သို့ ဝင်ခွင့်တောင်းပြီး အကြောင်းစုံကို လျှောက်တင်လေသည်။

"အရှင်မင်းမြတ်....ကျွန်တော်မရဲ့ယောကျ်ား ကိုသုမနဟာ ရွှေနန်းတော်သို့ ဆက်သရမဲ့ပန်းတွေကို ဗုဒ္ဓဂေါတမအား လှူဒါန်းလိုက်တယ်လို့ ပြောပါတယ်။ ဒီကိစ္စမှာ ကျွန်တော်မရဲ့ သဘောဆန္ဒ လုံးဝမပါခဲ့ပါ။ ထို့ကြောင့် ဒီကိစ္စအတွက် ရာဇဝတ် အပြစ်ဒဏ် ချမှတ်ရာတွင် ကျွန်တော်မအား ချမ်းသာခွင့်ပေးရန် အသနားခံပါတယ်"

ရာဇဂြိုဟ်ပြည်ရှင်ဘုရင်ဗိမ္ဗိသာရကား သောတာပန်အဖြစ်သို့ရောက်ရှိပြီးသော ဗုဒ္ဓ၏ တပည့် သာဝကတဦးဖြစ်၏။ ထိုမိန်းမ၏ လျှောက်တင်ချက်ကို ကြားရသောအခါ "ဤမိန်းမကား မိုက်မဲလေစွ၊ ထူးမြတ်သောအလှူဒါနကိုပင် ဝမ်းမြောက်ကြည်နူးခြင်းမရှိဘဲ မိမိ အပြစ်လွတ်ရေးကိုသာ တောင်းပန်ဘိ၏"ဟု စဉ်းစားမိလေ၏။

သို့သော်လည်း ဘုရင်မင်းမြတ်သည် သုမနအပေါ် စိတ်ဆိုးဟန်ဆောင်လျက် "ကောင်းပြီ....သုမနရဲ့လုပ်ဆောင်မှုအတွက် သင့်ကိုငါအပြစ်မယူ"ဟု ပြောဆိုကာ ထိုမိန်းမကို ပြန်လွှတ်လိုက်၏။

ထို့နောက် မကြာမီပင် ဗုဒ္ဓရှင်တော်မြတ်နှင့် လူထု ပရိသတ်ကြီးသည် နန်းတော်အနီးသို့ ဆိုက်ရောက်လာ၏။ ဘုရင်သည် ရဟန်းသံဃာ အပေါင်းနှင့်ဟက္ခ ဗုဒ္ဓ ရှင်တော်မြတ်အား

နန်းယင်ပြင်သို့ ပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပူဇော်လေ၏။ ဗုဒ္ဓသည် လူအပေါင်းတို့အား အနုမောဒနာတရား ဟောကြားပြီး ကျောင်းတော်သို့ ပြန်ကြွခဲ့၏။ ဗုဒ္ဓ၏ ဝဲယာရှေ့နောက်တို့မှ တွဲရရွဲဆွဲကာ ခြံရံလျက်ရှိသော ပန်းကုံး ပန်းဆိုင်းများသည် ကျောင်းတော်အဝင်သို့ ရောက်မှသာ ပျောက်ကွယ်သွားတော့၏။

ဗုဒ္ဓရှင်တော်မြတ် ကျောင်းတော်သို့ ပြန်ကြွသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ပန်းတော်ဆက် သုမနကိုခေါ်၍ စုံစမ်းမေးမြန်းလေသည်။

"အမောင်သုမန....သင်သည် ဘယ်ကဲ့သို့သော စိတ်ထားဖြင့် ငါ့အတွက် ပန်းများကို ဗုဒ္ဓအား လှူဒါန်းလိုက်သနည်း"

"အရှင်မင်းမြတ် ပေးသမျှ အပြစ်ဒဏ်ကို ခံမည် ဟူသော စိတ်ထားဖြင့် ပေးလှူခဲ့ခြင်းဖြစ်ပါသည် မင်းမြတ်"

ဤသို့ မိမိအသက်ကိုစွန့်၍ ရဲဝံ့စွာ လှူဒါန်းလိုက်ခြင်း ဖြစ်ကြောင်း လျှောက်တင်သောအခါ ဘုရင်မင်းမြတ်သည် လွန်စွာ အားရကျေနပ်လျက် သုမနအား ချီးကျူးစကား မိန့်ကြား၏။ ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ သမီးကညာ ရှစ်ယောက်၊ အသပြာရှစ်ထောင်တို့နှင့်တကွ ရွာရှစ်ရွာကိုလည်း အပိုင်စားပေးလေ၏။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ရှင်အာနန္ဒာက ဗုဒ္ဓအား သုမနသည် ပန်းလှူသောကုသိုလ်ကြောင့် မည်ကဲ့သို့သောအကျိုးကို ခံစားရပါမည်နည်းဟု မေးလျှောက်၏။

"အာနန္ဒာ....သုမနသည် လူ့ပြည် နတ်ပြည်တို့၌သာ ဘဝပေါင်းများစွာ ကျင်လည်၍ ကမ္ဘာတသိန်း လွန်သောအခါ

ပစ္စေက ဗုဒ္ဓ အဖြစ်သို့ရောက်လတံ့” ဤသို့ ဗုဒ္ဓကမိန့်ကြားတော်မူ၏။ ထို့နောက် ဤအကြောင်းနှင့် စပ်၍ ရဟန်းတို့အား အောက်ပါတရားဂါထာကို ဟောကြားတော်မူလေသည်။

“အကြင်အမှုကိုပြုသဖြင့် နောင်တတဖန် ပူပန်ရခြင်း မရှိ၊ ဝမ်းမြောက်ကြည်နူးစွာဖြင့် အကျိုးတရားကို ခံစားရ၏။ ထိုကဲ့သို့သော အမှုကိုသာ ကောင်းစွာပြုအပ်ပေ၏”။

ဗာလဝဂ်၊ သုမန မာလာကာရဝတ္ထု။



# သူခိုးအား ဓါးရိုးကမ်းသူ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သုနေတ္တအမည်ရှိသော ရဟန်းငယ်တပါး ရှိ၏။ ရှင်သုနေတ္တသည် တခုသောနံနက်ခင်းဝယ် စာရေးတံမဲကျသော ဆွမ်းကိုခံယူပြီး ဆွမ်းစားရန် စရပ်တဆောင်သို့သွား၍ ဆွမ်းဘုဉ်း ပေးလေသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ရှင်သုနေတ္တသည် ဆွမ်းစား စရပ်၌ သောက်ရေမပြည့်စုံသောကြောင့် အနီးရှိ အိမ်တအိမ်သို့ဝင်၍ သောက်ရေ အလှူခံလေသည်။ ထိုအိမ်၌ ယောကျ်ားသနာမရှိဘဲ မိခင်မုဆိုးမကြီးနှင့် သမီးပျိုတယောက်ရှိ၏။ အိမ်ရှင် သမီးပျိုသည် ရဟန်းငယ်ကို မြင်လျှင်မြင်ခြင်း ချစ်ခင် နှစ်သက်လှသောကြောင့် သောက်ရေကို တရိုတသေ ဆက်ကပ်လိုက်ရုံသာမက နောက်နောင်တွင်လည်း အချိန်မရွေးကြွရောက်ရန် ကြည်လင်ချိုမြသောအသံဖြင့် ဖိတ်ကြားလျှောက်တင်လိုက်လေသည်။

အိမ်ကြီးရှင်သမီးပျို၏ လှပသော ရုပ်သွင်နှင့် ကြည်လင်သောအသံသည် ရဟန်းငယ် ရှင်သုနေ့တ္တအား ကောင်းစွာဖမ်းစားလိုက်လေပြီ။ တရားဘာဝနာကို ဖြောင့်ဖြောင့် တန်းတန်း ဆင်ခြင်ပွားများခြင်း မပြုနိုင်တော့ဘဲ သူမအား တွေ့လိုမြင်လိုစိတ်များကသာ လွှမ်းမိုး၍လာတော့သည်။ ထို့ကြောင့် ရှင်သုနေ့တ္တသည် နောက်တနေ့ နံနက်တွင်လည်း ယခင်နေ့က ဆွမ်းစားစရပ်သို့ပင် သွားရောက် ဆွမ်းဘုဉ်းပေးပြီး ယမန်နေ့က အိမ်သို့ပင် သောက်ရေအလှူခံဝင်ပြန်၏။

ဤသို့ဖြင့် နှစ်ရက်သုံးရက်ဆက်၍ ဝင်ထွက်ခြင်း ပြုသောအခါ ရဟန်းငယ်နှင့် သမီးပျိုတို့၏ ဆက်ဆံရေးမှာ အကျွမ်းတဝင် ခင်မင်ရင်းနှီးသော အခြေအနေသို့ ရောက်လာ၏။ သောက်ရေမျှသာ မကတော့ဘဲ ဆွမ်းကွမ်း များကိုပင် သူမကိုယ်တိုင် ဂရုတစိုက် ဆက်ကပ် လောင်းလှူလေသည်။ အမှန်စင်စစ် သူမသည် ရဟန်းငယ်အား မေတ္တာသက်ဝင်သံယောဇဉ်ငြိတွယ်နေပြီ ဖြစ်ပေသည်။

တနေ့သ၌ သူမသည် ရဟန်းငယ်အား ဆွမ်းလောင်းလှူပြီး "တပည့်တော်မတို့အိမ်မှာ အစစပြည့်စုံပါ၏။ သို့ပေမယ့် မိန်းမသားချည်းဖြစ်၍ စီမံဆောင်ရွက်မည့်သူ လိုနေပါသည်"ဟူ၍ သွယ်ဝိုက်သော စကားတရပ်ကို လျှောက်တင်လေ၏။

မိန်းမပျို၏စကားမှာ အသားလို၍ အရိုးတောင်းခြင်း ဖြစ်ကြောင်း ရဟန်းငယ် ကောင်းစွာ သဘောပေါက်၏။ "သူတို့ခမျာ မအေနှဲ့သမီး ၂-ယောက်ထဲ၊ အားကိုးစရာ လူမရှိပါကလား" ဤသို့သောအတွေးများ တမြုံ့မြုံ့ ဝင်ရောက်လာ၏။

အမှန်အားဖြင့် ရဟန်းငယ်သည် အဘော်အဘက် ကုံလုံ ကြွယ်ဝသော မိဘဆွေမျိုးများကို စွန့်ခွာ၍ ရဟန်းဘဝသို့ လှမ်းတက်ခဲ့သူဖြစ်၏၊ သို့ပင်ဖြစ်လင့်ကစား မိန်းမပျို၏ဆွဲဆောင်မှုကြောင့် လူ့ဘဝသို့ ပြန်ဆင်းရန် အကြံသည် တနေ့တခြား တိုးပွား၍လာ၏။

ဤသို့ဖြင့် ရဟန်းငယ်သည် တရားဘာဝနာဖြင့် မပျော်မွေ့နိုင်။ ရုတ်တရက်လည်း လူမထွက်ဝံ့ ဖြစ်နေသောကြောင့် တနေ့တခြား ကြုံလှီဖျော့တော့၍ လာသည်။ ထိုအခြင်းအရာကို သီတင်းသုံးဖေါ် ရဟန်းတို့မြင်လျှင် အကြောင်းကို မေးမြန်းကြ၏။ ရဟန်းငယ်ကလည်း မိမိသည် သာသနာ့ဘောင်၌မပျော်မွေ့သောကြောင့် ယင်းကဲ့သို့ဖြစ်နေကြောင်းဖြေကြား ပြောဆိုလေသည်။

ထိုအခါ ရဟန်းတို့သည် ရဟန်းငယ်ကို ဗုဒ္ဓထံသို့ ခေါ်ဆောင်သွားပြီး အကျိုးအကြောင်းကို လျှောက်တင်ကြ၏။ ဗုဒ္ဓက "ချစ်သား....သင်သည် အဘယ့်ကြောင့် သာသနာ့ဘောင်၌ မပျော်မွေ့သနည်း" ဤသို့ မေးမြန်းလျှင် ရဟန်းငယ်ကလည်း မိန်းမပျိုကြောင့်ဖြစ်ကြောင်း ဖွင့်ဟ လျှောက်တင်လေသည်။

"ချစ်သား....သင်သည် ဤမာတုဂါမ၌ တပ်မက်စွဲလန်းခြင်း မပြုလင့်။ ဤမာတုဂါမသည် ရှေးအခါက ကမ္ဘာပေါ်၌အမြတ်ဆုံးယောကျ်ားကိုပင် စွန့်ပစ်၍ သူခိုး ယောကျ်ားနောက်သို့ လိုက်ခဲ့ဘူးလေပြီ"

ဗုဒ္ဓသည် ဤသို့မိန့်ကြားပြီး ရဟန်းတို့က လျှောက်ထားတောင်းပန်သဖြင့် အတိတ်ကိုဆောင်တော်မူလေသည်။

ရှေးသရောအခါ ဗာရာဏသီပြည်မှ သူဌေးသားတယောက်သည် တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဆရာကြီး ထံ၌ အတတ်ပညာတို့ကို သင်ယူလေသည်။ ထိုသူဌေးသားသည် လေးအတတ်၌ ထူးချွန်စွာတတ်မြောက်သဖြင့် စူဠဓနုဂ္ဂဟဟူသော အမည်ကိုရရှိလေသည်။ ဒိသာပါမောက္ခဆရာကြီးသည် စူဠဓနုဂ္ဂဟအား လွန်စွာနှစ်သက် လှသောကြောင့် ပညာတတ်မြောက်ပြီး၍ဗာရာဏသီပြည်သို့ပြန်သောအခါ စာလိနီမည်သော သမီးပျိုနှင့် လက်ထပ်ထိမ်းမြား၍ ပေးလိုက်လေသည်။

ပညာသာမက ကြင်ယာပါစုံခဲ့ပြီဖြစ်သော စူဠဓနုဂ္ဂဟသည် ဇနီးချောလေး စာလိနီနှင့်အတူ လေးနှင့်မြားကို ကိုင်စွဲလျက် ကန္တာရခရီးကြမ်းကို ဖြတ်သန်းကာ မွေးရပ်ဌာနေသို့ ပြန်ခဲ့လေ၏။ တောလမ်းတနေရာတွင် ဆင်ရိုင်းကြီးတကောင်ကို တွေ့ရှိသဖြင့် လေးဖြင့်ပစ်၍ ရှင်းလင်းခဲ့ရ၏။

ဆင်ရိုင်းရန်ကို နှိမ်နင်းပြီး ခရီးဆက်ပြန်သောအခါ တောပုန်းဓါးပြ အဖွဲ့တခုနှင့် ရင်ဆိုင်တိုးနေပြန်၏။ ဓါးပြဗိုလ်သည် စူဠဓနုဂ္ဂဟကို မြင်ရုံဖြင့်ပင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော အာဇာနည်ယောကျ်ားဖြစ်ကြောင်း အကဲခတ်မိသဖြင့် ရန်မမူကြရန် မိမိ၏ နောက်လိုက်တပည့်များအား ပြောဆိုတားမြစ်ထား၏။

စူဠဓနုဂ္ဂဟကလည်း ကြောက်ရွံ့တုန်လှုပ်ခြင်း စဉ်းငယ်မျှမရှိဘဲ ဓါးပြစခန်းအနီး သစ်ပင်ကြီးတပင်အောက်၌ အနားယူနေ၏။ ထိုစဉ်တွင် ဓါးပြများသည် အမဲသားများ ဖုတ်ကင်စားနေကြသည်ကို မြင်သောကြောင့် စူဠဓနုဂ္ဂဟက ဇနီးကို စေလွှတ်၍ အတောင်းခိုင်းလိုက်၏။ ဓါးပြတို့က မကျက်သောအမဲကင်ကို

ပေးလိုက်သဖြင့် အချင်းများကြား စူဠဓနုဂ္ဂဟသည် ခါးပြတို့ကို တယောက်ပြီးတယောက် လေးဖြင့်ပစ်သတ်လေသည်။

ခရီးထွက်ခဲ့စဉ်က မြှားစင်းရေ ငါးဆယ်တိတိ ယူခဲ့ရာ မြှားတစင်းကို ဆင်ရိုင်းကြီးအား ပစ်ခဲ့ရသောကြောင့် ၄၉-စင်းသာ ကျန်ခဲ့၏။ ယခုရင်ဆိုင်တွေ့ရသည့် ခါးပြတို့မှာလည်း ငါးဆယ်တိတိ အရေအတွက် ရှိနေပြန်၏။ ထို့ကြောင့် မြှား၄၉-စင်းဖြင့် ခါးပြ ၄၉-ဦးတို့ကို အပြတ်ရှင်းလိုက်နိုင်သော်လည်း ခါးပြဗိုလ်ကြီးတဦးကား ကျန်နေလေ၏။

ထိုအခါ စူဠဓနုဂ္ဂဟသည် လေးကိုပစ်ချပြီး ခါးပြဗိုလ်ကို လူချင်းဝင်၍ လုံးလေသည်။ သူတပြန်ကိုယ်တပြန် လုံးကြရာမှ စူဠဓနုဂ္ဂဟက အပေါ်စီးရနေစဉ် သန်လျက်ဖြင့်ခုတ်ရန် ဇနီးသည်ထံမှ သန်လျက်ကို တောင်းလေသည်။

ဇနီးဖြစ်သူ ဓာလိနီကား ခါးပြဗိုလ်ကိုမြင်စကပင် တတ်မက်စွဲလန်းလျက်ရှိ၏။ ထို့ကြောင့် သန်လျက်ကိုပေးသောအခါ အသွားကို လင်၏လက်၌ထားပြီး အရိုးကို ခါးပြဗိုလ်၏လက်၌ ထား၍ ပေးခလသည်။ ဤသို့ဖြင့် စူဠဓနုဂ္ဂဟသည် ခါးပြဗိုလ်၏လက်ချက်ဖြင့် အသက်ဆုံးရှုံးလေတော့သည်။

ခါးပြဗိုလ်သည် စူဠဓနုဂ္ဂဟကို သန်လျက်ဖြင့် ခုတ်သတ်ပြီး တက္ကသိုလ်ဆရာကြီး၏ သမီးချောဓာလိနီကို သိမ်းပိုက်လေသည်။ လင်ဟောင်းကိုပစ်၍ လင်သစ်ကိုရှာသော ဓာလိနီသည်လည်း ခါးပြဗိုလ်၏နောက်သို့ ဝမ်းမြောက်ကြည်နူးစွာ လိုက်ပါသွားလေ၏။

သူတို့နှစ်ဦး ခရီးဆက်ကြရင်း ခါးပြဗိုလ်သည် ဓာလိနီ၏ အကြောင်းကို မေးမြန်းစုံစမ်း၏။ ဓာလိနီကလည်း သူ့ကိုမြင်

လျှင်မြင်ချိုင်း ချစ်မိ၍ မိဘပေးစားသည့် လင်ယောကျ်ားကိုပင် သေကြောင်းကြံရပုံကို ထုတ်ဖော်ပြောကြားလေသည်။

ထိုအခါ ဓါးပြဗိုလ်တွင် အသိဉာဏ်တခု ရုတ်တရက်ပေါ် ပေါက်လာ၏။

"မိဘပေးစားသည့် လင်ယောကျ်ားကိုပင် သေကြောင်းကြံသော ဤမိန်းမကား မိန်းမကောင်းမဟုတ်၊ နောက်ယောကျ်ား တယောက်ကိုတွေ့လျှင် ငါ့ကိုလည်းသတ်မည် မလွဲတည်း"

ယင်းသို့စဉ်းစားရင်း ခရီးဆက်ခဲ့ကြရာ ရေပြည့်သော မြစ် တခုသို့ဆိုက်ရောက်ကြလေ၏။ ထိုအခါ ဓါးပြဗိုလ်သည် "ချစ်နှမ ဒီဘက်မှာ ခဏနေခဲ့ဦး၊ အဝတ်အစားနဲ့ ပစ္စည်းတွေကိုဟိုဘက် သွားပို့ဦးမည်" ဤသို့ပြောဆိုပြီး အထုပ်တခုကိုယူ၍ မြစ်ဘဖက် ကမ်းသို့ကူးသွားလေ၏။

မြစ်တဖက်ကမ်းသို့ရောက်လျှင် ပြန်မလာတော့ဘဲ စာလိနီ ကိုစွန့်ပစ်သွားလေ၏။ တယောက်တည်းကျန်ခဲ့သောစာလိနီသည် အားကိုးစရာ မရှိသဖြင့် ခြုံရိပ် တခုတွင်ငို၍ နေလေသည်။ ထိုခဏတွင် မြေခွေးတကောင်သည် အမဲတုံးကိုကိုက်ချီ၍ သူမ အနီးသို့ရောက်လာ၏၊ ထိုခဏမှာပင် ငါးတကောင်သည်ရေထဲ မှ ခုန်တက်၍ မြေခွေးရှေ့၌ကျလာသည်။ ထိုအခါမြေခွေးသည် အမဲတုံးကိုချ၍ ငါးကိုဖမ်းရန် ပြေးသည်တွင် ငါးသည်ရေထဲသို့ ခုန်ဆင်းသွားလေသည်။ အမဲတုံးကိုလည်း ငှက်တကောင်ကချီ သွားလေသည်။ ဤသို့လျှင် မြေခွေးသည် ငါးအမဲနှစ်မျိုးလုံးမှ ဆုံးရှုံးသည်ဖြစ်၍ စိတ်မချမ်းမသာဖြင့်မှိုင်တွေ၍ နေလေသည်။

မြေခွေး၏ဖြစ်အင်ကို အစအဆုံးတွေ့မြင်ရသောစာလိနီသည် "ဤမြေခွေးကား လောဘရက်ကြီးသဖြင့် ငါးအမဲနှစ်မျိုးလုံးမှဆုံးရှုံးရချေသည်တကား" ဟု တွေးတောကာ ပြင်းစွာ ရယ်မောလေသည်။

ယင်းသို့ရယ်မောသံကို မြေခွေးကြားလျှင် အဘယ်ကြောင့်ရယ်မောသနည်းဟုမေးလေ၏။ စာလိနီက " ဟယ်ပညာမဲ့သော မြေခွေး....သင်သည် အလိုကြီးသည်ဖြစ်၍ ငါးအမဲတို့မှ ဆုံးရှုံးရသည် မဟုတ်လော သင့်အဖြစ်ကို မြင်ရ၍ ငါရယ်၏" ဟု ဆိုလေသည်။

ထိုအခါမြေခွေးက ဟယ် ယုတ်မာသော၊ အကျင့်သိက္ခာမဲ့သောမိန်းမ....သူတပါးတို့၏အပြစ်ကိုကားမြင်လွယ်၏။မိမိအပြစ်ကိုကား မမြင်လေ၊ သင်သည် အလိုရမက်ကြီးသဖြင့် လင်ကြီးနှင့်လင်ငယ်နှစ်ယောက်စလုံးကို ဆုံးရှုံးရသည် မဟုတ်ပါလော" ဟုဆိုလေသည်။

ထိုအခါကျမှ စာလိနီသည် နောင်တရ၍ အသင်မြေခွေး.... သင့်စကားမှန်လှပေ၏။ ငါသည်နောက်ထပ် လင်တယောက်ရပါက ထိုလင်ကိုသာ စွဲစွဲမြဲမြဲ ပေါင်းသင်း ကျေးမွေး ပါတော့မည်" ဟုဆိုလေ၏။

ဗုဒ္ဓသည် ဤသို့အတိတ်ကိုဆောင်တော်မူပြီး ကာမ ဝိတက်နောက်သို့လိုက်ပါ၍ လှပတင့်တယ်မှုကိုသာ ရှုမြင် နေသူအား တဏှာတိုးပွါးနေမည်သာ ဖြစ်ကြောင်း၊ ကာမ ဝိတက်ကို ချိုး

နှိမ်ဖိနှိပ်မှုသာ တကျော့ ချုပ်ငြိမ်းမည် ဖြစ်ကြောင်း ဟောကြား ဆုံးမတော်မူသည်။

တရားအဆုံး၌ သုနေတ္တ အမည်ရှိသော ရဟန်းငယ်သည် သောတာပန်အဖြစ်သို့ ရောက်သွားလေသည်။

၂၄။ တဏှာဝဂ်၊ စူဠဓနုဂ္ဂဟဝတ္ထုကို ပဥ္စကနိပါတ်၊ စူဠဓနုဂ္ဂဟ ဇာတ်ဖြင့် ပေါင်းစပ် ရေးသားပါသည်။



# သားမြတ်မိခင်

ဗုဒ္ဓ၏ မဟာသာဝကတပါးဖြစ်သော ရှင်မဟာကစ္စည်း မထေရ်သည် အဝန္တိတိုင်း ဥဇ္ဇေနီပြည်သားဖြစ်၍ ဗုဒ္ဓထံ၌ ခွင့်ပန်၍ မိမိ၏နေရင်းဇာတိဖြစ်သော အဝန္တိတိုင်းသို့မကြာခဏ ကြွရောက်သီတင်းသုံးလေ့ရှိ၏။ အဝန္တိတိုင်းကား ဘုရားပွင့်ရာ မဇ္ဈိမဒေသနှင့် ခရီးကွာလှမ်းသောကြောင့် ရဟန်းများအရောက်အပေါက်နည်းလှ၏။ ရှင်မဟာကစ္စည်းကလည်း တပါးတည်းဆိတ်ငြိမ်လွတ်လပ်စွာ နေလိုသူဖြစ်၍ အပေါင်းအဖော် ရဟန်းများမပါဘဲ မိမိတပါးတည်းသာ ကြွရောက်လာတတ်၏။

တရံရောအခါ မထေရ်သည် ဥဇ္ဇေနီပြည်၏ ဆင်ခြေဖုံးမြို့တမြို့ဖြစ်သော ကုလဃရမြို့၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သောဏအမည်ရှိသော လုလင်ပျိုသည် ရှင်မဟာကစ္စည်းထံ ချဉ်းကပ်၍ မကြာခဏ တရားနာရသဖြင့် သဒ္ဓါတရားထက်သန်ကာ ရဟန်းပြုလိုစိတ်ဖြစ်ပေါ်လာ၏။ မထေရ်အား မိမိဆန္ဒကို

ဖွင့်ဟလျှောက်တင်၍ ရဟန်းပြုပေးရန် တောင်းပန်သောအခါ မထေရ်က ရဟန်းဘဝ၏ ဆင်းရဲကျပ်တည်းပုံများကို မိန့်ကြား၍ သောဏ၏ တောင်းပန်ချက်ကို ငြင်းပယ်တော်မူလေသည်။ သို့သော်လည်း စိတ်ဆန္ဒပြင်းပြထက်သန်နေသော သောဏလုလင်ကား တကြိမ်ငြင်းပယ်ရုံဖြင့် နောက်ဆုတ်မသွားဘဲ အခွင့်ကြုံတိုင်း ထပ်မံတောင်းပန်၏။ သုံးကြိမ်မြောက် တောင်းပန်သောအခါ မထေရ်သည် ငြင်းပယ်ခြင်းမပြုတော့ဘဲ သောဏလုလင်အား ရှင်သာမဏေ ပြုပေးလိုက်လေသည်။

သောဏလုလင်သည် ဆရာဖြစ်သော ရှင်မဟာကစ္စည်း၏ ဆုံးမဩဝါဒများကို ရိုသေကျိုးနွံစွာလိုက်နာ၍ သာမဏေတို့၏ ကျင့်ဝတ်သိက္ခာတို့ကို အစွမ်းကုန် ကျင့်ကြံအားထုတ်၏။ ဤသို့ ကျေနပ်နှစ်သက်ဖွယ် အမူအကျင့်ရှိသည့်ပြင် အသက်နှစ်ဆယ်လည်း ပြည့်ပြီဖြစ်သောကြောင့် မထေရ်သည် ရှင်သောဏအား ဆောလျင်စွာ ရဟန်းခံပေးရန် စီမံအားထုတ်လေသည်။

သို့ရာတွင် သာမဏေအဖြစ်မှ ပဉ္စင်းရဟန်းအဖြစ်သို့ မြှင့်တင်ပေးသော "ဥပသမ္ပဒကံ"ကို အနည်းဆုံးရဟန်းဆယ်ပါး ပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်ကြောင်း ဗုဒ္ဓက ဝိနည်းဥပဒေတရပ် ထုတ်ပြန်ထား၏။ မဇ္ဈိမဒေသနှင့်ကွာလှမ်း၍ နယ်စွန်နယ်ဖျား "ပစ္စန္တရာဇ်"အရပ်ဖြစ်သော အဝန္တိတိုင်း၌ ရဟန်းဆယ်ပါးကို ရုတ်တရက်ရှာဖွေစုစည်း၍မရနိုင်။ ထို့ကြောင့်သုံးနှစ်ကြာမှ ရှင်သောဏသည် ရဟန်းအဖြစ်ကို ရရှိလေသည်။

ရဟန်းအဖြစ်ကို ရရှိပြီးသောအခါ ရှင်သောဏသည်ကာလကြာမြင့်စွာက မိမိ မြော်လင့် တောင့်တခဲ့သော လိုအင်ဆန္ဒပြည့်ဝသဖြင့် အကျေနပ်ကြီး ကျေနပ်ကာ ရှင်မဟာကစ္စည်း

မထေရ် သင်ကြားပို့ချပေးသည့် တရားဓမ္မတို့ကို အစွမ်းကုန် အားထုတ်သင်ယူလေသည်။ ဤသို့ ဗုဒ္ဓ၏တရားကို နက်ရှိုင်းစွာ သင်ယူလေ့လာရသောအခါ ရှင်သောဏသည် ဗုဒ္ဓရှင်တော်မြတ်အား မျက်မှောက်ထင်ထင် ဖူးမြင်လိုသည့်ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာ၏။ မိမိ၏ဆန္ဒကို ဆရာဖြစ်သော ရှင်မဟာကစ္စည်းအား ဖွင့်ဟလျှောက်တင်၍ ခွင့်တောင်းရာ မထေရ်က လမ်းခရီးအခက်အခဲကြောင့် ရုတ်တရက်ခွင့်မပြု သုံးကြိမ်တိုင်အောင် တောင်းပန်မှ ခွင့်ပြုလိုက်သည်။

ထိုအခါရှင်သောဏသည် ဝမ်းမြောက်ဝမ်းသာဖြင့် မထေရ်မြတ်၏ မှာကြားလမ်းညွှန်ချက်များကို ဦးထိပ်ရွက်ပန်ဆင်လျက် အဝန္တီတိုင်း ကုလဃရမြို့မှ ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့၏။ ဘုရားရှင်အား ဖူးမြင်လိုသည့် စိတ်ဇောဖြင့် ယူဇနာပေါင်း တရာ့နှစ်ဆယ်ကွာဝေးသော ခရီးလမ်းကို မမောတမ်း ဖြတ်သန်းလာခဲ့သော ရှင်သောဏသည် သာဝတ္ထိပြည်သို့ ချောမောစွာ ဆိုက်ရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်ထံသို့ ဦးတိုက်ဝင်ရောက်လေသည်။

"ချစ်သားရဟန်း.... သင်သည်အဘယ်မည်သော တိုင်းပြည်ဒေသမှ လာခဲ့သနည်း။ လမ်းခရီးတွင် မပင်မပန်း ချမ်းချမ်းသာသာ လာခဲ့ရပါ၏လော။"

"အရှင်ဘုရား....တပည့်တော်သည် အဝန္တီတိုင်း ကုလဃရမြို့မှ ရှင်မဟာကစ္စည်း၏တပည့် သောဏဖြစ်ပါသည်။ လမ်းခရီးတွင် မပင်မပန်း ချမ်းချမ်းသာသာ လာခဲ့ရပါသည်ဘုရား"

"ချစ်သားသောဏ....သင်၏ဆရာ မဟာကစ္စည်းသည် ကျန်းမာပါ၏လော။ ချမ်းချမ်းသာသာ နေရပါ၏လော။"

"အရှင်ဘုရား....တပည့်တော်၏ဆရာ ရှင်မဟာကစ္စည်းသည် ကျန်းမာပါသည်။ ချမ်းချမ်းသာသာလည်း နေရပါသည်ဘုရား"

ဤသို့လျှင် ဗုဒ္ဓသည် အလွန်ဝေးလံသောခရီးမှ အပန်းတကြီး လာခဲ့ရသော ရှင်သောဏအား အရေးတယူ လက်ခံနှုတ်ဆက်တော်မူသည်။ ထို့နောက် ရှင်သောဏအား မိမိသီတင်းသုံးရာ ဂန္ဓကုဋိ ကျောင်းတော်အတွင်းမှာပင် နေရာချထားပေးရန် ရှင်အာနန္ဒာအား ညွှန်ကြားတော်မူလေသည်။

ရှင်သောဏသည် မိမိအားချထားပေးသည့် နေရာ၌ အပန်းဖြေနားနေပြီး ညဦးယံအချိန်တွင် ကျောင်းပြင်သို့ထွက်၍တိတ်ဆိတ်သောနေရာ တခု၌ ကမ္မဋ္ဌာန်းတရားကို ပွါးများအားထုတ်၍နေလေသည်။ ညဥ့်နက်မှအိပ်ရာသို့ဝင်ပြီး နံနက်တွင်လည်း ခမ်းစောစောပင် အိပ်ရာမှနိုးနေ၏။ ညဥ့်သုံးယံတွင် တယံသာ ကျိန်းစက်တော်မူလေ့ရှိသော ဗုဒ္ဓ ရှင်တော်မြတ်သည် စောစောထတော်မူ၍ ရှင်သောဏနှင့် အာလာပသလ္လာပ စကားပြောဆိုတော်မူသည်။

"ချစ်သားသောဏ....သင်သည် မည်သည့် တရား ဒေသနာများကို လေ့ကျက် သင်ယူဘူးသနည်း"

"တပည့်တော် အဋ္ဌကဝဂ်ဂါထာများကို လေ့ကျက် သင်ယူဘူးပါသည်ဘုရား"

"ထိုဂါထာများကို ယခု ငါဘုရားအား ရွတ်ဆိုပြပါလော့"

ဗုဒ္ဓ၏တိုက်တွန်းချက်အရရှင်သောဏသည် အဋ္ဌကဝဂ်ဂါထာများကို အထစ်အငေါ့မရှိဘဲ ပီပြင်ပြတ်သားစွာ ရွတ်ဆို ပြရာ တရားအဆုံး၌ ဗုဒ္ဓက သာဓုသုံးကြိမ် ခေါ်တော်မူသည်။ ဗုဒ္ဓ၏ သာဓုခေါ်သံကိုကြား၍ နတ်ဗြဟ္မာတို့ ကလည်း အဆင့်ဆင့်

သာဓုခေါ်ကြသည်။ သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ် ကွာဝေးသော ကုလဃရမြို့၌ရှင်သောဏ၏ မယ်တော်ကြီးသည် အိမ်စောင့်နတ်၏ သာဓုခေါ်သံကိုကြား၍ အကြောင်းကို မေးမြန်းရာမှ သားတော် သောဏမှာ ဗုဒ္ဓ၏ကောင်းချီး ပေးခြင်းကိုပင် ခံယူနေရကြောင်းသိရှိရသဖြင့် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးလျက်ရှိလေသည်။

ဗုဒ္ဓသည် ရှင်သောဏအား ကောင်းချီးပေးပြီး ဆက် လက် မေးမြန်းတော်မူသည်။

“ချစ်သားသောဏ.... သင်သည်ရဟန်းဝါမည်မျှရပြီနည်း”

“တပည့်တော် တဝါသာရပါသေးသည်ဘုရား”

“အဘယ့်ကြောင့်နောက်ကျမှရဟန်းပြုဘိသနည်းချစ်သား”

အသက်အစိတ်ကျော် သုံးဆယ်နီးပါး အရွယ်၌ သာသနာ့ဘောင်သို့ဝင်ခဲ့သော ရှင်သောဏသည် ပဉ္စင်းဘဝသို့ တက်ရန် သံဃာဆယ်ပါး မပြည့်နိုင်သောကြောင့် သုံးနှစ်ကျော် စောင့်ဆိုင်းနေခဲ့ရသည်၊ သို့ဖြစ်၍ ယခုအသက် သုံးဆယ်ကျော်ပြီ ဖြစ်သော်လည်း ရဟန်းဝါကား တဝါမျှသာ ရသေးသည်။ ထို့ကြောင့် ဗုဒ္ဓက အထက်ပါမေးခွန်းကိုမေးမြန်းခြင်းဖြစ်ပေသည်။

ထိုအခါ ရှင်သောဏသည် မိမိ ငယ်ရွယ်စဉ်ကပင် ရဟန်းပြုရန်ကြိုးစားခဲ့ပုံနှင့် အဝန္တိတိုင်း၌ ရဟန်းရှားပါး၍ ဆယ်ပါး မပြည့်နိုင်သောကြောင့် ပဉ္စင်းဘဝသို့တက်ရန် ကြန့်ကြာခဲ့ရပုံများကို ဖွင့်ဟ လျှောက်တင်လေသည်။ ထို့နောက် မိမိဆရာ ရှင်မဟာကစ္စည်း မှာကြား လိုက်သည့် အတိုင်း အောက်ပါ တောင်းဆိုချက် ၅–ရပ်ကို ဗုဒ္ဓအား လျှောက်ကြား တောင်းဆို လေသည်။

"အရှင်ဘုရား....မဇ္ဈိမဒေသ၏ ပြင်ထန်ကြမ်းသောပစ္စန္တရာဇ် အရပ်တို့၌ ရဟန်းဦးရေနည်းပါးလှပါသည်။ ထို့ကြောင့် ရဟန်း ငါးပါးဖြင့် ပဥ္စင်းခံရန် ခွင့်ပြုတော်မူပါ။

"အရှင်ဘုရား.... ပစ္စန္တရာဇ် အရပ်များ၌ မြေကြမ်း သော ကြောင့် လှသားခြင်း ဘိနပ်နှင့် မသင့်လျော်ပါ၊ ထို့ကြောင့်အထပ် ထပ် အလွှာလွှာရှိသော ဘိနပ်ကို စီးခွင့်ပြုရန် တပည့်တော် တောင်းပန်ပါသည်။

"အရှင်ဘုရား....ပစ္စန္တရာဇ် အရပ်သူ အရပ်သားများသည် ရေချိုးခြင်းကို အလေးဂရုပြုကြပါသည်။ ထို့ကြောင့် ၁၅- ရက်တကြိမ်သာ ရေချိုးခွင့်ပြုခြင်းကို တပည့်တော်တို့ ပစ္စန္တရာဇ် အရပ်သားများအတွက် ခြွင်းချက်ထားစေချင်ပါသည်။

"အရှင်ဘုရား....မဇ္ဈိမ ဒေသက လူများ သည် မြက်ဖျာ၊ ကျူဖျာ စသည်များကို သုံးစွဲကြသကဲ့သို့ တပည့် တော် တို့ ပစ္စန္တရာဇ် အရပ်သား များသည် လည်း ဆိတ်ရေ၊ သမင်ရေစ သည်တို့ကို အခင်းအဖြစ် သုံးစွဲလေ့ရှိကြပါသည်။ ထို့ကြောင့် ပစ္စန္တရာဇ်အရပ်၌ ရဟန်းများအား သားရေကိုအခင်းအဖြစ်သုံး စွဲခွင့်ပြုရန် တပည့်တော် တောင်းပန်ပါသည်။

"အရှင်ဘုရား.... ခရီးသွားနေသော ရဟန်းသည် သင်္ကန်း သစ်တထည်ကိုရလျှင် ချက်ခြင်း ဝိနည်းကံမပြုဘဲ ဆယ်ရက်အထိ ဆိုင်းငံ့ထားခွင့်ပြုရန်လည်း တပည့်တော် တောင်းပန်ပါသည်။"

အရှင်သောဏ၏ တောင်းဆိုချက်များမှာ ပစ္စန္တရာဇ်အရပ် သားတဦး၏ တွေ့ကြုံခံစားချက်များမှ ပေါက်ဖွားလာခြင်း ဖြစ် ကြောင်း ဗုဒ္ဓကသိမြင်တော်မူသည်။ ထို့ကြောင့် ဝိနည်းသိက္ခာ ပုဒ်အချို့၌ ကာလဒေသအလိုက် ခြွင်းချက်ထားကာ ရှင်သောဏ

၏ တောင်းဆိုချက်ငါးရပ်လုံးကိုပင် လိုက်လျော ခွင့်ပြုတော်မူ လိုက်လေသည်။

ရှင်သောဏသည် သာဝတ္ထိပြည်၌ ရက်သတ္တတပတ်ခန့်သာ နေပြီး မိမိ၏မွေးရပ်ဌာနီသို့ ပြန်လာခဲ့၏။ ကုလဃရသို့ ရောက်၍ ရှင်မဟာကစ္စည်းနှင့် တွေ့သောအခါ ဗုဒ္ဓရှင်တော်မြတ်အား ဖူးတွေ့ခဲ့ရပုံနှင့်မထေရ်မြတ်မှာကြားလိုက်သည့်ဆုငါးပါးတောင်း ခံရရှိခဲ့ပုံတို့ကို အားပါးတရလျှောက်တင်သည်။ နောက် တနေ့ နံနက်တွင် ဆရာ တပည့်နှစ်ပါး ကုလဃရမြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ ရှင်သောဏ၏မယ်တော် အိမ်သို့ရောက်၍ မယ်တော်က ဝမ်းမြောက်စွာဆွမ်းလောင်းလှူပြီး ဤသို့ မေးလျှောက် လေသည်။

"ချစ်သား.... သင်သည် ဗုဒ္ဓရှင်တော်မြတ်၏ ရှေ့မှောက်၌ တရားဂါထာများ ရွတ်ဆိုဟောကြားခဲ့သည်ဆိုသည်မှာ မှန်ပါ သလော"

"မိခင် ဒါယိကာမကြီး....သင့်အား ဤအကြောင်းကို မည် သူပြောသနည်း"

ထိုအခါ မိခင်ကြီးသည် အိမ်စောင့်နတ်ထံမှ ကြားသိခဲ့ရ ကြောင်း ဖွင့်ဟပြောဆို၏။ မိမိအားလည်း တရားဟောရန် တောင်းပန်လေသည်။ ရှင်သောဏက တရားဟောရန် လက်ခံ သဘောတူသဖြင့် မိခင်ကြီးသည် မြို့လယ်၌ ကြီးကျယ်ခမ်းနား သော မဏ္ဍပ်တဆောင် ဆောက်လုပ်စေပြီး ခုနှစ်ရက်မြောက် သောနေ့၌ ရှင်သောဏက တရားဟောမည်ဖြစ်ကြောင်း လှည့် လည်ကြေငြာစေ၏။

တရားပွဲ ကျင်းပမည့်နေ့၌ ကုလဿရ တမြို့လုံးမှ ပရိသတ်များ မဏ္ဍပ်တွင် ပြည့်လျှံနေ၏။ မိခင်ကြီးကား မိမိအိမ်၌ ကျွန်မ တယောက်ကိုသာ အိမ်စောင့်ထားခဲ့ပြီး ကျေးကျွန် အခြွေအရံ များနှင့်အတူ တရားနာထွက်လာ၏။

ထိုအချိန်တွင် အဖွဲ့ဝင် ကိုးရာမျှရှိသော ဓါးပြဂိုဏ်းကြီးတခု သည် ရှင်သောဏ၏ မိခင်အိမ်ကို လုယက်တိုက်ခိုက်ရန် ကြံသည် အားထုတ်လျက် ရှိလေသည်။ သို့ရာတွင် သူမ၏အိမ်မှာ ငွေခြံ အထပ်ထပ် ကာရံ၍ အစောင့်အရှောက်များလည်း နေ့ညမပြတ် ရှိနေသောကြောင့် ရုတ်တရက်အားဖြင့် အနီးသို့ပင် မချဉ်းကပ် နိုင်ဘဲ ရှိလေသည်။ တရားပွဲကျင်းပမည့်နေ့၌ကား အခွင့်ကောင်း ရပြီဟု ယူဆကာ ညဦးယံအချိန်ကပင် အိမ်အနီးသို့ ချဉ်းကပ် လျက် အပြင်မှနေ၍ အိမ်ထဲသို့ ဝင်ရန် လိုဏ်ခေါင်းတူးကြ သည်။ လိုဏ်ခေါင်း ပေါက်သွားသောအခါ ဓါးပြ များသည် အိမ်ထဲသို့ဝင်၍ ဘဏ္ဍာတိုက်များကို ဖေါက်ထွင်း ယူငင်ကြလေ သည်။

ဓါးပြတို့ကိုမြင်လျှင် အိမ်စောင့် ကျွန်မသည် ထိတ်လန့် ကြောက်ရွံ့စွာဖြင့် နောက်ဖေးပေါက်မှ ထွက်ပြေး၍ တရားနာ နေသော အိမ်ရှင်မကြီးထံ သွားရောက် သတင်းပို့၏။ အိမ်ရှင်မ ကြီးကား မိမိအိမ်သို့ ဓါးပြဝင်နေကြောင်း ကြားသိသော် လည်း စဉ်းငယ်မျှ တုန်လှုပ်ခြင်းမရှိဘဲ တရားကိုသာ ရွှင်မြူးမပျက် နာကြားနေလေသည်။ ကျွန်မသည် အိမ်အနီးသို့ တဖန်ပြန်သွား ပြီး ဓါးပြတို့၏ အခြေအနေကို တစေ့တစောင်း ကြည့်ရှုရာ အိမ် ရှိ ပစ္စည်းအားလုံးကို သယ်ယူနေကြကြောင်း တွေ့ရှိရသည်။ ထိုအ ခါသူမသည် မဏ္ဍပ်သို့ ပြန်သွားပြီး အိမ်ရှင်မကြီးအား ထပ်မံ

အကြောင်းကြားပြန်သည်။ အိမ်ရှင်မကြီးသည် ကျွန်မ၏စကား ကိုကြားလျှင် "ဟယ်ကျွန်မ....ငါ့အိမ်ကပစ္စည်းတွေ ကုန်သော် လည်း ငါ့ကား တရားနာခြင်းကို အပျက်မခံနိုင်။ သင်သာ ပြန်သွားဘိသော့" ဟု ပြောဆိုလိုက်လေသည်။

ထိုစကားကို တရားမဏ္ဍပ်အနီး၌ ကင်းစောင့်နေသော ဓါးပြ အဖွဲ့ဝင်တဦးကြားလျှင် လွန်စွာ ထိတ်လန့် အံ့သြသွားလေသည်။ "ဒီလိုသူတော်ကောင်းမကြီး၏ ပစ္စည်းကိုယူပါက ငါတို့၏ခေါင်း ကို မိုးကြိုးပစ်ရာ၏" ဟု ဆင်ခြင်စဉ်းစားမိသောကြောင့် သူ့အဖွဲ့ သားများထံသို့သွား၍ ထိုအကြောင်းကို ပြောကြားလေသည်။ ထိုအခါ ဓါးပြတို့သည် ပစ္စည်းများကို အိမ်ထဲ၌ ပြန်ထားခဲ့ကြပြီး တရားမဏ္ဍပ်သို့လာ၍ တရားနာနေကြသည်။တရားပွဲပြီးဆုံးသော အခါ ရှင်သောဏ၏ မယ်တော်ကြီးအား ဝန်ချ တောင်းပန်ကြ သည်။

ထို့နောက် ဓါးပြအဖွဲ့ဝင် ကိုးရာလုံးပင် ရှင်သောဏထံ၌ ရဟန်းပြုကြပြီး ဆိပ်ငြိမ်သော တောအရပ်သို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကို အသီးသီး အားထုတ်နေကြသည်။ ကုလဃရမြို့မှ ယူဇနာ ၁၂၀ ကွာဝေးသော သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုရဟန်းတို့၏စိတ်ဓာတ်ကို ပိုင်းခြား ဆင်ခြင်တော်မူသည်၊ ထို့နောက် ရဟန်းတပါးစီ၏ ရှေ့မှောက်၌ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို ဖြစ်ပေါ် ကွန့်မြူးစေ ပြီး သင့်လျော်သော ဩဝါဒဂါထာများကို မြွက်ကြားတော် မူလေသည်။

"အကြင်ရဟန်းသည် ငါဘုရား ဟောကြားဆုံးမသည့်တရား၌ ယုံကြည်၍ မေတ္တာတရားကို ပွားများလေ ရှိ၏။ ထိုရဟန်း သည် သင်္ခါရဓမ္မတို့၏ ချုပ်ငြိမ်းရာဖြစ်၍ ချမ်းသာခြင်းစင်စစ် ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပေရာ၏။"

ဤသို့ အစရှိသော ဩဝါဒ ဂါထာတို့ကို ကြားနာရသော အခါ ရဟန်းကိုးရာလုံး အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်များ ဖြစ်သွားကြ၏။ ထိုရဟန္တာ အရှင်မြတ်တို့ သည် ချက်ခြင်းပင် ကောင်းကင်ခရီးဖြင့် သာဝတ္ထိပြည်သို့ကြွချီ ကြကုန်၍ ဗုဒ္ဓရှင်တော်မြတ်အား ဦးခိုက်ပူဇော်ကြလေသည်။

၂၅-၁၁-၁၉၈၀-၇-သမ္ဗုဟူလ ဘိက္ခု ဝတ္ထု။

# နွားကျောင်းသား

သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးကြီး၏ နွားများကို ထိန်းကျောင်းရသည့် နန္ဒအမည်ရှိသော နွားကျောင်းသားတယောက်ရှိ၏။ နွားကျောင်းသားဟု ဆိုသော်လည်း နန္ဒသည် ဆင်းရဲနွမ်းပါးသူတဦးမဟုတ်။ ကိုယ်ပိုင် နွားပေါင်းများစွာဖြင့် ချမ်းသာကြွယ်ဝသူတဦးသာ ဖြစ်ပေသည်။ဤသို့ ချမ်းသာ ကြွယ်ဝ သူဖြစ်လင့်ကစားမိဘ ဘိုးဘွားများ လက်ထက်ကပင် နွားကျောင်းခြင်းအလုပ်ကို စဉ်ဆက်မပြတ် လုပ်ကိုင်လာခဲ့ကြသဖြင့် နန္ဒသည် ထိုအလုပ်ကို ဂုဏ်ယူဝင့်ကြွားစွာ လုပ်ကိုင်နေခြင်းဖြစ်၏။

ထို့ပြင် အနာထပိဏ် သူဌေးကြီး၌ နွားသိုး နွားမပေါင်းထောင်နှင့်ချီ၍ ရှိပေရာ ထိုနွားများအားလုံးကို နန္ဒလုလင်အား ယုံကြည်စိတ်ချစွာ အပ်နှံထား၏၊ ယင်းသို့ မိမိအား ယုံကြည်စိတ်ချစွာ အပ်နှံထားသော နွားများကို နန္ဒလုလင်ကလည်း သစ္စာရှိမှုဖြင့် စနစ်တကျ ထိန်းကျောင်း စောင့်ရှောက်ပေးခဲ့

သည်။ ဤအတွက် ထိုက်တန်သော အဘိုးအခ ရရှိသာမက သူဌေးကြီး၏ ယုံကြည်အားကိုးခြင်းကိုလည်း အထူး ခံခဲ့ရပေသည်။

နန္ဒလုလင်သည် မိမိထိန်းကျောင်းရသော နွားများမှ ရရှိသော နွားနို့တို့ကို သူဌေးကြီးအိမ်သို့ နေ့စဉ် ပို့ပေးရသည်။ အချို့ကိုမူ ထောပတ်ဒိန်ခဲ စသည် ပြုလုပ်ပြီးမှ ပို့လေ့ရှိသည်။ နွားနို့ထောပတ် စသည်တို့ကိုသူဌေးကြီးအိမ်သို့ နေ့စဉ် ပေးပို့ရာတွင် အများအားဖြင့် မိမိ၏လက်အောက် ငယ်သားများကို ခိုင်းစေလေ့ရှိသော်လည်း တခါတရံတွင် နန္ဒကိုယ်တိုင် သွားလေ့သွားထရှိပေသည်။

အနာထပိဏ် သူဌေးကြီးသည် တရံရောအခါ ကုန်ရောင်းဝယ်ရေးကိစ္စဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရာ ဗုဒ္ဓရှင်တော်မြတ်ကို ဖူးတွေ့ခဲ့ရသဖြင့် သာဝတ္ထိပြည်သို့ ကြွချီရန် ပင့်ဖိတ်ခဲ့သည်။ ဗုဒ္ဓကြွရောက်လာသည့်အခါ ၅၄-ကုဋေသော အသပြာတို့ကို စွန့်လွှတ်၍ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ မိမိ၏အိမ်တွင်လည်း ငါးရာသော ရဟန်းတို့အား နေ့စဉ် ဆွမ်းလောင်းလှူခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်လည်း သူဌေးကြီးအိမ်သို့ မကြာခဏ ကြွရောက်မြဲ ဖြစ်ပေသည်။ ဤသို့ဖြင့် နွားကျောင်းသားနန္ဒသည် သူဌေးကြီးအိမ်၌ ဗုဒ္ဓရှင်တော်မြတ်အား စတင်ဖူးတွေ့၍ ဗုဒ္ဓဟောရေးကို ကြားနာခွင့် ရခဲ့လေသည်။

သူဌေးကြီးထံ နွားနို့ပို့ရင်း ဗုဒ္ဓအား မကြာခဏ ဖူးတွေ့ခွင့် ရခဲ့သော နန္ဒလုလင်သည် ဗုဒ္ဓအပေါ် တနေ့တခြား ကြည်ညိုသဒ္ဓါပွားခဲ့ရုံသာမက ဗုဒ္ဓနှင့် အကျွမ်းတဝင်လည်း ဖြစ်လာ

ခဲ့သည်။ ထို့ကြောင့် မိမိနေထိုင်ရာနွားစားကျက်စခန်းသို့ တခါ တခေါက် ကြွရောက်သာရန် ဗုဒ္ဓအား ဖိတ်ကြားခဲ့သည်။ သူ၏ နွားစားကျက်စခန်းကား သာဝတ္ထိမြို့တော်နှင့် အတော်အတန် ကွာလှမ်းသော်လည်း ရွာကြီးတရွာတမျှ ကြီးမားရှိစည်ကား ကျယ်ဝန်းလှလေသည်။ နွားများအတွက် စားကျက်ကောင်းလှ သော မြက်ခင်းပြင်ကြီးကို ဗဟိုပြုလျက် နွားခြံများနှင့် နွား ကျောင်းသားတဲအိမ်များကိုအစီရရီဆောက်လုပ်ထားလေသည်။ ထိုစခန်း၌နွားကျောင်းသားကြီး နန္ဒသည် သားမယား၊ လက် အောက် ငယ်သားများနှင့် အတူ ခမ်းနား သိုက်မြိုက်စွာ နေ ထိုင်၏။

နန္ဒလုလင်က တကြိမ်မက ဖိတ်ကြားမှု ပြုသော်လည်း ဗုဒ္ဓ သည် သူ့စခန်းသို့ ရုတ်တရက် မကြွရောက်ခဲ့။ ယင်းသို့ မကြွ ရောက်ခဲ့ခြင်းမှာ ခရီးလမ်းပန်း မကြုံကြိုက်၍သော်ငှင်း၊ နန္ဒ၏ အသက်အရွယ်နှင့် အသိဉာဏ် အတွေးအခေါ် ရင့်ကျက်လာ ခြင်းကို စောင့်ဆိုင်းလို၍သော်ငှင်း ဖြစ်ဘန်ရာ၏။ ယင်းသို့ဖြင့် နှစ်ကာလများ ကုန်လွန်ခဲ့ရာ နန္ဒသည်လည်း အသက် အရွယ် ကြီးရင့်သူတဦးအဖြစ်သို့ ရောက်လာခဲ့၏။

ဆောင်းရာသီကုန်၍ နွေရာသီပြောင်းစ တပေါင်းလ၏ သာ ယာသောနံနက်ခင်းတခုတွင်ကား ဗုဒ္ဓသည် နောက်လိုက်နောက် ပါ ရဟန်း သံဃာအချို့နှင့် အတူ နန္ဒ၏ နွားကျောင်းသား စခန်းသို့ အမှတ်မထင် ကြွရောက် လာ၏။ မိမိတဲစခန်း အနီး ညောင်ပင်ကြီးတပင် အောက်၌ ဗုဒ္ဓနှင့် ရဟန်း သံဃာများ အနားယူနေကြသည်ကို မမြော်လင့်ဘဲ တွေ့မြင်လိုက်ရသော ကြောင့် နန္ဒသည် ဝမ်းအသာကြီး သာသွား၏။ ထို့ကြောင့်

ဗုဒ္ဓနှင့်တပည့် သံဃာများအား မိမိတဲအိမ်သို့ ဝမ်းပန်းတသာ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူ၏။ ကြိုတင်ပြင်ဆင်ရန် အချိန်မရဘဲ ရုတ်တရက်ဖြစ်သလို ဆွမ်းလောင်းလှူရသည်ကို မကျေနပ်သောကြောင့် နောက်ထပ် ခုနစ်ရက်ဆက်၍ မိမိတို့စခန်းသို့ ဆွမ်းအလှူခံကြွရန် နန္ဒက ဖိတ်ကြားပြန်ရာ ဗုဒ္ဓကလည်း အနူးအညွတ်ပင် လက်ခံတော်မူလေသည်။

ဤသို့ဖြင့်နန္ဒသည်မိမိ၏တဲစခန်း၌ ဗုဒ္ဓရှင်တော်မြတ်နှင့်ရဟန်းသံဃာတို့အား ခုနစ်ရက်တိုင်တိုင် ဆွမ်းအလှူပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပလေ၏။ ထိုအလှူပွဲကြီး၌ နွားနို့၊ ထောပတ်၊ဒိန်ခဲစသည်တို့ဖြင့် မွမ်းမံအပ်သော ဆွမ်းဘောဇဉ်များကို အားပါးတရ လောင်းလှူကြသည်။ ခုနစ်ရက်မြောက်သောနေ့၌ ဗုဒ္ဓရှင်တော်မြတ်သည် နန္ဒအမှူးရှိသော ပရိသတ်အား သင့်လျော်လျောက်ပတ်သော အနုမောဒနာတရားကို ဟောကြားမြွက်ဟတော်မူရာ နန္ဒသည်သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဗုဒ္ဓရှင်တော်မြတ်ပြန်ကြွတော်မူသောအခါ နန္ဒသည် သပိတ်ကိုထမ်းကာ နောက်တော်မှ လိုက်ပါပို့ဆောင်လေသည်။

တဲစခန်းမှ ခရီးအတန်ငယ် ကွာလှမ်းသောနေရာသို့ ရောက်လေသော် ဗုဒ္ဓက နန္ဒထံမှ သပိတ်ကို လှမ်းယူပြီး "အချင်းနန္ဒ ပြန်တော့လော့"ဟု မိန့်ကြားတော်မူသည်။ နန္ဒသည် မိမိပြုလိုက်ရသော ကုသိုလ်ဇောစုံကို အာရုံပြုလျက် တလှမ်းချင်း လှမ်းကာ စခန်းသို့ ပြန်လာသည်။ ထိုအချိန်တွင် လမ်းဘေးရှိ ခြုံကြားမှ မြွားတစင်း ရုတ်တရက် ထွက်လာပြီး နန္ဒ၏ ကိုယ်ကို ထိမှန်ဖေါက်ထွင်းသွားရာ နန္ဒမှာ ချက်ခြင်းပင် မြေပေါ်သို့ လဲကျသွားလေတော့သည်။သားလိုက်မုဆိုးတဦးက သားကောင်အား

ချိန်၌ ပစ်လိုက်သောမြှားမှာ ကံမကောင်း အကြောင်းမလှ သဖြင့် နန္ဒအား ထိမှန်သွားခြင်းဖြစ်လေသည်။

ဗုဒ္ဓရှင်တော်မြတ်နှင့်အတူလိုက်ပါလာသောရဟန်းများအနက်မှ ရဟန်းနှစ်ပါးသုံးပါးမှာ တစုံတခုသောအကြောင်း ကိစ္စဖြင့် နောက်ကျ ကျန်ရစ်ခဲ့ကြသည်။ ထိုရဟန်းတို့သည် လမ်းပေါ်တွင် လဲကျသေဆုံးနေသော နန္ဒ၏အလောင်းကို တွေ့မြင်လျှင် လွန်စွာထိတ်လန့်တုန်လှုပ်လျက် ဗုဒ္ဓနောက်တော်သို့ အမြန်လိုက်ကာ ထိုအကြောင်းကို လျှောက်တင်ကြသည်။ "ဗုဒ္ဓကြွလာ၍ ဗုဒ္ဓအား လိုက်ပါပို့ဆောင်ခြင်းကြောင့်သာ နန္ဒဥပါသကာသည် အသေဆိုးနှင့် ကြုံရရှာဘိ၏" ဟူ၍လည်း စကားကို ဖြစ်စေကြသည်။ ထိုစကားကိုကြားလျှင် ဗုဒ္ဓက "ရဟန်းတို့....နန္ဒသည် ငါဘုရားကြွလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ သေဘေးမှ လွတ်နိုင်မည်မဟုတ်၊ သေခြင်းတရားဟူသည် မည်သည့်ရန်သူ မည်သူ လူဆိုးကြောင့်မျှဖြစ်သည်မဟုတ် မိမိကြံစည်အားထုတ်ခဲ့သောစိတ်ဆိုးစိတ်ယုတ်များကြောင့်သာ သေကြေပျက်စီးရခြင်း ဖြစ်လေသည်" ဟူ၍ မိန့်မြွက်တော်မူလေသည်။

၃-စိတ္တဝဂ်၊ ၈-နန္ဒဂေါပါလ ဝတ္ထု။



# အာရုံငါးပါး

## ရဟန်းငါးပါး အငြင်းပွါးကြခြင်း

ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တခုသောတောကျောင်း၌ရဟန်းငါးပါးတရားအားထုတ်လျက်ရှိကြသည်။ ထိုရဟန်း ငါးပါးအနက် တပါးသောရဟန်းသည်"မျက်စိဖြင့် အဆင်းရူပါရုံများကို မြင်တွေ့ရခြင်းကြောင့်သာ အကုသိုလ်စိတ်များ ဖြစ်ပေါ်လာရ၏။ အဆင်းရူပါရုံတို့ကို မမြင်မတွေ့ရလျှင် မည်သည့်အကုသိုလ်စိတ်မျှ ဖြစ်ပေါ်လာမည်မဟုတ်"ဟူ၍ စဉ်းစားဆင်ခြင်မိသဖြင့် အဆင်းရူပါရုံများကို မမြင်မတွေ့စေရန် စက္ခုဣန္ဒြေကို အထူးဂရုစိုက်၍ ထိန်းချုပ်စောင့်စည်း၏။ နား၊ နှာခေါင်းစသည့် ဣန္ဒြေများကိုမူ ဂရုမစိုက်ချေ။

ထို့အတူ ကျန်ရဟန်းလေးပါးတွင်လည်း တပါးက အသံသဒ္ဒါရုံ၊ တပါးက အနံ့ဂန္ဓာရုံ၊ တပါးကရသာရုံ၊ တပါးက

အတွေ့အထိ ဖေါဋ္ဌဗ္ဗာရုံကြောင့်သာ အကုသိုလ်စိတ်များ ဖြစ်ပေါ်လာသည်ဟု ယူဆလျက် ထိုအာရုံများကို မခံစားနိုင်ရန် နား၊ နှာခေါင်း၊ လျှာနှင့် ကာယဣန္ဒြေတို့ကိုသာ အသီးအသီး အထူးပြုကာ စောင့်ထိန်းကြလေသည်။

ထိုအခါ စက္ခုဣန္ဒြေကိုသာ စောင့်ထိန်းသော ရဟန်းအား နား၊ နှာခေါင်း စသည်တို့ဖြင့် အသံ၊ အနံ့ စသည့် အာရုံများကို ခံစား၍ အကုသိုလ်စိတ်များ ဖြစ်ပေါ်လာကုန်၏။ ထို့အတူ သောတဣန္ဒြေ၊ ဃာနဣန္ဒြေစသည်တို့ကို စောင့်ထိန်းသော ရဟန်းများအားလည်း ကျန်ဣန္ဒြေများမှတဆင့် အကုသိုလ်စိတ် ဖြစ်ပေါ်မြဲဖြစ်ပေါ်လျက် ရှိလေသည်။ ဤသို့ ဣန္ဒြေတခုခြင်းကိုသာ စောင့်ထိန်း၍ အကုသိုလ်စိတ် ဖြစ်ပေါ်မလာအောင် တားဆီးနိုင်ခြင်းမရှိသဖြင့် မနေမနား တရားအားထုတ်နေကြသော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တပါးတလေမျှမသိမမြင်နိုင်ဘဲ ရှိကြသည်။

တနေ့သ၌ ထိုရဟန်းငါးပါးစုဝေး၍ တရားဆွေးနွေးနေကြစဉ် တပါးက စက္ခုဣန္ဒြေကို စောင့်စည်းရခြင်းသည် အခက်ခဲဆုံးဖြစ်သည်ဟု ပြောဆိုလေ၏။ ထိုအခါ ကျန်ရဟန်းများကလည်း မိမိတို့စောင့်ထိန်းသည့် ဣန္ဒြေတို့ကိုသာ အခက်ခဲဆုံး ဖြစ်သည်ဟု အမှန်းတင်ပြောဆိုကြလေရာ မည်သူမျှ အဆုံးအဖြတ် မပေးနိုင်သည့် ပြဿနာတရပ်ဖြစ်လာတော့သည်။

ထိုပြဿနာနှင့်ပတ်သက်၍ အဆုံးအဖြတ် ခံယူရန်အတွက် ရဟန်းများသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ မေးလျှောက်ကြသည်။ ထိုအခါ ဗုဒ္ဓက "ချစ်သားတို့....ဤဣန္ဒြေငါးပါးကား စောင့်စည်းရန် ခဲယဉ်းသော ဣန္ဒြေများချည်းသာ ဖြစ်ကြ၏။ ငါးပါး

လုံးကိုလုံခြုံအောင် စောင့်စည်းနိုင်မှလည်း ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်မည် ဖြစ်ပေ၏” ဟူ၍ဖြေကြားတော်မူသည်။

ထို့နောက် တဖန် “ချစ်သားတို့....သင်တို့သည် ရှေးအခါက ဣန္ဒြေ ငါးပါးလုံးကို မစောင့်စည်းနိုင်ဘဲ ဘီလူးမဖြားယောင်းသွေးဆောင်ရာသို့ လိုက်ပါခဲ့မိကြသဖြင့် အသက်ပင်ဆုံးရှုံးခဲ့ကြဘူးပေသည်” ဟု မိန့်ကြားကာ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း ဟောကြားတော်မူလေသည်။

## လူယောင်ဆောင်သော ဘီလူး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်း မင်းပြုလေသော် ထိုမင်းအား သားတော်ပေါင်းများစွာ ထွန်းကားလေ၏။ သားတော်အငယ်ဆုံးဖြစ်သော အဘယကုမာရ မင်းသားသည် သိကြားလိမ်မာသော အရွယ်သို့ ရောက်သည့်အခါ နန်းတော်သို့ နေ့စဉ်ဆွမ်းဘုဉ်းပေးကြွလာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ထံ၌ ဆည်းကပ်၍ ဝတ်ကြီးဝတ်ငယ်ကို ပြုစုလေ့ရှိ၏။

သနေ့သ၌ အဘယမင်းသားသည် ငါ့မှာ နောင်တော်နောင်တော်များရှိနေ၏။ ဗာရာဏသီ ထီးနန်းစည်းစိမ်ကို ငါရနိုင်မည်မဟုတ်ဟု စဉ်းစားဆင်ခြင်မိလေသည်။ နောက်တနေ့တွင် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတို့အား ထိုအကြောင်းကိုလျှောက်ထားရာ ပစ္စေကဗုဒ္ဓါတို့က ဤသို့ မိန့်ကြားကြလေသည်။

"မင်းသားငယ်....သင်ကား ဤဗာရာဏသီပြည်၌ ထီးနန်းစည်းစိမ်ကိုရနိုင်ဘွယ်မရှိ။ ဤမှ ယူဇနာ တရာ့နှစ်ဆယ်ကွာဝေးသောတက္ကသိုလ်ပြည်သို့ အရောက်သွားနိုင်ပါမူကား မင်းအဖြစ်ကို ကေန်မုချရပေလိမ့်မည်"

"ဘုရင်၏သားသည် တနေ့နေ့တွင်ဘုရင်ဖြစ်ရမည်"ဟူသော ခံယူချက်ဖြင့် စိတ်ဆန္ဒပြင်းပြနေသော အဘယ မင်းသားလေးသည် ပစ္စေကဗုဒ္ဓတို့၏ စကားကိုကြားလျှင် တက္ကသိုလ်ပြည်သို့ ချက်ခြင်းသွားရန် ပြင်ဆင်လေတော့သည်။ ခရီးမထွက်မီ မိမိတို့အား ရှိခိုးကန်တော့သော မင်းသားအား ပစ္စေက ဗုဒ္ဓတို့က "မင်းသားငယ်....သင်သွားမည့် ခရီလမ်းရှိ ကန္တာရ တောအတွင်း၌ ဘီလူးအန္တရာယ်ရှိ၏။ ထိုဘီလူးတို့၏ ဖြားယောင်းသွေးဆောင်မှုကို တွန်းလှန်နိုင်မှသာ မင်းအဖြစ်ကို ရပေလိမ့်မည်"ဟူ၍ သတိပေးစကား မိန့်ကြားလိုက်ကြသည့်ပြင် ပရိတ်ချည်၊ ပရိတ်ရေများကိုလည်း ချီးမြှင့်လိုက်ကြကုန်၏။

မင်းသားလေး နေပြည်တော်မှ ထွက်ခွာသောအခါ သူ၏ငယ်ကျွန်တော်ငါးယောက်တို့က "ကျွန်ုပ်တို့လည်းအရှင့်သားနှင့်အတူ လိုက်ပါမည်" ဟုဆိုကာ ထက်ချပ်မကွာ လိုက်လာကြ၏။ ဤသို့ဖြင့် ငယ်ကျွန်တော် ငါးယောက်နှင့်အတူ အဘယ မင်းသားသည် လူနေမြို့ရွာများကိုကျော်လွန်၍ ယူဇနာငါးဆယ်ကျယ်သော တောကန္တာရအတွင်းသို့ ရောက်လာလေသည်။

ထိုအခါ မင်းသားသည် သူ့ငယ်ကျွန်များအား သတိပေးစကား ပြောကြား၏။

"အချင်းတို့.... ဤတောကန္တာရကြီးကား ဘီလူးတို့၏နေရာဖြစ်၍ ဘေးအန္တရာယ်ထူပြောလှ၏။ အဆန်းတကြယ် နှစ်သက်

ဖွယ်အာရုံတို့ကိုတွေ့မြင်လျှင် လိုချင်တတ်မက်မှု မရှိကြနှင့်။ငါ့စကားကို တသွေမတိမ်း နားထောင်ကြကုန်လော့”

ငယ်ကျွန်များသည် ကောင်းပါပြီဟု ဝန်ခံကတိပြုကြ၏။ ခရီးဆက်သွားကြ၍ တောကန္တာရအတွင်းသို့ အတန်ငယ်ရောက်သောအခါ လမ်းဘေးတနေရာ၌ ရွာကြီးတရွာတည်ရှိပြီး ထိုရွာ၏အနီး၌ ခရီးသည်များတည်းခိုရာ စရပ်တဆောင်ကို မထင်မှတ်ဘဲ တွေ့မြင်ကြရသည်။ စရပ်ပေါ်မှ လှပတင့်တယ်စွာ ဝတ်စားဆင်ယင်ထားသော မိန်းမပျိုလေးများသည် အဘယမင်းသားနှင့် နောက်လိုက်များကိုမြင်လျှင် ဖက်လှဲတကင်း ကြိုဆိုနှုတ်ဆက်၍ စရပ်ပေါ်သို့ တက်ရောက်အနားယူရန် ဖိတ်ခေါ်ကြသည်။

သူ့နောက်လိုက်များက တအံ့တသြ ငေးမောနေကြသော်လည်း အဘယမင်းသားမှာမူ ဘီလူးတို့၏လှည့်စားမှုဖြစ်ကြောင်း ရိပ်မိ၏။ ထို့ကြောင့် မိန်းမပျိုလေးများ၏ ဖိတ်ခေါ်မှုကို မသိကျိုးကျွံပြုကာ ခရီးဆက်ခဲ့လေသည်။ သို့ရာတွင် မင်းသား၏နောက်လိုက်ငါးယောက်အနက်မှ တယောက်သောသူကား ခြေထောက်နာသည်အကြောင်းပြုလျက် တဖြည်းဖြည်း နောက်ချန်နေလေ၏။ အမှန်စင်စစ်သူသည် စရပ်ပေါ်မှမိန်းမပျိုလေးများ ရူပါရုံအလှကို တတ်မက်စွဲလမ်းသဖြင့် တမင်နောက်ချန်နေခြင်း ဖြစ်၏။

အကြောင်းမှန်ကိုသိသော မင်းသားက သူ့လူကိုအမျိုးမျိုး ဖျောင်းဖျပြောဆို၏။ သို့သော် ထိုသူကားမရ။ မိန်းမပျိုများကို တမ်းတမ်းစွဲဖြစ်လျက် စရပ်သို့ပြန်သွားရာ ဘီလူးတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးလေတော့သည်။

မင်းသားနှင့်အဖွဲ့သည် ခရီးတယူဇနာခန့် ရောက်သောအခါ လမ်းဘေး၌စရပ်တဆောင်ကို တွေ့ကြပြန်၏။ ထိုစရပ်၌ လှပဘင့် တယ် အရွယ်တူဖြစ်သော မိန်းမပျိုလေးများသည် သာယာသော အသံဖြင့် သီချင်းသံပြိုင်ဆိုကြကုန်လျက် တူရိယာအမျိုးမျိုးကို တီးမှုတ်ကခုန်နေကြကုန်၏။ မင်းသားက ထပ်တလဲလဲ သတိပေး နေသည့်ကြားမှပင် သူ့နောက်လိုက်တယောက်သည် မိန်းမပျို လေးများ၏အသံဖြင့် ဆွဲဆောင်မှုကို မခံနိုင်သဖြင့် ကျန်ရစ်နေခဲ့ ပြန်လေ၏။

နောက်စရပ်တဆောင်မှ မိန်းမပျိုလေးများကား လမ်းပေါ် သို့ထွက်လာပြီး မင်းသားနှင့်အဖွဲ့ကို တရင်းတနှီး နီးနီးကပ်ကပ် ချဉ်းကပ်ဖိတ်ခေါ်ကြသည်။ သူမတို့ကိုယ်မှ သင်းပျံ့မွှေးကြိုင် သော အနံ့များမှာ ယောကျာ်းသားတို့၏စိတ်ကို အစွမ်းကုန် ယိုဖိတ်စေလျက် ရှိတော့သည်။ ဤသို့ဖြင့် မင်းသား၏တယောက် သော နောက်လိုက်သည် သူမတို့၏လက်တွင် ကျန်ရစ်ပြန်လေ သည်။

နောက်ထပ်တွေ့ရှိရသော စရပ်တဆောင်၌ကား ထမင်းဟင်း နှင့် ချိုချဉ်ရသာအမျိုးမျိုး အဆင်သင့် ပြင်ဆင်ထားသည်ကို တွေ့မြင်ကြရ၏။ မွှေးကြိုင်သော ထမင်းဟင်းနံ့များမှာ ခရီး ပန်းလာသော မင်းသားနှင့်နောက်လိုက်များအတွက် သွားရည်ယို စရာဖြစ်ပေသည်။ မင်းသားက သတိထား၍ ထိန်းသိမ်းနိုင်သော် လည်း သူ့နောက်လိုက် တယောက်မှာမူ ရသာရုံဆွဲဆောင်မှု ကြောင့် ဘီလူးတို့၏ ဘောင်ချောက်ထဲသို့ ကျရောက်ပြန်လေ သည်။

ငယ်ကျွန်တော် ငါးရောက်နှင့်အတူ နေပြည်တော်မှထွက်ခွာခဲ့သော အဘယမင်းသားမှာ ယခုအခါ နောက်လိုက်တယောက်သာ ကျန်တော့၏။ ထိုနောက်လိုက်တယောက်နှင့်အတူ ခရီးဆက်ပြန်သောအခါ စရပ်တဆောင်ကို တွေ့ရပြန်၏။ ထိုစရပ်မှ မိန်းမပျိုလေးများသည် လမ်းပေါ်သို့ထွက်လာပြီး မင်းသားနှင့်သူ့နောက်လိုက်ကို လက်ဆွဲ၍ဖိတ်ခေါ်ကြသည်။ သူမတို့၏ နူးညံ့သော အတွေ့အထိက ယောကျ်ားသားများ တိမ်းမူးလောက်အောင်ပင် ထူးခြားလှ၏။ စရပ်ပေါ်၌ခရီးသည်များ အပန်းဖြေအိပ်စက်အနားယူရန်အတွက် အိပ်ရာနေရာများ ခမ်းနားသပ်ယပ်စွာ ပြင်ဆင်ထားသည်ကိုလည်း အထင်းသား လှမ်း၍မြင်ကြရ၏။ ခရီးပန်း၍ နွမ်းနယ်နေပြီဖြစ်သော မင်းသား၏နောက်လိုက်သည် မင်းသားစကားကို နားမထောင်နိုင်တော့ဘဲ "ဖြစ်လိုရာဖြစ်စေတော့"ဟု ဆိုကာ ထိုစရပ်၌ နေရစ်ခဲ့လေတော့သည်။

အဘယမင်းသားကား တယောက်ထဲသာ ကျန်တော့သော်လည်း ယောကျ်ားတို့၏အားမာန်ကို မလျှော့ဘဲ ထိုကန္တာရမှ ကျော်လွန်အောင် ခရီးနှင်ခဲ့၏။ ထိုအခါ တယောက်သောဘီလူးမသည် မင်းသားကို အမိဖမ်းမည်ဟုကြံလျက် အလွန်ချောမောလှပသော မိန်းမပျိုအသွင်ဖြင့် မင်းသားနောက်မှ ထက်ချပ်မကွာ လိုက်လေသည်။ လမ်း၌တွေ့သောလူများက "အိုမိတ်ဆွေ.... နောက်ကမိန်းမသည် သင်နှင့်မည်သို တော်သနည်း"ဟု မေးကြလျှင် မင်းသားက "ဤမိန်းမသည် ဘီလူးမဖြစ်ပါသည် ကျွန်ုပ်နှင့်မည်သို့မျှ မတော်ပါ"ဟု ပြောဆိုလေ၏။ ထိုအခါ ဘီလူးမက "သူစိတ်ဆိုးလို့ပြောတာပါ။ ကျမသူ့ကိုချစ်လွန်းလို့ မိဘတွေမသိအောင် ခိုးရာလိုက်ခဲ့ရသူပါ" စသဖြင့်ယုံကြည်အောင်

လှည့်ပတ်ပြောဆို၏။ ဘေးကလူများသည် ထိုစကားကို အဟုတ်ထင်ကြပြီး မင်းသားအား မိမိဇနီးကို ကောင်းမွန်စွာ စောင့်ရှောက်ခေါ်သွားရန် တိုက်တွန်းကြလေသည်။

ကန္တာရခရီးကြမ်းကို လွန်မြောက်၍ တက္ကသိုလ်ပြည်သို့ ဆိုက်ရောက်သောအခါ မင်းသားသည် မြို့ပြင်စရပ်တဆောင်၌ တည်းခိုနေ၏။ မိန်းမလှအသွင်ဆောင်ထားသည့် ဘီလူးမသည်လည်း မင်းသားနှင့် မလှမ်းမကမ်းမှာပင် နားနေလေ၏။ ထိုအချိန်တွင် တက္ကသိုလ်ပြည်ရှင် ဘုရင်မင်းမြတ်သည် မင်္ဂလာဥယျာဉ်တော်သို့ ထွက်လာရာ စရပ်ပေါ်မှ မိန်းမပျိုကိုမြင်လျှင် တတ်မက်သဖြင့် နန်းတော်သို့ ခေါ်သွားကာ မိဖုရားမြှောက်လေသည်။

ထိုမိဖုယားသည် ညအချိန်တွင်ဘုရင်နှင့်အတူ အိပ်စက်နေရာမှ ရှာတရှက်ထ၍ ငိုကြွေးရာ ဘုရင်က အကြောင်းကို မေးမြန်းရလေ၏။

"ချစ်နှမ....အဘယ့်ကြောင့် ငိုကြွေးဘိသနည်း"

"အရှင်မင်းကြီး....သင်မင်းကြီးသည် နှမတော်အား စရပ်ပေါ်မှ ခေါ်၍ မိဖုယားမြှောက်ခဲ့ပါသည်။ သို့သော်လည်း ယခုအချိန်အထိ မည်သည့်အခွင့်အာဏာကိုမျှ နှမတော်ပိုင်ဆိုင်ခွင့်မရသေးပါ။ အခြားမိဖုယားများက ငိုင်း၍နှိပ်ကြလျှင် နှမတော်ခေါင်းငုံ့ခံနေရမည်သာ ဖြစ်သည်။ ဤအကြောင်းများကို စဉ်းစားမိပြီး ဝမ်းနည်းသဖြင့် ငိုကြွေးခြင်း ဖြစ်ပါသည် အရှင်မင်းကြီး"

"ချစ်နှမ....သင်သည်မည်သို့သော အခွင့်အာဏာကို ပိုင်ဆိုင်လိုဘိသနည်း။"

"အရှင်မင်းကြီးသည် အကယ်၍နှမတော်ကို အမှန်တကယ် ချစ်ခင်မြတ်နိုးသည် ဖြစ်ပါက တက္ကသိုလ်တပြည်လုံးအား စိုးပိုင်ခွင့်အာဏာကို နှမတော်အား ပေးပါလော့"

ချစ်နှမ....ငါသည် တက္ကသိုလ်တပြည်လုံးကို အစိုးရသည်ဆိုသော်လည်း တိုင်းသူပြည်သားများကိုမူ အကြွင်းမဲ့စိုးပိုင်သည် မဟုတ်။ ဥပဒေကိုဖေါက်ဖျက်၍ ပြစ်မှုကျူးလွန်သူများကိုသာ မင်းအာဏာဖြင့် စီရင်ပိုင်ခွင့်ရှိ၏။ ထို့ကြောင့် တပြည်လုံးအား စိုးပိုင်ခွင့်အာဏာကို သင့်အားငါမပေးနိုင်"

"အရှင်မင်းကြီး.... ယင်းသို့ဖြစ်သော် ဤနန်းတော်တခုလုံးအား စိုးပိုင်ခွင့် အာဏာကိုမူ နှမတော်အား ပေးနိုင်ပါမည်လော"

"ဒါကိုတော့ ပေးနိုင်ပေ၏ နှမတော်"

အသစ်စက်စက် မိဖုရားလေး၏ ထူးခြားသော ဖေါ်ဌပွအတွေ့ကို စွဲမက်နေပြီဖြစ်သော ဘုရင်မင်းမြတ်သည် သူမ၏တောင်းဆိုချက်ကို ကျေနပ်စွာ လိုက်လျောလိုက်လေ၏။ ထို့နောက် ဘုရင်မင်းမြတ် အိပ်ပျော်သွားသောအခါ မိဖုယားသည် မိမိ၏ဆွေမျိုးဖြစ်သော ဘီလူးများကို ပြန်ခေါ်ပြီး ဘုရင်နှင့်တကွ နန်းတွင်းသူ နန်းတွင်းသား အားလုံးကို တယောက်မကျန် သတ်ဖြတ်စားပစ်လိုက်ကြလေသည်။

နောက်တနေ့နံနက်တွင် တိုင်းသူပြည်သားများသည် နန်းတော်တခုလုံး ဘီလူးစာဖြစ်သွားသည်ကို တွေ့မြင်ကြရလျှင် အကြောင်းရင်းကို စုံစမ်းကြသည်။ မြို့ပြင်ရှိ စရပ်၌ တည်းခိုနေသော အဘယမင်းသားထံမှ အကြောင်းစုံကို ကြားသိကြရသောအခါ။ ဤသူကား ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ၍ ရဲရင့်

ဘည်ကြည်သော ယောကျ်ားကောင်းတယောက်ဖြစ်၏။ ဤကဲ့သို့သောသူ အုပ်ချုပ်ပါက ငါတို့တိုင်းပြည်သည် ဧကန်မုချ စည်ပင်ဝပြောပေလိမ့်မည်”ဟု ညှိနှိုင်းတိုင်ပင်ကြပြီး မင်းသားအား ထီးနန်းကို အပ်နှင်းလိုက်ကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဤသို့အတိတ်ကို ဆောင်တော်မူပြီး “ချစ်သားတို့ သင်တို့သည် ဣန္ဒြေငါးပါးကို မစောင့်စည်းနိုင်သဖြင့် ဘီလူးမဆွဲဆောင်ရာသို့လိုက်ပါ၍ အသက်ဆုံးရှုံးခဲ့ကြဘူးကုန်၏။”ဟုမိန့်ကြားတော်မူသည်။ ထို့နောက်တဖန် မျက်စိ၊ နားစသော ဣန္ဒြေငါးပါးကို၎င်း၊ ကိုယ်၊ နှုတ်၊ စိတ်ဟူသော ကံသုံးပါးကို၎င်း လုံခြုံအောင် စောင့်စည်းနိုင်မှသာ ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း ဟောကြား ဆုံးမတော်မူရာ ရဟန်းငါးပါးလုံး အကျွတ်တရားရရှိသွားကြလေသည်။

၂၅-ဘိက္ခုဝဂ်၊ ၁-ပဉ္စဘိက္ခုဝတ္ထုကို ဧကနိပါတ်တေလ
ပတ္တ ဇာတ်ဖြင့် အားဖြည့်ရေးသားသည်။



# အသွင်မတူသော အိမ်သူ

ဗာရာဏသီပြည်၌၊ နန္ဒိယအမည်ရှိသော လုလင်ပျို တယောက်ရှိ၏။ ထိုလုလင်သည် မိဘနှစ်ပါးအား ရိုသေစွာလုပ်ကျွေးပြုစု၍ ရတနာသုံးပါးကိုလည်း ကိုးကွယ် ဆည်းကပ်သူ ဖြစ်၏။ အရွယ်ရောက်လာသော နန္ဒိယအား မိဘများက သူနှင့် မောင်နှမဝမ်းကွဲတော်သည့် ရေဝတီအမည်ရှိသော မိန်းကလေးနှင့် ထိမ်းမြားလက်ထပ်ပေးရန် စီစဉ်ကြသည်။

ရေဝတီကား ရုပ်ရေလှပချောမောသူဖြစ်သော်လည်း စရိုက်ကြမ်း၏။ လူကြီးမိဘများကို ရိုသေလေးစားရမှန်းမသိသည့်ပြင် အလွန်လည်း နှမြောတွန့်တိုတတ်သူ ဖြစ်၏။ ထို့ကြောင့် နန္ဒိယက လိုလားနှစ်သက်ခြင်း မရှိသော်လည်း လူကြီး မိဘတို့၏ စကားကို မလွန်ဆန်သာသောကြောင့် ရေဝတီကို လက်ထပ်လိုက်ရလေသည်။

ရေဝတီသည် ယောက်ခမ အိမ်သို့ ရောက်စဉ် လင်နှင့် ယောက်ခမတို့၏ အကြိုက်ကို လိုက်၍ နေ၏။ နန္ဒိယသည်ရဟန်းသံဃာတို့အား ဆွမ်းလောင်းလှူခြင်း၊ ခရီးသွား ဧည့်သည်များအား ထမင်းရိက္ခာပေးခြင်း စသည်တို့ကို နေ့စဉ်မပြတ် ပြုလုပ်လျက်ရှိရာ ရေဝတီမှာလည်း ထိုလုပ်ငန်းများကို မလိုလဲ လိုလဲ ဖြင့်ပြုလုပ်နေရလေသည်။

နောက်ပိုင်းတွင် နန္ဒိယ၏မိဘများ ကွယ်လွန်သွားကြသဖြင့် ထိုအိမ်ရှိ ပစ္စည်းဥစ္စာ အားလုံးကို ရေဝတီက စီမံခန့်ခွဲရလေသည်။နန္ဒိယကား ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် မကြာခဏခရီးထွက်ရသောကြောင့် မိမိအိမ်၌ နေ့စဉ်ပြုလုပ်မြဲ အလှူ ဝတ်များကို မပျက်မကွက်ပြုလုပ်ရန် ရေဝတီအား မှာထားခဲ့ရသည်။

ဤသို့မှာထားသော်လည်း ရေဝတီကား နန္ဒိယ မရှိလျှင် ခရီးသွားဧည့်သည်များအား စားနပ်ရိက္ခာပေးကမ်းသည့် ဝတ်ကို ဖျက်ဆီးပစ်၏။ ရဟန်းသံဃာတို့အားလည်း အခါတိုင်းလို ကောင်းမွန်စွာဆွမ်းလောင်းလှူခြင်း မပြုတော့ဘဲ ဆန်ကွဲထမင်း ပုန်းရည်ဟင်းများကိုသာ ဖြစ်ကတတ်ဆန်း လောင်းလှူလေတော့သည်။ ထိုမျှမက ရဟန်းသံဃာတို့၏ မကောင်းသတင်းကိုပင် အိမ်နီးချင်းများအထင်မှားအောင် ပြောကြားလိုက်သေး၏။

ထိုအကြောင်းများကို ခရီးသွားရာမှ ပြန်လာသောနန္ဒိယ ကြားသိလျှင် လွန်စွာစိတ်ဆိုး၍ ရေဝတီကို အိမ်မှ နှင်ထုတ်၏။ သို့သော်လည်း ဆွေမျိုးများက ဝိုင်း၍ တောင်းပန် ကြသောကြောင့် ၂-ရက် ၃-ရက်အတွင်းမှာပင်ပြန်၍ လက်ခံလိုက်ရပြန်သည်။ ဤသို့ဖြင့် နန္ဒိယသည် အသင့်မတူသူကို အိမ်သူ လုပ်ခဲ့

မိခြင်းကြောင့် အိမ်ထောင်ရေး အဆင်မပြေမှုကို တွေ့ကြုံခံစား နေရလေသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ဗာရာဏသီပြည်သို့ ကြွ ရောက်လာပြီး ဣပသိတနတော၌ သီတင်းသုံးတော်မူ၏။နန္ဒိယ သည် ဗုဒ္ဓ၏တရားကို ကြားနာရလျှင် စေတနာသဒ္ဓါ ထက်သန် လှသောကြောင့် ဗုဒ္ဓနှင့် ရဟန်းသံဃာ များ သီတင်းသုံးရန် ကျောင်းကြီးတဆောင်ကို ဆောက်လုပ် လှူဒါန်းလေသည်။ ထို ကျောင်းကြီးကို လှူဒါန်းပြီးသည်နှင့်တပြိုင်နက်မှာပင် တာဝတိံ သာနတ်ပြည်၌ လွန်စွာကြီးကျယ်ခန့်ညားသော ရတနာ ဗိမာန် ကြီးတဆောင် ပေါ်ပေါက်လာ၏။

တာဝတိံသာနတ်ပြည်သို့ မကြာခဏ ခရီးကြွချီလေ့ရှိသော ရှင်မောဂ္ဂလာန် မထေရ်သည် ထိုဗိမာန်ကြီးကို တွေ့မြင်လျှင် အနီးအနားမှ နတ်များအား မေးမြန်းလေသည်။

"အချင်းတို့....ဤဗိမာန်သည် မည်သူ၏ဗိမာန်နည်း"

"အရှင်ဘုရား....ဤဗိမာန်သည် ဗာရာဏသီပြည် ဣသိပတန တော၌ ဗုဒ္ဓအား ကျောင်းဆောက် လှူဒါန်းသော နန္ဒိယ သူကြွယ်အတွက် ပေါ်ပေါက်နေသောဗိမာန်ဖြစ်ပါသည်ဘုရား"

ရှင်မောဂ္ဂလာန် ကြွရောက် လာကြောင်း ကြားသိကြလျှင် ထိုရတနာ ဗိမာန်အတွင်းမှ နတ်သမီးများ ထွက်လာပြီး မထေရ် အား ရှိခိုး ကန်တော့ကြသည်။ ထိုနတ်သမီးများသည် ရှင် မောဂ္ဂလန်အား ဤသို့မှာကြားလျှောက်တင်ကြလေသည်။

"အရှင်မြတ် ဘုရား....တပည့်တော် တို့သည် ဗိမာန်ရှင် ဖြစ် သော နန္ဒိယ သူကြွယ်ကို စောင့်မြှော် နေကြပါသည်။ နန္ဒိယ

သူကြွယ်အား နတ်ပြည်သို့ အမြန်လာရောက်ရန် မိန့်ကြားတော်မူလိုက်ပါဘုရား”

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်မှ ပြန်ကြွလာသောအခါ ဗုဒ္ဓထံသို့ ချဉ်းကပ်၍ မိမိတွေ့မြင်ခဲ့သောအကြောင်းခြင်းရာတို့ကို ပြန်လည်လျှောက်တင်၏။ “အရှင်ဘုရား....ဤလူ့ပြည်၌ ရှိနေသူအတွက် နတ်ပြည်တွင် ဘုံဗိမာန်များ ကြိုတင်ပေါ်ပေါက်နေနိုင်ပါသလော” ဟူ၍လည်း မေးလျှောက်လေသည်။ထိုအခါ ဗုဒ္ဓက ရှင်မောဂ္ဂလာန်အား ဤသို့ပြန်လည်မိန့်ကြားတော်မူ၏။

“ချစ်သား မောဂ္ဂလာန်....အရပ်တပါးသို့ အချိန်ကြာမြင့်စွာ ခရီးသွားနေသူတဦးသည် ကျန်းကျန်းမာမာဖြင့်မိမိရပ်ရွာသို့ ပြန်ရောက်လာပါက လိုသူအား သူ၏ဆွေမျိုးသားချင်းနှင့် မိတ်ဆွေအပေါင်းအသင်းများက ဝမ်းပန်းတသာကြိုဆိုကြကုန်၏။ ထို့အတူပင် ဤဘဝ၌ ကောင်းမှုကုသိုလ်များကိုပြုလုပ်ပြီး တမလွန်ဘဝသို့ ပြောင်း သွားသူကိုလည်း ထိုကုသိုလ် ကောင်းမှုတို့၏အကျိုးတရားများက အဆင်သင့်စောင့် ကြိုနေကြပေသည်။

နန္ဒိယသူကြွယ်သည် အထက်ပါ အကြောင်း ခြင်းရာတို့ကို ကြားသိရလျှင် ယခင်ကထက်ပင် တိုး၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်၏။ သက်တမ်းကုန်ဆုံး၍ သေလွန်သည့် အခါတွင်လည်း တာဝတိံသာ နတ်ပြည်ဝယ် ကြိုတင် ပေါ်ပေါက် နေသော ရတနာဗိမာန်အတွင်း၌ နတ်သားဖြစ်၍ ကြီးကျယ်သော နတ်စည်းစိမ်များကို ခံစားရလေသည်။

နန္ဒိယကွယ်လွန်သောအခါ ရေဝတီသည်ယခင်ပြုလုပ်နေကျ အလှူဝတ်များကို လုံးဝရပ်စဲပစ်လိုက်၏။ မိမိနေအိမ်သို့ အမှတ်

မထင်ကြွရောက်လာသော ရဟန်း သံဃာ များကိုလည်း ဆဲဆို ကြိမ်းမောင်း၍ လွှတ်လေသည်။ ဤသို့ရဟန်းသံဃာများအား ဆဲဆိုကြိမ်းမောင်းခြင်းမှာ နန္ဒိယရှိစဉ်က ပစ္စည်းဥစ္စာများ ကုန်ခန်းခဲ့ရခြင်းသည်ဤရဟန်း သံဃာများကြောင့်သာဖြစ်သည်ဟု ယူဆခြင်းကြောင့် ဖြစ်ပေသည်။

လင်ဖြစ်သူနန္ဒိယ၏ ကုသိုလ်ကောင်းမှုများကို ဖျက်ဆီး၍ မကောင်းမှုအကုသိုလ်တို့ကိုသာ နေ့စဉ်နှင့်အမျှ ပြုလုပ်နေသော ရေဝတီကို တနေ့သ၌ ကြောက်မက်ဘွယ်ကောင်းသော ဘီးလူးနှစ်ယောက်တို့က လာရောက်ခေါ်ဆောင်သွားကြ၏။ ထိုဘီလူးများသည် ရေဝတီကို ရှေးဦးစွာ တာဝတိံသာ နတ်ပြည်သို့ ခေါ်ဆောင်၍ နန္ဒိယနတ်သား၏ ဗိမာန်ကိုပြကြကုန်၏။ မိမိ၏ လင်ယောကျ်ား နန္ဒိယမှာ ရတနာဗိမာန်ကြီးထဲ၌ ကြီးကျယ်သောနတ်ချည်းစိမ် ခံစားနေရကြောင်းသိရှိလေသော် ရေဝတီက မိမိကိုလည်း နန္ဒိယနှင့်အတူထားခဲ့ရန် ဘီလူးများအားတောင်းပန်ပြောဆို၏။ သို့သော်လည်း ဘီလူးများကား ရေဝတီကို တာဝတိံသာနတ်ပြည်မှ ဘဆင့် ငရဲပြည်သို့ ဆက်လက်ခေါ်ဆောင်သွားပြီး ကျင်ကြီး ကျင်ငယ်များဖြင့် ပြည့်လျှံနေသည့် မှစင်ပုပ် ငရဲအတွင်းသို့ အရှင်လတ်လတ်ပစ်ချလိုက်ကြလေသည်။

၁၆–ပိယဝဂ်၊ ၉-နန္ဒိယဝတ္ထုကို ရေဝတီပေတဝတ္ထုဖြင့် ဖြည့်စွက်ရေးသည်။

# ဝက်သတ်သမား

ရာဇဂြိုဟ်ပြည်၌ စုန္ဒ အမည်ရှိသော ဝက်သတ်သမားတယောက်ရှိ၏။ သူသည် ငါးဆယ့်ငါးနှစ်ပတ်လုံး ဝက်များကို နေ့စဉ် သတ်ဖြတ်၍ အသားများကို ရောင်းချခြင်းဖြင့် အသက်မွေးခဲ့၏။ ဆန်စပါးရှားပါးသော အချိန်များ၌ စုန္ဒသည် မိမိအဆင်သင့် ဝယ်ယူစုဆောင်းထားသော ဆန်စပါးများကို လှည်းဖြင့် တင်ဆောင်ပြီး ကျေးရွာများသို့ လှည့်လည်ကာ ဝက်ငယ်ကလေးများကို ဆန်စပါးဖြင့် အလဲအလှယ်ပြု၍ ဝယ်ယူ၏။ ဆန်တပြည်တခွက် ပေးရုံမျှဖြင့်ပင် ဝက်တကောင် ရနိုင်သောကြောင့် လှည်းတစီးတိုက်စာ ဝက်ကလေးများကို အလွယ်တကူပင် ရရှိလေ၏။

စုန္ဒသည် ထိုသို့ဝယ်ယူရရှိခဲ့သော ဝက်ကလေးများကို မိမိအိမ်နောက်ဖေး၌ ခြံပြုလုပ်၍ မွေးမြူထား၏။ ထိုဝက်ကလေး

များ ကြီးပြင်းလာသောအခါ မိမိသတ်လိုသောဝက်ကို ရွေးချယ်၍ တိုင်တတိုင်၌ကြိုးဖြင့် မလှုပ်နိုင်အောင် ချည်နှောင်၏။ အသားတိုးပွားလာစေရန်အတွက် ထိုဝက်ကိုတင်းပုတ်ဖြင့်လည်း ကြိမ်ဖန်များစွာ ရိုက်နှက်၏။ ထို့နောက် ပါးစပ်ကိုဖွင့်၍ အာခေါင်ကို တုတ်ဖြင့်ထောက်ထားပြီး ကျိုက်ကျိုက်ဆူသော ရေနွေးကို ဝက်ပါးစပ်ယဲသို့ လောင်းထည့်သည်။ ထိုအခါဝက်၏ ဝမ်းထဲ၌ရှိသော အညစ်အကြေးများမှာ ရေနွေးနှင့်အတူ မျောပါ၍ စအိုဝမှ ထွက်သွားကြလေ၏။ ဤနည်းဖြင့် ဝက်၏ဝမ်းတွင်းကို သန့်ရှင်းစေပြီး ကိုယ်ပေါ်မှအမွေးများကိုလည်း ရေနွေးဖြင့် လောင်းကာ ကျွတ်စေ၏။ မီးဖြင့်လည်း ရှို့မြှိုက်၏။

ဤသို့ ပြုလုပ်ပြီးသောအခါ စုန္ဒသည် အလွန်ထက်သော ဓားဖြင့် ဝက်၏ခေါင်းကို တချက်တည်းဖြတ်လေ၏။ ခေါင်းမှ စီးကျသောသွေးများကို ခွက်ဖြင့်ခံထားကာ အသားနှင့်ရော၍ ကြော်လှော်ချက်ပြုတ်စေပြီး အားပါးတရ စားသောက်လေ၏။ ပိုလျှံသော ဝက်သားများကို ဈေး၌ရောင်းချစေသည်။

စုန္ဒသည် ဤသို့နေ့စဉ်ပြုလုပ်၍ အသက်မွေးလာခဲ့သည်မှာ သူ၏ဘဝသက်တမ်း တလျှောက်လုံးလိုပင် ဖြစ်၏။ ထိုအချိန်ကာလအတွင်း သူသည်ဘုရားတရားစသည်ကို လုံးဝစိတ်မဝင်စားခဲ့။ ဝေဠုဝန်ကျောင်း၌ သီတင်းသုံး၍ မြို့တွင်းသို့လည်း နေ့စဉ်မပြတ် ကြွရောက်လှည့်လည်နေသော ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းသံဃာတို့အား ဆွမ်းတဇွန်း ပန်းတဆုပ်မျှ ပေးလှူပူဇော်ခဲ့ဘူးခြင်း မရှိ။

ဤသို့ဖြင့် ငါးဆယ့်ငါးနှစ်မျှ အချိန်ကုန်ခဲ့ပြီး တနေ့သော အခါ၌ကား ထိုဝက်သတ်သမားစုန္ဒတွင် ထူးဆန်းသောရောဂါ တခုစွဲကပ်လေ၏။ သူ၏ကိုယ်သည် တစတစ ပူလာရာမှ တကိုယ်လုံးမခံ မရပ်နိုင်အောင် ပြင်းပြစွာ ပူလောင်လာသောကြောင့် မအိပ်နိုင် မထိုင်နိုင်ဖြစ်လာသည်။ ဝက်ကဲ့သို့ အော်မြည်လျက် လေးဘက်ထောက်ကာ ပြေးလွှားနေရသည်။ ဘေးမှလူများက သူ့ပါးစပ်ကို လက်ဖြင့် ဝိုင်း၍ပိတ်ကြသော်လည်းမနိုင်။ အိမ်ပြင်ဘက်သို့ ထွက်မသွားအောင် ဝင်းခြံတံခါးကို ပိတ်၍ လူများကလည်း အမြဲမပြတ် စောင့်ရှောက်နေကြရသည်။

အိမ်ပြင်မှ လူများကား စုန္ဒ၏အိမ်တံခါးကိုပိတ်၍ ဝက်များကိုသတ်ဖြတ်နေသည်ဟုသာ ထင်မှတ်ကြသည်။ စုန္ဒသည်ဤသို့သောနည်းဖြင့် ခုနစ်ရက်တိုင်အောင် ဝေဒနာကိုမချိမဆန့်ခံစားပြီး ခုနစ်ရက်မြောက်သောနေ့တွင် သေလွန်၍ အဝီစိ ငရဲသို့ကျရောက်လေ၏။

ရာဇဂြိုဟ်မြို့တွင်း၌ဆွမ်းခံရင်း စုန္ဒ၏အိမ်အနီးသို့ ရောက်ခဲ့ကြသောရဟန်းတို့သည် ဝေဠုဝန် ကျောင်းတော်သို့ ပြန်ရောက်သောအခါ ဗုဒ္ဓအားဤအကြောင်းကို လျှောက်တင်ကြသည်။

"အရှင်ဘုရား....ဝက်သတ်သမား စုန္ဒ၏ အိမ်မှ ခုနစ်ရက်တိုင်အောင်ဝက်များ အဆက်မပြတ် အော်မြည်နေသည်ကိုကြားကြရပါသည်၊ စုန္ဒသည် ဝက်များကို ကြမ်းတမ်း ရက်စက်စွာ သတ်ဖြတ်နေဟန်ရှိပါသည်"

"ချစ်သားတို့....စုန္ဒ၏ အိမ်၌ဝက်များကို သတ်ဖြတ်နေသည် မဟုတ်၊ စုန္ဒကိုယ်တိုင် မိမိပြုလုပ်ခဲ့သော အကုသိုလ်ကံ တို့၏ အကျိုးကိုခံစားလျက် ဝက်ကဲ့သို့ အော်မြည်နေရခြင်းဖြစ်၏။"

ဗုဒ္ဓက ဤသို့ရှင်းလင်း မိန့်ကြားတော်မူသည်။ မကောင်းမှု ပြုလုပ်သူသည် ယခုဘဝ၌သာမက နောင် ဘဝ တွင်လည်း ထိုမကောင်းမှု၏ အကျိုးကို ခံစားလျက်ဆင်းရဲဒုက္ခ ရောက်ရမည်သာဖြစ်ကြောင်း။ ဗုဒ္ဓက ဆက်လက် ဟောကြားတော်မူသည်။ တရားအဆုံး ၌များစွာသော ရဟန်းရှင်လူတို့ အကျွတ်တရားရရှိသွားကြလေသည်။

၁-ယမကဝဂ်၊ ၁၀-စုန္ဒသူကရိကဝတ္ထု။

## [ ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ ]

- လူသားတိုင်းသည် မိမိတို့ အလိုရှိရာ အရပ်ဌာနဆီသို့ ရှေးရှု၍ သွားနေကြ၏။ မိမိတို့ အလိုရှိသော အရာဝတ္ထုကို ရှာဖွေ၍ နေကြ၏။ သို့သော်....ကြိုးစား၍ သွားတိုင်း ရောက်သည်မဟုတ်။ ကြိုးစား၍ ရှာဖွေတိုင်း ရရှိသည်လည်း မဟုတ်။

- လမ်းကောင်း လမ်းမှန်ကို သိသူသာလျှင် သက်သက်သာသာဖြင့် လိုရာသို့ရောက်နိုင်သည်။

- အသိမှန် အမြင်မှန် ရှိသူသာလျှင် လိုချင်သည့် အရာဝတ္ထုကို လွယ်လွယ်ကူကူ ရရှိနိုင်သည်။

- ဗုဒ္ဓသည် လမ်းမှန်နှင့်လမ်းမှားကို ညွှန်ပြတော်မူ၏။ အသိမှန်နှင့် အမြင်မှန်ကို ညွှန်ပြတော်မူ၏။ ဘဝခရီးသည်ဖြစ်သော ကျွန်ုပ်တို့သည် မည်သည့်လမ်းသို့ လိုက်ကြမည်နည်း။ မည်သည့် အသိအမြင်ကို ရယူကြမည်နည်း။ ကျွန်ုပ်တို့သည် တစ်စုံတခုသော တွန်းအား ဆွဲအား ဖိအားကြောင့် ခဏတာမျှသော စိတ်ကြိုက်နောက်သို့ လိုက်မှားမိကြသော် ဘဝအသခေျ အရှုံးနှင့် ရင်ဆိုင်ရချိမ့်မည်။ ဆုံးဖြတ်ချက်တွင် ထိုက်ရာတန်ရာကို အရအမိ ဖမ်းယူနိုင်ဘို့လိုသည်။

- ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများသည် လူသားတို့အတွက် လမ်းကောင်း လမ်းမှန်ကိုပြရာ၌ အသိမှန် အမြင်မှန်ကိုပြရာ၌ တက်ပေါင်းစုံမှ မီးမောင်း ထိုးပြသကဲ့သို့ ရှိသည်။ မိမိတို့၏ဘဝကို အဓိပ္ပာယ်ရှိရှိ ပျော်ရွှင်ချမ်းမြေ့အောင် တည်ဆောက်လိုသူတိုင်းအတွက် တန်ဖိုး မဖြတ်နိုင်သော လက်ဆောင်ကောင်းတခုဖြစ်သည်။